www.burmeseclassic.com

၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ၊ အတွဲ(၁၀)၊ အမှတ်(၇)

# ဂမ္ဘီရ ဆန်းကြယ် မဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com



# မဂ္ဂဇင်း

၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ
အတွဲ(၁၀)၊ အမှတ်(၇)

**ကျေးဇူးရှင်မိဘနှစ်ပါးအား ရှိသေမြတ်နိုး
လက်ဆယ်ဖြာထိပ်မှာမိုး၍
ရှိခိုးပူဇော်ကန်တော့ပါ၏။**

[illegible]

[illegible]

[illegible]

[illegible]

[illegible]

### ဒို့တာဝန်အရေးသုံးပါး

| | | |
|---|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ··· | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ··· | ဒို့အရေး |
| အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး | ··· | ဒို့အရေး |

### ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

BURMESE CLASSIC

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
ခိုင်မာ၍ပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်ဖေအကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**Union Publishing House**

**09-5158462 မှ**
**ဖြန့်ချိသည်**

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ



## ဘာသာရေးဘုရားသမိုင်း


- ခုနှစ်များရေးထိုးထားသည့် .... ... ကျော်လင်း(မြစ်ခြေ) ၆
- ငတစ်ပါးမင်းကြီး ... ... မောင်တင်ကြွယ်(ပြည်) ၂၂
- နန်းသဲဘုရားကြီးနှင့် ... ... ဗေဒသုတေသီဆရာမျိုး ၃၆
- မန္တလေးတိုင်းဒေသကြီး မြန်မာ-ထိုင်းဆွမ်းဆန်စိမ်း.. ... ပေါ်လွင်ဦး(ရေး) ၅၀
- သမိုင်းထွန်းပြောင်ရွှေနတ်တောင်စေတီ ... မောင်ထည်ဝါ(ပျော်ဘွယ်) ၇၀
- ရှင်ကိုးရှင်ထဲက ကြည်နူးဖူးမြော် ... မုဒုံစောနောင်ဖေ ၁၀၂




## ဘာသာရေးသုတ/ရသဆောင်းပါး


- လမင်း(သို့မဟုတ်)မဂ္ဂင် ... အရှင်ကောဏ္ဍည ၁၂
- ဂမ္ဘီရဆန်းကြယ်ရောင်ခြည်တော်အသွယ်သွယ် ... ဦးတင်အောင်(ဘော်ဆိုင်း) ၁၇
- မဖွားယုံ၏သားကောင်းဖော်မွန် ... တက္ကသိုလ်သျှင်သီရိ ၁၉
- မဂ်လသုတ်နှင့် ကျွန်တော် ... ကိုဦး(လှိုင်ကော်) ၂၈
- မာရ်နတ်(၈) ... မုံရွာနေဇာ ၃၃
- ရှေးကုသိုလ်ကံ၏ကောင်းမှုကြောင့် ... မင်းဖေမြင့်(မုဒုံ) ၄၇
- ပရမတ်ဒါန ... မဟာထွန်း ၆၆
- ဗုဒ္ဓ၏ဓာတုစေတီနှင့် ... ... ကိုရွှေမြသန်း(သမိုင်း) ၈၀
- ပဓာန နာယကဆရာတော်ဘန္ဒန္တပညာဝံသ ... တက္ကသိုလ်မြတ်ထင် ၁၂၅
- နမောတဿပူဇော်ကြ ... ယောဂီတိုးအောင် ၁၈၂
- အလုံဒီပါဝိဇ္ဇာမြို့ဟောင်းကြီးထဲမှာ ... မင်းတိုင်ပင်(မြရောင်မြေ) ၂၄၀




## မန္တန်၊ ဂါထာ၊ ကျင့်စဉ်


- ဘိုးဗုဒ္ဓေါ၏မန္တန်(၅)ပုဒ် ... ဆရာမင်းသိမ်းကျော်(မှော်ဘီ) ၄၅
- အင်းဝဘုရင်ပထမမင်းခေါင် ... မောင်လွမ်းရည်(ရွှေတောင်) ၈၃
- သရဏဂုံသုံးဆယ်အကောင်းဆုံးမို့ ... လှစံ(ပညာရေး) ၁၆၄
- ဆိုင်ခန်းဖွင့်လျှင် ရွှတ်ပွားစေချင် ... နတ်မောက်မှတ်ကျောက် ၁၆၇
- ရန်အပေါင်းကို အောင်မြင်စေသော ...ရဲရဲထွန်း(ဟသ်ာတ) ၁၇၀
- မဟာသမ္ဗုဒ္ဓေဂါထာတော်ကြီး၏အစွမ်းနှင့် ... ရောမြေကျော်ဝေ ၂၂၉




www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

## အထွေထွေသုတ၊ ရသဆောင်းပါး


- နဂါးအရိုးပေါ် မှာရေးတဲ့စာ ... ကိုအေးမြင့် ၁၂၀
- ဂမ္ဘီရဆန်သောရေနွေးကြမ်း ... ရောမြေကျော်ဝေ ၁၆၈
- ထူးဆန်းထွေလာ ဤကမ္ဘာ ... မောင်လင်းအောင် ၂၀၆
- ဝိဇ္ဇာသီးကိုစားသုံးခြင်းကိုယ်တွေ့အကျိုးများ ... ဆရာကြီးဦးအောင်မြိုင် ၂၁၂
- စာအုပ်စင် ... သုတအံ့ ၂၁၅
- မြစေတီကျောက်စာသို့ ... မောင်သာ(ရှေး/ဟောင်း) ၂၂၃
- အရေခေတ္တရာပျူမြို့ဟောင်းမဟုတ်သော ... မာန်သစ်ငြိမ်း ၂၄၇
- တိုယ်ကျင့်တရား၏စင်ကြယ်ရာ ... သက်လုံ ၂၅၉


BURMESE CLASSIC .com

## ဂမ္ဘီရဆန်းကြယ်ဝတ္ထုများ


- ဝိညာဉ်ဘဝပေါင်းဆုံကြမယ် ... ညွန့်ဝင်း(နတ္တလင်း) ၆၂
- ဂမုန်းနက် ... ပေါ်လွင်ဦး(ရေး) ၇၆
- တိမ်ဖုံးချိန်၌ ... တင်မောင်မောင်(ပေါက်ကုန်း) ၉၀
- အိမ်မက်လိပ်ပြာ ... ဇလွန်ကျော်ဦး ၁၁၆
- ဦးသိဟ၏ဂမ္ဘီရအကာအကွယ် ... အေးမောင်မောင်ဆန်း ၁၇၀
- အမှန်တကယ်ရှာပျောက်ကြီး ... ဂါဦးနွန်းကို ၁၄၄
- တိုက်ချောင်းဖျားက ဖြစ်ရပ်ဆန်း ... ထွန်းတောက် ၁၅၇
- နေဝင်ဖြိုးဖျ မိုးချုပ်စလျှင် ... ကိုပြုံး(ကွေ့ရာဇ်) ၁၇၁
- အဆိပ်သီး ... ရဲမြတ်တင် ၁၈၅
- မြစိမ်းရောင် မင်းသမီး ... မြသိန်း ၁၉၉
- သုသန်ကျောင်းက ပျဉ်သုံးချပ် ... ဆန်းဝင်းအောင်မြေ ၂၁၇
- နတ် ... ကောင်းသော် ၂၃၅
- အမေအိုး၏မေတ္တာ ... ကြည်ဝင်း ၂၅၀
- ကောင်းကင်သစ္စာ ... ဆန်းငယ်သွေး(ပုတီးကုန်း) ၂၆၂


## တိုင်းရင်းဆေး


- အဆိပ်ချဆေး ... မျိုးမောင်မောင်(ကပဆ) ၃၂
- မြွေပွေး၏ဆေးမြီးတိုအသုံး ... အောင်ဆန်းလင်း(ဘီအေ) ၈၆
- သင်သွေးတိုးရောဂါရှိနေလျှင် ... အလူမိနီယံ(ပြည်) ၈၇
- လေဖျန်း လေငန်း ဤဆေးစွမ်း ... နတ်မောက်မှတ်ကျောက် ၁၄၂
- ဆေးဘက်ဝင်သော ဆီးသီး ... အောင်ဘုန်းမြင့်(ကချင်မြေ) ၁၅၀
- ဆီးပူဆီနည်း ကင်းပျောက်စေသောပေါက်ပွင့် ... ကိုသက်ရှည် ၁၉၅
- ဘမာပင်နှင့် ဆေးအသုံး ... ဆရာဦးရွှေထွန်းဇံ(ရွှေလှော်ကား) ၂၃၃
- မန်ကျည်းတစ်ပင်လုံးဆေးစွမ်းသုံး ... တင့်ထူး(ဇေယျဝတီ) ၂၇၀












www.burmeseclassic.com

www.burmeseclassic.com

# ပဥ္စဂုဏ် အပယ် ဝန္ဒာမိ


**အယ်ဒီတာချုပ်**
မောင်ညိုအေး (ပန်းတော)
**တာဝန်ခံအယ်ဒီတာ**
နေလရောင်
**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**
မိုးမင်းသက်
**တွန်ပျုတာစာစီ**
စန်းစန်းထွေး
**ဖြန့်ချိရေးနှင့် ပြင်ပဆက်သွယ်ရေး**
ယဉ်မင်းဆု (ယုန်လေး)
**မျက်နှာဖုံးစာလုံးဒီဇိုင်း** - ကျော်မင်းမောင်
**မျက်နှာဖုံးပန်းချီ** - မောင်မြင့်ဌေး
**အတွင်းသရုပ်ဖော်ပန်းချီ**
ဝင်းသိန်း၊ မောင်မြင့်ဌေး၊ ရန်နိုင်ဦး၊ သန့်စင်၊ ရဲရင့်နိုင်၊ အောင်နိုင်လတ်၊ ကျော်ဦး၊ စက္ကူ၊ ကျော်စိုးညိန်း၊ ဆူးထက်အောင်၊ ပညတ်၊

**တန်ဖိုး** - (၂၃၀၀)ကျပ်
**အုပ်ရေ** - (၅၀၀)

**ထုတ်ဝေသူ**
ဦးညီဇော်ထွန်း (၀၁၁၀၁)
**အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး**
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ)၊ (၃၁)လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၅၁၅၈၄၆၂
**အတွင်းဖလင်** - ကိုမျိုးညွန့် (A7 Group)
**စာအုပ်ချုပ်** - ဦးတင်လှ
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဒေါ်ကျင်ယုံ(ကောင်းစံပုံနှိပ်တိုက်)၊ (၀၀၀၅၃)
အမှတ်(၂၇၉/ခ)၊ ၄၀-လမ်း၊
အမှတ်(၉)ရပ်ကွက်၊ ကျောက်တံတား။

| | |
|---|---|
| မန္တလေး | ထွန်းဦးစာပေ |
| | နဂါးစာပေ |
| ရှမ်းတောင်၊ ကယား | မီလျံနာစာပေ |
| မော်လမြိုင် | ကျော်ကျော် |
| ပြည် | သုခ၊ နေစေး |
| နေပြည်တော် | မြတ်ရွှေတောင်စာပေ |
| နေပြည်တော်ပျဉ်းမနား | ဖြိုးဝေလွင်စာပေ |
| ပဲခူး | သဇင် |
| ဟသ်ာတ | တာလေးမောင် |












## အဆောင်၊ အစီအရင်၊ ယတြာ


- လက်တွေ့လေ့လာအိမ်ထောင်ရေးဇာတာ ... ဓေတ္တရာဆရာကျော် ၁၃၄
- အမြစ်အညွန့်မတွန့်စေရ ... ဆရာမြတ်ထွန်းခေါင် ၁၅၃
- တနင်္ဂနွေသားသမီးများအတွက် ... ဆရာနေလင်းအောင်(တွံတေး) ၁၅၅
- လောကီပညာနှင့် အချစ်ရေး ... အောင်ကောင်းမြ(သာကေတ)၁၇၉
- ရက်သရုပ် ... ဓေတ္တရာဆရာကျော် ၁၉၃
- ကျွန်ုပ်၏မျက်နှာစိမ်းညှိသည်များနှင့် ... ... ခန့်ကျော်စွာ ၁၉၆
- အလုပ်ဖွေရှာ အောင်မြင်မှုဝေဖြာအစီအရင် ... လူစွမ်းမြင့်(နတ်မောက်) ၂၆၁
- အတိုက်အခိုက်ကိုရင်ဆိုင်နည်း ... တက္ကသိုလ်အပန်ငယ် ၂၆၈
- နှလုံးသား၊ အိမ်ထောင်ရေးအတွက်ယတြာ ... အောင်မြတ်(ရွှေမိုးငွေမိုး) ၂၇၂


## အနက္ခတ်၊ ဗေဒင်ဟောကိန်းများ


- နာမက္ခရဆန်း ... ဂမ္ဘီရဆရာလှမျိုး ၉၉
- အကြံပြုစာမျက်နှာ ... ဓေတ္တရာဆရာကျော် ၁၁၃
- ၂၀၁၆၊ ဖေဖော်ဝါရီလ၊ မြန်မာ့ဆယ့်နှစ်လရာသီဖွားများ ... ခန့်ကျော်စွာ ၁၃၈
- ၇ ရက်သားသမီး ကံကြမ္မာဟောစာတမ်း ... သက်နှင်းဆွေ (ပုပ္ပါး) ၂၀၃
- ၂၀၁၆၊ ဖေဖော်ဝါရီလ၊ ၁၂ ရာသီခွင်နှင့်သင့်ကံတရား ... တက္ကသိုလ်စိုးမိုးနိုင် ၂၅၅
- တားရော့ဂမ္ဘီရကံကြမ္မာဟောကိန်း ... သဘာဝမှ[illegible]သက် ၂၇၃


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# ခုနစ်များ ရေးထိုးထားသည့် မြစ်ခြေအနီးမှ ဘုရားသုံးဆူ

## ကျော်လင်း (မြစ်ခြေ)



၁၉၉၈၊ ဇူလိုင်လထုတ် ယဉ်ကျေးမှုမဂ္ဂဇင်း၌ စာရေးသူ အနေဖြင့် "မြစ်ခြေတစ်ဝိုက်မှ ဆေးပန်းချီများရှိသော ဘုရားစေတီ"ဟူသည့် ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ်ရေးခဲ့ဖူးပါသည်။ ထိုဆောင်းပါးတွင် ကျပ်တိုးရွာ၊ ရွှေမြင်းတင်ဘုရားဝင်း အတွင်းရှိ စစ်ကဲကြီး၊ ရွှေဘုံသာ ဆုတောင်းပြည့်၊ ရှင်ပင်ပွင့်လင်းနှင့် ဥက္ကံကျော်ဇော ခေါ် အံ့ကျော်ဇောဘုရားများ၊ ညောင်လုရွာတစ်ဝိုက်ရှိ ရွှေမုဌောဘုရား၊ သီရိမင်္ဂလာဘုရား၊ ဖောင်တော်ကျောက်ချ ခေါ် ဖောင်ကျောင်းဘုရား၊ ဖောင်ချည်တိုင်ဘုရား စသည့် ဘုရားလေးဆူ၊ သိမ်တော်ရွာ ရွှေကူကြီးဘုရားဝင်းအတွင်းရှိ ညီမ လေးဖော်ဘုရား၊ မြသိန်းတန်ဘုရား၊ ကျောင်းဦးဘုရား၊ လောကချမ်းသာဘုရားများရှိ ဆေးရေးပန်းချီများအကြောင်းတို့လည်း ပါဝင်ရာ၊ ဆေးပန်းချီးများရှိသော ဘုရားတို့မှာ ထိုစဉ်က…

(၁) ကျပ်တိုးရွာ ရွှေမြင်းတင်ဘုရားဝင်းအတွင်း၌ ၅ဆူ၊

(၂) ညောင်လုရွာ၌ ၄ဆူ၊

(၃) သိမ်တော်ရွာ ရွှေကူကြီးဘုရားအတွင်း၌ ၄ဆူ၊

စုစုပေါင်း (၁၃)ဆူအကြောင်း ပါဝင်ခဲ့သည်။

နောက်ပိုင်း ဆက်လက် သုတေသနပြုသည့်အခါ

www.burmeseclassic.com

www.burmeseclassic.com

ညောင်လုရွာလယ်ရွှေမုဋ္ဌောဘုရား





ညောင်လုရွာသီရိမင်္ဂလာဘုရား

မြစ်ခြေအနောက်မြောက် ၄မိုင်အကွာ၌ "စဘော"ဆိုသည့် ရွာအုပ်စု သုံးစုအနက် စဘောအနောက်အုပ်စုတွင် ရတနာ မာန်အောင် ဆိုသည့် ဘုရားတစ်ဆူ၌လည်း ဆေးပန်းချီများ အနုကုဋ္ဌိတိုက်နှင့်အပြည့် ရေးခြယ်ထားသည်ကို တွေ့ရှိရပြန် ပါသည်။ ထိုစဘောရွာမှာ ညောင်လုရွာ၊ သိမ်တော်ရွာတို့နှင့် တောင်မြောက် တစ်တန်းတည်းအနေအထားတွင် ရှိပါသည်။ ညောင်လုနှင့် စဘောတည့်တည့် တစ်တန်းတည်းတိုင်းပါက ၅မိုင်ကျော်ခန့်သာ ကွာဝေးပါသည်။

သိမ်တော်ရွာ ရွှေကူကြီးဘုရားမှာ ပုဂံပြည့်ရှင် ကျစွာမင်းကြီး၏ သမီးအကြီးဆုံးဖြစ်သူ မမင်းလှ၏ နောက် ပိုင်းတွင် ရဟန်းလူထွက် သံပျင်အမတ်၏ ဇနီးဖြစ်သည့် သံပျင်မင်းသမီး တည်ခဲ့သည့် ဘုရားဖြစ်ပါသည်။ ထိုဘုရား ဝင်းထဲရှိ ကျစွာမင်း၏ သမီးတော် လေးယောက် ကြီးစဉ် ငယ်လိုက် တည်ထားသည့် ညီမလေးဖော်ဘုရား ခေါ် ဘုရား လေးဆူတို့မှာ မုခ်ပေါက် သုံးပေါက်စီပါရှိပြီး မြောက်ဘက် ဆုံးဖြစ်သည့် အစ်မကြီး၏ ဘုရားမြောက်ဘက်မုခ်ဝမှ တည့် တည့် တောင်ဘက်သို့ ကြည့်လိုက်ပါက လေးဆူမြောက် တောင်ဘက်ဆုံးဘုရား၏ တောင်ဘက်မုခ်ပေါက်အထိ တိုးယို ပေါက် တစ်တန်းတည်းတွင် ရှိနေသည်ကို မြင်တွေ့နိုင်ပါ သည်။

ထိုဘုရားများအကြောင်းကို လွန်ခဲ့သည့် ၂နှစ်ခန့်က "ကျစွာမင်း သမီးတော်များ၏ ကောင်းမှုတော်များ"ဟူသော ခေါင်းစဉ်ဖြင့် ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းမှာပင် ရေးသားတင်ပြ ခဲ့ဖူးပါသည်။ ရွှေကူကြီး (သို့မဟုတ်) ထို သျှင်ပင်မဟာ ရွှေကူကြီးဘုရားမှာ ပုဂံဘုရင် ၄၉ ဆက်မြောက် ကျစွာမင်း ၏ သမီးတော် သံပျင်မင်းသမီးတည်ခဲ့သည့် ဘုရားဖြစ်သည့် အတွက် ထိုဘုရားဝင်းအတွင်းရှိ ညီမ လေးဖော်ဘုရား၊ မြသိန်းတန်ဘုရား စသည့် ဘုရားတို့ရှိ ဆေးပန်းချီများမှာ ပုဂံခေတ် လက်ရာများဖြစ်သည်ဟု အလွယ်မှတ်ယူနိုင်ပါ သည်။

သိမ်တော်ရွာ၏ တောင်ဘက်တစ်ရွာကျော်တွင် ညောင်လုဆိုသည့်ရွာရှိသည်။ မြစ်ခြေမြို့မှ ၃မိုင်ခွဲခန့်မျှသာ ဝေးသည်။ ထိုရွာ၌ ဆေးရေးပန်းချီရှိသော ဖောင်ကျောင်း၊ ဖောင်ချည်တိုင်၊ ရွှေမုဋ္ဌောနှင့် သီရိမင်္ဂလာဟူသော လိုဏ် မုခ်ပါသည့် ဘုရားလေးဆူရှိပါသည်။ ဖောင်ကျောင်း ခေါ် ဖောင်တော်ကျောက်ချဘုရားနှင့် ဖောင်ချည်တိုင်ဘုရားတို့၏ ဘုရားနှစ်ဆူတွဲအကြောင်းကိုလည်း ၂၀၁၀ ခုနှစ်၊ ဧပြီလ ထုတ် ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းတွင် ရေးသားတင်ပြပြီးဖြစ်ပါ သည်။

ရွှေမုဋ္ဌောဘုရားအကြောင်းကို ၁၉၉၈ ခု၊ သီလဝ



www.burmeseclassic.com

www.burmeseclassic.com



ဘာသာရေးမဂ္ဂဇင်း၌ လည်းကောင်း၊ သီရိမင်္ဂလာဘုရားအကြောင်းကို ၁၉၉၇ ခုနှစ်အတွင်းက မြစ်မခ မဂ္ဂဇင်း၌ လည်းကောင်း၊ ရေးသားခဲ့ပြီးဖြစ်သည်။ မြစ်ခြေအနီးတစ်ဝိုက် ဆေးပန်းချီရှိသော ဘုရားပေါင်း (၁၄)ဆူရှိသည့်အနက် ညောင်လုရွာ ရွှေမုဌော၊ သီရိမင်္ဂလာနှင့် စဘောရွာ ရတနာ မာရ်အောင်ဘုရားသုံးဆူတို့သာလျှင် ခိုင်မာသော သက္ကရာဇ် ရက်စွဲများ ရှိကြသည်။

စာရေးသူအနေဖြင့် ထိုသို့ ရက်စွဲခိုင်ခိုင်မာမာရှိသည့် အတွက် အလွန်ပင် ကျေနပ်နေမိခဲ့သည်။ ညောင်လုရွာ လယ်ရှိ ရွှေမုဌောဘုရား၏ လိုဏ်အတွင်း ဆေးရေးပန်းချီများ အကြား အရှေ့တောင်ထောင့်၌ ရေးထိုးထားသည်မှာ မင်းပွဲ၌ အောင်ဆုပေးသနားတော်ခံရသည့်အတွက်ဆိုပြီး ဘုရားသာသနာတော်တွင် လူ၏အဖြစ်ကို ရသော ညောင်လုရွာ နေ ဘုရားဒကာ စံတိုး၊ ဘုရားဒကာမ မိနှင်းမျိုး၊ ဘုရားဒကာမ ဘွားရှင်မိချစ်၊ ရှင်ငြိမ်းပုံ၊ ရှင်မိုးကောင်း၊ ရှင်ဇယံ၊ မိရှင်ငယ်၊ မိရှင်ဇ ဟု ဘုရားဒကာ မိသားစုတစ်ခုလုံးကို ဖော်ပြကမ္ပည်းထိုးထားသည်။ ထိုအလှူရှင်တို့၏ အဝင်ကန်နား တွင် ၁၀၇၁ ခု၊ ပြာသိုလဆန်း ၅ရက်၊ သောကြာနေ့ဟု ရက်စွဲထိုးထားသည့်အပြင် ဇာတာပုံအဝိုင်းနှစ်ဝိုင်းလည်း ရှိနေသည်ကို တွေ့ရ၏။

ထိုသက္ကရာဇ်မှာ အင်းဝ၌ ညောင်ရမ်းမင်းဆက်၏ မာရ်အောင်ရတနာ ဒါယကာမင်း နန်းတက်ပြီး ၄နှစ်အကြာ ဟု တွက်ချက်ရရှိသည်။ ထိုမင်းအကြောင်း၌ မင်းအဖြစ်ကို ရရှိပြီး တစ်နှစ်မြောက် ၁၀၆၈ ခု၊ တော်သလင်းလပြည့် ကျော် ၁၀ ရက်၊ တနင်္ဂနွေနေ့တွင် မြတိုက်တော်သို့ ထွက်တော်မူရာတွင် ငကင်းစားကို ရာဇပတေ့၊ ညောင်လုစားကို ဇေယျယောဓာ၊ ခုံချောင်းစားကို ယောဓသေမန်း စသည်ဖြင့် ပေါင်း (၃၀)ကို အမည်သနားတော်မူသည်(မှန်နန်း တတိယတွဲ၊ စာမျက်နှာ ၃၂၅)ဆိုသည့်အတွက် ရွှေမုဌောဘုရားကို ပြန်လည်ပြုပြင်သည့် ဘုရားဒါယကာ စံတိုး ဆိုသည်မှာ ဇေယျယောဓာဘွဲ့ရရှိသူ ညောင်လုစားပင် ဖြစ်ပေလိမ့်မည်။

ရွှေမုဌော ဟူသော ဘွဲ့တော်ရှိသည့် ဘုရားတို့၏ မူလ ဒါယကာမှာ ရေတွင်းပေါင်း ရှစ်သောင်းနေထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင်၊ စေတီပေါင်း ရှစ်သောင်း လေးထောင်တို့၏ ဒါယကာ သီရိဓမ္မာသောကမင်းကြီးပင် ဖြစ်သည်။ နှစ်ပရိစ္ဆေဒ ကြာမြင့်သည့်အခါ ရာသီဥတုဒဏ်၊ ရန်သူမျိုးငါးပါးဒဏ်တို့ကြောင့် ယိုယွင်းပျက်စီးမှုများ ရှိသော်လည်း ဘုရားရှင်၏ ဓာတ်တော်စစ်များကို ဖူးပါ ကိန်းဝပ်စေသောကြောင့် တန်ခိုးတော်အရ သာသနာကို ကြည်ညိုကြကုန်သော မင်းနှင့် ပြည်သူတို့ [illegible] ခေတ်အဆက်



www.burmeseclassic.com

www.burmeseclassic.com



စံသောရတနာမာန်အောင်ဘုရားအာရုံခံမွမ်းမံပြင်ဆင်မှု

အက် ထိန်းသိမ်းစောင့်ရှောက် မွမ်းမံပြုပြင်ခဲ့ကြသောကြောင့် သာ မျက်မှောက်ခေတ်တွင် နှစ်ထောင်ချီ ကြာမြင့်အောင် တည်ရှိနေကြခြင်းကြောင့် ဖူးမြော် မြင်တွေ့နေရခြင်းဖြစ်ပေသည်။ ဤညောင်လှ ရွှေမုဋ္ဌောဘုရား၏ နောက်ဆုံး ဒါယကာမှာ အင်းဝခေတ်က ဇေယျယောဓာဘွဲ့ခံ ညောင်လှစားတိုးပင် ဖြစ်ပေလိမ့်မည်။ ပြန်လည်ရေတွက်ပါက နှစ်ပေါင်း (၃၀၀)ကျော်ခဲ့ပြီဖြစ်သည်။

ရွှေမုဋ္ဌောဘုရားကဲ့သို့ပင် ညောင်လှရွာ၏ အနောက်မြောက်ကျကျ မနီးမဝေး၌ ဆေးပန်းချီလည်းရှိပြီး၊ ထိုဆေးပန်းချီများကို မည်သည့်နေ့က စတင်ရေးဆွဲသည့် ရက်စွဲထိုးထားသည့် သီရိမင်္ဂလာဘွဲ့တော်ချီသည့် ကုလားကျောင်းခံဘုရားတစ်ဆူလည်းရှိသည်။ လေးဘက်လေးတန် မုခ်ပေါက်ပါရှိသည့် ဂန္ဓကုဋီနှင့်အထက် ထောင့်စေတီ လေးဆူပါသည့်ဘုရားဖြစ်၏။ ဘုရားလိုဏ်အတွင်းဝယ် စိုပြည်သည့် အစိမ်းရောင်နှင့် အနက်ရောင်တို့ လွှမ်းသည့် ဆေးပန်းချီများ ရှိ၏။ ထိုဆေးပန်းချီများကို သက္ကရာဇ် ၁၀၇၇၊ တော်သလင်းလဆန်း ၇ရက်နေ့တွင် စသည်ဟု ဖော်ပြထားသည်။

ထူးခြားချက်မှာ ဘုရားဒါယကာ မည်သူမည်ဝါဟု ရွှေမုဋ္ဌောဘုရားမှာကဲ့သို့ မရေးထားသော်လည်း ဘုရားဒါယကာ၏ ဆုတောင်းစာများမှာ လွန်စွာ မြင့်မြတ်တန်ဖိုးရှိလှသည်။ ဖော်ပြရလျှင်…

ဆေးပန်းချီခြယ်၍ တန်ဆာဆင်ရသော ကောင်းမှုကြောင့် အရိမေတ္တေယျ မြတ်စွာဘုရားပွင့်တော်မူလျှင် ပေဟိဘိက္ခုနှင့် ပြည့်စုံစေ၊ သိကြားမင်း အစရှိသော ဘဝ၊ တိဟိတ်ဥက္ကဋ္ဌ ပဋိသန္ဓေနှင့် ပြည့်စုံစေ၊ ပဋိသန္ဓေနေရစဉ် မိခင်ဖခင်သည် လမင်းကဲ့သို့ တင့်တယ်စေ၊ မိခင်အန္တရာယ်ကင်းစေ၊ ယောက်ျားမြတ်ဖြစ်ရလျှင် ပိဋကတ်သုံးပုံ၊ ဗေဒင် လေးပုံကို တတ်ကျွမ်း၍ သာသနာတော်၏ အစီးအပွားကို ဆောင်ရွက်ရစေဟု ပါရှိသည်။ ၎င်းအပြင် သီရိသုဓမ္မာ မဟာရာဇာဓိပတိဘွဲ့နာမံတော်ရှိသော ရေမြေ့ရှင် မင်းတရားကြီးသည် "ရတနာပူရ"မည်သော အင်းဝ နေပြည်တော်ကြီးကို ပြုစုတော်မူသည်ဟု ရေးသားထားလေသည်။

ထိုဘွဲ့တော်အရဆိုလျှင် သီရိဓမ္မာ မဟာရာဇာဓိပတိဘွဲ့တော်ခံ မင်းမှာ သက္ကရာဇ် ၈၄၂ ခုနှစ်တွင် နန်းတက်သည့် အင်းဝဘုရင် ဒုတိယ မင်းခေါင် ပင်ဖြစ်သည်။ သို့ဖြစ်လျှင် ဤသီရိမင်္ဂလာဘုရား၏ မူရင်းဒါယကာမှာ ဒုတိယဘုရင်မင်းခေါင်ပင် ဖြစ်လေသလားဟု တွေးတောဖွယ်ရာပင်ဖြစ်သည်။ ထိုသို့ဖြစ်ပါက ဤဘုရားမှာ နှစ်ပေါင်း (၅၀၀) ကျော်ခဲ့ပြီးဖြစ်သည်ဟု တွက်ချက်ရရှိပါသည်။

ဘုရား၏ လိုဏ်အတွင်း ပလ္လင်ထက်ဝယ် ညောင်ရွက်ပုံ တံကဲကို မှီ၍ နောက်ကျောချင်းကပ် ဆင်းတုတော်နှစ်ဆူ ကိန်းဝပ်လျက်ရှိသည်။ အရှေ့ဘက် အာရုံခံဘက်ရှိ



www.burmeseclassic.com

www.burmeseclassic.com





မျက်နှာမူနေသည့် ဆင်းတုတော်မှာ အကြီးဖြစ်သည်။

ရေးထိုးထားသည့် စာလုံးတို့တွင် ဒါနကို "ဒ-မောက်ချ" မဟုတ်ဘဲ၊ "ရေးချ" ထားသည့်အတွက် "အ" ကဲ့သို့ဖြစ်နေခြင်း၊ "အရိမဒေးယျဘုရားရှင်အခံတော်ဝယ်"တွင် "ထံ" ဖြင့် မထံဘဲ "ခံ"ဖြင့် လည်းကောင်း၊ ကြာတိုက်တွင် နေရှ သကဲ့သို့ ကျဉ်းမြောင်းပိပြင်ခြင်းမဟီသည်ဖြစ်၍ ချန်သာစွာ နေရသည်ဖြစ်စေဖြဟူ၍ လည်းကောင်း၊ သက္ကရာဇ်ကို ရေးရာတွင် သကြဉ်ပဲ့ လည်းကောင်း၊ တရားသုံးပါးဆိုရာ၌ "ပ"ကို "ရေးချ"ထားသည့်အတွက် "ဟ"အက္ခရာကဲ့သို့ ဖြစ်နေခြင်းတို့မှာ ထူးခြားပါသည်။ အချို့က သက္ကရာဇ်ကို သကြဉ်ပဲ့ ရေးသားထားသည့်အတွက် သကြဉ်ပဲ့ ထင်သူများလည်းရှိသည်။ အထူးသဖြင့် "သော"သုံးစွဲရမည့် နေရာတိုင်းတွင် "ဖြ"ဂထန်းကိုသာ ရေးထိုးထားသည်ကို တွေ့ရ



ရတနာမာန်အောင်ဘုရားရုပ်ပွားတော်

သည်။ ရေးထိုးထားသည့် သက္ကရာဇ် ၁၀၇၇ တွင် အင်းဝ၌ မာန်အောင် ဒါယကာ ဘုရင်၏ သားတော် မဟာသီဟသူရ ဓမ္မရာဇာ တနင်္ဂနွေမင်း နန်းတက်ပြီး တစ်နှစ်အကြာ ကာလ ဖြစ်သည်ဟု တိုက်ဆိုင်စစ်ဆေးတွေ့ရှိရသည်။

ညောင်လှဘုရားနှစ်ဆူကဲ့သို့ သက္ကရာဇ်ရေးထိုးထားသည့် ကျန်ဘုရားတစ်ဆူမှာ မြစ်ခြေအနောက်မြောက် ၄မိုင်အကွာရှိ စဘေအနောက်စုရွာမှ ရတနာမာန်အောင်ဘုရား ဖြစ်သည်။ ထိုဘုရားတည်ရှိရာ ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ လွန်ခဲ့သည့် ဆယ်စုနှစ် နှစ်စုကျော်ကျော်က ရေးဘုန်းကြီးကျောင်းပျက်ကြီး တစ်ကျောင်းရှိခဲ့သည်။ ထိုကျောင်းကို သိမ်တော်ရွာရှိ ရွှေကူကြီးဘုရားကို တည်ခဲ့သည့် သံလျှင်မင်းသမီးက ဆောက်လုပ်လှူဒါန်းခဲ့သည်ဟု ဒေသခံတို့က ယုံကြည်နေကြသည်။ ထိုကျောင်းဟောင်းကြီးအနီးရှိ ရတနာမာန်အောင်ဘုရားကိုလည်း အချို့က ယုံကြည်နေကြသည်။ မည်သို့ပင်ဖြစ်စေ၊ ထိုဘုရားမှာလည်း လွန်ခဲ့သည့် နှစ်ပေါင်း (၂၀၀)ကျော်ကတည်းက တည်ရှိနေခဲ့ကြောင်း အထောက်အထားအဖြစ် ဘုရားလိုဏ်အတွင်း၌ ရေးခဲ့ထားသည့် ဆေးရေးပန်းချီရေးဆွဲသည့် မှတ်တမ်းသက္ကရာဇ်က သက်သေပြလျက်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စဘောရတနာမာန်အောင်ဘုရားရှိကဗျည်းစာ

လောကမာန်အောင်ဘုရားမှာ ဂန္ဓကုဋိတိုက် ကုလားကျောင်းအောက်ခံ၌ မုခ်ပေါက် သုံးပေါက်ပါရှိသည်။ ကျောင်းတော်၏ အရှေ့ဘက် နံရံကို ကျောပြုလျက် ပလ္လင်နှင့် တံကဲတော်ရှိပြီး၊ ၎င်းထက်ဝယ် ဉာဏ်တော် ၅ပေခန့်မျှ ရှိသည့် ဘူမိဖဿရ မုဒြာဖြင့် ရုပ်ပွားတော်မြတ်တစ်ဆူ အနောက်ဘက်သို့ မျက်နှာမူလျက် ကိန်းဝပ်စံပယ်လျက်ရှိသည်။ လိုဏ်နှင့်အပြည့် ဆေးပန်းချီခြယ်သထားသည်။ ထူးခြားသည်မှာ လက်နှင့်ကိုင်ကြည့်ပါက ဖောင်းကြွသဘော မျိုး ခံစားရရှိသည်။ ဆေးပန်းချီ စတင်ရေးဆွဲသည့်နေ့မှာ ၁၀၇၇ ခု၊ ပထမဝါဆိုလဆန်း ၁၅ရက်နေ့ မွန်းလွဲမှ စတင်ရေးဆွဲပြီး ၁၀၈၃ ခု၊ ကဆုန်လပြည့်ကျော် ၄ရက်၊ တနင်္ဂနွေနေ့ ထီးတော်တင်၏ဟု လိုဏ်အတွင်းမြောက်ဘက် နံရံအောက်ခြေ၌ ကမ္ပည်းတင်ထားသည်။ ဆိုစဉ်က လက်ရေးနှင့် စာသားကို ဓာတ်ပုံရိုက်၍ တင်ထားပါသည်။ ထိုခုနှစ်မှာ ဘိုးတော်ဘုရား အမရပူရမြို့ကို စတင်တည်ထောင်အပြီး ၃၃နှစ်အကြာမှာဖြစ်သည်။

စဘော ရတနာမာရ်အောင်ဘုရား ရုပ်ပွားတော်၏ ထူးခြားချက်မှာ ညာဘက် လက်တော်မှ လက်ချောင်းများမှာ တခြားရုပ်ပွားတော်များကဲ့သို့ ပူးကပ်မနေဘဲ လက်ချောင်းတစ်ချောင်းစီ ကွဲခြားနေသည်ကို တွေ့ရမည်ဖြစ်သလို၊ တံကဲတိုင် ဘေးတစ်ဖက်တစ်ချက်၌ ဇောက်ထိုးဆင်းနေသည်။

သမိုင်းအထောက်အထားအရ ပြောရပါမူ မြစ်ခြေ၏ ဖမိုင်ခန့်ပတ်လည် ပတ်ဝန်းကျင်အတွင်း ဆေးရေးပန်းချီများရှိသော ဘုရားစေတီမှာ ၁၄ ဆူရှိရှိသည့်အနက် ညောင်လုရွာ ရွှေမုဌောဘုရား၊ သီရိမင်္ဂလာဘုရားနှင့် စဘောအနောက်စုရှိ ရတနာမာန်အောင်ဘုရားသုံးဆူတို့မှာ သက္ကရာဇ်များ ရေးထိုးထားသည့် အထောက်အထားအခိုင်မာဆုံး ဘုရားများဖြစ်ကြသည့်အတွက် ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်မှု ပြုပေးကြပါရန် သမိုင်းသုတေသီများအနေဖြင့် ဆက်လက် သုတေသနပြုပေးကြပါရန် စာရေးသူအနေဖြင့် မေတ္တာရပ်ခံ တိုက်တွန်းနှိုးဆော်လိုက်ရပါသည်■

(ဓာတ်ပုံများကို ရိုက်ကူးပေးပါသော မြစ်ခြေမှ ကဗျာဆရာ လင်းသို့လနှင့် ငြိမ်းအေးတို့ကို ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။)

ကျော်လင်း (မြစ်ခြေ)

ကျမ်းကိုး

- ဦးကုလား မဟာရာဇဝင်တော်ကြီး တတိယတွဲ။

*****

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

### ဓမ္မသိဒ္ဓိ လိုဏ်ဂူကျောင်းလေးမှ ဆရာတော်

ထုံးဘိုကျေးရွာကလေးသည် မန္တလေး-ပြင်ဦးလွင် ကားလမ်းဘေးရှိ ရွာလေးတစ်ရွာဖြစ်သည်။ ထိုဒေသလေးသည် ထုံးဖုတ်သူများ ပေါများသော ဒေသလေးဖြစ်သည်။ ထုံးဖုတ်သူများကို အခြေပြု၍ ထုံးဖိုမှ ထုံးဘိုဖြစ်လာပါသည်။ မန္တလေးမြို့မှ ကြည့်လိုက်လျှင် ညိုပြာပြာတောင်တန်းကြီး၏ တောင်ဘက်အခုံးနေရာတွင် တည်ရှိ၍ ထုံးကျောက်များ အလွန်ပေါများသောဒေသလည်း ဖြစ်သည်။

ထုံးကျောက်တုံးများသည် ကျောက်တုံးသဏ္ဌာန်ဖြစ်သော်လည်း မီးနှင့် စနစ်တကျဖုတ်လိုက်လျှင် မီးကျက်သွားပြီး အဖြူရောင် ထုံးအခဲကြီးများဖြစ်သွားပါသည်။ ထိုထုံးအတုံးအခဲကြီးများပေါ်သို့ ရေစက်ရေမှုန်များ ကျရောက်သွားသောအခါ အပူငွေ့များ ထွက်ပေါ်လာပြီး ကွဲအက်၍ အမှုန့်ဘဝသို့ ပြန်လည် ပြောင်းလဲ၍သွားပါသည်။ ၎င်းကို ထုံးဖောက်သည်ဟု ခေါ်ပါသည်။ ထုံးဖောက်ထားသော ထုံးပုံအတွင်းသို့ နှီးဆီခွက်ဖြင့် ရေထည့်ပြီး ကြက်ဥပြုတ်နိုင်လောက်အောင် အပူချိန်ရှိပါသည်။

ထုံးတို့၏ သဘာဝဖြစ်ရပ်မှာ မြေကြီးထဲမှာ ရှိနေသော ထုံးဓာတ်များသည် တစ်နေရာတည်းတွင် စုပေါင်းသွားသည်။ မြေကြီးအောက်ထဲသို့ ရောက်ရှိသွားရာမှ အပေါ်မှ မြေသားများ၏ ဖိအားများကြောင့် ကျစ်လျစ် သိပ်သည်းသွားသည်။ မြေတွင်းအပူဓာတ်ကြောင့် တဖြည်းဖြည်း မာကျောသွားပြီး ထုံးကျောက် အစိုင်အခဲများဖြစ်လာသည်။ ကမ္ဘာနှင့်ချီ၍ မြေကြီးထဲတွင် နစ်မြုပ်နေရာမှ မိုးလေတို့၏ ဒဏ်ကြောင့် အချို့တောင်တန်းများအဖြစ် ပြန်လည်ပေါ်လာသည်။ အချို့နေရာများတွင် မြေတွင်း ရေစီးကြောင်းများမှတစ်ဆင့် ထိုထုံးကျောက်သားများကို ရေစီးက တိုက်စားသွားသည်။ ထိုတိုက်စားခံရသော ထုံးကျောက်များ အရည်ပျော်ပါသွားသဖြင့် လိုဏ်ခေါင်းနှင့် လိုဏ်ဂူများ ဖြစ်ပေါ်လာသည်။

ထုံးဘိုကျေးရွာအနီးတစ်ဝိုက်တွင် ထုံးကျောက်တောင်များ ပေါများသောကြောင့် လိုဏ်ခေါင်း၊ လိုဏ်ဂူများလည်း ပေါများပါသည်။ ထို့ကြောင့် တရားဓမ္မကျင့်ကြံသူများ၏ ကျင်လည်ကျက်စားရာဒေသလည်း ဖြစ်လာပါသည်။ ထို့ကြောင့် ဝိဇ္ဇာလိုင်းလိုက်သူများနှင့် ဝိပဿနာလိုင်းလိုက်သူများသည် ထိုဒေသအတွင်း၌ အလွန်ပေါများပါသည်။ ထို့ကြောင့် ယခင်က ဝဂူဟု ခေါ်သော်လည်း ယခုအခါ စကြာတောင်ဂူဟု၍ လည်းကောင်း၊ ယခင်က လက်ဝဲတစ်ထောင်ဂူကို ယခုအခါ ဓမ္မသိဒ္ဓိလိုဏ်ဂူဟု၍ လည်းကောင်း၊ အမည်များဖြင့် သူတော်ကောင်းကြီးများ သီတင်းသုံးနေထိုင်ခဲ့သော ဒေသများဖြစ်သည်။

ထုံးဘိုနှင့် ထိုဂူရှိရာဒေသတို့သည် (၆) မိုင်ခန့်ဝေးသည်။ ကိုဘာသာနှင့် မယ်ခင်တို့ လင်မယားသည် ထိုဓမ္မသိဒ္ဓိလိုဏ်ဂူအနီးရှိ ယာတောကို လုပ်ကိုင်ရသော မိသားစုဖြစ်ပါသည်။ တောင်ယာစိုက်ချိန်ရောက်လျှင် မယ်ခင်နှင့် ကိုဘာသာတို့ တောင်ယာကို သူရင်းငှားလိုက်လုပ်ကြပါသည်။ တောင်ယာနားချိန်တွင် ထုံးဘိုတွင် ထုံးကျောက်တုံးများစီသော လုပ်သားအဖြစ်လည်း လုပ်ကြပါသည်။

မယ်ခင်နှင့် ကိုဘာသာတို့မှာ ဓမ္မသိဒ္ဓိဆရာတော်နှင့်လည်း အလွန်ရင်းနှီးပြီး ဆရာတော် ချီးမြင့်သော တရားဒေသနာများဖြင့် ဝိပဿနာတရား အားထုတ်နေသူများ ဖြစ်ကြပါသည်။ သားသမီး ငါးယောက်ရှိသည်။

### ကိုဘာသာနှင့် မယ်ခင်တို့၏ ဘဝဇာတ်လမ်း

ကိုဘာသာနှင့် မယ်ခင်တို့ရဲ့ ဇာတ်ကြောင်းမှာ ထူးခြားသည်။ ကိုဘာသာသည် တစ်ချိန်က ရဟန်းဝါ (၂၀)ရမှ မယ်ခင်နှင့် တွေ့ပြီး လူထွက်ခဲ့ရသည်။ ကိုဘာသာ၏ ဘုန်းကြီးဘွဲ့မှာ ဦးဝိသုဒ္ဓ ဖြစ်သည်။ တရားဟော အလွန်ကောင်းသည်။ မန္တလေးတစ်ခွင်တွင် ရွှေမန်း ဦးဝိသုဒ္ဓကို မသိသူမရှိပါ။ ရွှေမန်းတင်မောင်၏ အသံနှင့်တူအောင် တရားဟောနိုင်၍ ရွှေမန်း ဦးဝိသုဒ္ဓ ဟု ခေါ်ကြသည်။ ဦးဝိသုဒ္ဓသည် မုန့်တီကို စွဲလမ်းမှုကြောင့် မယ်ခင်နှင့် တွေ့ခဲ့ရသည်။ မယ်ခင်၏မိခင် ဒေါ်လှမြိုင်မှာ မုန့်တီသည်တစ်ဦးဖြစ်သည်။ နံနက်တိုင်း ဦးဝိသုဒ္ဓ၏ ကျောင်းရှေ့တွင် ဒေါ်လှမြိုင်က မုန့်တီဆိုင်ထွက်ရောင်းသည်။ မွလက ဦးဝိသုဒ္ဓ ထိုဆိုင်လေးသို့ထွက်၍ မုန့်တီစားသည်။ ဒေါ်လှမြိုင်က ဦးဝိသုဒ္ဓအား ကြည်ညို၍ သမီးလေး မယ်ခင်ကို ဦးဝိသုဒ္ဓကျောင်းထဲသို့ မုန့်တီပို့ခိုင်းသည်။ မယ်ခင်နှင့် ဦးဝိသုဒ္ဓ တွေ့မြင်ပါများပြီး ငြိသလိုဖြစ်လာသည်။ ဒေါ်လှမြိုင်ကလည်း ဦးဝိသုဒ္ဓအား ကြည်ညိုရင်းစွဲရှိသည့်အားလျော်စွာ ညနေတိုင်း ညချင်း သွားကပ်သည်။ ညချင်းကပ်တိုင်း မယ်ခင်ပါနေကျဖြစ်သည်။

ဦးဝိသုဒ္ဓမှာ အရိုးခံဖြစ်သည်။ ငြိသော်လည်း ရသေ့စိတ်ဖြေ နေသေးသည်။ သို့သော် မိခင် ဒေါ်လှမြိုင်က သမီး လေးကို ဆရာတော်အား ဝတ်ဖြည့် ခိုင်းသည်။ ထိုအခါ ဦးဝိသုဒ္ဓခမျာ မိန်းမပျိုလေး၏ လက်ဖဝါးနုနုဖြင့် ခြေသလုံး



www.burmeseclassic.com

www.burmeseclassic.com

သားအား နို့ပ်ပေးနေသည်ကို သာယာစိတ်ဝင်လာပြီး ရင်ထဲတွင် နတ်ပူးသလို ခံစားနေရသည်။ ၎င်းကို ကြိုက်သလိုလို ဖြစ်နေသည်။ ထိုရင်ခုန်မှုမှကျော်၍ အတွေးများဝင်လာသည်။ "ဒီမိန်းကလေးနှင့် ငါ ပေါင်းဖက်ရသော်"ဟူသော အတွေးအထိ ရောက်လာသည်။ ထိုအချိန်တွင် ဦးဝိသုဒ္ဓ(ခေါ်) ကိုဘသာမှာ ယခုကဲ့သို့ ဆရာကောင်းနှင့်လည်း မတွေ့၊ တရားတော်များကို စာသိသာ သိပြီး လက်တွေ့မကျင့်ဘူး၍ ရင်ခုန်လာသည်ကို သဘောကျနေသည်။ သဘောကျရာမှ ဆက်၍အကောင်အထည်ဖော်ရာ မယ်ခင်နှင့် ဦးဝိသုဒ္ဓ (ခေါ်) ကိုဘသာမှာ အိမ်ထောင်သည်များ ဖြစ်သွားကြသည်။

ယခုမှ ကိုဘသာ နောင်တရတရားရသည်။ ယခုလို ဆရာကောင်း၊ သမားကောင်းနှင့် တွေ့ပြီး မိမိရင်ခုန်သည်ကို ဒုက္ခလက္ခဏာတင်ပြီး အနိစ္စရှုလိုက်လျှင် ဒီရင်ခုန်တာ တဖြည်းဖြည်းလျော့လာမှာပေါ့။ ဒါကို ကိုဘသာ ယခင်က မသိခဲ့ပါ။ ဒါကြောင့် ရဟန်းဘဝမှ လူ့ဘဝသို့ ရောက်ခဲ့ရသည်။ ကျမ်းကြီး ပေါက်စာလိုက်ခဲ့သည်။ သင်္ဂြိုဟ်နှင့် အဘိဓမ္မာကို ပိုင်နိုင်သည်။ သို့သော် တရား မရှုဘူးပါ။ တရားပြပေးသူများ ရှိသော်လည်း ဓမ္မသိဒ္ဓိဆရာတော်လို သေသေချာချာ ဟဒယကို တွေ့အောင် မပြနိုင်ကြ။ စာပေများတွင် ရှိသော သဏ္ဌာယဒိဋ္ဌိသည် စိတ်မှာ ကပ်သည်ကို သိသည်။

စိတ်ဖြစ်သည့်နေရာသည် ဟဒယ ဆိုသည်ကိုတော့ စာသင်သားဘဝကပင် သိရှိခဲ့သည်။

သို့သော် မျက်စိက မြင်သိ၊ နားက ကြားသိ၊ နှခေါင်းက နံသိ၊ လျှာက လျက်သိ၊ ခန္ဓာကိုယ်က တွေ့သိ၊ ဟဒယဝတ္ထုမှနေ၍က တွေးတောသိ၊ ဒါတွေအားလုံးဟာ တစ်ပြိုင်တည်းဖြစ်နေသည်။ အားလုံးကို တစ်ချိန်တည်း သိနေသည်။ သို့သော် စာထဲတွင်တော့ စိတ်ဆိုတာ တစ်ခုပြီးမှ တစ်ခုဖြစ်သည်။ စိတ်နှစ်ခု တစ်ပြိုင်တည်း မဖြစ်နိုင်ဟု ဆိုသည်ကိုလည်း သိခဲ့ပါသည်။ သို့သော် လက်တွေ့တရားမရှုဘူးတော့ ဘယ်လိုလုပ်ရမှန်းမသိဖြစ်ခဲ့ပါသည်။ ထို့ကြောင့် ရဟန်းဘဝ ဆုံးရှုံးခဲ့ရသည်ကို ယခုမှ နမြောသလိုဖြစ်ခဲ့ရသည်။

ယခုတော့ မယ်ခင်နှင့် ကလေး (၅)ယောက်ရခဲ့ပြီး မိမိမှာ အသက်ကြီးမှ အိမ်ထောင်ကျ၍ ကလေးများက ငယ်နေသည်။ ယခု ဓမ္မသိဒ္ဓိဆရာတော်နှင့် တရားအားထုတ်နေသည်။ ရေးပါရမီကြောင့် အမြင်အကြားဘက်တွင် အတော်အတန်ရသည်။ ထို့ကြောင့် အမြင်အကြားနှင့် ပတ်သက်လျှင် ကိုဘသာကို ဓမ္မသိဒ္ဓိဆရာတော်က အသုံးချခဲ့သည်။ ဆရာတော်က အသုံးချခဲ့၍လည်း ပို၍ ဗဟုသုတစုံခဲ့သည်။

တစ်နေ့မှာ...

"ကိုဘသာ...ရှင်သားသမီးတွေအားလုံးလိုလို ဖျားနေတယ်။ အငယ်မကလည်း ဝမ်းတွေ သွားနေတယ်။ ဝင်ငွေလေး ဘာလေးရအောင် ထုံးဘိုကို သွားပြီး ကျောက်စီပါလားတော်"

ကိုဘသာကလည်း သားသမီးတေနဲ့ ထုံးဘိုမှာ ကျောက်စီသွားရပါတော့သည်။ ထုံးဘိုနှင့် ဓမ္မသိဒ္ဓိနေရာလေးသည် (၆)မိုင်လောက်ဝေး၍ နေ့စဉ် မပြန်ဘဲ ထုံးဘိုကျေးရွာကလေးမှာပင် ညအိပ်ရလေသည်။

ကျောက်စီသမားအများစုနှင့် ထုံးကျောက်တိုက်သော ကားသမားများသည် တစ်ဦးနှင့်တစ်ဦး "ကျွန်း ကိုင်းမှီ ကိုင်းကျွန်းမှီ"သဘောမျိုးရှိကြပါသည်။ ကားသမားများမှာ တခြားမဟုတ်။ မြကြီးနှင့် သာဆောင်းတို့ သမီးယောက်ဖဖြစ်သည်။ ၎င်းတို့၏ဇာတ်လမ်းကား သာဆောင်းနှင့် လှမေမှာ မောင်နှမဖြစ်ပြီး၊ မြကြီးမှာ လှမေ၏ ခင်ပွန်းဖြစ်သည်။

## ဘဝ မလှသော လှမေဘဝ

မလှမေ၏ ဖခင်နှင့် မိခင်တို့သည် မူလက ထုံးဘိုကျေးရွာအနီး ကြျူဝင်းကျေးရွာသားများဖြစ်ကြသည်။ မလှမေငယ်စဉ်က မိခင်၊ ဖခင်များကို ကူညီကြရသည်။ တောင်သူများဖြစ်၍ အစ်ကို ကိုသာဆောင်းက ဖခင်နှင့်အတူ တောင်ယာလုပ်ကိုင်ရသလို၊ မလှမေကလည်း ဖခင်၏ တောင်ယာတွင် ပေါင်းရှင်း၊ မြက်ကောက်ပြုရသည်။ ယခင်က စီးပွားရေးပြေလည်သော်လည်း မလှမေလေး အရွယ်ရောက်လာသောအခါ မိုးခေါင်မှုကြောင့် သီးနှံမဖြစ်ထွန်း၍ တိရစ္ဆာန်မွေးမြူရေးကို တွဲဖက်လုပ်ကိုင်ကြရသည်။ ဆိတ်အငှားကျောင်းရာမှ ကိုယ်ပိုင် ဆိတ်မလေးနှစ်ကောင်ဖြစ်လာပြီး၊ ထိုဆိတ်နှစ်ကောင်မှ ဆိတ်အုပ်တစ်အုပ်ဖြစ်လာသည်။ ထိုဆိတ်အုပ်ကို မလှမေ ကျောင်းရသည်။

မလှမေ ဆိတ်ကျောင်းထွက်စဉ် ကြျူဝင်းကျေးရွာ၏ မြောက်ဘက် သင်္ချိုင်းရေ့သို့ ရောက်တိုင်း ဆိတ်အုပ်က သင်္ချိုင်းဂူများနှင့် မြေပုံများကြားမှ မြက်ပင်၊ သစ်ရွက်အနုအရင့်အားလုံးကို အားရပါးရ စားနေချိန်တွင် မလှမေမှာ အုတ်ဂူပေါ်တွင် ထိုင်ပြီး ဆိတ်ကျောင်းရသည်။ ဆိတ်အုပ်က ထိုသင်္ချိုင်းအတွင်းက တော်တော်နှင့် မထွက်ပေ။ ဆိတ်အုပ်ကို ကြည့်ရင်း တွေ့ရသော ဂူသင်္ချိုင်းမြေပုံနှင့် အုတ်ဂူများမှ အမည်၊ အသက်များကို နေ့စဉ်လိုလို ဖတ်မိနေသည်။ ဦးသာ



www.burmeseclassic.com

www.burmeseclassic.com



ဂေါင်(အသက် ၆၀နှစ်)၊ ဒေါ်မြရှင်(အသက် ၈၀နှစ်)၊ ဦးအောင်ချစ် (အသက် ၄၀နှစ်)၊ မောင်အေးချမ်း (အသက် ၂၅နှစ်)၊ မတင်လှ(အသက် ၁၄နှစ်)၊ မောင်တင်ကို (အသက် ၆နှစ်) စသည်ဖြင့် အသက်ရွယ်စုံကို တွေ့နေရ၍ သေခြင်းတရားသည် အသက်အရွယ်ကြီးရင့်သူကို ခေါ်သကဲ့သို့ အသက်အရွယ် ငယ်ရွယ်သူကိုလည်း ခေါ်နိုင်တာပဲနော်ဟု စိတ်ထဲတွင် ရေရွတ်နေမိသည်။

ဤမြေပုံနှင့် အုတ်ဂူများသည် ရွာသူရွာသားများ၏ အုတ်ဂူမြေပုံများဖြစ်ပြီး မိမိနှင့် မည်သို့မျှ မပတ်သက်သဖြင့် သိပ်ခံစားချက်မရှိပါ။ သို့သော် ထိုအုတ်ဂူမြေပုံများနှင့် ဆက်စပ်ပြီး မိမိ မိဘ၊ မောင်ဘွားများသာဆိုလျှင်ဟူသော အတွေးလေးတစ်ချက်ဝင်လိုက်သောအခါ ရင်တွင်း ပူလောင်ဆို့တစ်နှမ်းကျုပ်လာခြင်းကို ခံစားရသည်။ အဘယ်ကြောင့်ဆိုသော် မလှမေမှာ မိခင်၊ ဖခင်နှင့် အစ်ကို ကိုသာဆောင်းကို ချစ်ခင်သော သမုဒယသံယောဇဉ်ကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်သည်။ ဤသည်ကို မလှမေတစ်ယောက် မသိရှာပေ။ ထိုသို့ ဆို့နှစ်နှမ်းကျုပ်လာတိုင်း သချိုင်းတွင်းမှ ဆိတ်အုပ်ကို အတင်းမောင်းထုတ်ပြီး အပြင်ရောက်အောင် မောင်းထွက်ပါတော့သည်။ မလှမေတစ်ယောက် ထိုအပူလောင်ဒဏ်ကို မခံနိုင်ရှာပေ။

မလှမေ ငယ်ဘဝမှာ ပညာရေးတွင် လေးတန်းအထိသာ ပညာသင်ခဲ့ရသည်။ လေးတန်းအရောက်တွင် မိခင်ကိုယ်ဖောရောင်ရောဂါကြောင့် အိမ်မှုကိစ္စများ မလုပ်နိုင်သဖြင့် မလှမေ ကျောင်းထွက်၍ မိခင်ကြီးကို ကူရသည်။ ထမင်းဟင်းချက်ပြုတ်ပြီး ယာတောသို့ ထမင်းပို့လိုက်ရင်း ယာတောတွင် ပေါင်းသင်၊ မြက်ကောက်အလုပ်ဖြင့် ဖခင်ကို ကူရသည်။ ကျေးရာဘဝတွင် မလှမေ နေတတ်သည်။ ငယ်စဉ်ကပင် မိခင်၊ ဖခင်တို့ကို ရိုသေသည်။ မိဘ စိတ်ဆင်းရဲအောင် ဘယ်သောအခါမှ မလုပ်။ ဖခင်ကိုလည်း နေ့စဉ် ခြေဆုပ်လက်နယ်ပြုလုပ်၍ နင်းနှိပ်ပေးသည်။ မိခင်၊ ဖခင်ကို ချစ်သည်။ အစ်ကို့ကိုလည်း အားကိုးသည်။ သံယောဇဉ်အလွန်ကြီးသည်။ မခွဲမခွာ၊ တစ်သက်လုံး အတူနေရမည်ဟု မျှော်မှန်းခဲ့သည်။

သို့သော် မလှမေ မျှော်မှန်းချက်မပြည့်ပါ။ အတိတ်ကံကြမ္မာက မလှဲသာ မရှောင်သာ ဖန်လာပါတော့သည်၊ ဖခင်ဖြစ်သူသည် ငှက်ဖျားဝင်နေသည်မှာ လေးငါးရက်ရှိပြီဖြစ်သည်။ သင့်တော်ရာ ဆေးမြီးတိုဖြင့် ကုသနေသော်လည်း အဖျားကမကျဘဲ အစားအသောက်ပျက်လာသည်။ ထမင်းမဝင်သည့်အပြင် ရေကိုပင် သောက်မရသောအခြေသို့ ဆိုက်လာသည်။ ထိုသို့ ငှက်ဖျားစဖြစ်သည်နှင့် တစ်ကိုယ်လုံး ကိုက်ခဲနေသည်။ ဆံဖျားမှ ခြေဖျားထိ နေရာလပ် မကျန်အောင် ကိုက်ခဲပြီး၊ ဝင်သမျှ အစာနှင့် ရေကိုပါ ပြန်၍အန်ထုတ်ပါသည်။ ထို့ကြောင့် နှစ်ရက်၊ သုံးရက်နှင့်ပင် လူမှာ သွေးအားအလွန်ကျသွားပါသည်။ ငှက်ဖျားပိုးကလည်း ထ,ချိန်၊ သွေးအား အလွန်ကျချိန်ဖြစ်နေသည်။ ဆရာတော် ဦးနန္ဒိယ ရောက်လာပြီး...

"ဟဲ့-ဒီလိုကြည့်နေလို့ ဘယ်ဖြစ်မလဲ ဆရာဝန်လေး ဘာလေးခေါ်ပြီး ပြကြပါလား"

ငွေကြေးမတတ်နိုင်၍ မပြတ်သော်လည်း လောလောဆယ် ငွေကြေးအခက်အခဲရှိနေပါသည်။ ရှိနေသည့် ဆိတ်အုပ်ထဲမှ ဆိတ်တစ်ကောင်ကို ရောင်းပြီး ဆရာဝန်ထံ ပြပါသည်။ ဆရာဝန်က ပေါက်စဖြစ်၍ ဖခင်အား သေသေချာချာ စမ်းသပ်သော်လည်း အတွေ့အကြုံမရှိ၍ ကွီနိုင်ဆေးထိုးလိုက်ပါသည်။ ဆေးထိုးပြီး၍ အပ်နုတ်လိုက်သည်နှင့် မလှမေ၏ ဖခင်ခမျာ ဝမ်းများထွက်လာပြီး သတိမေ့မြော၍သွားပါတော့သည်။ ထို သတိမေ့နေသော ဖခင်၏ခန္ဓာကြီးကို လှည်းပေါ်တင်ပြီး အိမ်သို့ ပြန်သယ်လာရပါသည်။ အိမ်ရောက်၍



www.burmeseclassic.com

www.burmeseclassic.com

ညမိုးချုပ်သည်နှင့် အသက်ခုံးပါး၍သွားပါတော့သည်။ မလှမေခမျာ ၎င်း မတွေ့ချင်ဆုံးသော သေမင်းနှင့် ရင်ဆိုင်သွားသော ဖခင်၏ ရုပ်အလောင်းကို ကြည့်ရင်း ···

“ဖေဖေ···သမီးတို့ကို ပစ်ထားခဲ့ပြီလား။ မေမေကလည်း ရောဂါသည်၊ သမီးတို့ ဘယ်သူ့ကို အားကိုးရမှာလဲ”

ဟု တဟီးဟီးငိုချလိုက်၍ ရင်ထဲမှ ပူလောင်မှုများ လျော့ပါးသွားသည်ဟု ထင်ရလေသည်။ ထို့ကြောင့် 'ရင်ထဲတွင် ပူလောင်မှုဖြစ်တိုင်း မရဏာမင်းကို မကျေနိုင် မချမ်းနိုင်ဖြစ်ပြီး မိမိဖခင်ကိုမှ ခေါ်ရလေခြင်းဟု ရင်ဖွင့်၍ ငိုယုံမှ တစ်ပါး အခြား မတတ်နိုင်တော့ပြီ။

မိခင်ကြီးနှင့်အတူ အစ်ကိုရှိနေသေး၍ တော်သေးသည်ဟု မလှမေ ဖြေသိမ့်ခဲ့ရပါသည်။ အမေ့ရောဂါသည်မှာလည်း မကြာမကြာ ကိုယ်များ ဖောရောင်တတ်သည်။ ထိုသို့ ကိုယ်ဖောရောင်နေလျှင် (၁၀)ရက်၊ (၁၅)ရက် ဘာမျှမလုပ်နိုင် မကိုင်နိုင်ဖြစ်၍ မလှမေ အိမ်တွင်း ချက်ပြုတ်ရေးကို ဝင်ရသည်။ အားလပ်ချိန်ရမှ ဆိတ်ကျောင်းထွက်ရသည်။ အစ်ကို ကိုသာခေါင်းကတော့ တောင်ယာကို ဆက်လုပ်ရသည်။ မိုးဆက်တိုက်ခေါင်မှုကြောင့် နှစ်တိုင်း သီးနှံထွက်နှုန်း ညံ့၍ ငွေကြေးအကျပ်အတည်းနှင့် ကြုံရပါတော့သည်။

ဤသို့ အကျပ်အတည်းကြားမှ မိခင်ကြီးက ရောဂါဖောက်နေပြန်သည်။ မိခင်ကြီးမှာ ဖခင်ကြီးဆုံးပြီးကတည်းက ကျန်းမာရေးပိုဆိုးလာပါသည်။ မလှမေ ဆုတောင်းမပြည့်ပါ။ မရဏာမင်းက သူ့မိခင်ကိုပါ ဝါးမျိုးခြင်းခံရပြန်ပါသည်။ မလှမေ ရင်ကွဲမတတ် ခံစားရပြန်သည်။ ဘယ်ဝဋ်ကြွေးကြောင့် မိကွဲ ... ဖြစ်ရသနည်း။ အတိတ်က သူများသား သမီးတွေကို မိဝေး ဖဝေးလုပ်ခဲ့မိလို့များ ခုဘဝ မိဘများ ဆုံးပါးရလေသလောဟု သံဝေဂ ဝင်မိပါတော့သည်။ မလှမေ ငယ်စဉ်ကပင် အပူမီးဝိုင်းခဲ့ရ၍ ရုပ်ရည်ချောမောလှပသော်လည်း လောကဓံ လှိုင်းဂယက်က ပြင်းထန်၍ အပျိုဖော်ဝင်ချိန်မှာပင် လူရုပ်မပေါ်အောင် ပိန်ချုံးခြောက်ကပ်ပြီး မဲကြုတ်ကြုတ်ဖြစ်နေပါသည်။

## ကြူဝင်းကျေးရွာကို စွန့်၍ ထုံးဘိုသို့ ရောက်ခဲ့သည့် မလှမေဘဝ

အစ်ကို ကိုသာခေါင်းက ညီမကို အားပေးရင်း တောင်ယာကို စွန့်၍ ထင်းအရောင်းအဝယ်လုပ်ပါသည်။ ထင်းကုန်ကူးရာမှာလည်း အကြွေးကျပြီး ထင်းရရေးအတွက် ငွေပေးထားသူများကလည်း ထင်းမပို့၊ ထင်းအကြွေးယူသူများကလည်း မရှင်းနိုင်ဖြစ်၍ ကိုသာခေါင်းတို့ မောင်နှမနှစ်ယောက် ခြံဝိုင်းကို ရောင်းပြီး ထုံးဘိုကျေးရွာကို တက်ခဲ့ကြပါသည်။

မောင်နှမနှစ်ယောက် ထမင်းဆိုင်တစ်ဆိုင်တွင် အခစားဝင်လုပ်သည်။ မလှမေ၏ အကျင့်စာရိတ္တ၊ အလုပ်ကြိုးစားမှု၊ ဆက်ဆံရေးကျွမ်းကျင်မှုတွေကြောင့် ဆိုင်ရှင်၏ မျက်နှာသာပေးခြင်း ခံရသည်။ မလှမေကို ဆိုင်ရှင်က ကျေနပ်သဖြင့် လွှဲအပ်ခြင်းခံရသည်။ ကိုသာခေါင်းက ရိုးသားစွာ ဈေးဝယ်ပေးပြီး ညီမကို ချက်ပြုတ်ရာတွင် ကူရသည်။

ဤသို့ မောင်နှမနှစ်ယောက် ရိုးသားစွာ လုပ်ကိုင်စားသောက်နေစဉ် ကားဆရာ မောင်မြကြီးနှင့် တွေ့ပါသည်။ မလှမေမှာ ဆက်ဆံရေးပျူငှာမှုကြောင့် ကိုမြကြီးတို့ကား မလှမေတို့ဆိုင်တွင် အမြဲထမင်းစားသည်။ ထမင်းစားတိုင်း ကိုမြကြီးက အရက်သုံးပက်လောက်တော့ သောက်သည်။ အရက်သောက်ပြီးမှ ထမင်းစားလေ့ရှိသည်။ ကိုသာခေါင်းကလည်း စားပွဲထိုးရင်း ကိုမြကြီးနှင့် မိတ်ဆွေဖြစ်ကြသည်။ ကိုမြကြီးက ထမင်းစားတိုင်းကိုသာ ခေါင်းကိုပါ ခေါ်ကျွေးသည်။ အရက်တိုက်သည်။ “နှမ,လိုချင် မောင်,တည့်အောင် ပေါင်း”ဟူသော စကားပုံအတိုင်း ကိုမြကြီးတစ်ယောက် မလှမေကို ချဉ်းကပ်နေသည်။

မလှမေက အပျိုဘဝမှာပင် ဆက်ဆံရေး အလွန်အကင်းပါးသည်။ သူ့ရဲ့ အလှကို မက်မော၍ ရောက်လာသော အစ်ကို ကာလသား ယာဉ်မောင်းများအား ညှို့ဝင်ပျူငှာဆက်ဆံပေးသည်။ သို့သော် အရက်သောက်တတ်သော စားသုံးသူများဝိုင်းသို့ သူကိုယ်တိုင် စားပွဲမထိုးတော့။ အစ်ကိုနှင့် လူငယ်အငှားတစ်ဦးကို ခေါ်ထားပြီး စားပွဲထိုးစေသည်။■

(ဆက်လက် ဖော်ပြပါဦးမည်)

အရှင်ကောဝိဠာည (ရင်တွင်း သာသနာပြု)

*****



www.burmeseclassic.com

www.burmeseclassic.com

# ဆန်းကြယ်သော ရောင်ခြည်တော်အသွယ်သွယ်

ဦးတင်အောင် (ဘော်ဆိုင်း)
ဝေဒလက္ခဏာသုတေသီ

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ်၊ ဘော်ဆိုင်းကျေးရွာအုပ်စုသည် ပင်လယ်ရေမျက်နှာပြင်အထက် (၄၃၇၀)ပေအမြင့်မှာ တည်ရှိပြီး နေ့ကိုယ်ပိုင်အုပ်ချုပ်ရနယ်မြေဖြစ်သည်။ ဘော်ဆိုင်းကျေးရွာအုပ်စု၌ ဓနု-တောင်ရိုး-အိုဝ်း-ဗမာ စသော တိုင်းရင်းသားအများစု နေထိုင်လျက် ဗုဒ္ဓဘာသာဝင်များဖြစ်ကြရာ၊ မိမိတို့ နေထိုင်တဲ့ ကျေးရွာအတွင်းအပြင် ပတ်ဝန်းကျင်တစ်ခွင်၌ ဘုရား၊ တန်ဆောင်း၊ ကျောင်း၊ ဇရပ်၊ သိမ်၊ စေတီ၊ ပုထိုး စသော သာသနိကအဆောက်အအုံများကို တစ်မူးရလို့ တစ်ပဲလှူ၊ တို့ရှမ်းတောင်သူ တကိုင်ရိုးလား ဆိုစကားနှင့်အညီ သုံးလီစေတနာ ဖြူစင်စွာဖြင့် ထည်ဝါကြီးမား ခံ့ညားတင့်တယ် အံ့သြဖွယ်ကောင်းဆောက်အောင် တည်ဆောက်လှူဒါန်းထားကြပေသည်။ ကျေးရွာအုပ်စုပတ်ဝန်းကျင် တောင်ကုန်း တောင်စွယ် အသွယ်သွယ် အထွဋ်အထိပ်တို့မှာလည်း သာသနိက အဆောက်အအုံများနှင့် ဘုရား၊ ပုထိုး၊ စေတီ အလီလီတို့၌ ရွှေရောင်တဝင်းဝင်းနှင့် ထွန်းလင်းတောက်ပလျက်ရှိသည်။

ကျေးရွာအလှမှာ သဘာဝကျပြီး ဘော်ဆိုင်းကျေးရွာသို့ အခွင့်သာ၍ ရောက်ရှိလာကြသူများ မျက်စိပသာဒ ဖြစ်ရင်း ရင်တွင်းမှာ ကြည်နူးမဆုံး မြင်တွေ့ရပေမည်။ ကျေးရွာအုပ်စု၏ ကျက်သရေဆောင် ကန်ဦးကျောင်းတိုက်ကြီးကိုလည်း မြင်တွေ့နိုင်ပေသည်။ ၎င်း ကန်ဦးကျောင်းတိုက်၏ ဥပစာ ပရိဝုဏ်အတွင်း ဘုရားကုန်းတော်ရင်ပြင်ရှိ ရှေးဟောင်း စေတီ၊ ပုထိုး ရုပ်ပွား ဆင်းတုတော်များနှင့် ဘုရားတန်ဆောင်း၊ ကျောင်း၊ ဇရပ် စသည့် သာသနိက အဆောက်အအုံတို့မှာ နှစ်ပရိစ္ဆေဒကြာမြင့်၍ ဟောင်းနွမ်းပြိုကျ အမြင်မလှအောင် ပျက်စီးယိုယွင်းနေသည်ကို ကန်ဦးကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော်ဖြစ်သော အရှင်ဇဝတိမန္တ မထေရ်မြတ်က ကျွမ်းကျင်သော ဗိသုကာပညာရှင်များအား ရှေးလက်ရာမပျက်စေဘဲ အသစ်တစ်ဖန် ပြန်လည်မွမ်းမံ ပြုပြင်စေခဲ့သည်။ ထို့ကြောင့်

ထိုသို့ အသစ်တစ်ဖန် ပြန်လည်မွမ်းမံ တည်ထားသော စေတီတော် (၁၁)ဆူတို့တွင် ပန်းပြောက်၊ ပန်းတမော့၊ ပန်းကနုတ်တို့ဖြင့် လက်ရာပြောင်မြောက်စွာ အချိုးအစားကျ အလွန်သပ္ပာယ်တင့်တယ်လှသော မှန်လေးမှန်ပါရှိတဲ့ ပြာသာဒ်ဘုံစေတီတော်မှ အခြားသော စေတီတော်များနှင့် မတူဘဲ တမူထူးခြားစွာ အံ့ဖွယ် ရောင်ခြည်တော်များ မကြာမကြာ ကွန့်မြူးနေသည်ကို ဖူးမြော်ကြည်ညိုခွင့်ရခဲ့သူ အများအပြားရှိသည်။

"ပြောမယုံ၊ ကြုံဖူးမှ သိ"ဆိုသလို ယခင်က ဘုရား ပုထိုး ရုပ်ပွားစေတီအလီလီတို့မှ ရောင်ခြည်တော်များ လွှတ်နေသည်ဟု ပြောကြ ဆိုကြတာကို အမှုမဲ့ အမှတ်မဲ့ နေခဲ့မိပါသည်။ ယခု ကိုယ်တိုင်ဒိဋ္ဌ ဖူးမြော်ကြည်ညို မြင်တွေ့ရပါမှ



www.burmeseclassic.com

www.burmeseclassic.com

ဝမ်းသာပီတိ ဂွမ်းဆီထိသို့ ကြည်နူးမဝ ဖြစ်ခဲ့ရပါသည်။

ရှင်းဘော်ဆိုင်းကျေးရွာအုပ်စု၌ ရှိသော ကန်ဦးကျောင်းတိုက် ဥပစာ ပရိဝုဏ်အတွင်း ဘုရားကုန်းတော်ရင်ပြင်ရှိ မှန်လေးမှန် ပြာသာဒ်ဘုံစေတီတော်မှ ရောင်ခြည်တော်များ တစ်ခဲနက် ကွန့်မြူးခြင်းမှာ တစ်ကြိမ်တစ်ခါသာ မဟုတ်ဘဲ မကြာ မကြာ ရောင်ခြည်တော်လွှတ်နေခြင်းဖြစ်၍ အများပြည်သူတို့ သိရှိနိုင်ရန် ရောင်ခြည်တော် ကွန့်မြူးခဲ့သော နှစ်၊ လ၊ ရက်၊ နေ့များကို မှတ်တမ်းတင်ခဲ့သည့် မှတ်တမ်းအား ဖော်ပြရလျှင်···

**ပထမအကြိမ် ရောင်ခြည်တော် ကွန့်မြူးခြင်း**

၁၃၆၉ ခုနှစ်၊ နတ်တော်လဆန်း ၁၅ရက် (၂၄-၁၂-၂၀၀၇)၊ တနင်္လာနေ့ညနေ ၄နာရီမှ ၅နာရီအတွင်း။

**ဒုတိယအကြိမ် ရောင်ခြည်တော် ကွန့်မြူးခြင်း**

၁၃၇၁ ခုနှစ်၊ ပြာသိုလဆန်း ၆ရက် (၂၁-၁၂-၂၀၀၉)၊ တနင်္လာနေ့ညနေ ၄နာရီ။

**တတိယအကြိမ် ရောင်ခြည်တော် ကွန့်မြူးခြင်း**

၁၃၇၁ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ရက် (၁၇-၁၀-၂၀၁၀)၊ တနင်္ဂနွေနေ့ နံနက် ၇နာရီအချိန်။

**စတုတ္ထအကြိမ် ရောင်ခြည်တော် ကွန့်မြူးခြင်း**

၁၃၇၃ ခုနှစ်၊ တပေါင်းလဆန်း ၃ရက်(၂၄-၂-၂၀၁၂)၊ သောကြာနေ့ နံနက် ၇နာရီ။

**ပဉ္စမအကြိမ် ရောင်ခြည်တော် ကွန့်မြူးခြင်း**

၁၃၇၄ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ရက် (၁၇-၁၀-၂၀၁၂)၊ ဗုဒ္ဓဟူးနေ့ နံနက် ၇နာရီ။

**ဆဋ္ဌမအကြိမ် ရောင်ခြည်တော် ကွန့်မြူးခြင်း**

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၃ရက် (၂-၄-၂၀၁၄)၊ ဗုဒ္ဓဟူးနေ့ နံနက် ၇နာရီ။

**သတ္တမအကြိမ် ရောင်ခြည်တော် ကွန့်မြူးခြင်း**

၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၅ရက် (၂၄-၃-၂၀၁၅)၊ အင်္ဂါနေ့ နံနက် ၇နာရီနှင့် ၁၅မိနစ်အချိန်တို့တွင် မှန်လေးမှန် ပြာသာဒ်ဘုံစေတီတော်၏ တောင်ဘက်မုခ်အထက် ပြာသာဒ်ဘုံ (၃)ဆင့်၌ ရောင်ခြည်တော် ကွန့်မြူးခဲ့ပါသည်။

◈◈◈

အံ့သြဖွယ် ရောင်ခြည်တော် ကွန့်မြူးခြင်းနှင့် ပတ်သက်၍ သဗ္ဗညုတ ဉာဏ်တော်ရှင် ဘုရားသခင်ကိုယ်တော်မြတ်ကြီး၌ အဘိဓမ္မာဒေသနာတော်ကို ပဋ္ဌာန်းနည်းဖြင့် သုံးသပ်ဆင်ခြင်တော်မူတဲ့အခါမှာ တစ်ခဲနက်သော ရောင်ခြည်တော်များ ဖြစ်ပေါ်လာကြောင်း အဘိဓမ္မာအဋ္ဌသာလိနီ-အဋ္ဌကထာကျမ်းတို့တွင် ဝိတ္ထာရအားဖြင့် ဖော်ပြပေးထားသည်။

မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံဝင်ပြီးတဲ့နောက်ပိုင်း လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတွေဟာ ဘုရားရှင်၏ ကိုယ်ပွားပုံတူ၊ ရုပ်ပွားဆင်းတုတော်များကို လည်းကောင်း၊ ဘုရားရှင်၏ သရီရဓာတ်တော်၊ မွေတော်များကို ဌာပနာသွင်းပြီး ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီ၊ ဓာတုစေတီတော်များကို လည်းကောင်း တည်ထားကိုးကွယ်ခဲ့ကြလေသည်။ ၎င်းပုံတူကိုယ်ပွား ဆင်းတုတော်၊ စေတီတော်တို့မှ တန်ခိုးပြာဋိဟာ ရောင်ခြည်တော် ကွန့်မြူးလျက်ရှိတတ်သည်ကို အမြို့မြို့ အနယ်နယ် အရပ်ရပ်တို့တွင် တွေ့ကြုံဖူးမြင် ကြည်ညိုမှုရရှိခဲ့သူများ အများအပြားရှိကြလေသည်။

မိလိန္ဒပဉှာ ပါဠိတော်၌ မိလိန္ဒအမည်ရှိသော မင်းကြီးက အရှင်နာဂသေန မထေရ်မြတ်အား လျှောက်ထားသည်မှာ···

"အရှင်ဘုရား···ပရိနိဗ္ဗာန်ဝင်စံပြီးကုန်သော ဘုရားရှင်အားလုံးတို့၏ ပုံတူကိုယ်ပွား ဆင်းတုတော်၊ ရုပ်ပွားတော်အားလုံးတို့တွင် လည်းကောင်း။ ၎င်းစေတီတော်, ပုထိုးတော်အားလုံးတို့တွင် လည်းကောင်း။ ရောင်ခြည်တော် ကွန့်မြူးခြင်း တန်ခိုးပြာဋိဟာသည် ဖြစ်နိုင်ပါသလော"

ဟု လျှောက်ထားလေရာ···

"ဒါယကာတော် မင်းကြီး။ ပရိနိဗ္ဗာန်ဝင်စံပြီးကုန်သော ဘုရားရှင်အားလုံးတို့၏ ပုံတူ ကိုယ်ပွား ဆင်းတုတော်၊ ရုပ်ပွားတော်၊ စေတီတော်အားလုံးတို့၌ တန်ခိုးပြာဋိဟာ ရောင်ခြည်တော် ကွန့်မြူးခြင်းသည် မဖြစ်နိုင်ပါ။ အချို့သော ပုံတူကိုယ်ပွား ဆင်းတုတော်၊ စေတီတော်တို့၌သာ ဖြစ်နိုင်ပါ၏။ အချို့သော ကိုယ်ပွားပုံတူ ဆင်းတုတော် စေတီတော်တို့၌ တန်ခိုးပြာဋိဟာ ရောင်ခြည်တော် ကွန့်မြူးမှု ဖြစ်ပေါ်ရခြင်းမှာလည်း ရဟန္တာ၊ နတ်၊ လူ သုံးဦးတို့၏ သစ္စာအဓိဋ္ဌာန်ကြောင့် ဖြစ်ပေါ်လာရခြင်းဖြစ်သည်"

ဟု အရှင်နာဂသေနက မိန့်ကြားတော်မူလေသည်။

ဘုရားရှင်၏ ပုံတူကိုယ်ပွား ဆင်းတုတော်၊ ရုပ်ပွားတော်၊ စေတီတော်တို့မှ တန်ခိုးပြာဋိဟာ ရောင်ခြည်တော် ကွန့်မြူးနေမှုများကို ဖူးမြော်ကြည်ညိုခွင့် ကြုံကြိုက်နိုင်ကြပါစေကြောင်း ဆန္ဒပြုလျက်···■

ဦးတင်အောင် (ဘော်ဆိုင်း)

ဝေဒလက္ခဏာ သုတေသီ

*****



www.burmeseclassic.com

www.burmeseclassic.com

မဟာသဒ္ဓမ္မဇောတိကဓဇ

# တက္ကသိုလ်သျှင်သီရိ (ဓမ္မာစရိယ၊ ဘီအေ)

# မဖွားယုံ၏ သားကောင်းဖော်မှုန်



မဖွားယုံတို့ မိသားစုသည် လက်လုပ်လက်စားဘဝဖြင့် အသက်မွေးဝမ်းကျောင်းပြုရသော မိသားစုဖြစ်သည်။ သူတို့ မိသားစုသည် အင်းစိန်တစ်ဖက်ကမ်းရှိ တကူးခြံရွာကလေးတွင် တံငါလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုရာ ငါးသလောက်ပေါ်ချိန်တွင် ဖွံ့ဖွံ့ဖြိုးဖြိုးလေး စားရသောက်ရသလို၊ တစ်ဖက်ကလည်း ရွာဦးကျောင်းတွင် အများနည်းတူ စုပေါင်းအလှူ၌ ကုသိုလ်ထိုက်သလောက် ပါဝင်လှူဒါန်းနိုင်ကြပါသည်။

မဖွားယုံသည် ဘဝဆင်းရဲသော်လည်း စေတနာ သဒ္ဓါတရားက ကြွယ်ဝသူဖြစ်သည်။ လှူချင်တန်းချင်စိတ်ရှိသည်။ ကျွေးချင် မွေးချင်စိတ်ရှိသည်။ အခြားသူများအား ကူညီလိုစိတ် အမြဲရှိသည်။

သူမသည် ရပ်ရေးရွာရေး၏ လှူရေးတန်းရေးကိစ္စများတွင် လုပ်အားကို ကျရာနေရာမှနေ၍ မညည်းမညူ ကူညီလုပ်ကိုင်ပေးတတ်သည်။ ပေးသမျှ တာဝန်ကို ငြင်းဆန်မှုမရှိ ပြုလုပ်ပေးတတ်၍ ရပ်ရွာကလည်း ချစ်ခင်မြတ်နိုးသည်။

ရွာဦးကျောင်းတွင် ပြုလုပ်သော ရေအလှူ၊ သင်္ဃန်းရှင်းရေးအလှူတို့တွင် တက်တက်ကြွကြွ ပြုလုပ်ဆောင်ရွက်ပေး

www.burmeseclassic.com

သည့်အတွက် ရှာဦးဆရာတော်ကလည်း မဖွားယုံကို အားကိုးသည်။ တစ်ဖက်က အကုသိုလ်အလုပ်ပြုနေသူဖြစ်၍ တစ်ဖက်ကလည်း ဒါန သီလတို့ကို တတ်နိုင်သမျှ ဆောက်တည်ရန် ဩဝါဒပေးသည်။ လက်တွေ့လည်း ဆောက်တည်နိုင်းလေသည်။

ဤသို့ဖြင့် မဖွားယုံဘဝသည် တံငါသည်အပျို မဖွားယုံမှ အိမ်ထောင်သည် ဒေါ်ဖွားယုံဘဝသို့ ရောက်ရှိလာခဲ့သည်။

◈◈◈

မဖွားယုံဘဝသည် လူ့အဖြစ်ကို ရခဲ့သည်မှန်သော်လည်း လူ့ဘဝ ကံကောင်းမှုကို မကြုံခဲ့ရ၊ မဆုံခဲ့ရပါ။ အမြဲကံဆိုးနေရပါသည်။ လူမှန်းသိတတ်သောအရွယ်မှစ၍ ဘဝကို ရုန်းကန်ပြီး ရှာဖွေစားသောက်ခဲ့ရသည်။ အိမ်ထောင်သည်ဘဝရောက်သောအခါတွင် လင်ယောက်ျားဖြစ်သူမှာ တံငါလေ့သမားဖြစ်၍ ဆိုးတူကောင်းဖက် လင်တစ်ထမ်း မယ်တစ်ရွက်လုပ်မှ တစ်ဝမ်းတစ်ခါး ဝမ်းဝရုံဘဝတွင် ရှိနေရသည်။

အိမ်ထောင်ကျပြီး တစ်နှစ်လောက်တွင်မူ လင်ယောက်ျားက ရိုးရိုးသားသား အေးအတူ ပူအမျှ ရှာဖွေစားသောက်သေးသည်။ သားတစ်ယောက်မွေးဖွားပြီးသောအချိန်မှစ၍ မဖွားယုံ၏ လင်ယောက်ျား မောင်တင်လှသည် အရက်ကလေး တမြမြနှင့် အပေါင်းအသင်းစုံလင်လာသည်။

ပထမတော့ အလုပ်ပင်ပန်း၍ အရက်သောက်သည်ဟု ဆိုသည်။ နောက်တော့ အရက်စွဲလာသည်။ အရက်စွဲလာ၍ အရက်ကျေးကျွန်ဖြစ်လာသောအခါ အလုပ်ကို ပင်ပန်းစွာ မလုပ်နိုင်တော့။ ကြိုးစားပမ်းစားလုပ်လိုသော ဆန္ဒလည်း တဖြည်းဖြည်းနည်းလာပြီး နောက်ဆုံး မယားလုပ်စာဆီက အရက်ဖိုးတောင်းမရက ဆူဆူပူပူသောင်းကျန်း၊ လင်မယားရန်ဖြစ်ကြ၊ သတ်ပုတ်ကြခြင်းဖြင့် ဘဝသံသရာလည်နေတော့သည်။

ဤသို့ဖြင့် မဖွားယုံသည် သံသရာလည်ခဲ့ရာ မဖွားယုံဘဝမှ ဒေါ်ဖွားယုံဘဝသို့ ရောက်လာခဲ့သည်။ ထိုဘဝအရောက်တွင် လင်ယောက်ျား အရက်သမား ကိုတင်လှမှာ အရက်သမားဘဝနှင့်ပင် ဘဝနိဂုံးချုပ်သွားခဲ့ရလေသည်။

◈◈◈

မဖွားယုံသည် လင်ကံ မကောင်းသော်လည်း သားကံကောင်းသည်။ သားလေးက လိမ္မာသည်။ မိဘမှန်း သိသည်။ မိဘကို တတ်နိုင်သလောက် စိတ်ချမ်းသာအောင် ထားပြီး ရှာဖွေလုပ်ကိုင်ကျွေးခဲ့သည်။

သားကလေး မောင်ကံလှကို ငယ်စဉ်က ရှာဦးကျောင်းတွင် ထား၍ သေစာ ရှင်စာတတ်အောင် ပညာသင်စေသည်။ ရွာ၏ စုပေါင်း ရှင်ပြုအလှူတွင် သားကလေးကို ပရိက္ခရာအစုံထည့်ပြီး ရှင်ပြုပေးခဲ့သည်။ သားကလေး မောင်ကံလှက ကိုရင်ဘဝကို မချွတ်ဘဲ ရှာဦးကျောင်းတွင် ပညာဆက်သင်ခဲ့၍ အခြေခံ သဒ္ဒါသင်္ဂြိုဟ်အထိ သင်ခဲ့ရသဖြင့် အသိအလိမ္မာရှိသည်။

ဖခင်ဆုံးသောအခါ မိခင်ကြီးတစ်ယောက်တည်းဖြစ်၍ မိခင်ကြီးကို လုပ်ကျွေးရန် လူဝတ်လဲခဲ့သည်။ လူဘဝသို့ ရောက်လာသော မောင်ကံလှသည် မိဘတို့ လုပ်ခဲ့သော တံငါ ပိုက်ချအလုပ်ကို မလုပ်ဘဲ လှေထိုးခြင်း၊ ကုန်ပစ္စည်းပို့ပေးခြင်းအလုပ်ကိုသာ လုပ်သည်။ ထိုအလုပ်ရင်း တစ်ဖက်ကလည်း မိခင်ကြီးအတွက် အိမ်ဆိုင်လေးသဘော ထောင်ပေးထားပြီး သားအမိနှစ်ယောက် အေးချမ်းစွာ လုပ်ကိုင်စားသောက်နေထိုင်ခဲ့သည်။

◈◈◈

မဖွားယုံအသက် ၄၅နှစ် ပတ်ဝန်းကျင်တွင် ရောနှင့်ငယ်ငယ်က ဆင်းရဲစွာ ရုန်းကန်ခဲ့ရသောဒဏ်က လွှမ်းမိုးနှိပ်စက်လာခဲ့ပြီဖြစ်သည်။ တရောင်ရောင်နှင့် မကျန်းမမာဖြစ်လာပြီး တစ်နေ့ ရွှေ၊ တစ်နေ့ ငွေဖြစ်လာခဲ့သည်။

တစ်ညတွင် မဖွားယုံသည် မိမိ ငယ်စဉ်က ငါးခေါင်းများကို ထုရိုက်ပြီး ရောင်းချခဲ့သလို၊ ယခု မိမိကို လူမည်းကြီး လေးငါးယောက်က ဝိုင်းဝန်းပြီး မိမိ၏ ဦးခေါင်းကို ထုရိုက်မှုခံရသည်ဟု အိပ်မက်မက်သလိုဖြစ်ပြီး "သားရေ ကယ်ပါဦး၊ သားရေ…ကယ်ပါဦး၊ အမေ့ကို လူတွေ ဝိုင်းရိုက်နေကြပြီ၊ အမေ သေရပါတော့မယ်"ဟု အလန့်တကြား အသံနက်ကြီးဖြင့် ထ,အော်လေသည်။

သား မောင်ကံလှက ကပျာကယာ ထပြီး မိခင်ကြီး အခန်းသို့ ဝင်ကာ…

"အမေ…ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

ဟု စိုးရိမ်တကြီးမေး၍ အမေကို ပွေ့ဖက်ထားသည်။

"သားလေး…အမေကြောက်တယ်၊ အမေ့ကို ကယ်ပါ။ လူတွေ အမေ့ဦးခေါင်းကို တင်းပုတ်တွေနဲ့ ဝိုင်းထုဖို့ လာနေကြတယ်"

ဟု ကြောက်လန့်တကြားပြောသည်။

"အမေ…ဘာမှမကြောက်နဲ့၊ သားရှိတယ်။ အဲဒီလူတွေ မလာနိုင်အောင် သားလုပ်ပေးမယ်။ အမေ စိတ်အေးအေးနေ။ ဒီတစ်ခါ မလာစေရဘူး။ အမေ စိတ်အေးလက်အေးအိပ်ပါ။ သား စောင့်နေပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

မောင်ကံလှက မိခင်ကြီးကို နှစ်သိမ့်လိုက်ပြီး ပြန်အိပ်စေသည်။

"သား… အမေအိပ်မရဘူး။ ကြောက်လန့်နေတုန်းပဲ"

"အမေ…ဒါဆို ဘုရားကို အာရုံပြုပြီး ရှိခိုးပါ။ ရွာဦးကျောင်းဆရာတော်ကို ရည်မှန်းရှိခိုးပြီး တပည့်တော်မကို ကယ်မပါလို့ စိတ်ထဲက လျှောက်ထားပါ။ ပြီးတော့ ကျွန်တော် ဘုရားရှိခိုးမယ်။ ပရိတ်ရွတ်မယ်။ အမေ အာရုံပြုထားပါ။ အမေ အကြောက်ပြေသွားပါလိမ့်မယ်"

မောင်ကံလှက အဘိဓမ္မာသင်ခဲ့သူပီပီ အမေသည် ငယ်ငယ်ကတည်းက တံငါအလုပ် အကုသိုလ်ဖြင့် ဘဝကို ဖြတ်သန်းခဲ့ရသည်။ ယခု ထိုအကုသိုလ်စိတ်များက အာရုံထဲ ဝင်လာနေပြီဟု ယုံကြည်နေမိသည်။ သို့အတွက် မိမိ၏ မိခင်ကြီး အာရုံကောင်း၊ နိမိတ်ကောင်း ထင်လာစေရန် ဤသို့ စီမံခြင်းဖြစ်သည်။

"အမေ…ဘုရားကို အာရုံပြု ရှိခိုးပြီးပြီလား"

"ဘုရားကိုလည်း အာရုံပြုလို့ မရပါဘူး သားရယ်"

"ဒါဆို အမေ၊ သား ဘုရားရှိခိုးသံကို နားထောင် အာရုံပြုပါ။ ဒါကော အာရုံပြုနိုင်လား အမေ"

"အမေ အာရုံပြုပါမယ် သား"

မောင်ကံလှသည် အမေ့ဘေးမှာပင် နေပြီး ဘုရားကို အသံထွက် ရှိခိုးသည်။ နတ်များကို ပင့်ဖိတ်ပြီး မေတ္တာသုတ်ကို ဦးစွာ ရွတ်ဖတ်သည်။ ပြီးနောက် မိမိရသော ပရိတ်များ၊ ဘုရားဂုဏ်တော်များကို ရွတ်ပွား သရဇ္ဈာယ်နေမိသည်။ ပြီးလျှင် မေတ္တာပို့ အမျှဝေသည်။

မောင်ကံလှ၏ ပရိတ်မေတ္တာပို့အပြီးတွင် မိခင်ကြီး ဒေါ်ဖွားယုံသည် ကြောက်လန့်ခြင်းကင်းစွာ အိပ်မောကျသွားလေသည်။

နောက်နေ့မနက် ဒေါ်ဖွားယုံ အိပ်ရာမှ နိုးလာသော အခါ…

"ညက သားလေး ဘုရားရှိသံ၊ ပရိတ်ရွတ်သံကြားမှ ဒီလူတွေ ထွက်ပြေးသွားကြတယ်။ အဲဒီအချိန်ကျမှ အမေလည်း အကြောက်ပြေပြီး အိပ်လို့ရသွားတယ်"

ဟု မိခင်ကြီးက ပြောပြသည်။

ဤသို့ဖြင့် မောင်ကံလှသည် မိခင်ကြီးအတွက် ညတိုင်း ပရိတ်ရွတ်ပေးသည်။ မေတ္တာပို့ အမျှဝေပေးသည်။ ဥပုသ်သီတင်းနေ့တွင် သီလဆောက်တည်ခိုင်းခဲ့ပြီး ကုသိုလ်ဘက်ကို ထုံစေရန် စီမံပေးခဲ့သည်။

ထိုကြားထဲမှာပင် တစ်ခါတစ်ရံ မိခင်ကြီးက ရောဂါဖောက်လာပြီး ကြောက်စရာ အာရုံမြင်၍ ထ,အော်တတ်သေးသည်။

မောင်ကံလှက မိခင်ကြီးကို ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံ ပုတီးစိပ်တတ်ရန် သင်ပေးသည်။ ပုတီးစိပ်ရင်း၊ ဈေးရောင်းရင်း ဘုရားကို အာရုံပြုရန် မှာကြား သတိပေးသည်။ တစ်ဖက်ကလည်း မိခင်ကြီး၏ ပန်းနာရောဂါကို တတ်နိုင်သမျှ ဆေးဝါးဖြင့် ကုသပေးသည်။

ဤသို့ဖြင့် မဖွားယုံ၏ ဘဝသည် သား၏ ကျေးဇူးကြောင့် ကုသိုလ်ဘက်ကို ထုံလာခဲ့သည်။ သို့သော် ရုပ်တရား၏ ဖောက်ပြန်ပျက်စီးမှုကိုကား မတားနိုင်ပါပေ။

◈◈◈

ထိုသို့ဖြင့် မဖွားယုံသည် တစ်ည သား၏ ဘုရားရှိခိုးသံ၊ ပရိတ်ရွတ်သံ၊ မေတ္တာပို့သံကို အာရုံပြု နားထောင်ရင်း အေးဆေး ငြိမ်သက်စွာဖြင့်ပင် ဘဝနိဂုံးချုပ်သွားခဲ့လေသည်။ ဘုရားဝတ်တက်၊ ပရိတ်ရွတ်ဖတ်နေသော သား မောင်ကံလှသည်ပင် မိခင်ကြီး ဒေါ်ဖွားယုံ ငြိမ်သက် တည်ကြည်စွာ တမလွန်ဘဝသို့ ကူးပြောင်းသွားသည်ကို မသိလိုက်ရချေ။

ဘုရားရှိခိုးပြီး၍ မိခင်ကြီးကို ခေါ်ကြည့်မှ အသက်ဝိညာဉ်ကင်းနေသော မိခင် ဒေါ်ဖွားယုံ၏ ဥတုဇ ခန္ဓာကိုယ်ကိုသာ တွေ့ရတော့သည်။

မိခင်ကြီး၏ မျက်နှာကို မီးခွက်အရောင်ဖြင့် သေချာစွာ ကြည့်မိသည်။ မိခင်ကြီး ဒေါ်ဖွားယုံသည် ပကတိ အိပ်ပျော်နေသည့်အလား။ ရှုံ့မဲ့ပျက်ယွင်းသော မျက်နှာ မရှိ။ တည်ကြည် ငြိမ်သက်သော မျက်နှာဖြင့် ဝိညာဉ်ချုပ်ငြိမ်းသွားသည်ကို တွေ့ရသည်။

ဒေါ်ဖွားယုံသည် ငယ်စဉ်ကတည်းက တံငါအကုသိုလ် အလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုခဲ့ရသည် မှန်သော်လည်း၊ အသိဉာဏ်ရှိသော သားကောင်း သားမြတ်ဟူသော အဖော်မွန်ရခဲ့သဖြင့် ငရဲဘေးမှ လွတ်မြောက်ချမ်းသာခဲ့ရလေသည်။

သေခါနီး ဘဝကူးအဖော်မွန်သည် မည်မျှအရေးကြီးသည်ကို သတိရှိကြပါကုန်။ သေပြီးမှ မိခင်၊ ဖခင်ကျေးဇူးဆပ်ခြင်းထက် မသေခင်ကတည်းက မိဘတို့ကို လမ်းမှန်ရောက်အောင် ပို့ဆောင်ပေးခြင်း၊ လမ်းညွှန်ပေးခြင်းသည် မြတ်သော ကျေးဇူးဆပ်ခြင်းဖြစ်သည်ဟု မောင်ကံလှက ယုံကြည်ထားမိလေသည်သာ ■

*မဟာသဒ္ဓမ္မ ဇောတိကဓဇ*
*တက္ကသိုလ် သျှင်သိရိ (မြောစရိယ၊ ဘီအေ)*

www.burmeseclassic.com

# ငတစ်ပါးမင်းကြီး၏ ဒုတိယမြောက် ကောင်းမှုတော် ရတနာထီးဖြူစေတီတော်

မောင်တင်ကြွယ် (ပြည်)



စာရေးသူ၏ မွေးရပ်မြေ ပြည်မြို့တွင် ရှေးဟောင်း သမိုင်းဝင် စေတီပုထိုးများစွာရှိသည်။ သမိုင်းမှတ်တမ်းများ အဆိုအရ နှစ်ပေါင်း ထောင်ချီတည်ရှိခဲ့သော သရေခေတ္တရာ ခေတ်မှ စေတီပုထိုးများမှာ ပုဂံနယ်မြေရှိ စေတီပုထိုးများ ထက်ပင်စော၍ တည်ရှိခဲ့ပါသည်။ ဤသို့ဆိုရခြင်းမှာ သရေခေတ္တရာ ပျက်စီးပြီးနောက် ၁၃နှစ်အကြာတွင်မှ ပုဂံတည် သည်ဟူသော သမိုင်းမှတ်တမ်းများအရ ဆိုရခြင်းဖြစ်ပါသည်။

စာရေးသူ ယခု တင်ပြလိုသည့် ရှေးဟောင်းစေတီကြီး မှာ လွန်ခဲ့သော ၁၀ နှစ်ဝန်းကျင်က တစ်ဖန် ပွင့်လင်းထွန်း ပေါ်လာခဲ့သည်။ ရှေးဟောင်းသမိုင်းဝင် "ရတနာထီးဖြူစေတီ တော်မြတ်ကြီး"ဖြစ်ပါသည်။ ဒီစေတီတော်ကြီးမှာ ပြည်မြို့ ရှာဘဲနယ်မြေ ကန်သာဦးကန်(ယခု မြကန်သာ)၏ တောင်

www.burmeseclassic.com





ဘက်ရှိ ကုန်းတော်ထက်တွင် တည်ရှိပါသည်။

လွန်ခဲ့သော နှစ် ၆၀ကျော်က စေတီတော်ကြီးအနီး တစ်ဝိုက်တွင် လူသူအသွားအလာနည်း၍ လူအလွန်ပြတ်သည်။ စေတီတော်ကြီး၏ အရှေ့ဘက်မှာ လယ်ကွင်းများ၊ တောင်ဘက်မှာ စိုက်ပျိုးရေးခြံများရှိသည်။ စေတီတော်ကြီး၏ မြောက်ဘက်၊ အနောက်မြောက်ဘက် လမ်းခြားမှာ ဘုန်းတော်ကြီးကျောင်းများ ရှိသေးသော်လည်း အလှမ်းဝေးသည်။

ထိုအချိန်များဆီက စေတီတော်မြောက်ဘက် စောင်းတန်း [illegible]မ်း။ အုတ်လှေကားတို့မှာ ချုံနွယ်ပိတ်ပေါင်းတို့အကြား [illegible]နေသည်။ ဟောင်းနွမ်းနေသော်လည်း [illegible]ဟာရဲ့ အုတ်တံတိုင်းကြီးသည်ပင်လျှင် ချုံနွယ်တို့ကြောင့် အုတ်တံတိုင်းရှိနေသည်ဆိုရုံမျှသာ။ မိုးအခါများဆိုလျှင် စေတီတော်ကြီး၏ ဖိနပ်တော်နားအထိ [illegible]ကိုမလွယ်။ နွေရာသီဆိုလျှင်[illegible]ချုံနွယ်တို့ အပင်ကျ[illegible] ရှင်းတန်သရွေ့လည်း ရှင်း၍ သွားလို့ လာလို့ရသည်။

ထို လုံးသက်န်းရောင်မှိန်မှိန်နှင့် စေတီအိုကြီးများပင် [illegible]ခါတစ်ရံ ရသေ့ဝတ် ပုဂ္ဂိုလ်၊ ယောဂီဝတ် ပုဂ္ဂိုလ်၊ [illegible] အဝတ်အစားနှင့် ပုဂ္ဂိုလ်များ ပုတီးစိပ်၊ တရားထိုင်[illegible] လာလေ့ရှိသည်။ စေတီတော်နှင့် ပဋ္ဌာန်းဆက်ရှိသူ[illegible]သူများပင် ဖြစ်လိမ့်မည်ဟု တွေးမိသည်။

သည်မြင်ကွင်းတို့မှာ လွန်ခဲ့သော ၁၀နှစ်အလွန်က ဖြစ်၍ ယခုတော့ အပြောင်းလဲကြီး ပြောင်းလဲသွားပါပြီ။ စေတီတော်ကြီး၏ ခေါင်းလောင်းပုံအစမှ ထီးတော်အထိ ရွှေရောင်တဖိတ်ဖိတ်နှင့် အုံမခန်း ကြည်ညိုစဖွယ်ဖြစ်လာသည်။ ဂန္ဓမာ စက်မှုဇုန်သို့ ရောက်လျှင်ပင် ထုထည်ကြီးထွားဥဏ်တော် မြင့်မားလှသည့် စေတီတော်ကြီးကို လှမ်းဖူးမြော်နိုင်ပါပြီ။

စေတီတော်ကြီး၏ အရှေ့ဘက်နား၊ လမ်းကျယ်တစ်ခုသာ ခြားသည့်နေရာတွင် ကန်တွင်း အစိုးရ မူလတန်းကျောင်းနှင့် ခရိုင်ပညာရေးမှူးရုံးတို့ ရှိနေ၍ လူသွားလူလာ စည်ကားသည့် နေရာလေးဖြစ်နေသည်။ စေတီတော်အနီးတစ်ဝိုက်ရှိ နေရာများအချို့တွင် စားသောက်ဆိုင် ဈေးဆိုင်လေးများလည်း ရှိနေပေပြီ။ ထို့ကြောင့် လူသွားလူလာပြတ်သည့် နေရာမဟုတ်တော့ပါ။

စေတီကုန်းတော်ပေါ်သို့တက်ရန် စောင်းတန်းလှေကား သုံးသွယ်ရှိသည်။ အရှေ့ဘက်၊ အနောက်ဘက်၊ မြောက်ဘက်တို့မှ တက်နိုင်သည်။ မြောက်ဘက် စောင်းတန်းဦးမှာ မဟူသကပင်ကြီးတစ်ပင် စိုက်ပျိုးထား၍ အပင်ခြေကို အုတ်ခုံဖြင့် ပတ်ကာထားသည်။ စောင်းတန်းထိပ်အခြေမှာ အချိုအစားကျနေသည့် လက်ရာမြောက် ခြင်္သေ့နှစ်ကောင်က တစ်ဖက်တစ်ချက်စီမှာ ရှိနေသည်။

ကြွေပြားခင်း လှေကားထစ်များမှ တက်၍ ရင်ပြင်



www.burmeseclassic.com

www.burmeseclassic.com





တော်ပေါ်သို့ ရောက်လျှင် ရွှေရောင်တဝင်းဝင်းနှင့် အာရုံခံတန်ဆောင်းကို တွေ့ရသည်။ တန်စောင်းကြီးအတွင်းရှိ လူတစ်ရပ်ခန့်မြင့်သည့် ပလ္လင်တော်ထက်ဝယ် ဉာဏ်တော်သုံးတောင်ခန့်ရှိ ဗုဒ္ဓဆင်းတုတော်ကိုလည်း ဖူးတွေ့နိုင်သည်။ စေတီတော်ကြီး၏ ရင်ပြင်တော်၊ စေတီတစ်ပတ်လည် ကြွေပြားများ ခင်းထားသည်။ မဟာရံတံတိုင်းအတွင်း ကျန်နေရာများကို ကွန်ကရစ်အပြည့်ခင်းထားသည်။

စေတီတော်၏ ဖိနပ်တော်က ရှစ်မြှောင့် တစ်ပေခွဲခန့်ရှိ၍ ထောင့်ရှစ်ထောင့်တွင် သက်ဆိုင်ရာ နေ့နံဂြိုဟ်ရုပ်များနှင့် ရုပ်ပွားတော်များ ရှိသည်။ စေတီတော်တစ်ပတ်လည်ဂြိုဟ်ရုပ် (၁၂)ရုပ်၊ ရုပ်ပွားတော် (၁၂)ဆူရှိသည်။ သောမအရပ်ထောင့်များတွင် ဂြိုဟ်ရုပ်နှစ်ရုပ်၊ ဆင်းတုတော် နှစ်ဆူစီထား၍ ပါပအရပ်ထောင့်များမှာက ဂြိုဟ်ရုပ်တစ်ရုပ်၊ ဆင်းတုတော် တစ်ဆူစီသာ ရှိသည်။

ဖိနပ်တော်အခြေကို နီညိုရောင်၊ ပစ္စယာသုံးဆင့်ကို ထုံးသင်္ကန်းကပ်လှူထားသည်။ တတိယပစ္စယာ၏ အထက်ထောင့်ရှစ်ထောင့်တွင် ရွှေပန်းခိုင်များ စိုက်လှူထားသည့် လည်ပင်းရှည် ပန်းအိုးရှစ်လုံးကိုလည်း မြင်ရသည်။ ပန်းအိုးကြီး ရှစ်လုံး၏အလယ် ရှစ်မြှောင့်ခံခုံမှ ထီးတော်ကြီးအထိရွှေသင်္ကန်းကပ်လှူထားသည်မို့ နေရောင်မြင့် ရွှေရောင်ဝင်းပနေသည်။

ရင်ပြင်တော်ထက် မဟာရံ တံတိုင်းအတွင်း တနင်္ဂနွေထောင့်စေတီ၊ ရာဟုထောင့်စေတီ၊ တနင်္လာထောင့် စေတီနှစ်ဆူ၊ ပေါင်း လေးဆူက သီးခြားအလှူရှင်များ၏ ကောင်းမှုများဖြင့် ပြင်ဆင်မွမ်းမံပြီးရုံမျှမက၊ ထုံးသင်္ကန်းဖွေးဖွေး ရွှေထီးတော် တဝင်းဝင်းနှင့် ဖြစ်နေသည်။ ဗုဒ္ဓဟူးထောင့် မဟာရံတံတိုင်းအတွင်း ရင်ပြင်တော်ပေါ်၌ (၆-၅-၂၀၀၂) ခုနှစ်က လေပြင်းဒဏ်သင့် ထီးတော်ဟောင်းကြီးအား မွမ်းမံ၍ ဌာပနာ ပျော့ဖူးခံ တည်ထားသည်ကိုလည်း ဖူးမြော်နိုင်သည်။

နောက်ဆုံးအကြိမ် ပြုပြင်မွမ်းမံအပြီး ၁၃၆၅ ခုနှစ်က စိုက်ထူခဲ့သည့် ကျောက်စာတိုင်ကို တနင်္ဂနွေထောင့်ရှိ စေတီအနီး၌ တွေ့ရှိရသည်။ ထိုကျောက်စာ၌ ရှေ့ဘက်တွင် စေတီတော်သမိုင်း မော်ကွန်းနှင့် နောက်ဘက်တွင် ကေပိဒ် မော်ကွန်းတို့ ရေးသားထားသည်။ ကျောက်စာတိုင်အနောက်ဘက်နား၌ တံခွန်တိုင်တစ်တိုင်လည်း စိုက်လှူထားသည်။

## မူလစေတီတော်နှင့် ဒကာသမိုင်းကျဉ်း

သရေခေတ္တရာမင်းဆက် (၂၇)ဆက်တွင် မဟာသမ္ဘဝမင်းမှစ၍ ရေတွက်သော် ဝေတစ်ပါးမင်းကြီးမှာ (၁၂)ဆက်မြောက်ဖြစ်သည်။ ဒွတ္တဘောင်မင်းမှ စ၍ရေတွက်လျှင်တော့ (၁၀)ဆက်မြောက်ဖြစ်သည်။ သာသနာသက္ကရာဇ် ၄၃၃ ခုနှစ်တွင်- မင်းအဖြစ်သို့ ရ၍ နန်းစံသက်အတွင်း စေတီတော်



www.burmeseclassic.com

www.burmeseclassic.com





(၁၂)ဆူတည်ထားခဲ့သည်။ ထိုစေတီများအနက် ဒုတိယ မြောက်တည်သော စေတီမှာ "ရတနာထီးဖြူစေတီတော်ကြီး" ဖြစ်ပါသည်။

မင်းကြီးမှာ မင်းဆွေမင်းမျိုးအနွယ်တော်ဝင်မဟုတ်ဘဲ သာမန် တိုင်းသူပြည်သား မိဘနှစ်ဦးက မွေးဖွားခဲ့သူဖြစ်သည်။ သာသနာနှစ် ၄၂၄ ခုနှစ်တွင် နန်းတက်သည့် သီရိရာဇ်မင်းတွင် သားတော် မထွန်းကားဘဲ သမီးတော်သာ ထွန်းကား၍ ထီးညွှန့်နန်းလျာ လိုအပ်ခဲ့သည်။ ထိုစဉ်ခိုက် အဆင်းရူပကာ ပြေပြစ်၍ ထီးမှုနန်းရာလည်း နှံ့စပ်သည့် သူငယ်အား မင်းကြီး နှစ်မြို့က်တော်မူသဖြင့် ၁၆နှစ်သားတွင် သမီးတော်နှင့် လက်ဆက်ပေးလျက် အိမ်ရှေ့အရာထားတော်မူသည်။

ထိုသူငယ်မှာ ငယ်စဉ် သာမဏေဘဝက "ငါဦးခေါင်းစား တေစ်ပါး၊ မင်းဖြစ်လတ္တံ့"ဟု ထူးခြားစွာ တွန်ကျူးသည့် ကြက်ဦးခေါင်းကို ကံအားလျော်စွာ စားသုံးခွင့်ရခဲ့သူဖြစ်၍ သီရိရာဇ်မင်းကြီး ကံတော်ကုန်သည့်အခါ မင်းအဖြစ်ကို ရရှိခဲ့သည်။

ကြက်ဦးခေါင်းကို စားရ၍ မင်းအဖြစ်သို့ ရောက်ခဲ့သူဖြစ်သဖြင့် "ကြက်ခေါင်းစားရမင်း"ဟူ၍ လည်းကောင်း၊ မင်းမျိုးမင်းနွယ်မဟုတ်ဘဲ သာမန် တိုင်းသူပြည်သားထဲက မင်းဖြစ်လာရ၍ "တေစ်ပါးမင်း"ဟူ၍ လည်းကောင်း အမည်တွင်ခဲ့သည်။ အခါတစ်ပါး၌ "တေစ်ပါးမင်းကြီး"သည် ရွှေဆံတော်စေတီမြတ်ကြီးသို့ ထီးတော်သစ် တင်လှူရန် ထီးတော်ကြီးနှင့်တကွ မင်းခမ်းမင်းနားအစုံ၊ နောက်လိုက်စစ်သည် ဗိုလ်ပါများနှင့် ကြွရောက်လာခဲ့ရာ ယခု ကုန်းတော်နေရာ၌ ခေတ္တနားနေသည်။

ထိုနားနေသည့် နေရာတွင် စေတီတော်ကြီးတစ်ဆူ တည်ထားရလျှင် ကောင်းလေစွဟု စဉ်းစားမိ၍ ချက်ချင်း စေတီတော်ကြီးတစ်ဆူတည်ဖြစ်သွားသည်။ စေတီတော်ကြီး အောင်မြင်ပြီးစီးသောအခါ ပါလာသည့် ထီးတော်ကြီးကိုပင် တင်လှူလိုက်သည်။ ရွှေထီးတော်ကြီး အထွဋ်တင်အပြီး၌ မင်းကြီး၏ သဒ္ဓါတရားကြောင့် ရတနာမိုးကြီးရွာခဲ့သည်။

ထိုရတနာမိုးကို အစွဲပြု၍ "ရတနာပုထိုးကြီး" ဟု လည်းကောင်း၊ ရတနာမိုးများ ဖြူဖွေးစွာ ရွာသွန်းသည်ကို အစွဲပြု၍ "ရတနာသီးဖြူ"ဟူ၍ လည်းကောင်း၊ ရှေးက ခေါ်ဝေါ်ခဲ့ပါသည်။ ထို့နောက် ကာလကြာမြင့်မှ "ရတနာထီးဖြူ" ဟူ၍ ပြောင်းလဲခေါ်ဆိုခဲ့သည်ဟု သိရပါသည်။ အချို့သော လူကြီးသူမများ၏ အဆိုအမိန့်မှာ မင်းအသုံးအဆောင်ဖြစ်ရာ ထီးဖြူကို အစွဲပြု၍ "ရတနာထီးဖြူ"ဟု ခေါ်ကြောင်းလည်း မှတ်သားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com





ရာဇဝင်အသီးသီးတွင် ရတနာမိုးရွာသွန်းခြင်းနှင့် ပတ်သက်၍ ဒွတ္တဘောင်မင်းကြီးလက်ထက်တွင် ၅ကြိမ်၊ တောင်ပါးမင်းကြီးလက်ထက်တွင် ၇ကြိမ်၊ ပုဂံ ပျူမင်းထီးလက်ထက်တွင် ၃ကြိမ် ရွာသွန်းခဲ့ကြောင်း မှတ်သားမိရာ၊ ရတနာထီးဖြူစေတီတော်ကြီးတည်ပြီးစ ရွာသွန်းခဲ့သော မိုးမှာ ဒုတိယအကြိမ်မြောက် ရွာသွန်းခဲ့သော မိုးဖြစ်လေမလားဟု စာရေးသူ အပျော်ဝင်မိသေးသည်။

တောင်ပါးမင်းကြီးမှာ စည်းစိမ် ၅၁နှစ်၊ သက်တော် ၆၆နှစ်တွင် ကံတော်ကုန်၍ သာသနာနှစ် (၅၈၄)တွင် သားတော် ပါပိရန်မင်း ထီးနန်းအမွေဆက်ခံသည်။ ထိုမင်းနှင့် နောက်ပိုင်း မင်းများသည် ရတနာထီးဖြူစေတီတော်ကြီးအား ဆက်လက် မွမ်းမံပြုပြင်မှုများ ရှိကောင်းရှိနိုင်သော်လည်း မှတ်တမ်းမှတ်ရာများအရ ရှာဖွေမတွေ့ရှိသေးပါ။ သည်သို့ဖြင့် စေတီတော်ကြီးမှာ သဘာဝအရ ဟောင်းနွမ်းပျက်စီးမှုများ ရှိလာခဲ့ပါသည်။

ပထမအကြိမ်အဖြစ် ပြည်မြို့ ရွာဘဲရပ်နေ ဆန်စက်သူဌေး ဦးစံဖေငနီး ဒေါ်ခိတ်ကူတို့က ကန်ဖျားကျောင်းဆရာတော်ဘုရားကြီး ဦးပဏ္ဍိစ္စ၏ ဩဝါဒဖြင့် ပြုပြင်မွမ်းမံခဲ့သည်။ ပြုပြင်သည့်နှစ်မှာ ၁၂၇၄ ခု၊ ဝါခေါင်လဆန်း ၁၃ရက်နေ့ဟု သိရသည်။ (စကုကျောင်းဘုန်းကြီး ဦးသုန္ဒရ ရေး-စီရင်အပ်သော ပြည်မြို့ ကန့်ကွင်းတိုက် ရတနာထီးဖြူဘုရားကြီး စာတန်း"ဟူသော ကျောက်စာ၌ အပြည့်အစုံပါရှိပါသည်။)

ထိုကျောက်စာမှာ နှစ်ပေါင်း ၉၀ ကျော်မျှ ကြာမြင့်ခဲ့ပြီဖြစ်၍ စာသားများ မှေးမှိန်ဝေဝါးလျက် ပိပြင်မှု နည်းပါးသွားပြီး ဖတ်ရှု၍ မလွယ်ကူတော့။ ထိုကျောက်စာဟောင်းမှာ စေတီတော်၏ တနင်္လာထောင့် မဟာရံတံတိုင်းအတွင်း၌ပင် ရှိသည်။ အရှေ့ဘက်မုခ် စောင်းတန်းမှ ဝင်လျှင် လက်ဝဲဘက် ဝါးတစ်ပြန်သာခန့်တွင် တွေ့နိုင်သည်။ ချုံနွယ်များ ရှိနေ၍ အလွယ်တကူတော့ မမြင်မတွေ့နိုင်။

ဒုတိယအကြိမ်အဖြစ် ၆၁နှစ်အကြာ ၁၃၃၅ ခုနှစ်တွင် ရန်ကုန်မြို့နေ ဦးငွေသိန်း-ဒေါ်မြင့်မြင့် မိသားစုတို့မှ အမှူးပြု၍ ရတနာထီးဖြူ ပွင့်လှ၊ သိမ်ကုန်း၊ ကြံတောကုန်း စသော ရပ်ကွက်များအတွင်းရှိ ပြည်သူအများ စုပေါင်းကာ ကန်တွင်း ဆရာတော်ဘုရားကြီး ဦးဓမ္မာဘိဝရ၏ ဩဝါဒဖြင့် ပြုပြင်မွမ်းမံခဲ့သည်။

သည့်နောက် ၁၉နှစ်အကြာ၊ ၁၃၅၆ခုနှစ်သို့အရောက်တွင် ဂန္ဓမာစက်မှုကွက်သစ် "ချိုမင်း"ဆီစက်ပိုင်ရှင် ဦးတင်ငွေး-ဒေါ်ခင်မမ မိသားစုနှင့် ဓမ္မမိတ်ဆွေများက ဆရာတော်ဘုရားများ၏ ဩဝါဒခံယူ၍ တတိယအကြိမ် ပြုပြင်ခဲ့သည်။ ထိုကာလအတွင်း လေပြင်းတိုက်ခတ်၍ ၁၃၆၄ ခု၊ တန်ခူး



www.burmeseclassic.com

www.burmeseclassic.com







ဒုတ် ၉ရက်(၆-၅-၂၀၀၂)နေ့တွင် ထီးတော်ကြီး မြောက်
ဘက်သို့ ကျိုးကျသွားသည်။

ထီးတော်ကြီးနှင့် ပတ်သက်၍ အခြေအနေများကို
ဆရာတော်တစ်ပါးဖြစ်တော်မူသော ကန်ဖျားကျောင်း
ဆရာတော်က သက်ဆိုင်ရာ အာဏာပိုင်အဆင့်ဆင့်သို့
အသိပေး အကြောင်းကြား၍ ၆ရက်အကြာ (၁၂-၅-၂၀၀၂)
နေ့တွင် ပဲခူးတိုင်းအနောက်ပိုင်း အေးချမ်းဖြိုးဥက္ကဋ္ဌ ဗိုလ်မှူး
ကြီး စိုးနွယ်မှ ဦးစီးကာ ရတနာ့ထီးဖြူစေတီတော်မြတ်ကြီး
ထီးတော်နှင့် အခြားဘက်စုံ ပြုပြင်မွမ်းမံရေးလုပ်ငန်းကော်မတီ
ကို ကန်ဖျားမှာပင် ဖွဲ့စည်းခဲ့သည်။

ထိုအဖွဲ့နှင့်ပင် ၁၃၆၅ ခုနှစ်၊ တန်ခူးလပြည့်ကျော်
၈ရက် (၁၂-၄-၂၀၀၄) တနင်္လာနေ့တွင် နိုင်ငံတော်ဝန်ကြီး
ချုပ်ဟောင်း ဦးခင်ညွန့်ကိုယ်တိုင် ရွှေထီးတော်အတွင့်တင်၍
အောင်မြင်ပြီးစီးခဲ့လေသည်■

မောင်တင်ကြွယ် (ပြည်)

ကိုးကား

- ရတနာ့ထီးဖြူစေတီ ၁၂၈၄ခုရေး ကျောက်စာနှင့် ၁၃၆၅ ခုနှစ် မော်ကွန်းကျောက်စာ။
- ပညာဝန် ဦးဖိုးကျားမှတ်စု။
- စာရေးဆရာ မောင်စိမ်းလန်း-ပြည်နှင့် ကိုယ်တွေ့ ဘုရားဖူး မှတ်တမ်း။

*****



www.burmeseclassic.com

www.burmeseclassic.com

# ကိုမိုး

## မင်္ဂလသုတ်တော် နှင့် ဘုန်းတော်





www.burmeseclassic.com

www.burmeseclassic.com

လူမိုက်ဆိုလျှင် ရှောင်ဧွေလွဲလို့
မမှီဝဲနှင့် ကင်းအောင်နေ
ပညာရှိကို အရှည်တွဲလို့
မှီဝဲဆည်းကပ် နည်းယူစေ
သုံးပါးရတနာ မိဘများနှင့်
ဆရာသမားကို ပူဇော်လေ
ချမ်းသာကိုပေး ဆက်ဆံရေး
မျှော်တွေး သုံးချက်ပေ
အဲဒါမှ ဗုဒ္ဓဝါဒ ကမ္ဘာ့မင်္ဂလာတွေ။

နံနက်စောစော ၅နာရီ အရုဏ်တက်ချိန်တွင် အကျဉ်းထောင်အတွင်းရှိ အကျဉ်းသား၊ အကျဉ်းသူအဆောင်များမှ သံပြိုင်ရွတ်ဆိုနေကြသော သုံးဆယ့်ရှစ်ဖြာ မင်္ဂလာသံပေါက် ရွတ်ဆိုသံမှာ လေးဘက် လေးတန် ကာရံထားသော အုတ်ရိုးအတွင်း မြိုင်မြိုင်ဆိုင်ဆိုင် ထွက်ပေါ်နေပါသည်။ မနက်စဉ် အိပ်ရာထချိန်ဖြစ်သဖြင့် ကျွန်တော် အိပ်ရာမှထပြီး မျက်နှာသစ်လျက်ရှိရာ မင်္ဂလာရှိသောအသံကို ကြားရသဖြင့် စိတ်ထဲမှာ အေးချမ်းကြည်နူးသွားမိပါသည်။

ဒီအကျဉ်းထောင်ကို ကျွန်တော် ပြောင်းရွှေ့ရောက်ရှိလာပြီး မကြာမီမှာပင် နေ့စဉ် နံနက်တိုင်း အကျဉ်းသား၊ အကျဉ်းသူများ ဘုရားရှိခိုးပြီးချိန်တွင် သုံးဆယ့်ရှစ်ဖြာမင်္ဂလာသံပေါက်ကို ပြိုင်တူရွတ်ဆိုရန် သတ်မှတ်ပေးခဲ့ပါသည်။ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာသံပေါက်မှာ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားခဲ့သော ပရိတ်ကြီး (၁၁)သုတ်ထဲမှ "မင်္ဂလသုတ်တော်" ပင် ဖြစ်ပါသည်။ အဆိုပါ မင်္ဂလသုတ်တော်ထဲတွင် လူ့လောကတွင်း ပြုမူကျင့်ကြံ စောင့်ထိန်းအပ်တဲ့ အချက်တွေအားလုံး ပါဝင်နေပါသည်။ ဤသုတ်တော်ပါအတိုင်းသာ ကျင့်ကြံနေထိုင်လျှင် လူမှုအသိုင်းအဝိုင်းတွင် ဘေးအန္တရာယ်ကင်းပြီး လောကီနှင့် လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားများ ရရှိနိုင်မည်ဖြစ်ကြောင်း ယုံကြည်မိ၍ဖြစ်ပါသည်။

ဥပမာအားဖြင့် အနည်းငယ် ထုတ်နုတ်ဖော်ပြရပါလျှင် လူမိုက်နှင့် မပေါင်းဖော် မမှီဝဲဘဲ ကင်းအောင်နေရမည်။ ပညာရှိ သူတော်ကောင်းတို့နှင့် ရေရှည် ပေါင်းဖော် လက်တွဲလို့ ဆည်းကပ်ပူဇော်ရမည်။ ဘုရား၊ တရား၊ သံဃာတည်းဟူသော ရတနာသုံးပါးနှင့် မိဘဆရာသမားများကို ရိုသေပူဇော်ဆည်းကပ်ရမည်။ ကိုယ့်အပေါ် ပြုဖူးတဲ့ သူတစ်ပါး၏ ကျေးဇူးကိုလည်း သိတတ်ရမည်။ ကိုယ်နဲ့ သင့်တင့်လျောက်ပတ်တဲ့ အရပ်ဒေသမှာ နေထိုင်ရမည်။ အရက်သေစာသောက်စားပါက မှောက်မှားတတ်ကြောင်း၊ ဆင်းရဲ ချမ်းသာ ဆိုတဲ့ လောကဓံတရားနှင့် ကြုံလာလျှင် စိတ်ခိုင်ခိုင်ထားပြီး ရန်းကန်ရမည်ဖြစ်ကြောင်း စသည်ဖြင့် ပါဝင်နေပါသည်။ သာသနာတော် ၂၅၀၀ နှစ် ကျော်လာသော်လည်း ကြံ့ခိုင်နေသလို၊ ယနေ့အချိန်ထိ မှန်ကန်တွေ့ကြုံနေရမည်ဖြစ်ပါသည်။

အကျဉ်းထောင်များတွင်လည်း အကျဉ်းဦးစီးဌာန Prisons Department မှ အမှားပြုပြင်ပေးရာ ဌာန Correction Department အဖြစ် တဖြည်းဖြည်းပြောင်းလဲနေပြီဖြစ်ပါသည်။ ချက်ချင်းလက်ငင်း စီမံချက်တွေ ဟောပြောမှု၊ ဆုံးမမှုသင်တန်းတွေနဲ့ လက်တွေ့ နေ့ချင်း ညချင်း ထိထိရောက်ရောက် မလုပ်နိုင်သေးသော်လည်း တတ်နိုင်သလောက်ကိုတော့ လုပ်နေကြပြီဖြစ်ပါသည်။ ထောင်တွင်း ဝိပဿနာတရားစခန်းများဆိုလျှင် အကျဉ်းထောင်အားလုံးမှာ လုပ်ငန်းများ မအားမလပ်သည့်ကြားမှပင် ဖြစ်အောင်လုပ်ပေးလျက်ရှိနေပါသည်။ ဒီလိုအချိန်မှာ ကျွန်တော် အထက်က ရေးသားခဲ့တဲ့ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာသံပေါက်ဟာ အဓိပ္ပာယ်ရှိုးရှင်းစွာဖြင့် အကျဉ်းသားများ၏ နားထဲ၊ ရင်ထဲကို နံနက်တိုင်း ကြားနေ၊ ခံစားနေရမည်ဆိုလျှင် တစ်စုံတစ်ခုသော အတိုင်းအတာအထိ မရောက်နိုင်တောင်မှ ဆင်ခြင်တုံတရားလေး ရသွားနိုင်မည်ဟု ကျွန်တော်ထင်မိ၍ နံနက်တိုင်း သံပြိုင်ဆိုခိုင်းရခြင်းလည်း ဖြစ်ပါသည်။

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာသံပေါက်ကို ကျွန်တော့်ဘဝမှာ စပြီး ကြားမိ၊ သတိထားမိသည်မှာ မူလတန်းကျောင်းတက်စ,က ကျောင်းမှာ ဆိုခဲ့ရသည်မှစ၍ ကွယ်ပျောက်သွားခဲ့ပြီး၊ ကျွန်တော် ငယ်ငယ်က ကြည့်ခဲ့ဖူးသည့် ရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်တဲ့ ရုပ်ရှင်မင်းသား စိန်မြင့်နဲ့ ကလေးသရုပ်ဆောင် အကယ်ဒမီ အောင်ထွန်းလေးတို့ ပါဝင်တဲ့ "အဖေတစ်ခု၊ သားတစ်ခု" ရုပ်ရှင်ဇာတ်ကားမှာ မှတ်မှတ်ရရ ပြန်လည်ကြားခဲ့ရခြင်းလည်း ဖြစ်ပါသည်။

လွတ်လပ်ရေးမရမီ ကျွန်တော့်အဖေတို့၊ အမေတို့ခေတ်က ဘုန်းတော်ကြီးသင် ကျောင်းများတွင် "မင်္ဂလသုတ်" ကို သင်ကြားပေးခဲ့ကြောင်းလည်း ကြားဖူးခဲ့ရပါသည်။ အလွန်သင့်မြတ် ကောင်းမွန်လှပါသည်။ လူ့ဘဝကြီးကို စတင်လျှောက်လှမ်းတော့မည့် လူမမယ် ကလေးငယ်ဘဝကပင် လူ့လောက ဘဝတစ်လျှောက်လုံးအတွက် ဆုံးမစာကို သင်ပေးလိုက်ခြင်းပင်မဟုတ်ပါလားခင်ဗျာ။



www.burmeseclassic.com

www.burmeseclassic.com

ပရိတ်ကြီး (၁၁)သုတ်ထဲက မင်္ဂလသုတ်တော်ကိုတော့ ဗုဒ္ဓဘာသာဝင်တွေ အိမ်တက်မင်္ဂလာတို့၊ မွေးနေ့မင်္ဂလာဆွမ်းကပ်တို့မှာ သံဃာတော်တွေက ရွတ်ဆိုပေးကြတာကို ကြားသိခဲ့ရပါသည်။ ကျွန်တော်ကိုယ်တိုင်ကတော့ ဘဝရဲ့ကြမ်းတမ်းတဲ့ လှိုင်းတံပိုးအောက်မှာ ဆင်းရဲခြင်းဒုက္ခများစွာကို ခံစားရတဲ့အချိန်။ ဝန်ထမ်းဖြစ်သည့်အလျောက် နေရာဒေသကောင်း မရခြင်း၊ အထက်အရာရှိရဲ့ ဆူပူကြိမ်းမောင်းခံရခြင်း၊ ဌာနဆိုင်ရာ အရေးယူမှုတွေ ခံရခြင်းများကို ဆက်တိုက် ခံစားရတဲ့အချိန်။ တော်တော်ပင် စိတ်ဓာတ်ကျခဲ့ရပါသည်။ ဒီလိုနဲ့ အလုပ်အားတဲ့ အချိန်မှာ သီရိမင်္ဂလာပရိတ်တော် ဝတ်ရွတ်စဉ် စာအုပ်ဝါဝါလေးထဲက မင်္ဂလသုတ်နှင့် မေတ္တာသုတ်ကို အသက် (၃၀)မှ စ၍ ရွတ်ဆိုခဲ့ပါသည်။ စ,၍ ရွတ်စဉ်က ပါဠိစာလုံးများနှင့် ခက်ခက်ခဲခဲ အထစ်ထစ်အငေါ့ငေါ့နှင့် ဖြစ်ပါသည်။ မသိတဲ့ စာလုံးတွေကို ဟိုလိုက်မေး ဒီလိုက်မေးရင်း နေ့စဉ် နံနက်တိုင်း ရွတ်ဆိုလာသည်မှာ ယခုဆိုလျှင် နှစ်ပေါင်း (၃၀)တိုင် ကြာခဲ့ပြီဖြစ်ပါသည်ခင်ဗျား။

စ,၍ ရွတ်စဉ်က ချက်ချင်းလက်ငင်းကြီးတော့ သတိထားမိလောက်အောင် သိသိသာသာကြီးလည်း မဟုတ်ပါ။ ဒါပေမယ့် ယခင်က ကိုယ် ဘယ်လောက်ကောင်းအောင် ကြိုးစားလုပ်လုပ် မျက်နှာသာ မရခဲ့ဘဲ အထက်အရာရှိကြီးများ၏ အဆူအဆဲခံရတဲ့ ဘဝက တဖြည်းဖြည်းသက်သာရာ ရလာခဲ့ပါသည်။ နိုင်ငံ့ဝန်ထမ်း လစာလေးတစ်ခုတည်းသာ အားထားမှီခိုနေရတဲ့ ကျွန်တော့်မိသားစုလေး အကြွေးတွေ ပတ်လည်ဝိုင်းပြီး ဒုက္ခရောက်နေတဲ့ ဘဝကနေ မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးရေးလေးတွေ၊ မွေးမြူရေးလေးတွေ လုပ်ရာက အဆင်ပြေစ ပြုလာပါသည်။

"အသေဝနာစ ဗာလာနံ ပဏ္ဍိတာနဉ္စ သေဝနာ" လူဆိုးလူမိုက်တွေနဲ့ မပေါင်းဖော်၊ မမှီဝဲရဘူးလို့ ဆိုလိုခြင်းဖြစ်သည်။ ဒါပေမယ့် ကျွန်တော်က အကျဉ်းထောင်ဝန်ထမ်းလေ။ နေ့စဉ်နှင့်အမျှ မိုးလင်းမှ မိုးချုပ်၊ ထောင်ထဲက လူဆိုး၊ လူမိုက်၊ သူခိုးကြီး၊ သူခိုးလေး၊ ဓားပြကြီး၊ ဓားပြလေး၊ လူသတ်မှု၊ မုဒိမ်းမှု အစုံရှိတဲ့ လူတွေကြားမှာ အလုပ်လုပ်နေရသူပါ။ နေ့စဉ် ထိတွေ့ဆက်ဆံပြောဆိုနေရ၏။ ထောင်ဆိုတာ ပြဿနာပေါင်းစုံ နေ့တိုင်းရှိနေတတ်ပါသည်။ ပြဿနာအကြီးလား၊ အသေးလား၊ ဒါပဲ ကွာပါသည်။ ထောင်ဝန်ထမ်းဆိုတာလည်း ထောင်အုတ်ရိုးပေါ် တက်လျှောက်နေရသလို၊ ဟိုဘက်လည်း ကျသွားနိုင်တာက ၅၀ ရာခိုင်နှုန်း၊ ဒီဘက်လည်း ကျသွားနိုင်တာက ၅၀ ရာခိုင်နှုန်းဆိုသလိုပဲ၊ ကိုယ့်ထောင်ထဲ ကိုယ်ပြန်ကျသွားတဲ့သူတွေလည်း ရှိကြပါသည်။ ဒါပေမယ့် ဥပဒေဘောင်အတွင်းက ကိုယ် ကူညီနိုင်တာကို ကူညီပေးလိုက်၊ မကူညီနိုင်တဲ့ ဥပဒေနဲ့ မလွတ်ကင်းလာရင်လည်း ပြတ်ပြတ်သားသား ကိုင်တွယ်လိုက်နဲ့၊ မေတ္တာနဲ့ စိတ်စေတနာကောင်းလေး ထားပြီး လုပ်သွားတော့ အဆင်ပြေသွားခဲ့ပါသည်။

"ပတိရူပ ဒေသဝါသောစ ပုဗ္ဗေစ ကတပုညတာ" သင့်တင့်လျောက်ပတ် ကောင်းမွန်တဲ့ အရပ်ဒေသမှာ နေထိုင်ရမယ်လို့ ဆိုလို၏။ နိုင်ငံ့ဝန်ထမ်းတစ်ယောက်ပဲဗျာ၊ ကိုယ်နေချင်တဲ့ အရပ်ဒေသ နေလို့ ဘယ်ရလိမ့်မလဲ။ "ထားရာနေ၊ စေရာသွား" ဆိုသလို မြောက်ဖျားက ပူတာအို ထောင်ကနေ တောင်ဖျားက ကော့သောင်းထောင်အထိ အနှံ့နေခဲ့ရတာပါပဲ။

ပူတာအို ဆိုတာက အားလုံးသိမှာပါ။ မြန်မာပြည် မြောက်ဖျားက မြို့တစ်မြို့။ ရေခဲတောင်တွေနား ကပ်နေပြီး ကားလမ်းက သွားမရတာ များ၏။ အဲဒီတော့ ကားလမ်းကို မသုံးကြတော့ဘူး။ ရေလမ်းက လုံးဝ မရှိ။ တစ်ပတ်မှာ လေယာဉ်က နှစ်ရက်ပဲ လာသည်။ အစားအသောက်က ရှား၊ ထောင်ကလည်း မြို့နဲ့ လေးငါးမိုင်လောက် ဝေးတဲ့ တောထဲမှာပါ။ တစ်ခါတလေ ရွာထဲက လာရောင်းတဲ့ ရေခဲမြစ်ထဲက ရေခဲငါးပဲ စားရသည်။ အရသာ မရှိလည်း စားရတာပါပဲ။ တာဝန်ယူရတဲ့ အကျဉ်းသားကျတော့ ပြည်မကပို့တဲ့ အားလုံးလောက်နီးနီး နှစ်ကြီးသမားတွေ များပါသည်။ အပြစ်ဒဏ် အနှစ် ၅၀၊ ၆၀၊ တချို့ဆို အနှစ် ၁၀၀ ကျတဲ့ အကျဉ်းသားတွေကို ထိန်းသိမ်းရတာဆိုတော့ ဘယ်လောက်တာဝန်ကြီးမလဲ၊ စဉ်းစားသာကြည့်ပါတော့။ ဒါပေမယ့် မင်္ဂလသုတ်ထဲက "ပတိရူပ ဒေသ ဝါသောစ" ရဲ့ အကျိုးကျေးဇူးကြောင့်ပဲ ထင်ပါသည်၊ ပူတာအိုမှာ သုံးလပဲ နေခဲ့ရပြီး ဘယ်လူကြီးကိုမှ တောင်းဆို အပူမကပ်ဘဲ ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်ထဲက မင်းကုန်း ရဲဘက်စခန်းကို ပြောင်းခဲ့ရပါသည်။

ထို့အတူပဲ၊ အိန္ဒိယ-မြန်မာနယ်စပ်က ကဘော်ချိုင့်ဝှမ်းထဲက ဘဝသစ်စခန်းတစ်ခုဖြစ်တဲ့ သနန်စခန်းကိုလည်း ရောက်ခဲ့ဖူးသည်။ နယ်စပ်လည်း ဖြစ်၊ လမ်းပန်းဆက်သွယ်ရေးလည်း ခက်ခဲ၊ ဒေသခံတွေ ဘယ်သူမှ မလုပ်နိုင်လို့ ပစ်ထားတဲ့ မြေတွေမှာ စပါးစိုက်ခဲ့ရသည်။ ငှက်ဖျားကလည်း ထူပြောပြီး အသေအပျောက်များတဲ့ နေရာတစ်ခုလည်း ဖြစ်ပါသည်။ စပါးမထွက်လို့ စိုက်လျော်ရသည်များလည်း ရှိကြ

www.burmeseclassic.com

ရာ ဘဝသစ်စခန်းတစ်ခုခုကို ထောင်ပိုင်ဘဝနဲ့ ရောက်သွားလို့ကတော့ လျော့ရင် လျော့၊ မလျော့ရင် ပြုတ်၊ မပြုတ်ရင်လည်း ငှက်ဖျားနဲ့ သေတဲ့။ ကဲ…ကောင်းသေးရဲ့လားခင်ဗျာ။

ဒါပေမယ့် ကသော်မှာလည်း "ပတိရူပ ဒေသ ဝါသောစ" ရဲ့ အကျိုးကျေးဇူးကြောင့် ထင်ပါရဲ့ ထောင်ပိုင်တိုင်းကသော်မှာ တာဝန်ထမ်းဆောင်ရန် ၂နှစ် သတ်မှတ်ထားပါလျက်နှင့် လူကြီးများ ဘယ်လို စိတ်ကူးပေါက်သွားသည်မသိပါ။ ကျွန်တော့်အား တစ်နှစ်တည်းနှင့် ရန်ကုန်တိုင်း၊ ဘွဲ့တေးမြို့နယ်ထဲက စခန်းတစ်ခုကို ပြောင်းပေးလိုက်ကြပါသည်။ လျော့လည်း မလျော့ခဲ့ရပါ။ ပြုတ်လည်း မပြုတ်ဘဲကသော်ချိုင့်ဝှမ်းက ပြန်ထွက်ခဲ့ရပါသည်။ ဒါပေမယ့် ငှက်ဖျားရောဂါတစ်ခုတော့ ကသော်လက်ဆောင်အဖြစ် စွဲကပ်လာပါတော့သည်။

"မာတာပီတု ဥပဌာနံ၊ ပုတ္တဒါရဿသင်္ဂဟော" မိခင်၊ ဖခင်ဖြစ်တဲ့ မိဘနှစ်ပါးကို ပြုစုစောင့်ရှောက်ရမည်ဟု ဆိုလိုပါသည်။ ဝန်ထမ်းဖြစ်လာကတည်းက အိမ်ထောင်မကျခင်အထိ ရသမျှ လစာ မိဘကို အကုန်အပ်ခဲ့ပါသည်။ အိမ်ထောင်ကျလာပြီးနောက်မှာလည်း ထောက်ပံ့ခဲ့ပါသည်။ နောက်ပိုင်းတွင် ရာထူးတွေ တက်လာပြီး လစာများလာသောအခါ ကျွန်တော့်မှာ အဖေမရှိတော့ဘဲ မိခင်အိုတစ်ယောက်သာ ရှိသလို၊ ဇနီးသည်မှာလည်း အဖေ မရှိတော့ဘဲ မိခင်အိုသာ ကျန်ရှိနေရာ အမေအိုနှစ်ယောက်ကို လစဉ် အညီအမျှ ငွေပို့ပေးလာသည်မှာ နှစ်များစွာ ကြာပြီဖြစ်ပါသည်။ အမေအိုတို့ လိုအပ်သမျှ အင်္ကျီ၊ လုံချည်၊ တဘက်၊ ဆေးဝါးနှင့် ကောင်းနိုးရာရာ အစားအသောက်များကိုလည်း ပို့ပေးခဲ့ပါသည်။ ...ခြားတာကတော့ အမေတို့ဆီ ငွေပို့ပြီးလို့ ...ရက် ... ကြာပါ။ ဘယ်ကမှ မျှော်လင့်မထားသော ...များ အလိုအလျောက်ဝင်လာတတ်ပါသည်။ ဒါဟာလည်း ...တို့ ပို့သတဲ့ မေတ္တာကြောင့်ဟု ကျွန်တော် ယုံကြည်...ရှိပါသည်။

ကျွန်တော်ကိုယ်တိုင်က ...နှင့်အညီ သား...တွေအား မပျက်ကွက်အောင် ထိန်းသိမ်းခဲ့တဲ့အလျောက်...တော့်သားသမီးများအားလုံး ဘွဲ့ရ ပညာတတ်များ ဖြစ်...ခဲ့ပါသည်။ သူတို့တွေ အိမ်ထောင်ကျတော့လည်း ...ယ်အလတ် အဆင့်အတန်းရှိသော၊ လိမ္မာရေးခြား ရှိ... ပညာတတ်များကို အိမ်ထောင်ဘက်အဖြစ် ရွေးချယ်...ကြ၍ ကျွန်တော်တို့ မိဘနှစ်ပါး စိတ်ချမ်းမြေ့ခဲ့ရပါသည်။ ...တော် ကြွေးဟောင်းဆပ်နိုင်ခဲ့လို့ ကျွန်တော့်ကို ပြန်ဆပ်မည့် ကြွေးသစ်တွေ အဆင်သင့်ရှိနေပါပြီဟု မမျှော်လင့်သော်လည်း ကျေနပ်မိပါသည်။

"ဉာတကာနဉ္စ သင်္ဂဟော" ဆွေမျိုးတွေကိုလည်း ကြည့်ရှု စောင့်ရှောက်ရမည်လို့ ဆိုလိုခြင်းဖြစ်သည်။ ကျွန်တော့်အဖေနှင့် အမေ၊ ကျွန်တော့်ဇနီးရဲ့ အဖေနှင့် အမေ၊ သူတို့အားလုံးဘက်က ဆွေမျိုးတွေထဲမှာ ဝန်ထမ်းထဲက ရာထူးကြီးကြီးလည်း တစ်ယောက်မျှ မရှိပါ။ စီးပွားဥစ္စာကြွယ်ဝချမ်းသာသူလည်း တစ်ယောက်မျှမရှိပါ။ ကျွန်တော်တို့မိသားစု ဘယ်သူ့ကိုမှ အားကိုးစရာမရှိခဲ့ပါ။ ရာထူးတစ်ခုခုတိုးဖို့၊ နေရာကောင်းတစ်ခုခုရဖို့အတွက် ဘိုသူများတွေက အားကိုးရာ ဆွေမျိုးရဲ့ ပြောဆိုကူညီ ထောက်ပံ့မှုတွေ ရှိကြပေမယ့် ကျွန်တော့်မှာတော့ အားကိုးစရာ မရှိခဲ့ပါ။ ကိုယ်ကိုယ်တိုင်ကပဲ ဘယ်နေရာရောက်ရောက် ဆွေမျိုးတွေကိုကြည့်ရှု စောင့်ရှောက်နေရပါတော့သည်။ ဒီလို ကြည့်ရှုစောင့်ရှောက်ပေးနိုင်သော အခြေအနေကိုပင် ဝမ်းသာကြည်နူး၍လည်း နေပါသည်။

ဝန်ထမ်းဘဝတစ်လျှောက်လုံးမှာ အထက်အရာရှိဆရာပေါင်းများစွာရဲ့ လက်အောက်မှာ တာဝန်ထမ်းဆောင်ခဲ့ရပါသည်။ ကောင်းတဲ့ ဆရာရှိသလို၊ ဆိုးတဲ့ ဆရာလည်းတွေ့ကြုံရပါသည်။ အဆဲအဆိုခံရပေါင်းလည်း များခဲ့ပါသည်။ ကိုယ်ထိလက်ရောက် ထိုးကြိတ်ရိုက်နှက်မှုတော့ မခံခဲ့ရပါ။ အရေးယူခံရမှုတွေလည်း ရှိခဲ့ပါသည်။ အဲဒီဆရာတွေအားလုံးကို ကျွန်တော် ယနေ့အထိ စိတ်မဆိုးခဲ့ပါ။ မပြစ်မှားခဲ့ပါ။ ကျောင်းတုန်းက ပညာသင်ကြားပေးတဲ့ ဆရာ၊ ဆရာမတွေနှင့်အတူ လုပ်ငန်းခွင်မှာ ကြုံတွေ့ခဲ့ရတဲ့ အထက်အရာရှိဆရာတွေကို ယနေ့တိုင် နံနက် ဘုရားရှိခိုးတိုင်း မေတ္တာပို့သလျက် ရှိပါသည်။

ကျွန်တော် နောက်လိုက်ကောင်း ပီသစွာ၊ ကျိုးနွံစွာ ကျင့်ကြံခဲ့ပြီး အဲဒီ ဆရာတွေရဲ့ သင်ကြားပြသမှု၊ ဆုံးမမှုတွေကြောင့် ကျွန်တော် ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်လာခဲ့ပါပြီ။ ကျွန်တော့်ကြောင့် ကျွန်တော့်ဆရာတွေတစ်ယောက်မျှ ဒုက္ခ မရောက်ခဲ့သလို၊ ကျွန်တော့်လက်အောက်က ကျွန်တော့်တပည့်တွေလည်း ဘယ်တော့မှ ဒုက္ခမရောက်စေရပါ။ ဒီစာကို ရေးနေတဲ့အချိန်ဟာ ဝန်ထမ်းဘဝက ကျွန်တော် သက်ပြည့် အငြိမ်းစားသွားဖို့ ရက်ပိုင်းမျှသာလိုသောအချိန်ဖြစ်ပါသည်။ "မင်္ဂလာသုတ်တော်"ကြောင့် ကျွန်တော်၏ ဝန်ထမ်းဘဝ အောင်မြင်စွာ လျှောက်လှမ်းနိုင်ခဲ့ပါတယ်လို့သာ ပြောပါရစေတော့။



www.burmeseclassic.com

www.burmeseclassic.com

မျိုးမောင်မောင် (က ⋅ ပ ⋅ စ)

# အာဆိပ်ချဆေး

ကျွန်တော်နေထိုင်ရာ စခန်းနှင့် ၄မိုင်ခန့်ဝေးသော တောရွာလေးတစ်ရွာသို့ အလုပ်အားရက်တွင် သွားရောက်လေ့လာခဲ့ပါသည်။ ရွာ၏ ကျက်သရေဆောင် ရွာဦး ဘုန်းတော်ကြီးကျောင်းသို့ ဦးစွာပထမ ဝင်ရောက်ပြီး ဆရာတော်အား ဖူးမြော်ကန်တော့ပါသည်။ ဆရာတော်၏ ဘွဲ့တော်မှာ ဦးပညာဒီပ ဖြစ်ပါသည်။ ဆရာတော်ကျောင်းတွင် ကျေးရွာလူကြီးများနှင့် တွေ့ဆုံမိတ်ဆက်ကာ ရင်းနှီးမှု ရယူခဲ့ပါသည်။

ဆရာတော်နှင့် ရွာလူကြီးများက ရိုးသားပွင့်လင်းစွာ ပြောဆိုကြပါသည်။ အကူအညီလိုအပ်လျှင်လည်း အကူအညီပေးမည်။ ရွာအတွက် လိုအပ်လျှင်လည်း ဆရာကြီးတို့ဘက်မှ ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးကြပါရန် ပြောဆိုကြပါသည်။ ကျွန်တော်တို့ဘက်မှလည်း ဆွေမျိုးသားချင်းမိသားစုများကဲ့သို့ အလေးထား ကူညီပေးမှာဖြစ်ကြောင်း ပြောပြခဲ့ပါသည်။

ထိုကဲ့သို့ အသိမိတ်ဆွေများ ဖြစ်သွားကြသောအခါ ဗဟုသုတဖြစ်ဖွယ်ရာ အကြောင်းအရာ၊ ဘာသာရေးအကြောင်း စသည်ဖြင့် ဆွေးနွေးပြောဆိုကြရာမှ မှတ်သားဖွယ်ရာ ဆေးနည်းတစ်ခုကို ရခဲ့ပါသည်။

ထိုကျေးရွာတွင် မြွေအန္တရာယ် သတိထားနေရ၍ အားလုံးက ဆေးမြီးတိုများ ဆောင်ထားကြပေသည်။ အစွမ်းထက် ဆေးမြီးတိုဖြစ်၍ ရွာသားတို့၏ လက်စွဲဖြစ်ပါသည်။ ဆေးနည်းမှာ ငွေကုန်ကြေးကျသက်သာပြီး အလွယ်ကူဆုံး ရှာဖွေနိုင်ပါသည်။

ဆေးနည်းပြုလုပ်ပုံက ဖြူကြီးရွက်ကို ဖြူကြီးအစေးနဲ့ ကြိတ်ပြီး လုံးထားပါ။ မြွေကိုက်ခံရလျှင် တစ်နာရီခြား ရွှေးကြီးတစ်လုံးစာခန့် သောက်ပေးပါ။ အဆိပ်ကျ သက်သာစေပါသည်။ တစ်နာရီခြား မှန်မှန်တိုက်ကျွေးပါက အဆိပ်များ ပြေကာ အရောင်၊ အကိုက် သက်သာပျောက်ကင်းစေပါသည်။

၎င်း ဖြူကြီးရွက်သည် နွားနို့ကို ခဲစေ၏။ ဖြူကြီးပင်ကို မရိုးပင်ဟုလည်း ခေါ်သည်။ ၎င်း မရိုးပင်၏ အမြစ်ကို သွေးသောက်လျှင် ကိုယ်ခန္ဓာအတွင်းရှိ ရောဂါပိုးများကို သေကြေပျက်စီးစေနိုင်ကြောင်း သိရပါသည်။ ကင်းကိုက်လျှင်လည်း သွေးလိမ်း၍ရပါသည်■

စေတနာ မေတ္တာများစွာဖြင့် ⋅ ⋅ ⋅

မျိုးမောင်မောင် (က ⋅ ပ ⋅ စ)

*****

ထောင်တွင်းမှ သံပြိုင်ရွတ်ဆိုနေသော သုံးဆယ့်ရှစ်ဖြာ မင်္ဂလာသံပေါက်အသံ ပြီးဆုံး၍ သူတို့လေးတွေရဲ့ အသံလည်း တိတ်သွားပါပြီ။ ထောင်တစ်ခုလုံးလည်း တိတ်ဆိတ်သွားပါပြီ။ ကျွန်တော့်ရင်ထဲမှာတော့ ဒီထောင်ထဲမှာ အကျဉ်းကျခံနေရတဲ့ အကျဉ်းသား၊ အကျဉ်းသူ၊ အချုပ်သား၊ အချုပ်သူအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ။ နိုင်ငံတော် လွတ်ငြိမ်းချမ်းသာခွင့်တွေနဲ့ အမြန်ဆုံး လွတ်မြောက်ကြပြီး၊ ပြင်ပက မိသားစုတွေနဲ့ မြန်မြန်ပြန်လည်ဆုံစည်းနိုင်ကြပါစေလို့ ဆုတောင်းပေးလိုက်မိပါသည်ခင်ဗျာ။

"မင်္ဂလသုတ်တော်"ကို နေ့စဉ် ရွတ်ဖတ်ပြီး "မင်္ဂလသုတ်တော်"နှင့်အညီ ကျင့်ကြံနေထိုင်လျှင် ဘေးအန္တရာယ်တွေ ကင်းရှင်းပြီး၊ ဘဝမှာ မင်္ဂလာရှိရှိ တင့်တယ်စွာ နေထိုင်လျှောက်လှမ်းနိုင်မှာဖြစ်ပါကြောင်း မေတ္တာထား၍ ရေးသားတင်ပြလိုက်ပါသည်■

ကိုဦး (လှိုင်တော်

*****



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

## လယ်သမားယောင်ဆောင်တဲ့ မာရ်နတ်

မြတ်ဗုဒ္ဓအပေါ်မှာ မာရ်နတ်ရဲ့ နှောင့်ယှက်မှုကတော့ အစုံအလင် တစ်ပုံတစ်ပင်။ တစ်မျိုးနဲ့ တစ်မျိုး မရိုးအောင် အပြိုးနဲ့ အကွက်ဆင်၊ တမင်တကာ ပြုလုပ်ချက်များလို့ပင် ဆိုနိုင်ပေတယ်။

မြတ်ဗုဒ္ဓက သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းမှာ ရဟန်းသံဃာတော်များကို နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတွေကို ဟောကြားနေတော်မူတယ်။ ဒီအချိန်မှာ မာရ်နတ်ကြီးဟာ လယ်သမားအယောင်ဆောင်ကာ ကြီးစွာသော ထွန်တုံးကြီးကို ပခုံးပေါ်မှာ ထမ်းလာတယ်။ လက်ထဲမှာလည်း အလွန်တရာ ရှည်လျားတဲ့ နှင်တံ(နွားရိုက်ကြိမ်လုံး)ကြီးကို ကိုင်ထားသေးတယ်။ သူ့ရဲ့ ဆံပင်တွေကလည်း ဖရိုဖရဲ ကျဲတိကျဲတောက်နဲ့။ သူ့ရဲ့ ခြေထောက်နှစ်ဖက်တို့မှာလည်း ရွှံ့တွေ အလိမ်းလိမ်းပေကျံလို့။ ပုံစံကတော့ တကယ့်လယ်ထွန်ပြီး တက်လာတဲ့ လယ်သမားကြီးပုံသဏ္ဍာန်ပေါ့။

သူက မြတ်ဗုဒ္ဓကို မေးခွန်းထုတ်လိုက်တယ်။

"ရဟန်းဂေါတမ…သင်သည် ကျွန်ုပ်၏ နွားများကို မြင်လိုက်ပါသလား"

"ဟယ်…မာရ်နတ်ယုတ်၊ ရှုပ်ရှုပ်ယှက်ယှက်၊ သင့်ရဲ့ နွားတွေကို ငါက ဘာလုပ်ဖို့ စောင့်ကြည့်နေရမှာလဲ"

မြတ်ဗုဒ္ဓရဲ့ ခပ်ဆတ်ဆတ် ဖြေကြားချက်ကို မာရ်နတ်က နှစ်သက်ဟန် မတူ။ တစ်မူအကြောင်းကို ထပ်လောင်းဆိုပြန်လေတော့တယ်။

"ရဟန်း ဂေါတမ…ငါ့မှာ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တည်းဟူသော အတွင်း အာယတန ခြောက်ပါးတို့သည် လည်းကောင်း၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာ၊ ကြံတွေး စိတ်ကူးရာဟု ဆိုအပ်သော အပြင်ဗဟိဒ္ဓ အာယတန ခြောက်ပါးတို့သည် လည်းကောင်း၊ အစုံအလင်ရှိကုန်၏။ တွေ့ထိမှု-ဖဿ၊ သိမှု-ဝိညာဏ်တို့လည်း ရှိကုန်၏။

သင်သည် ဘယ်အရပ်သို့ ကွယ်မြန်းပြီး ရှောင်ပုန်းနိုင်မည်နည်း။ ငါ၏ နယ်မှ သင် လွတ်မြောက်နိုင်မည်နည်း"

အဲဒီလို မာရ်နတ်က မြတ်ဗုဒ္ဓကို ခြိမ်းခြောက်သလိုလို၊ ကြိမ်းမောင်းသလိုလိုနှင့် နင့်နင့်သီးသီးပြောဆိုလိုက်တဲ့အခါ မြတ်ဗုဒ္ဓကလည်း…

"ဟယ်… မာရ်နတ်ယုတ်၊ အကြင်အရပ်၌ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တည်းဟူသော အတွင်း အာယတန ခြောက်ပါးလည်း မရှိ။ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာ၊ ကြံတွေးစရာဟု ဆိုအပ်သော အပြင်ဗဟိဒ္ဓ အာယတန ခြောက်ပါးတို့လည်း မရှိ။ တွေ့ထိဆက်စပ်မှုဆိုတဲ့ ဖဿလည်း မရှိ။ သိမှုဆိုတဲ့ ဝိညာဏ်လည်း မရှိ။ ထိုအရပ်မျိုးသို့ သင် မရောက်နိုင်။ ရောက်နိုင်ဖွယ်အကြောင်းမရှိ"

လို့ ပြန်လည် မိန့်ဟတော်မူလိုက်တယ်။ မာရ်နတ်က ဆက်၍…

"ရဟန်း ဂေါတမ… ငါ့ဥစ္စာ၊ ငါ့ပစ္စည်းဟူ၍ ပြောဆိုနေကြသောကိစ္စ၌ သင်၏ စိတ်ရှိနေငြားအံ့၊ သင်သည် ငါ၏ နယ်ပယ်၊ ငါ၏ စက်ကွင်းမှ လွတ်ကင်းမည်မဟုတ်"

လို့ ဆိုပြန်လေတယ်။ မြတ်ဗုဒ္ဓကလည်း …

"ဟယ်…မာရ်နတ်ယုတ်၊ ငါ့ဥစ္စာ၊ ငါ့ပစ္စည်းရယ်လို့ ပြောဆိုခြင်းလည်း ငါ့မှာ မရှိတော့။ ငါသည်လည်း ထိုသို့ ပြောဆိုနေသူ မဟုတ်။ ငါ၏ သွားလမ်းကိုလည်း သင် သိနိုင်မည်မဟုတ်ချေ။ ဖယ်လော့၊ ဆုတ်လော့၊ ရှောင်လော့၊ ရှားလော့ မာရ်နတ်ယုတ်"

(မာရသံယုတ်၊ ကဿကသုတ်)

## မာရ်နတ်က ဘုရားကို မင်းလုပ်ရန် တိုက်တွန်းခြင်း

ထိုအချိန်က မြတ်ဗုဒ္ဓဟာ ကောသလတိုင်း၊ ဟိမဝန္တာတောအနီးရှိ တောရကျောင်းတစ်ကျောင်းမှာ သီတင်းသုံးနေတော်မူတယ်။

"ငါသည် သတ်ဖြတ်ခြင်း၊ သတ်ဖြတ်စေခြင်း(သတ်ဖြတ်ခိုင်းစေ)၊ ပစ္စည်းဥစ္စာကို ဆုံးရှုံးအောင် လုပ်ခြင်း၊ ပြုလုပ်စေခြင်း၊ စိုးရိမ်ပူဆွေးခြင်း၊ စိုးရိမ်ပူဆွေးခြင်းမရှိဘဲ တရားသဖြင့် မင်းပြုရန် တတ်ကောင်းအံ့လော (တတ်နိုင်ပါမည်လော)"

လို့ စဉ်းစားတော်မူတယ်။ ထိုအခါ မာရ်နတ်ရောက်လာပြီး…

"အရှင်ဘုရား … အရှင်ဘုရားသည် သတ်ဖြတ်ခြင်း၊ သတ်ဖြတ်ခိုင်းခြင်း၊ ပစ္စည်းဥစ္စာကို ဆုံးရှုံးအောင် လုပ်ခြင်း၊ ပြုလုပ်ခိုင်းခြင်း၊ စိုးရိမ်ပူဆွေးခြင်း၊ စိုးရိမ်ပူဆွေးစေခြင်း မရှိဘဲ တရားသဖြင့် မင်းလုပ်ကာ အုပ်ချုပ်စိုးစံတော်မူပါ"

လို့ လျှောက်ထား တိုက်တွန်းလေတယ်။

"မာရ်နတ်ယုတ်…သင်သည် ဘာကို မြင်မိ၍ ယခုသို့ တိုက်တွန်းဘိသနည်း"



www.burmeseclassic.com

www.burmeseclassic.com

"မြတ်စွာဘုရား…အရှင်ဘုရားသည် ဣန္ဒြိယ ငါးပါး (သဒ္ဓါ ဝီရိယ၊ စိတ္တ၊ ဝီမံသ)တို့ကို အားထုတ် ပွားများပြီးသူ ဖြစ်ပါတယ်။ အကယ်၍ အရှင်ဘုရားသာ အလိုတော်ရှိလျှင် ဟိမဝန္တာတောင်ကြီးကိုပင် ရွှေစင်အတိပြီးသော ရွှေတောင်ကြီး ဖြစ်စေနိုင်သူပါ"

"မာရ်နတ်…နားထောင်လော့။ အကယ်၍ ဟိမဝန္တာ တစ်တောင်လုံးသည် ရွှေအတိပင် ဖြစ်သွားစေဦးတော့၊ ယင်းတောင်ထက် နှစ်ဆကြီးသော ရွှေတောင်ကြီးပင် ဖြစ်သွားစေဦးတော့၊ တစ်စုံတစ်ယောက်သောသူ၏ အလို ဆန္ဒပြည့်သွားဖွယ်ရာ မရှိ။ အမှန်စင်စစ် ဆင်းရဲခြင်း၏ အကြောင်းတရားကို သိမြင်ပြီးသော ပုဂ္ဂိုလ်သည် ကာမဂုဏ် တို့၌(ပစ္စည်းဝတ္ထုတို့၌) မက်မောတွယ်တာခြင်း မရှိတော့ပေ။ ကာမဂုဏ်တရားတို့၌ ငြိတွယ်တပ်မက်သော လောဘ တဏှာကို ပယ်ဖျောက်ပစ်နိုင်ရန်ကိုသာ ကြိုးစား အားထုတ် သင့်၏"

လို့ ဟောကြားတော်မူလိုက်လေသည်။

(မာရသံယုတ်၊ ရဇ္ဇသုတ်)

**ရဟန်းများကို မာရ်နတ်၏ ဖြားယောင်းသွေးဆောင်မှု**

ထိုစဉ်က မြတ်ဗုဒ္ဓဟာ သက္ကတိုင်း၊ သီလာဝတီ ကျောင်းမှာ သီတင်းသုံးနေတော်မူတယ်။ တရား သံယာတော် များစွာတို့ဟာ မြတ်ဗုဒ္ဓနဲ့ မနီးမဝေးအရပ်မှာ မမေ့မလျော့သော အပ္ပမာဒ တရားဖြင့် တရားရှုမှတ်နေကြတယ်။

အဲဒီအချိန်မှာ မာရ်နတ်ရောက်လာပြီး နှောင့်ယှက် တော့တာပဲ။ မာရ်နတ်ရဲ့ ပုံသဏ္ဌာန်ကို ကြည့်ပါ။

ဆံပင်တွေကို အဲဒီတုန်းက ရသေ့တွေလို ဆံကျစ် ထုံးထားတယ်။ သစ်နက်ရေကို ဝတ်ဆင်ထားတယ်။ ပုဏ္ဏား အိုတစ်ယောက် ပုံသဏ္ဌာန်ထားပြီး လက်ထဲမှာ ရေသဖန်း သား တောင်ဝှေးကို ကိုင်ထားတယ်။ (ယနေ့ခေတ်မှာလည်း တွေ့ မြင်ရတတ်တဲ့ ထွက်ရပ်ပေါက်ပုဂ္ဂိုလ် ဘိုးတော်ပုံစံနဲ့ စီမံထားတယ်။) သူဟာ ရဟန်းသံဃာများရဲ့ အနီးအစပ်သို့ ချဉ်းကပ်လာပြီးသကာလ ဒီလိုပြောလိုက်တယ်။

"အရှင်တို့…သင်တို့သည် နုနယ်ငယ်ရွယ်ကြကုန် သေး၏ လူ့လောကရောက်ခိုက် လူ့စည်းစိမ် ကာမဂုဏ် တွေကို ခံစားကြကုန်ဦးလော့၊ လက်တွေ့ ရရှိထားတဲ့ မျက်မှောက် စည်းစိမ်းချမ်းသာကို ခွင့်လွှတ်ပြီး နောက်မှ ရရှိမယ့် အလွန်မျက်ကွယ် အနာဂတ်ဘဝတွေနောက် မလိုက်ကြ ပါနဲ့ တောင့်တမနေကြနှင့်"

တရား နလုံးသွင်း ရှုမှတ်နေကြတဲ့ ရဟန်းတော်တွေ က ပုဏ္ဏားတို့ရဲ့ စကားကို လက်မခံကြဘဲ…

"ပုဏ္ဏား … ငါတို့သည် ပစ္စုပ္ပန် မျက်မှောက်ချမ်းသာ ကို စွန့်လွှတ်၍ မျက်ကွယ် အနာဂတ် ချမ်းသာနောက်သို့ လိုက်ကြသည်မဟုတ်။ အမှန်အားဖြင့် မျက်ကွယ် ချမ်းသာ ကို စွန့်၍ မျက်မှောက်ချမ်းသာနောက်သို့ လိုက်နေကြခြင်း သာ ဖြစ်ပါ၏။

မှန်၏။ အရိယာ မဂ်တရားသည် ပစ္စုပ္ပန်ကာလ မျက်မှောက်ထင်ထင် ကိုယ်တိုင်သိမြင်အပ်သော တရားဖြစ် ၏။ အကာလိကော၊ အချိန်အခါမလင့် ကောင်းကျိုးပေးနိုင် သော အခွင့်အလမ်းရှိ၏"

လို့ ပြန်ပြောလိုက်ကြတယ်။

အဲဒီအခါမှာတော့ နှောင့်ယှက်ရန် လာတဲ့ မာရ်နတ် ကြီးဟာ ဦးခေါင်းတညိတ်ညိတ်လုပ်ကာ လျှာကို ထုတ်ပြီး နဖူးကြောများ တွန့်တဲ့အထိ စဉ်းစားဟန်ရှိပြီး ကုပ်ချောင်း ချောင်းနဲ့ ပြန်လည်ထွက်ခွာသွားပါတော့တယ်။

ရဟန်းတို့ဟာ မြတ်ဗုဒ္ဓထံမှောက် ရောက်ရှိသွားကြ တဲ့အခါ မိမိတို့ကို ပုဏ္ဏားတစ်ယောက်က ရောက်လာပြီး ဖြားယောင်း သွေးဆောင်ပုံကို လျှောက်ထားကြတယ်။

မြတ်ဗုဒ္ဓက ထိုသူဟာ ပုဏ္ဏားမဟုတ်ကြောင်း၊ ပုဏ္ဏား ယောင်ဆောင်ထားတဲ့ မာရ်နတ်ကြီးသာဖြစ်ကြောင်း မိန့်တော် မူကာ အောက်ပါ ဒေသနာတော်ကို မိန့်တော်မူတယ်။

"ငါးပြာအာရုံ ကာမဂုဏ်တို့သည် ဆင်းရဲဒုက္ခမျိုးစုံ ဖြစ်ပေါ်ခြင်း၏ အကြောင်းတရားဖြစ်ကြောင်း သိမြင်သူသည် ထိုထို ငါးပြာအာရုံ ကာမဂုဏ်တို့၌ စိတ်မညွှတ်သင့်ပေ (စိတ်မလည်သင့်ပေ)။ ကာမဂုဏ်တို့သည် ငြိတွယ်တတ် ကြောင်း ကောင်းစွာ သိမြင်ပြီးနောက်၊ ထိုငြိတွယ် မက်မော မှုကို ပယ်ဖျောက်နိုင်ရန် ကျင့်ကြံကြိုးကုတ် အားထုတ် သင့်ကြပေသတည်း" ■

(မာရသံယုတ်၊ သမ္ဗဟုလသုတ်)

မုံရွာ နေဇာ

*****



www.burmeseclassic.com

www.burmeseclassic.com

# နန်းသဲဘုရားကြီး နှင့်

## နေဝင်ချိန်ကို ကြိုနေသော အပယ်ခံ တွယ်ရာမဲ့တို့၏ အနာဂတ်

ကုဏ္ဍာသယမဟိန္ဒီစေ

ဗေဒသုတေသီဆရာမျိုး



စာရေးသူသည် ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ၊ မိုင်းသောက်မြို့မှအပြန် မြို့အဝင်တွင် တည်ရှိသော ညောင်ရွှေ ဘိုးဘွားရိပ်သာကို ဝင်ရောက်လေ့လာဖြစ်ခဲ့ပါသည်။ ညောင်ရွှေမြို့နယ်၊ တောင်ခြေ၊ မြင်းစခွန်အုပ်စု၊ ဘုရားကြီးကျေးရွာ အဂိုင်ဖြစ်ပြီး ဧရိယာ (၄)ကေကျယ်ဝန်းပြီး နန်းသဲဘုရားကြီး ကျောင်းတိုက်ဝင်းအတွင်း တည်ရှိပါသည်။ ၁၃၇၄ ခု သီတင်းကျွတ်လဆန်း ၂ရက်(၇-၁၀-၂၀၁၄) တွင် နိုကိုးရာမဲ့ဒေသ အဘိုးအဘွားများကို စောင့်ရှောက်ရန်အတွက် မြို့နယ် သံဃမဟာ နာယကဥက္ကဋ္ဌ ရွှေဂူစာသင်တိုက် တိုက်အုပ် ဆရာတော် ဘဒ္ဒန္တ တိလောကဉာဏ၏ ပြဋ္ဌာဒကို ခံယူ၍

www.burmeseclassic.com





ဆရာတော် ဦးရေဝတ သက်တော် (၆၃)နှစ်၊ သိက္ခာတော် (၁၆)ဝါမှ ကော်မတီဝင် ၁၅ဦးဖြင့် စတင်ဖွဲ့စည်း တည်ဆောင်တော်မူခဲ့ပါသည်။ ဦးစံရွှေ ဒေါ်တင်ကြည် မိသားစုနှင့် အယမြင့်ကုမ္ပဏီမိသားစုတို့မှ ပေ (၇၀×၃၀) ရှိ အဘိုးဆောင်တစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းပါသည်။ ပေ (၆၀×၃၀) ရှိ အဘွားဆောင်ကိုလည်း အများကောင်းမှုဖြင့် တည်ဆောက်ပြီးဖြစ်ပါသည်။

ယခုအခါ အဘိုး (၃)ဦး၊ အဘွား (၁၀)ဦး လက်ခံထားရှိပြီးဖြစ်ပါသည်။ ဘိုးဘွားတို့၏ စားရေးသောက်ရေးကို အလှူရှင်ပေါ်သည့် ရက်ရှိသကဲ့သို့၊ အလှူရှင် မပေါ်သည့် ရက်များတွင် ဆရာတော်မှ တာဝန်ယူ ကျွေးမွေးပါသည်။

“အသက် ၇၀နှင့်အထက် နိုကိုးရာမဲ့တွေကို လက်ခံပါတယ်။ ပတ်ဝန်းကျင်က လာပို့ကြတယ်ပေါ့။ သားသမီးကို အားကိုးလို့ မရတဲ့သူတွေကိုလည်း အသက်မပြည့်ဘဲ လက်ခံထားရတာ ရှိပါတယ်။ ဘိုးဘွားဆောင်တွေကို ထပ်အပ်လာရင် လိုအပ်သလို တိုးချဲ့ရပါမယ်။ သာသနာ အဆောက်အဦအနေနဲ့ ကျောင်းမကြီး၊ သိမ်နဲ့ ဥပုသ်ဇရပ်ပဲ ရှိပါတယ်။ နိုကိုးရာမဲ့တဲ့ အဘိုးအဘွားမှန်ရင် ဘယ်နေရာ ဒေသကပဲဖြစ်ဖြစ် လက်ခံပေးသွားမှာပါ။ လပြည့်၊ လကွယ် နေ့မှာ ပုတီးစိပ်ပြီး တစ်နေ့ သုံးကြိမ် တရားထိုင်စေပါတယ်၊ ကျန်တဲ့ ရက်တွေမှာတော့ လွတ်လပ်စွာ သီတင်းသုံးစေပါတယ်”

◈◈◈

ထို့နောက် ကျောင်းဝိုင်းအတွင်းကို ဆရာတော် ကိုယ်တိုင် လိုက်လံပြသပေးပါသည်။ အဝင်မုခ်ဦး အလှူရှင် အဖြစ် သာသနာတော်နှစ် ၂၅၅၈ ခု၊ ကောဇာ ၁၃၇၆ ခု၊ ဝါခိုလဆန်း ၁၁ရက်(၇-၇-၂၀၁၄)၊ တနင်္လာနေ့တွင် မောရဌာနီ အင်းလေးဒေသ ညောင်ရွှေမြို့ နန္ဒဝန်ရပ် (၄)ကွက်နေ သာသနာ့ဒါယကာကြီး ဦးဘုန်းကြွယ်+ သာသနာ့ဒါယိကာမကြီး ဒေါ်ခင်စိန်၊ သားကြီး ကိုမျိုးမင့်သူ+မဝင်းဝင်းရွှေ သမီး မယုဝါဘုန်း၊ သားငယ် မောင်ထက်နေအောင်+မစုစုမျိုး၊ မြေးဦး မဖူးပွင့်ဝတီကြွယ်၊ မစုမြတ်သီရိမျိုး၊ မောင်အံ့ထူးအောင်၊ မောင်ဘုန်းပြည့်သီဟထက်၊ သားသမီး မြေးမြစ် အနွယ်စဉ်တို့က ဗုဒ္ဓသာသနာ ရောင်ဝါနေဝန်း ထွန်းလင်းဖြာစေခြင်းအကျိုးငှာ ရည်မျှော်၍ လှူဒါန်းပါသည်။ ခုတောင်းစာတွင်…

“ခန္တာပဉ္စ ဝဋ်ဒုက္ခတို့၏ ကင်းငြိမ်းရာဖြစ်သော ရာဂ စသည့် မီး(၁၁)ပါးတို့၏ အေးငြိမ်းရာဖြစ်သော သန္တိသုခ နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုရပါစေသော်၊ နိဗ္ဗာန် မရမီ ဘဝဇာတ်တို့၏ သာသနာတော်ကို သက်ဝင်ယုံကြည်



www.burmeseclassic.com

www.burmeseclassic.com







သော သမ္မာဒိဋ္ဌိအယူမှန်ရှိသော တိပိဋကဥက္ကဋ္ဌအမျိုးမြတ်တို့၌ ဖြစ်ရပါစေသော်၊ ဤကောင်းမှုကုသိုလ်၏ အဖို့ဘာဂမြတ်ဒါနကို (၃၁)ဘုံ သတ္တဝါ ရှင်နေယျတို့အား အမျှပေးဝေပါ၏။ သာဓုခေါ်ကာ ရယူနိုင်ကြပါစေသော်၊ ဤသည့်ကောင်းမှု အကြောင်းပြု တောင်းဆု နိဗ္ဗာန်တိုင်စေသော်" ဟူ၍ ပါရှိပါသည်။

ဝင်လှျင်ဝင်ချင်း တွေ့မြင်ရသော ညီမြကျောင်းဆောင်ကို နှစ်ဖက်သော မိဘများအား အမှူးထား၍ ဦးညို+ဒေါ်မြမေ သားသမီးမြေးတစ်စု ကောင်းမှုအဖြစ် (၄-၂-၂၀၁၅)တွင် လှူဒါန်းထားပါသည်။ ထို နောက်ဘက်မှ အဘိုးဆောင်ကို ဦးစံရွှေ+ဒေါ်တင်ကြည် မာယာမြင့် လျှပ်စစ်လုပ်ငန်းမိသားစုမှ,တည်လှူဒါန်းပါသည်။ အဆောင်ဘုရားခန်းကို သပ္ပာယ်ကြည်ညိုဖွယ်ရာ ဖူးမြင်ရပါသည်။ အဆောင်ရှေ့တွင် စိုက်ထူထားပါသည်။ ကမ္မည်းမော်ကွန်းကျောက်စာတိုင်တွင် -

မုဒိတာ ဘိုးဘွားရိပ်သာ
ကမ္မည်းမော်ကွန်းကျောက်စာ
သာသနာ ၂၅၅၈၊ ကောဇာ ၁၃၇၆၊ ခရစ် ၂၀၁၄

ဤရိပ်သာကို (၁၇-၁၁-၂၀၁၂)တွင် နန်းသဲဘုရားကြီးဘုန်းတော်ကြီးကျောင်း ကျောင်းထိုင် နာယက ဆရာတော်ဦးရေဝတနှင့် ပဌာန်းဥပါသကာ ဆွမ်းဒါယကာတို့၏ ဆန္ဒတူမနော်ဖြူများ စုပေါင်း၍ အတိဒုက္ခရောက်နေသော ခိုကိုးရာမဲ့ ဘိုးဘွားတို့ကို နိုင်ငံတော်အစိုးရ လူမှုဝန်ထမ်း ပြန်လည်ကယ်ဆယ်ရေးနှင့် နေရာချထားရေးဝန်ကြီးဌာန ပြည်နယ် လူမှုဝန်ထမ်း ဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် သင်းဖွဲ့စည်းမျဉ်း ဥပဒေအရ ဖွဲ့စည်းကာ အကြံပြု နာယကများ၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများအပါအဝင် ကနဦး (၁၅)ဦးတို့က ရပ်ရွာအခြေပြု မိတ်ဖက်အဖွဲ့အစည်းအဖြစ် သိုင်းဝန်းညီညာစွာ ဖွဲ့စည်းခဲ့ပြီး ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနကို တင်ပြ၍ မြို့နယ် သံဃနာယကဥက္ကဋ္ဌ ဦးတိလောကာဘိဇာအဖွဲ့ အကြီးအကဲအဖြစ် တာဝန်ယူကာ အဖွဲ့ကြီးကို ဖွင့်လှစ်ခဲ့ပါသည်။ ရှေးဦးစွာ ပေ (၆၀×၂၀) တစ်ထပ် အဘွားဆောင်ကို တန်ဖိုး (၁၁,၈၁၂,၂၈၅) ကျပ်ဖြင့် တည်ဆောက်လှူဒါန်း ပြီးစီးအောင်မြင်၍ (၁၅-၆-၂၀၁၃) တွင် ရေစက်သွန်းချ လှူဒါန်းခဲ့သည်။ တန်ဖိုးကျပ် သိန်း (၃၀၀) ကျော်တန် ပေ (၇၀×၃၀)တစ်ထပ် အဘိုးဆောင်ကို ညောင်ရွှေမြို့ နန်းပန့်ရပ်ကွက်၊ ဦးစံရွှေ+ဒေါ်တင်ကြည် မိသားစုနှင့် "မာယာမြင့်" လျှပ်စစ်ကုမ္ပဏီတို့က (၁၃-၃-၂၀၁၄)တွင် စတင်ဆောက်လုပ်၍ ပြီးစီးအောင်မြင်ပြီဖြစ်သောကြောင့် သံသရာ ရှည်အိုးကြီး မြုပ်နှံသော ကုသိုလ်ကောင်းမှုအဖို့ဘာဂကို



www.burmeseclassic.com

www.burmeseclassic.com

သိကြားဖတ်ရှုရသူ နတ်လူများကို သာဓု နှမော်ခေါ်ဆိုနိုင်ရန် ဤကမ္ဘည်းမော်ကွန်းကျောက်စာရေးထိုးအပ်ပါသည်။ နတ်လူ သာဓုခေါ်စေသောဝ်။

### နန်းသဲဘုရားကြီးနှင့် နန်းသဲဘုန်းတော်ကြီးကျောင်း လျှပ်စစ်မီးလင်း ကမ္ဘည်းမော်ကွန်းကျောက်စာ

အမိုက်မှောင်ခွင်း အလင်းရောက်အောင် ရာသက်ပန် ရောင်တော်လင်းဖွင့်ကြကုန်သော သဒ္ဓါတရားများဖြင့် နန်းသဲဘုရားကြီး ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်နာယက ဦးရေဝတ အမှူးပြုသော အလင်းဓာတ်အလှူရှင် ညောင်ရွှေမြို့ အုန်နွဲ့ပင်ရွာမှ ဦးညို+ဒေါ်မြမေမိသားစု ကျပ်(၃၀)သိန်း၊ မန္တလေးမြို့(၂၇)လမ်း၊ (၈၇×၈၈) လမ်းကြား၊ အိမ်တော်ရာ သက်န်းတန်း၊ ရွှေသမင်သင်္ကန်းတိုက် ကျပ် (၁၀)သိန်း၊ အများဒါယကာ၊ ဒါယိကာမများ စုပေါင်း၍ မ,တည်ကာ မင်္ဂလိတည်းဟူသော နိဗ္ဗာန်အလင်းဓာတ်ရပါစေခြင်းအလို့ငှာ ကောင်းမှုရည်မှန်း လှူဒါန်းကြရာ ကောဇာသက္ကရာဇ် ၁၃၇၅ ခု၊ တန်ခူးလဆန်း ၁၂ရက်နေ့၊ ခရစ်နှစ် ၂၀၁၄၊ ဧပြီ ၁၁ရက်၊ သောကြာနေ့ ညနေ ၄နာရီအချိန်တွင် မြတ်ဗုဒ္ဓစေတီတော်ကြီးနှင့် ဘုန်းတော်ကြီးကျောင်းတို့တွင် ရာသက်ပန်အလင်းဓာတ် ရောက်ရှိ ထိန်လင်း၊ အမှောင်ခွင်းခဲ့ပါသောကြောင့် အလင်းဓာတ် ကုသိုလ်အဖို့ဘာဂကို လူနတ်ဗြဟ္မာ အနန္တ သတ္တဝါအပေါင်း သာဓု အနုမောဒနာခေါ်ဆိုနိုင်ကြစေခြင်းအဲလို့ငှာ ဤလျှပ်စစ်မီးလင်း ကမ္ဘည်းမော်ကွန်းကျောက်စာရေးထိုးအပ်ပါသည်။ ဗြဟ္မာ နတ်လူ သိမြင်သူ ဟူသမျှ သာဓုခေါ်ကြစေသောဝ်။

◈◈◈

အနောက်ဘက်မှ အနန္တဂုဏ်ဆောင် ဓမ္မာရုံကို ဦးချစ်လှိုင်၊ ဒေါ်အုန်းညွန့်၊ ဦးအေး၊ ဒေါ်အေးမြ၊ အုန်နွဲ့ပင်ရွာ မိသားစု၏ အလှူတော်အဖြစ် တည်ဆောက်ပြီးစီးမှုအခြေအနေကို တွေ့မြင်ရပါသည်။ ဆွမ်းစားဆောင်ကို ဆရာကျော်ဇံအား ရည်စူး၍ ဒေါ်ရွှေမှီမိသားစုမှ လှူဒါန်းပါသည်။ နောက်ဆုံးကျန်ရှိနေသော အဘွားဆောင်ကို ထက်မံလေ့လာမှတ်တမ်းတင်ပါသည်။

"ဒီအဘွားဆောင်ကို ဦးဘုန်းကြွယ် (UBK) သောက်ရေသန့်မိသားစုမှ သိန်း (၁၀၀) မ,တည်တယ်။ ကဲ... ကျန်တာတွေ နောက်မှ ဆက်လေ့လာကြတာပေါ့။ ဆွမ်းစားချိန်ရောက်နေပြီ၊ ဆွမ်းအလှူရှင်တွေလည်း ရောက်နေတယ်။ ကျောင်းပေါ် ပြန်တက်ကြဦးစို့"

ကျောင်းခေါင်းရင်းမှ ရေစင်ကို ဦးမြင့်လွင်+ဒေါ်ခင်စိုး (စိန်ခြင်္သေ့မိသားစု) နန္ဒဝန်ရပ်မှ လှူဒါန်းပါသည်။ ယနေ့တစ်နေ့တာ ဆွမ်းအလှူရှင်မှာ ညောင်ရွှေမြို့နယ်၊ အုပ်ချုပ်ရေးမှူး ဦးကျော်ဇေလှ+ဒေါ်ခင်ခင်ဇံတို့၏ သား တပ်မတော်ဆေးတက္ကသိုလ် အလုပ်သင်ဗိုလ် မင်းစိုးထူး၏ (၂၄)နှစ်မြောက် မွေးနေ့အလှူတော်ဖြစ်ပါသည်။ တစ်နေ့တာ ဆွမ်း





www.burmeseclassic.com

www.burmeseclassic.com



အလှူကုန်ကျစရိတ်မှာ သုံးသောင်းကျပ်ဖြစ်ပေရာ၊ ဆွမ်းအလှူရှင် မရှိသောနေ့တစ်နေ့ကို ရွေးချယ် ကပ်လှူပေးပါရန် ဆရာတော်အား လျှောက်ထားပြီး စာရေးသူမှ ဆွမ်းတစ်နပ်စာ ဝတ္ထုငွေကို လှူဒါန်းဖြစ်ပါသည်။ နန်းသဲဘုရားကြီးကျောင်းတိုက်တွင် သံဃာ (၁၁)ပါး သီတင်းသုံးပါသည်။ ညောင်ရွှေအုပ်ချုပ်ရေးမှူး ဦးကျော်ဇေလကိုယ်တိုင် ထမင်းလက်ဆုံစားရန် ဖိတ်ခေါ်သဖြင့် တစ်ဝိုင်းတည်းထိုင်ဖြစ်ပါသည်။ စားသောက်ပြီးချိန်တွင် ခေတ္တ အနားယူပြီးနောက် ဆရာတော်ကိုယ်တိုင် နန်းသဲဘုရားကြီးသို့ ပို့ဆောင်ပေးတော်မူပါသည်။

◈◈◈

အဝင်အဝမှ စေတီနှစ်ဆူကို သာသနာသက္ကရာဇ် ၂၅၄၃ ခု၊ ကောဇာသက္ကရာဇ် ၁၃၆၁ ခု၊ တပေါင်းလတွင် ညောင်ရွှေမြို့နယ်၊ အုန်းပင်ရွာ ဘုရားဒါယကာ ဦးစံရွှေ ဒေါ်မြရီ သားသမီးမြေးမြစ်တစ်စုတို့က အသစ်တဖန် ပြန်လည်ပြုပြင်မွမ်းမံ လှူဒါန်းပါသည်။

"အရင်က ဘုရားပွဲ နှစ်စဉ်ရှိတယ် ဒကာကြီး။ ဒါတွေက ပွဲအလှူခံရငွေတွေနဲ့ စုပေါင်း ပြုပြင်ခဲ့ကြတာပါ။အခုပွဲမရှိတော့ဘူး"

အရန်စေတီ (၈)ဆူ၊ ပင်မစေတီတော်တစ်ဆူ ဖူးမြင်ရပြီးလျှင် အားလုံး မူလ ရှေးဟောင်းစေတီများပင် ဖြစ်ပါသည်။ ရုပ်ပွားတော် မုခ်ဦးကို ကွယ်လွန်သူ ဦးနှစ်+ဒေါ်ဆွယ်တို့ကို ရည်စူး၍ ဦးအေး၊ ဒေါ်အေးမြ မောင်နှမဝိသားစုများက ပြုပြင်လှူဒါန်းပါသည်။ မင်းဝတ်တန်ဆာအပြည့်အစုံနှင့် နန်းသဲရုပ်ပွားတော်မြတ်ကြီးကို ဖူးမြင်ရသည့်အခါ ကြက်သီးမွေးညင်းထ,သည်အထိ အလွန်တရာ ကြည်နူးဝမ်းမြောက်ခြင်းဖြစ်ရပါသည်။ ထို့နောက် ကြည်ညိုဖွယ်ရာ လက်ရာမြောက်လှသော ရှေးဟောင်း ရုပ်ပွားတော်မြတ်တစ်ဆူကိုလည်း ဖူးမြော်ရပါသည်။ အနောက်ဘက်အထွက်တွင် သာသနာစောင့်နတ်မင်းပုံတော်ဖြစ်ပြီး မုခ်ဦး၊ တံတိုင်းတို့ကိုပါ ပြန်လည်ပြုပြင်နိုင်ရန် အလှူရှင် လိုအပ်လျက် ရှိပါသည်။ နန်းသဲဘုရားကြီးမှာ သက်တမ်းနှစ်ပေါင်း (၃၀၀)ကျော် ရှိပြီးလျှင် သမိုင်းကြောင်း သိမီသူ မရှိပါ။

နောင် အင်းလေး၊ အင်းလျား ကျောင်းဆရာတော် ဦးဓမ္မဝရနှင့် ဦးသီလာစာရတို့၏ ဖောင်တော်ဦးဘုရား ဒေသစာရိသမိုင်းမှတ်တမ်းစာမျက်နှာ (၈၂)တွင် နမ့်သဲမှာ နမ့်ဆိုင်းမှ ဆင်းသက်လာကြောင်း၊ နမ့်သည် ရေ၊ ဆိုင်းသည် သဲဖြစ်၍ သဲကျရေဟု အဓိပ္ပာယ်ရကြောင်း၊ ရှေးယခင်က ဆင်တောင်တန်းမှ စီးကျသော သဲချောင်းကို အခြေခံ၍ နမ့်ဆိုင်းဟု ခေါ်ရာမှ နမ့်သဲ အမည်တွင်ခဲ့ခြင်းဖြစ်ပြီး၊ ယခုအခါ နန်းသဲဟု ရေးသားလာကြကြောင်း၊ သက္ကရာဇ် ၇၅ ခု ညောင်ရွှေစော်ဘွားကြီး စဝ်ဆိုင်ဖ(ဆီဆိုင်ဘွား)လက်ထက်



www.burmeseclassic.com

www.burmeseclassic.com

တွင် လာရောက်အေမှုထမ်းသော ထားဝယ်သား ငထောင်နှင့် ငနောင်တို့ ညီအစ်ကိုသည် နမ့်သဲရွာတွင် အစပြု၍ နေထိုင်ကြကြောင်း၊ နမ့်သဲရွာတွင် ရှေးဟောင်းဘုရား ရုပ်ပွားတော်ကြီးနှင့် ဘုရားစေတီများကို တွေ့ရှိရကြောင်း အစရှိသဖြင့် အကျဉ်းမျှ ပါရှိပါသည်။

"အပြင်ဘက်မှာလည်း ရှေးဟောင်းစေတီတွေ ရှိသေးတယ်. ဒကာကြီးရဲ့၊ နန်းသဲဘုရားနဲ့တော့ မပတ်သက်ဘူး"

ချုံနွယ်များပေါက်၍ ပြိုပျက်လျက် ရှိပေသော ရှေးဟောင်းစေတီတော်အချို့ကို နန်းသဲဘုရားကြီးဝင်းအတွင်း အနောက်အပြင်ဘက်တွင် ဝမ်းနည်းကြေကွဲဖွယ်ရာ ဖူးမြင်ရပါသည်။ နိုင်ငံခြားသားနှစ်ဦးမှာ စက်ဘီးကိုယ်စီနှင့် လာရောက်မှတ်တမ်းတင်လျက်ရှိပေသည်။ ရှေးဟောင်းလက်ရာ အမွေအနှစ်အနေနှင့်သော် လည်းကောင်း၊ ဗုဒ္ဓအမွေအနှစ်အနေနှင့်သော် လည်းကောင်း ပြုပြင်ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် အလှူရှင်များ လိုအပ်လျက် ရှိပါသည်။ အားလုံးလေ့လာ၍ ပြီးပြည့်စုံလေသောအခါ ဆရာတော်ကြီးမှ အောက်ပါအတိုင်း ဖြည့်စွက်အကြံပြု မိန့်တော်မူပါသည်။

"ဒကာကြီး အဘွားတွေထဲက ဒေါ်နွံ့နွဲ့မူ၊ ဒေါ်ကြည်၊ ဒေါ်လုဘော်တို့အကြောင်းကို သီးသန့်ဖော်ပြစေချင်တယ်၊ သူတို့မှာ သားထောက် သမီးခံတွေရှိပါလျက်နဲ့ သားသမီးမထိမ်းလို့ အရပ်က လာပို့ထားတဲ့အတွက်ကြောင့် ဒီမှာ လာနေကြရရှာတယ်။ နောင်လာ နောက်သားတွေ အတုယူဖို့၊ မိဘအပေါ်မှာ ကျေးဇူးပြုစုစောင့်ရှောက်တဲ့ သားကောင်းရတနာ၊ သမီးကောင်းရတနာ သားသမီးအလိမ္မာတွေ ထွက်ပါဖို့၊ သံဝေဂ တရားရယူဖို့အတွက် ရေးသားဖော်ပြပေးစေချင်ပါတယ်"

◈◈◈

ဆရာတော်ဘုရား၏ ဉာဏ်အမြော်အမြင်နှင့် မေတ္တာတရားမှာ တန်ဖိုးကြီးမားလှပါပေသည်။ စာရေးသူသည် ဆရာတော်ကြီး အမိန့်ရှိသည့်အတိုင်း အဘွားဆောင်သို့ သွားရောက်၍ အဘွားသုံးဦးကို တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါသည်။

## ဒေါ်နွံ့နွဲ့မူ (၇၅)နှစ်၊ ကျောက်ပန်းတောင်း

"အဘွားမှာ သားသမီး (၈)ဦး ရှိပါတယ်။ သားယောက်ျားကြီးပဲ (၇)ဦးပါဝင်ပြီး သမီးကလေးက အငယ်ဆုံးပါ။ သမီးကလေးကို သူများပြစားလို့ ကွယ်လွန်သွားကတည်းက အဘွားရဲ့ စိတ်တွေ မမှန်တော့ဘူးဖြစ်သွားတယ်။ အဘွား ဒီရောက်တာ မနှစ်ကပါ။ လိမ္မာတဲ့ သားလူပျိုကလေးတွေကလည်း အကုန် ကွယ်လွန်ကုန်တယ်၊ အဘွား သားတွေအပြည့်အစုံရှိရင်လည်း အဘွား ဒီဘဝရောက်မှာ မဟုတ်ပါဘူး။ အိမ်ထောင်သည် သားနှစ်ယောက်ရှိတော့ ချွေးမ နှစ်ယောက်ရတယ်ပေါ့၊ နှစ်ဦးလုံး ဆိုးတယ်။



www.burmeseclassic.com

ချွေးမတွေက နှုတ်ကြမ်းတယ်။ သမီးမိန်းကလေး မရှိလို့ ချွေးမကလေးကို ချစ်လိုက်မိတာ ကိုယ့်ကို ပြန်ကန်တယ်။ လက်ရှိ အိမ်ထောင်သည် သားတစ်ဦးပဲ ကျန်တယ်။ အသက် (၄၀)ကျော်ပြီး ဒီရိပ်သာကနေ သူတော်ကောင်းတရား ကျင့်ကြံအားထုတ်ချင်ရင် လာခဲ့ပါလို့ ကြော်ငြာတာနဲ့ အဘွားက သွားချင်တယ်ဆိုပြီးပြောတော့ လက်တွန်း လှည်း သမားနဲ့ ဆိုက်ကားသမားတွေက အဘွားသားသမီးတွေကို မေးပြီး သူတို့က သဘောတူပါတယ်ဆိုတော့ လာပို့ပေးထား ကြတာပါ။ ကျန်းမာရေးက လာတုန်းကတော့ အကောင်းပဲ၊ ဒီရောက်တော့ အခု တော်တော်နေဖျား၊ တော်တော်နေ နာနဲ့ပေါ့။ ဒီကို ရောက်လာတော့ ဒီမှာ ယောက်ျားလေးတွေက အဘွား ကျွန်တော်တို့ ကုသိုလ်လိုချင်လို့ပါဆိုပြီး လုံချည်တွေ ဘာတွေလာလှူပေးကြတယ်။ အဘွားသားသမီးတွေနဲ့ ဒါမျိုး မခံစားခဲ့ဖူးဘူး။ ချွေးမတွေအပေါ်မှာ စိတ်ဆိုးဒေါသထွက်တာမျိုးတော့ မရှိပါဘူး။ အမေ့ဝဋ်ကြွေးပဲပေါ့ သားရယ်။ အမေကတော့ သူတို့ကို အမဲပဲ ကျန်းမာချမ်းသာဖို့ မေတ္တာပို့ ဆုတောင်းပါတယ်"

"သြော်...အဘွားရယ်၊ သားသမီး မလိမ္မာလို့ ဒီလို လာနေရတာလို့ စိတ်ထောင်းတော့ ကိုယ်ကြေဖြစ်ပြီး နာဖျား လာတာနဲ့ တူပါတယ် အဘွားရယ်။ အဘွား ဒီမှာ ပျော်ရွှင်စွာနဲ့ နှောင်ရေးအတွက် တရားဘာဝနာနဲ့သာ နေပါ။ နောင်ဘဝမှာ သားသမီးအလိမ္မာတွေနဲ့သာ ကြုံဆုံရပါစေလို့ ဆုတောင်းပေးလိုက်ပါတယ် အဘွားရယ်"

## ဒေါ်ကြည် (၇၇)နှစ် ညောင်ရွှေ

"အဘွားက အားကိုးစရာမရှိလို့ ဆရာတော်ဘုရားက စောင့်ရှောက်ထားတာပါ။ ဒီမှာ အဘွားက အသက်အကြီးဆုံးပဲ။ ဒီကို အဘွားအရင်ရောက်တာ။ ဒီမှာ စိတ်ချမ်းသာတယ်။ နေဖို့လည်း မပူရဘူး။ စားဖို့လည်း မပူရဘူး။ ဆရာတော်က စောင့်ရှောက်ထားတာပါ။ ဒီရောက်တာ (၂)နှစ်နဲ့ (၇)လရှိပါပြီ။ ပုတီးစိပ်၊ ဝေယျာဝစ္စတွေ လုပ်ပါတယ်၊ အတိတ်အကြောင်းတွေတော့ မသိချင်ပါနဲ့တော့ သားရယ်။ မလိုတော့ပါဘူး။ လက်ရှိဘဝမှာ ရှိတာလေးနဲ့ လှအောင်ဝတ်၊ ရတာလေးနဲ့ ဝအောင် စား၊ နောင် တမလွန် ဘဝခရီးလမ်းအတွက် အဘွား နေပျော်သွားပါပြီကွယ်"

သြော်...ဒီအဘွားကတော့ တရားနဲ့ နေတတ်သွားပါပြီ။ အတိတ်သမိုင်းကြောင်းတွေကို ပြည်ဖုံးကားချလို့ ကောင်းတာလည်း မပြော။ ဆိုးတာလည်း မပြော။ ဘဝသံသရာလမ်းကြောင်းတည့်မတ်ဖို့ရာ အလင်းရောင်ကို ရှာဖွေတွေ့ရှိသွားပါပြီ၊ ကျန်းမာ ချမ်းသာ အသက်ရှည်စွာနှင့်



www.burmeseclassic.com

www.burmeseclassic.com











သူတော်ကောင်းတရားကို ပွားများအားထုတ်နိုင်ပါစေတော့ အဘွားရယ်။

**ဒေါ်လှဘော် (၇၃)နှစ်၊ နမ့်ဆန်**

"အဘွား သားတွေ၊ မြေးတွေက အရက်မူးသမားတွေ ချည်းပဲ။ ဆိုးတယ်။ သားနှစ်ဦးရှိပါတယ်။ တန်ခူးလပြည့်ကျော် ရက်ဆိုရင် အဘွား ဒီရောက်တာ (၂)နှစ်ပြည့်ပါမယ်။ ကျန်းမာရေးကလည်း တအားညံ့ပါတယ်။ မြေးတွေ၊ ချွေးမတွေနဲ့ ကိုယ်က အသက်ကြီးလာတော့ ရှာမစားနိုင်ဘူး။ ချွေးမဆိုတာက သမီးနဲ့တော့ မတူဘူးလေ။ ဒါနဲ့ ဒီကို တစ်ယောက်တည်း ဆိုက်ကားနဲ့ လာတာပါ။ ဒီမှာ ဆရာတော်ကိုပဲ အားကိုးပြီး လာနေရတာပေါ့။ ဒီမှာ သန့်ရှင်းရေး လုပ်တယ်။ မလုပ်နိုင်တဲ့ အဘွားကြီးကို ကူညီတယ်။ ပုတီးစိပ်၊ တရားထိုင်၊ မေတ္တာပွား၊ ဒေသနာမှတ်ပါတယ်"

"ဪ・・・အဘွားရယ်၊ လူ့လောကီလမ်းကြောင်း အများဖြစ်တဲ့ သံယောဇဉ်ဆိုတဲ့ သမုဒယ တဏှာ ဝဲဩဃက လွှန်မြောက်ပြီး အဖွားတစ်ယောက် လမ်းမှန်၊ လူမှန်၊ နေရာမှန်ကို ရောက်လာတယ်လို့ သဘောထားပါ အဘွားရယ်။ အဘွား ဒီလို လမ်းမှန်ကို ရောက်လာဖို့အတွက် အဘွားရဲ့ သားတွေ၊ မြေးတွေက ပါရမီဖြည့်ပေးလိုက်ကြတယ်လို့ ယူဆပါ အဘွားရယ်။ သားလိမ္မာ၊ မြေးလိမ္မာတွေနဲ့သာ အဘွား ဆုံစည်းခဲ့ရမယ်ဆိုရင် သံသရာဘဝခရီးလမ်း ပဋိစ္စသမုပ္ပါဒ် စက်ဝန်းမှာ အဘွား ကျင်လည်နေရမှာပါ။ အခုလို သားသမီး သံယောဇဉ်ကို ဖြတ်တောက်နိုင်ခဲ့တာဟာ အဘွားအတွက် နိဗ္ဗာန်မဂ်လမ်းပွင့်တယ်လို့ ယူဆလိုက်ပါ အဘွားရယ်"

"သာဓု・・・သာဓု・・・သာဓုပါ သားရယ်။ အဘွားသားတွေသာ ဟောဒီက သားလေးရဲ့ တစ်ဝက်လောက် အသိဉာဏ်ရှိခဲ့ရင် အဘွား တော်တော်ဝမ်းသာမိမှာပါ"

"ဪ・・အဘွားကလည်း ပြောရင်းဆိုရင်း လှိုက်ခြိန်



www.burmeseclassic.com

www.burmeseclassic.com



ပြီ။ နတ်ပြည်ကနေ ငရဲတွင်းထဲ ဆင်းဖို့ ကြိုးစားနေပြန်တာလား"

"ဩော်…၊ အေးပါ…အေးပါ သားရယ်။ အသွား မပြောတော့ပါဘူး။ အသွား တွေးမိတာကို ပြောမိတာပါ သားရယ်"

◈◈◈

လူ့ဘဝမှာ အသက် (၁၄၀) မနေရသော်လည်း အမှု (၁၀၀)မက တွေ့ကြုံရတတ်ပါသည်။ ယနေ့ မိမိဘဝ၏ ခံစားနေရသော အဖြစ်အပျက်များသည် အတိတ်ဘဝ ကံ-ကံ၏ အကျိုးပေးမှုသာဖြစ်ပါသည်။ မိဘဟူသည်မှာကား အနန္တော အနန္တဂိုဏ်းဝင် ခင်ပွန်းကြီး (၁၀)ပါးဂိုဏ်းဝင် မပြစ်မှားသင့်, မပြစ်မှားထိုက်သော ကျေးဇူးရှင်အစစ်များ ဖြစ်ပါသည်။ ကလ,လ ရေကြည် တည်မှီသည်မှစ၍ လူဖြစ်လာရပေသော ဖဝါးလက်နှစ်လုံး၊ ပခုံး လက်နှစ်သစ်မှသည် အချိန်တန် အရွယ်ရောက် လူလားမြောက်ကာ၊ မိဘရင်ခွင်ကို ခြေစုံကန်မထွက်ခင် အချိန်ကာလတစ်ခုအထိ ဘဝတစ်လျှောက်လုံး အရိပ်တကြည့်ကြည့်နှင့် ကျွေးမွေးပြုစု ယုယ စောင့်ရှောက်ခဲ့သည်မှာလည်း မိဘနှစ်ပါးသာလျှင် ဖြစ်ပါသည်။ ယနေ့ သားသမီးတို့သည် နောင်တစ်ချိန်သော ကာလ၏ မိခင်၊ ဖခင်လောင်းများသာ ဖြစ်ပါပေသည်။ မိမိတို့ကိုယ်တိုင်က မိဘတို့၏အပေါ်၌ သားသမီးကျင့်ဝတ်နှင့် အညီ ရိုကျိုးစွာ ပြုစုလုပ်ကိုင် ကျွေးမွေးမှသာလျှင် မိမိတို့ မိဘနေရာသို့ ရောက်ရှိချိန်တွင် မိမိတို့၏ သားသမီးအကျိုး ကို ပြန်လည် ခံစားရရှိမည်မှာ သံသရာ၏ အကျိုးဆက် ကံ-ကံ၏ အကျိုးဆက်ပင်ဖြစ်ပေသည်။ သုံးလောကထွဋ်တင် ဗုဒ္ဓဘုရားရှင်ကိုယ်တော်မြတ်ကြီးသော်မှ အမိ၏ ကျေးဇူးကို နို့တစ်လုံးဖိုးမျှသာ ကျေခဲ့သည်ဟူ၍ အဆိုရှိပါသည်။

နောက်သား၊ နောက်သမီးတို့သည် အထက်ပါ ထုံးနှလုံးမူ၍ မိဘတို့ကို သေတစ်ပန် သက်တစ်ဆုံး ပြုစုလုပ်ကျွေး စောင့်ရှောက်ကြစေရန် တိုက်တွန်းရေးသား တင်ဆက်အပ်ပါသည်။ မိဘကောင်းမှ သားသမီးကောင်းမည်၊ သားသမီးကောင်းမှ မိဘကောင်းမည်၊ ဘဝတစ်ခု၏ နေဝင်ချိန်ကို စောင့်မျှော်နေကြရရှာပေသော အပယ်ခံ ကွယ်ရာမဲ့ အဘိုးအဘွားတို့၏ အနာဂတ်ကို တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက်ပေးတော်မူပေသော နန်းသဲဘုရားကြီးကျောင်း ဆရာတော် ဦးရေဝတအား ဤဆောင်းပါးဖြင့် ပူဇော် ဂါဝရပြုကန်တော့အပ်ပါသတည်း ■

(မှတ်ချက်။ ကာယကံရှင်များ၏ ဂုဏ်သိက္ခာအရေ အမည်နှင့် နေရပ်လိပ်စာများ လွှဲပြောင်းရေးသားပါကြောင်း)

*သားကောင်းသမီးမွန်များ ပေါ်ထွန်းရေးသို့*
*ဤစွာသယမဟိမ္မ ဓေ*
*ဗေဒသုတေသီ ဆရာမျိုး*

*****



www.burmeseclassic.com

www.burmeseclassic.com

# ဘိုးဗုဒ္ဓေါ၏ မန္တန်(၅)ပုဒ်

(သို့မဟုတ်)

# လက်ဆောင်မှ လက်ဆောင်

ဆရာမင်းသိမ်းကျော် (မော်ဘီ)

ကျွန်ုပ် ဗေဒင်ဟောပြောနေသော မဟာနဝင်းစေတီ၊ [illegible]လမ်း၊ စမ်းချောင်းသို့ အဘ ဦးအောင် ရောက်ရှိလာလေ[illegible]သည်။ အဘ ဦးအောင်သည် အသက် ၉၀ နီးပါးရောက်နေ[illegible]သော်လည်း နံနက် ၃နာရီတွင် အိပ်ရာမှ ထကာ၊ [illegible]နေထိုင်သော ကြည့်မြင်တိုင်၊ အုန်းပင်လမ်းမှ ရွှေတိဂုံ[illegible] တံခါးဖွင့်အမီရောက်အောင် နံနက်တိုင်း လမ်းလျှောက်[illegible] ဘုရားတက်ခဲ့သည်မှာ နှစ်ပေါင်း ၃၀ ထက်မနည်းရှိခဲ့ပြီ[illegible] နေမကောင်းသည်မှအပ ပျက်ရက်မရှိခဲ့ပေ။ သတ္တမ[illegible] ကျော်အောင်စံထား ဆရာတော်ကြီးနှင့်လည်း [illegible]တရာ ရင်းနှီးသူဖြစ်၏။

"အဘ…ကိစ္စများ ရှိလို့လား"

"အေး၊ ရှိတယ် မင်းသိမ်းကျော်ရေ၊ အကြောင်းက [illegible]။ ဆရာတော်ကြီး တပည့်ရင်းဖြစ်တဲ့ ဦးရဲရိုးမြင့်၊ [illegible]ချစ်တို့က ဆရာတော်ကြီးရဲ့ ဩဝါဒခံယူပြီး စာအုပ် [illegible]အုပ်ထုတ်တယ်။ အဲဒီစာအုပ်မှာ ငါက မင်းစီစဉ်ထုတ်[illegible]တဲ့ ထွက်ရပ်ပေါက်ဆရာတော်ကြီးများနှင့် ဝိဇ္ဇာကြီးများ[illegible]ကို ထည့်ရင် ကောင်းမယ်လို့ အကြံပေးလိုက်တော့ [illegible]ချင်တယ်၊ အဘ ဦးအောင် အကြောင်းကြားပေးပါဆို[illegible] [illegible] ငါရောက်လာတာပေါ့"

ဟု မနားတမ်း ပြောလေ၏။

"သြော်…ရပါတယ် အဘရယ်၊ ခွင့်ပြုပါတယ်"

အဘ ဦးအောင်က လွယ်အိတ်ထဲမှ စာအုပ်ကို ထုတ်[illegible]အား ပြလေသည်။ စာအုပ်နာမည်ကို ဖတ်ကြည့်[illegible]ခါ…

"[illegible]လမ်းမှ ထွက်လမ်း၊ ထွက်လမ်းမှ မဂ်လမ်းသို့ [illegible]များ" ဟူ၍ ဖြစ်လေသည်။

"ဆရာတော်ကြီး ရရှိခဲ့တဲ့ ကျင့်စဉ်၊ ဂါထာတွေကို အနှစ်ချုပ်သဘောထုတ်ထားတဲ့ စာအုပ်တစ်အုပ်ပါကွ"

ဟု အဘ ဦးအောင်က ရှင်းပြပါသည်။

"ကောင်းလိုက်တာ အဘရယ်။ မသိသေးတဲ့သူတွေ အတွက် အလွန်အဖိုးတန်၊ အကျိုးရှိတဲ့ စာအုပ်တစ်အုပ်ပါ အဘ"

"အေးအေး၊ မင်း ခွင့်ပြုရင် ငါ အကြောင်းပြန်လိုက်တော့မယ်နော်"

ဟု ပြောဆိုကာ အဘ ဦးအောင် ပြန်သွားလေသည်။

၁၀ရက်ခန့်အကြာ အဘ ဦးအောင် ထပ်မံရောက်ရှိလာပြီး ကျွန်တော့်အား စာအုပ် (၂၀)အုပ် လက်ဆောင်ပေးလေသည်။ ကျွန်ုပ်သည် နီးစပ်ရာ သင့်တော်သော မိတ်ဆွေများကို လက်ဆောင်ပြန်ပေးရာ မိမိအတွက် တစ်အုပ်တောင် မနည်းချန်ထားရလေသည်။ ထိုစာအုပ်ထဲမှ ၁၃၁၆ခု၊ တပေါင်းလဆုတ် ၁၅ရက်၊ သောကြာနေ့ နံနက် ၉နာရီအချိန်တွင် ကျိုက်ထီးရိုးဘုရားတွင် ဘိုးဗုဒ္ဓေါမှ သတ္တမမြောက် ကျော်အောင်စံထား ဆရာတော်ကြီးအား ချီးမြှင့်သော မန္တန် (၅)ပုဒ်အား စာဖတ်သူများ အကျိုးရှိစေရန် ဖော်ပြပေးလိုက်ပါသည်။

## မန္တန်(၅)ပုဒ်

၁။ ဉာတိပိသော ဘဂဝါ ပုဗ္ဗေနိဝါသ စက္ခုဉာဏံ

အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဒိဗ္ဗစက္ခုဉာဏံ

ဝိဇ္ဇာစရဏ သမ္ပန္နော သုဂတော လောကဝိဒူ အာသဝက္ခယဉာဏံ

အနုတ္တရော ပုရိသ ဓမ္မသာရထိ၊ သတ္ထုဂုဏ္ဏတံ၊

စက္ခု ဝိညာဏ ဝတ သောဘဂဝါ

သတ္တာဒေဝ မနုဿနံ၊ ဗုဒ္ဓေါ ဘဂဝါ မနော မယိဒ္ဓိ ဘဝတု [illegible]


www.burmeseclassic.com

www.burmeseclassic.com

၂။ ယတောစ ဒေါ မေ ဘိက္ခဝေ၊
ဣမေသု စတူသု အရိယသစ္စေသု ဧဝံတိ ပရိဝဋ္ဋံ
ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ
သုဝိသုဒ္ဓံ အဟောသိ၊ အထာဟံ၊
ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ
သဗြဟ္မကေ သဿမဏ ဗြာဟ္မ
ဏိယာပဇာယ သဒေဝ မနုဿာယ၊
အနုတ္တရံ သမ္မာ သမ္ဗောဓိံ အဘိသမ္ဗုဒ္ဓေါတိ ပစ္စညာသိံ။
၃။ အနုပုဗ္ဗဂမ္ဘီရောစ ဋ္ဌိတဓမ္မော အသံဝါသော
နာမဂေါတ္တာနိ နိသင်္ဂါ ဥနပူရေတိ မောစနော
ကေဒြဝေါ ပဟုရတော မဟာဘူတောတိ အဋ္ဌယေ
ဝိမ္ဟယာသန္တိ ယသ္မိံ ဝါ၊ ပဿေယျ တမ္ပိ တေ အဟံ။
၄။ အဟိ စောရာ ဗျဂ္ဃသီဟာ၊ ကရိရာဇာ ဝါရိတောဇာ
ဝရံ အဋ္ဌဘယေ အဘယော ရက္ခနော မာရဇိ ဇိနော
ဩ ဟရော ပုတ္တဒါရာနံ၊ ဩ ဟရိနူဂရာနိစ
ဩ ဘယောလောက ပဋ္ဌောတော၊ ဩ ဘယော အနုဿာ
ဩ ဘယော မဂ္ဂမုဂ္ဂဿ၊ ဩဘယော ပန တေ နမော။
၅။ ပုဒ္ဓေါ မေ သတ္တုပါကာရံ၊ ပုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဣသွာသုင ပုဒ္ဓံ သရဏံ၊ သဗ္ဗရောဂါ ဝိနာသန္တု။
ဓမ္မော မေ သတ္တုပါကာရံ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဣသွာသုင ဓမ္မံ သရဏံ၊ သဗ္ဗဘယာ ဝိနာသန္တု။
သံဃော မေ သတ္တုပါကာရံ၊ သံဃံ သရဏံ ဂစ္ဆာမိ၊
ဣသွာသုင သံဃံ သရဏံ၊ သဗ္ဗဒုက္ခာ ဝိနာသန္တု။

အကျိုးကား ဘေးဆိုး၊ ရန်ဆိုး၊ ရောဂါဆိုး ကင်း၏။ အကျဉ်းအကျပ် အခက်အခဲများ လွယ်လင့်တကူ လွတ်မြောက်နိုင်၏။ ကိုယ်ရည်မှန်းထားသော အရာကို သုံးလအတွင်း ပြည့်စုံရ၏။ ပီပြင်စွာ ရွတ်ဖတ်ပါ။ တစ်နေ့လျှင် နံနက်၊ နေ့၊ ည သုံးကြိမ်ရွတ်ပါ။ တစ်ကြိမ်လျှင် ကိုးခေါက်စီ ရွတ်ပါ ■

မင်းသိမ်းကျော် (မှော်ဘီ)

*****


☞ ဈေးဆိုင်လုပ်ငန်းအမျိုးမျိုး ရောင်းအား တိုးတက်လာစေဖို့ ☜

ဆောက်လုပ်ရေးပစ္စည်းဆိုင်၊ စိုက်ပျိုးရေးသုံး ပစ္စည်းနှင့် ဆေးဝါးဆိုင်၊ လူသုံး ဆေးဝါးဆိုင်၊ ဆန်-ဆီဆိုင်၊ စက္ကူ-စာရေးကိရိယာဆိုင်၊ အီလက်ထရောနစ် ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းဆိုင်၊ ရွှေငွေကျောက်မျက်ရတနာဆိုင်၊ ဖက်ရှင်ဆိုင်၊ ဖိနပ်ဆိုင်၊ စတိုးဆိုင်၊ ကုန်မျိုးစုံဆိုင်၊ စက်သုံးဆီဆိုင်၊ မော်တော်ယာဉ်အရောင်းဆိုင်၊ မော်တော်ဆိုင်ကယ်အရောင်းဆိုင်၊ အထည်အလိပ်ဆိုင်၊ အဖျော်ယမကာဆိုင်၊ မုန့်မျိုးစုံဆိုင် စသည်တို့မှာ နေ့စဉ် ဈေးဦးပေါက်ကောင်း / ရောင်းအားကောင်း၍ ငွေဝင် လာဘ်ရွှင်၊ အဆင်ပြေ ကံကောင်း၊ စီးပွားတိုးတက်စေဖို့ အစီအရင် နည်းလမ်းကောင်းများ ရှိပါသည်။

**ဆရာကြီး ဦးအောင်မြင့်** (ဥပဒေဘွဲ့)(လက္ခဏာဗေဒင် ယတြာအစီအရင်)

အမှတ် (၈၄၃)၊ ဦးဝိစာရလမ်း။ ၃၄+ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊
ဖုန်း - ၀၉ ၃၀၁ ၅၈၀၅၅ / ၀၉ ၅၃၀ ၀၅၉၂၄
၀၉ ၅၀ ၆၂၈၄၃ / ၀၉ ၅၁ ၅၅၆၂၂
၀၉ ၂၅၂ ၃၀၆၆၅၅ / ၀၉ ၂၆၀ ၄၄၄၈၀၈
၀၉ ၅၉၅ ၆၀၅၄၈၅ ။

မျက်ကြည်အားကိုးမှသာ လာခဲ့ပါ




www.burmeseclassic.com

www.burmeseclassic.com

# မင်းပေမြင့်



www.burmeseclassic.com

www.burmeseclassic.com

ရေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်တွင် ထင်းခွေ ယောက်ျားတစ်ယောက်ရှိ၏။ သူသည် နံနက်အချိန်တွင် မြို့ပြင်သို့ ထွက်၍ ထင်းခွေရန် သွားပါသည်။ ညနေအချိန်တွင် ထင်းစည်းကို ထမ်းလျက် မြို့တွင်းသို့ ပြန်လာသည်။ တစ်နေ့သောအခါ ပြန်လာချိန် နောက်ကျသဖြင့် မြို့တံခါးပိတ်သွား၍ မြို့ထဲသို့ ပြန်မဝင်လာနိုင်တော့ချေ။ ဤတွင် သူသည် ထင်းစည်းကို မြို့တံခါးဝအနီးရှိ နတ်ကွန်းတစ်ခုဘေးတွင် ချထားပြီး အိပ်ရလေသည်။

နတ်ကွန်း၌ ဘေးမဲ့ ကြက်များ ရှိပါသည်။ ထိုကြက်များသည် နတ်ကွန်းနားရှိ သစ်ပင်တစ်ပင်ပေါ်တွင် တက်၍ အိပ်နေကြသည်။ မိုးလင်းခါနီးအချိန်တွင် သစ်ပင်အပေါ်ကိုင်း၌ အိပ်နေသော ကြက်တစ်ကောင်သည် မစင်စွန့်ချ၍ သစ်ပင်အောက်ကိုင်း၌ အိပ်နေလျက်ရှိသော ကြက်ပေါ်သို့ ကျလေသည်။

ဤတွင် အောက်ကိုင်း၌ ရှိသော ကြက်က မခံမရပ်နိုင်ဖြစ်သဖြင့် သစ်ပင်အပေါ်ကိုင်းတွင် ရှိသော ကြက်ကို လှမ်း၍ စကားများ ရန်ဖြစ်လာရသည်။ ရန်ဖြစ်ပြီး ပြောဆိုလာကြသည့် စကားများမှာ သစ်ပင်၏ အောက်ကိုင်း၌ ရှိသော ကြက်က ငါ၏ တန်ဖိုးသည် အသပြာတစ်ထောင်တန်သည်

ရာသီဥတုမှာ လေထန်လာပြီး လှိုင်းကြီး၍ ရေတက်လာပါသည်။ ကြက်သားဟင်းနှင့် ထမင်းထည့်ထားသော တောင်းနားအထိ ရေတက်လာပါသည်။ ဤသို့ဖြင့် တောင်းသည် မြစ်ရေတွင် မျောပါသွားပါသည်။ ထိုအခါ ထင်းခွေယောက်ျား လင်မယားတို့သည် ရေစီးရာသို့ မျောပါမသွားအောင် ကြိုးစားကူးခတ်ပြီး ကမ်းပေါ်သို့ တက်ပြေးလာကြရလေသည်။

ဟူ၍ လည်းကောင်း၊ သစ်ပင်၏ အပေါ်ကိုင်း၌ ရှိသော ကြက်ကမူ ငါ၏ တန်ဖိုးသည်ကား အသင်ထက် ကြီးလည်းကြီးပြီး မြတ်လည်း မြတ်၏။ ငါ့ကို သတ်၍ ငါ၏ ဦးခေါင်းကို စားသူသည် မင်းဖြစ်မည်။ အသားကို စားမိသူက ယောက်ျားဖြစ်က စစ်သူကြီးဖြစ်မည်။ မိန်းမဖြစ်က မိဖုရားဖြစ်မည်။ အရိုးအနားက ကပ်နေသော အသားများကို စားမိသူသည် ရဟန်းဖြစ်လျှင် မင်း၏ ဆရာဖြစ်မည်။ လူဝတ်ကြောင်ဖြစ်လျှင် ဘဏ္ဍာစိုးဖြစ်မည်ဟူ၍ ပြန်ပြောပါသည်။

ထိုကြက်နှစ်ကောင်တို့၏ အချီအချပြောဆိုနေသော စကားတို့ကို ထင်းခွေ ယောက်ျား ကြားသိသွားသောအခါတွင် သစ်ပင်ပေါ်သို့ ဖြည်းညင်းစွာ တက်ပြီး သစ်ပင်၏ အထက်ကိုင်း၌ ရှိနေသော ကြက်ကို ဖမ်းယူ၍ သတ်လေတော့သည်။

ထို့နောက် မိုးလင်း၍ မြို့တံခါးဖွင့်သောအခါ သတ်လာသော ကြက်ကို ယူဆောင်လာပြီး အိမ်သို့ ပြန်လာပါသည်။ အိမ်အပြန်လမ်းတွင် ထင်းခွေ ယောက်ျားသည် ငါသည် မင်းဖြစ်လာတော့မည်ဟု စိတ်ကူးကာ ဝမ်းသာမဆုံးဖြစ်နေမိပါသည်။

ထင်းခွေ ယောက်ျားက အိမ်သို့ ပြန်ရောက်သောအခါ ဇနီးသည်အား ဤကြက်ကို ကောင်းစွာ ချက်ပေးပါဟု ဆိုသည်။ ဤကြက်သည် သာမန်ကြက်မဟုတ်ပါ။ ထူးခြားသော တန်ခိုးအာနိသင်ရှိပါသည်။ ထိုကြက်၏ ဦးခေါင်းကို စားမိပါက ကောန် မင်းဖြစ်လိမ့်မည်။ အသားကို စားမိပါက အသင်ကမူ ငါ၏ မိဖုရားဖြစ်လာပါလိမ့်မည်ဟု ထင်းခွေ ယောက်ျားက ပြောသည်။

ထို့နောက် ဇနီးဖြစ်သူက ကြက်သားဟင်းချက်ပြီးသောအခါ ထင်းခွေ ယောက်ျားက ယခုမူ ငါတို့ မစားကြသေးပါ။ ဂင်္ဂါမြစ်သို့သွား၍ ရေချိုးကြပေဦးမည်။ ရေချိုးပြီးမှသာ မြစ်ကမ်းနံဘေးရှိ တစ်နေရာရာတွင် အတူတကွ စားကြပါစို့ဟုဆိုကာ၊ လင်မယားနှစ်ယောက်သည် ကြက်သားအိုးနှင့် ထမင်းအိုးတို့ကို တောင်းတစ်ခုထဲတွင် ထည့်၍ ဂင်္ဂါမြစ်သို့ သွားကြလေသည်။ ဂင်္ဂါမြစ်သို့ ရောက်လျှင် တောင်းကို မြစ်ကမ်း၌ ထားပြီး မြစ်ထဲသို့ ရေဆင်းချိုးကြသည်။

ထိုစဉ်အချိန်တွင် ရာသီဥတုမှာ လေထန်လာပြီး လှိုင်းကြီး၍ ရေတက်လာပါသည်။ ကြက်သားဟင်းနှင့် ထမင်းထည့်ထားသော တောင်းနားအထိ ရေတက်လာပါသည်။ ဤသို့ဖြင့် တောင်းသည် မြစ်ရေတွင် မျောပါသွားပါသည်။ ထိုအခါ ထင်းခွေယောက်ျား လင်မယားတို့သည် ရေစီးရာသို့ မျောပါမသွားအောင် ကြိုးစားကူးခတ်ပြီး ကမ်းပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com

တက်ပြေးလာကြရလေသည်။ ကြက်သားဟင်းနှင့် ထမင်းတောင်းတို့မှာမူ မြစ်ရေတွင်းသို့ မျောပါသွားပါသည်။

ထိုအချိန်တွင် မြစ်၏ အောက်ဆိပ်၌ ဆင်ကို ရေချိုးပေးနေသော ဆင်ဆရာ၏ အနီးသို့ ရောက်သွားသည်။ ဆင်ဆရာသည် တောင်းကို ဆယ်ယူပြီး ကြည့်လိုက်သောအခါ၌ ကြက်သားဟင်းနှင့် ထမင်းဖြစ်နေသဖြင့် ဆယ်ယူထားလိုက်ပါသည်။ ထို့နောက် ဆင်ဆရာသည် မိမိ၏ နေအိမ်သို့ ယူဆောင်သွားပါသည်။

ဆင်ဆရာ ကိုးကွယ်နေသော ရှင်ရသေ့တစ်ပါးသည် ဆင်ဆရာ၏ နေအိမ်သို့ ကြွရောက်နေပြီးဖြစ်သည်။ ထိုရှင်ရသေ့သည် အကြားအမြင်ရှိသူဖြစ်သည်။ ဆင်ဆရာထိုကြက်သားဟင်း ရလာသည်ကိုလည်း တင်ကြိုသိထားပြီးဖြစ်သည်။ ထိုကြက်သားဟင်း၏ ထူးခြားသော သတ္တိရှိမှုကိုလည်း သိနေသည်။ ထို့ကြောင့်လည်း ဆင်ဆရာ၏ နေအိမ်သို့ တင်ကြို၍ ကြွရောက်လာခြင်းဖြစ်ပါသည်။

ဆင်ဆရာရောက်လာသည့်အခါ ရှင်ရသေ့သည် အရိုး၌ ကပ်နေသော အသားကို မိမိအား ဆက်ကပ်လှူဒါန်းစေပြီး ဘုဉ်းပေးတော်မူပါသည်။ ကြက်သားဟင်း၏ ဦးခေါင်းကိုမူ ဆင်ဆရာအား စားစေပါသည်။ အသားကိုမူကား ဆင်ဆရာ၏ ဇနီးအား စားစေပါသည်။

ထို့နောက် ရှင်ရသေ့က ဆင်ဆရာအား အသင်သည် မကြာမီ မင်းဖြစ်လိမ့်မည်။ အသင်၏ ဇနီးသည်လည်း မိဖုရားဖြစ်လာပါလိမ့်မည်ဟု ဆိုကာ ကြွသွားလေတော့သည်။

◈◈◈

ရက်အနည်းငယ် ကြာသောအခါ၌ အခြားသော တိုင်းတစ်ပါးမှ မင်းတစ်ပါးသည် ဗာရာဏသီပြည်ကို လာရောက် တိုက်ခိုက်သည်။ ထိုအခါ ဗာရာဏသီမင်းက ဆင်ဆရာကို မင်းအသွင်ဖြင့် ဝတ်ဆင်စေသည်။ မင်းအသွင်ဖြင့်သာ ဆင်စီး၍ စစ်တိုက်လေတော့ဟု ဆိုပါသည်။ မင်းဖြစ်သူက ရဲမက်၊ ဗိုလ်ပါများကြားတွင် မထင်မရှားသော အသွင်ဖြင့်သာ သွား၍ စီမံကွပ်ကဲနေပါသည်။ ထိုစဉ်တွင် ရန်သူများ ပစ်လိုက်သော မြားတစ်စင်းသည် ဗာရာဏသီမင်းကို လာရောက်ထိမှန်သွားလေသည်။ မင်းသည် ထိုနေရာတွင်ပင် နတ်ရွာစံသွားပါတော့သည်။

ဤသည်တွင် ဆင်ဆရာသည် ဘဏ္ဍာတိုက်အတွင်းမှ ရွှေ ငွေတို့ကို ထုတ်ယူစေကာ၊ ဥစ္စာကို ယူသူသည် ရန်သူများကို အားသွန်ခွန်စိုက် တိုက်ထုတ်ကြကုန်လော့ဟု ဆိုသည်။ ဆိုသည့်အတိုင်းလည်း ဆင်ဆရာက ရွှေ ငွေတို့ကို ပေး၏။ ပြည်သူပြည်သားတို့လည်း ဆင်ဆရာနှင့်အတူ ရဲမာန်သတ္တိရှိရှိနှင့် ရန်သူများအား တိုက်ခိုက်သဖြင့် ရန်သူများ အရေးနိမ့်၍ အောင်ပွဲခံခဲ့ရခြင်းအဖြစ်သို့ ရောက်ရှိသွားလေသည်။

စစ်ပွဲပြီးဆုံးချိန်တွင် မှူးမတ်တို့သည် ဘုရင်၏ အလောင်းကို ကောင်းစွာ သင်္ဂြိုဟ်ကြသည်။ ထို့နောက် မှူးမတ်များတို့သည် ၎င်းတို့၏ ဘုရင်မင်းမြတ်ရှိစဉ်အခါကပင် ဆင်ဆရာကို မင်းအသွင်ဖြင့် ပြုစေခဲ့ပါသည်။ ဆင်ဆရာသည် ရန်သူများကို တိုက်ခိုက်၍ အောင်မြင်လာခဲ့ပါသည်။ ၎င်း၏ အစီအမံ ဦးဆောင်မှုဖြင့်သာ အောင်ပွဲကို ရရှိလာရပါသည်။ သို့ဖြစ်၍ ဆင်ဆရာကိုပင် မင်းမြှောက်ထိုက်သည်ဟု မှူးမတ်များက တိုင်ပင်ဆွေးနွေးကာ မင်းအဖြစ် တင်မြှောက်ခဲ့ကြပါသည်။ ထိုအခါ ဆင်ဆရာ၏ ဇနီးသည်လည်း အလိုအလျောက် မိဖုရားဖြစ်လာပါတော့သည်။ ဆင်ဆရာ၏ ရသေ့သည်လည်း မင်းဆရာအဖြစ်သို့ ဖြစ်လာရပါသည်။

ထင်းခွေဖျောက်ျားသည် ရေးကောင်းမှုကံ မရှိသောကြောင့် ကြက်သားဟင်းနှင့် ကြုံဖန်လွဲခဲ့ရပြီး ဘုရင် မဖြစ်ခဲ့ရပါ။ ဆင်ဆရာသည်ကား ရေးကောင်းမှုကံရှိသောကြောင့် ကြက်သားဟင်းကို မကြံရွယ်ဘဲ ရရှိ၍ စားလိုက်ရသဖြင့် ဘုရင်အဖြစ်သို့ ရောက်ရှိသွားရလေတော့သည်။

ထို့ကြောင့် ကျွန်ုပ်တို့သည်လည်း ရေးက ပြုလုပ်လာခဲ့သည့် ကောင်းမှုကုသိုလ်ကံ ရှိမှသာလျှင် အရာရာတွင် ကောင်းကျိုးချမ်းသာကို ပေးလာနိုင်စွမ်းရှိကြောင်း တင်ပြလိုက်ရပါပေသည် ■

မင်းဇေမြင့် (မုန်)

မှီငြမ်း

- သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားတော်။

*****



www.burmeseclassic.com

www.burmeseclassic.com

# မန္တလေးတိုင်းဒေသကြီး မြန်မာ-ထိုင်း ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ ခရီးတစ်ခေါက်

ပေါ်လွင်ဦး (ရေး)



အချိန်ကား နံနက် ၄နာရီတိတိရှိပြီး အိပ်ရာဘေးရှိ နာရီမှ နှိုးစက်သံသည် အခန်းတစ်ခန်းလုံး ဆူညံသွားတော့သည်။ စာရေးသူ၏ အနီးတွင် အိပ်နေသော ကိုတူးလည်း နိုးလာပြီး မျက်နှာသစ်၍ ရေးမြို့ ရွှေဆံတော်ဘုရားရှေ့ ဘုရားဖူး စုရပ်သို့ ကိုတူးက လိုက်ပို့ပေးလေသည်။

စာရေးသူသည် ရွှေဆံတော်စေတီတော်ကြီးအား ကန်တော့အပြီး ခရီးသွားတာဝန်ခံ ကိုဇော်ဝင်းက ကားပေါ်သို့ လိုက်ပို့ပေးလေသည်။ နံနက် ၅နာရီထိုးသည်နှင့် လူစုံပြီဖြစ်၍ ခရီးစ,ထွက်ခဲ့ပါသည်။ မိုးနှောင်းရာသီဖြစ်၍ ရာသီဥတုမှာ သာယာနေ၏။

စာရေးသူတို့အဖွဲ့သည် မန္တလေးတိုင်းဒေသကြီး ရတနာပုံ မန္တလေးမြို့ အတုလ မဟာမြကျောက်ဆရာတော် ဘဒ္ဒန္တခေမာစာရ(အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဓဇ)နှင့် ထိုင်းနိုင်ငံ ဓမ္မကာယကျောင်းဆရာတော် လုံဖောဓမ္မချိုင်ယိုတို့ ပူးပေါင်းကျင်းပပြုလုပ်သော သံဃာတော်အပါး တစ်သောင်းအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ မြကျောက်ဆရာတော်ကြီး၏ ပင့်ဖိတ်ကြားချက်အရ ရေးမြို့မှ သံဃာအပါး (၄၀)နှင့် ဘုရားဖူး ခရီးသည် ဒကာ၊ ဒကာမ (၃၀)ယောက်တို့သည် မန္တလေးမြို့သို့ ခရီးထွက်လာခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် ထိုင်းနှင့် မြန်မာ ပူးပေါင်း၍ လှူဒါန်းသော

www.burmeseclassic.com



ခွမ်းကြီးလောင်းပွဲကြီးလည်း ဖြစ်သည်။

ထိုခရီးကို စာရေးသူ မထင်မှတ်ဘဲ လိုက်ပါလာခြင်း ဖြစ်သည်။ ဒကာမ ဒေါ်နန်းအေးအေးမျိုး (ဉပဒေအရာရှိ ချုပ်)နှင့် မိခင်ကြီး ဒေါ်ထွေးတို့က အကွန်အကျခံ ဖိတ်ပြ သောကြောင့် သံဃာဦးရေသတ်မှတ်ထားသော အခက်အခဲ ကြားမှ လိုက်ပါနိုင်ခြင်းဖြစ်သည်။

ခရီးမထွက်တာ ကြာပြီဖြစ်သောကြောင့် ဝမ်းမြောက် ဝမ်းသာစွာဖြင့် ဒကာမကြီး ဒေါ်ထွေးတို့ မိသားစုကို ကျေးဇူး အထူးတင်မိလာသည်။

စာရေးသူသည် အနည်းငယ် အေးစိမ့်လာသဖြင့် ကား အားကွန်းအပေါက်ပိတ်ပြီး ဟိုတွေး ဒီတွေးနှင့် မှေးခနဲ အိပ်ပျော်သွားလေသည်။ အချိန်တော်တော်ကြာ အိပ်ပျော် သွားပြီး သံဖြူဇရပ်ရောက်မှ နိုးလာတော့သည်။ သံဖြူဇရပ် တွင် ခဏနားပြီး ခရီးဆက်ထွက်လာခဲ့သည်။

နံနက် ၁၀နာရီခွဲအချိန်တွင် သထုံမြို့သို့ ရောက်ရှိပြီး သံဃာတော်များအား ရွှေစာရံဘုရားအနီးရှိ မိဘမေတ္တာ ကျောင်းဆိုင်တွင် နေ့ဆွမ်းကပ်သည်။ ဘုရားဖူး ခရီးသည်များ လည်း ထမင်းစားကြသည်။ နေ့လယ် ၁၂နာရီခွဲအချိန်တွင် ခရီးဆက်ထွက်လာခဲ့ကြလေသည်။ ကားပေါ်တွင် ထိုင်ခုံ နောက်လှန်၍ အိပ်သူအိပ်၊ ဗီဒီယိုကြည့်သူက ကြည့်၊ စကားပြောသူက ပြောကြနှင့် ပျော်ပျော်ပါးပါးလိုက်ပါခဲ့ကြ သည်။ စာရေးသူလည်း မွန်ပြည်နယ်၏ သဘာဝ ရှုခင်းများ ကို ကြည့်ရင်း ခရီးပေါက်မှန်းမသိ ပေါက်လာခဲ့သည်။ ည ၇နာရီခန့်တွင် နေပြည်တော်သို့ ရောက်ရှိလာခဲ့သည်။

စားသောက်ဆိုင်တွင် အပန်းဖြေသူများက အပန်းဖြေ နေကြ၍ စာရေးသူနှင့် ဦးချစ်ဝင်းသည် အချိန်ရတုန်းရခိုက် နေပြည်တော်တွင် တည်ထား ကိုးကွယ်တော်မူကြသော ဉပ္ပါတ သန္တိစေတီတော်သို့ သွားရောက်ဖူးမြော်လေသည်။ ရင်ပြင်တော်တွင် လောကပါလ နတ်မင်းကြီးလေးပါး ခြံရံ၍ တည်ထားသော တံခွန်တိုင်ကို တွေ့ရလေသည်။ သာသနာ့ မဟာတံခွန်တိုင်တော်သည် နတ်မင်းကြီးလေးပါး ခြံရံလျက် အမြင့်ပေ (၁၀၈)ပေရှိ၍ တံခွန်တိုင်၏ အချင်း မှာ ၄ပေ ၆လက်မရှိပြီး ရွှေဟင်္သာ၏ အမြင့်မှာ ၁၅ ပေရှိ သည်။ တံခွန်လုံးအစုံ အရှည်မှာ ၇၂ ပေရှိသည်။ နတ်မင်း ကြီးလေးပါး၏ အမြင့်မှာ ၁၈ ပေရှိပါသည်။ မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ရက်၊ ခရစ်နှစ် ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ရက်၊ စနေနေ့တွင် တည် ဆောက်ပြီးစီးခဲ့ပါသည်။ စေတီတော်သမိုင်းကိုတော့ ဘုရား ဂေါပကအဖွဲ့ရုံး ပိတ်ထားသဖြင့် မသိရှိခဲ့ပေ။ ထို့နောက် ဆောင်းပါးရေးရန် ဓာတ်ပုံရိုက်ကူးပြီး ဘုရားပေါ်မှ ပြန်ဆင်း လာခဲ့သည်။

ထို့နောက် မန္တလေးမြို့သို့ ခရီးဆက်ထွက်ခဲ့ရာ ည



www.burmeseclassic.com

www.burmeseclassic.com





၁၂နာရီကျော်မှ မန္တလေးမြို့သို့ ရောက်ရှိခဲ့သည်။ ခရီးသွား ဓာဝန်ခံ ကိုဇော်ဝင်း ကြိုတင်စီစဉ်ထားသော မန္တလေး နန်းတော်အရှေ့မြောက် တကောင်းကျောင်း၌ တည်းခို အိပ် စက်ကြလေသည်။ ခရီးလည်း ပန်းလာသဖြင့် စာရေးသူတို့ အဖွဲ့သည် တစ်ခဏတာအချိန်အတွင်း အိပ်မောကျကုန် တော့သည်။

◈◈◈

၁၈-၉-၂၀၁၅ ရက်နေ့ နံနက် ၅နာရီအချိန်တွင် သံဃာတော်များ အာရုံဆွမ်းဘုဉ်းပေး၊ ဘုရားဖူးခရီးသည်များ က နံနက်စာစားသုံးကာ မြကျောက်ဆရာတော်ဘုရားကြီးကို ဖူးမြော်ရန် အတုလမဟာ မြကျောက်ကျောင်းတိုက်၊ ရန်ကင်း တောင်ခြေအနီးသို့ ရောက်ရှိခဲ့သည်။

အတုလ မဟာမြကျောက်ဆရာတော် ဘဒ္ဒန္တ ခေမာ စာရ(အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ)ထံသို့ ဝင်ရောက်ဖူး မြော် ကန်တော့ပြီး ဆရာတော်က ဆွမ်းဆန်စိမ်းလောင်း အခမ်းအနားအစီအစဉ်ကို မိန့်ကြားအပြီး ဩဝါဒခံယူ၍ မြကျောက်ကျောင်းထဲရှိ တည်ထားသော ဘုရားများကို လှည့်လည်ဖူးမြော်၊ မှတ်တမ်းတင် ဓာတ်ပုံများ ရိုက်ယူပြီး အနားယူနေလိုက်သည်။

ထိုအချိန်တွင် သံဃာတော်အချို့နှင့် ဘုရားဖူးများ စုရုံး စုရုံးဖြစ်နေသည်ကို တွေ့ရသဖြင့် သွားရောက်လေ့လာရာ မြန်မာမျက်စိကုသမားတော် (တခဆ-၁၅၈၆) ဆရာ ဦးမိုးမိုး ထွန်းသည် အသက် ၉၀ ကျော်ရှိ မျက်စိနှစ်လုံးကွယ်နေသူ ပန်တျာကျောင်း မြန်မာဆိုင်းဝိုင်းနည်းပြဆရာကြီး(ငြိမ်း) ပန်တျာ (ဦး)စိန်တင်ညွန့်အား စာရေးသူတို့အဖွဲ့ရှေ့မှာတင် ခွဲစိတ်ခြင်း အလျဉ်းမရှိဘဲ ၅မိနစ်အတွင်း အလင်းပြန်ရ အောင် ကုသပုံကို မြင်တွေ့ရ၍ အလွန်အံ့ဩမိလေသည်။

(ဦး)စိန်တင်ညွန့်အား လက်တွန်းလှည်းပေါ် တင်၍ ခေါ်လာသူ တပည့်ဖြစ်သူ ဆိုင်းဆရာ အဆိုကျော် ဦးအောင် ကျော်ဆန်းမှာ ယခုလက်ရှိ အနုပညာဦးစီးဌာနမှ ဦးစီးအရာ ရှိတစ်ယောက်ဖြစ်ကြောင်း သိရသည်။

အမှန်အတိုင်း ဝန်ခံရလျှင် စာရေးသူသည် တိုင်းရင်း ဆေးလောကကို လုံးဝ ယုံကြည်သူ မဟုတ်ချေ။ သို့သော် ယခု စာရေးသူ၏ရှေ့တွင် ဘယ်ဘက် မျက်လုံးအား စတင် ကုသပြီး ထွက်လာသော တိမ်များကို ပရိသတ်ရှေ့တွင် ပြ၍ ဦးစိန်တင်ညွန့်အား မျက်စိဖွင့်ခိုင်းသော် မျက်လုံးမှာ ချက်ချင်း ပြန်မြင်ရလေသည်။ ထို့နောက် မိနစ်ပိုင်းအတွင်း ကျန် ညာဘက် မျက်လုံးကို ကုသရာ မျက်စိနှစ်လုံးရလုံး



www.burmeseclassic.com

www.burmeseclassic.com



မြင်ရသည်ကို လက်တွေ့မြင်ခဲ့ရသည်။ ဆေးကုသကြေး သတ်မှတ်မထားပါ။ စာရေးသူတို့ ဘုရားဖူးအဖွဲ့နှင့် အခြား အလှူရှင်များမှ အသက် ၉၀ကျော်အဘိုးအို မျက်စိပြန်မြင်ရ သည်ကို တွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာစွာ အလှူငွေ ထည့်လှူကြရာ တစ်သိန်းကျော်ရရှိသည်ဟု ဆရာ ဦးစိုးမိုး ထွန်းက ပြောပြသည်။

ဆရာကြီး ဦးစိုးမိုးထွန်းသည် စာရေးသူ မေးသမျှအား စိတ်ရှည်လက်ရှည် ရှင်းပြခဲ့ပါသည်။ ဆရာ၏ မျက်စိကုသ ရာတွင် အသုံးပြုသော ပစ္စည်းမှာ မိုးကြိုးသွားလည်းမဟုတ်၊ သံသေဓာတ်သားလည်း မဟုတ်ကြောင်း၊ ရှေးမြန်မာသမား တော်ကြီးများ အသုံးပြုသော ဝိဇ္ဇာရေအပ်ဖြင့် ကုသကြောင်း ပြောပြပါသည်။ ၅မိနစ်အတိုင်းအတာ အချိန်လေးအတွင်းမှာ မျက်စိနစ်ကွင်း အလင်းရအောင် ကုသနိုင်သော မြန်မာ ဆေးပညာကို စာရေးသူ မလေးစားဘဲ မနေနိုင်တော့ချေ။

ဆရာ ဦးစိုးမိုးထွန်း၏ အသက်မှာ ၅၇နှစ်သာ ရှိသေး သည်။ ပထမဆုံးအကြိမ် တိုင်းရင်းဆေးပညာ ညီလာခံ ကိုယ်စားလှယ်တစ်ဦးလည်းဖြစ်သည်။ မျက်စိရောဂါ အကြောင်းကို စာတမ်းပြု တင်သွင်းခဲ့သောသူတစ်ဦးဖြစ် သည်။ မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာဝန်ကြီးများ၏ ထောက်ခံ ချက်၊ နိုင်ငံတော် သံဃာ့မဟာနာယကဆရာတော်ကြီးများ မျက်စိကုသထားသော ထောက်ခံချက်၊ တိုင်းရင်းဆေး ကောင်စီဝင် ဆရာကြီးများ၏ ထောက်ခံချက်ကိုပါ ပြသပေး ပါသည်။

(မှတ်ချက်။ ဤနေရာတွင် ဆရာ ဦးစိုးမိုးထွန်း၏ မျက်စိကုသပုံကို ခရီးသွား ဆောင်းပါးတွင် ဖော်ပြပေးခြင်းမှာ မျက်စိဝေဒနာရှင်များ သွားရောက်ကုသနိုင်ရန်အတွက် နေရပ်လိပ်စာနှင့် ဖုန်းနံပါတ်ကိုပါ စေတနာဖြင့် ဖော်ပြပေး ခြင်းဖြစ်ပါသည်။)

ဆရာ ကုသနိုင်သော ရောဂါများမှာ လုံးဝ ကွယ်နေ သော အတွင်းတိမ်၊ အပြင်တိမ်တို့ကို အာမခံဖြင့် ကုသပေး ပါသည်။ ရေတိမ်ရောဂါကို ရောဂါရင့်လျှင် လုံးဝ ကုသမရ ကြောင်း၊ အခြား ကုသနိုင်သော ရောဂါများမှာ မျက်သား တက်ခြင်း၊ မျက်ရိုးကိုက်ခြင်း၊ အာရုံကြော အားနည်းသည့် ရောဂါနှင့် မျက်ရည်ခန်း ရောဂါတို့ကို ကုသနိုင်ကြောင်း ပြောပါသည်။

အဓိက လက်ရှိ ကုသနေသော ရောဂါများမှာ ဆီးချို သွေးတိုးရောဂါတို့ကြောင့် မျက်စိကွယ်နေသောသူများ လေဖြတ်ပြီး လမ်းမလျှောက်နိုင်ဘဲ မျက်စိကွယ်နေသော

www.burmeseclassic.com







လှူနာများနှင့် အသက် ၉၀ ကျော်၊ ၁၀၀ ကျော် မျက်စိမမြင်သော လှူနာများကို ကုသ အောင်မြင်ကြောင်း သိရသည်။

ဆရာ ဦးစိုးမိုးထွန်း၏ လိပ်စာမှာ ရန်ကင်းရပ်၊ မြစ်ငယ်မြို့ ဖြစ်ပြီး ဖုန်းနံပါတ်မှာ (၆၇၁၃၅၀၂) ဖြစ်ပါသည်။ မျက်စိဝေဒနာရှင်များ စိတ်ဝင်စားလျှင် သွားရောက်ကုသနိုင်ရန် စေတနာကောင်းဖြင့် ကုသိုလ်ယူ၍ ဓာတ်ပုံနှင့်တကွ ဖော်ပြရေးသားခြင်းဖြစ်ပါသည်။

ထို့နောက် စာရေးသူတို့အား ခရီးသွား တာဝန်ခံ ကိုဇော်ဝင်းမှ လာရောက်ပြီး ပြင်ဦးလွင်မြို့ Royal Reward Resord Hotal မှ နေ့ဆွမ်းကပ်ရန် အခမ်းအနား ပြင်ဆင်ထားပြီးဖြစ်ကြောင်း ဖုန်းဖြင့် အကြောင်းကြားသဖြင့် မြကျောက်ကျောင်းတွင် ဆွမ်းမသုံးဖြစ်တော့ဘဲ ပြင်ဦးလွင်မြို့သို့ ကတိုက်ကရိုက် ထွက်ခဲ့ကြရသည်။

◈◈◈

ဟိုတယ်ပိုင်ရှင် ဒေါက်တာ ဦးအောင်ဝင်း၊ ဒေါ်ဥဥခင်တို့သည် မွန်မြန်မာများဖြစ်ကြပြီး မွန်ပြည်နယ်မှ သံဃာတော်များက မန္တလေးမြို့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ ကြွလာသည်ကို ကြားသိရသဖြင့် အခမ်းအနားဖြင့် သံဃာတော်များအား နေ့ဆွမ်းကပ်လှူပြီး ဘုရားဖူးများအား နေ့လယ်စာ ထမင်းကျွေး ညှော်ခံခဲ့သည်။ ထို့နောက် ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ပွားများပြီး ဆရာတော် ဦးခန္တိသာရမှ ရေစက်သွန်းချ အမျှဝေပြီး သံဃာတော်များအား နဝကမ္မ ဝတ္ထုငွေများကို တစ်ပါးချင်း ကပ်လှူခဲ့ပါသည်။ အခမ်းအနားပြီးနောက် ပြင်ဦးလွင်မြို့ ပိတ်ချင်းမြောင် မဟာနန္ဒမူ လိုဏ်ဂူတော်သို့ ခရီးဆက်ခဲ့ကြ၏။

ပိတ်ချင်းမြောင် လိုဏ်ဂူတော်သည် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၏ အရှေ့မြောက်ဘက်၊ ပြင်ဦးလွင်မြို့မှ ၁၅မိုင်ခန့်အကွာ ဝက်ဝံကျေးရွာ၏ အရှေ့ဘက် ၂မိုင်ခန့်အကွာတွင် တည်ရှိသည်။ လှိုဏ်မြောင်ထဲမှ စမ်းရေများသည် သဘာဝအလျောက် တသွင်သွင်ထွက်ရှိပြီး လိုဏ်ဂူအဝ အကျယ်ပေ (၂၀)ခန့်ရှိပြီး အလျားပေ (၁၆၀၀)ကျော်ခန့် ရှည်လျားပါသည်။ ဆေးဖက်ဝင်သော ပိတ်ချင်းပင်များ ပေါက်ရောက်လျက်ရှိခြင်းကြောင့် ဤလိုဏ်ဂူတော်ကြီးကို "ပိတ်ချင်းမြောင် မဟာနန္ဒမူ လိုဏ်ဂူတော်"ဟု ခေါ်ပါသည်။

ပိတ်ချင်းမြောင် လိုဏ်ဂူအတွင်းတွင် ကျောက်စက်ရေများမှ ဖြစ်ပေါ်နေသော ကျောက်စက် ပန်းဆွဲများဖြင့် ပြည့်နှက်နေသည်။ သဘာဝအလျောက် ဖြစ်ပေါ်နေသော



www.burmeseclassic.com

www.burmeseclassic.com

သဘာဝ စမ်းချောင်းများရှိပြီး ရေသည် သိပ်နက်ရှိုင်းခြင်း မရှိသော်လည်း အချို့နေရာများတွင် ၅ပေနီးပါးခန့် နက်ပါသည်။ စမ်းချောင်းလေးများမှ စိမ့်ရေများသည် သဘာဝ အလျောက် ဖြစ်ပေါ်နေသည်။ ထိုစိမ့်ရေများသည် ဆေးဖက် ဝင်သည်ဟု ဆို၏။ မျက်စဉ်းအဖြစ် အသုံးပြုနိုင်ပြီး ကိုယ်ရေ ပြား ယားနာများ ပေါက်ပါက ထိုစိမ့်ရေကို ချိုးခြင်းဖြင့် ပျောက်ကင်းစေနိုင်ကြောင်း သိရှိရသည်။ လိုဏ်ဂူအတွင်း တွင် နွေ၊ မိုး၊ ဆောင်း ရာသီပတ်လုံး ရေခန်းခြင်းမရှိဘဲ အမြဲကြည်လင်လျက်ရှိနေကြောင်း ဂေါပကအဖွဲ့က ပြော ပြပါသည်။

လိုဏ်ဂူကြီးထဲတွင် စေတီတော်တစ်ဆူတည်ထား သည်ကို ဖူးမြင်ခဲ့ရပြီး ဗုဒ္ဓရုပ်ပွားတော်များဖြင့် ပြည့်နှက်နေ သည်ကို ဖူးမြင်ရသည်။ စာရေးသူသည် အလှူငွေထည့်ရင်း ဂေါပကအဖွဲ့အား မေးကြည့်ရာ ဤလိုဏ်ဂူတော်ကြီးအား မြင်ဦးလွင်မြို့နယ်၊ ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် အမတော်၊ ပြည်သူလူထုများသည် ၁၉၈၉ ခုနှစ်၊ မတ်လ ကော်၊ ၁၃၅၀ ခု၊ တပေါင်းလဆန်း ၂ရက်နေ့တွင် နဂါးမင်း ကြီးတုနှင့် ဗုဒ္ဓဆင်းတုတော် ရုပ်ပွားတော်များကို လှူဒါန်းထား ခြင်းဖြစ်သည်ဟု သိရလေသည်။

စာရေးသူလည်း လိုဏ်ဂူအတွင်းရှိ ရုပ်ပွားတော်များ၊ စေတီတော်များကို ဓာတ်ပုံရိုက်ခြင်း၊ မှတ်တမ်းတင်ခြင်းများ ပြုလုပ်ပြီး ဦးချစ်ဝင်းနှင့်အတူ ဂူထဲမှ ပြန်ထွက်လာခဲ့သည်။ ချောင်းမြောင်မှ ပြန်လာကြပြီး မန္တလေးသို့ ည ၇နာရီအချိန် ခန့်တွင် ပြန်ရောက်လာခဲ့ကြသည်။

၁၉-၉-၂၀၁၅ ရက်နေ့ နံနက်တွင် ထုံးစံအတိုင်း နံနက် အာရုံဆွမ်းစားပြီး စစ်ကိုင်းသို့ ဘုရားဖူးခရီးထွက်ခဲ့ကြ သည်။ စစ်ကိုင်းတောင်ရိုးသို့ စာရေးသူတို့ စီးလာသော ကားကြီးများ(လုံး၀) တက်ခွင့်မရ၍ ဗိုင်နှာကားငယ်လေး များ ငှား၍ တက်ခဲ့ကြရသည်။

### စစ်ကိုင်းသမိုင်းအကျဉ်း

စစ်ကိုင်းမြို့ကို ဂေါတမဘုရားရှင်၏ ဗျာဒိတ်တော်နှင့် အညီ တည်ဆောက်ခဲ့သည်ဟု ရှေးစာဆိုများ ရှိခဲ့သည်။ ဂေါတမ မြတ်စွာဘုရားသည် ဝါတော် (၂၀)တွင် သုနာပရန္တ တိုင်း(ယခု စစ်ကိုင်းအရပ်) သို့ ကြွချီတော်မူလာသည်။ တောင်တော်ခြေ တစ်ပဲသာဆိပ်ကမ်းတွင် ရေသုံးသပ်တော် မူ၍ ဓါးဦးတောင်ထိပ်တွင် ရပ်တော်မူစဉ် စကြံ့နံချောင်း တွင် ပေါက်ရောက်နေသော စစ်ပင်ကြီး၏ အကိုင်းထက်













www.burmeseclassic.com

www.burmeseclassic.com



တွင် ဥဗျိုင်း (၇)ကောင်နားနေသည်ကို တွေ့မြင်တော်မူ၍ နောင်ကာလတွင် ဤအရပ်သည် စစ်ကိုင်းဟု အမည်တွင်သော ပြည်ကြီးဖြစ်အံ့။ နားနေသော ဗျိုင်း (၇)ကောင်တို့သည် စစ်ကိုင်းပြည်ကြီးကို အုပ်ချုပ်သော မင်း ခုနစ်ဆက် ဖြစ်အံ့ဟု ဗျာဒိတ်တော်မူခဲ့သည်ဟု သိရသည်။

## ရာဇာမဏိစူဠာဘွဲ့မည်သော စစ်ကိုင်းမြို့ ကောင်းမှုတော်စေတီတော်ကြီး

ရတနာပူရ အဝရွှေပြည်တော်ကြီးကို စိုးစံအုပ်ချုပ်တော်မူသော သာသနာ့ဒါယကာ ဦးရိသုဓမ္မရာဇ မဟာဓိပတိဘွဲ့ခံ သာလွန်မင်းတရားကြီး၏ သမိုင်းဝင် ကျောက်စာအရ ဂေါတမမြတ်စွာဘုရားရှင်၏ လက်ဝဲအောက် စွယ်တော်စစ်နှင့် ဓာတ်တော်၊ မွေတော်တို့ကို ဌာပနာပြု၍ သက္ကရာဇ် ၉၉၈ ခုနှစ်တွင် တည်ထားကိုးကွယ်ခဲ့သည်။

စစ်ကိုင်းမြို့တွင် ဝါတွင်းကာလ သီတင်းအုပတ်စဉ် ဥပုသ်နေ့တိုင်း ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပကြသည်။ ရပ်ကွက်အလိုက် ဖွဲ့စည်းထားသည့် အာရုံတော် ဝတ်အသင်းများက ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပသည့် စေတီတော်များသို့ ဆွမ်းတော်ကြီး သွားရောက်ကပ်လှူရာတွင် ဆွမ်းတော်ကြီးတင် အသင်းများက ဝတ်ဖြူစင်ကြယ်များ၊ ယောဂီဝတ်စုံများကို ဝတ်ဆင်ကာ ဆွမ်းတော်အုပ်၊ ပန်းတောင်းမောင်း၊ ကြေးစည်စသည့် အဆောင်အယောင်တို့ကို ကိုင်ဆောင်၍ အတီး အမှုတ် အကအခုန်အဖွဲ့များနှင့် အာရုံဆွမ်းများ သွားရောက် ကပ်လှူကြသည်။

ယနေ့အချိန်ထိ နှစ်စဉ် ဝါတွင်း ဘုရားဆွမ်းတော်ကြီး ကပ်လှူပွဲကို ရိုးရာ ဗျော်သံ၊ အညာကျေးလက် တေးသံသာ များဖြင့် ဖျော်ဖြေတင်ဆက်ကာ ကပ်လှူကြသည်။

ဤကောင်းမှုတော် စေတီတော်ကြီးကို ဂေါတမ မြတ်စွာဘုရားရှင်၏ လက်ဝဲ အောက်စွယ်တော်တစ်ဆူ မြသပိတ်တော်တစ်လုံး၊ ဆံတော်မြတ် (၁၁)ဆူဖြင့် ဌာပနာပြု ထားကြောင်းကို ဘုရားသမိုင်းအကျဉ်းချုပ်အရ သိရှိရသည်။

## ဆွမ်းဦးပုညရှင်စေတီ

သုံးလူ့မြတ်ရှင် သဗ္ဗညုဘုရားသခင်သည် ဝေနေယျ သတ္တဝါအပေါင်းတို့အား တရားရေအေး တိုက်ကျွေးတော်မူ လို၍ မြို့ရွာများသို့ ဒေသစာရီ ကြွချီတော်မူလေသည်။

ဇေယျပူရတိုင်း စစ်ကိုင်းမြို့၏ မြောက်ဘက်၌ တောင် ပေါင်း(၃၀)ကျော်ဝန်းရံလျက်ရှိသော "ပုညရှင်"ဟု အမည် တွင်သော "ဖောဟတောင်"ထိပ်သို့ ဘုရားသခင်သည် ဒေသ စာရီကြွချီတော်မူစဉ် ညီတော် အာနန္ဒာအား ဤတောင် (၁) ကကုသန်ဘုရားရှင်လက်ထက်တော်၌ "သေ... တောင်"ဟု အမည်တွင်ခဲ့ဖူးသည်။ (၂) ကောဏာဂုံဘုရားရှင်



www.burmeseclassic.com

www.burmeseclassic.com



လက်ထက်တော်၌ "ဝဂ်ီစာရတောင်"ဟု အမည်တွင်၏။ (၃) ကဿပဘုရားရှင်လက်ထက်တော်၌ "ဓမ္မိကတောင်" ဟု အမည်တွင်ခဲ့ဖူးသည်။ (၄) ငါဘုရားရှင်လက်ထက်တော်၌ ရဟန္တာ နာဂဒတ္တမထေရ် သီတင်းသုံးတော်မူ၍ နတ်ခွမ်းရသဖြင့် နောင်အခါ "နာဂဒတ္တတောင်"ဟု အမည်တွင်လတ္တံ့။ ထိုတောင်သည် ဖားသဏ္ဌာန်နှင့်တူသောကြောင့် "ဖားတောင်"ဟု အမည်တွင်လတ္တံ့ဟု ဗျာဒိတ်တော်ပေးခဲ့လေသည်။

ထို့နောက် ဘုရားသခင်က ဆက်၍ ဤဖားတောင်၌ ငါဘုရားသည် နှပျိစဉ် ယုန်မင်းဘဝ၌ ကျင်လည်ကျက်စားခဲ့ဖူးသည့် အရပ်လည်းဖြစ်သည်။ နောင်အခါ၌ ဤတောင်ထိပ်တွင် ငါဘုရား၏ မျက်ကွင်းတော်ဓာတ်နှင့်တကွ များပြားလှစွာသော သရီယဓာတ်တော်၊ မွေတော်များကို ဌာပနာသွင်း၍ စေတီပုထိုးများ တည်ထားပြီး ထင်ရှားလာလတ္တံ့ဟု ဗျာဒိတ်တော်ပေးခဲ့လေသည်။

သက္ကရာဇ် ၆၇၄ ခုနှစ်တွင် "ဝိဇရာပူရ"မည်သော ပင်းယမြို့တည် တစီးရှင် သီဟသူမင်းလက်ထက်တွင် အမတ်ပုညနှင့် ပန်းတိမ်ပညာရှင် ငစိန်သင်တို့သည် ဘုရင့်စားတော်ရွှေကွမ်းခွက်ရရှိပြီး တူနှင့် ပေတွင် ကိန်းဝပ်လျက်ရှိသော မွေတော်မြတ်နှစ်ဆူတော်တို့ကို စစ်ကိုင်းသို့ ပင့်ဆောင်လာပြီးလျှင် ပတ္တမြားကြုတ်နှင့်တကွ ရွှေလင်ပန်းထက် တင်၍ ဆီမီးတန်ဆောင်း ပန်းပေါက်ပေါက်တို့ဖြင့် ပူဇော်သက္ကာရပြု၍ အဓိဋ္ဌာန်ပြုရာ ဆံတော်မြတ်နှစ်ဆူ ကိန်းဝပ်ရာဖြစ်သော (ဖား)တောင်ထိပ်တွင် စေတီတစ်ဆူကို တည်ထားပါသည်။

ပုညအမတ်နှင့် ပန်းတိမ်တော် ငစိန်သင်တို့သည် စစ်ကိုင်းမင်း အသင်္ခယာ စောယွန်းကို အသိမပေးဘဲ တိတ်တဆိတ် စေတီတည်မိသောကြောင့် ဘုရင်သည် အမျက်တော်ရှ၍ ပုညအမတ်အား ကင်းမော်အနောက် ရွှေကြာအင်း၌ ရေနှစ်၍ သတ်စေရာ မြတ်စွာဘုရား၏ ဂုဏ်တော် တန်ခိုးတော်ကြောင့် ပုညအမတ်သည် မည်သို့မျှ မဖြစ်ချေ။ အသင်္ခယာ စောယွန်းမင်းသည် အမတ်မင်း ပုည၏ အံ့သြဖွယ်ရာအဖြစ်ကို တွေ့မြင်ရသော် ကြည်ညိုသဒ္ဓါဖြစ်ပေါ်လာပြီး သက်တော်ရှည်ဘွဲ့ကို ပေးသနားတော်မူလေသည်။

ပုညရှင်စေတီတော်ကို ရတနာပူရ အင်းဝမြို့ မပေါ်ပေါက်မီ သက္ကရာဇ် ၆၇၄ ခုနှစ်တွင် တည်တော်မူပြီး နှစ်ပေါင်း (၇၀၀) ကျော်ခဲ့ပြီဖြစ်ပါသည်။ အမတ်ကြီး ပုညမှ တည်ထောင်သော စေတီဖြစ်တော်မူ၍ "ပုညရှင်"ဟု ခေါ်ဆိုခဲ့ရာမှ အရေးတက်ချိန်တိုင်း နတ်သိကြားများက ဆွမ်းဦးကပ်လှူကြခြင်း၊ နှစ်စဉ် (ဝါဆိုလပြည့်နေ့တိုင်း) စစ်ကိုင်း



www.burmeseclassic.com

www.burmeseclassic.com





မြို့သူ မြို့သားများက သူ့ထက်ငါ ဆွမ်းဦး ဆွမ်းဖျားများကို ဦးစွာ ဆက်ကပ်ခြင်းကို အစွဲပြု၍ "ဆွမ်းဦးပုညရှင် စေတီတော်"ဟူ၍ ထင်ပေါ် ကျော်ကြားလာလေသည်။

### မင်းကွန်းမြို့သို့ ခရီးအစ

မင်းကွန်းသည် စစ်ကိုင်းမြို့နှင့် (၁၁)မိုင်ခန့်သာ ကွာဝေးသည်။ စစ်ကိုင်းသို့ ရောက်လျှင် မင်းကွန်းဒေသကို ချန်လှပ်ထား၍ မရချေ။ မင်းကွန်းဒေသတွင် ကမ္ဘာကျော် မင်းကွန်း ပုထိုးတော်ကြီး၊ ခြင်္သေ့ကြီး၊ ခေါင်းလောင်းကြီး၊ ကြက်ထောင့် ကန်တော်ကြီးနှင့် မင်းကွန်း တိပိဋက ဆရာတော်ကြီးဟူ၍ မင်းကွန်းမြေမှ ကြီးငါးကြီးမြေဟု အထင်ကရ ရှိပါသည်။ နေ့စဉ် နိုင်ငံခြားသားများ၊ ကမ္ဘာလှည့် ခရီးသည်များ သွားရောက်လေ့လာ မှတ်တမ်းတင်သော ယဉ်ကျေးမှုနယ်မြေတစ်ခုဖြစ်သည်။ မင်းကွန်းဆရာတော်ကြီးအား ဗုဒ္ဓဘာသာဝင်ဟူသမျှ မသိသူ မရှိချေ။

### မင်းကွန်းဆရာတော်

ဆရာတော်လောင်းလျာကို သက္ကရာဇ် ၁၂၇၃ ခု၊ တန်ဆောင်မုန်းလဆန်း ၁၁ရက်၊ ဗုဒ္ဓဟူးနေ့တွင် ခမည်းတော် သူကြီး ဦးခုံ၊ မယ်တော် ဒေါ်ဆင်တို့မှ မြင်းခြံမြို့နယ်၊ ကျည်းပင်ရွာ၌ မွေးဖွားတော်မူခဲ့သည်။ အသက် ၁၀ နှစ်သား အရွယ်တွင် ရှင်သာမဏေပြုပြီး ၁၃နှစ်သားအရွယ်တွင် မြင်းခြံမြို့ ဝိနည်းစာပြန်ပွဲတွင် သဒ္ဒါကြီး ရှစ်စောင်၊ သင်္ဂြိုဟ် ကိုးပိုင်းတို့ကို စာချဆရာတော်ကြီးများ အံ့သြလောက်အောင် ပြန်ဆိုနိုင်ခဲ့သည်။

၁၉နှစ်သားအရွယ်တွင် မင်းကွန်းတောင်ရိုး၊ ဓမ္မနာဒ ကျောင်းတိုက်သို့ ရောက်တော်မူပြီး ၁၂၉၂ ခု၊ နယုန်လဆန်း ၆ရက်နေ့တွင် ငွေတောင်တောရ ရွှေကျင်တိုက် ခဏ္ဍသိမ်၌ ဓမ္မနာဒဆရာတော်ကြီး ဘဒ္ဒန္တပညာစက္က၌ ကို ဥပဇ္ဈာယ်ပြုလျက် သစ္စာဝါဒီကျမ်းပြုသူ ဒေါ်ဓမ္မစာရီနှင့် သူဌေးကြီး ဆြာဦးသွင်၊ ဒေါ်သိန်းတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူတော်မူပြီး မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်တော်မူခဲ့သည်။

၁၂၉၉ ခုနှစ်တွင် ဓမ္မနာဒဆရာတော်ကြီး ပျံလွန်တော်မူသဖြင့် ကျောင်းတိုက်၏ မဟာနာယကဖြစ်တော်မူခဲ့သည်။ ၁၃၁၅ခုနှစ်၊ သက်တော် ၄၂နှစ်တွင် တိပိဋက ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တော်ကို ပထမဆုံးအကြိမ် ရတော်မူခဲ့သည်။ မင်းကွန်းဆရာတော်ဘုရားကြီးသည် စာမျက်နှာ ငါးထောင်ရှိသော မဟာဗုဒ္ဓဝင်ကျမ်းကြီးကို ရေးသားတော်မူခဲ့သည်။ မင်းကွန်းတောင်ရိုးတွင် တိပိဋကနိယာမ ကျောင်းတိုက် ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com



တိပိဋကကျောင်း၊ ပြင်ဦးလွင်မြို့နယ်တွင် တိပိဋက သာ ကျောင်းတိုက်ဝန်ကို တည်ထောင်ဖော်မူပြီးသည့် ရန်ကုန်၊ မန္တလေးမြို့ကြီးများတွင် ပရိယတ္တိ သာသနာ သိုလ်ကြီးများကို တည်ထောင်တော်မူခဲ့သည်။

၁၃၅၄ ခုနှစ်၊ တပို့တွဲလဆုတ် ၃ရက်နေ့တွင် မင်း ဆရာတော်ဘုရားကြီးသည် တစ်ဘဝခန္ဓာ ချုပ်ငြိမ်းတော် သည်။

မင်းကွန်းဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိ ပညာဂုဏ်တို့ကို မမေ့ရန် ၁၃၅၅ ခုနှစ်၊ ပထမဝါဆို န်း ၃ရက်နေ့တွင် မင်းကွန်းတိပိဋကဓရ လွမ်းစေတီ ကို အုတ်မြစ်ချ တည်ထားခဲ့ပြီး ၁၃၅၆ ခုနှစ်၊ တန် င်မုန်းလဆန်း ၁၁ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။

## မင်းကွန်းခေါင်းလောင်းကြီး

မင်းကွန်းခေါင်းလောင်းကြီးသည် မြန်မာပြည်တွင် ကြီးဆုံး ခေါင်းလောင်းကြီးဖြစ်သည်။ မင်းကွန်းခေါင်း င်းကြီးကို ၁၁၇၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၅ရက်နေ့ ဘိုးတော်ဘုရားလက်ထက်၌ ပန်းတဉ်းဝန် မဟာနန္ဒ သူ ဦးစီး၍ သွန်းလောင်းစေခဲ့သည်။ ခေါင်းလောင်းကြီးကို သွန်းလုပ်ရာတွင် ကြေးပိဿာချိန်ပေါင်း (၅၅၅၅၅၅) ပိဿာချိန်ရှိ၍ လွယ်ကူစွာ မှတ်သားနိုင်ရန် မင်းဖြူမှန်မှန် ပြောဟု ခေါ်တွင်ကြသည်။ ခေါင်းလောင်းကြီးကို စွန်းလွန်းရွာ တွင် သွန်းလုပ်ပြီး မင်းကွန်းတစ်ဖက်ကမ်းသို့ သယ်ဆောင် လာခဲ့ခြင်းဖြစ်သည်။

ခေါင်းလောင်းကြီး၏ အတိုင်းအတာများမှာ -

(၁) အဝအချင်း ၁၆ ပေ၊ ၉ လက်မ
(၂) လုံးပတ်အောက်အစွန်း ၅၁ ပေ၊ ၃ လက်မ
(၃) စောက် ၂၀ ပေ၊ ၃ လက်မ
(၄) အထု ၁ ပေ၊ ၇ လက်မ
(၅) အမြင့် ၂၇ ပေ၊ ၈ လက်မ

(ဆွဲကွင်းမှ အောက်စွန်းအထိဖြစ်သည်။ ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံး ခေါင်းလောင်းကြီးဖြစ်ပါသည်။)

## ပုထိုးတော်ကြီး

မင်းကွန်း ရှေးဟောင်း ပုထိုးတော်ကြီးကို သက္ကရာဇ် ၁၁၅၂ ခုနှစ်၊ တပို့တွဲလဆန်း ၅ရက်နေ့တွင် ဘိုးတော်ဘုရား ခေါ် ပဒုံမင်းလက်ထက်တွင် တည်ထားခဲ့သည်။ မူလ ဗိသုကာ တော်အချင်းမှာ (၂၉၃)တောင်၊ စေတီတော် ဉာဏ်တော်

www.burmeseclassic.com

www.burmeseclassic.com



အမြင့်မှာ (၂၅၂)တောင်ရှိသော ပုထိုးတော်ကြီးကို တည်ထားရန် ရည်ရွယ်ခဲ့သော်လည်း ထုထည်ကြီးမားလွန်းလှသဖြင့် အပြီးမသတ်နိုင်ချေ။ ၁၁၇၄ ခုနှစ်တွင် တည်ဆောက်မှု ရပ်တန့်ခဲ့လေသည်။

အချို့က ကြီးလေးကြီး အခုံးမသတ်၊ မုဆိုး သုညဖာပ်ဟူသော တဘောင်စကားပေါ်လာသဖြင့် တည်ဆောက်မှု ရပ်တန့်လိုက်သည် ဆို၏။ ယခုလက်ရှိ စတုရန်းပေ (၄၅၀) ပေရှိ၍ အမြင့်မှာ (၁၆၂)ပေ ရှိပါသည်။ သက္ကရာဇ် ၁၂၀၀ ပြည့်နှစ်တွင် မြေငလျင်လှုပ်ခတ်မှုဒဏ်ကြောင့် ပုထိုးတော်ကြီး၏ အချို့နေရာများ ကွဲအက်ပြိုကျ ပျက်စီးခဲ့ရသည်။ ပုထိုးတော်ကြီးကို ရှေးဟောင်း အံ့ဖွယ်အမွေအနှစ်ဖြစ်၍ မြန်မာနိုင်ငံသားများသာမက၊ နိုင်ငံခြားသားများလည်း လာရောက် လေ့လာ ဖူးမြော်ကြပါသည်။

စာရေးသူသည် မှတ်တမ်းဓာတ်ပုံများကို ရိုက်ကူးပြီး ကားရှိရာ နေရာသို့ ပြန်လာခဲ့ပါသည်။

◈◈◈

နောက်တစ်နေ့ (၂၀-၉-၂၀၁၅) ရက်နေ့တွင် ထိုင်းနှင့်မြန်မာ ပူးပေါင်း၍ ဆွမ်းကြီးလောင်းပွဲရှိပါသဖြင့် ထိုနေ့တွင် စောစွာ မန္တလေးမြို့ရှိ တည်းခိုရာ တကောင်းကျောင်းသို့ ပြန်ရောက်လာခဲ့ကြပါသည်။

၂၀-၉-၂၀၁၅ ရက်နေ့ နံနက် ၆နာရီအချိန်တွင် သံဃာတော်များသည် သတ်မှတ်ထားသော နေရာတွင် နေရာယူပြီး ထိုင်း-မြန်မာ နှစ်နိုင်ငံ သံဃာတော်များသည် ပရိတ်တရားတော်များကို ရွတ်ဖတ် သရဇ္ဈာယ်ပြီးနောက် ဆွမ်းဆန်စိမ်းလောင်းလှူမှု ခံယူခဲ့ကြပါသည်။ သံဃာတော်အားလုံးသည် အလှူခံရရှိသော ပစ္စည်းများကို မြကျောက်ဆရာတော်ကြီး၏ အစီအစဉ်ဖြင့် ရေဘေးဒုက္ခသည်များအား လှူဒါန်းခဲ့ကြပါသည်။

ဤဆွမ်းဆန်စိမ်း လောင်းလှူပွဲသို့ လိုက်ပါနိုင်ရန် အကူအညီပေးခဲ့သော ဒေါ်နန်းအေးအေးမျိုး(ဥပဒေအရာရှိ ရေးမြို့) နှင့် မိခင်ကြီး ဒေါ်ထွေးကို လည်းကောင်း၊ ခရီးသွား တာဝန်ခံ ဦးဇော်ဝင်းကို လည်းကောင်း ကျေးဇူးအထူးတင်ကြောင်း မှတ်တမ်းတင်အပ်ပါသည်■

ပေါ်လွှင်ဦး (ရေး)

*****

www.burmeseclassic.com

www.burmeseclassic.com

(ကြော်ငြာဆောင်းပါး) တိုင်းရင်းဆေးဝါးမှတ်ပုံတင် 1111YR 007860
ထုတ်လုပ်ခွင့်လိုင်စင် 2/2009 တဆထလ(တိုး) ၁၀၂၄

**ဆီးရောဂါမှန်သမျှ သက်သာပျောက်ကင်းချမ်းသာစေရမည် ကိန္နရီ**

# ကိန္နရီ အမှတ်တံဆိပ် ကြက်လည်ဆံဆီးဆေး




လဆန်းပိုင်းရောက်တိုင်း လေထန်ကုန်းတွင် ရေးဖော် စာရေးဆရာများ ဆုံကြသည်။ ကိုမင်းဆွေ၊ ကိုသီဟ၊ ကိုကျော်လှိုင်ဦးတို့ကို တစ်ဝိုင်းတည်းတွင် တွေ့ရှိရသည်။ ကိုမင်းဆွေက···

"လာ···ထိုင်၊ ကိုဇော်ရဲနိုင်။ မတွေ့ရတာ ကြာပြီ၊ ခုပဲ ခင်ဗျားအကြောင်းပြောနေကြတာ။ ခင်ဗျားက တိုင်းရင်းဆေး အတွေ့အကြုံရှိသူဆိုတော့ ကျွန်တော်တို့သုံးယောက် ခံစားနေရတဲ့ ဝေဒနာအတွက် အကူအညီတောင်းချင်လို့ပါ"

"ဘဝတူ ရေးဖော်တွေအတွက် တတ်နိုင်သလောက် လိုအပ်တဲ့ အကူအညီပေးဖို့ အသင့်ပါပဲဗျာ"

"ဒီလိုပါ၊ ကျွန်တော်တို့သုံးယောက် ဆီးနဲ့ ပတ်သက်တဲ့ ဝေဒနာတွေ ခံစားနေရတယ်။ ဒါပေမဲ့ ဖြစ်စဉ်တူသလိုလိုနဲ့ နည်းနည်းကွဲပြားနေတယ်ဗျ"

"ဒါဖြင့် ကျွန်တော့်ဆီးရောဂါနဲ့ ပတ်သက်တဲ့ ဖြစ်စဉ်လက္ခဏာတွေ ပြောပြမယ်။ ဘယ်သူက ဘယ်လိုလက္ခဏာတွေ ရှိတယ်ဆိုတာ ကျွန်တော့်ကို ပြောပြပြီးမှ ဘာဆက်လုပ်ရမယ်ဆိုတာ ပြောပါမယ်။ နေပူမိုးရွာမရှောင်သွားတဲ့သူတွေ အပူအစပ် အဖန် ချဉ်စာတွေ လွန်ကဲစွာ စားတဲ့သူတွေ၊ မေထုန်မှု လွန်ကဲသူတွေ၊ အညောင်းထိုင်မှု များတဲ့သူတွေဟာ ဆီးပူညောင်းကျ ရောဂါဖြစ်တတ်တယ်။ ဆီးပူညောင်းကျရောဂါလက္ခဏာတွေက ကျင်ချောင်းအတွင်း ပိုးကောင်လေးများ သွားနေသလို ရွစိရွစိဖြစ်ပြီး ယားတတ်တယ်။ တစ်ပတ်ခန့်ကြာရင် ဆီးထဲမှာ ကစီရည်လို ကျလာတတ်တယ်။ ရေသောက်နည်းတဲ့သူတွေ၊ အပူအစပ်စားလွန်းတဲ့သူ၊ သုက်ထိန်းတဲ့သူတွေ ဆီးကျိတ်ရောင်ရောဂါဖြစ်တတ်တယ်။ ဆီးကျိတ်ရောင်ရောဂါလက္ခဏာတွေက ဆီး မကြာခဏ သွားပေမယ့် ဆီးတစ်စက်တစ်စက်ကျတတ်ပြီး ဆီးသွား အားမရခြင်း၊ ဆီးကျန်ခြင်း၊ ကျင်ချောင်း ယားယံခြင်း လက္ခဏာတွေ ခံစားရတတ်တယ်။ ဆီးအောင့် ဆီးချုပ်ရောဂါကို အခြေခံပြီး သည်းခြေ၊ လေ ဒေါသနှစ်ပါးကြောင့် သလိပ်ဒေါသလွန်ကဲတဲ့ ကျင်ငယ်နဲ့ သုက်ဓာတ်တွေဟာ ကျောက်ကပ်က စပြီး ဆီးအိမ်တိုင်အောင် တော်ရည်လိုဖြစ်တဲ့ရောဂါကို ဆီးကျောက်ရောဂါလို့ ခေါ်တာပဲ။ ကျောက်တည်ရောဂါဖြစ်တော့မယ့်သူရဲ့ ဆီးဟာ ဆိတ်ကျင်ငယ်ရည်လို အနံ့ဆိုးခြင်း၊ ဝမ်းဗိုက်တင်းရောင်ခြင်း၊ ခက်ခဲစွာ ဆီးသွားရခြင်း၊ ဆီးသွားစဉ် နာကျင်ခြင်း၊ အစားအစာစားချင်စိတ်မရှိခြင်း စတဲ့ လက္ခဏာတွေရှိနေတတ်တယ်။ ကဲ- ခင်ဗျားတို့ ဘယ်လိုခံစားနေကြရတယ်ဆိုတာ ပြောပြကြပါ"

ကိုမင်းဆွေက ဆီးပူညောင်းကျရောဂါလက္ခဏာနဲ့ တူကြောင်း၊ ကိုသီဟက ဆီးကျိတ်ရောင်ရောဂါလက္ခဏာနဲ့ တူပြီး ကိုကျော်လှိုင်ဦးက ဆီးကျောက်တည်ရောဂါလက္ခဏာနဲ့ တူကြောင်း ပြောပြကြပြီး ···

"ကဲ - ကျွန်တော်တို့ ဘယ်ဆေးစားပြီး ဘာဆက်လုပ်ရမယ်ဆိုတာ ကိုဇော်ရဲနိုင် ညွှန်ပြပေးပါဦး"

"ခုလောလောဆယ်တော့ ကိန္နရီအမှတ်တံဆိပ်ကြက်လည်ဆံဆီးဆေးပြားကို နီးစပ်ရာ မြန်မာဆေးမျိုးစုံဆိုင်များမှာ ဝယ်ယူသောက်လိုက်ပါ။ ကိန္နရဝတီဆေးတိုက်က ထုတ်တဲ့ ကိန္နရီအမှတ်တံဆိပ် ကြက်လည်ဆံ ဆီးဆေးပြားဟာ ဆီးချိုရောဂါ၊ ဆီးကျောက်တည်ရောဂါ၊ ဆီးဝါ၊ ဆီးနီခြင်း၊ ဆီးအလွန်နည်းခြင်း၊ ဆီးအလွန်များခြင်း၊ ဆီးမထိန်းနိုင်ခြင်း၊ ဆီးကျဉ် ဆီးအောင့်ခြင်း၊ ဆီးလမ်းကြောင်းပိတ်ပြီး ဆီးမသွားနိုင်ခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ သုက်လွှတ်မြန်ခြင်း၊ ဆီးရောဂါကြောင့် မျက်စိမှုန် ပြာဝေခြင်းနဲ့ ဆီးကျိတ်ရောင်ရောဂါတွေကို သက်သာပျောက်ကင်းစေတယ်ဗျ။ ကျွန်တော့်မိတ်ဆွေ ဆရာ ဦးလှိုင်မြင့်က ကြက်လည်ဆံ ဆီးဆေးထုတ်လုပ်တဲ့အပြင် အကြောရောဂါနဲ့ ဆီးရောဂါတွေကို ဦးစားပေးကုသနေတာဆိုတော့ အဲဒီ ဆရာ ဦးလှိုင်မြင့်ရှိတဲ့ ကိန္နရဝတီဆေးတိုက်ကို သွားပြီး ဆရာနဲ့တိုင်ပင်၊ ဆေးစား ဆေးကုသရင် ခင်ဗျားတို့ ခံစားနေရတဲ့ ဝေဒနာတွေ ထိထိရောက်ရောက် သက်သာပျောက်ကင်းသွားမှာပါ။ ကိန္နရီအမှတ်တံဆိပ် ကြက်လည်ဆံ ဆီးဆေးရဲ့ ဆောင်ပုဒ်လည်း မှတ်ထားဦးဗျို့၊ ဆီးရောဂါမှန်သမျှ ပျောက်ကင်းချမ်းသာစေရမည် ··· ကိန္နရီ ···တဲ့ဗျ။"

**ပင်ရင်းဌာန- ကန္နရဝတီဆေးတိုက်**

အမှတ် (၇၄၁)၊ ဓနသိဒ္ဓိလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ကမ္ဘာအေး)၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၃၁-၄၀၃၇၉

www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com

ကျွန်းကာတုတ်ရွာသည် မြို့နှင့် မိုင်ကျော်ဝေးသော ကားလမ်းဘေးရှိ ရွာတစ်ရွာဖြစ်သည်။ ဦးသာဒွန်းနှင့် ဒေါ်ကြွယ်တို့သည် ကျွန်းကာတုတ်ရွာ၏ လူချမ်းသာစာရင်းဝင်များဖြစ်သည်။ လယ်ဧက ၅၀ ကျော်ပိုင်ဆိုင်သဖြင့် ရွာမျက်နှာဖုံး လူကုံထံများဟု ဆိုနိုင်သည်။ သူတို့တွင် "မရွှေစင်"ဟူသော သမီးကလေးတစ်ဦးရှိ၏။ ရုပ်ရည်ချောမောလှပသလို၊ မိဘစကားလည်း နားထောင်သည့် သမီးဖြစ်သည်။ ချမ်းသာသော မိသားစုမှ ပေါက်ဖွားလာသော တစ်ဦးတည်းသော သမီးလေးဖြစ်သော်လည်း ရုပ်ရှာမလေ့ ကောက်စိုက်၊ မြက်နုတ်၊ ပေါင်းထိုး စသည့် အလုပ်များကို မရွှေစင် ကျွမ်းကျွမ်းကျင်ကျင်လုပ်တတ်ပါ၏။ ပိုင်ရှင်ကိုယ်တိုင်က အလုပ်ကို နားလည်ပါမှ အလုပ်သမားများကို ခိုင်းရာတွင် အဆင်ပြေမည်ဖြစ်သဖြင့် မိဘများက မရွှေစင်လေးကို အလုပ်လုပ်တတ်အောင် လုပ်စေခဲ့သည်ပင် ဖြစ်သည်။

သို့သော် ကျေးတောသူ ကွမ်းတောင်ကိုင် မရွှေစင်တစ်ယောက် လယ်ယာကိုင်းကျွန်းလုပ်ငန်းနှင့် ပတ်သက်၍ နားလည်သင့်သလောက် နားလည်ခဲ့ပြီဖြစ်သော်လည်း ထိုခေတ်က ကျေးရွာနေ အမျိုးသမီးများ တတ်မြောက်သင့်သည့် လက်ရက်ကန်းခတ်ခြင်းအတတ်ကို မတတ်မြောက်သေးပါ။ ရက်ကန်းခတ်အလုပ်ကို ထိုအချိန်က ပြည့်စုံချမ်းသာသူ မိဘများကသာ မိမိ၏ သမီးကလေးများကို လုပ်ကိုင်စေနိုင်သည်။ အကြောင်းမှာ ရက်ကန်းစင်နှင့် ချည်ဖိုးမှအစ ကုန်ကျစရိတ်ကို ငွေကြေးတတ်နိုင်သူများမှသာ ဝယ်ယူရင်းနှီးပေးနိုင်သောကြောင့်ဖြစ်သည်။

◈◈◈

ကျွန်းကာတုတ်ရွာတွင် "မောင်လူလု"ဟူသော ရိုးသား ကြိုးစားသည့် လူငယ်တစ်ဦးရှိသည်။ လူက ရိုးသားကြိုးစားသော်လည်း ဘဝက နံချာ၍ ဆင်းရဲရှာသည်။ မိဘနှစ်ပါး မရှိတော့ဘဲ ဦးကြီး၊ ဒေါ်ကြီးများက ကျွေးမွေးစောင့်ရှောက်ခဲ့သောကြောင့်သာ လူလားမြောက်ခဲ့ရသူဖြစ်သည်။ မောင်လူလုသည် ငယ်ငယ်ကတည်းက အလုပ်မရွေး လုပ်ကိုင်ခဲ့သဖြင့် ကျေးရွာနေသူများ၏ အလုပ်မှန်သမျှ ကျွမ်းကျင်သည်။ လယ်ယာလုပ်ငန်းကို ကျွမ်းကျင်စွာ လုပ်ကိုင်တတ်၍ သူ့အား သူရင်းငှားအဖြစ် ငှားလိုသူ ပေါ်များလှ၏။ ထိုသို့ ငှားရမ်းလိုသူ ပေါ်များသည့် အထဲမှ ဦးသာဒွန်းနှင့် ဒေါ်ကြွယ်တို့ အိမ်တွင် မောင်လူလု သူရင်းငှားလုပ် ဖြစ်ခဲ့ပါသည်။

> ထူးခြားသည်မှာ လပြည့်ညရောက်တိုင်း ဦးသာဒွန်းတို့ လယ်တော ထန်းပင်ဆီမှ အမျိုးသားနှင့် အမျိုးသမီး ခပ်တိုးတိုး စကားသံများကို ကြားရတတ်သည်။ ယောကျ်ားနှင့် မိန်းမသဏ္ဌာန် အရိပ်များတွေ့ရပြီး ညဉ့်နက်ပိုင်းရောက်မှ ပျောက်သွားတတ်သည်ဟု ဆိုကြသည်။ လူ့ဘဝတွင် မပေါင်းဆုံခဲ့ရသော ချစ်သူနှစ်ဦးသည် ဝိညာဉ်ဘဝများဖြင့်. . . .

မောင်လူလုသည် လယ်ယာလုပ်ငန်းအပြင် အခြားလုပ်ငန်းတစ်ခုကို ထူးခြားစွာ တတ်မြောက်ထားခဲ့သေးသည်။ ၎င်းမှာ ကျေးရွာများတွင် အမျိုးသမီးအချို့သာ တတ်သည့် လက်ရက်ကန်းခတ်ခြင်းအတတ် ဖြစ်သည်။ မောင်လူလု၏ ရိုးသားအေးဆေးမှု၊ အလုပ်အပေါ် စေတနာထား လုပ်ကိုင်တတ်မှုတို့ကို သိသော ဦးသာဒွန်းနှင့် ဒေါ်ကြွယ်တို့က သမီး မတတ်မြောက်သေးသော ရက်ကန်းခတ်အလုပ်ကို မောင်လူလုနှင့် သင်ခိုင်းခဲ့ပါသည်။

မရွှေစင်၏ စိတ်ပါဝင်စားစွာ သင်ယူမှု၊ မောင်လူလု၏ စေတနာပါပါ သင်ကြားပေးမှုတို့ကြောင့် သိပ်မကြာသော ကာလမှာပင် မရွှေစင် ရက်ကန်းကောင်းကောင်းခတ်တတ်ခဲ့ပြီ။ မရွှေစင်၏ ရက်ကန်းစင်မှ ပထမဆုံး ကျလာသော ပုဆိုး၊ လုံချည်များသည်ပင် ဦးသာဒွန်းနှင့် ဒေါ်ကြွယ်တို့ ခါးပေါ်နေရာယူထားပြီ။ ဦးသာဒွန်းတို့ လင်မယားမှာ သမီးကလေး၏ လက်ရာ လုံချည်များကို ဝတ်ဆင်လျက် ကျေနပ်ပီတိပြုံးတို့နှင့်အတူ ခေါင်းတမော့မော့ ရှိနေခဲ့သည်။

သို့သော် ဦးသာဒွန်းတို့ လင်မယားထံမှ ထိုပီတိပြုံးများသည် သမီးလေး မရွှေစင်ကြောင့်ပင် ပျက်ပြယ်သွားခဲ့ရသည်။

◈◈◈

တစ်နေ့ ဦးသာဒွန်းတို့လင်မယား ဥပုသ်ကျောင်းမှ ပြန်အလာ၊ ကြားသိလိုက်ရသော သတင်းစကားကြောင့်



www.burmeseclassic.com

www.burmeseclassic.com

ဥပုသ်ကိုပင် မထိန်းနိုင်တော့ဘဲ ဒေါသ ပုန်ထခဲ့လေတော့သည်။ သတင်းက တော့ သူဌေးသမီးလေး မရွှေစင်နှင့် သူရင်းငှားလေး မောင်လှူလှုတို့ ချစ်ကြိုက်နေပြီဆိုသော သတင်းဖြစ်သည်။

"ငါ့သမီးလေး တော်လှ တော်လှနဲ့ ချီးကျူးလိုက်ရတာ၊ ခုတော့ ယောက်မ မြင်းစီးပြတာပေါ့လေ။ ညည်းမို့ ဒီလို ဆင်းရဲတဲ့ ကိုယ့်အိမ်က သူရင်းငှားကို ကြိုက်တယ်ဆေ မိုက်လိုက်တာ"

မိခင်ဖြစ်သူ ဒေါ်ကြွယ်က ရင်ဘတ် စည်တီး ခုန်ပေါက်၍ သမီးကို ဒေါသတကြီး ဆူပူမာန်မဲလေတော့သည်။ ဖခင်လုပ်သူက သမီးကို တိုက်ရိုက် ဆူပူမာန်မဲခြင်းမလုပ်သော်လည်း ဆုံးဖြတ်ချက်တစ်ခုကိုတော့ ချလိုက်သည်။ သမီးကောင်းစားရေးအတွက် အစီအစဉ်များ အမြန်ဆုံး ရေးဆွဲ အကောင်အထည်ဖော်ရမည်။

ထိုအစီအစဉ်များမှ တစ်ခုကတော့ ဒီနှစ် လယ်ရာသီချိန်မှစ၍ မောင်လှူလှုကို သူရင်းငှားအဖြစ် မငှားတော့ကြောင်း ပြတ်ပြတ်သားသားပြောဆို၍ အလုပ်ထုတ်လိုက်ခြင်းပင် ဖြစ်သည်။

မောင်လှူလှု၏ ဦးကြီး၊ ဒေါ်လေးများမှာ ဆင်းရဲသူများဖြစ်၍ ဦးသာဇွန်းတို့အား ပြန်လှန်မပြောခဲ့သော်လည်း တူဖြစ်သူ မောင်လှူလှုကိုတော့ ဆုံးမစကား၊ နှစ်သိမ့်စကားပြောခဲ့ရသည်။ မိမိတို့ဘဝက ရိုးသား ကြိုးစားမှုကလွဲ၍ ပြည့်စုံကြွယ်ဝမှု မရှိလေသည်မို့ သည်းခံရုံမှတစ်ပါး အခြားမရှိပါ။

မရွှေစင်၏ မိဘများက သမီးနှင့် မောင်လှူလှုကို သဘောမတူကြောင်း အတိအလင်းကြေညာခဲ့သည်။ သို့ရာတွင် နောက်ထပ် မည်သည့်အစီအစဉ်မျှ အကောင်အထည်ပေါ်မလာသေးသဖြင့် ချစ်သူနှစ်ဦးအဖို့ တစ်မျိုးတော့ စိတ်ချမ်းသာရ၏။ သို့သော် လုံးဝတော့ စိတ်မအေးနိုင်ကြပေ။ တစ်နေ့ ဘာဖြစ်မလဲဆိုသော စိုးရိမ်စိတ်တို့က ကြီးစိုးလာပြန်သည်။



စိုးရိမ်စိတ်များကြားမှပင် ဦးသာဇွန်းတို့ လယ်တောရှိရာ ထန်းပင်ကြီးအောက်တွင် ချစ်သူနှစ်ဦး ချိန်းတွေ့ကြမြဲဖြစ်သည်။ ချစ်ခင် သံယောဇဉ်ကြောင့် နှစ်ဦးသား တွေ့နေကြသော်လည်း ဖြစ်စင်သော အချစ်များဖြင့်သာ ချစ်နေကြခြင်းဖြစ်သည်။ အချစ်နယ်ကျွံမှု လုံးဝ မဖြစ်ခဲ့သလို နှစ်ဦးစလုံးလည်း ကြိုးစား စောင့်ထိန်းနိုင်ကြသည်။ သူတို့နှစ်ဦး တွေ့ဆုံဖြစ်သောအချိန်သည် အများအားဖြင့် လပြည့်ည စောစောပိုင်းအချိန်များဖြစ်သည်။

◈◈◈

တစ်နေ့...

ထိုနေ့မှာ မောင်လှူလှု အသည်းကြေမွခဲ့ရသောနေ့ဖြစ်သည်။ ထိုနေ့တွင် မရွှေစင်၏ မိဘများက သမီးကို တစ်ဖက်ရွာမှ သူတို့လို လယ်ပိုင်ယာပိုင် ချမ်းသာသည့် သူဌေးသား တစ်ဦးနှင့် စေ့စပ်တော့မည်ဟု သိခဲ့ရသည်။ မရွှေစင်က လက်မခံဘဲ ငြင်းပယ်နေဆဲဟု သိရသဖြင့် စိတ်အားငယ်မိသေးသော်လည်း သူတို့နှစ်ဦး ဆုံနိုင်ခွင့်ကတော့ သိပ်မလွယ်လှပါ။

နှစ်ရက်ခန့်အကြာ ကျွန်းကတုတ်တစ်ရွာတည်းနေ မခင်တုတ် ယူဆောင်လာသော မရွှေစင်၏ စာကို မောင်လှူလှု လက်ခံရရှိသည်။ အဖေနှင့် အမေက တစ်ဖက်ရွာက သူဌေးသားနှင့် ပေးစားရန် စီစဉ်နေကြောင်း နှစ်ဦးသား နီးပြေးကြရန် လပြည့်နေ့ည ၁၂နာရီတွင် တွေ့နေကျ ထန်းပင်အောက်တွင် စောင့်နေစေလိုကြောင်း ရေးထားသည်။ စာရပြီးပြီးချင်း မောင်လှူလှု အကြံအိုက်နေသည်။ ချစ်သူက တကယ်လာနိုးပါ ဆိုသော့ ဖြစ်မှုဖြစ်ပါ့မလားဟု ပူပန်နေမိသည်။ နောက်ဆုံးတော့လည်း မိန်းကလေးက လိုက်ခဲ့ပါမည် ရွှေနှယ်မို့ ရယ်ဆိုလာမှတော့ လူဆိုးတွေနှင့်လည်း တိုင်ပင်စရာ မလိုတော့ပါ။ သွားမည်ဟု ရင်ဆိုင်လိုက်တော့မည်ဟု မောင်လှူလှု



www.burmeseclassic.com

အားတင်း ဆုံးဖြတ်လိုက်သည်။

◈◈◈

သို့သော် လပြည့်နေ့ညက သန်းခေါင်ကျော် နှစ်ချက်တီးချိန်အထိ မောင်လှလုတစ်ယောက် ထန်းပင်အောက်မှာ စောင့်နေသော်လည်း ချစ်သူက ပေါ်မလာခဲ့ပါ။

နံနက်ရောက်မှ အကြောင်းစုံ သိရသည်က ညက မရွှေစင် အထုပ်နှင့်အတူ ခိုးအထွက် မိဘများက သိသွားခဲ့သည်ဆိုခြင်းပင်။

ထိုနေ့မှစ၍ ဦးသာဒွန်းတို့ လင်မယားက သမီးကို နေ့ရော ညပါ အလစ်မပေးတော့သဖြင့် မရွှေစင်အဖို့ ရုပ်သာ မလွန့်သာအခြေအနေဖြစ်နေခဲ့သည်။ နေ့တိုင်း အိပ်ရာထဲမှာ မျက်ရည်နှင့် မျက်ခွက် မပြတ်ဖြစ်နေသော မရွှေစင်ကို မိဘများက မသနားသည့်အပြင် နှစ်သိမ့်မှုလည်း မပေးခဲ့ပါ။ မောင်လှလုခမျာမှာလည်း ချစ်သူနှင့် တွေ့ခွင့်ရမည့် ရင်တွင်း ဝေဒနာကို မချင်း အပူရုပ်ကို ဟန်လုပ်ကာ အိမ်ရေး ရွာရေးကိစ္စများကိုသာ ဖိလုပ်နေခဲ့သည်။

◈◈◈

ကြမ္မာငင်သောနေ့။

နံနက်ပိုင်းတွင် မောင်လှလုသည် ရွာထဲမှ အိမ်တစ်အိမ်၌ အိမ်ခေါင်မိုး မိုးပေးနေခဲ့သည်။ အိမ်ခေါင်မိုး တညီမိုးသူ အခြားလူငယ်များမှာ ပြောင်းချင်း နောက်ပြောင်ကျီစယ် ပြောနေကြသော်လည်း မောင်လှလုကတော့ မည်သူ့ကိုမျှ စကားမဆိုဘဲ အလုပ်သာ ဖိလုပ်နေ၏။ ထိုစဉ် ရွာထဲသို့ သတင်းဆိုးတစ်ခုပျံ့နှံ့လာခဲ့သည်။

မရွှေစင်သည် ပိုးသတ်ဆေးများ သောက်ချလိုက်သဖြင့် ယခု မြို့နယ်ဆေးရုံသို့ အမြန်ဆုံး တင်ဆောင်သွားပြီဟူသော သတင်း။

ဤသတင်းကို ကြားသည်နှင့် စောစောက စကားမပြောဘဲ ငြိမ်နေသော မောင်လှလုသည် အိမ်ခေါင်မိုးပေါ်မှ ခုန်ဆင်းကာ အိမ်သို့ ပြန်ရင်းခဏချင်း ပျောက်သွား၏။

သွားလာလှုပ်ရှားပုံ ထူးခြားနေသော မောင်လှလုကို မြင်သည့် အိမ်နီးချင်းများက ဂရုထားကြည့်မိရာ အိမ်ထဲမှ ပိုးသတ်ဆေးပုလင်းတစ်လုံးကို ယူသွားသဖြင့် သူ့ထံမှ အတင်းဝိုင်းလုယူကြ၏။

မိမိလုပ်ချင်သလို လုပ်ခွင့်မသာသော မောင်လှလုသည် နောက်ထပ်ပိုးသတ်ဆေးပုလင်းတစ်လုံးယူလာပြီး အိမ်သာအတွင်းဝင်ကာ အထဲမှ တံခါးဂျက်ကို ထိုးထားလိုက်လေသည်။ ဘေးလူများက အိမ်သာတံခါးကို ရိုက်ဖွင့်တားဆီးကြသော်လည်း တံခါးပွင့်သွားချိန်မှာ မောင်လှလု ဆေးများ သောက်ပြီးသွားချေပြီ။

မောင်လှလုကို ဆေးရုံသို့ အမြန်ဆုံးတင်ပို့ကြစဉ် လမ်းတစ်ဝက်မှာပင် အသက်ဆုံးသွားရှာသည်။ ထိုစဉ် ဆေးရုံရောက်ပြီး ဆုံးသွားသော မရွှေစင်အလောင်းကို ပြန်သယ်လာသည့် လှည်းနှင့် လမ်းမှာ ဆုံမိကြသည်။ မောင်လှလုက ဆေးရုံမှ ပြန်လာသည့် မရွှေစင်ကို လမ်းမှ ဆီးကြိုနေသည်နှင့် ပင် တူနေတော့သည်။ နှစ်ဦးနှစ်ဖက် စလုံးမှ ဆွေမျိုးအသိုင်းအဝိုင်းများမှာ မျက်ရည်မိုး ဖြိုင်ဖြိုင်စွေခဲ့ကြရ၏။ အဖြစ်အပျက်တို့က မြန်ဆန်လွန်း၍ အံ့ဩတုန်လှုပ်ခြင်းနှင့်အတူ ယူကြုံးမရ ဖြစ်ကြရသည်။ ယခုတော့ ဘာမျှ မတတ်နိုင်ကြတော့။

နောက်မှ ရကြသော မိဘများ၏ နောင်တမှာလည်း နှောင်းခဲ့ချေပြီ။

မရွှေစင်နှင့် မောင်လှလုတို့၏ အဖြစ်ကို ကြားရသူတိုင်း ဝမ်းနည်းစိတ်မကောင်းဖြစ်ကြရသည်။ သူတို့နှစ်ဦးကတော့ တမလွန်ဘဝမှာ ပေါင်းကြလေမည်လား မသိ။

◈◈◈

ထိုနှစ်မှစ၍ မိုးရာသီတွင် ဦးသာဒွန်းတို့ ထန်းပင် လယ်တောဆီ၌ နံနက် ဝေလီဝေလင်းအချိန် တစ်ယောက်တည်း ကောက်စိုက်နေသော အမျိုးသမီးတစ်ဦးကို အခြား ကောက်စိုက်သမတို့ ခပ်လှမ်းလှမ်းမှ တွေ့ကြရသည်။ သို့ရာတွင် ၎င်းလယ်တောနားရောက်သောအခါ ထိုအမျိုးသမီးကို မတွေ့ရတော့ချေ။ ကောက်စိုက်နေသူအမျိုးသမီးပုံစံမှာ နောက်ခိုင်းအနေအထားနှင့် ဝတ်စားဆင်ယင်ပုံမှာ မရွှေစင် သေဆုံးစဉ်က ဝတ်စားထားသော အဝတ်များဖြစ်ကြောင်း မျက်မြင်တွေ့သူများက ပြောကြပါသည်။

နောက်တစ်ခု ထူးခြားသည်မှာ လပြည့်ညရောက်တိုင်း ဦးသာဒွန်းတို့ လယ်တော ထန်းပင်ဆီမှ အမျိုးသားနှင့် အမျိုးသမီး ခပ်တိုးတိုးစကားသံများကို ကြားရတတ်သည်။ ယောကျ်ားနှင့် မိန်းမသဏ္ဌာန်အရိပ်များ တွေ့ရပြီး ညဉ့်နက်ပိုင်းရောက်မှ ပျောက်သွားတတ်သည်ဟု ဆိုကြသည်။ လူ့ဘဝတွင် မပေါင်းဆုံခဲ့ရသော ချစ်သူနှစ်ဦးသည် ဝိညာဉ်ဘဝများဖြင့် ချစ်ခင်ပေါင်းသင်း ချစ်တင်းနှောနေကြခြင်း ဟုတ်,မဟုတ်ဆိုတာကတော့ . . . ■

(ယနေ့ခေတ် မိဘနှင့် သားသမီးများ သင်ခန်းစာယူနိုင်ရန် ရည်ရွယ်ပါသည်။)

ညွန့်ဝင်း (နတ်တလင်း)

*****



www.burmeseclassic.com

www.burmeseclassic.com

# ပရမတ်၏ ဒါန

**မဟာထွန်း**

ပညတ်ဟူ၍ လည်းကောင်း၊ ပရမတ်ဟူ၍ လည်းကောင်း။ ဗုဒ္ဓဘာသာဝင်တို့၏ လောကတွင် ကြားနေ၊ သိနေကြမြဲဖြစ်မည်ဟုထင်သည်။ သို့သော်လည်း ပညတ်၊ ပရမ်ဟူသော ဝေါဟာရကို ဝိပဿနာရှုပွားကြသည့် ယောဂီတို့၏ ပတ်ဝန်းကျင်၌သာ အသုံးများပြီး ဒါန၊ သီလ စသည်တို့၏ နယ်ပယ်တွင် ရှိမည်မဟုတ်ပေ။

၏ "ပရမတ်ဒါန"ဟူသော ခေါင်းစီးသည် ဝိပဿနာထဲမှ ထုတ်နုတ်၍ သုံးစွဲထားခြင်းလည်းဖြစ်၏။ ဝိပဿနာတရားတော်မြတ်ကို ပွားများအားထုတ်ကြသော ယောဂီအပေါင်းတို့သည် ပညတ်ကို ခွာ၍ ပရမတ် ခန္ဓာငါးပါးကို ပွားများ အားထုတ်ပါမှ မဂ်ဖိုလ်နိဗ္ဗာန်ကို ရကြမည်ဖြစ်သည်။

ပညတ်၊ ပရမတ် မကွဲဘဲ ဝိပဿနာတရားတော်ကို ပွားများ အားထုတ်၍လည်း မဂ်ဖိုလ်နိဗ္ဗာန်ကို မရနိုင်ပေ။ ပညတ်ကို ပညတ်ဟူ၍ လည်းကောင်း၊ ပရမတ်ကိုလည်း ပရမတ်ဟူ၍ လည်းကောင်း၊ ကွဲပြားခြားနားစွာဖြင့် နားလည်လျှင်ပင် ပါရမီဉာဏ်ရင့်သန်ကြသော ပုဂ္ဂိုလ်များသည် မဂ်ရဖိုလ်ရ ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်များ ဖြစ်သွားနိုင်လေသည်။ ထို့ကြောင့် ဝိပဿနာ ဓမ္မယောဂီများ ပညတ်၊ ပရမတ် ကွဲပြားခြားနားရန် အထူးအရေးကြီးလေသည်။

၏စာရေးသူမှာ ရဟန်းပုဂ္ဂိုလ်ဖြစ်သည့်အလျောက် မြတ်စွာဘုရားရှင် ပေးသနား ချမှတ်တော်မူသွားသည့်အတိုင်း ပရိယတ်၊ ပဋိပတ် နှစ်ပါးလုံးကို ထမ်းပိုးညီစွာဖြင့် ကြိုးပမ်းအားထုတ်လေရာ ဘုန်းကံမပါ၍ ကြီးပွားခြင်း မရှိနိုင်သော်လည်း ပရိယတ်ကိုရော၊ ပဋိပတ်ကိုပါ လျော့ပါးခြင်း မရှိစေရအောင် ကြိုးစား အားထုတ်နေခဲ့ဖြစ်သည်။

သို့သော်လည်း အသက်အရွယ်အရ လည်းကောင်း၊ ဝါသနာထုံသည်နှင့်လည်း အားလျော်စွာ မြေနေရာတစ်ကွက်တည်းကိုပင် နှစ်ပိုင်းခွဲကာ တစ်ပိုင်းကို စာတော်သော တပည့်ဖြစ်သူအား စာသင်တိုက်ဖွင့်လှစ်၍ မွှာစရိယစာသင်သံဃာများကို အဓိကထားကာ ဦးစီးစေပြီး ကျန်တစ်ပိုင်းကို မိမိကိုယ်တိုင်ဦးစီးကာ တရားတိုက်(ရိပ်သာ)အဖြစ် ဖွင့်လှစ်သည်။ နှစ်တိုက်လုံးကိုလည်း စနစ်တကျ စီမံအုပ်ချုပ်သည်။

တရားတိုက်ကို စီမံပြုသရာ၌ အဓိကအားဖြင့် ဓမ္မယောဂီအပေါင်းတို့အား ပညတ်၊ ပရမတ်ကို ကွဲပြားခြားနားစွာ သဘောပေါက် နားလည်စေရန် အတန်တန် ဟောကြားပြီးမှ ပညတ်ကို ပယ်၍ ပရမတ်သားစစ်စစ်ကိုသာ ပွားများအားထုတ်စေသည်။

ပရမတ်ကို ပြတ်ပြတ်သားသား နားလည် ရှင်းလင်းသည့် အချိန်ကပင် ထိုဓမ္မယောဂီသည် ဒိဋ္ဌိရှင်းနေပြီဖြစ်၍ မဂ်ရရန်သာ ရှိတော့သည်။ ဉာဏ်ပါရမီ ထက်မြက်သော ယောဂီ ပုဂ္ဂိုလ်ဖြစ်လျှင်လည်း မဂ်ဖိုလ်ကိုပင် တန်းရသွားနိုင်လေသည်။ ဉာဏ်ပါရမီ သေးနုလျှင်လည်း ဒုတိယ (ထားမည့်ဘဝ)တွင် မဂ်ကို တန်းရနိုင်လေသည်။

၏သို့ သဘောရှိသောကြောင့် ဝိပဿနာလောကတွင် ပရမတ်ကို နားလည်ခြင်းသည် များစွာ အရေးပါကြောင်း ထင်ရှားနေလေသည်။ ပရမတ်ကို နားလည်လျှင်လည်း ဆိုခဲ့သည့်အတိုင်း ဒိဋ္ဌိပြုတ်ပြီးဖြစ်၍ သောတာပန်နှင့် တန်းတူနေလေသည်။ တစ်နည်းအားဖြင့် စူဠသောတာပန် (သောတာပန်အငယ်)ဟု ဆိုရသည်။

ထို့ကြောင့်ထင်သည်။ စာရေးဆရာကြီး ပန်းဒကာ မောင်တင်မြင့်က သူ၏ "အမေနဲ့ သား ပြောစကား" စာအုပ်ထဲတွင် "သောတာပန်ဖြစ်ပြီးမှ တရားအားထုတ်ပါ"ဟူ၍ပင် ဆိုထားလေသည်။

(ပန်းဒကာ မောင်တင့်မြင့်မှာ ပါဠိစာပေတတ်၊ ရဟန်းလူထွက် ပုဂ္ဂိုလ်ကြီးလည်းဖြစ်သည်။ လူအဖြစ်ဖြင့်လည်း ကိုယ်တိုင် တရားကျင့်ကာ ထိုတရားတော်များ အဆင်ပြေသလို လိုက်ဟောရင်း သာသနာပြုနေသော သူတော်ကောင်းကြီးလည်းဖြစ်သည်။)

ထို့ကြောင့် ပရမတ်ကို ပြတ်ပြတ်သားသား နားလည်ထားသည့် ပုဂ္ဂိုလ်သည် သောတာပန်အဆင့်တွင် ရှိနေ



www.burmeseclassic.com

www.burmeseclassic.com

ကြောင်း ပညာရှိ သူတော်ကောင်းကြီးတို့ ဆိုကုန်ကြသည်။

ဤကဲ့သို့ ရှင်းပြနေခြင်းမှာ ပရမတ်၏ တန်ဖိုးကို အလေးထား၍သူ သူတော်ကောင်း/ သူတော်ကောင်းမကြီးတို့အား နားလည်စေချင်၍ဖြစ်သည်။

ဝိပဿနာလောကတွင် ပရမတ် အရေးကြီးသလို၊ ဒါန၊ သီလလောကတွင်လည်း ပရမတ်ဖြစ်ရန် အရေးကြီးသည်။ ဒါန ပရမတ်၊ သီလ ပရမတ်ဖြစ်ရန် အထူးလိုအပ်သည်။

မြတ်စွာဘုရားရှင်သည် အာသယာ နုသယ စသော ဉာဏ်တော်တို့ဖြင့် ပုဂ္ဂိုလ်အလိုက် စာရိတ္တအားလျော်စွာ ဉာဏ်ပညာအနုအရင့်ကို ကြည့်ပြီး ဉာဏ်ပညာရင့်သန်သော ပုဂ္ဂိုလ်သတ္တဝါတို့အား ဝိပဿနာတရားတော်ကို ဟောကြားတော်မူပြီး ဉာဏ်ပညာသေးနုသော ပုဂ္ဂိုလ်သတ္တဝါတို့အား သမထမှသည် သီလ၊ ဒါန စသည်ဖြင့် ဟောကြားတော်မူသည်။

ထိုထို ဒါန၊ သီလ၊ သမထ စသည်များမှာလည်း ပညတ်၊ ပရမတ် ခွဲ၍ရသည်။ သို့တည်းမဟုတ် အတ္တ၊ အနတ္တ ခွဲ၍ရသည်။ အတ္တဒါန ဟူသည်မှာ မိမိကိုယ်တိုင် အကျိုးကို ခံစားလို၍ ပေးကမ်း၊ လှူဒါန်း၊ စွန့်ကြဲသော ဒါနမျိုးဖြစ်သည်။

အနတ္တဒါန ဟူသည်မှာ မိမိ၏ ကိုယ်ကျိုးကို အလျှင်းမျှ လိုလားတောင်းတ ငဲ့ကွက်ခြင်းမရှိဘဲ အလှူခံ ပုဂ္ဂိုလ်တို့၏ အကျိုးကိုသာ ရှေးရှုပြီး ပေးကမ်း၊ လှူဒါန်း၊ စွန့်ကြဲခြင်းဖြစ်သည်။ အလှူဝတ္ထုပစ္စည်းသည် အလှူခံ ပုဂ္ဂိုလ်၏ လက်ထဲသို့ ရောက်သွားလျှင် တော်ပြီ၊ အလှူမြောက်ပြီဟု သတ်မှတ်ရသည်။

ဤကဲ့သို့ လှူဒါန်းခြင်းကိုသာ ပရမတ်ဒါန၊ အနတ္တဒါန၊ ပါရမီဒါန၊ အတ္တမဲ့ ဒါန စသည်ဖြင့် ခေါ်ဆိုခြင်း၊ ဝေါဟာရပြုခြင်းလည်းမည်လေသည်။ ဤဒါနမျိုးသည်သာ နိဗ္ဗာန်နှင့် တိုက်ရိုက်ဆက်စပ်လေသည်။ ထို့ကြောင့် နိဗ္ဗာန်ဒါနဟု ဆိုလျှင်လည်း မှန်လေသည်။ တစ်နည်းအားဖြင့် နိဗ္ဗာန်ကို လိုလားတောင်းတနေကြသည့် ဗုဒ္ဓဘာသာဝင်တို့၏ ဒါနဟုလည်း ဆိုရသည်။

ဗုဒ္ဓဘာသာဝင်အားလုံးတို့သည် ကမ္မသကတဉာဏ်ရှိ၍ ကံကို ယုံကြည်ကြသောကြောင့် အပါယ်လေးပါးကို အလွန်အမင်း ကြောက်လန့်ကြသည်။ ထို့ကြောင့် အပါယ်လေးပါးမှ လွတ်မြောက်ကြောင်း တရားကောင်းများကို ရှာကြသည်။

လူ့ဘုံမှစ၍ နတ်ပြည် (၆)ထပ်၊ ဗြဟ္မာ (၂၀) စသော သုဂတိဘုံများကို ရောက်လို၊ ရလိုကြသည်။ သို့သော် ထိုထိုဘုံများမှာ ရှိနေကြသည့် လူ၊ နတ် စသော သတ္တဝါများသည်လည်း ဘုံသက်(နတ်သက်/ ဗြဟ္မာသက်) ကုန်လျှင် အပါယ်လေးပါးသို့ ပြန်ရောက်ကြရပြန်သည်။

**စတ္တာရော အပါယာ သကဂေဟာ သတိသာ**

ထိုသို့ သဘောရှိနေပြန်၍ အပါယ်လေးပါးမှ ထာဝစဉ် အေးခြင်း၊ ငြိမ်းခြင်း၊ လွတ်မြောက်ခြင်းများကို တောင့်တကာ ရှာဖွေကြပြန်သည်။ ထိုအခါ နိဗ္ဗာန်ကို သွားတွေ့သည်။ နိဗ္ဗာန်သည်သာ ထာဝရအေးခြင်း၊ ငြိမ်းခြင်း၊ သန္တိသုခသဘောကို ဆောင်လေသည်။

ထို့ကြောင့် နိဗ္ဗာန်ကို လိုလား တောင့်တလာကြသည်။ ထိုအခါ နိဗ္ဗာန်ရောက်ရန် အကြောင်းခံသည့် တရားကောင်းများကို ဖွေရှာကြသည်။ နိဗ္ဗာန်ကို ရောက်ရန် အကြောင်းခံသည့် တရားကောင်းများဟူသည်မှာ ဆိုခဲ့သည့်အတိုင်း ဒါန၊ သီလ၊ ဘာဝနာဟု အကျဉ်းအားဖြင့် သုံးမျိုးသာ ရှိသည်။ ထိုဒါန၊ သီလ၊ ဘာဝနာများကို နိုင်သမျှ သဒ္ဓါတရား အားရှိသလောက် ပြုလုပ် အားထုတ်ကြသည်။

သို့သော် ထိုထို ဒါန၊ သီလ၊ သမထ စသည်များမှာလည်း အားလုံး နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းဟူ၍ မဆိုသာပေ။ နိဗ္ဗာန်တိုင်အောင် အကျိုးမပေးဘဲ လောကီမျှမှာသာ အဆုံးသတ်သွားသော ဒါန၊ သီလ စသည်များလည်း များစွာပင် ရှိလေသည်။

လောကီတည်းဟူသော ကိလေသာနှင့် မကင်းလွတ်သည့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘများနှင့် ဆက်နွယ်နေသည့် ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏများနှင့် ရှုပ်ပွန်းနေသည့် ဒါန၊ သီလ၊ သမထများကသာ သာ၍ များနေတတ်လေသည်။ ဤသည်မှာ ဒါန ပရမတ်၊ သီလ ပရမတ် စသည်ဖြင့် မဖြစ်သောကြောင့်ဟု ဆိုရသည်။

တစ်နည်းအားဖြင့် ဘဝဆက်များကို ဆုတောင်းနေကြ၍ဖြစ်သည်။ ဗုဒ္ဓဘာသာတို့၏ ပရမတ်ဒါန စသည်တွင် ဘဝဆက် မပါရပေ။ ပရမတ်၊ အနတ္တ စသည့် လုပ်ငန်းစဉ်၌ ဘဝဆက်ကို ဖြတ်တောက်ထားရသည်။

ဘဝတစ်ခုရလာလျှင် သုခဘဝဖြစ်စေ၊ ဒုက္ခဘဝဖြစ်စေ၊ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ တရားဆိုးများ ပါနေမြဲဖြစ်သည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘတရားတို့သည်လည်း ဘဝတည်းဟူသော ခန္ဓာကိုယ်ကြီးကို ရလာတိုင်း ပါလာကြ

www.burmeseclassic.com

မြဖြစ်သည်။ ဤသည်ကိုလည်း ကြည့်တတ်မှ မြင်သည်။

နတ်မှီတောရဆရာတော်က "လောကီ(ဘဝ)ချမ်းသာရေးကို လိုလား တောင့်တ၍ လှူဒါန်း, ပြုလုပ်, စောင့်ထိန်းသော ဒါန၊ သီလသည် ဗုဒ္ဓဘာသာတို့၏ ဒါန၊ သီလ မဟုတ်"ဟု ဆုံးမတော်မူခဲ့ဖူးသည်။

ဘဝဟူသည်မှာ သေမျိုးချည်းသာဖြစ်သည်။ ယခုလို ဗုဒ္ဓခေတ်၊ ပရမတ်ခေတ်၊ ခေတ်ကောင်း ခေတ်မြတ်ကြီးနှင့် ကြုံကြိုက်နေချိန်တွင် အသေမကင်းသော ဘဝမျိုးကို မလိုလားအပ်တော့ပေ။ ဗုဒ္ဓဘာသာတို့၏ ရလဒ်သည်ကား နိဗ္ဗာန်တစ်မျိုးတည်းသာဖြစ်သည်။

ထို့ကြောင့်လည်း နတ်မှီတောရ ဆရာတော်က လောကီ (ဘဝ)ချမ်းသာရေးကို လိုလားတောင့်တ၍ လှူဒါန်းစောင့်ထိန်းသော ဒါန၊ သီလများကို ဗုဒ္ဓဘာသာတို့၏ ရလဒ်ထဲမှ ပယ်ထုတ်လိုက်ခြင်းဖြစ်သည်။

လယ်တီဆရာတော်ဘုရားကြီးက "နိဗ္ဗာန်နှင့် သမ္ပတ္တိကို တွဲတောင်းလျှင် ရကောင်း ရ၏၊ ကြာနေတတ်၏" ဟု ဆုံးမတော်မူခဲ့သည်။

သမ္ပတ္တိဟူသည်မှာ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိ ဟူ၍ နှစ်မျိုးပြားသည်။ ဘဝသမ္ပတ္တိ - လူ၊ နတ်၊ ဗြဟ္မာဖြစ်ရခြင်း။ ဘောဂသမ္ပတ္တိ - ထိုထိုတည်ရာ ဘုံဘဝတို့၌ စည်းစိမ်ချမ်းသာများနှင့် ပြည့်စုံခြင်းဟူ၍ အနက်ထွက်သည်။

ယခု ဒါန၊ သီလ စသည် ပြုလုပ်ဆောက်တည်ကြရာ၌ "လူချမ်းသာ၊ နတ်ချမ်းသာ စသော ဘဝစည်းစိမ်၊ ဘောဂစည်းစိမ်များကို တစ်ဝကြီး ခံစား၊ စံစားရပြီးနောက် အဆုံးစွန်သော ဘဝ၌ မဂ်ဖိုလ် နိဗ္ဗာန်ကို ရ,ရပါလို၏"ဟု ဆုတောင်းနေကြခြင်းမျိုးပင်ဖြစ်သသည်။

ပညာရှိ သူတော်ကောင်းကြီးတို့သည် လောကီချမ်းသာကို ချီးမွမ်းခြင်းကင်းပြီး စက်ဆုပ်တော်မူကြသည်။ မစင်ဘင်ပုပ်နှင့်ပင် နှိုင်းဆိုတော်မူကြသည်။

လောကီစည်းစိမ်များသည် အပါယ်လေးပါးနှင့် ကင်းပြတ်ခြင်းမရှိသောကြောင့် ရေဗွက်ပမာ ခဏသာတည်ပြီး ဧည့်ကဲ့သို့ တူသည်။ ဧည့်သည်တို့သည် သူတစ်ပါးတို့အိမ်၌ ခဏမျှသာ နေခွင့်ရပြီး အချိန်တန်လျှင် မိမိတို့၏ ကိုယ်ပိုင်အိမ်သို့သာ ပြန်ကြရသည်။

ထိုနည်းလည်းကောင်း၊ သတ္တဝါတို့သည်လည်း ဒါန၊ သီလ စသည်များ၏ အကျိုးကြောင့် လူ၊ နတ် စသော သုဂတိဘုံဘဝ၌ ခံစား၊ စံစားရပြီး ထိုထိုအကျိုးပေးများ ကုန်ဆုံးပြီးနောက် ထိုထိုဘုံဘဝမှ စုတေ၍ ကိုယ်ပိုင်အိမ်နှင့်တူသော အပါယ်လေးပါးသို့သာ ပြန်ရောက်ကြရသည်။

> **ဥဒေတ္တပုည တေဇေန**
> **ကမ္မ ရူပ ဂတံဂတာ**
> **ဘဝဂ္ဂတ္တံ့ သမ္ဘတ္တာ**
> **ပုန ဂစ္ဆန္တိ ဒုဂ္ဂတိံ**

ထို့ကြောင့် ပရမတ် ဗုဒ္ဓဘာသာတို့သည် ဘဝ၏ အမှန်တရားကို သိမြင်လာကြသောကြောင့် လူ၊ နတ်၊ အပါယ် မည်သည့်ဘဝမျိုးကို ဖြစ်စေ မလိုလားကြတော့ပေ။ ဘဝအားလုံးကို ရွံမုန်း ကြောက်လန့်၍လည်း ဒါန၊ သီလ စသည်တို့ကို ပြုစွမ်းကြရာ၌ ဘဝအားလုံးကို အလုံးစုံ ဖြတ်၍ နိဗ္ဗာန်ဆုတစ်ခုတည်းကိုသာ ကွက်တောင်းတော်မူကြခြင်းဖြစ်သည်။

ဘဝဟူသည် သင်္ခတ တရားများဖြစ်ပြီး နိဗ္ဗာန်သည် အသင်္ခတ တရားဖြစ်သည်။ အသီးသီးသော ဘဝအစုစုတို့ကို ပိုင်ဆိုင်နေကြသည့် ခန္ဓာကိုယ်ပိုင်ရှင်တို့သည် သင်္ခတနယ်သားများဖြစ်ကြသည့်အလျောက် အမြဲတမ်း ပြုပြင်နေကြရပြီး တစ်ဘဝပြီး တစ်ဘဝ ပြောင်းလဲ ကျင်လည်၍လည်း နေကြရသည်။

ထို့ကြောင့် သင်္ခတနယ်ထဲမှ ပရမတ်တရားကို နားလည် သဘောပေါက်လာကြသော ပညာရှိ သူတော်ကောင်းကြီးတို့သည် အမြဲမပြတ် ပြောင်းလဲကျင်လည်၍နေကြရသော ဘဝကို မလိုချင်ကြတော့ပေ။ ထို့ကြောင့်လည်း သင်္ခတဘဝမှ အသင်္ခတဘက်ကို ဦးညွတ်လျက် ဘဝအားလုံးကို ဖြတ်ဖြတ်ကာ နိဗ္ဗာန်တစ်ပါးတည်းကိုသာ တောင့်တကြသည်။

ထိုထိုသို့သော ပညာရှိ သူတော်ကောင်းကြီးများကို ဘဝဝိမုတ်၊ လောကဝိမုတ်၊ သင်္ခတဝိမုတ် စသည်ဖြင့် ဆိုရသည်။ ဝိမုတ် ဟူသည်မှာ လွတ်မြောက်ခြင်းပင်ဖြစ်သည်။ မွေးရာပါ သေခြင်းတရားဆိုးကြီးကို ရှုမြင်နေသောကြောင့် အသေလွတ်သော တရား(နိဗ္ဗာန်)ဘက်ကို ကူးပြောင်းနေသည့် ပုဂ္ဂိုလ်ဟုလည်း ဆိုရသည်။

ဤ၌ ဝိသုဒ္ဓိမဂ်မှာ လာသည့် (လယ်တီဆရာတော်ဘုရားကြီး၏ ဥတ္တမ ပုရိသတ် ဒီပနီမှာလည်း ပါသည့်) ဒါနပြုလုပ်ကြပုံ သုံးမျိုးအကြောင်းကို ထုတ်ပြဆိုဦးမည်။

> **၁။ ယသကာမတာယ ပဝတ္တိတံ ဟီနံ၊**
> **၂။ ပုညဖလ ကာမတာယ ပဝတ္တိတံ မဇ္ဈိမံ၊**
> **၃။ ကတ္တဗ္ဗ မေဝိဒန္တိ အရိယဘာဝံ နိဿာယ ပဝတ္တိတံ ပဏီတံ။**



www.burmeseclassic.com

www.burmeseclassic.com

၁။ ယသကာမတာယ - အကျော်အစောကို အလိုရှိသောစိတ်ဖြင့်၊ ပဝတ္တိတံ - ပြုလုပ်ဖြစ်စေအပ်သော ဒါနသည်၊ ဟီနံ - အယုတ်တည်း။

၂။ ပုညဖလ ကာမတာယ - ကုသိုလ်အကျိုးကို လိုလား ငဲ့ကွက်သောစိတ်ဖြင့်၊ ပဝတ္တိတံ - ပြုလုပ်ဖြစ်စေအပ်သော ဒါနသည်၊ မဇ္ဈိမံ - အလယ်လတ်တည်း။

၃။ ကတ္တဗ္ဗ မေဝိဒန္တိ (ကဗ္ဗ-ဝေ=ဣဒံကတိ)ဣဒံ-ဤအမှုသည်ကား၊ ကတ္တဗ္ဗံဝေ - ပြုသင့်၊ ပြုထိုက်သောအမှုပေသာတည်း။ ဣတိ - ဤသို့ အရိယဘာဝံ - စင်ကြယ်ဖြူဖြောင့်သော အရိယာ သူတော်ကောင်းတို့၏ အလေ့ကို၊ နိဿာယ - မှီ၍၊ ပဝတ္တိတံ - ပြုလုပ်ဖြစ်စေအပ်သော (ဒါနံဝေ - ဒါနသည်သာလျှင်)၊ ပဏီတံ - အမြတ်တည်း။

ပါဠိကို အနက်ပေးထားလျှင် ပါဠိ မဖတ်တတ်သော သူတော်ကောင်းများ နားရှုပ်ဖွယ်မြင်၍ စကားပြေ အကျဉ်းရေးဦးမည်။

နံပါတ်(၁)၏ အဓိပ္ပာယ်သည် အကျိုးပေး အားနည်းသော အလှူမျိုးဖြစ်သည်။ နိဗ္ဗာန်ရောက်ကြောင်းကိုထက် အကြော်အစာ အမော်အကြွားကိုသာ ဦးစားပေးပြီး ပြုလုပ်လှူဒါန်းသောကြောင့်ဟု ဆိုရသည်။

နံပါတ်(၂)၏ အဓိပ္ပာယ်သည်လည်း မိမိကုသိုလ်ရချင်သည်ဇာည်းဟူသော လောဘအတ္တပါနေသောကြောင့် အတ္တဘုံဟု ဆိုအပ်သည့် (၃၁)ဘုံအတွင်းမှာသာ အကျိုးပေး၍ လောကုတ္တရာ(နိဗ္ဗာန်)နှင့် မစပ်သေးပေ။

နံပါတ်(၃)သည်ကား လော်ဘအတ္တကင်းသော အရိယာ သူတော်ကောင်းကြီးတို့၏ သဘောအတိုင်း ပေးကမ်းလှူဒါန်းသောကြောင့် အမြတ်ဆုံးအလှူ၊ နိဗ္ဗာန်နှင့် ဆက်စပ်သော အလှူပင် ဖြစ်လေသည်။

ဗုဒ္ဓဘာသာဝင် သူတော်ကောင်းအပေါင်းတို့သည်လည်း အမှတ်(၃)(အမြတ်ဆုံး) အလှူဖြစ်ရန် လှူဒါန်းပေးကမ်းတတ်ရန် လိုပေသည်။

ဤလအတွက် ဤမျှသာ ရေးသားပြီး နောက်သော လများတွင် ဥပမာ၊ ဥပမေယျ ဇာတ်ဝတ္ထုများ ထည့်သွင်းကာ ရေးသားပါဦးမည်■

မှုဟာထွန်း



www.burmeseclassic.com

# သမိုင်းထွန်းပြောင် ရွှေနှတ်တောင်စေတီ

မောင်ထည်ဂါ (မျော်ဘွယ်)





ကျွန်ုပ်သည် လွန်ခဲ့သော ဒီဇင်ဘာလအတွင်းက ရွှေပြည်သာမြို့မှ "ခိုင်သစ်"ကုမ္ပဏီပိုင်ရှင် စာပေဝါသနာရှင် တစ်ဦးဖြစ်သည့် ဦးဝင်းလှိုင်၏ ဖိတ်ခေါ်မှုဖြင့် ပြည်၊ ရွှေတောင် မြို့များသို့ နေ့ချင်းပြန် ဘုရားဖူးခရီးလိုက်ပါသွားဖြစ်ခဲ့သည်။ ဦးဝင်းလှိုင်သည် စာပေကို ချစ်မြတ်နိုးသကဲ့သို့ စာရေးဆရာ များကိုလည်း တန်ဖိုးထား လေးစားသူဖြစ်သည်။ သူက ရွှေပြည်သာမြို့ ဆေးရုံရှေ့ ယောဝန်နန်း လက်ဖက်ရည်ဆိုင် တွင် နေ့စဉ် စာရေးဆရာတွေကို လက်ဖက်ရည်ဖြင့် ဧည့်ခံပါသည်။ စာရေးဆရာများ တွေ့ဆုံနကျဖြစ်၍ ထိုဆိုင်ကို "ရွှေပြည်သာ လေအန်ကုန်း"ဟု အချို့က ခေါ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးဝင်းလှိုင်က ပြောဖူးသည်။ သူ့ဇာတိ ပခုက္ကူမြစ်ခြေ ရွာက ရန်ကုန်ကို ထွက်လာတော့ လွယ်အိတ်တစ်လုံးနဲ့ အိတ်ထဲမှာ လမ်းစရိတ်ပဲ ပါတယ်။ အဲ…စာတွေဖတ်ထား တဲ့ ဗဟုသုတတွေပါတယ်။ အခုတော့ သစ်ကုမ္ပဏီပိုင်ရှင် ဖြစ်သွား။ ဘာ့ကြောင့်လဲဆိုတော့ ငယ်စဉ်ကတည်းက စာဖတ် တဲ့ ကျေးဇူးကြောင့်ပဲဟု သူက ပြော၏။

ဘုရားဖူးအဖွဲ့တွင် ဦးဝင်းလှိုင် မိသားစုများနှင့် စာရေး ဆရာများ ဖြစ်ကြသော ကိုမိုး(ရွှေပြည်သာ)၊ ဆရာ အောင် သာကျော်၊ မောင်ထည်ဝါ(ပျော်ဘွယ်)၊ ဆရာ ကျော်မျိုးနိုင် တို့ ပါဝင်ကြသည်။ ကျွန်ုပ်တို့ ဘုရားဖူးကားမှာ နံနက် ၅နာရီတွင် ရန်ကုန် ရွှေပြည်သာမှ စတင်ထွက်ခွာလာခဲ့ရာ ပြည်မြို့သို့ နံနက် ၁၀နာရီတွင် ရောက်ရှိကြသည်။ ပြည်မြို့ ရှိ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်သို့ ဦးစွာ သွားရောက်ဖူးမြော်ခဲ့ကြသည်။ ထို့နောက် ရွှေဘုန်းပွင့်စေတီ၊ ထုံ့ကြွေးတော်ပြေစေတီ၊ ရေဝတီမြစ်အနောက်ဘက်ကမ်းရှိ ရွှေဘုံသာမုနိစေတီတော်တို့ကို ဆက်လက်သွားရောက်၍ ဖူးမြော်ခဲ့ပြီးသောအခါ နေ့လယ်စာကို နဝဒေးတံတားကြီး အဝင်၌ ရှိသော စားသောက်ဆိုင်တွင် စားသောက်ခဲ့ကြ သည်။

နေ့လယ် ၁နာရီထိုးသောအခါ ထမင်းစားသောက်ကြ ပြီးဖြစ်သဖြင့် ကျွန်ုပ်တို့ ဘုရားဖူးအဖွဲ့ လိုက်ပါလာသည့် မီနီဘတ်စ်ကားမှာ ရန်ကုန်အပြန်ခရီးအဖြစ် ရွှေတောင်မြို့ဆီ သို့ ဦးတည်ထွက်ခွာခဲ့ပါတော့သည်။ ရွှေတောင်မြို့နယ်သည် ရှေးရှေးကာလကတည်းက ဗုဒ္ဓသာသနာတော် စည်ပင်ထွန်း ကားရာဒေသဖြစ်သည့်အားလျော်စွာ သမိုင်းဝင် ရွှေနတ် တောင်စေတီတော်၊ ရွှေမျက်မှန်ဘုရား၊ ချမ်းသာကြီးဘုရား၊ ဆုတောင်းပြည့်စေတီ စသည့် တန်ခိုးကြီး ဘုရားပုထိုးများ လည်း တည်ရှိသည်။ ရွှေတောင်မြို့အပိုင် ကျီးသဲမြို့လေးမှ အံ့ဖွယ်ထူးခြား ဆင်ကိုးစီးဘုရားမှာလည်း တန်ခိုးကြီးမား ထင်ရှားသကဲ့သို့ ဇိနတ္ထပကာသနီကျမ်းကြီးကို ရေးသားပြုစု ခဲ့သော ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီးနှင့် အမျိုးသား စာဆို မျိုးချစ်ပုဂ္ဂိုလ်ကြီး ဝါးလည်ရွာသား ဆရာ့ကြီး သခင် ကိုယ်တော်မှိုင်းတို့မှာ ရွှေတောင်မြို့မှ ပေါ်ထွန်းခဲ့သော ထူးချွန်ထင်ရှားသည့် ပုဂ္ဂိုလ်ကျော်ကြီးများဖြစ်သည်။ ကျွန်ုပ် တို့ ဘုရားဖူးအဖွဲ့သည် ရွှေတောင်မြို့ပေါ်ရှိ ရွှေမျက်မှန်ဘုရား ကြီးအား ဦးစွာဝင်ရောက်ဖူးမြော် ကြည်ညိုပြီးသောအခါ မြို့တောင်ဘက်ရှိ ရွှေနတ်တောင်စေတီတော်ဆီသို့ ထွက် ခွာခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com

နေ့လယ် ၂နာရီခန့်တွင် ကျွန်ုပ်တို့ ဘုရားဖူးအဖွဲ့ ရွှေနတ်တောင်စေတီတော်သို့ ရောက်ရှိခဲ့ကြရာ၊ စေတီတော်ကြီး၏ ရင်ပြင်ပေါ်သို့ တက်ရောက်၍ စေတီတော်ကြီးအား လှည့်လည် ဖူးမြော်ကြည်ညိုရင်း ဘုရားဂေါပကအဖွဲ့၏ ကူညီမှုဖြင့် ရွှေနတ်တောင်စေတီတော်ကြီး၏ သမိုင်းဖြစ်စဉ်များကို လေ့လာခွင့်ရရှိခဲ့သည်။ ရွှေနတ်စေတီတော်ကြီးနှင့် ရွှေတောင်မြို့၏ ဖြစ်စဉ်များကလည်း စိတ်ဝင်စားဖွယ်ကောင်းလှပေသည်။

မဟာမဏ္ဍလ မဇ္ဈိမဒေသ၌ အစပထမ ဦးစွာ မင်းပြုသော မဟာသမ္မတမင်း၏ ၂၈ဆက်မြောက် အစတ္တိမမင်းကြီး၏ သားတော် သူရတပမင်းသည် မဇ္ဈိမဒေသမှ သုနာပရန္တတိုင်းခေါ် အရှေ့ဒေသသို့ ခြွေရံသင်းပင်းများစွာတို့နှင့် အတူ ထွက်ခွာလာခဲ့ရာ (ယခု ရွှေတောင်မြို့တည်ရှိသော ဒေသ) အရပ်ဒေသသို့ ရောက်ရှိလာသောအခါ ကဥ္စနာဂီရိခေါ် ရွှေရောင်တောက်ပနေသည့် တောင်ကြီးကို တွေ့မြင်ရသဖြင့် ပဋိရူပဒေသဟု သုံးသပ်ဆင်ခြင်လျက် မြို့နန်းတည်ထောင်ကာ စိုးစံ မင်းပြုတော်မူခဲ့၏။ မြို့တော်အမည်ကိုလည်း ထိုရွှေတောင်ကိုပင် အစွဲပြု၍ ရွှေတောင်မြို့ဟု ခေါ်ဆိုသမုတ်ခဲ့ကြောင်း သိရသည်။

သူရတပမင်းသည် နှစ်စဉ် တပေါင်းလသို့ ရောက်တိုင်း ရွှေတောင်မြို့ တောင်ဘက်ရှိ ဒေဝဂီရိခေါ် နတ်တောင်သို့ ကြွချီတော်မူ၍ နက္ခတ်သဘင်ပွဲတော် (တောင်တက်သဘင်ဟုလည်း အဆိုရှိသည်) ဆင်ယင်ကျင်းပလေ့ရှိရာမှ ယခုအချိန်အထိ နှစ်စဉ် တပေါင်းလတွင် ရွှေနတ်တောင်ဘုရားပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပမြဲဖြစ်သည်။ ထိုသူရတပမင်းမှ ၃၆ဆက်မြောက် တနလာန်ပါသော မင်းလက်ထက်၌ ကဥ္စနာဂီရိခေါ် ရွှေတောင်ပြည်ကြီး ပျက်စီးလာခဲ့ရာ နိဂုံးရွာကြီးအနေအထားသာ ကျန်ခဲ့တော့သည်။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်တွင် မဇ္ဈိမဒေသ၌ သုံးလောကထွဋ်တင် ဂေါတမဘုရားရှင် ပွင့်တော်မူခဲ့သည်။ ၁၀၄ ခုနှစ်တွင် မြတ်စွာဘုရားသခင်သည် ယခု ရွှေနတ်တောင်စေတီတော်တည်ရှိရာ ဒေဝဂီရိခေါ် နတ်တောင်တော်သို့ ကြွချီတော်မူခဲ့ပါသည်။ ထိုအချိန်က ဤအရပ်၊ ဤဒေသရှိ လူတို့၏ စရိုက်ဘာသာဓလေ့အရ (ပုဂ္ဂလဇ္ဈာသယအားလျော်စွာ) မြတ်စွာဘုရားရှင်သည် ရွှေရောင်တောက်ပသော နတ်သားအသွင် ဖန်ဆင်းတော်မူလျက် နိဂုံးရွာသူရွာသားတို့အား ခုနစ်ရက်တိုင်တိုင် တရားဒေသနာတော်များ ဟောကြားတော်မူသည်။





www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်မှာတော့ ဤအရပ်ဒေသရှိ လူတို့၏ သဘော နှအရ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး အရှည်အခန့် ည်တံ့စေခြင်းဟု နိမိတ် ကိုယ်ပွားတော်အဖြစ် ရွှေနတ် ကြီးကို အုတ်အင်္ဂတေတို့ဖြင့် ပုံလျက်စေတီတော် တည် ကိုးကွယ်ခဲ့ကြသည်။ ရွှေရောင်တောက်ပနေသော နတ် ကြီးကို ဌာပနာ၍ စေတီတော်တည်ရာတွင် နေ့အခါ တို့က တည်ကြပြီး၊ ညအခါ နတ်တို့က တည်ကြသည် အစွဲပြု၍ "လူနတ်နှစ်လီ တစ်ရစ်စီ စေတီရွှေနတ်တောင်" သမိုင်းစာဆိုရှိခဲ့သည်။

မြတ်စွာဘုရားရှင်၏ အံ့ချီးမကုန် တန်ခိုးဂုဏ်တို့နှင့် ည်စုံတော်မူသော ရွှေနတ်တောင်စေတီတော်ကြီးအား ဟောင်းခေတ်အဆက်ဆက်မှ ဗုဒ္ဓဘာသာဝင် မင်းနှင့် ည်သူအပေါင်းတို့က ပြုပြင်မွမ်းမံ ကိုးကွယ်ကြည်ညိုခဲ့ကြ ည်။ သရေခေတ္တရာခေတ်တွင် ဒွတ္တပေါင်မင်း၏ မိဖုရား ဖြစ်ကြသော ဗိဿနိုး မိဖုရားနှင့် စန္ဒာဒေဝီ မိဖုရားတို့ ည် နှစ်ပေါင်း (၁၄၀)ကျော် ပျက်စီးယိုယွင်းနေသော နတ်တော်စေတီတော်အား ဘုရားရှင်၏ ဓာတ်တော် ၂၈)ကို ဌာပနာ၍ ထပ်မံပြုပြင်တည်ဆောက်ခဲ့ရာ ဉာဏ် တော် ၁၅ တောင်အထိ မြင့်တင်နိုင်ခဲ့သည်။

ပုဂံခေတ်တွင် နရသီဟပတေ့ (တရုတ်ပြေးမင်း)၏ တော် ပြည်စား သီဟသူက ခမည်းတော်၏ မိန့်မှာချက် အရ ပြုပြင်မွမ်းမံတော်မူခဲ့ရာ ရွှေနတ်တောင်စေတီ တော်၏ ဉာဏ်တော်ကို ၄၄ တောင်အထိ မြင့်တင် ပူဇော်ခဲ့ သည်။ တောင်ငူခေတ်တွင်လည်း ဘုရင် တပင်ရွှေထီးမင်း သည်လည်း ပြည်မြို့ကို တိုက်ခိုက်သိမ်းပိုက်ပြီးသောအခါ ဟောင်းနွမ်းအိုးမင်းနေသော ရွှေနတ်တောင်စေတီတော်ကို ပြုပြင်မွမ်းမံလျက် ကိုယ်လုံးတော်အပြည့် ရွှေသင်္ကန်းကပ်လှူ ပူဇော်တော်မူခဲ့သည်။

အင်းဝခေတ်တွင် ဟံသာဝတီ ရောက်မင်း၏ မြောက် နန်းစံ မိဖုရား၏ သားတော် အနော်ရထာမင်းစောနှင့် သမီး တော် ထိပ်ပန်မင်းသမီးတို့သည် ရွှေတောင်မြို့ကို အပိုင်စား ရသောအခါ ရွှေနတ်တောင်စေတီတော်ကို အဖက်ဖက်မှ ပြုပြင်မွမ်းမံမှုများ ပြုလုပ်ပူဇော်ခဲ့ပါသည်။ ကုန်းဘောင်ခေတ် ၌လည်း ဘိုးတော်ဘုရား၏ သားတော် အိမ်ရှေ့မင်းသားသည် ဓညဝတီ ရခိုင်ပြည်မှ အပြန်ခရီးတွင် ရွှေနတ်တောင်စေတီ တော်သို့ ဝင်ရောက်ဖူးမြော် ကြည်ညို၍ ကိုယ်လုံးတော်ပြည့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်ခဲ့ပါသည်။

ကိုလိုနီခေတ် အင်္ဂလိပ်တို့ အုပ်စိုးစဉ်ကာလတွင် စေတီတော်ကြီးကို မြောက်ဘက် စောင်းတန်းနှင့်တကွ ပြာသာဒ်ကြီးများ၊ ဇရပ်တန်ဆောင်းများ မီးသင့်လောင်ကျွမ်း ခံရသဖြင့် နယ်ပိုင်ဝန်ထောက် ဦးရှောင်၊ ရွှေတောင်မြို့မှ မြို့မိမြို့ဖများ ဖြစ်ခဲ့ကြသည့် ဦးဆင်၊ ဦးခိုင်၊ ဦးပွား စသော ဘဏ္ဍာထိန်းအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းပြီး ပြုပြင်မွမ်းမံမှု များ ပြုလုပ်ခဲ့ကြရာ ယနေ့ တွေ့မြင်ဖူးမြော်နေရသည့်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com

ဉာဏ်တော် (၈၁)တောင် တစ်ထွာအထိ တိုးမြှင့်ပူဇော်နိုင်ခဲ့ပါသည်။ ရွှေနတ်တောင်စေတီတော်ကြီးသည် မြန်မာနိုင်ငံ လွတ်လပ်ရေးကြိုးပမ်းမှုတွင် တစ်တပ်တအား ပါဝင်ခဲ့သည်ဟု ဆိုရမည့် ဖြစ်ရပ်တစ်ခုရှိခဲ့သည်။

၁၉၄၅ ခုနှစ်၊ မတ်လတွင် ဗိုလ်ချုပ်အောင်ဆန်းသည် ရွှေနတ်တောင်စေတီတော်၏ တောင်ခြေ၌ ရှိသော ဦးချစ်ဇရပ်သို့ ခေတ္တ လာရောက်တည်းခိုရ၍ ကိုယ်ယောင်ဖျောက်နေခဲ့ပြီး တော်လှန်ရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြောင်း စေတီတော်မှတ်တမ်းအရ လေ့လာသိရှိခဲ့ရသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး နောက်ပိုင်းကာလ မြန်မာသက္ကရာဇ် ၁၃၂၂ ခုနှစ်တွင် ယခု ဖူးတွေ့ရသော စေတီတော်၏ ထီးတော်ကြီးကို နိုင်ငံခေါင်းဆောင်များ၊ ဘဏ္ဍာထိန်းအဖွဲ့ဝင်များ၊ ရဟန်းသံဃာတော်များနှင့် စေတနာရှင် ပြည်သူတစ်သိန်းကျော်တို့က စည်ကားသိုက်မြိုက်စွာဖြင့် တင်လှူ ပူဇော်ခဲ့ကြသည်။

၁၉၉၁ ခုနှစ်၊ နှစ်ဆန်းပိုင်းမှစ၍ နိုင်ငံတော် အထက်အဖွဲ့အစည်းအဆင့်ဆင့်တို့၏ လမ်းညွှန်မှုအရ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့သို့ လွှဲအပ်၍ ပြန်လည်မွမ်းမံမှုများကို လိုအပ်သလို ပြုပြင်စေပြီး ကိုးကွယ်ပူဇော်လာခဲ့ကြသည်။

"တိဋ္ဌန္တေ နိဗ္ဗုတေ စာပိ၊
သမေ စိတ္တေ သမံဖလံ၊
စေတောပဏိဓိဟေတုဟိ၊
သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ"

တိဋ္ဌန္တေ - သက်တော်ထင်ရှား မြတ်စွာဘုရားရှင်၌သော်လည်းကောင်း၊ နိဗ္ဗုတေ စာပိ - ပရိနိဗ္ဗာန် စံလွန်တော်မူကုန်ပြီးသော ဘုရားရှင်တို့၏ စေတီတော်၌သော် လည်းကောင်း။ စိတ္တေ - ယုံကြည်မှု သဒ္ဓါတရားနှင့် ယှဉ်သောစိတ်သည်၊ သမေ - တူမျှသည်ရှိသော၊ သမံ - တူညီသော၊ ဖလံ - နိဗ္ဗာန်တိုင်အောင်သော ကောင်းကျိုးအဖြာဖြာကို၊ လဘတိ- မုချမုန်စွာ ရနိုင်ပါ၏။ စေတောပဏိဓိဟေတု - စေတောပဏိဓိ ဟေတုမှိ - စိတ်၏ တောင့်တမှုကြောင့်၊ သတ္တာ- သတ္တဝါအပေါင်းတို့သည်၊ သုဂ္ဂတိံ - လူနတ်ပြဟ္မာ ကောင်းရာဘဝသို့၊ ဂစ္ဆန္တိ - ရောက်ကြရကုန်၏။

ဗုဒ္ဓမြတ်စွာဘုရားရှင်၏ တရားတော်တွင် စေတီတော်များအား လှူဒါန်းပူဇော်ခြင်းသည် သက်ရှိထင်ရှား မြတ်စွာဘုရားအား လှူဒါန်းပူဇော်ခြင်းပင်ဖြစ်ရာ တူမျှသော ကောင်းကျိုးချမ်းသာအဖြာဖြာကို အမှန်ပင် ရရှိနိုင်ကြောင်း ဟောကြားတော်မူခဲ့ပါသည်။

ရွှေနတ်တောင်စေတီတော်နှင့် စပ်လျဉ်း၍ သမိုင်းပညာရှင် ဒေါက်တာ ခင်မောင်ညွန့်က စေတီတော် ရင်ပြင်တော်ကို လှည့်လည်ကြည့်ရှုလိုက်သည်နှင့် ရွှေနတ်တောင်ဘုရားသည် ဘာသာရေးအရ လည်းကောင်း၊ ယဉ်ကျေးမှုအရ လည်းကောင်း၊ အထူးထိန်းသိမ်း စောင့်ရှောက် ပြုပြင်မွမ်းမံထားသင့်သော သမိုင်းဝင်နေရာဖြစ်ကြောင်း သတိပြုမိပါသည်ဟု ရွှေနတ်တောင်ဘုရား ခေါင်းလောင်းများပါ ကမ္ဗည်းစာတန်းများ အခန်းဆက် ဆောင်းပါးတွင် ရေးသားဖော်ပြမှတ်တမ်းတင်ထားသည်။

မြတ်စွာဘုရား၏ ကိုယ်ပွားတော်(နိမ္မိတ)ရွှေနတ်ရုပ်ကြီး ဌာပနာထားသော ရွှေနတ်တောင်စေတီတော်ကြီးသည် အံ့ချီးမကုန် တန်ခိုးဂုဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့် မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးများ နေ့စဉ်လာရောက် ဖူးမြော်လျက် ရှိနေပါသည်။ ကျွန်ုပ်သည် စေတီတော်ကြီးကို လှည့်လည် ဖူးမြော်ကြည့်ရှုပြီးသောအခါ နလုံးစိတ်ဝမ်း အေးမြငြိမ်းချမ်းမြ ပီတိသုခများကို အမှန်ပင် ရရှိခံစားခဲ့ရသည်။

ညနေ ၃နာရီခန့်မှာတော့ ကျွန်ုပ်တို့ ဘုရားဖူးအဖွဲ့ဝင်များသည် ရွှေနတ်တောင်စေတီတော်ကြီးအား ဦးခိုက်ဖူးမြော်ကြပြီးနောက် ဘုရားဖူးကားသည်လည်း ရန်ကုန်သို့ ဦးတည်လျက် ပြန်လည်ထွက်ခွာခဲ့ပါသည်■

မောင်ထည်ဝါ (ပျော်ဘွယ်)

မှီငြမ်း

- ရွှေနတ်တောင်စေတီတော်သမိုင်းအကျဉ်းစာစောင်
- နေလဂျာနယ်အမှတ် (၉၉)။
- ကိုယ်တိုင်သွားရောက် ဖူးမြော်မှု မှတ်တမ်း။

*****



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့သည် တစ်တောဝင် တစ်တောင်တက် ခရီးဆက်ခဲ့သည်မှာ ယနေ့ဆိုလျှင် သုံးရက်ရှိပြီ။ အဖွဲ့သားများ ခရီးပန်းကုန်ကြပြီ။ ယနေ့အချိန်အထိ ကျွန်ုပ်ရှာနေသော ဂမုန်းနက်မှာ ဘယ်ဆီမှန်း မသိသေးချေ။ လမ်းပြအဖြစ် ခေါ်လာသော ဆိတ်ဖလူးရွာမှ ဖိုးထူးကိုယ်တိုင် မျက်စိလည် လမ်းမှားနေသည်။ ကျောက်နဂါးတောင်တွင် ဂမုန်းနက်ပင် ရှိသည်ဟု ဆိုသော်လည်း ကျောက်နဂါးတောင်ကို ရှာ၍ မရသေးပါ။ ဂမုန်းပေါင်းအရေအတွက် တစ်ထောင်ကျော်ရှိသည်ဟု အဆိုရှိသော်လည်း ဂမုန်းဖြူ၊ ဂမုန်းနီ၊ ဂမုန်းနက်တို့မှာ အစွမ်းသိဒ္ဓိအရှိဆုံး ဂမုန်းပင်များဖြစ်ကြသည်။ ဂမုန်းပင်၏ အပွင့်မှာ အဖြူ၊ အနီ၊ အနက်ဟူ၍ အရောင်ကွဲပြားလေသည်။ ထိုအထဲတွင် ဂမုန်းနက်မှာ အာဟာရသိဒ္ဓိ၊ ကာယသိဒ္ဓိ အစွမ်းဆုံးဟု ဘိုးဖြူက ပြောပြသဖြင့် ကျွန်ုပ်သည် ဂမုန်းနက်ကို ရှာဖွေနေခြင်းဖြစ်သည်။

သိဒ္ဓိရှိသော ဂမုန်းတို့မှာ အစောင့်အရှောက်များ အစဉ်သဖြင့် စောင့်ရှောက်နေကြသဖြင့် အလွယ်တကူ ရှာဖွေ၍ မရချေ။ ရှာဖွေတွေ့ရှိ၍ စိုက်ပျိုးထားလျှင်လည်း ခုနစ်ရက်အတွင်း ညှိုးနွမ်းသေကြေ ပျက်စီးသွားသေတော့သည်။ အကြောင်းအကျိုးနှင့် ဆင့်လျော်လျှင် ဤဂမုန်းနက်ပင်ကို ရှာဖွေတွေ့ရှိပြီး လိုရာဆေးဖော် အသုံးပြုနိုင်ကြောင်း ဘိုးဖြူပြောပြသဖြင့် ကျွန်ုပ် သိရှိခဲ့ရသည်။

ကျွန်ုပ်နှင့်အတူ စောအောင်၊ မျိုးဝင်းတို့ ပါဝင်လာပြီး လမ်းပြအဖြစ် ဆိတ်ဖလူးရွာသူကြီးက စောဖိုးထူးကို ထည့်ပေးလိုက်သည်။ စောဖိုးထူးသည် မုဆိုးတစ်ယောက်ဖြစ်ပြီး တောကျွမ်းသူတစ်ယောက်ဖြစ်သည်။ ကျောက်နဂါးတောင်ပတ်ဝန်းကျင်တွင်သာမက၊ အနီးအနားရှိ တောတောင်တို့တွင်လည်း ဖိုးထူး အမဲလိုက်သည့် နေရာများဖြစ်သည်။ ယခုတော့ ကျွန်ုပ်တို့အဖြစ်မှာ ကျောက်နဂါးတောင်မဆိုနှင့် ဤတောတွင်း၌ပင် မျက်စိလည် လမ်းမှားပြီးရင်းမှားရင်းပင် ဖြစ်နေ၏။ သိဒ္ဓိရှိသော ဂမုန်းပင်တို့သည် မာယာများစွာနှင့် လှည့်စားတတ်သည်ဟုလည်း ဆိုကြသည်။ ထို့ကြောင့် ဂမုန်းနက်ပင် ရှိသောနေရာကို တော်ရုံတန်ရုံ မည်သူမှ မလာရဲကြပေ။

အချိန်ကား ညနေ ၃နာရီကျော်ပြီ။ နံနက်စာပင် ထမင်းမစားရသေးချေ။ မိုးနှောင်းရာသီဖြစ်သော်လည်း ကောင်းကင်ယံတွင် မိုးသားများ တရိပ်ရိပ်တက်လာပြီး တစ်တောလုံး မှောင်ရိပ်ကျသွားလေသည်။ ကောင်းကင်ယံတွင်လည်း လျှပ်စီးက တလက်လက်၊ မိုးခြိမ်းသံက တဂျိမ်းဂျိမ်းဖြင့် မကြာမီ မိုးသည်းထန်စွာ ရွာတော့မည့် လက္ခဏာအခြေအနေကို တွေ့ရသည်။

“စောအောင်ရေ အခြေအနေတော့ မကောင်းတော့ဘူးကွာ။ ဒီမှာပဲ စခန်းချဖို့၊ မိုးခိုစရာ ရှာကြရအောင်”

“အေးကွ”

ထိုစဉ် မျိုးဝင်း အပြေးအလွှားရောက်လာပြီး ...

“ကိုအောင်မော်ရေ... ရှေ့ချောင်းစပ်နဲ့ မနီးမဝေးမှာ လိုဏ်ဂူကြီးတစ်လုံးတွေ့တယ်ဗျ”

“အေး အခြေအနေသွားကြည့်ရအောင်။ စောအောင်က ထင်းတုံးကြီးတွေ ရှာကွာ။ တောက နက်တော့ တောကောင်ကြီးတွေ၊ နစ်ချို့ မြွေကြီးတွေ ဂူထဲမှာ ရှိနေနိုင်တယ်။ နောက်ပြီး အားလုံးကို သတိပေးထားရဦးမယ်။ တို့တွေက တောလိုက် မုဆိုးမဟုတ်ဘူး။ အတတ်နိုင်ဆုံး သားကောင်တွေ့ရင် ရှောင်ရမယ်။ မိမိကို အန္တရာယ်ပြုမယ့် အခြေအနေကျမှ ပစ်ကြကွာ”

ကျွန်ုပ်တို့သည် သတိအနေအထားဖြင့် ဂူကြီးထဲသို့ ဝင်လာခဲ့ကြသည်။ ဂူကြီးထဲတွင် တောကောင်များ ခိုအောင်းနေနိုင်သဖြင့် သေနတ်လုံခြုံရေး ခလုတ်ကို ဖွင့်ပြီး တစ်ချက်ပစ်လိုက်ရာ...

“ဒိုင်း”

သေနတ်သံ ဂူကြီးထဲတွင် ခိုအောင်းနေသော လင်းစွဲ၊ လင်းဝက်တို့ တဝုန်းဝုန်းဖြင့် ဂူအပြင်သို့ ပြန်ထွက်ပြေးကြကုန်သည်။ ဂူကြီး၏ အပြင်ဘက်တွင်လည်း မိုးဖွဲလေးများ တစ်ဖွဲနှစ်ဖွဲမှ ပြင်းထန်စွာ ရွာသွန်းလာသည်။ လေရော မိုးပါ ကျလာသဖြင့် တောတွင်းရှိ သစ်ပင်ကြီးများက တစ္ဆေ သရဲ သဘက်ကဲ့သို့ ယိမ်းထိုးနေကြသည်။ ထိုစဉ် ဂျိမ်းခနဲ မိုးကြိုးပစ်ချလိုက်သံကို ကြားရလေသည်။

ကျွန်ုပ်သည် ပို၍သေချာအောင် နောက်ထပ် သေနတ်နှစ်ချက် ဆက်တိုက်ပင် ပစ်လိုက်လေသည်။ မည်သို့မျှ မထူးခြားသဖြင့် ဂူထဲသို့ ဆက်ဝင်လာခဲ့သည်။

ကျွန်ုပ်တို့သည် ကံကောင်းထောက်မစွာ ဂူကြီးအလယ်သို့ ရောက်လာခဲ့သည်။ ဂူထဲတွင် ကျောက်စက်ပန်းဆွဲမှ ရေစက်တို့သည် တစ်စက်ပြီးတစ်စက်ကျနေ၏။ ထို့နောက် ကျွန်ုပ်တို့သည် ဂူထဲတွင် မီးဖိုကာ ချက်ပြုတ်စားသောက်ကြပြီး အလွန်ပင်ပန်းလာသောကြောင့် သင့်တော်ရာ နေရာယူပြီး လဲလျောင်းကြရာ တစ်ခဏအတွင်း အိပ်ပျော်သွားကြကုန်၏။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ပ်သည်သာ ကောင်းစွာ မအိပ်နိုင်သေးဘဲ ဘဖိုးဖြူ တွေ့ဆုံရပုံကို စဉ်းစားနေမိပါသည်။

◈◈◈

ကျွန်ုပ်၏အမည်မှာ "အောင်မော်" ဖြစ်ပါသည်။ တစ်ချိန်က သစ်တောအရာရှိဘဝတွင် တောလိုက်ဝါသနာကြီးလွန်းလှသဖြင့် အချိန်ရတိုင်း ရွာသားများ၊ လက်အောက်ငယ်သားများနှင့်အတူ စုံနွံသာ တောထဲတွင် အမဲပစ်ထွက်လေ့ရှိသည်။

တစ်နေ့သောအခါ သားကောင်နောက်ကို လိုက်ရင်း အဖော်များနှင့် ကွဲသွားလေသည်။ သေနတ်ဖြင့် မိုးပေါ် ထောင်ဖောက်၍ အချက်ပေးသော်လည်း တစ်ဖက်မှ သေနတ်သံကို ပြန်မကြားဘဲ တဝုန်းဝုန်း တဝေါဝေါဖြင့် လေမတိုက်ဘဲ သစ်ပင်ကြီးများ ယိမ်းထိုးလာကြသည်။

"ဟာ…ဒုက္ခပါပဲ၊ တောခြောက်ပြီနဲ့ တူတယ်"

ဟု တွေးပြီး တစ်ကိုယ်လုံး ချွေးသီးချွေးပေါက်များ ကျလာခဲ့သည်။ ကျွန်ုပ်သည် တောထဲတွင် တစ်ယောက်တည်း ကြောက်ရွံ့ အားငယ်မိသည်မှာ အမှန်ပင်ဖြစ်သည်။

"ဂူး…ဂရား"

အသံနှင့်အတူ တောထဲမှ တိုးထွက်လာသော တောကောင်ကြီး တစ်ကောင်ကို ရုတ်တရက် တွေ့လိုက်ရ၍ အလွန်ကြောက်လန့်သွားပြီး သေနတ်နှင့် ပစ်ရန် ပြင်သော်…

"နောင်ဝေ…နောင်ဝေ… နောင်ဝေဝေ…"

ဆိုသော ကြေးစည်သံကို မဝေးမနောင်း ကြားလိုက်ရပြီး တောကောင်ကြီးသည် ထူးဆန်းစွာ ကျွန်ုပ်အား ရန်မပြုဘဲ တောထဲသို့ ပြန်ဝင်သွားလေသည်။ အသံလာရာသို့ လှမ်းကြည့်သော် ကြေးစည်ထု၍ လမ်းလျှောက်လာသော လူသူတော်တစ်ဦးကို တွေ့ရသည်။

ကျွန်ုပ်သည် ထိုပုဂ္ဂိုလ်ကြီးထံသို့ သွားပြီး ကျေးဇူးတင်ကြောင်း ပြောကာ ထိုင်ကန်တော့လိုက်သည်။ ထို့နောက် လူသူတော်ကြီးက ကျွန်ုပ်ကို သေချာစွာ စိုက်ကြည့်ပြီး…

"လာ၊ အဘနောက်ကို လိုက်ခဲ့ လူလေး"

ဟု ဆို၏။

ကျွန်ုပ်သည် ထိုပုဂ္ဂိုလ်ကြီး၏ မေတ္တာစိတ်ကြောင့်ထင်ပါရဲ့ စိတ်နှလုံးထဲတွင် အေးချမ်းစွာ လိုက်ပါလာခဲ့သည်။

ကျောက်ဂူကြီးတစ်ဂူရှေ့သို့ ရောက်သော် သူ၏ လက်ဖြင့် သုံးချက်ပုတ်လိုက်ရာ ဂူဝ ပွင့်သွားလေသည်။ အထဲသို့ ရောက်သော်…

"အေးအေးဆေးဆေး နားနားနေနေ နေထိုင်နိုင်ပါတယ် လူလေး"

ဟု ပြောကာ သစ်သီးဝလံများကို ကျွေးလေသည်။

ကျွန်ုပ်သည်လည်း အလွန်ဆာလောင်နေသောကြောင့် ဝမ်းထဲတွင် တကြုတ်ကြုတ်မြည်နေ၏။ လူသူတော်ကြီး ကျွေးသော သစ်သီးများကို ယူပြီး စားကြည့်ရာ တစ်သက်တွင် တစ်ခါမျှ မစားဘူးသော အရသာမျိုးကို တွေ့ရသည်။ သစ်သီးတစ်လုံးမျှ စားရုံနှင့် ဝမ်းဝသွားလေသည်။

"သတ္တဝါတွေရဲ့ အသက်ကို အပျော် တောလိုက်၍သော် လည်းကောင်း၊ ဝမ်းစာရေးအတွက်သော် လည်းကောင်း မပြုသင့်ကြောင်း" ဆုံးမပြီး သူကိုယ်တိုင် ကျွန်ုပ်ကို ပြန်လိုက်ပို့ အချိန်အနည်းငယ်အတွင်း သစ်ထုတ်လုပ်ရေးစခန်းသို့ ပြန်ရောက်လာသည်။

ထိုအချိန်မှစ၍ ကျွန်ုပ်သည် အချိန်အားသည့်အခါတိုင်း ဘဖိုးဖြူထံသို့ သွားရောက်ပြီး ၊ သမထတရား အားထုတ်ခြင်း၊ ဘဖိုးဖြူအား ဖိုခွဲပေးခြင်း ဝေယျာဝစ္စများကို ပြုလုပ်ဆောင်ရွက်ပေးရင်း ဆေးပညာ၊ ဂမ္ဘီရဆန်သော အကြောင်းများကို စိတ်ရှည်လက်ရှည် ရှင်းပြပေးလေသည်။ ယခုလည်း ဘဖိုးဖြူက ဂမုန်းနက်အကြောင်းကို ပြောပြီး ဂမုန်းနက်ပင်ရှိရာကို ညွှန်ပြသဖြင့် ကျွန်ုပ် ခရီးထွက်လာခဲ့ခြင်းဖြစ်သည်။

◈◈◈

ကျွန်ုပ်သည် ဘဖိုးဖြူအကြောင်းကို စဉ်းစားရင်း တစ်ခဏအချိန်လေး အတွင်းမှာ အိပ်ပျော်သွားလေသည်။ အချိန်မည်မျှကြာ အိပ်ပျော်သွားသည် မသိ၊ ကျွန်ုပ်၏ နာခေါင်းဝသို့ အလွန်သင်းပျံ့ မွှေးကြိုင်သော ရနံ့ကြောင့် နိုးလာလေသည်။

"ဟင်"

"ခင်ဗျား ဘယ်သူလဲ"

ကျွန်ုပ်၏ နံဘေးတွင် ရွှေနန်းဝတ်နန်းစားများ ဝတ်ဆင်ထားသော မိန်းမလှလေးကို တွေ့ရလေသည်။

"ကျွန်မက ဒီနဂါးမောက်တောင်ကို အစိုးရတဲ့ သိုက်နန်းရှင် ကလျာဒေဝီပါ။ ရှင်တို့ ရှာနေတဲ့ ဂမုန်းနက်ပင်ကို တွေ့ပြီလား"

"ခင်ဗျား…ကျွန်တော်တို့ သိုက်ဝင် ဂမုန်းနက်ရှာဖွေနေတာကို ဘယ်လို သိသလဲ"

"ဒါကတော့ရှင်၊ ဒီလောက် အန္တရာယ်ကြီးမားတဲ့ နေရာကို ရောက်တဲ့သူတိုင်းဟာ သိဒ္ဓိဝင် ဂမုန်းနက်ကို လာရှာတာက လွဲပြီး အမဲလိုက်တာတော့ မဖြစ်နိုင်ဘူးလေ"

"ဟုတ်ပါတယ်"

ကျွန်ုပ်က အမှန်အတိုင်း ဝန်ခံ



www.burmeseclassic.com

www.burmeseclassic.com

ိုက်ရာ သူမက ကျောက်ကာလပ် စ်ခုပေါ်တွင် ပေါက်နေသော အပင် ပင်ကို လက်ညှိုးညွှန်ပြလေသည်။ ထိုအခါမှ သင်းပျံ့သော ရနံ့တို့သည် မုန်းပင်မှ ထွက်ပေါ်လာသော ရနံ့ဖြစ် ကြောင်း သိရလေသည်။

သူမက…

"ဂမုန်းနက်ပင်က တန်ဖိုးကြီး သလို၊ အစောင့်အရှောက်ကြီးတယ် ရှင့်၊ သီလ၊ သမာဓိရှိပြီး သစ္စာဟရား ိုသူနဲ့သာ ထိုက်တန်တယ်။ ဒီ ဂမုန်း ပင်ကို မတရားဖဲ့ နည်းနဲ့ ရယူမယ်ဆို င်တော့ အသက်အန္တရာယ်တစ်ခုခုနဲ့ င်ဆိုင်ရလိမ့်မယ်"

သူမနှင့် စကားပြောနေစဉ် သူမ ထံသို့ နန်းဝတ်နန်းစားများ ဝတ်ဆင် ထားသော မိန်းမငယ်တစ်ဦးသည် စား သောက်ဖွယ်ရာများယူလာပြီး ကျောက် ပွဲတစ်လုံးပေါ် တင်၍ ပြန်ထွက်သွား လေသည်။ ထိုအခါမှ ယခုရောက်နေ သောနေရာသည် ကျွန်ုပ်အိပ်နေသော နေရာမဟုတ်ကြောင်း သတိထားမိလေ သည်။

"ကျုပ် အခု ဘယ်ရောက်နေလဲ။ င်ဗျားတို့က လူမဟုတ်ရဲ့လား"

"… အိပ်နေတဲ့ ဂူကြီးရဲ့ ီသန့်သော… ရောက်နေတာပါ။ ကျွန်မတို့ဟာ လူ…တ်ပေမယ့် မိစ္ဆာ ိုတွေတော့ မဟုတ်ပါဘူး။ ရှေးဘဝ က အကြောင်းဆက်ကြောင့် ရှင် ရှာနေတဲ့ သိဒ္ဓိဝင် ဂမုန်းနက်… လိုက်ပါ့မယ်"

"ရှေးဘဝက ခင်ဗျားနဲ့ ကျွန်တော် …တော်ခဲ့သလဲ"

ကျွန်ုပ် သိချင်သောအချက်ကို မေးရာ သူမက…

"ပြီးခဲ့တဲ့ အတိတ်အကြောင်း တွေကို မသိချင်ပါနဲ့တော့ရှင်"

ဟု ပြောပြီး…

"ကဲ…ရှင် ယူချင်တဲ့ ဂမုန်းပင် ကို သွားနုတ်တော့"

ဟု ပြောသဖြင့် ကျွန်ုပ်သည် ဝမ်းသာအားရနှင့် သွားနုတ်ရာ မည်သို့မျှ နုတ်၍မရကြောင်းကို ကိုယ်တွေ့ တွေ့ရ၏။

"သိဒ္ဓိဝင် ဂမုန်းနက်ပင်ကို ဒီလို လွယ်လွယ်နဲ့ နုတ်လို့ ဘယ်ရမလဲ"

သူမအပြောကြောင့် ကျွန်ုပ်၏ ရင်ထဲတွင် တစ်မျိုးခံစားလိုက်ရသည်။

"ကျွန်မကိုယ်တိုင်ပဲ နုတ်ပေးပါ့ မယ်"

ဟု ပြောပြီး ဂမုန်းပင်နားသို့ သွား၍ သူမပါးစပ်မှ ဂါထာတစ်ပင်ကို ရွတ်ဆိုလျက် ဂမုန်းတစ်ပင်အား နုတ် လိုက်လေသည်။

သူမ၏ လက်ထဲသို့ ဂမုန်းနက် ပင် ပါလာသည်နှင့် ကျန် ဂမုန်းနှစ်ပင် မှာ ထူးဆန်းစွာ ညှိုးနွမ်းပျောက်ကွယ် သွားသည်ကို မျက်မြင်တွေ့လိုက်ရ သော ကျွန်ုပ်မှာ အလွန်အံ့ဩသွားမိ သည်။

"ရော့၊ ရှင်ယူချင်တဲ့ ဂမုန်းနက် ပင်ဆိုတာ ဒီအပင်ပါပဲ။ ရှင်လည်း ခုတ ပြီပေါ့။ စားပွဲပေါ်မှာ ရှိတဲ့ အစားအစာ တွေကို သုံးဆောင်လိုက်ပါဦး"

ကျွန်ုပ်လည်း ထိုအခါမှ ဆာ လောင်နေကြောင်းကို သတိရပြီး သစ် သီးတစ်လုံးကို ကောက်ယူစားလိုက် လေသည်။ ထို့နောက် ရေခွက်ထဲရှိ ရေကို သောက်လိုက်ရာ မျက်စိများ တဖြည်းဖြည်း မှေးစင်းလာလေသည်။

"ရှင်နဲ့ ကျွန်မ အတိတ်က အကြောင်းကြောင်းကြောင့် ဒီဂမုန်းနက် ပင်ကို အလွယ်တကူပေးလိုက်တာပဲ။ ကဲ…ရှင် အိပ်ပေတော့"

ဟု ပြောပြီး ထိုမိန်းကလေးသည် တရွေ့ရွေ့ပျောက်ကွယ်သွားလေသည်။

"နေပါဦး… ကလျာဒေဝီ၊ ကျွန်တော် သိချင်တာလေးတွေကို မေးပါရစေဦး"

"ကိုအောင်မော်…ဘာတွေ အိပ်မက်မက်ပြီး ယောင်နေတာလဲ"

မျိုးဝင်း၏ အမေးကြောင့် ကျွန်ုပ် သည် သတိပြန်ဝင်လာ၍ အိပ်ရာပတ် ဝန်းကျင်ကို ကြည့်လိုက်ရာ ဂမုန်းနက် ပင်လေးကို ထူးဆန်းစွာ တွေ့လိုက်ရ သည်။

ကျွန်ုပ်သည် အိပ်မက်ထဲက အကြောင်းစုံကို အဖွဲ့သားများအား ပြန် ပြောပြသော် အားလုံး အံ့ဩနေကြ သည်။ သူတို့ ယုံ,မယုံတော့ ကျွန်ုပ် မသိနိုင်။ ကျွန်ုပ်ကိုယ် ကျွန်ုပ်တောင် အိပ်မက်လေလား၊ တကယ်အဖြစ် အပျက်လေလားဟု ဝေခွဲ၍ မရသော် လည်း အိပ်မက်မဟုတ်ကြောင်း လက် ထဲတွင် ရှိသော ဂမုန်းနက်ပင်က သက်သေပင် ဖြစ်သည်■

ပေါ်လွင်ဦး (ရေး)

*****



www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓ ၏
# ဓာတုစေတီ နှင့် ပရိဘောဂစေတီများ

ကိုရွှေမြသန်း (သမိုင်း)



မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က တိုင်းနိုင်ငံ အသီးသီးတွင် အုပ်ချုပ်သော မင်းများ၊ တန်ခိုးအာဏာနှင့် ပြည့်စုံသော ပုရောဟိတ် ပုဏ္ဏားကြီးများ၊ ကုဋေကြွယ် ချမ်းသာသော သူဌေးများ၊ စစ်သူကြီးများ၊ အလွှာပေါင်းစုံ ပြည်သူပြည်သား များစွာတို့သည် ဗုဒ္ဓဘုရားရှင်အား ကိုးကွယ် ဆည်းကပ်ခဲ့ကြသည်။ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါ အပေါင်း တို့၏ အကျိုးစီးပွား ချမ်းသာတို့ကို မိမိတို့ စေတနာ သဒ္ဓါတရား၊ အသိဉာဏ် ပါရမီ အတိုင်းအတာ အားလျော်စွာ အသီးသီး ကိုယ်စီကိုယ်ငှ ရရှိခံစားခဲ့ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com

သိဒ္ဓတ္ထမင်းသားသည် မဟာသက္ကရာဇ် ၆၈ ခုနှစ်၊ ဘီစီ ၆၂၃၊ ကဆုန်လပြည့်၊ သောကြာနေ့တွင် လုမ္ဗိနီဥယျာဉ်၌ ဖွားမြင်တော်မူခဲ့သည်။ သက်တော် ၂၉နှစ်အရွယ်တွင် တောထွက်တော်မူ၍ ဒုက္ကရစရိယာ ၆နှစ်ကျင့်ပြီး သက်တော် ၃၅နှစ်တွင် ဂေါတမဘုရားဖြစ်တော်မူခဲ့သည်။ ဘုရားဖြစ်ပြီးနောက် ၄၅ဝါတိုင်တိုင် လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့အား ဓမ္မဒေသနာတော် ဟောကြား၍ သာသနာပြုတော်မူခဲ့သည်။ သက်တော် ၈၀၊ ဝါတော် ၄၅ဝါ ရရှိသောအခါ မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ဘီစီ ၅၄၃၊ ကဆုန်လပြည့်နေ့တွင် ပရိနိဗ္ဗာန်ပြုတော်မူခဲ့သည်။

ပွင့်တော်မူကြကုန်သော ဘုရားရှင်တို့သည် သက်တမ်းကုန်ဆုံး၍ ခန္ဓပရိနိဗ္ဗာန်စံဝင်တော်မူသောအခါ ရူပကာယတော်ကြီးနှင့် ကိုယ်သည် တေဇောဓာတ် လောင်ကျွမ်း၍ အဆုံးစွန်သော ရုပ်ဓာတ်အဖြစ် ဓာတ်တော်များ ကြွင်းကျန်ရစ်ခဲ့ပြီး လူတို့ ကိုးကွယ်ပူဇော်ရာ ဓာတုစေတီများအဖြစ် တည်ရှိကြသည်။ တချို့သော ဘုရားရှင်တို့သည် မည်သို့မျှ အဓိဋ္ဌာန်မပြုခဲ့သောကြောင့် တေဇောဓာတ် လောင်ကျွမ်းသောအခါ ဓာတ်တော်အလုံးအခဲကြီးတစ်ဆူတည်းသာ ကြွင်းကျန်ရစ်ပါသည်။ တချို့သော ဘုရားရှင်တို့ကား ဓာတ်တော်အစိတ်စိတ် ပြိုကွဲကျန်ရစ်ပါသည်။

ဗုဒ္ဓဝင်အဋ္ဌကထာတွင် အတ္ထဒဿီ၊ ဖုဿ၊ ဝေဿဘူ၊ ဂေါတမ ဘုရားလေးဆူတို့၏ ဓာတ်တော်များကား အစိတ်စိတ် ပြိုကွဲသည်ဟု ပါရှိပါသည်။

ပါဠိတော်မြန်မာပြန်ကျမ်းဦး မှတ်ဖွယ် စာတမ်း ဗုဒ္ဓဝင်အကျဉ်းဇယားတွင် -

(၁) ရေဝတဘုရား၊
(၂) သောဘိတ၊
(၃) ပဒုမ၊
(၄) သုမေဓာ၊
(၅) အတ္ထဒဿီ၊
(၆) ဖုဿ၊
(၇) ဝေဿဘူ၊
(၈) ကောဏာဂုံ၊
(၉) ဂေါတမ

အဆိုပါ ဘုရားရှင် ကိုးဆူတို့ စေတီများ ပြန့်ပွားသည် ဟု ဆိုသဖြင့် ဓာတ်တော်များ အစိတ်စိတ်ကွဲကြောင်း မှတ်သားရပါသည်။ ဒီပင်္ကရာ အစရှိသော ကြွင်းသော ဘုရားရှင်တို့၏ ဓာတ်တော်ကား တစ်လုံးတည်း၊ တစ်ဆူတည်း ကျန်တော်မူကြပါသည်။

◈◈◈

**အသမ္ဘိန္နဓာတ်တော်**

ဘုရားရှင်တို့၏ ဓာတ်တော်တို့တွင် သက်တော်ရှည်သော ဘုရားရှင်တို့၏ ဓာတ်တော်တို့သည် ရွှေတုံးကြီးကဲ့သို့ မကွဲမပြား တစ်စုတစ်ခဲတည်း ကြွင်းကျန် တည်ရှိနေကြကုန်၏။

**သမ္ဘိန္နဓာတ်တော်**

သက်တမ်းတိုသော ကာလတွင် ပွင့်တော်မူသော ဂေါတမဘုရားရှင်၏ ဓာတ်တော်များကား လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတို့ အရှည်သဖြင့် နေရာဒေသအနှံ့အပြား ကိုးကွယ်ပူဇော်နိုင်ကြစေရန် အဓိဋ္ဌာန်ပြုခဲ့သည့်အတိုင်း အစိတ်စိတ် အမြွာမြွာကွဲပြား၍ ကြွင်းကျန်တည်ရှိနေကြကုန်၏။

ဂေါတမဘုရားရှင်တို့၏ ဓာတ်တော်တို့တွင် စွယ်တော်လေးဆူ၊ ညှပ်ရိုးတော်နှစ်ဆူ၊ နဖူးသင်းကျစ်တော်တစ်ဆူ၊ ခုနစ်ပါးကုန်သော ဓာတ်တော်တို့သည် မပြိုမကွဲ တစ်စုတစ်ခဲတည်း တည်ရှိသော အသမ္ဘိန္နဓာတ်များ ဖြစ်ကြကုန်သည်။ ထို ခုနစ်ပါးမှ ကြွင်းသော ဓာတ်တော်တို့ကား အစိတ်စိတ် ကွဲပြား၍ တည်ရှိသော သမ္ဘိန္နဓာတ်တော်များဖြစ်ကြပေသည်။

မြတ်စွာဘုရားရှင်သည် ပရိနိဗ္ဗာန် မပြုခင်ကပင် ရှေးရှေးသော ဘုရားရှင်တို့၏ သရီရဓာတ်တော်များ ကြွင်းကျန်ပါက မည်သို့မည်ပုံ ပြုမူသည်ကို ဆင်ခြင်ရာ၌ သတ္တဝါအများကလည်း အသက်ရှည်သော ကပ်ကမ္ဘာဖြစ်ခြင်း၊ ပွင့်တော်မူကြသော ဘုရားရှင်များကလည်း သက်တော်ရှည်ဘုရားများ သာဖြစ်၍ သာသနာတော် အချိန်ကြာမြင့်စွာ ပြု၍ အရပ်လေးမျက်နှာသို့ ပျံ့နှံ့စေနိုင်ခဲ့သောကြောင့် ပရိနိဗ္ဗာန်ပြုရာ၌ သရီရဓာတ်တော်များမှာ အကွဲအပြားမရှိ၊ ရွှေတုံး ရွှေခဲကြီးပမာ တစ်ဆူတည်းသာ ကြွင်းကျန်ရစ်၏။ ယင်းတစ်ဆူတည်းသော ဓာတ်တော်အတုံးအခဲကြီးကို ရွှေစေတီတစ်ဆူတည်းသာ တည်ထားကိုးကွယ်စေကုန်ပြီ။ ငါကား ဆုတ်ကပ်အခါ ဉာက်တမ်းအတိုဆုံးအချိန်တွင် ဘုရားဖြစ်ခဲ့ရ၍ ငါဘုရား၏ သာသနာတော်သည် အလုံးစုံသော အရပ်လေးမျက်နှာသို့ မပျံ့နိုင်သေးချေ။ သို့ဖြစ်၍ ငါဘုရား ပရိနိဗ္ဗာန်စံဝင်လင့်ကာစား ငါဘုရား၏ မုန်ညင်းစေ့မျှသော ဓာတ်တော်ကိုပင် ပင့်ဆောင်ကြကာ၊ မိမိတို့နေရာဒေသတို့၌ စေတီတည်ထား လူအများတို့ နတ်သုဂတိလားနိုင်ကြစေသတည်းဟု ရည်ရွယ်တော်မူကာ ဓာတ်တော်အဆူဆူကွဲပြားရန် အဓိဋ္ဌာန်ပြုတော်မူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

**ဓာတ်တော်အရွယ်အစား အဆင်းနှင့် ပမာဏ**

အငယ်စား ခုဒ္ဒက ဓာတ်တော်တို့အား မုန်ညင်းစေ့ခန့် ရှိ၍ မြလေးငုံအဆင်း၊ ခြောက်ကွမ်းစားမျှ ပမာဏရှိသည်။ အလတ်စား မဇ္ဈိမ ဓာတ်တော်တို့ကား ဆန်ကြိုးအရွယ်ခန့်ရှိ၍ ပုလဲအဆင်း ငါးကွမ်းစားပမာဏရှိသည်။ အကြီးစား မဟန္တဓာတ်တော်တို့ကား ပဲနောက်စေ့တစ်ခြမ်းအရွယ် ရွှေအဆင်း ငါးကွမ်းစားပမာဏရှိပေသည်။

**ဗုဒ္ဓ၏ ဓာတုစေတီများ**

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံပြီးနောက် တည်ထားသော စေတီ (၁၀)ဆူရှိသည်။ ဒေါဏပုဏ္ဏားသည် ဓာတ်တော်ရှစ်စိတ်ကို ရှစ်ပြည် ထောင်မှ ပုဏ္ဏားတို့အား နှစ်ကွမ်းစားစီ ခွဲဝေပေးခဲ့သည်။ ထို မင်းပုဏ္ဏားတို့သည် မိမိတို့ ပြည်၊ မြို့ရွာများတွင် စေတီများ တည်ထားကိုးကွယ်ခဲ့ကြသည်။

(၁) ရာဇဂြိုဟ်၌ တစ်ဆူ၊

(၂) ဝေသာလီ၌ တစ်ဆူ၊

(၃) ကပိလဝတ်ပြည်၌ တစ်ဆူ၊

(၄) အလ္လကပ္ပပြည်၌ တစ်ဆူ၊

(၅) ရာမမည်သော ပုဏ္ဏားရွာ၌ တစ်ဆူ၊

(၆) ဝေဋ္ဌဒီပကပြည်၌ တစ်ဆူ၊

(၇) ပါဝေယျတိုင်း၌ တစ်ဆူ၊

(၈) ကုသိနာရုံပြည်၌ တစ်ဆူ၊

(၉) ဒေါဏပုဏ္ဏား၏ ရွာ၌ ဓာတ်တော်ချင်သော ရွှေပြည်တောင်း (သို့မဟုတ်) ဓာတ်တော်ထည့် ရွှေအိုးကို ဌာပနာထားသော ကုမ္ဘစေတီ၊

(၁၀) မောရိယမင်းတို့၏ တေဇောဓာတ် ပူဇော်ရာ နံ့သာမီးသွေးတို့ကို ယူဆောင်၍ ဌာပနာထားသော အင်္ဂါရစေတီတို့ဖြစ်ပါသည်။

ထို့အပြင် သီဟိုဠ်ကျွန်း၌ နဖူးသင်းကျစ်တော်၊ ဖြဟ္မာပြည်၌ လက်ဝဲ ညှပ်ရိုးတော်၊ သီဟိုဠ်ကျွန်း၌ လက်ယာ ညှပ်ရိုးတော်၊ တာဝတိံသာ နတ်ပြည်၌ စွယ်တော်တစ်ဆူ၊ နဂါးပြည်၌ စွယ်တော်တစ်ဆူ၊ ကာလိင်္ဂတိုင်း၌ စွယ်တော်တစ်ဆူ စသည့် အသမ္ဘိန္နဓာတ်တော် ခုနစ်ဆူ တည်ရှိသည်။ ဥဏ္ဏာလုံမွေရှင်တော်ကား ကောသလတိုင်း၌ တည်ရှိသေ သည်။

**ပရိဘောဂစေတီတော်များ**

(၁) ဝဇီရာပြည်၌ သပိတ်၊ တောင်ဝှေး၊ သင်္ကန်းတော် (ကိုယ်ရုံတော်)၊

(၂) ကပိလဝတ် နန်းတော်၌ သင်းပိုင်တော်၊

(၃) ပါဋလိပုတ်ပြည်၌ မေကရိုဏ်ရေစစ် ခါးပန်းတော်

(၄) စမ္ပာပြည်၌ ရေသနုပ်တော်၊

(၅) ဗြဟ္မာပြည်၌ ဖန်ရေဆိုးသော ပုဆိုး၊

(၆) တာဝတိံသာ၌ ခေါင်းပေါင်းတော်၊

(၇) အဝန္တိတိုင်း၌ နီသိဒိုင်အခင်းတော်၊

(၈) မိတ္ထီလပြည်၌ မီးပွတ်(ဆုံ)၊

(၉) ဝိဒေဟတိုင်း၌ အဝတ်ရေစစ်

(၁၀) ဣန္ဒပတ္တပြည်၌ ပဲခွပ်(ဒန်ပူ စသည် ပြုသော ဓားငယ်)၊ အပ်ကျည်(အပ်ထည့်သော ကျည်တောက်ဘူး)

(၁၁) အပရန္တတိုင်း၌ ဤမျှ ကြွင်းကျန်သော ထီး ဖိနပ်၊ မျက်နှာသုတ်ပဝါ၊ ခေါင်းအုံး၊ ရေတာကောင်း၊ ရေသောက် ခွက်ငယ်၊ ရေချိုး ဖလားကြီး၊ ယပ်တောင် စသော အသုံး အဆောင် ပရိက္ခရာတို့ကို တည်ရှိကြသည်ဟု မဟာဗုဒ္ဓဝင် ပါဠိတော် ဓာတုသာဇနီယ ကထာတွင် ဖော်ပြထားပါသည်။

တစ်ပါးသော စကြဝဠာနတ်ပြည်၊ ဗြဟ္မာပြည်တို့၌ ဆံတော်စေတီ နှစ်ကုဋေ ငါးသန်း၊ မွေးညှင်းတော်စေတီ ကုဋေပေါင်းများစွာ၊ သွားတော် ၃၆ဆူတို့ ဖြစ်ကြပါသည်။

ဤသည်တို့ကား ဘုရားရှင်၏ ဓာတုစေတီနှင့် ပရိ ဘောဂစေတီတော်များပင် ဖြစ်ကြကြောင်းကို ဗုဒ္ဓစာပေသုတ အဖြစ် ရေးသားတင်ပြရင်းဖြင့်… ■

ကိုရွှေမြသန်း (သမိုင်း)

*****

ကြော်ငြာထည့်သွင်းလိုပါက

အမှတ်-၁၇၉၊ တတိယထပ် (ဝဲ)၊(၃၃)လမ်း၊(အထက်)

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၀၉-၅၁၅၇၄၆၂



www.burmeseclassic.com

www.burmeseclassic.com

တစ်လောက မိသားစုအရေးကိစ္စတစ်ခုဖြင့် ဇာတိမြေသို့ ရောက်ဖြစ်ခဲ့သည်။ ကိစ္စပြီးသွားသော်လည်း မရောက်တာ ကြာပြီဖြစ်၍ ချက်ချင်း မပြန်ဖြစ်ခဲ့။ ဆွေမျိုးများ၊ သူငယ်ချင်းများထံ သွားရောက်လည်ပတ်ပြီး ရှေးဟောင်း နှောင်းဖြစ်များကို မြိန်ယှက်စွာ ပြောကြဆိုကြနှင့် တစ်ပတ်ခန့် ကြာမြင့်သွားခဲ့သည်။ ထမင်းဖိတ်ကျွေးသည့်အိမ်က များလွန်းသဖြင့် အချို့အိမ်များတွင် လက်ဖက်ရည်၊ ကော်ဖီ၊ မုန့်ပဲသရေစာလောက်နှင့်သာ ကျေနပ်ကြပါရန် တောင်းပန်ခဲ့ရသေးသည်။

# အင်းဝဘုရင် ပထမမင်းခေါင် အမြဲရွတ်ဆိုသည့် ဂါထာတော်

မောင်လွမ်းရည် (ရွှေတောင်)





www.burmeseclassic.com

www.burmeseclassic.com

မပြန်ခင် တစ်ရက်အလိုတွင် တည်းခိုသည်က ဦးလေး အိမ်၌ အနားယူရင် အပေါ်ထပ်တွင် အေးအေးဆေးဆေး စာဖတ်ရန် ဆုံးဖြတ်လိုက်သည်။ ဦးလေးမှာ အမေ့မောင် အငယ်ဆုံးဖြစ်ပြီး ငယ်စဉ်ကတည်းက အဘိုးနှင့်အတူ နေထိုင်ခဲ့သူဖြစ်သည်။ အိမ်ထောင်ကျတော့လည်း အဘိုးအိမ်မှာပင် ဆက်လက်နေထိုင်ခဲ့သည်မှာ အဘိုးဆုံးပြီးသည့်မှ ယခုအချိန်အထိဖြစ်သည်။

အဘိုး၊ ဦးလေးနှင့် အဒေါ်များမှာ စာဖတ်ဝါသနာပါသူများဖြစ်၍ အိမ်အပေါ်ထပ်တွင် စာအုပ်စင်များ၊ စာအုပ်ဗီရိုများ၊ စာအုပ်သေတ္တာများ၊ စာအုပ်စားပွဲများဖြင့် ပြည့်နှက်နေပါသည်။ အပေါ်ထပ်တွင် မည်သူမျှ မနေဘဲ သီးခြားစာဖတ်ခန်းသဘောမျိုး ထားရှိပါသည်။ စာအုပ်များမှာလည်း ဘာသာရပ်ဆိုင်ရာ ရသ၊ အချစ်၊ ဗဟုသုတ၊ ကျန်းမာရေး၊ ဘာသာရေး စသည်ဖြင့် အမျိုးစုံလင်လှပေသည်။

ကျွန်တော်သည် အလယ်တန်းကျောင်းသားဘဝမှ အထက်တန်းအောင်မြင်သည်အထိ အဘိုးအိမ်၌ နေထိုင်ခဲ့သူဖြစ်ရာ လူကြီးများ လစ်လျှင် လစ်သလို စာအုပ်များကို ခိုးဖတ်လေ့ ရှိပါသည်။ ကျွန်တော် စာဖတ်ဝါသနာကြီးမား သွားရခြင်းမှာလည်း ဤမှ အစပြုသည်ဟု ဆိုနိုင်ပါသည်။ ကာလအတန်ကြာသည်တွင် စာအုပ်တော်တော်များများကို ကျွန်တော် ဖတ်ပြီးသားဖြစ်သွားတော့သည်။ တစ်ဖက်ကလည်း ကျောင်းစာများကို တာဝန်ကျေအောင် ကျက်မှတ်ခဲ့ရာ ဘာမျှ ပြောဆိုခြင်း မခံခဲ့ရပါ။

ကျွန်တော် ဆယ်တန်းအောင်သည့်နှစ်တွင် အဖေလည်း ရန်ကုန်သို့ တာဝန်ဖြင့် ပြောင်းရွှေ့ခဲ့ရာ ကျွန်တော်တို့ မိသားစု အဘိုးအိမ်နှင့် အလှမ်းဝေးခဲ့ရသည်။ ဒီလိုနှင့် ကျွန်တော် ဘွဲ့ရ၊ အိမ်ထောင်ကျပြီး အဘိုးရှိရာ ဇာတိမြေသို့ အရောက်အပေါက်ကျဲသွားပါသည်။ မှတ်မှတ်ရရ၊ အဘိုးဆုံးသည့်နှစ်မှာ ကျွန်တော် အလုပ်စဝင်သည့်နှစ် ဖြစ်နေခြင်းပင်။ အလုပ်မှ ခွင့်ယူပြီး မိသားစုနှင့်အတူ အဘိုး နာရေးပြီးဆုံးသည်အထိ အဘိုးအိမ်မှာ နေခဲ့ကြသည်။ ဆွေမျိုးစုံအောင် လည်ပတ် စားသောက်ကြပြီးမှ ရန်ကုန်သို့ ပြန်ခဲ့ကြပါသည်။

ကျွန်တော်သည် ရှေးဟောင်း နှောင်းဖြစ်များကို ပြန်လည် စဉ်းစားရင်း ဖတ်လိုသည့် စာအုပ်များကို လှန်လှော ရှာဖွေခဲ့ရာ စားပွဲပေါ်ရှိ စာအုပ်များအကြားတွင် မမျှော်လင့်ဘဲ စာအုပ်တစ်အုပ်ကို သွားတွေ့ပါသည်။ စာအုပ်ကို အသာဆွဲယူပြီး လှန်ကြည့်လိုက်ရာ စာအုပ်မှ အတော်လေး ဟောင်းနွမ်းနေပြီး စာရွက်များမှာ ဝါကျင့်ကျင့်အရောင်ပေါက်ကာ မင်ရောင်များပင် ပြယ်နေသည်ကို တွေ့ရသည်။ အထွေထွေ အကြောင်းအရာများ၊ မှတ်သားစရာများကို ရေးသားထားသည့် အဘိုး၏ မှတ်စုစာအုပ်ဖြစ်နေသည်။ အဘိုး၏ လက်ရေးမှာ ရေးရိုး ဘုန်းကြီးကျောင်းထွက် လက်ရေးမျိုးဖြစ်သည်။ အဘိုး၏ မှတ်စုစာအုပ်ကို စိတ်ဝင်စားသဖြင့် တစ်ရွက်ပြီး တစ်ရွက် လှန်လှော ဖတ်ရှုခဲ့ရာ၊ တစ်နေရာအရောက်တွင် လက်ရေး မျက်စိပါ တန့်သွားပါသည်။ ဂါထာတစ်ပုဒ်နှင့် သမိုင်းဖြစ်စဉ် ကို တွေ့လိုက်ရခြင်းကြောင့်ဖြစ်ပါသည်။ ဂါထာ၏ အမည်မှာ လိုရာပြီးမြောက် သိဒ္ဓိပေါက် ဂါထာတော်ဖြစ်ပါသည်။ ဂါထာတော်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

### လိုရာပြီးမြောက် သိဒ္ဓိပေါက် ဂါထာတော်
### နမော ဗုဒ္ဓါယ သိဒ္ဓံ

**အနက်။** ဗုဒ္ဓါယ-မြတ်စွာဘုရားအား၊ နမော-ရှိခိုးပါ၏ သိဒ္ဓံ - လိုတိုင်း ပြီးမြောက် သိဒ္ဓိပေါက်ပါစေသတည်း။

ဤဂါထာတော်သည် အလွန်အစွမ်းထက်သော တန်ခိုး ကြီးမား ဂါထာတော်ဖြစ်သည်။ အင်းဝမင်းဆက် မင်းကြီး စွာစော်ကဲ၏ သားတော် မင်းခေါင်ကို အင်းဝဘုရင် ပထမ မင်းခေါင်(၇၆၄-၇၈၃)အဖြစ် ထီးနန်းဆက်ခံ စံစားစေသည် အထိ အကျိုးပေးသော ဂါထာတော်ဖြစ်ပါသည်။

သက္ကရာဇ် ၇၂၉ တွင် ယောက်ဖတော် သတိုးမင်း နတ်ရွာစံသောအခါ မင်းကြီး စွာစော်ကဲ အင်းဝတွင် မင်း သည်။ မင်းကြီး စွာစော်ကဲသည် ကန်စွန်းနိမ့်ရွာသူကို မိဖု မြှောက်ပြီး မင်းခေါင်၊ မင်းသိဒ္ဓတ်၊ ရှင်မြတ်လှတို့ကို ဖွား သည်။



www.burmeseclassic.com

မင်းခေါင်သည် ငယ်စဉ် မင်းသားဘဝက ခမည်းတော်၏ စွန့်ပယ်ခြင်းကို ခံခဲ့ရသည်။ ဆင်းရဲပင်ပန်းစွာ နေထိုင်ခဲ့ရသည်။ အထိန်းတော် ငခင်ညို၊ ငခင်ဘနှင့် မင်းဥဒိန် စသည့် ရောင်းရင်းဖက်တစ်စုက ပင်ပန်းစွာ ရှာဖွေကျွေးမွေးခဲ့သည်။ မင်းခေါင်သည် ဘုရား တရားကို အလွန်ရှိသေ ကိုင်းရှိုင်းပြီး "နမော ဗုဒ္ဓါယ သိဒ္ဓံ" ဂါထာတော်ကို နေ့စဉ် အခေါက်ပေါင်းများစွာ ထုံနေအောင် ရွတ်ပွားသရဇ္ဈာယ်ခဲ့သည်။

သက္ကရာဇ် ၇၆၂ တွင် မင်းကြီး စွာစော်ကဲ နတ်ရွာစံသည့်အခါ သားတော်ကြီး ဆင်ဖြူရှင် တရဖျား ထီးနန်းဆက်ခံသည်။ ခုနစ်လမျှသာ နန်းစံပြီး အထိန်းတော် ငနောက်ဆံ လုပ်ကြံ၍ ကံတော်ကုန်ခဲ့သည်။

သက္ကရာဇ် ၇၆၄ တွင် မင်းခေါင်သည် မမျှော်လင့်ဘဲ ပထမမင်းခေါင်ဘွဲ့နှင့် အင်းဝ ထီးနန်းကို စိုးစံခွင့်ရခဲ့သည်။ မင်းခေါင်၏ အဓိက ကြိုးစားအားထုတ်မှုမှာ နမော ဗုဒ္ဓါယ သိဒ္ဓံဂါထာတော်ကို အမြဲမပြတ် ရွတ်ပွားခြင်းကြောင့် ထီးနန်းဆက်ခံခွင့်ရခြင်းဖြစ်သည်။

ဤဂါထာတော်ကို လောကီပညာအရာတွင် စွယ်စုံပြည့်မြောက်တော်မူသည့် ဗားမဲ့ဆရာတော်ဘုရားကြီး စီရင်ထားခဲ့သော ဂါထာတော်ဖြစ်သည်။ ဗားမဲ့ ဝိဇ္ဇာမဟာသိဒ္ဓိကျမ်းရင်းကြီးတွင် ဤဂါထာတော်သည် ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ကုန်ရောင်းကုန်ဝယ်၊ အလုပ်အကိုင်၊ အရာရာကိစ္စတိုင်းတွင် လိုရာပြည့်မြောက် သိဒ္ဓိပေါက်စေသည့် ဂါထာတော်ဖြစ်သည်။

စာရေးသူသည် အဘိုး၏ မှတ်စုစာအုပ်အတွင်းမှ အထက်ပါ ဂါထာတော်ကို ကူးယူခဲ့ပြီး နောက်တစ်နေ့တွင် ရန်ကုန်သို့ ပြန်ခဲ့ပါသည်။ ရန်ကုန်ပြန်ရောက်သည့်အခါ စာရေးသူသည် အဘိုး မှတ်စုစာအုပ်ထဲက ကူးယူလာသည့် နမော ဗုဒ္ဓါယ သိဒ္ဓံ ဂါထာတော်ကို အမြဲရွတ်ပွားကြည့်ခဲ့ရာ ထူးခြားမှုများ ကြုံတွေ့ရပါသည်။ ထိုက်သည့်အားလျော်စွာ အကျိုးကျေးဇူးများ ရရှိခံစားခဲ့ရပါသည်။

စာရေးသူမှာ ဝါသနာအလျောက် ဘာသာရေးစာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် ဆောင်းပါးများ ရေးသားနေသူဖြစ်ရာ၊ မိမိကဲ့သို့ပင် အခြားသူများလည်း အကျိုးဖြစ်ထွန်းလာစေလိုသည့် စေတနာများ တဖွားဖွားပေါ်ပေါက်လာသဖြင့် စာဖတ်သူ ခုနစ်ရက်သားသမီးများ ရွတ်ပွားသရဇ္ဈာယ်နိုင်ကြပါစေရန် ရေးသားတင်ပြလိုက်ရပါသည် ■

မောင်လွှမ်းရည် (ရွှေတောင်)

"ဘာပဲပြောပြော
အိမ်ထောင်ရေးကံကောင်းဖို့ပဲ လိုပါသည်"

# ဆရာ နေလင်းအောင် (တွံတေး)

ကောဇာဂြိုဟ်အစီးအနင်း
အဟောပညာရှင်နှင့် အင်္ဂဝိဇ္ဇာဆန်းပညာဖြင့်
ဟောသည်။

တွမ်းခြံအရှေ့ ဈောင်ဖိုင်း၊ မိုလ်ချုပ်လမ်းမကြီး၊ ကန်သာယာလမ်းထိပ်၊ တွံတေးမြို့။ ဖုန်း - ၀၉ ၂၅၄၂၆၇၀၃၆ ၊ ၀၉ ၇၉၉၂၇၅၅၉၀



www.burmeseclassic.com

www.burmeseclassic.com

# မြွေပွေး၏ ဆေးမြီးတိုအသုံး

## အောင်ဆန်းလင်း (ဘီ-အေ)

မြွေများကို အမျိုးအစားခွဲခြားကြည့်လျှင် အဆိပ်ရှိသော မြွေနှင့် အဆိပ်မရှိသော မြွေဟု နှစ်မျိုးခွဲခြားနိုင်ပြီး အားလုံးလိုလို ဥမှ ပေါက်ဖွားကြခြင်းဖြစ်သည်။

သို့သော် မြွေပွေးသည် ထူးထူးခြားခြား ဥမှ ပေါက်ဖွားခြင်းမရှိဘဲ အကောင်လိုက်မွေးခြင်းဖြစ်သည်။ ထိုသို့ မွေးဖွားရာတွင် မြွေမကြီး၏ ဝမ်းဗိုက်ကို ဖောက်ထွင်းပြီး မြွေအကောင်ငယ်လေးများထွက်လာကြခြင်းဖြစ်သဖြင့် တစ်ကြိမ်သားပေါက်ပြီးတိုင်း မိခင် မြွေမကြီးမှာ သေဆုံးရလေ့ရှိသည်ဟု အဆိုရှိသည်။

မြွေပွေးသည် အလွန်အဆိပ်ပြင်းပြီး လူသားတို့၏ အသက်အန္တရာယ်ကို ဒုက္ခအပေးဆုံး သတ္တဝါဖြစ်သည်။ တောနေ လူတန်းစားတို့၏ ဝန်းကျင်မှာ နီးကပ်စွာ နေထိုင်လေ့ရှိပြီး၊ လယ်ယာစပါးခင်းများသည် မြွေပွေးများ အနစ်သက်ဆုံး ခိုအောင်းနေထိုင်ရာ ဒေသဖြစ်သည်။

တောင်သူလယ်သမားများသည် စပါးရိတ်သိမ်းချိန်ကာလတွင် မြွေပွေး၏ အန္တရာယ်ကို အထူးသတိထားကြရသည်။ မြွေပွေးက လက်ဦးလျှင် လူတို့ အကိုက်ခံရပြီး မြွေဆိပ်သင့်၍ သေဆုံးရသည်။ လူက ဦးစွာ မြင်တွေ့လျှင် မြွေပွေးကို ရိုက်သတ်ပြီး ဟင်းချက်စားလေ့ရှိသည်။ မြွေပွေးကဲ့သို့ အဆိပ်ပြင်းသော သတ္တဝါများကို အစားများလျှင် အရွယ်မတိုင်မီ လူတို့ လျင်မြန်စွာ မျက်စိမွဲတတ်သည်ကို သတိထားသင့်ပါသည်။ မြွေပွေးသည် သုံးတတ်လျှင် ဆေး မသုံးတတ်လျှင် ဘေးဟူသော အဆိုစကားနှင့် ကိုက်ညီလေသည်။

မြွေပွေး၏ ဆေးဖက်ဝင်သော အသုံးများမှာ -

* မြွေပွေး၏ ဝမ်းတွင်းမှရသော အဆီပြင်ကို ဒယ်အိုးသေးသေးဖြင့် မီးအပူပေးပြီး အဆီရအောင် ကျိုပါ။ ထိုမြွေပွေးဆီဖြင့် လိမ်းလျှင် ပျောက်ခဲသော ဂရင်ဂျီနာများကိုပင် ပျောက်ကင်းစေနိုင်သည်။

* ပျားရည်တစ်ပုလင်းတွင် မြွေပွေးဆီ ငါးမတ်သားခန့် ထည့်ပါ။ ထိုပျားရည်ဆေးကို မှန်မှန်စားလျှင် ချောင်းဆိုး၊ ပန်းနာ၊ ရင်ကျပ်ရောဂါများကို ပျောက်ကင်းစေနိုင်သည်။

* မြွေပွေး၏ အရေခွံအနည်းငယ်ကို ယူ၍ ထန်းလျက်တစ်ကျပ်သားခန့်နှင့် နယ်ပြီး စား(မျို)လျှင် ကြွက်နို့များ ပျောက်ကင်းစေသည်။

* မြွေပွေးအရေခွံ ကျပ်ဝိုင်းခန့်ကို ဖြတ်ပြီး တံတွေးနှင့် ဆွတ်၍ သွေးစုနာကို ကပ်ပေးလျှင် လျင်မြန်စွာ ပျောက်ကင်းစေသည်။

* ပုံ့သကူ မြွေပွေးအသေတစ်ကောင်(အလေးချိန် ၇၅ကျပ်သားခန့်)ကို မြေအိုးအသစ်တစ်လုံးတွင် ထည့်၍ ထန်းရည် နှစ်မြူခန့်ကို ထပ်ထည့်ပြီး အဖုံးဖုံးလျက်၊ လေလုံအောင် မြေသရိုးဖြင့် ပိတ်ပြီး စပါးခွံထဲတွင် တစ်လခန့်ကြာအောင် မြှုပ်ထားပေးပါ။

တစ်လရှိက ထိုအိုးကို ထုတ်ယူပြီး အရက်ချက်သကဲ့သို့ အပူပေး၍ ပေါင်းခွေးရည်ကို ရယူပါ။ ထိုပေါင်းခွေးရည်ဖြင့် ကိုယ်ရေပြားရောဂါ(နူနာ)ဖြစ်ရာ နေရာကို လိမ်းပေးလျှင် သက်သာပျောက်ကင်းစေနိုင်ပါသည်။

(မှတ်ချက်။ ပုံ့သကူ မြွေပွေးအသေသည် မိမိလိုချင်သော အလေးချိန်အရွယ်အစားကို ရချင်မှ ရပေလိမ့်မည်။ ထို့ကြောင့် လေးဆယ်ကျပ်သားနီးနီးရှိလျှင် ထန်းရည်တစ်မြူနှန်း သုံးစွဲ၍ရပါသည်။)

အန္တရာယ်များ ရှင်းလင်း ချမ်းသာခြင်းကို ရရှိကြပါစေ ■

အောင်ဆန်းလင်း (ဘီ-အေ)

*****



www.burmeseclassic.com

www.burmeseclassic.com

# သင် သွေးတိုးရောဂါရှိနေလျှင်

အလူမီနီယံ (ပြည်)

တစ်လောက မိတ်ဆွေမိသားစု ပုသိမ်မှ ရောက်လာကြသည်။ ကျွန်ုပ်၏ ဇာတိမြေ ပြည်သို့ လိုက်ပို့ရန်ဖြစ်သည်။ အကြောင်းမှာ ရွှေတောင်မှ ရဟန္တာ (ဂဝ) ကျောင်းတိုက်ဆရာတော်ကြီးအား ဖူးမြော်လိုသောကြောင့် ဆရာတော်ကြီးနှင့် ကျွမ်းဝင်ရင်းနှီးပြီးဖြစ်သော ကျွန်ုပ်အား လိုက်ပို့ပေးပါမည့် အကူအညီတောင်းခံခြင်းပင်။ ကျွန်ုပ်မှာ မိဘများထံရောက်တာ ကြာပြီဖြစ်သည်က တစ်ကြောင်း၊ ဆရာတော်ကြီးအား ဖူးမြော်လိုသည်က တစ်ကြောင်းကြောင့် မိတ်ဆွေတို့၏ အကူအညီတောင်းခံမှုကို လိုက်လျောခဲ့သည်။

ဤသို့ဖြင့် နောက်တစ်ရက်တွင် မနက်စောစောထသာ ပြည်သို့ ကျွန်ုပ်တို့ ခရီးနှင်ခဲ့ကြတော့သည်။

တစ်မြို့ဝင် တစ်မြို့ထွက်ဖြင့် ခရီးနှင်ခဲ့ကြရာ ငါးကုန်းမြို့အရောက်တွင် မြန်မာ့သမားတော်ကြီး သိပ္ပံ(ဦး)မင်းလွင်အိမ်၌ ကားရော လူပါ အနားယူကြရန် ခုံးဖြတ်လျက်ဝင်နားကြလေသည်။ တစ်နာရီနားမည်ဟု ခုံးဖြတ်လျက်တွေ့ရလေးပါး စကားများ ပြောဖြစ်ကြပါသည်။

ကျွန်ုပ်မှာ ဆရာကြီး ဦးမင်းလွင်နှင့် ယခင်ကတည်းကအတွန်ပင် ရင်းနှီးပြီးသားဖြစ်ရာ သိလိုသမျှကို အားမနာတမ်းမေးတတ်သူဖြစ်၏။ ယခုလည်း ရောက်လာသည့်အခိုက်အကျိုးရှိရလေအောင် သွေးတိုးရောဂါဖြစ်နေသူများအတွက် သိထိုက်သည်များကို မေးမြန်းမိလေသည်။ အကြောင်းမှာ ကျွန်ုပ်ကိုယ်တိုင် သွေးတိုးဝေဒနာခံစားနေရသူဖြစ်သောကြောင့်တည်း။

"သွေးတိုးရောဂါသက်သာဖို့က ဆေးကို မှီဝဲနေရုံနဲ့ပျောက်ဖို့ မလွယ်ဘူး။ မသင့်တဲ့ အစားအစာတွေကို ရှောင်ရှားနိုင်ဖို့ လိုတယ်။ ဒါမှသာ ကုသရာမှာ ထိရောက်မြန်ဆန်မယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး။ ကျွန်တော့်လို သွေးတိုးရောဂါရှိတဲ့သူတွေ သိရအောင် စာပြန်ရေးချင်တာကြောင့် သိသင့်သိထိုက်တာကို ပြောပြပေးပါလား ဆရာကြီး"

"ပြောမှာပါဗျာ။ ဒါပေမယ့် သွေးတိုးရောဂါပျောက်ဆေးကိုတော့ ကျွန်တော် မပေးလိုဘူး"

"ဘာပြုလို့လဲ ဆရာကြီး"

"ဆေးဆိုတာ သမားက လူနာရဲ့ ဝေဒနာအရ ချင့်ချိန်ပြီးမှ လို့တိုး ပို့လျှော့လုပ်ပြီးပေးရတာပါ။ အသေကိုင်သဘောမျိုးနဲ့ ပေးလို့ မသင့်ဘူးလေ။ လူနာရဲ့ အနေအထား



www.burmeseclassic.com

www.burmeseclassic.com

အပေါ်မှာ မူတည်ပြီး တချို့ဆေးမှာဆိုရင် ဆားကဲသင့်တာကဲ၊ ဆားလျှော့သင့်တာ လျှော့၊ စသဖြင့်ပေါ့"

"သဘောပေါက်ပါပြီ ဆရာကြီး"

"ဒါကြောင့် လာတုန်း အကျိုးရှိအောင် သွေးတိုး ဝေဒနာခံစားနေရသူတွေ ကုသခံမှု ထိရောက်နိုင်ရေးအတွက် အစားအသောက်တွေ ဆင်ခြင်နိုင်ဖို့ ပြောပြပေးချင်တယ်"

"ကောင်းပါတယ် ဆရာကြီး။ ကျွန်တော် ဂမ္ဘီရဆန်းကြယ် မဂ္ဂဇင်းကနေ စာဖတ်သူတွေ သိအောင် စာရေးလိုက်ပါမယ်"

◈◈◈

တိုင်းရင်းဆေးပညာအယူအဆအရ သွေးတိုးရောဂါဟာ အေးသော တေဇော၊ ဝါယောတို့ကို အကြောင်းခံပြီး ဖြစ်ရပါတယ်။ အေးပြီး ဖွဲ့လျှင် အာကာသပိတ်ဆို့မှုဖြစ်၊ ဒီအခါမှာ သွေးသွားလာမှု ထိုင်းမှိုင်းခြောက်သွေ့ တောင့်တင်းရတယ်။ အာကာသ ပွင့်နေမှသာ သွေးအသွားအလာလမ်းများ ပွင့်ပြီး ပေါ့ပါးမယ်။ သွက်လက်မယ်။ ခန္ဓာကိုယ်မှာ ချွေးတစိုစိုထွက်မယ်။ ဒါဟာ တေဇော ဝါယောလမ်းတွေ ပွင့်လာခြင်းပဲ။

ဆေးအလိုအရ အာကာသရဲ့ ဆန့်ကျင်ဘက်က အာပေါ-ပထဝီဖြစ်မယ်။ အာပေါ-ပထဝီ အားကောင်းရင် အာကာသ ပိတ်မယ်။ ထပ်ရှင်းရရင် အေးရင် ဖွဲ့မယ်၊ ဖွဲ့ရင် အာကာသ ပိတ်မယ်။ ဒါဆိုရင် သွေးတိုးနိုင်တယ်။

အာကာသကို လေ့လာမှုအရ နှစ်မျိုးဆိုနိုင်တယ်။ ပထမတစ်မျိုးက လည်ချောင်းပေါက်၊ ကျင်ကြီး၊ ကျင်ငယ်ပေါက်တွေပဲ။ ပြီးမှ မျက်စိနှစ်ပေါက်၊ နားနှစ်ပေါက်၊ နှာခေါင်းနှစ်ပေါက်နဲ့ ပါးစပ်ပေါက်။ ဆီးချုပ်၊ ဝမ်းချုပ်ဖြစ်ရင် မျက်စိ၊ နား၊ နှာခေါင်း၊ ပါးစပ်ကိုပါ ဒုက္ခဖြစ်နိုင်တယ်။

နောက်တစ်မျိုးက အရိုးကြား၊ အသားကြား၊ မွေးညင်းပေါက်အကြား အားလုံးဖြစ်တယ်။

ပထမပိုင်း ပိတ်ဆို့မှုဖြစ်ရင် ဒုတိယပိုင်းလည်း ပိတ်ဆို့ရတာပဲ။ ဒီလို အားလုံးပိတ်ဆို့မှုဖြစ်လို့ သွေးတိုးရတာပဲ။ ဒီတော့ စဉ်းစားရမှာက သွေးတိုးရောဂါရနေရင် ဖွဲ့စည်းပြီး ပိတ်ဆို့စေတတ်တဲ့ အစာတွေကို ရှောင်နိုင်ရမယ်။ သူတို့ဟာ ရန်သူတွေပဲ။ ဆေးချည်း အားကိုးပြီး စားချင်ရာ စားနေရင် ရောဂါပျောက်ဖို့က မသေချာဘူး။

တိုင်းရင်းဆေးကျမ်းအရမှာ ဝက်သား၊ ဘဲသား၊ ကျွဲသား၊ ဘဲဥ၊ ချဉ်ပေါင်၊ လက်လုပ်ချဉ်၊ နွားနို့၊ စားတော်ပဲ၊ ထောပတ်၊ အာလူး၊ ဒန်းဆီ၊ ပုစွန်၊ လက်ဖက်၊ ရေခဲတို့ပါပဲ။

ငါးမှာတော့ ငါးသလောက်၊ ငါးရှဉ့်၊ ငါးခူဟာ ဆိုးပါတယ်။

အသားမှာတော့ ဝက်ဟာ ဆိုးပါတယ်။ အရွက်မှာတော့ ချဉ်ပေါင်ဟာ ဆိုးပါတယ်။ ဒါတွေကို ရှောင်ပါ။ ငန်းမန်းအားကြီးပြီး လေးလံမှု၊ ထိုင်းမှိုင်းမှုတွေ ဖြစ်နိုင်ပါတယ်။

သွေးတိုးနဲ့ မတည့်တဲ့ နောက်တစ်မျိုးက လက်ဖက်ရည်ပါ။ သကြား၊ နို့ဆီပါနေပါတယ်။ စားတော်ပဲလည်း ရှောင်ပါ။ လေစာတွေ ဖြစ်တာကြောင့် သွက်ချာပါဒရောဂါတောင် ရသွားနိုင်ပါတယ်။

အသီးများအနေနဲ့လည်း ဖရဲသီး၊ ရုံးပတီသီး၊ ပီလောပီနံ့ဥများကို ရှောင်ပါ။ အချဉ်ဖောက်ပြီး အပုပ်စိမ်ထားတဲ့ မုန့်များကိုလည်း ရှောင်သင့်ပါတယ်။ ဥပမာ-မုန့်ဟင်းခါး၊ မုန့်ဖတ်၊ မုန့်ဟင်းခါးထဲမှာ ပါတဲ့ ငါး၊ ငံပြာရည်ကလည်း မတည့်ပါဘူး။

နောက်တစ်မျိုးက ရေခဲပါ။ ခန္ဓာကိုယ် ဓာတ်တွေ ဖွဲ့စေတာကြောင့် ရှောင်သင့်ပါတယ်။

◈◈◈

ကျွန်ုပ်ဟာ ဆရာကြီး ပြောသမျှကို အသံဖမ်းယူထားလိုက်ပါသည်။ အလျဉ်းသင့်ပါက စာစောင်၊ မဂ္ဂဇင်းမှ ဖော်ပြရေးသားရန် ဖြစ်၏။ ယခု အလျဉ်းသင့်ပါပြီ။

စာဖတ်သူများတွင် သွေးတိုးရောဂါရှိနေပါလျှင် ယခု တင်ပြခဲ့သမျှသော အစားအစာများကို လျှော့စားခြင်း၊ ရှောင်ရှားခြင်းများ ပြုသင့်ပါသည်။ ဆေးမစားဘဲ အစားအသောက် ရှောင်ခြင်းဖြင့်ပင်လျှင် သွေးတိုးရောဂါတိုးခြင်းမှ သိသိသာသာ သက်သာနိုင်ပါလေသည်■

စေတနာဖြင့် • • •

အလှမီနီယံ (ပြည်)

*****



www.burmeseclassic.com

www.burmeseclassic.com

# နေစေး စာပေမှ

## သတင်းကောင်းပါးဖိတ်ခေါ်လိုက်ပါသည်

…မြို့ရွာကျေးလက်၊ ရပ်ကွက်၊ ကျောင်း၊ ရုံး၊ တပ်တွင်း စာကြည့်တိုက် …လိုသူများ၊ မိမိအိမ်တွင် စာအုပ်အငှားဆိုင် ဖွင့်ပြီး အိမ်တွင်းစရိတ် …ငွေရှာလိုသူများ၊ တစ်ဆင့်စာအုပ် ပြန်လည် ရောင်းချလိုသူများအား …စေး စာပေနှင့် အမြန်ဆုံးဆက်သွယ်ပါရန် လေးစားစွာ ဖိတ်ခေါ်လိုက် …သည်။

လစဉ်ထုတ် မဂ္ဂဇင်း၊ ဝတ္ထု၊ ရုပ်ပြ၊ ကာတွန်း၊ ဘာသာပြန်၊ သိုင်း၊ …တ၊ ရသ၊ ပုံပြင်စာအုပ်များ စုံလင်စွာနှင့် လကျော်၊ တိုက်ကျစာအုပ်များ၊ …စာအုပ်အဟောင်းများ၊ အသစ်များ လက်လီလက္ကား ဖြန့်ချီရောင်းချ …နေပါသည်။

### ဆက်သွယ်ရန်လိပ်စာ

…ခင်း – အမှတ်(၁၉၅)၊ (၃၂)လမ်းအထက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
☎ – ၀၁–၂၅၄၆၂၅

…ခွဲ(၁) – အမှတ်(၄)၊ ကန်လမ်း၊ ထွန်းသီရိရုပ်ရှင်ရုံရှေ့၊ ပြည်မြို့။
☎ – ၀၉ ၅၃၀၃၃၀၄၊ ၀၉ ၅၃၇၀၅၅၄

…ခွဲ(၂) – အရှေ့မြို့ပတ်လမ်း၊ အ.ထ.က–၁၁(ကျောင်းရှေ့)၊ ရှမ်းပြည်နယ်၊
တောင်ကြီးမြို့။ ☎ – ၀၉ ၅၁၁၂၀၇၀

…ခွဲ(၃) – အမှတ်–၅/၆(B) ခရိုင်ရဲတိုက်တန်း၊ မိုးလ်ချုပ်လမ်း၊ မကွေးမြို့။
☎ – ၀၉ ၈၆၂၁၀၆၄

www.burmeseclassic.com

www.burmeseclassic.com

# တင်ပေါင်တင်ပေါင်



www.burmeseclassic.com

www.burmeseclassic.com

လွန်ခဲ့သော နှစ်ပေါင်း (၆၀) ကျော်။ ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသ၏ ဝါးခယ်မမြို့။ အချိန်က ပြည်တွင်း မငြိမ်သက်မှုတို့နှင့်အတူ ရောင်စုံ သူပုန်များ ထကြွနေချိန်ဖြစ်သည်။

ဧရာဝတီတိုင်းသည်လည်း အမည်းရောင်နယ်မြေ သတ်မှတ်ခံရသည်။ ပြည်သူလူထု ကျိုးလန့်စာစား နေကြရသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ဗကပ,ကတစ်မျိုး။ ကရင်သူပုန်က တစ်ရန်ဖြစ်နေချိန်တွင် ဒေသခံ ပြည်သူတို့အနေဖြင့် ဘယ်နေ့ ဘယ်သူက လာသတ်လေမလဲ ဟူသော စိုးရိမ်စိတ်တို့နှင့် အသက်ရှင်နေကြရရှာသည်။ ထို့အပြင် ဆက်ကြေးတောင်း၊ ဓားပြတိုက် စသည့် အကြောင်းတို့ကြောင့်လည်း အသက် အိုးအိမ်ဆိုသည်မှာ မသေချာနိုင်ကြပေ။





www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်က ခရီးသွားလာရေးအတွက် ရေလမ်းခရီးကိုသာ အားပြုကြသည်။ ဝါးခယ်မမြို့နှင့် အတန်ဝေးသည့် ကျွန်းကုန်းရွာကို ပြေးဆွဲနေသော ခရီးသည်တင် လိုင်းသင်္ဘော ရွှေဟင်္သာက နေ့စဉ်ပြေးဆွဲပေးနေသည်။ သို့သော်လည်း အချိန်မှန်လေ့မရှိ။ ဝါးခယ်မနှင့် ကျွန်းကုန်းကို သရွတ်သွပ်ချောင်းက ဆက်သွယ်ပေးထားသည်။ သို့သော်လည်း ချောင်းက ကျဉ်းပြီး တိမ်သည်။ ထို့ကြောင့် လှေသင်္ဘောများ ရေတက်ချိန်စောင့်၍ ထိုချောင်းကို ကျော်ဖြတ်ကြရသည်။ ထို့ကြောင့် တချို့ရက်များတွင် ရွှေဟင်္သာ သင်္ဘောက ညအချိန်မတော် ထိုချောင်းကို ဖြတ်၍ ကျွန်းကုန်းသို့ ပြန်ရသည်။

ရွှေဟင်္သာသင်္ဘောက တစ်ထပ်သင်္ဘောဖြစ်သည်။ သင်္ဘောသား ၆ဦး ရှိသည်။ ကျွန်းကုန်းရွာမှ နံနက်တွင် ထွက်လာပြီး ဝါးခယ်မသို့ ရောက်သည်။ ဝါးခယ်မတွင် ဈေးဝယ်လာကြသည့် ခရီးသည်များကို စောင့်ခေါ်ပြီး ကျွန်းကုန်းသို့ ပြန်သည်။ ထိုနည်းဖြင့် ကျွန်းကုန်း-ဝါးခယ်မ လိုင်းကို ပြေးဆွဲနေသည်။ ဒေသခံတို့မှာ ခရီးသွားလာရန် ထိုလိုင်းသင်္ဘောကိုသာ အားကိုးကြရသည်။

ထိုနေ့က ရွှေဟင်္သာသင်္ဘော ဝါးခယ်မသို့ ဆိုက်ကပ်ချိန်မှာ အလွန်နောက်ကျသည်။ ခရီးသည်များလည်း ဈေးကွဲချိန်ရောက်မှ မြို့သို့ ရောက်ရသဖြင့် ဈေးဝယ်ဖို့ အခက်တွေ့ကြရသည်။ သင်္ဘောက သရွတ်သွပ်ချောင်း ရေအတက်ကို စောင့်၍ လာရသဖြင့် နောက်ကျနေခြင်းဖြစ်သည်။ ခရီးသည်များ ကိစ္စပြီး၍ သင်္ဘောသို့ ပြန်ရောက်လာကြသော်လည်း သရွတ်သွပ်ချောင်းက ရေကျချိန်ဖြစ်နေ၍ သင်္ဘောက မထွက်နိုင်သေးပေ။ မိုးချုပ်စအချိန်မှ မြို့ဆိပ်က သင်္ဘောခွာရသည်။

ထိုနေ့က သင်္ဘောပေါ်တွင် ခရီးသည် (၃၇)ဦး ပါလာသည်။ ထိုအထဲတွင် သုံးနှစ်အရွယ် ကလေးတစ်ဦးလည်း ပါလာသည်။ ရွှေဟင်္သာသင်္ဘော ဒရင်းရွာနားရောက်လာချိန်၌ ည ၈နာရီခန့်ရှိပြီဖြစ်သည်။ ခရီးသည်တချို့က တစ်နေကုန် ခရီးပန်းလာသဖြင့် ငိုက်မြည်းနေကြသည်။ တချို့လည်း စကားစမြည်ပြောကာ လိုက်ပါလာကြသည်။ ရေ၌ ဗမော်ရွာရှိသည်။ ထိုရွာက ချောင်းကွေ့အလွန်တွင် ရှိသည်။ သင်္ဘောတိုင်း ထိုကွေ့တွင် စက်ရှိန်သတ်ကြရသည်။ ထိုသည်ကို အခွင့်ကောင်းယူ၍ ယခင်က လှေ၊ သင်္ဘောများ ဓားပြတိုက်၊ ခြိမ်းခြောက်ခံကြရသည်။ ထိုဒေသက ရဲဘော်ဖြူနှင့် ကရင်သူပုန်တို့ ကြီးစိုးသောနေရာဖြစ်သည်။

ယခုလည်း ရွှေဟင်္သာသင်္ဘော
ဗမော်ကွေ့ကို ကျော်သည်နှင့် သေနတ်
သံတစ်ချက်ကျယ်ကျယ်လောင်လောင်
ပေါ်ထွက်လာသည်။ လက်နက်ကိုင်
အဖွဲ့တစ်ဖွဲ့က သင်္ဘောကို ကမ်း
ကပ်ခိုင်းနေသည်။ သင်္ဘောဆလင်
မကပ်လို၍ သင်္ဘောစက်ရှိန်ကို မြှ
လိုက်စဉ် နောက်ထပ် သေနတ်
တစ်ချက်ထွက်ပေါ်လာပြီး ခရီးသည်
တစ်ဦးလည်း သွေးအိုင်ထဲ လဲသွ
သည်။ ခရီးသည်များ ကြောက်
အော်ဟစ် တောင်းပန်သံတို့ဖြင့် ဆူ
သွားသည်။ သင်္ဘော ကမ်းကပ်
နှင့် လက်နက်ကိုင်တချို့ သင်္ဘော
သို့ တက်လာပြီး ဆလင်နှင့် သင်္ဘော
သားများကို ကမ်းပေါ် ခေါ်သွားသ
ထို့နောက် သေနတ်သံကြားရပြီး
ရင်းဆန်ခတ်ဖြစ်ကာ သေနတ်သံ
ဆက်တိုက်ထွက်ပေါ်လာသည်။
နောက်တော့ ဆလင်နှင့် သင်္ဘော
များ အတုံးအရုံး လဲပြိုကုန်ကြသ

ထို့နောက် လက်နက်ကိုင်
က ခရီးသည်များကို ကမ်းပေါ်
တက်ခိုင်းသည်တွင် ခရီးသည်
အကြောက်လွန်၍ ထွက်ပြေးကြ
တွင် ဒေါသထွက်နေသော လက်
ကိုင်တချို့၏ မဆင်မခြင် ပစ်ခ
ကြောင့် နောက်ဆုံးတွင် ခရီး
အားလုံး သေဆုံးခဲ့ရသည်။

နံနက်လင်း၍ လူအများ
လာကြလျှင် ခရီးသည် (၃၆)
နှင့် သင်္ဘောသားများ၏ အလောင်း
ကို တွေ့မြင်သွားကြသည်။ သို့
သင်္ဘောပေါ် ပါလာသည့် သုံးနှစ်
ကလေးပျောက်နေခြင်းကို မည်
သတိမထားမိကြချေ။

ထို့နောက်ပိုင်း နှစ်ပေါင်း (

လူတိုင်းဟာ ကံအကြောင်းကြောင့် သေကြရတာချည်းပဲ။ သေခြင်းတရားဆိုတာလည်း လူတိုင်းကြုံကြရမှာ။ စောစောသေတာနဲ့ နောက်ကျသေတာပဲ ကွာတာပါကွယ်။ သေတဲ့လူလည်း ပြန်ရှင်မလာနိုင်ဘူး။


www.burmeseclassic.com

www.burmeseclassic.com

ကျော်ကြာပြီးနောက် ဧရာဝတီမြစ်ဝ ကျွန်းပေါ်ဒေသတွင် သူပုန်များ ပျောက်သွားခဲ့သည်။ အစိုးရနှင့် ပြည်သူတို့ ပူးပေါင်း၍ တိုက်ထုတ်နိုင် ခဲ့ကြသည်။ ဒေသခံ ပြည်သူတို့လည်း စိတ်ချ ယုံကြည်စွာ သွားလာနိုင်ကြပြီး ကိုယ့်အလုပ် ကိုယ်လုပ်၍ ကိုယ့်ဘဝ ၏ အနာဂတ်ကို ကြိုးစားနိုင်ကြပေပြီ။

◈◈◈

ဦးကြီးထော်ရွာလေးက သရွတ် ချောင်းပေါ်တွင် တည်ရှိသည်။ ဒေသခံများက ကရင်လူမျိုးများဖြစ်ပြီး ထယ်ယာလုပ်ငန်းဖြင့် အသက်မွေးကြ သူများဖြစ်သည်။ ဦးကြီးထော်ရွာသည် လည်း ယခင်က သူပုန်များ၏ အနိုင် အထက် ဖျက်ဆီးခြင်းကို ခံခဲ့ရသည်။ ဦးကြီးထော်ရွာထိပ်တွင် ဆရာတော် ဦးကောသလ သီတင်းသုံးနေသော ကျောင်းရှိသည်။ ဆရာတော်က အသက် (၈၀)ကျော်ပြီ။ ဆရာတော် သည် တိုင်းရင်းဆေးအရာတွင် တစ် ဖက်ကမ်းခတ် တတ်မြောက်သည်။ ထို့ကြောင့် အနီးအပါးရွာများက ဆရာ တော်ကို အားကိုးကြသည်။ ထို့အပြင် ဆရာတော်သည် လောကီပညာ အချို့ကိုလည်း ကျွမ်းကျင်သည်ဟု တပည့်များ၏ ပြောသံကို ကြားရသည်။

ဆရာတော့်ကျောင်း၌ ကပ္ပိယ ကြီး ဦးဆိတ်နှင့် ခန်းနေ ဦးပဥ္စင်း "ရှင်သံဝရ"တို့ရှိသည်။ ဆရာတော်က ဦးပဥ္စင်း သံဝရကို ငယ်ကတည်းက မိဘမဲ့ ဘဝမှ ခေါ်ယူမွေးစားခဲ့ရသည်။

"ရှင်သံဝရ"

"ဘုရား...တပည့်တော် ရှိပါ တယ် ဘုရား"

"မနက်အလုပ်တွေ လုပ်ပြီးပြီ လား"

"မှန်ပါ့ တပည့်တော် ရွတ်ဖတ် လို့ ပြီးပါပြီ"

"အေး...အေး။ မပျက်စေနဲ့ ကြားလား။ အဲဒါက နင့်ကို စောင့် ရှောက်လိမ့်မယ်။ သွား...ကျောင်းဝင်း ထဲမှာ တိမ်ပုတ်ဂမုန်း လက်နှစ်ဆစ် လောက် တူးယူခဲ့"

"----------"

"ဟဲ့...သွားလေ၊ ဘာလုပ်နေ တာတုန်း"

"တပည့်တော်...တပည့်တော် လူထွက်ချင်လို့ပါ ဘုရား"

"ဟယ် . . . ဒီကလေးနှယ်၊ သွားစမ်း...သွားစမ်း"

"ဒီတစ်ခါတော့ တပည့်တော်ကို လူထွက်ခွင့်ပြုပါ ဘုရား"

"လူထွက်ပြီးတော့ နင်က ဘာ လုပ်မှာတုန်း"

"----------"

ဦးပဥ္စင်းလေးထံမှ စကားသံတို့ ထွက်မလာ။ ဆရာတော်လည်း စဉ်းစား တွေဝေသွားသည်။

"အေး...အေး၊ နင့်အရွယ်က ငယ်သေးတော့ လောကီမှာ ကျင်လည် ချင်မှာပေါ့။ အေးလေ၊ သဗ္ဗေသတ္တာ ကမ္မသကာပေါ့"

ဦးပဥ္စင်းလေး ကျောင်းအောက် သို့ ဆင်းသွားလျှင် ကပ္ပိယကြီးရောက် လာသည်။

"မှန်ပါ့ ဘုရား။ တပည့်တော် ဦးပဥ္စင်းလေး ဆရာတော့်ထံ လျှောက် ထားတာတွေအားလုံးကို ကြားပါတယ် ဘုရား"

"အေးလေ . . . ကပ္ပိယရယ်၊ ကိုယ်ပိုင်တာမှ မဟုတ်ဘဲ၊ ခွင့်ပြုရမှာ ပေါ့"

"တပည့်တော် စိုးရိမ်တာက သူ့ ရဲ့ အစွမ်းတွေကို လောကီမှာ မဟုတ် တဲ့ နေရာမှာ အသုံးချမှားရင် အန္တရာယ်ဖြစ်လာနိုင်လို့ပါ ဘုရား။ ပြီးတော့ လောကီမှာက ပညာသည်တွေက လည်း ပေါပါဘိနယ်။ သူတစ်ပါးလုပ် လိုက်လို့ ဒုက္ခရောက်မှာလည်း စိုးပါ တယ် ဘုရား။ မိဘမဲ့ဘဝနဲ့ တပည့် တော်လက်ပေါ်တင် ကြီးပြင်းလာခဲ့တာ မို့ ဦးပဥ္စင်းလေးကို..."

"ဟဲ့...ကပ္ပိယ၊ သတ္တဝါမှန်သမျှ ကံကြောင့်ဖြစ်ရတာပဲကွဲ့။ အတိတ်ကံ ကို ပြုပြင်လို့ မရပေမယ့် ပစ္စုပ္ပန်ကံ ကိုတော့ အကောင်းဆုံးဖြစ်အောင် ဆုံးမ သွန်သင်ပြီးပြီပဲ။ ကာယကံရှင်ရဲ့ စေတနာကံအတိုင်း ဖြစ်ရလိမ့်မယ်မို့ လား"

"ဒါနဲ့ ဘုရား၊ ဦးပဥ္စင်းလေးက သော့တွေ၊ ကြိုးတွေကို သူ့လက်နဲ့ ဆွဲလိုက်ရုံတင် ပွင့်သွား၊ ပြည်သွားတာ က ဘယ်ပညာရဲ့ အစွမ်းပါလဲ ဘုရား"

"သံဝရမှာ အတိတ်ဘဝက ပေး လိုက်တဲ့ လက်ဆောင်ပဲကွဲ့။ သူ့ရဲ့ အတိတ်ဘဝမှာ ဖြည့်ဆည်း ကျင့်ကြံ ခဲ့တဲ့ ပါရမီတစ်ခုရှိတယ်။ အဲဒီ ပါရမီ ရဲ့ အကျိုးကို အခုဘဝမှာ ခံစားရတာ ပဲ။ ဒီလို ပါရမီပါခဲ့သူတွေဟာ သင်ယူ လေ့ကျင့်လို့ တတ်မြောက်သူတွေ ထက် သာလွန်ကြတယ်"

"အခြား ပညာရပ်တွေနဲ့ ယှဉ်ရင် ရော ဘုရား"

"အေး...အေး၊ ကပ္ပိယရေ၊ နင်ကလည်း သံဝရအပေါ် သံယောဇဉ် ကြီးပေသကိုး။ ဒီည လငပုတ်ဖမ်းလိမ့် မယ်။ တိမ်ပုတ် ဂမုန်းနဲ့ စီရင်ရအောင် ဟေ့"

"မှန်လှပါ။ တပည့်တော်အနေနဲ့ ဦးပဥ္စင်းလေးကို လုပ်ပေးနိုင်တာရှိရင် လုပ်ပေးချင်တာပါ ဘုရား"

ထိုနေ့ညနေ၌ ဦးပဥ္စင်းလေးအား တစ်ကျောင်းလုံးကို သန့်ရှင်းရေးလုပ်



www.burmeseclassic.com

www.burmeseclassic.com

နိုင်သည်။ ကျောင်းရှိ ရေအိုး၊ ရေခွက် မှန်သမျှ ရေဖြည့်ရသည်။ မိုးချုပ်စ ရောက်သည်တွင် ဆရာတော်က ဦးပဥ္စင်းလေးအား ခေါ်၍ သူ့အား ဝတ်ကြီးဝတ်ငယ်ပြုစေပြီးနောက် လူ ဝတ်လဲပေးလိုက်သည်။

"ကိုင်း . . . မောင်ခန့်၊ နင်က လောကီမှာ ကျင်လည်ချင်တာဆိုတော့ အတတ်ပညာစုံဖို့ လိုတယ်။ အပြင် လောကမှာ ဆရာတွေက ပေါတယ်။ ကိုယ်က လုံခြုံအောင် လုပ်ထားမှ တောကာကျမယ်။ ဒီပညာတွေက သူ တစ်ပါးကို နှိပ်စက်ဖို့ မဟုတ်ဘူး။ ကူညီ နိုင်ရင် ကူညီရမယ်။ ကိုယ်ကျင့်သီလ ကို အတတ်နိုင်ဆုံး စောင့်ထိန်းနိုင်ရ မယ်၊ ကြားလား"

ထိုည၌ ကပ္ပိယကြီး ဦးဆိတ်က ဆရာတော် ညွှန်ကြားသည့်အတိုင်း အစီအရင်တစ်ခုကို ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ထို့နောက် မောင်ခန့်အား ဆရာတော်၏ ညီဖြစ်သူ မိသားစုတွင် အပ်နှံပေးခဲ့သည်။

◈◈◈

မောင်ခန့်တစ်ယောက် လောကီ တွင် ကျင်လည်ခွင့် ရခဲ့ပေသည်။ မောင်ခန့်က အနေအထိုင်အေးပြီး ရိုးသားသည်။ တစ်ဖက်သားကို ကူညီ လိုစိတ်ရှိသူဖြစ်သည်။ ထို့ကြောင့် မောင်ခန့်ကို အရပ်ထဲက ခင်မင်ကြ သည်။ အထူးသဖြင့် ရွယ်တူ ကာလ သား၊ ကာလသမီးတို့နှင့် ရောရောနှော နှော နေတတ်လာသည်။ လူငယ် သဘာဝ အရပ်ထဲက သာရေးနာရေး တို့တွင် စိတ်ရော ကိုယ်ပါ ကူညီလေ့ ရှိသည်။

ထိုရွာ၌ ဦးမြဒင်ဆိုသူ အသက် (၆၀)ကျော် လူကြီးတစ်ယောက်လည်း ရှိသည်။ ဦးမြဒင်က ဟိုးယခင် သူပုန် ခေတ်မှ လူဆိုးလူမိုက်တစ်ဦးဖြစ်သည်။ သူက အရပ်ဆိုးသလောက် စိတ်ကြမ်း လူကြမ်းရှိသည်။ ထို့ကြောင့် အရပ်က ဦးမြဒင်ကို ရွံကြောက် ကြောက်ကြ သည်။ မည်သူမျှ ဦးမြဒင်ကို ခွန်းတုံ့ မပြန်ဝံ့ကြပေ။ သို့သော်လည်း ဦးမြဒင် က ဆရာတော်ကိုတော့ ရိုသေသည်။

အရပ်က ဦးမြဒင်ကို ကြောက်ရွံ့ ကြသည်မှာ လူဆိုးလူမိုက်ဆိုသည့် အချက်သာမက၊ အောက်လမ်းပညာ ခေါ် ယုတ်နိမ့်သည့် လောကီပညာ တစ်ခုကိုလည်း တတ်သည်ဟု အရပ် က ယုံကြည်နေကြသည်။ ဦးမြဒင် ကိုယ်တိုင်ကလည်း ခန္ဓာကိုယ်၌ ဆေး မင်အမျိုးမျိုးထိုးထားပြီး တစ်ခါတစ်ရံ အရက်မူးလာသည့်အခါ၌ တာလမ်းပေါ် တွင် ဆဲဆိုကြိမ်းမောင်းသံတို့နှင့်အတူ သူ့ကိုယ်သူလည်း ဓားနှင့် ရိုက်ပြ ခဲနီလုံးဖြင့် ထုနက်ပြလေ့ရှိသည်။ ထို အခါတို့တွင် ဦးမြဒင်၏ ခန္ဓာကိုယ် သည် ပေါက်ပြဲခြင်း၊ ဖူးရောင်ခြင်းတို့ ဖြစ်ပေါ်ခြင်း မရှိပေ။

◈◈◈

တစ်နေ့၌ ဦးမြဒင်နှင့် မောင်ခန့် တို့ ရွာလမ်းတစ်နေရာ၌ ဆုံကြသည်။



ဦးမြဒင်က အရက်ဆိုင်မှ ပြန်လာသည် မို့ သူ့ပုံစံအတိုင်း ဆဲဆိုကြိမ်းမောင်း၍ လျှောက်လာရာ မောင်ခန့်နှင့် မျက်နှာ ချင်းဆိုင်တွေ့ကြသည်။

"ဟေ့ကောင်လေး . . . နေဦး မင်းက ဘယ်သူလဲ"

"ကျွန်တော်က ဘဘ ဦးရောင် ကြီးအိမ်ကပါ"

"ငါ့ကို သိလား"

မောင်ခန့်က အရပ်နှင့် ရင်းနှီးခဲ့ သူမဟုတ်။ ရဟန်းငယ်ဘဝတွင် ဆရာ တော်၏ သွန်သင်ဆုံးမမှုအတိုင်းနေခဲ့ ရသူမို့ အရပ်ထဲက ဘယ်သူ ဘယ်ဟာ ဆိုသည်ကို အနည်းငယ်မျှသာ သိခဲ့ သည်။ ယခုမှ အပြင်လောကကို သိ ခွင့်၊ ထိခွင့်ရခဲ့သည်။ အပြင်လောက သည်ကား လောကုတ္တရာနှင့် ကွာခြား လှပေသည်။

"ဦးလေးကို ကျွန်တော် မသိ ဘူး"

"ဟောဒီရွာထဲမှာ မြဒင်ကို မသိ တဲ့သူ မရှိစေရဘူး။ ကောင်လေး . . . အရပ်ထဲမှာ မြဒင် ဘာလဲဆိုတာ မေး ထား။ ရော့ ဟောဒီမှာ တုတ်၊ ငါ့ကို ကြိုက်သလို ရိုက်စမ်း"

မောင်ခန့်က ဦးမြဒင်၏ စကား ကြောင့် နားမလည်သလိုဖြစ်သွားသည်။ ဦးမြဒင် ထိုးပေးလာသည့် လက်မောင်း ခန့် ဝါးရင်းတုတ်ကို ကိုင်ကာ ဘာလုပ် ရမှန်းမသိ ဖြစ်နေသည်။

"ကောင်လေး . . . ငါ ဘယ်လို စွမ်းတယ်ဆိုတာ သိရအောင် ရိုက် လိုက်စမ်း"

ထိုစဉ် ဦးမြဒင်နှင့် မောင်ခန့်တို့ ၏ အခြေအနေကို တွေ့မြင်သူတချို့ အနားသို့ ရောက်လာကြသည်။ တချို့ က မောင်ခန့်ကို ပြဿနာမဖြစ်ရန် ပြန်နိုင်းသည်။ ဦးမြဒင်ကလည်း အရက်

www.burmeseclassic.com

www.burmeseclassic.com

…နှင့် အတင်းရိုက်ခိုင်းနေသည်။ ထို…နောက် မောင်ခန့်က ဦးမြဒင် ကျေနပ်…အောင် လက်ထဲမှ တုတ်နှင့် ခပ်ဖော့…ရိုက်မည်ပြုစဉ် ဦးမြဒင်က…

"ငါ့ကို ညှာမရိုက်နဲ့။ မင်းအားနဲ့ …ရိုက်ချလိုက်စမ်း"

"ဦးလေး ရိုက်ခိုင်းတာနော်၊ မုန်း"

ဦးမြဒင်တစ်ယောက် မောင်ခန့်…၏ တုတ်ရိုက်ချက်အောက်တွင် …လမ်းပေါ် မှောက်လျက်ကျသွားပြီး …မထနိုင်တော့။ ဝိုင်းကြည့်နေသူ…အားလုံးလည်း အံ့ဩကုန်ကြသည်။ …ခင်က ဦးမြဒင်ကို ဘယ်လိုရိုက်ရိုက် …တိုက်ရယ်မောပြီးလျှင် အရပ်ထဲ…သို့ လှည့်ပတ်စိန်ခေါ်လေ့ ရှိသည်။ …ချို့လည်း ဦးမြဒင်ကို ကြည့်ကာ …ပူကြသည်။ တချို့က ဝမ်းသာကြ…သည်။

ဦးမြဒင်တစ်ယောက် သူသောက်…သည်များပင် အမူးပြေသွားသည်။ … အရိုက်ခံရသလိုမျိုး တစ်ခါမျှ …ဘူးခဲ့။ ယခုတစ်ကြိမ်က တင်းပုတ်…နှင့် အင်အားအကြီးဆုံးသူက ထု…လိုက်သလို ခံစားလိုက်ရသည်။ …ကောင်လေးမှာ အစွမ်းတစ်ခုရှိရမည်။ …သူတွေနှင့် မတူသည့် ထူးခြားမှု …ရှိသည်မှာ ကေန်ပင်။ ဒီကောင် … ဘယ်သူလဲ။

ထို့နောက် ဦးမြဒင်က မောင်ခန့် … ရင်းနှီးမှု ယူခဲ့သည်။

◈◈◈

တစ်ခါတော့ ကပ္ပိယကြီးက …နှင့် ပတ်သက်ပြီး မောင်ခန့်ကို …ပေးခဲ့သည်။

"လူလေး… မြဒင်နဲ့ ရင်းရင်း …နေနဲ့။ တစ်ချိန်က မြဒင်ဟာ …အကျော်အမော်တစ်ယောက်ဖြစ် … သူမှာ မကောင်းတဲ့ အတတ်ပညာလည်း တတ်တယ်။ သူတစ်ပါးကို မကောင်းကြံစည်ရာမှာ ဝန်လေး တတ်တဲ့သူ မဟုတ်ဘူး။ သတိထားပြီး ဆက်ဆံပါ"

မောင်ခန့်က ကပ္ပိယကြီး၏ စကားတချို့နှင့် ဟိုတစ်လောက ဖြစ်ခဲ့သည့် ဦးမြဒင်၏ အဖြစ်တို့ကို နားမလည်နိုင်ရှိသည်။ ဦးမြဒင်ကလည်း သူက နည်းနည်းလောက် ရိုက်လိုက်သည်ကို မိမိက အဘယ့်ကြောင့် သတိလစ်သွားရသည်အထိ ဖြစ်ရသနည်းဟု စဉ်းစားနေမိသည်။ သူ့ကိုယ်သူလည်း ဘာတွေက ဘယ်လို စွမ်းနေမှန်း မသိပေ။ ဆရာတော်နှင့် ကပ္ပိယကြီးတို့ကတော့ သူတစ်ပါးအား ထိခိုက်နစ်နာအောင် မလုပ်မိဖို့ တွင်တွင်ကြီး သတိပေးလေ့ရှိသည်။

ရွာထဲ၌ မောင်ခန့်နှင့် အတူတွဲဖော် "လုဦး"ဆိုသူက မောင်ခန့် ဘယ်သွား,သွား ပါလေ့ရှိသည်။

တစ်နေ့ မောင်ခန့်နှင့် လုဦးတို့ ဦးမြဒင်အိမ်၌ စကားလက်ဆုံပြောကြသည်။

"ကောင်လေး… မင်းမိဘတွေဟာ သူများသတ်လို့ သေခဲ့ရတာ"

"ဦးလေးက သိလို့လား"

"မင်း မယုံရင် ကပ္ပိယကြီး ဦးဆိတ်ကို မေးကြည့်။ မင်းမိဘကို သတ်တဲ့သူကို ကြံ့ရင် ငါပြမယ်"

"အဟုတ်လား ဦးလေး။ သူတို့က ကျွန်တော့်မိဘတွေကို ဘာလို့ သတ်ခဲ့ကြတာလဲ"

"ဓားပြတိုက်ပြီး လူသတ်ကြတာပေါ့။ ငါ့ဆွေမျိုးတချို့လည်း မင်းမိဘတွေလို အပြစ်မရှိဘဲ အသတ်ခံခဲ့ရတယ်။ ငါကတော့ အဲဒီလူတွေကို လက်တုံ့ပြန် လက်စားချေပစ်ခဲ့တယ်"

မောင်ခန့်က ဦးမြဒင်နှင့် လုဦးတို့၏ ပြောစကားတို့ကို နားထောင်ကာ စဉ်းစား ငေးမောနေမိသည်။ ထိုအကြောင်းတို့ကို ကပ္ပိယကြီးအား ပြောပြလျှင်…

"လူလေး…လူတိုင်းဟာ ကံအကြောင်းကြောင့် သေကြရတာချည်းပဲ။ သေခြင်းတရားဆိုတာလည်း လူတိုင်း ကြုံကြရမှာ။ စောစောသေတာနဲ့ နောက်ကျသေတာပဲ ကွာတာပါကွယ်။ သေတဲ့လူလည်း ပြန်ရှင်မလာနိုင်ဘူး။ ရန်ကို ရန်ချင်း မတုံ့ပြန်ရဘူး လူလေး။ ရန်များတယ်ကွဲ့"

◈◈◈

တစ်နေ့ လုဦးနှင့် မောင်ခန့်တို့ နှစ်ယောက် လယ်ထဲမှ မြက်ခုတ်ဓား ကိုယ်စီထမ်း၍ ပြန်လာကြသည်။

လမ်းတွင် ချောင်းစပ်၌ နွားနှစ်ကောင်ကို ပူးချည်ထားပြီး ချောင်းတစ်ဖက်ကမ်းသို့ ကူးရန် ပြင်ဆင်နေသည့် ဇရက်စုရွာသား ကိုအောင်ချမ်းကို ခပ်လှမ်းလှမ်းကတည်းက တွေ့နေရသည်။ ချောင်းကို ကူးရန် နွားနှစ်ကောင်အား ချောင်းထဲသို့ မောင်းချသော်လည်း နွားနှစ်ကောင်မှာ မဆင်းဘဲ ပေကတ်ကတ်လုပ်နေသည်။

တစ်ချီတွင် နွားတစ်ကောင်က ကြောက်လန့်ကာ ရေထဲ ခုန်ဆင်းလိုက်သည်တွင် အတူပူးချည်ထားသည့် အခြားတစ်ကောင်ပါ ဟန်ချက်မညီဘဲ ရေထဲသို့ ဒလိမ့်ကောက်ကွေးကျသွားသည်။ ရေထဲ၌ နွားနှစ်ကောင်လုံးထွေးကာ ရေနစ်နေသည်။ ကိုအောင်ချမ်းလည်း ရေထဲ ခုန်ချ၍ ကယ်ဆယ်ရန် ကြိုးစားသော်လည်း မရပေ။

ထိုအဖြစ်အပျက်ကို မောင်ခန့်တို့ မြင်သည်။ ထိုအတိုင်းဆိုပါက နွားနှစ်ကောင် ရေနစ်၍ သေနိုင်သည်။ အတူပူးချည်ထားသည့် ကြိုးကို ဖြတ်



www.burmeseclassic.com

www.burmeseclassic.com

ပေးနိုင်မှ သက်သာရာရပေလိမ့်မည်။ ထို့နောက် မောင်ခန့်က မြက်ခုတ်ဓားကို ပစ်ချကာ ရေထဲသို့ ခုန်ဆင်းသွားပြီး လုံးထွေးနေသည့် နွားနှစ်ကောင်၏ လည်ကုပ်ပေါ်မှ ကြိုးကို အမိအရကိုင်လိုက်သည်နှင့် ကြိုးတို့က အလိုအလျောက်ပြည်လျော့ကာ နွားတစ်ကောင် ကြိုးတစ်ချောင်းစီ ဖြစ်သွားသည်။ ထိုအခါမှ နွားနှစ်ကောင်၏ ဦးခေါင်းတို့ ရေပေါ်သို့ ခေါင်းထောင်လာနိုင်ပေသည်။ ထို့နောက် မောင်ခန့်က နွားနှစ်ကောင်ကို ဆွဲကာ တစ်ဖက်ကမ်းရောက်သည်အထိ ပို့ပေးလိုက်သည်။ ကိုအောင်ချမ်းက မောင်ခန့်ကို အံ့ဩစွာ ကြည့်လိုက်ပြီး. . .

"ကျေးဇူးတင်လိုက်တာ ငါ့ညီရာ။ မင်းသာ မကယ်ရင် အစ်ကို့ နွားနှစ်ကောင်စလုံး သေရမှာ။ ငါ့ညီမှာ ဒီလို ထူးဆန်းတဲ့ ပညာတွေ တတ်ထားတာ အံ့ဩစရာပါပဲ"

အပြန်လမ်းတွင် လုဦးက မောင်ခန့်ကို သူသိချင်သည့်အကြောင်းအရာကို မေးသည်။

"မောင်ခန့်. . .မင်း စောစောက ကိုအောင်ချမ်း ဖြည်လို့မရတဲ့ နွားကြိုးတွေကို မင်းရဲ့လက်နဲ့ ထိကိုင်လိုက်ရုံနဲ့ ပြည်သွားတာ၊ အဲဒါ ဘာပညာလို့ ခေါ်လဲ"

"လုဦး၊ ငါ ဘာပညာမှ မသုံးပါဘူး။ နွားကြိုးတွေက ငါဆွဲလိုက်ရုံနဲ့ ပြည်သွားတာပါကွ"

"မဟုတ်ဘူး မောင်ခန့်။ မင်းမှာ ကိုယ်ခံပညာတစ်ခုခုတော့ ရှိတယ်။ ငါ့ကို ပြောပြပါကွာ-နော် သူငယ်ချင်း"

"ငါ ဘာပညာမှ မသုံးပါဘူးဆိုကွာ"

လုဦး မကျေမနပ်ဖြစ်သွားသည်။ လုဦးက မောင်ခန့်ကို ယခုဖြစ်ရပ်တစ်ခုတည်းနှင့် စွပ်စွဲသည်မဟုတ်။

ဟိုတစ်ခါ ဦးမြဒင်၏ အိမ်မှ အပြန်တွင် ဦးမြဒင်၏ အိမ်ဝန်း ဦးမြဒင်တို့ မွေးထားသော ခွေးကြီးက ကန့်လန့်ကြီး အိပ်နေသည်။ ထိုခွေးက အလွန်ဆိုးသည်။ သူတို့အိမ်ဝင်းအတွင်းသို့ မည်သူ့ကိုမျှ အဝင်မခံပေ။ မောင်ခန့်က ခွေးကို ဖယ်ပေးရန် မောင်းလိုက်လျှင် ခွေးက မောင်ခန့်ကို ပြန်၍ မာန်ဖီသည်။ ထို့ကြောင့် မောင်ခန့်က ခွေးကို ခြောက်သည့်အနေဖြင့် "တောက်"ပြင်းပြင်းခေါက်လိုက်လျှင် ဆိုးပါသည်ဆိုသော ခွေးကြီးမှာ ငြိမ်ကျသွားသည်။ ထို့နောက် မောင်ခန့်က ထိုခွေးအပေါ်မှ ခွကျော်၍ အိမ်အပြင်သို့ ထွက်ရသည်။

နောက်နေ့တွင် ကြားလိုက်ရသည်မှာ ထိုခွေးကြီး သေဆုံးသွားသည်ဟု သိရသည်။ ထိုကတည်းက မောင်ခန့်ကို အကဲခတ်နေခဲ့သည်။

◈◈◈

ဦးမြဒင်က မောင်ခန့်၏ အစွမ်းကို ကိုယ်တိုင်သိမြင်ပြီးကတည်းက မောင်ခန့်ကို ရွံ့သည်။ ဒီရွာတွင် သူ့ထက်သာတဲ့သူ မရှိစေလိုပေ။ ထို့ကြောင့် မောင်ခန့်ကို ရှင်းနိုင်မည့်နည်းလမ်းကို ရှာနေခဲ့သည်။

ရွာသားများကလည်း မောင်ခန့်၏ အစွမ်းအစတို့ကို တစ်စစ သိမြင်လာသည်နှင့်အမျှ ဦးမြဒင်ကို ခုံမနိုင်သူ ပေါ်လာပြီဟု ယူဆလာကြသည်။ ထိုသို့သော အခြေအနေမျိုးကို ဦးမြဒင် မြင်ကြားရလေ၊ မောင်ခန့်ကို မနှာလိုစိတ် ပို၍ပြင်းထန်လာလေဖြစ်သည်။ သို့သော်လည်း ဦးမြဒင်က အကြံကြီးသည်။ သူ၏ မကျေနပ်ချက်ကို အပြင်သို့ မထုတ်။ မောင်ခန့် သူ့အား ယုံကြည်လာစေရန် စည်းရုံးထားနိုင်သည်။ သေချာပြီဆိုမှ တစ်ခါတည်း အပြတ်ရှင်းမည်။

လုဦးကလည်း မောင်ခန့်ကို စိတ်ခုနေသည်။ အတူတွဲနေကြသည့် သူငယ်ချင်းဖြစ်နေပါလျက် သူတတ်သည့် ပညာကို သိခွင့်မပေး။ သူ့အား ထိန်ဝှက်ထားသည်ဟု ထင်နေသည်။ ထိုအကြောင်းကို ဦးမြဒင်အား ပြောပြခဲ့သည်။ ထို့နောက်ပိုင်း ဦးမြဒင်နှင့် လုဦးတို့ မကြာခဏဆိုသလို ဆုံ၍ စကားပြောကြသည်။

◈◈◈

မောင်ခန့်က လုဦးတစ်ယောက် ပေါ်မလာသဖြင့် သူငယ်ချင်းကို မျှော်မိသည်။

တစ်နေ့ လုဦး ရောက်လာပြီး-

"မောင်ခန့်ရေ. . . တို့ ဒီည သော်ကဘုရားပွဲ သွားရအောင်ကွာ"

"ဘယ်သူတွေ ပါဦးမလဲ"

"မင်းနဲ့ ငါ နှစ်ယောက်ပဲပေါ့ ကွာ"

"သော်က"ဘုရားက မြို့၏ တစ်ဖက်ကမ်းတွင် ရှိပြီး ဝါးခယ်မမြို့၏ အထင်ကရ စေတီတစ်ဆူဖြစ်သည်။ တပေါင်းလတွင် ကျင်းပသည့် ထိုဘုရားပွဲက အလွန်စည်ကားသည်။ ဒေသခံ ဘုရားဖူးများဖြင့် ပြည့်ကျပ်နေ ရှိသည်။ သော်ကဘုရားက ကျေးလက် ဒေသတို့နှင့် ဆက်စပ်နေသည်။ ထို့ ကြောင့် အနီးအပါးရွာများမှ ဘုရား လာသူများကို တွေ့ရသည်။

မောင်ခန့်နှင့် လုဦးတို့ မိုးချုပ် သာသာလောက်တွင် ဘုရားပွဲဈေး ရောက်လာကြသည်။ နှစ်ဦးသား ပွဲဈေး အနှံ့ လျှောက်လည်ကြသည်။ ပွဲဈေး တစ်ခုလုံး ဘုရားဖူးများဖြင့် ပြည့်ကျပ် နေသည်။

တစ်နေ့ရာအရောက်



www.burmeseclassic.com

www.burmeseclassic.com

မောင်ခန့်နှင့် လှဦးတို့ လူချင်းကွဲသွားကြသည်။ မောင်ခန့်က သူငယ်ချင်းဖြစ်သူကို စိုးရိမ်ကာ ပြန်လှည့်ရှာသည်။ အတန်ကြာရှာပြီးသည်အထိ လှဦးကို မတွေ့ပေ။ မောင်ခန့်လည်း လက်လျှော့ကာ ဘုရားရင်ပြင်တော်ပေါ်တွင် ထိုင်နေလိုက်သည်။

အချိန်က ည ၁၀ နာရီခန့်ရှိလာပြီမို့ အိမ်သို့ ပြန်ရန် ဦးတည်လိုက်သည်။ အလာတုန်းက အဖော်နှင့် စကားတပြောပြောလာခဲ့သော်လည်း၊ ယခု ပြန်တော့ တစ်ယောက်တည်းမို့ သတိထားကာ လျှောက်ရသည်။

ဇုက္ကနိရွာကို ရောက်လျှင် ချောင်းကူးတံတားတစ်ခုကို ဖြတ်ရသည်။ တံတား၏ထိပ်၌ ဥယျာဉ်ကျယ်ကြီးတစ်ခုရှိသည်။ ထိုဥယျာဉ်ကြီးကို ဖြတ်မှ အရှေ့စုရွာကို ရောက်မည်။ ထိုမှ တစ်ဖက်ကမ်းကူးလျှင် ဦးကြီးဆော်ရွာကို ရောက်နိုင်ပေမည်။ ထိုဥယျာဉ်ကြီးက အုံ့ဆိုင်း မည်းမှောင်ကာ အလွန်ချောက်ချားစရာကောင်းသည်။

လရောင်ကို အားပြု၍ သွားနိုင်သော်လည်း တစ်ချက်တစ်ချက် လကို တိမ်ဖုံးသွားပြီး အလင်းရောင်ပျောက်သွားသည်။ ဥယျာဉ်ကြီးထဲသို့ ဖြတ်လျှောက်မိသည်တွင် ကျောထဲ စိမ့်ခနဲ တစ်ချက်ဖြစ်သွားသည်။ မောင်ခန့်က သော်ရုံနှင့် ကြောက်တတ်သူမဟုတ်။ လျှောက်လာရင်း ဥယျာဉ်၏ တစ်ဖက်အစပ်သို့ ရောက်ခါနီးတွင် မလှမ်းကမ်းလောက်ဆီမှ လူရိပ်သုံးလေးခုကို တွေ့လိုက်ရသည်။ သူ့လိုပဲ လမ်းသွား လမ်းလာဟု တွေးလိုက်သည်။ ထို့နောက် လူရိပ်များ ပျောက်သွားသည်။ မောင်ခန့်လည်း 'ထိုလူရိပ်များ သတိထား၍ လျှောက်လာခဲ့သည်။

ဥယျာဉ်ကြီးအစပ်သို့ ရောက်သည်နှင့် လယ်ကွင်းတစ်ခုကို တွေ့ရသည်။ ထိုလယ်ကွင်းအလယ်၌ နွားနှစ်ကောင် ရပ်နေသည်ကို လရောင်အောက်တွင် ထင်းထင်းကြီး တွေ့ရသည်။

ထိုနွားနှစ်ကောင်က မောင်ခန့် လယ်ကွင်းထဲသို့ ခြေချလိုက်သည်နှင့် ခေါင်းထောင်၍ သူ့ကို ကြည့်နေသည်။ ထို့နောက် နှာမှုတ်သံ တရှူးရှူးနှင့် နားရွက်များ ထောင်လာပြီး သူ့အား ရန်ပြုမည့်ဟန်ရှိသည်။ ဆက်လျှောက်လာသည်နှင့် နွားနှစ်ကောင်က သူ့ထံ တစ်လမ်းချင်း လာနေသည်။ မောင်ခန့်က သတိနှင့် နွားနှစ်ကောင်ကို အကဲခတ်လိုက်သည်။ ဆရာတော် တစ်ခါက ပြောဖူးသည့် ဆေးနွား(ဆေးစီရင်ထားသည့် နွားရုပ်)ကို အသက်သွင်း၍ တိုက်သည်ဆိုသည့် စကားကို သတိရလိုက်သည်။ ယခု သူ တွေ့မြင်နေရသည်မှာ ဆေးနွားများဖြစ်သည်။ ပုံစံက တူပြီး အရိပ်မရှိသော နွားများဖြစ်သည်။

မောင်ခန့်က အနီးတွင် တွေ့ရသော တုတ်တစ်ချောင်းကို ကောက်ကိုင်လိုက်သည်။ ထိုတွင် နွားနှစ်ကောင်က မောင်ခန့်ထံ တစ်ဟုန်းထိုးပြေးလာသည်။ မောင်ခန့်က မြေပြင်ပေါ်တွင် တုတ်ဖြင့် စည်းတစ်ချက်တားကာ နောက်သို့ ဆုတ်လိုက်သည်။ ပြေးလာသော နွားနှစ်ကောင်က မောင်ခန့် ဆွဲထားသော စည်းကို ကျော်မိသည်နှင့် နွားရုပ်ကလေးများအဖြစ် ပြောင်းလဲသွားသည်။ မောင်ခန့်က ထိုအရုပ်ကို ကောက်ယူ၍ ပါလာသည့်အိတ်ထဲသို့ ထည့်လိုက်သည်။

မောင်ခန့်က သူ့ကို တစ်ဦးတစ်ယောက်က ပညာဖြင့် လုပ်နေသည်ကို သိလိုက်သည်။ စောစောက တွေ့လိုက်သည့် လူရိပ်များနှင့် ပတ်သက်နေမည်ဟု တွေးလိုက်ပြီး သတိ





www.burmeseclassic.com

www.burmeseclassic.com

ကြီးစွာနှင့် လျှောက်လာခဲ့သည်။ အရေစုရွာအနီးသို့ ရောက်လျှင် ည ၁၁နာရီ ကျော်ပြီ။ ရွာစပ်ရှိ သစ်ပင်ရိပ်အောက်တွင် လူရိပ်တစ်ခုကို လှစ်ခနဲတွေ့လိုက်ရပြီး ပျောက်သွားသည်။ မောင်ခန့် သိလိုက်သည်။ သူ့ကို အန္တရာယ်က ရှေ့မှ ကြိုနေပေပြီ။ သူတို့ ဘယ်သူတွေလဲ။ သူ့ကို ဘာကြောင့် အန္တရာယ်ပြုကြမှာလဲဆိုသည်ကို သိချင်သည်။ မောင်ခန့် ရှေ့သို့ မဆက်သေးဘဲ ရပ်နေသည်။ ကပ္ပိယကြီး ပြောထားသည့် စကားကို အမှတ်ရလိုက်သည်။

"လူလေး・・・အန္တရာယ်တစ်ခုခု ကြုံလာလို့ ဖြေရှင်းဖို့ မလွယ်မှန်းသိရင် ထိပ်တိုက်သွားမရှင်းနဲ့။ ကောင်းကင်ကို မော့ကြည့်ပြီး တိမ်စ တိမ်နတွေကို ရှာ၊ တွေ့ရင် လူလေးရဲ့ ညာဘက်လက်နဲ့ ကိုယ့်ခေါင်းပေါ်ကို ဆွဲယူပြီး အုပ်လိုက်၊ ပြီးတာနဲ့ လွတ်ရာကို သွားပေတော့"

မောင်ခန့်က ကပ္ပိယကြီး မှာကြားသည့်အတိုင်း ဆောင်ရွက်လိုက်လျှင် ခန္ဓာကိုယ်က ပေါ့ပါးသွားသလို ခံစားရသည်။ ထိုအချိန် ရွာစပ်ဆီမှ လူလေးငါးဦး ထွက်လာကြသည်။ တစ်ဦးက ဦးမြဒင်၊ ဓားကို နောက်ပိုး၍ လွယ်ထားသည်။ ပြီးတော့ လုဦးကို တွေ့လိုက်ရသည်။ မောင်ခန့် အလွန်အမင်း အံ့ဩသွားသည်။ ဘုရားဈေးမှာ လုဦးက သူ့ကို ထားခဲ့ပြီး အပြန်လမ်းမှ စောင့်၍ သူ့ကို အန္တရာယ်ပြုဖို့ ကြိုနေသည်။

သူငယ်ချင်းတစ်ယောက်၏ သစ္စာဖောက်မှုအတွက် ယူကြုံးမရဖြစ်မိသည်။ ပြီးတော့ ဦးမြဒင်ကလည်း သူ့အား ဘယ်လိုအကြောင်းနှင့် ရန်ပြုရတာလဲ။ ဦးမြဒင်ကို ဦးလေးအရင်းတစ်ယောက်လို သူ ခင်မင်ခဲ့သည်။ ကျန်တဲ့ လူသုံးဦးကိုတော့ သူ မသိပေ။

သူတို့အဖွဲ့ ဟိုရှာ ဒီရှာလုပ်နေကြသည်။ ဒါဆိုလျှင် တိမ်ပုတ် ဂမုန်းအစီအရင်၏ အစွမ်းမှန်း သိလိုက်သည်။

"လုဦး・・・ဟိုကောင်လေးကို တွေ့လား။ ဒီနားလေးတင် ပျောက်သွားတာ"

"ဒီနားမှာ မောင်ခန့် ရပ်နေသေးတယ်။ ဒီကောင် ဒီနားတစ်ဝိုက်မှာ ပုန်းနေတာပဲ ဖြစ်မယ်"

"မြဒင်・・・ မင်းပြောတာ အဲဒီကောင်လေး သေချာလို့လား"

"သေချာပါတယ် ကိုကြာရယ်။ အဲဒီ ကျူပုတ်က ခင်ဖျားကို ခုက္ခပေးတော့မှာ။ ခင်ဖျား သူ့ကို အပြတ်မရှင်းနိုင်ရင် သူက သူ့မိဘတွေအတွက် ခင်ဖျားကို လက်စားချေလိမ့်မယ်။ သူ့မိဘတွေကို သူပုန်မိုလ် ကြောသတ်မှန်း သိသွားပြီ"

မောင်ခန့်က သူတို့တွေ၏ လုပ်ရပ်နှင့် ရည်ရွယ်ချက်တို့ကို သိလိုက်သည်။ ဒေါသနှင့်အတူ တုံ့ပြန်လိုစိတ်က လှုငယ်ပီပီ ခေါင်းထောင်ထလာသည်။ ဆရာတော်နှင့် ကပ္ပိယကြီးတို့၏ ဆုံးမစကားတို့ကိုလည်း သတိရသည်။ သူသည် ဆရာတော်၏ ဆိုဆုံးမမှုအောက်တွင် ကြီးပြင်းခဲ့သူဖြစ်သည်။ ထိုနေရာမှ ထွက်ခွာရန် ပြင်လိုက်ပြီး လက်ထဲမှ တုတ်ကို သူတို့အနီးသို့ ပစ်ချလိုက်သည်။ ထို့နောက် ဆရာတော်၏ ကျောင်းရှိရာသို့ ဦးတည်၍ ပြန်လာခဲ့သည်။

"ဘုတ်"

"ဘာတုန်းဟ၊ ဒီတုတ်ကို ဘယ်သူ ပစ်ချလိုက်တာလဲ"

"မသိဘူး။ ကျွန်တော်လည်း တုတ်ကျသံပဲ ကြားတာ"

"ကိုကြာ ・・・ ခင်ဖျားက အချင်းချင်း သစ္စာဖောက်တာလား"

"ဟော့ကောင် မြဒင်၊ ငါ ဘာလုပ်လို့လဲ"

"ဒီတုတ်က ခင်ဖျားတပည့် ဖုတ်ပြီး ယူလာတဲ့ တုတ်ပဲ။ ကျွန်တော့်ကို နှုတ်ပိတ်မလို့လား။ ဒါမျိုးတော့ မြဒင်ကို လုပ်လို့ မရဘူး။ မြဒင် ဘာလဲဆိုတာ ခင်ဖျားကို ပြမယ်"

ထိုညက ဘာတွေ ဆက်ဖြစ်ကြသည်ကို မောင်ခန့် မသိတော့။ မကောင်းမှု ပြုသူတို့သည် မကောင်းကျိုးတို့ကို ခံစားရပေမည်။ သူသည် မကောင်းမှု ပြုသူတို့အား လက်တုံ့ပြန်သည် ဖြစ်စေ၊ မကောင်းသော အကြံအစည်ကို ပြုမိသည်ဖြစ်စေ၊ သူသည်လည်း မကောင်းမှုပြုသူသာ ဖြစ်ရပေမည်။ ယခုတော့ မကောင်းမှုတို့ကို ရှောင်နိုင်ခဲ့သည်မို့ ကိုယ့်ကိုယ်ကို ကျေနပ်ရသည်။ လောက၌ မမြဲသော အနိစ္စတရားတို့သာ ရှိကြကုန်၏။ မမြဲသော တရားတို့ကို ဥပေက္ခာပြု၍ လောဘ၊ ဒေါသ၊ မောဟတို့ဖြင့် တန်ဆာဆင်ကြကုန်သည်။ မေတ္တာတရားသည် လောကီ၌ ရှားပါး၏။ ထို့ကြောင့် လောကီသည် မနေအပ်သော အရပ်ပေတည်း။

နောက်တစ်နေ့ ရွာလမ်း၏ တစ်နေရာ၌ အချိန်အတန်ကြာ ပျောက်ကွယ်နေသော ဦးပဉ္စင်းတစ်ပါး ဆွမ်းခံကြွလာသည်ကို တွေ့ကြရသည်။ ရွာသားတို့လည်း ဝမ်းသာနေကြသည်။ ဦးပဉ္စင်း သံဝေရသည်ကား လောကီကို ရာသက်ပန် စွန့်ခဲ့ပေသည်တကား။

တင်မောင်မောင်(ပေါက်ကုန်း)

*****



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆၊ ဖေဖော်ဝါရီလအတွက်

# နာမက္ခရဆန်း အထူးဟောစာတမ်း

ဂမ္ဘီရ ဆရာလှမျိုး (B.Sc)

## တနင်္ဂနွေနံအက္ခရာ

**(အ၊ အာ၊ ဣ၊ အိ၊ အီ၊ ဉ၊ ဦ၊ ဧ၊ ဩ) စသည့် "အ"အသံထွက်နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် ပြည်တွင်းပြည်ပ ခရီးဝေးသွားလာရမည်။ ကွဲကွာနေသော မိတ်ဆွေ၊ ဆရာသမားနှင့် ပြန်လည်ဆုံတွေ့ရမည်။ ဆန်၊ ဆီ၊ ဆေး၊ သား၊ စက်ပစ္စည်း၊ စိန်၊ ဆိုင်ခန်း ဝင်မည်။ အရောင်းအဝယ်မှ အကျိုးအမြတ်ရမည်။ အင်္ဂါ၊ ကြာသပတေးနံအတွဲ ကောင်းကျိုးပြုမည်။ မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်ကိန်းရှိသည်။ ကြွေးဟောင်းပြန်ရမည်။ အိမ်ခြံမြေအရောင်းအဝယ်ကိစ္စမှ အကျိုးအမြတ်ခံစားရမည်။ နာရီ၊ ထီး၊ ဖိနပ်၊ အထည်၊ ရေခဲသေတ္တာ စသည့် ပစ္စည်းများ ထွက်ကိန်း၊ ပျက်ကိန်းရှိသည်။ အိမ်တွင်းရေး ရန်ပြဿနာပေါ်မည်။ လုပ်ငန်းအတွင်း အနီးကပ်ရန် သတိထားပါ။ လေနှင့် ပတ်သက်သော ဝေဒနာခံစားရတတ်သည်။ လူငယ်များ ပညာရေး၊ သင်တန်းကိစ္စ အောင်မြင်မှုရမည်။

ကောင်းကျိုးပြုယတြာ - မွေးနေ့တွင် မွေးနံထောင့်၌ ပျဉ်းမညွန့်၊ မေမြို့ပန်း၊ ဝိန်းပန်း၊ တစ်မျိုးမျိုးကို (၅)ညွန့်၊ (၅)ပင်လှူပြီး ဖယောင်းတိုင်(၅)တိုင် ပူဇော်ပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

## တနင်္လာနံအက္ခရာ

**(က၊ ခ၊ ဂ၊ ဃ၊ င)နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်ကိန်းရှိသည်။ လုပ်ငန်း၊ နေရာဌာန အပြောင်းအလဲကြုံမည်။ မိတ်ဆွေ၊ ဆရာသမားထံမှ အကူအညီရမည်။ စက်ပစ္စည်း၊ ဆိုင်ခန်း၊ စာအုပ်၊ ဆေးပစ္စည်းဝင်မည်။ ပြည်တွင်းပြည်ပခရီးဝေး သွားလာရမည်။ အပျော်ခရီးမသွားသင့်ပေ။ စိတ်မချမ်းသာစရာကြုံရမည်။ စီးပွားရေးလုပ်ငန်းခရီးသွားလာနိုင်သည်။ အရက်၊ အပျော်အပါး၊ ကောင်းကစားကိစ္စ အထူးရှောင်ပါ။ အောင်ဘာလေထီထိုးနိုင်သည်။ သားသမီးအတွက် စိတ်ပူပန်စရာကြုံရမည်။ ထီဝါသနာပါက (၁၅ ၅၃)အကွဲပါသော ထီလက်မှတ်ကို ရွေးထိုးပါ။ အစီအစဉ်တစ်ခု မပျက်မကွက် ဆောင်ရွက်ပါ။

ကောင်းကျိုးပြုယတြာ - ပတ်ဝန်းကျင်ရှိ နီးစပ်ရာ ဗောဓိညောင်ပင်မှာ ဆီမီး၊ နံ့သာတိုင် ပူဇော်၍ လိုရာဆန္ဒ ဆုတောင်းပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

## အင်္ဂါနံအက္ခရာ

**(စ၊ ဆ၊ ဇ၊ ဈ၊ ည) နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် အကြံအစည်အလုပ်အကိုင်ကိစ္စ အောင်မြင်မည်။ မျှော်လင့်ထားတာတွေ ဖြစ်လာမည်။ အလှူမင်္ဂလာကိစ္စ ဆောင်ရွက်ရမည်။ ကွဲကွာနေသော မိတ်ဆွေ ဆရာသမားနှင့် ပြန်လည်ဆုံတွေ့ရမည်။ စပ်တူရှယ်ယာလုပ်ငန်းဆောင်ရွက်ရမည်။ အပြိုင်အဆိုင် အတိုက်အခံ အခက်အခဲကြားမှ အောင်မြင်မှုရမည်။ အမှုပြဿနာ ရင်ဆိုင်နေရပါက မိမိဘက်က အနိုင်ရရှိမည်။ အလှူမင်္ဂလာကိစ္စ ဆောင်ရွက်ရမည်။ အိမ်ထောင်ရှိသူများ အမျိုးသမီးပြဿနာ သတိထားပါ။ အိမ်ထောင်ဖက်နှင့် ခွဲခွာရမည်။ အချစ်ရေး အဆင်ပြေမည်။ ချစ်သူနှင့် ခရီးထွက်ရမည်။ တရားဝင် လက်ထပ်မင်္ဂလာကိစ္စ အဆင်ပြေမည်။ ဝက်သား၊ အမဲသား ရှောင်ပါ။ ထီဝါသနာပါက (၃)အစ (၅)အဆုံး၊ (၅)အစ (၃)အဆုံး ထီထိုးပါ။

ကောင်းကျိုးပြုယတြာ - အင်္ဂါ၊ ကြာသပတေး တစ်ပတ် နှစ်ရက် ဆပ်ပြာ၊ ဆေးဘူး၊ စံပယ်ပန်း၊ ဆီမီး၊ ပေါက်စီ တစ်မျိုးမျိုး လှူဖြစ်အောင် လှူပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးနံအကျွရာ

**(ယ၊ ရ၊ လ၊ ဝ၊ ဠ) နှင့် စသော အမည်ပိုင်ရှင်များ…**

ဤလတွင် မိမိလုပ်နေကျအလုပ် ပုံမှန်ဆက်လုပ်တာ ပိုကောင်းပါသည်။ လက်ရှိလုပ်ငန်းတိုးချဲ့ရမည်။ အိမ်၊ အလုပ်၊ နေရာဌာန အပြောင်းအလဲကြုံရမည်။ လူမှုရေး နိုင်ငံရေးတွင် ပါဝင်လှုပ်ရှားရမည်။ လက်အောက်ငယ်သား တပည့်ထံမှ အကူအညီရမည်။ ပညာရေး ဘာသာရေးနှင့်ဆိုင်သောအလုပ် ကောင်းသည်။ စာပေထုတ်ဝေရေးလုပ်ငန်း၊ ပညာရေးသင်တန်း၊ စာမေးပွဲဖြေခြင်း၊ ကျူရှင်လုပ်ငန်း စသည်များ အဆင်ပြေမည်။ အိမ်ထောင်ဖက်နှင့် ပတ်သက်၍ သတင်းကောင်း ကြားရမည်။ ဝက်သား၊ အမဲသား၊ ဒူးရင်းသီး၊ လေစာ၊ အအေးစာများ ရှောင်ပါ။ ဘာသာရေးအမိဋ္ဌာန်တစ်ခု မပျက်မကွက် ဆောင်ရွက်ပါ။

**ကောင်းကျိုးပြု ယတြာ** - မွေးနေ့တွင် နေအိမ်ဘုရားမှာ စံပယ်ပန်း (၈)ကုံး၊ ဖယောင်းတိုင် (၈)တိုင်၊ စမူဆာ (၈)ခုလှူဒါန်းလိုက်ပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

## ကြာသပတေးနံအကျွရာ

**(ပ၊ ဖ၊ ဗ၊ ဘ၊ မ) နှင့် စသော အမည်ပိုင်ရှင်များ…**

ဤလတွင် မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်ကိန်းရှိသည်။ အကြံအစည်အောင်မြင်မည်။ လုပ်ငန်းအသစ်ပြုလုပ်ရမည်။ အကျိုးပေးသော အလုပ်ဖြစ်သည်။ အင်္ဂါ၊ ကြာသပတေးနေ့နံ ပိုကောင်းသည်။ ကား၊ ကျောက်၊ ငွေ၊ စက်ပစ္စည်း၊ ရတနာပစ္စည်း၊ ဆိုင်ခန်း စသည်တို့ ဝင်မည်။ ပြည်တွင်းပြည်ပ ခရီးဝေးသွားလာရမည်။ လုပ်ငန်းနှင့် ဆိုင်သောခရီး ပိုကောင်းသည်။ အပျော်အပါး ခရီး၊ လူမှုရေးအရှုပ်အထွေးကိစ္စ ရှောင်ပါ။ ခင်ပွန်းနှင့် ပတ်သက်၍ ငွေဝင်မည်။ လူမျိုးခြား နိုင်ငံခြားနှင့် ဆက်နွယ်သောအလုပ် ပြဿနာဖြေရှင်းရတတ်သည်။ အတွင်းရန်ပေါ်ခြင်း၊ အိမ်တွင်းရေးပြဿနာရှိသည်။ အလှူမင်္ဂလာကိစ္စ ဆောင်ရွက်ရမည်။ ထီဝါသနာပါက (၂၃၅)ဂဏန်းပါသော ထီလက်မှတ်ကို ရွေးထိုးပါ။ ခြေလေးချောင်းသား ရှောင်ပါ။

**ကောင်းကျိုးပြုယတြာ** - အင်္ဂါနှင့် ကြာသပတေး တစ်ပတ် နှစ်ရက် စံပယ်ပန်း၊ စိန်ပန်း၊ ဆီမီး၊ ဆပ်ပြာ၊ ဆေးဘူး၊ ပေါက်ပေါက်ပွင့်ညက်ပန်း စသည်တို့ကို အဆင်ပြေသလို လှူပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

## သောကြာနံအကျွရာ

**(သ၊ ဟ) နှင့် စသော အမည်ပိုင်ရှင်များ…**

ဤလတွင် လုပ်ငန်းနှစ်မျိုးပြုလုပ်ရခြင်း၊ ခရီးနှစ်ကြိမ်ထွက်ရခြင်း စသည်တို့နှင့် ကြုံတွေ့ရမည်။ အကြံအစည် ရည်ရွယ်ထားတာ ဖြစ်လာမည်။ ပညာနှင့်ဆိုင်သော လုပ်ငန်း၊ ဘာသာရေး၊ လူမှုရေး၊ အသင်းအဖွဲ့လုပ်ငန်းတို့တွင် ပါဝင်ဆောင်ရွက်ရမည်။ အိမ်မြေ မြေအရောင်းအဝယ်ကိစ္စမှ အကျိုးအမြတ်ရမည်။ ရပ်ဝေးမှ ဆွေမျိုးများ ရောက်လာမည်။ အပြင်ရန်ပြဿနာပေါ်တတ်သည်။ စနေ၊ တနင်္ဂနွေသားသမီး သတိထားပေါင်းပါ။ အလှူမင်္ဂလာကိစ္စ ဆောင်ရွက်ရမည်။ စပ်တူရှယ်ယာလုပ်ငန်း ပြုလုပ်ရမည်။ သားယောက်ျားလေး ရှိပါက အိမ်မှ ထွက်သွားခြင်း၊ အိမ်နှင့် ဆန့်ကျင်နေခြင်း ဖြစ်မည်။ ထီး၊ နာရီ၊ ဖိနပ်အဟောင်းရှိပါက စွန့်ပစ်လိုက်ပါ။ သွေးနှင့် ပတ်သက်သော ရောဂါဖြစ်တတ်သည်။

**ကောင်းကျိုးပြုယတြာ** - နေအိမ်ဘုရားတွင် ဆီးသီး၊ ဆီးဖြူသီး၊ ဆီးဖျော်ရည်၊ စမူဆာ၊ ဆီထမင်း တစ်မျိုးမျိုးလှူလိုက်ပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

## စနေနံအကျွရာ

**(တ၊ ထ၊ ဒ၊ ဓ၊ န၊ ဋ) နှင့် စသော အမည်ပိုင်ရှင်များ…**

ဤလတွင် ပြုလုပ်နေကျ ပုံမှန်အလုပ်ဆက်လုပ်တာ ပိုကောင်းသည်။ ဝန်ထမ်းအလုပ်ကောင်းသည်။ ဝန်ထမ်းဆိုပါက ရာထူးတိုး၊ နေရာဌာနပြောင်းရွှေ့ရမည်။ မိမိနေချင်သော နေရာရောက်မည်။ ပြည်တွင်းပြည်ပ ခရီးဝေးသွားလာရမည်။ ကွဲကွာနေသော ဆရာ၊ မိတ်ဆွေတို့နှင့် ပြန်ဆုံရမည်။ အကူအညီပေးသော မိတ်ဆွေတွေ့မည်။ မိခင်၊ အဒေါ်၊ အဘွားထံမှ အကူအညီရမည်။ သက်ကြီး နွေနံ့ဦးစီး၊ အုပ်ချုပ်သူ၊ ဖခင်၊ အထက်လူကြီးနှင့် အဆင်မပြေဖြစ်ရမည်။ အခက်အခဲအပြိုင်အဆိုင်တွေ့ ပြီး အောင်မြင်မည်။ ကား၊ ကျောက်မျက်ရတနာ၊ ကြေးထည်၊ ငွေထည်၊ ခွေး၊ ကြောင် စသည့် တနင်္လာနံပစ္စည်းတစ်ခုခုဝင်မည်။ ထီဝါသနာပါက (၃)အစ (၅)အဆုံး၊ (၅)အစ (၃)အဆုံး ထိုးပါ။

**ကောင်းကျိုးပြုယတြာ** - လမ်းခင်းပေးခြင်း၊ လမ်းဒါနပြုခြင်း၊ ခရီးစရိတ်လှူခြင်း၊ ခရီးသွားရင်း ဒါနပြုခြင်း၊ တံတားခင်းခြင်း စသည်တို့ကို စေတနာဖြင့် ဆောင်ရွက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဓမ္မဒါန

# မြတ်ရှင်မော်စေတီတော်

လောင်းလုံမြို့

www.burmeseclassic.com

www.burmeseclassic.com



# ရှင်ကိုးရှင်ထဲက ကြည်နူး ဖူးမြော် မြတ်ရှင်မော် အံ့တော်ဓာတ်စေတီတော်

မုဒုံ စောနောင်ဖေ

## မြတ်ရှင်မော်စေတီအပါးမှ ထူးခြားအံ့ဖွယ် မြသားပင်လယ်

သရက်ချောင်းမြို့နယ်ရှိ "ရှင်တောင့်ပုံစေတီတော်"ကို ဖူးမြော်ပြီးနောက် စာရေးသူတို့ မိသားစုသည် အားလပ်သော တစ်ရက်တွင် "မြတ်ရှင်မော် စေတီတော်"ကို ဖူးမြော်ရန် ခရီးထွက်ခဲ့ကြပြန်ပါသည်။

စာရေးသူတို့ တည်းခိုရာ ရေဖြူမြို့မှ ထားဝယ်မြို့နှင့် ကမြောကင်း တံတားကြီး (ပေအရှည် ၁၀၀၀)ကို ဖြတ်ကျော်ကာ လောင်းလုံးမြို့နယ်အတွင်းသို့ ချဉ်းနင်း မောင်းနှင်ခဲ့ကြပါသည်။ လောင်းလုံးမြို့အထွက်မှ စတင်၍ ထားဝယ်မြစ်ဝ မော်ဦးအငူစွန်းဖြစ်သော သိန္ဓုသေလ(ရှင်မော်)တောင်ခြေအထိ ကားလမ်းသည် ချောတစ်လှည့်၊ ကြမ်းတစ်လှည့် ဖြစ်နေ၏။ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကျော
သားခင်း ကတ္တရာလောင်းနေချိန်နှင့် ကြုံကြိုက်သွားသော
ကြောင့်ပါတည်း။ ကျောက်ဝပ်ပြင်ရွာ၊ ကျောက်နီမော်ရွာ
ကြက်လွှတ်ရွာတို့ကို ဖြတ်သန်းပြီးကာမှ စေတီတော်တော
ခြေသို့ ရောက်ပါ၏။

တောင်ခြေတစ်ဝိုက်သည် လမ်းပြင်လုပ်သား၊ ကျော
ပြား၊ ကြွေပြားခင်း လုပ်သားတို့နှင့် လှုပ်ရှားနေကြသည်
အမျှ စက်သံ၊ မော်တာသံများ ထွက်ပေါ် ကြားသိနေကြ
သည်။ ဘုရားဖူးအဖွဲ့၏ လက်ယာဘက်၌ ဖြိုချထား
သော တောင်ကြောနံရံ မတ်စောက်စောက်ရှိနေပြီး လက
ဘက်၌ ပင်လယ်ရေပြင်စိမ်းစိမ်းကို မိုးကုပ်စက်ဝိုင်းအ
မြင်နိုင်ကြသည်။ ပင်လယ်ကမ်းခြေတောင်စောင်းနှင့် ဧ

www.burmeseclassic.com

...တော် အတက်လေ့ကား စောင်းတန်းအကြား၌ ဖျက်သိမ်း ...ဆဲ နားနေ ဇရပ်အဆောက်အအုံတစ်ပိုင်း တန်းလန်းရှိ ...ည်။ ကွန်ကရစ်ကြမ်းပြင် ခင်းထားပြီး သံချောင်းများ စုဖွဲ့ ...ထောင်နေကာ တိုင်လုံးများအဖြစ် ပုံဖော်သွန်းလောင်း ...ကြပုံကို မြင်ရ၏။

တောင်ခြေရင်းအရှေ့ဘက် ကမ်းစပ်တစ်နေရာကို ...က်ညွှန်လျက် ဒေသခံ သူနာပြုဆရာမက ရှင်းပြပေး ...သည်။ ထူးခြားဆန်းကြယ် အံ့ဖွယ် ခုနစ်မျိုးအနက်မှ ...စ်မျိုးဖြစ်သည်ဟူ၏။

"အဲဒါက သာသနာပြု ဆရာတော်ကြီး ဘဒ္ဒန္တ ပညိန္ဒ ...ထက် ၁၃၂၃ ခုနှစ်မှာ အောက်ခြေအထိတိုင်အောင် ...ကတ်တန်းများ စီချပြီး ရေတွင်းပုံသဏ္ဌာန်ပြုပြင်ထားတဲ့ ...ရှိအိုင်ငယ်ပါ။ အိုင်ထဲအထိ ပင်လယ်ရေငန်ဝင်ရောက် ...မယ့် ဒီရေအကျမှာတော့ အိုင်ရေက ချိုမြဲ ချိုနေတာပါပဲ ..."

"အင်း…သဘာဝလွန်ကိစ္စဖြစ်နေတော့ အံ့ဖွယ်တစ်ခု ...ပဲ့ ကျန်တဲ့ ခြောက်မျိုးကို ပြောပြပါဦးဗျာ"

စာရေးသူ၏ တောင်းဆိုမှုကို ထိုဆရာမက ဆက်၍ ...ပြခဲ့ပါသည်။

"ဒုတိယတစ်ခုကတော့ ရှင်မော်တောင်ဘုရား ဝတ္တက ...ရောက်မီ တွေ့ရမယ့် နတ်ရေကန်ပါပဲ။ နတ်ရေကန်မှာ ...စမ်းရေထွက်ရှိပါတယ်။ ဘုရားတောင်ပေါ်အထိ ပိုက်လုံး ...ယ်တန်းပြီး ရေပို့၊ ရေလှောင်၊ ရေသုံးလျက် ရှိပါတယ်။ ...ဖူးများလည်း နတ်ရေကန်အနီး ရေချိုးခွင့်ပြုထားလို့ ...နိုင်ကြတယ်။ ဒါပေမယ့် အမျိုးသမီးများ ရေချိုးကြတဲ့ ...ခါ ကိုယ်ခန္ဓာပေါ်က ချိုးရေအစက်အပေါက်တစ်ခုတလေ ...ဘဲ နတ်ရေကန်ထဲ မကျရောက်အောင် ထိန်းသိမ်းကြရမယ်။ ...တော်တဆ ချိုးရေတစ်စက်တစ်ပေါက်မျှ ကျရောက်သွား ...င် နတ်ရေကန်ထဲက စိမ့်စမ်းရေပေါက်ပိတ်ပြီး ကန်ရေ ...ခန်းခြောက်သွားတတ်ပါတယ်။

တတိယ ထူးခြားချက်က "ပေါင်မုန့်လုံး စေတီငယ်" ...ဖြစ်ပါတယ်။ ရှေးအခါက သီလရှင်ကြီး ဖွားစိန်ကပ်ဟာ ဘုရား ...တောင်ပေါ်မှာ (၁၀)နှစ်တိုင်တိုင် အလှူခံရငွေများကို စု ...ဆောင်းပြီး စေတီငယ် နှစ်ဆူတည်ထားခဲ့ပါတယ်။ ပထမ ...တစ်ဆူက ကမ်းစပ်ရှိ ဖားပုံသဏ္ဌာန်ကျောက်တုံးကြီးပေါ်က ...ကျောက်ဖားစေတီ၊ ဒုတိယတစ်ဆူက ရှင်မော်တောင် ...ကျောက်ဖျာကြီးနဲ့ ၁၅တောင်အကွာ၊ ရေခြားပြီး သီးသန့်တည် ...ရှိတဲ့ ပေါင်မုန့်သဏ္ဌာန် ကျောက်တုံးကြီးပေါ်က "ပေါင်မုန့်



လုံးစေတီ"ပါပဲ။ ပင်လယ်ထဲက ဒီရေအမြင့်ဆုံး တက်လာချိန်မှာ ကျောက်တုံးကြီးထိပ်ဖျား၊ စေတီငယ်အောက်ခြေနားအထိ လုံးဝ ရေမရောက်လာဘဲ ဒယ်အိုးပုံသဏ္ဌာန် ဝန်းရံနေခြင်းဟာ ပေါင်မုန့်လုံးစေတီငယ်ရဲ့ တန်ခိုးတော်ဖြစ်ပါတယ်"

"ဟုတ်လား၊ ဒါဆိုရင် ကျိုက်ခမီရေလယ်ဘုရားရဲ့ တန်ခိုးတော်မျိုးပေါ့နော်"

စာရေးသူတို့ ဘုရားဖူးအဖွဲ့သည် စောင်းတန်းတစ်လျှောက် တက်လာကြရင်း ပင်လယ်လေညင်းကို တစ်ဝတပြ ရှူသွင်းခွင့် ရရှိကြ၏။

"ကျန်တဲ့ ထူးခြားချက်တွေက ဘယ်လိုလဲ၊ ဘယ်မှာ ရှိတာလဲ၊ ပြောပါဦး"

"တစ်ခုက လင်းလွန်းပင် တည်ရှိခဲ့ဖူးတဲ့ တောင်ကမူပါ။ ဘုရားရှင်ရဲ့ မွေတော်ခာတ်တစ်ဆူက အဲဒီ လင်းလွန်းပင်ထင်ရှားရှိစဉ် သစ်ပင်ခွကြားမှာ ကိန်းဝပ်တော်မူခဲ့ဖူးပါတယ်။ ဇိနမာန်အောင်ဘုရားသိမ်အနောက်ဘက်မှာ ရှိတဲ့ အဲဒီ တောင်ကမူပေါ်ကို ဖြတ်သန်းသွားလာသူတွေဟာ မူးဝေခြင်း၊ အော့အန်ခြင်း၊ အကြောဆွဲခြင်းနဲ့ စကားမေးမရခြင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ဓိနမာနိအောင်ဘုရား



မြတ်ရှင်မော် ပုဂံဘောင်ဦး စေတီတော်

ဖြစ်လာတတ်လို့ အန္တရာယ်ကာကွယ်တဲ့ သဘောနဲ့ တောင်ကမူပေါ် မတက်ကြဖို့ ပညာပေးခြင်း၊ ဟန့်တားခြင်း ပြုထားပါတယ်။

နောက်တစ်ခုကတော့ လက်ယာအောက် အံတော်မြတ် မွေတော်စာတ်ကိန်းဝပ်ရာ ဗွာပနာတိုက်အပေါ်ထပ်ရှိ ရင်ပြင်တော်ပါပဲ။ အဲဒီ ရင်ပြင်တော်အဝန်းအဝိုင်းနေရာမှာ အမျိုးသမီးများ တက်ရောက်မိရင်၊ ဝင်ရပ်မိရင်၊ ပင်လယ်ပြင်က လေပြင်းတိုက်ခတ်ခြင်း၊ ရေလှိုင်းပြင်းထန်ခြင်းတို့ ဖြစ်ပေါ် ကြုံတွေ့ရပါတယ်။ ဒါကြောင့် အန္တရာယ် မကြုံတွေ့စေဖို့ ရည်ရွယ်ပြီး အမျိုးသမီးများ မတက်ရ၊ မဝင်ရလို့ သတိပေး စာတန်းများ ရေးသားထားခဲ့ရတာပါ"

"အော်၊ လင်းလွန်းပင်ရှိခဲ့ဖူးတဲ့ တောင်ကို သမ္မာဒေဝတွေ စောင့်ရှောက်ရမှာက အသေအချာပဲကွဲ။ ဒါပေမယ့် အဲဒီတောင်ကို နတ်တောင်လို့ မခေါ်ဘဲ သိုက်နန်းတောင်လို့ အမည်ပေါက်လာတာက ဘုရားဖူးအဖွဲ့တွေ ကြောက်နေအောင်၊ တလွဲ ပ,သမိအောင် ခြောက်လှန့်ထားသလိုဖြစ်မနေဘူးလား"

"ဖေဖေ • • • ရှင်မော်တောင်စေတီတော်ကလည်း ကျိုက္ကမီ ရေလယ်စေတီတော်နဲ့ ပိုပြီးတူနေပါလား။ ဒီမှာက မြေနေရာ ကျဉ်းမြောင်းလွန်းတော့ အမျိုးသမီးကန်တော့ဆောင်ကို သီးခြားထားဖို့ ခက်တာပေါ့နော်"

သမီးကြီး၏ သုံးသပ်ချက်က သင့်မြတ်လှသည်။ ကျိုက္ကမီထက် သာလွန်ကောင်းမွန်သော အချက်နှစ်ချက်ကို မြင်တွေ့နေရသည်။ စေတီတောင် မြင့်မားသောကြောင့် ... သော အပေါ်စီး မြင်ကွင်းကို ရရှိခြင်းနှင့် စိမ်းလွန်းလှသော ရေပြင်ကျယ်ကြီးကြောင့် အေးမြသော ခံစားမှု ရှင်... ကြည့်မဝခြင်းတို့ ဖြစ်သည်။

စာရေးသူတို့ မိသားစု ဘုရားဖူးအဖွဲ့သည် ပန်း ... ချမ်း ဆီမီး ဝတ္ထုပစ္စည်းအံသီးသီးကို ဆက်ကပ်လှူဒါန်း... သည်။ ရှိခိုး ကန်တော့၍ နိဗ္ဗာန်ဆုတောင်းကြသည်။ စာရေး... သူက မင်္ဂလာပိုလ်ရကြောင်း အထောက်အပံ့ကို ဖြစ်စေသော ... ထွက်သက်၊ ဝင်သက်ကို ရှုရိုက်မှတ်သားခြင်း၊ သစ္စာအဓိဋ္ဌာန် ဆိုခြင်းအမှုတို့ကို ပြုလုပ်မိပါသေးသည်။

ဘုရားတောင်ခြေအောက်ဘက် မော်ဦးစေတီ... ရွှေသာလျောင်း ရုပ်ပွားတော်ဘက်သို့ ရှေးရှုသော ... ကြောင်းအတိုင်း မလိုက်ဖြစ်ခဲ့ပါ။ ဝဲဘက်လမ်းကြား... ခြားသော လေရှူပေါက်တစ်ခုရှိရာသို့ မရောက်ဖြစ်ခဲ့သော...



www.burmeseclassic.com

www.burmeseclassic.com



မော်ဦးစေတီတော်



[illegible]

## ဗုဒ္ဓယဉ္စိပွဲတော်အရှိန်နှင့် နတ်နဂါးတို့၏ အကြောက်တရား

ယန္တရားစက်နှင့်တကွ စီရင်၍ သိုအိပ်လျှို့ဝှက်စွာ ...ထားအပ်သော သာသနာပြုမင်းကြီး အဇာတသတ် ...၏ ဗုဒ္ဓဓာတ်တော်တိုက်ကို ပါဋလိပုတ္တမှ သီရိဓမ္မာ ...ကမင်းကြီးသည် အရှင်မဟာကဿပ ရဟန္တာထေရ် ...၏ ဗျာဒိတ်စကားတော်နှင့်အညီ ရှာဖွေတွေ့ရှိခဲ့လေ ...၏။

မောရိယမင်းဆက်၊ စန္ဒဂုတ် မဟာရာဇာ၏ မြေး ...ာရမင်း၏သားတော် သီရိဓမ္မာသောကမင်းကြီးသည် ...မောဂ္ဂလိပုတ္တတိဿ မဟာခီဏာသဝ သံဃာ့ဦးစီး ...မထေရ်ကြီးအား ပင့်ဖိတ်ကာ ရာဇဂြိုဟ်ရှိ ဓာတ်တော် ...မဟာပြာသာဒ်အတွင်းမှ ရွှေစင် မြင်းရုပ်ကို သော့ဖွင့် ...ဝမ်းခေါင်း၌ ကိန်းဝပ်သော ဝဇီရစိန်အလား ထင်မှတ် ...ယ် ဓာတ်တော်စုကြီးကို ထုတ်ယူ ပူဇော်ခဲ့လေသည်။

ထိုမင်းကြီး၏ ငယ်နာမည်မှာ "အသောကဝရဓန" ဖြစ် ...ဒွေနီမြို့ကို အုပ်ချုပ်ရသော အိမ်ရှေ့မင်းသားဘဝ၌ ...ဖြတ်မှုကို အကြောင်းပြုကာ "စဏ္ဍာသောက"ဟု အမည်ရခဲ့၏။ ထို့နောက် ညီနောင် (၉၉)ယောက်ကို သတ်ဖြတ်ပြီးလျှင် ပါဋလိပုတ်(မောရိယ) ထီးနန်းကို သိမ်းပိုက်ခဲ့၏။ ဘုရင်ဖြစ်ပြီး ၈နှစ်အကြာတွင် ကလိင်္ဂတိုင်းကို စစ်ပြုသောအခါ စစ်မြေပြင်အနိဋ္ဌာရုံကြောင့် သံဝေ.ထင်စွဲလျက် စစ်လက်နက်တို့ကို စွန့်ပစ်ခဲ့သည်။ ထို့နောက် နိဂြောဓသာမဏေ၏ အပ္ပမာဒဝဂ်ဆုံးအောင် တရားတော်ကို နာယူမိသောအခါ စဏ္ဍာသောကမင်းသည် သံရဏဂုံသုံးပါးနှင့်တကွ ဂရုဓမ္မ ပဥ္စသီလ၌ တည်လေသည်။ မင်းကြီးလည်း သာသနာတော်၌ ကြည်ညိုသဒ္ဓါပြည့်ဖြိုးလာသဖြင့် အာသောက ရာမကျောင်း"ကို ဆောက်လုပ်၍ ဆွမ်းဝတ်နှင့်တကွ ရဟန္တာမြတ် ခြောက်သောင်းတို့အား လှူဒါန်းခဲ့၏။ ဤအခါမှစ၍ "သီရိဓမ္မာသောကမင်း"ဟု ပြည်သူတို့ကြားတွင် အမည်ထင်ပေါ်ခဲ့၏။

သီရိဓမ္မာသောကမင်းသည် သာရီရိက ဓာတ်မွေတော်တို့ကို ခွဲဝေလျက် ဇမ္ဗူဒိပ်ကျွန်းအလုံး၌ ထာဝရ ကိုးကွယ်နိုင်စေရန် မြို့နိုင်ငံ (၈၄၀၀၀)သို့ အသပြာငွေ ၉၆ ကုဋေ အပ်နှံလျက် အမတ်တို့အား စေတီတည်စေခဲ့၏။ တစ်မြို့တစ်ဌာနလျှင် စေတီတစ်ဆူ၊ ကျောင်းတိုက်တစ်ဆောင်၊ ရေကန်တစ်ခုစီ တည်ထားစေခဲ့ခြင်းဖြစ်၏။ ဗုဒ္ဓဂယာ မဟာ



www.burmeseclassic.com

www.burmeseclassic.com



ဦးနေမိန္ဒ
(ပြည်ဗရိယ ဆရာတော်ကြီး)
ကျောက်နံ့ဒေါ်ကျောင်း

ဗောဓိစေတီတော်၊ ကူသိပတန မိဂဒါဝုန် မေမွှ စေတီတော်တို့သည် ထိုစေတီပမာဏတွင် တရင်းအဝင်အပါဖြစ်လေ၏။ သာသနာသက္ကရာဇ် ၂၃၆ နှစ်တွင် တတိယသင်္ဂါယနာတင်ခဲ့လေ၏။

ပါဋလိပုတ်နေပြည်တော်၊ ဂင်္ဂါမြစ်အနီး မြေပြစ်ညီညွတ်သော မြေအပြင်၌ ဓာတ်တော်အချို့ကို ရတနာအထူးထူးတို့ဖြင့် အများအပြား တန်ဆာဆင်လျက် မဟာစေတီတစ်ဆူ တည်ထားလေသည်။ စေတီတော်၌ ခုနစ်လ၊ ခုနစ်ရက်တိုင်အောင် ကြီးကျယ်သော ဗုဒ္ဓဇယန္တီပွဲတော်ကျင်းပ၍ ပူဇော်ခဲ့လေ၏။ ယင်းပွဲတော်သို့ ပြည်သူပြည်သား လူပရိသတ်၊ ရဟန်းသံဃာပရိသတ်နှင့်တကွ နတ်နဂါး၊ သိကြားမြဟ္မာပရိသတ်တို့လည်း လာရောက်ဖူးမြော် ပူဇော်ခဲ့ကြလေ၏။

ဘောဂဝတီ နတ်နဂါးမင်းကြီးလည်း အထက်တစ်ယူဇနာ၊ အောက် တစ်ယူဇနာ၊ စကြဝဠာတစ်ခုလုံး၌ အာဏာစက်ရှိသော ဇမ္ဗူဒိပ်ကျွန်းသခင် သီရိဓမ္မာသောကမင်းကြီးအား ကြောက်ရွံ့လှသောကြောင့် ထိုပွဲတော်သို့ တက်ရောက် ပူဇော်ခဲ့ရသည်။ သို့ရာတွင် နဂါးပြည်၌ ကိုးကွယ်ထားရှိပြီးဖြစ်သော လက်ယာ အောက်အံတော်ကို မလွဲမှားနိုင်၍ လုံခြုံစိတ်ချစေရန် အစီအမံပြုကာ နတ်နဂါးမင်းကြီးသည် သူ၏ တူတော် နတ်နဂါးစစ်သူကြီး "ဝသုလ ဒေဝ" အား တာဝန်ပေးအပ်ခဲ့သည်။

ဝသုလ ဒေဝသည် ဘောဂဝတီ နတ်နဂါးပြည်မှ သီဟိုဠ်ကျွန်းပေါ်သို့ တက်ရောက်ကာ ရဟန္တာအရှင်မြတ်တို့ ထံ ချဉ်းကပ်လျက် နတ်နဂါးမင်းကြီး၏ အစီအမံကို ခွင့်ပြုတော်မူရန် တင်လျှောက်ခွင့်ပန်ခဲ့သည်။ ရဟန္တာအရှင်မြတ်တို့၏ ခွင့်ပြုချက်ရရှိလျှင် ဝသုလဒေဝသည် အံတော်မြတ်နှင့်တကွ ပတ္တမြားစီ ရွှေကြုတ်ကို နတ်နဂါးပြည်မှ ပင့်ဆောင်၍ ဗမာပြည်၊ တနင်္သာရီကမ်းခြေဒေသ၊ သိန္ဓုသေလ(ရှင်မော်)တောင်သို့ ရောက်ရှိလာခဲ့၏။ ယင်းတောင်ပေါ်ရှိ လင်းလွန်းပင်ကြီးတစ်ပင်၏ သစ်ခွဆုံအကြား၌ လုံခြုံစွာ မြှုပ်နှံထားရှိလျက် လျှို့ဝှက် သိုသိပ်စွာ ကိုးကွယ်ပူဇော်နေခဲ့လေ၏။

ပါဋလိပုတ်ပြည်မှ ရဟန္တာအရှင် မောဂ္ဂလိပုတ္တတိဿမထေရ်မြတ်၏ သာသနာပြုကိုယ်စားလှယ် မဟာဓမ္မရက္ခိတ ရဟန္တာညီနောင်နှစ်ပါးသည် တနင်္သာရီကမ်းခြေဒေသသို့ ဈာန်အဘိညာဉ်ဖြင့် ကောင်းကင်ခရီးအတိုင်း ကြွတော်မူလာသည်။ သိန္ဓုသေလတောင်ထိပ် လင်းလွန်းပင်ကြီးရောင်ခြည်တော် ခြောက်သွယ် ကွန့်မြူးနေသော ရှင်တော်မြတ်ဗုဒ္ဓ၏ အံတော်မြတ်ကို ဖူးတွေ့ရသဖြင့် ရဟန္တာညီနောင်သည် ဤနေရာ၌ သာသနာထွန်းလင်းအံ့ဟု မြင်သိ၍ မြေပြင်သို့ ဆင်းသက်တော်မူခဲ့ကြ၏။

### သုဝဏ္ဏဘူမိနိုင်ငံနှင့် တနင်္သာရီကမ်းရိုးတန်း မြို့ဟောင်းများ

သမိုင်းနှင့် ပတ်သက်၍ ပညာရှင်များ၏ ခေတ်ကာလပိုင်းခြားမှုသည် မတူညီ၊ ခြားနားကြသည်။ အင်္ဂလန်နိုင်ငံ လန်ဒန်တက္ကသိုလ်၊ အရှေ့တိုင်းနှင့် အာဖရိက ပညာကျောင်းမှ ဒေါက်တာ အယ်လီဇဘက်မိုး၏ ပိုင်းခြားမှုကာလ ပိုင်းခြားမှု မှာ ဤသို့ဖြစ်သည်။

မှဆိုးတံငါခေတ် ၇၀၀၀၀၀ မှ ၄၀၀၀ ဘီစီ။
ကျောက်ခေတ်သစ် ၃၅၀၀-၂၀၀၀ မှ ၃၀၀ ဘီစီ။
ကြေးခေတ်(ချင်းတွင်း) ၁၅၀၀ မှ ၇၀၀ ဘီစီ။
ကြေး၊ သံခေတ်(စမုံ) ၇၀၀ ဘီစီမှ ၄၀၀ အေဒီ။
ပျူနှင့် မွန်ခေတ် ၂၀၀ ဘီစီမှ ၉၀၀ အေဒီ။

www.burmeseclassic.com



နဂါးစစ်သူကြီး



တောင်ပိုင်းဘိုးတော်ကြီး

ကျောက်ခေတ်သစ် (အကြီးသမိုင်းခေတ်) လက်နက်များကို ထားဝယ်ခရိုင်နှင့် မြိတ်ခရိုင်အတွင်း၌ တွေ့ရှိ သိမ်းဆည်းပြီးဖြစ်သည်။ လက်နက်အများစုမှာ မြေပေါ်တွေ့ အထောက်အထားများဖြစ်၏။ ကျောက်အင်း (သာဂရမြို့ ဘောင်း၊ ထားဝယ်)၊ ကျောက်ပန်းချီ(အောက္ကင်းကျေးရွာ၊ တနင်္သာရီမြို့)၊ ကျောက်နံရံပန်းချီ (ရေကန်အော်ကျေးရွာ၊ ကျွန်းစုမြို့နယ်)ဟူသော အထောက်အထားများသည် အထူးစိတ်ဝင်စားဖွယ်ကောင်းလှ၏။ ယင်းပန်းချီများအပါအဝင် ကျောက်ခေတ် သစ်လက်နက်များကို လေ့လာခဲ့ကြသော ပညာရှင်အများစု၏ ကာလသတ်မှတ်ချက်မှာ ဘီစီ ၂၀၀၀ (လွန်ခဲ့သောနှစ်ပေါင်း ၄၀၀၀) ဟူ၍ဖြစ်သည်။ ဘီစီ ၂၀၀၀ ခေတ်ကာလကတည်းက တနင်္သာရီတိုင်းဒေသကြီးသည် လူနေထိုင်ရာဒေသဖြစ်နေခဲ့ပြီဟု ဆိုလိုခြင်းပင်။

တနင်္သာရီမြို့နယ်၊ သာရာဘွင်ဒေသရှိ ကြေးလက်နက်များမှအပ ကြေးခေတ်၏ တခြားအထောက်အထားတို့ကို မတွေ့ရှိသေးချေ။

အောက်မြန်မာနိုင်ငံ၌ ရှေးအကျဆုံး နေထိုင်သူများမှာ လူမည်းမျိုး(နီဂရက်တို)ကို ရည်ညွှန်းလေ့ရှိသည်။ ဘီစီ ၂၀၀၀ ခန့်တွင် လူဝါမျိုး(မွန်ဂိုလွိုက်)နှင့် လူညိုမျိုး (ဩစတြိုလွိုက်)တို့ ဝင်ရောက် လွှမ်းမိုးကြောင်း အဆိုပြုကြသည်။ လူညိုမျိုးတွင် အရှေ့တောင်အာရှ ကုန်းတွင်းနေ အမျိုးကို ဩစတြိုအေရှုတစ်ဟု လည်းကောင်း၊ ကျွန်းပေါ်နေ အမျိုးကို ဩစတြိုနေရှန်းဟု လည်းကောင်း အမည်တပ်ထားကြ၏။ ကုန်းတွင်းနေအမျိုးတွင် မွန်၊ ပလောင်၊ ဝ၊ ရယန်တို့သည် ပါဝင်၍ ထင်ရှားလာကြ၏။

မွန်လူမျိုးတို့၏ မူလ ဒေသသည် မဲနမ်မြစ်ဝှမ်းဖြစ်ပြီး ဘီစီ (၂)ရာစုခန့်တွင် အောက်မြန်မာနိုင်ငံရှိ ရက္ခ(ကျွန်းပေါ်နေ နီဂရက်တို)များအား နှိမ်နင်း၍ အခြေစိုက် နေထိုင်ခဲ့ဟန်ရှိပါသည်။

ရှေးဟောင်း ဆီးရီးယန်း ကျမ်းဂန်များတွင် အိုဖာဟု လည်းကောင်း၊ လက်တင်စာပေများ၌ ခရိုင်ဆီဟု လည်းကောင်း၊ အိန္ဒိယစာပေများတွင် သုဝဏ္ဏဘူမိဟု လည်းကောင်း၊ ရေးသားဖော်ပြခဲ့ကြသော နယ်မြေဒေသသည် မြန်မာနိုင်ငံ ကမ်းရိုးတန်းဒေသ၌ တည်ရှိသည်ဟု ခန့်မှန်းယူဆခဲ့ကြသည်။ ဗုဒ္ဓဘာသာ ပါဠိစာပေလာ သုဝဏ္ဏဘူမိ သဏ္ဍာတဘာသာကျမ်းဂန်လာ သုဝဏ္ဏကုဍ္ဍသည် အောက်



www.burmeseclassic.com

www.burmeseclassic.com

မြန်မာနိုင်ငံအတွင်း တည်ရှိကြောင်းကို ပြင်သစ် ရှေးဟောင်း သုတေသီ ရော့ချ်ဖေးဒီးကဲ့သို့သော ပညာရှင်တို့က တင်ပြ ရေးသားခဲ့ဖူးလေသည်။

မွန်မြန်မာရာဇဝင်တို့က မွန်လူမျိုးများသည် ဘီစီ ၁၇ ရာစုနှစ်အတွင်းတွင် သုဝဏ္ဏဘူမိနိုင်ငံကို ထူထောင်ခဲ့ကြကြောင်း ဖော်ပြထားလေသည်။ ဗုဒ္ဓစာပေနှင့် သက္ကတစာပေများ ဖော်ပြချက်အရ သုဝဏ္ဏဘူမိဒေသသည် ခရစ်မပေါ်မီ နှစ်တစ်ထောင်ကျော်ကပင် ထူထောင်တည်ရှိနေပြီဟု ရည်ညွှန်းသတ်မှတ်ရာရောက်ပေသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ရှေးမြို့ဟောင်းများစွာ တည်ရှိခဲ့ပုံကို ဒေသမှတ်တမ်းများအရ တွေ့နိုင်ကြသည်။ ကောင်းကင်ဓာတ်ပုံလေ့လာချက်များအရလည်း ထားဝယ်ခရိုင်အတွင်း၌ သာဂရမြို့ဟောင်း၊ မုတ္တီးမြို့ဟောင်း၊ ဝေဒီမြို့ဟောင်းနှင့် ဆင်ဆိပ်မြို့ဟောင်း၊ မြိတ်ခရိုင်အတွင်း၌ တနင်္သာရီမြို့ဟောင်း၊ တုံးပျောမြို့ဟောင်းနှင့် မော်တုန်းမြို့ဟောင်းဟူ၍ စုစုပေါင်း (၇)မြို့ရှိကြောင်း သိရှိရသည်။

ဒေသမှတ်တမ်းများအရဆိုလျှင် အောင်သာဝတီမြို့ (ယခု ကလိန်အောင်ရွာ)ကို သာသနာသက္ကရာဇ် ၁၇ခုနှစ်တွင် တည်ထောင်ခဲ့ကြ၍၊ ကနက်သီရိမြို့(ယခု ကနက်သီရိရွာ)ကို သာသနာသက္ကရာဇ် ၁၃၈ ခုနှစ်တွင် တည်ထောင်ခဲ့ကြ၏။ အောင်သာဝတီမြို့၌ နရုတ်မင်း(ဗျာဒိတ်ရသော ဒွာရကာ နတ်သားဘဝမှ စုတိလာသူ၊ သာသနာနှစ် ၁၄၉ ခု) စိုးစံ၍ ဓမ္မသေနမင်း(သာသနာနှစ် ၁၉၈ ခု) ဆက်ခံခဲ့သည်ဟု ဆို၏။ ကနက်သီရိမြို့၌ ကောရဗ္ဗမင်း၊ အောင်သာဝတီမြို့၌ ဓမ္မသေနမင်းတို့ ခေတ်ပြိုင်အုပ်စိုးခဲ့သည်ဟု အဆိုရှိပါသည်။

ထိုမင်းနှစ်ပါးတို့ ခေတ်ပြိုင် စိုးစံနေချိန် သာသနာသက္ကရာဇ် ၂၃၇နှစ်တွင် သာသနာပြု ကိုယ်စားလှယ် ရဟန္တာနှစ်ပါးဖြစ်သော မဟာဗုဒ္ဓ၊ စူဠဗုဒ္ဓတို့သည် တနင်္သာရီဒေသသို့ ကြွရောက်လာတော်မူကြခြင်းဖြစ်ပေသည်။ ခရစ်သက္ကရာဇ်အားဖြင့် ဘီစီ ၃၀၈ ခုနှစ်ဟု ဆိုနိုင်ပေ၏။



## လူမင်း၊ နဂါးမင်းတို့၏ ဗုဒ္ဓအံတော်ဓာတ် မြတ်စေတီတော်

ရဟန္တာညီနောင်နှစ်ပါးတို့သည် ကောရဗ္ဗမင်းထံ ခုနစ်ရက်တိတိ ဆွမ်းခံကြွတော်မူ၍ မင်းနှင့်တကွ မှူးမတ်ပြည်သူများအား တရားရေအေးတိုက်ကျွေးကာ၊ သရဏဂုံသီလကို ဆောက်တည်စေတော်မူကြသည်။ ကောရဗ္ဗမင်းလည်း သဒ္ဓါပြည့်ဖြိုးလျက် မိမိနေပြည် တနင်္သာရီတိုင်း၌ သီတင်းသုံးနေထိုင်တော်မူပါရန် ရွှေကျောင်းတော်ဆောက်လုပ်လှူဒါန်းပါမည့်အကြောင်း တင်လျှောက်လေသည်။ အရှင်မြတ်တို့က လက်မခံဘဲ ရှင်မော်တောင်၌ မြတ်စွာဘုရား၏ အံတော်ဓာတ်မြတ်တစ်ဆူကို နဂါးစစ်သူကြီးမှ ဝှက်ထားကိုးကွယ်နေကြောင်း၊ စေတီတော်တည်၍ အများပြည်သူ ကိုးကွယ်စေခြင်းဟာ သာသနာပြုအစင့်ကြောင်း အကြံပေးတော်မူကြ၏။

ရဟန္တာညီနောင်နှစ်ပါးသည် ဒွာရကာတိုင်း၊ အောင်သာဝတီမြို့ ဓမ္မသေနမင်းကြီးထံ ခုနစ်ရက် ဆွမ်းခံကြွတော်မူပြန်သည်။ မင်းကြီးနှင့်တကွ မှူးမတ်ပြည်သူတို့အားလည်း တရားရေအေးတိုက်ကျွေးကာ သရဏဂုံသီလ၌ တည်တော်မူပြန်သည်။ တနင်္သာရီတိုင်း မင်းကြီးနည်းတူ ဒွာရကာတိုင်း မင်းကြီးလည်း ပင့်လျှောက်ပြန်ရာ ရဟန္တာညီနောင်တို့လည်း ရှေးနည်းတူပင် စေတီတော်(အံတော်)မြတ်တည်ရန် အကြံပေးတော်မူကြပြန်သည်။ မင်းကြီးနှစ်ပါးတို့လည်း အကြံတော်မူချက်ကို နှစ်သက်မြတ်နိုးကြ၍ အချင်းချင်းဆွေးနွေးတိုင်ပင်ညှိနှိုင်းကာ သဘောတူကြသဖြင့် ရဟန္တာအရှင်မြတ်တို့ထံ



www.burmeseclassic.com

www.burmeseclassic.com



လာရောက်ဖူးတွေ့ တောင်းပန်ကြလေသည်။

အရှင်မြတ်နှစ်ပါးတို့လည်း အံတော်မြတ်ရှိရာသို့ ဆွမ်း၊ ဆီမီး ရေချမ်း၊ နတ်ပန်းတို့ဖြင့် ပူဇော်ရန် လာရောက်သော နဂါးစစ်သူကြီးအား မင်းကြီးနှစ်ပါးတို့၏ စေတီတည်ထား ကိုးကွယ်ရန် ဆန္ဒကို ဖွင့်ဟပြောကြား အသိပေးတော်မူကြ ၏။ အံတော်မြတ်ကို ဌာပနာ၍ စေတီတည်ထားကာ ကိုး ကွယ် ပူဇော်လိုခြင်းဆန္ဒ စကားကို ကြားသိရလျှင် လွန်စွာ ဝမ်းမြောက်ဝမ်းသာရှိသဖြင့် သဘောတူ လက်ခံခဲ့၏။ ထို့ နောက် နဂါးမင်းကြီး ကြွရောက်လျက် ဤသို့ တင်လျှောက် လေ၏။

"တပည့်တော်သည် အံတော်မြတ်သွင်းနံ့ရန် ဌာပနာ တိုက်နေရာကို န ပရိသတ်အင်အားဖြင့် တူးဖော်စေပါမည်။ အလျား ၁၈တောင်၊ အနံ ၁၂တောင်၊ အနက် အတောင် ၂၀ ရှိသော ကျောက်နံ့ရံကို ရွှေမြရတနာတို့ဖြင့် မွမ်းမံစေ ပါမည်။ သာသနာတော်နှစ် ၂၃၈ ခု၊ တပို့တွဲလပြည့်နေ့တွင် ပြီးစီးပြည့်စုံစေပါမည်။ တပည့်တော်နှင့်တကွ နဂါးမင်းကြီး တည်း တပေါင်းလပြည့်နေ့ နေထွက်သည်နှင့် တစ်ပြိုင်တည်း စေတီတည်ထားရန် ဤနေရာသို့ အရောက်လာပါမည် အရှင် ဘုရား"

ရဟန္တာညီနောင်နှစ်ပါး၏ ဆက်သွယ်စီစဉ်ပေးမှုကြောင့် လူမင်းနှစ်ပါးနှင့် နဂါးမင်းတို့အားလုံးသည် တစ်ပါးနှင့်တစ်ပါး ချစ်ခင်ညီညွတ်ကြပြီး ဓမ္မအဆွေတော်များ ဖြစ်သွားကြလေ သည်။ ဓမ္မသေနမင်းနှင့် ကောရဗ္ဗမင်းတို့လည်း နဂါးမင်း ချိန်းချက်ထားသော နေ့ရက်အမီ ရှင်မော်တောင်ထိပ်သို့ လာရောက်ကြရန် ကတိပြုလျက် နေပြည်တော်အသီးသီးသို့ ပြန်ကြလေသည်။

ဒုရကာတိုင်းမင်းကြီးနှင့် တနသာ်ရီတိုင်းမင်းကြီးတို့သည် မိမိတို့၏ စစ်အင်္ဂါလေးပါး စသော အခေါင်အယောင် အခမ်းအနားတို့ဖြင့် ကြည်းလမ်း၊ ရေလမ်း စခန်းဖွင့်၍ နှစ်လမ်း နှစ်ဌာနအတိုင်း ကြွချီလာကြ၏။ ရှင်မော်တောင်၊ အံတော်မြတ်ကိန်းဝပ်ရာ လင်းလွန်းပင်ဌာနကို မဏ္ဍိုင်ပြု၍ စခန်းချလျက်ရှိကြသော နေ့ကား တပေါင်းလဆန်း ၁၃ရက် နေ့ဖြစ်လေသည်။ မင်းနှစ်ပါးနှင့်တကွ မှူးမတ်ပြည်သူ ထောင်သောင်းမကသော လူအပေါင်းသည် ညနေချမ်း နေ မဝင်မီကာလမှ အစပြုလျက် ဆီမီး၊ ပန်း၊ ရေချမ်း၊ ရွှေတံခွန် ငွေကုက္ကား စသော အထူးထူးသော ဝတ္ထုပစ္စည်းများဖြင့် လင်းလွန်းပင်ရှိ အံတော်ဓာတ်မြတ်ကို ကန်တော့ ဖူးမြော် ပူဇော်သမှု ပြုလုပ်နေကြလေ၏။



ရှင်မော်တောင်ဘုရား ဂေါပကအဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



ထိုခဏတွင်ပင် အံတော်ခာတ်မြတ်သည် ပတ္တမြား ရွှေကြုတ်မှ ထွက်ကြွတော်မူ၍ ကောင်းကင်သို့ ထန်းပင် နှစ်လျားခန့် မြင့်တက်ကာ၊ ရှောင်ခြည်တော် ခြောက်သွယ် ယှက်လျက် ကွန့်မြူးပြီး ပြာငိုဟာ တန်ခိုးထူးကို ဖွင့်ပြတော် မူ၏။ မင်းနှစ်ပါးနှင့်တကွ မှူးမတ်ဗိုလ်စု လူထုပရိသတ် အားလုံး မြင်တွေ့အံ့ဩ သောသောရုတ်ရုတ် အုတ်အုတ် ကျက်ကျက် ကြက်ပျံမကျ စည်ကားလှစွာ ဂါဝရ ရိုကျိုး ကြည်ညိုရှိခိုးကြရပေ၏။

ဤတွင် သိန္တုကနတ်မင်း၊ ဘုမ္မဓေဝနတ်မင်း၊ သုခ ဓေဝနတ်မင်းဟူသော နတ်မင်းကြီးလေးပါးတို့က တစ်ခဏ မျှ ကိုယ်ယောင်ပြလျက် အံတော်မြတ်အား ဂါဝရပြု ဖူးမြော် ကာ သာဓုခေါ်ခြင်း၊ မွှေးကြိုင်သော နတ်ပန်းတို့ဖြင့် ပူဇော် ခြင်း ပြုခဲ့ကြပေ၏။

## သစ္စာမြိုင်မြိုင်နှင့် ရွှေ စိန် ပတ္တမြား ရတနာအလင်းတိုင်များ

တပေါင်းလပြည့်နေ့ နံနက်အရုဏ်တက်ပြီးချိန်တွင် ထွန်းသစ်စ နေဝန်းနှင့်အတူ နဂါးမင်းကြီးသည် စစ်အင်္ဂါ လေးပါး ခင်းကျင်းလျက် နတ်တူရိယာများကို ချိုသာစွာ တီးမှုတ်၍ ရှင်မော်တောင်ထိပ်သို့ ရောက်ရှိလာ၏။ လူမင်း နှစ်ပါးတို့အား တွေ့ဆုံ နှုတ်ဆက်ပြီးလျှင် ရဟန္တာညီနောင် အရှင်မြတ်တို့၏ ခြေတော်ရင်း၌ ဦးတိုက် ရှိခိုးလေ၏။ နှုတ် ကတိအတိုင်း တူးဖော်မွမ်းမံထားသော ဗွာပနာတိုက်သို့ လင်း လွန်းပင်ခွဆုံမှ အံတော်ခာတ်မြတ်ကိန်းဝပ်ရာ ပတ္တမြားစီ ရွှေကြုတ်တော်ကို ပင့်ဆောင်သွင်းနှံခြင်း ပြုလုပ်ကြသည်။

ကောရမ္ဘမင်းကြီးက ယင်းအပေါ်၌ စိန်စေတီတော် တစ်ဆူအုပ်မိုး လှူဒါန်းလေ၏။ ဓမ္မသေနမင်းကြီးက ယင်း အပေါ်၌ ငုံအုပ်၍ ရွှေသားစေတီတော်တစ်ဆူကို လှူဒါန်း လေ၏။ ယင်းစေတီတော်ကား မူလ ဉာဏ်တော်တစ်ထွာနှင့် လက်လေးသစ်ရှိပြီး သုံးထပ်အုပ် ရွှေစေတီတော်တည်း။

ကောရမ္ဘမင်းကြီး ထုလုပ် ဆောင်ကြဉ်းလာခဲ့သော ရွှေပြာသာဒ်၌ ငွေသား ငါးလက်မပတ်လည်ရှိ တိုင်ကို စိုက် ထူပြီး တင်လှူလေသည်။ နဂါးမင်း ဆောင်ကြဉ်းလာခဲ့သော ရွှေစင်အတိ ထီးရိုးလုံးပတ်အမြင့် ၁၂ တောင်၊ မကိုဋ် သဏ္ဍာန် အလွန်အံ့ဖွယ်ကောင်းသော ရတနာခုနစ်ပါးတို့ဖြင့် ပြီးသော ညောင်ရွက်ပန်းဆိုင်ပန်းသွယ်၊ ဆန်းကြယ်စွာ ပြိုးပြက်ဝင်းလက် တောက်ပသော အဖိုးမဖြတ်နိုင်သော ရတနာထီးဖြူတော်တို့ကို အုပ်မိုးလှူဒါန်းလေသည်။ တစ်ဖန် နဂါးမင်းကြီး၏ နဝရတ်ကိုးပါး ပန်းဆိုင်း၊ တံခွန်ကုက္ကား မုလေးပွားတို့ကို ရွှေပြာသာဒ်၌ တွဲလဲဆွဲထားလေသည်။ ထို့ နောက် ရွှေသားစေတီတော် ဉာဏ်တော် ၇တောင်၊ ရွှေသား ပစ္စယံထိပ်ဝ ၃တောင် ၅လက်မ၊ ရွှေသား နဝရတ်ကိုးပါးဖြင့် ခြယ်စီမွမ်းမံအပ်သော ၂မိုက် ၃လက်မ ရတနာထီးတော် ကို စိုက်ထူ တင်လှူလေ၏။

လူမင်းတို့၏ ဘေးတော်, ဘိုးတော်, ခမည်းတော် မယ်တော်တို့၏ ရွှေကိုယ်လေးရုပ်ပုံတော်၊ မင်း, မိဖုရားနှင့် တကွ အိမ်ရှေ့မင်းကိုယ်လေး ရွှေရုပ်ပုံတော်များ၊ နဂါးမင်း ဖြူဟ္ဘာမင်း၊ သိကြားမင်း၊ ရဟန္တာညီနောင်အရှင်မြတ်နှစ်ပါးတို့ ၏ ရွှေကိုယ်လေးရုပ်ပုံတော်များ၊ ရဟန္တာရှစ်ကျိပ်တို့၏ ရွှေ ကိုယ်လေးရုပ်ပုံတော်များ၊ ရွှေသားသတ္တသတ္တာဟ ဗွာနများကို လည်း ဗွာပနာတိုက်၌ နေရာချထားကြ၏။ ရဟန္တာညီနောင် နှစ်ပါး၊ မင်းသုံးပါးတို့၏ ရွှေရုပ်ပုံတော်ရှေ့၌ သံသော၊ ပြဒါးသော ပန်းဆိုင်းများဖြင့် ပူဇော်ဟန်ထားရှိပြီး ရွှေဖယောင်းတိုင်၊ စိန် ဖယောင်းတိုင်၊ ပတ္တမြား ဖယောင်းတိုင်ကြီးတစ်တိုင်စီထွန်း စေတီတည်ထား လှူဒါန်းမှု သက်သေအရာတည်စေလ သာသနာတော် တည်တံ့နေသရွေ့ကာလပတ်လုံး ထိန်ထိန် လင်းနေစေသောဝ်ဟု အဓိဋ္ဌာန်ပြုကာ ဆုတောင်းဆုယူကြလေ



www.burmeseclassic.com

www.burmeseclassic.com

ထိုခေတ်ချင်းမှာပင် ရတနာ ဖယောင်းတိုင် သုံးခုသည် ချပ်စစ်တော်စီးဝင်သကဲ့သို့ မီးညှိစွဲလောင်လျက် အံတော်ဆတ်မြုတ် ဌာပနာတိုက်တစ်ဝန်းလုံး၌ လင်းလင်းထွန်းပ၍ ဆုတောင်းပြည့်ကြပေ၏။ အောင်မြင်ကြပေ၏။ ထို့နောက် ဌာပနာတိုက်ကို လေယန္တရားစက်၊ ရေယန္တရားစက်တို့ဖြင့် ခံဆင်းထားရှိ၍ လုံခြုံစွာ ကာကွယ်ကြ၏။ အလျား ၁၈ တောင်၊ အနံ ၁၂တောင်ရှိ ကျောက်ပြားကြီးဖြင့် အံဝင်ခွင်ကျ ပိတ်ကာ အပေါ်ယံလွှာ၌ ကျောက်တုံးအကြီး၊ အလတ်၊ အငယ်တို့ဖြင့် စီစီညီညီပြုကာ ကျောက်စေတီတော်တစ်ဆူ ကို နေ့ချင်းအပြီး တည်ဆောက်လှူဒါန်းခဲ့ကြလေသည်။

ယခုအခါ စာရေးသူတို့ ဘုရားဖူးအဖွဲ့အပါအဝင် ရပ်နီး ရပ်ဝေး ပရိသတ်များအားလုံး မြင်တွေ့ ဖူးမြော်နေကြရသော ရှင်မော်စေတီတော်ကား နေ့ချင်းပြီး စေတီငယ်ပင် ဖြစ်ပေ သည်။ ဤသမိုင်းကြောင်းကို အခြေပြုကာ ရှင်မော်အံတော် ဆတ်မြုတ်စေတီတော်သည် ဆုတောင်းပြည့်စေတီတော် တစ်ဆူဖြစ်ပါသတည်း။

**တောင်းဆုပြည့်စေသား ရှင်မော်အံတော်မြုတ်ဘုရား**

ပေါက္ကံနေပြည်၊ နရပတိစည်သူ စကြာမင်းလက်ထက် ဆီရှင်မင်းသမီးသည် သက်တော် ၃၅နှစ်အရွယ်ထိ သား တစ်ယောက်မျှ မထွန်းကားသေးချေ။ ကောဇာသက္ကရာဇ် ၅၆၈ ခုတွင် သံဃာအပါးတစ်ရာတို့ကို ပရိက္ခရာရှစ်ပါးစုံ လှူဒါန်း၍ သီလဆောက်တည်ပြီးလျှင် စေတီတော်၌ သားဆု ခံခဲ့ရာ ဇမ္ဗူဒီပရာဇာအမည်တွင်သော သားတော်တစ်ပါး ထွန်းကားခဲ့လေသည်။

ကုန်းဘောင်မင်းလက်ထက် မင်းလှသီဟရာဇာဘွဲ့ခံ ဝန်မင်းကြီး၏ သမီးကြီး ခင်ညိုသည် အသက် ၄၆နှစ် ရောက်သည့်တိုင်အောင် သားသမီး မထွန်းကားခဲ့ချေ။ ရှင်မော်တောင်ပေါ် ဇရပ်တစ်ခု၌ ခုနစ်ရက်တိုင်တိုင် သီလ ဆောက်တည်ပြီးလျှင် သားဆုကို တောင်းပန်သောအခါ တောင်ဓားဝယ် ဗိုလ်ဖြစ်လာသော ဓမ္မသူရ အမည်ရှိ သားကို မွေးဖွားရရှိခဲ့ဖူးပေ၏။

ဖောင်ယာဉ်စကြာဖြင့် တိုင်းခန်းလှည့်လည်ရာတွင် ပြည့်ရှင် အလောင်းစည်သူမင်းကြီးသည် မာလာယုကျွန်း အပြန် ကောဇာ ၄၆၈ ခုနှစ်အတွင်းက ထားဝယ်အငူ အနီးရွယ် ရှင်မော်တောင်သို့ ရောက်ရှိ၍ ဖောင်ယာဉ် ဆိုက်ကပ်ရပ်နားပြီး ရာသီဥတုဒဏ်ကြောင့် ယိုယွင်းပျက်စီး နေဆဲ အံတော်မြုတ်(ရှင်မော်)စေတီကို ပြုပြင်ပေးခဲ့၏။ ယင်း စေတီအထက် မြေတစ်နေရာ၌ ဖောင်တော်ဦးစေတီတစ်ဆူ တည်ထားခဲ့သေး၏။ ယင်းစေတီနှစ်ဆူစလုံး၌ ရွှေသင်္ကန်း ကပ်လှူစဉ်က ဖောင်ယာဉ်ပါ အလုပ်အကျွေး လူ ၅၀ ကို ဘုရားဝေယျာဝစ္စအလုပ်အကျွေးအဖြစ် တစ်ချက်လွှတ် အမိန့် တော်ထုတ်၍ ခေါင်းလောင်းထိုးကာ လှူဒါန်းခဲ့ပါ၏။ ယင်း အလုပ်အကျွေး ၅၀ အခြေချ နေထိုင်ရာ တောင်ခြေရွာကို တစ်ချက်လွှတ်ရွာဟု ခေါ်ခဲ့ကြရာမှ ဝေါဟာရရွေ့လျော၍ ကြက်လွှတ်ရွာဟု ခေါ်ကြ၏။

တနင်္သာရီမြို့စား စောမဲဖြူ၏ ထကြွ ပုန်ကန်မှုကို ကောဇာ ၅၆၆ခုနှစ်တွင် နရပတိစည်သူမင်း(အလောင်းစည် သူမင်း၏ မြစ်တော်) တိုက်ခိုက်နှိမ်နင်းခဲ့၏။ အပြန်ခရီးတွင် ရှင်မော်အငူသို့ ရောက်သောအခါ ပင်လယ်ကမ်းခြေ တစ်နေရာ၌ ထောင့်ကွယ်မြို့ဟု သမုတ်၍ ယာယီ စံမြန်းနေ ခဲ့၏။ အံတော်မြုတ်စေတီနှင့် ဘေးတော်မင်းကြီး၏ ဖောင် တော်ဦးစေတီတို့ကို ယိုယွင်းနေသျှ ပြုပြင်မွမ်းမံခဲ့၏။ အံတော်မြုတ်စေတီတော်အောက်နား တစ်နေရာ၌ မော်ဦး စေတီငယ်တစ်ဆူတည်ထားခဲ့၏။ ယင်း စေတီသုံးဆူစလုံး၌ ရွှေသင်္ကန်းကပ်လှူ၍ ရွှေချတော်မူခဲ့ပါ၏။

ထားဝယ်ခရိုင်၌ ဒေဝီမြို့ တည်ထောင်အုပ်စိုးခဲ့သော





www.burmeseclassic.com

www.burmeseclassic.com







မင်းသီဟသည်လည်း ကောဇာ ၈၅၀ ခုနှစ်တွင် ယင်းအရပ်သို့ ရောက်ရှိကာ၊ စေတီတော်များအား ဖူးမြော်ခဲ့၏။ နှစ်ပရိစ္ဆေဒကြာရှည်၍ ပျက်စီးပြိုကွဲနေကြသော ယင်းစေတီတော် သုံးဆူတို့ကို ပြုပြင်မွမ်းမံပြီး ရွှေပိန်းချခဲ့ဖူးလေ၏။

ယခု ခေတ်သစ်တွင် စေတီသုံးဆူစလုံး၌ ထပ်မံမွမ်းမံပြုပြင်၍ ၁၃၀၂ ခုနှစ်က ရွှေထီးတော်သစ်ကို တင်လှူပူဇော်ကာ ထားဝယ်မြို့ မြို့တွင်းရပ်၊ ဝိုးကုန်သည်ကြီး ခူဂေါဒင်+ ဒေါ်နီး ဒေါ်မြသိန်းမေ မိသားစုဖြစ်၏။ စက္ကူပါရသေ့ကြီး၊ ဆရာတော် ဦးပညိန္ဒ၊ ပထမ ရွှေတောင်ဆရာတော်နှင့် ရွှေတောင်ဂိုဏ်းဝင် သံဃာတော်များ အစရှိသော ပြန်လည်ပြုပြင်ကောင်းမှုရှင် အများအပြားကို စာမျက်နှာ၌ အကျဉ်းချုပ်လိုက်ပါရစေ။

ဤစာရေးသူ၏ မင်းစေတီတော်မြတ်၌ တောင်းပန်အပ်သော ရှင်ကိုးရှင် ဖူးမြင်ရပါလို၏ ဆန္ဒသည်လည်း ထိုကာလကပင် တစ်လုံးတစ်ဝတည်း စုံလင်ပြည့်ဝ ဖူးမြင်ခဲ့ကြသည်သာတည်း■

မုဒုံ ဖေစာနောင်

ကျမ်းကိုး

- ဇိနတ္ထ ပကာသနီကျမ်း (ကျီးသဲလေးထပ် ဆရာတော်ဘုရား)။
- ရှင်မော်သမိုင်း (ဦးပဏ္ဍိတ၊ ဆီးတောကျောင်းဆရာတော်)။
- ထားဝယ်ဘုရားသမိုင်း (ဦးဝီရိယ၊ ဇေယျဝတီဆရာတော်)။
- ထားဝယ် ရာဇဝင်သမိုင်း (ဆရာကြီး ရွှေဝယ်ဧ)။
- ထားဝယ် ရေးယဉ်ကျေးမှုအထောက်အထားများ (ဆရာ ဇော်-စိတ်ပညာ)
- ကြည်နူးရမျှော် မြတ်ရှင်မော်ဘုရားသမိုင်း (ဦးစိုးမောင်၊ ဒုဥက္ကဋ္ဌ၊ ကြက်လျှတ်ရွာ)။

*****



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၆-ဖေဖော်ဝါရီလအတွက်

# ကံကောင်းစေမည့် အကြံပြု စာမျက်နှာ

ဒေဝတ္တရာ ဆရာကျော်

ဒီစာမျက်နှာဟာ စာဖတ်သူများအတွက် အကြံပြု စာမျက်နှာဖြစ်ပါတယ်။

ပင်လယ်ပြင်မှာ မုန်တိုင်းထတဲ့အခါ သံလိုက်အိမ်မြှောင်က တောင်နှင့် မြောက် လမ်းညွှန်ပြသလို ဘဝအစိတ်အပိုင်း တစ်ထောင့်တစ်နေရာက ပံ့ပိုးမှုဖြစ်ပါတယ်။

"အကျိုးဆောင်ခြင်းဟာ ဒီကမ္ဘာကြီးမှာ နေထိုင်တဲ့အတွက် ပေးဆပ်ရတဲ့ အဖိုးအခပါပဲ"

*(မှာသန်အယ်ခန်ဝန်မှား)*

## ၂၀၁၆၊ ဖေဖော်ဝါရီလ စန်းပွင့်ရက်များ

| | |
|---|---|
| ၁၊ ၉၊ ၁၀၊ ၁၇၊ ၁၈၊ ၂၇၊ ၂၈ ရက်များ | အနောက်အရပ် စန်းပွင့်သည်။ |
| ၂၊ ၃၊ ၁၁၊ ၁၂၊ ၁၉၊ ၂၀၊ ၂၁၊ ၂၉ ရက်များ | မြောက်အရပ် စန်းပွင့်သည်။ |
| ၄၊ ၅၊ ၆၊ ၁၃၊ ၁၄၊ ၂၂၊ ၂၃ ရက်များ | အရှေ့အရပ် စန်းပွင့်သည်။ |
| ၇၊ ၈၊ ၁၅၊ ၁၆၊ ၂၄၊ ၂၅၊ ၂၆ ရက်များ | တောင်အရပ် စန်းပွင့်သည်။ |

အထက်ဖော်ပြပါ ဇယားအတွင်းရှိ ရက်များမှာ ဆိုင်ရာ စန်းပွင့်ရက်များကို ဖော်ပြထားခြင်းဖြစ်သည်။ စန်းသည် မိဿ၊ သိဟ်၊ ဓနုရာသီများတွင် ရှိပါက အရှေ့အရပ် စန်းပွင့်သည်။ ပြိဿ၊ ကန်၊ မကာရရာသီများတွင် တောင်အရပ် စန်းပွင့်သည်။ တူ၊ ကုမ်၊ မေထုန်ရာသီများတွင်ရှိပါက အနောက်အရပ် စန်းပွင့်သည်။ ကရကဋ်၊ မိန်ရာသီတွင်ရှိပါက မြောက်အရပ် စန်းပွင့်၏။ ဉာဏ်ရှိသလို သုံးစွဲနိုင်ပါသည်။

### ရတနာ

အမြူရောင်ကျောက်ကို တစ်လလုံး ဆောင်ပါ။ ကောင်းကျိုး လိုရာဆန္ဒပြည့်ပါလိမ့်မည်။

### အကြံပြု ယတြာ

ဤတစ်လလုံး အောက်ပါ ယတြာကို လုပ်ဆောင်ပါ။

- တနင်္ဂနွေသားသမီးတိုင်းသည် မေမြို့ပန်း (၅)ပွင့်၊ ကံ့ကော်ပန်း (၂)ညွှန့်၊ သပြေ (၆)ညွှန့်၊ အားလုံးပေါင်းကို နေအိမ်ရှိ ဘုရားတွင် ပန်းအိုးထိုး၍ ရေအပြည့်ထည့်ကာ လိုရာ ဆုတောင်းပြီး လှူပေးထားပါ။ မိဝါတပတိ ဂါထာတော်ကို (၁၀၈)ခေါက်ရွတ်ဆိုပြီး ကိုးရက်ဝင်ပေးပါ။
- တနင်္လာသားသမီးတိုင်းသည် သပြေ (၆)ညွှန့်၊ ငွေန်ညွှန့် (၃)ညွှန့်၊ ခန်းညွှန့် (၇)ညွှန့်၊ အားလုံးပေါင်းကို နေအိမ်ရှိ ဘုရားတွင် ရေအပြည့်ထည့်ထားသော ပန်းအိုး၌ ထိုး၍ လိုရာ ဆုတောင်းပါ။ သမ္ဗုဒ္ဓေဂါထာတော် မြတ်ကို သက်စေ့ရွတ်ဆိုပြီး ကိုးရက်တိတိဝင်ပေးပါ။
- အင်္ဂါသားသမီးတိုင်းသည် ခန်း (၇)ညွှန့်၊ ရွက်လှ (၄)ညွှန့်၊ ခုန်း (၁)ညွှန့်၊ အားလုံးပေါင်းကို နေအိမ်ရှိ ဘုရားတွင် ရေအပြည့်ထည့်ထားသော ပန်းအိုး၌ ထိုး၍ လိုရာ ဆုတောင်းပါ။ ဂုဏ်တော်ကိုးပါးကို (၁၀၈)ခေါက်ရွတ်ဆိုပြီး ကိုးရက်ကျင့်ပွားပါ။

www.burmeseclassic.com

* ဗုဒ္ဓဟူးသားသမီးတိုင်းသည် ဒုန်း (၁)ညွှန့်၊ မေမြို့ပန်း (၅)ညွှန့်၊ ကံ့ကော် (၂)ညွှန့် အားလုံးပေါင်းကို နေအိမ်ရှိ ဘုရားတွင် ရေအပြည့်ထည့်ထားသော ပန်းအိုး၌ ထိုး၍ လိုရာ ဆုတောင်းပါ။ အရဟံဂုဏ်တော်ကို တစ်ထောင်ပြည့် အောင် ကိုးရက်ရွတ်ပွား ပူဇော်ပါ။
* ကြာသပတေးသားသမီးတိုင်းသည် ကံ့ကော် (၂)ညွှန့်၊ သပြေ (၆)ညွှန့်၊ ငှက် (၃)ညွှန့်၊ အားလုံးပေါင်း နေအိမ်ရှိ ဘုရားတွင် ရေအပြည့်ထည့်ထားသော ပန်းအိုး၌ ထိုး၍ လိုရာ ဆုတောင်းပါ။ ယေစဗ္ဗော အစ ဂါထာတော်ကို (၁၀၈)ခေါက်ရွတ်ဆိုပြီး ကိုးရက်ရွတ်ဖတ် ပူဇော်ပါ။
* သောကြာသားသမီးတိုင်းသည် ငှက် (၃)ညွှန့်၊ ဖန်း (၇)ညွှန့်၊ ရွက်လှ (၄)ညွှန့်၊ အားလုံးပေါင်းကို နေအိမ် ဘုရားတွင် ရေအပြည့်ထည့်ထားသော ပန်းအိုး၌ ထိုး၍ လိုရာ ဆုတောင်းပါ။ မေတ္တာသုတ်ကို သက်စေ့ရွတ်ဆို ကိုးရက်ကျင့်ပွားပါ။
* စနေသားသမီးတိုင်းသည် ရွက်လှ (၄)ညွှန့်၊ မေမြို့ (၅)ညွှန့်၊ ဒုန်း (၁)ညွှန့်၊ အားလုံးပေါင်းကို နေအိမ် ဘုရားတွင် ရေအပြည့်ထည့်ထားသော ပန်းအိုး၌ ထိုး၍ လိုရာ ဆုတောင်းပြီး လှူပါ။

**အကြံပြုချက်**

ဤလတွင် ခုနစ်ရက်သားသမီးအားလုံး ကံကောင်းရန် မနက်မိုးလင်းသည်နှင့် အိမ်တံခါးများ ဖွင့်သည့်အခါ အောက် ဂါထာကို ရွတ်ဆို၍ ဖြည်းဖြည်းချင်း ညင်သာစွာ တံခါးကို ဖွင့်ပါ။

**ဂါထာ**

ယေဒိ မိတ္တံ
ယေဒိ ခန့်
ယေဒိ လာဘံ
ယေဒိ ပိုက်ဆံ
ယေဒိ သုခံ
ယေဒိ ဝေယျာသုခ မင်္ဂလံ။

ခေတ္တရာ ဆရာ

*****

www.burmeseclassic.com

www.burmeseclassic.com




# ဇလွန်ကျော်ဦး

# အိပ်မက်လိပ်ပြာ

www.burmeseclassic.com

www.burmeseclassic.com

"အစ်ကို . . . အိပ်ပျော်နေတုန်း မြွေကြီးတစ်ကောင် အစ်ကို့အိပ်ရာဘေးမှာ ခွေနေတာ တွေ့တယ်"

ကျွန်တော် ဇနီးသည် ခင်နှင်း၏ ဗိုးရိမ်တကြီးပြောလာသည့် စကားသံကို မယုံနိုင်ဖွယ် ကြားလိုက်ရသည်။ ကျွန်တော် အလိုလို ကြက်သီးမွေးညင်းထသွားမိသည်။ ကျွန်တော် အိပ်ပျော်နေ၍ မြွေကြီးဝင်ခွေနေသည်ကို လုံးဝ မသိခဲ့။ ကျွန်တော် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားစဉ် ထူးထူးခြားခြား အိပ်မက်မက်နေခြင်းပင် ဖြစ်သည်။

ကျွန်တော် အိပ်မက်ထဲတွင် တွေ့မြင်နေရသည်က ကုန်လွန်ခဲ့သည့် သုံးလေးနှစ်က ကွယ်လွန်သွားခဲ့သည့် ကျွန်တော့်အစ်ကိုကြီး ကိုသာမောင်ပင်ဖြစ်သည်။ အစ်ကိုကြီး ကွယ်လွန်ဆုံးပါးခဲ့သည်မှာ နှစ်အတန်ပင် ကြာခဲ့သော်လည်း ယခုလို အိပ်မက်မျိုး တစ်ခါမျှ မပေးဘူးခဲ့။ ယခုမှ ထူးထူးခြားခြား ကျွန်တော့်ကို အိပ်မက်ပေးနေသည့်အဖြစ်ကို တွေးမိရင်း အစ်ကိုကြီး အဖြစ်ကို မြင်ယောင်သွားမိသည်။

အစ်ကိုကြီး ကွယ်လွန်သွားခဲ့သည့်အဖြစ်က မယုံနိုင်စရာ။ အစ်ကိုကြီး လယ်ထဲသွားရင်း ချောင်းရိုးလေးဘေးတွင် မြွေကိုက်ခံရခြင်းဖြစ်သည်။ သည်တုန်းက ကျွန်တော့်အစ်ကိုကြီး မြွေကိုက်ခံရကြောင်း သိသိချင်း ဆေးရုံသို့ ပို့ရန် ကြိုးစားခဲ့သော်လည်း မရတော့ပါ။

အစ်ကိုကြီးခန္ဓာကိုယ်တစ်ခုလုံး မြွေအဆိပ်ကြောင့် ပြာနှမ်းနေသည်။ နောက်ဆုံး အစ်ကိုကြီး ပါးစပ်များဆီမှ "သူခေါ်သွားတာ၊ သူခေါ်သွားတာ"ဟု တိုးညင်းစွာ ပြောရင်း ကျွန်တော့်လက်ထဲတွင် အသက်ကုန်ဆုံးသွားခဲ့ခြင်းဖြစ်သည်။

သို့တိုင် အစ်ကိုကြီး သေအံ့မူးမူး နောက်ဆုံးအချိန် ပြောသွားခဲ့သည့် စကားသံက ထူးခြားနေသည်။ ထို့ကြောင့် ကျွန်တော် အစ်ကိုကြီး၏ အခင်ဆုံးသူငယ်ချင်းဖြစ်သူ ကိုထူးကို စုံစမ်းမေးမြန်းခဲ့သည်။ ကိုထူးက ကျွန်တော်မေးသည်ကို ရုတ်ခြည်းမဖြေသေးဘဲ ငိုင်နေသည်။ စိတ်မကောင်းသည့် မျက်နှာဖြင့် ကျွန်တော့်ကို ကြည့်ပြီး . . .

"မင်းအစ်ကိုကြီး သေခါနီးပြောသွားတဲ့ စကားက သူ သိပ်ချစ်ခဲ့တဲ့ မြယာကို ပြောတာ ညီလေး"

ကျွန်တော် အံ့ဩသွားမိသည်။ အစ်ကိုကြီးက လူပျိုအရွယ်ရောက်ရှိသော်လည်း ရွာတွင် ရည်းစားထားရှိခဲ့သည်ကို ကျွန်တော် လုံးဝ မသိခဲ့ခြင်းပင်။ အစ်ကိုကြီး သေဆုံးခါနီးမှ သိခွင့်ရခဲ့ခြင်းဖြစ်သည်။

"မင်းအစ်ကိုကြီးက သူ့ဘဝမှာ မြယာတစ်ယောက်က လွဲလို့ ဘယ်မိန်းမသားမှ သူ့နှလုံးသားထဲမှာ မရှိဘူး"

"ဒါဆို မြယာကို ကျွန်တော်တွေ့ချင်တယ် အစ်ကိုထူး။ မြယာက ဘယ်ရွာကလဲ"

မြယာ၏ ဇစ်မြစ်ကို ကျွန်တော် မမေးလို့ မဖြစ်။ ကျွန်တော်တို့ ရွာရှိ မိန်းကလေးများထဲတွင် မြယာဆိုသည့် နာမည်မရှိ။ ရွာနီးချုပ်စပ်တွင် မြယာ ရှိနိုင်သည့် ရွာကို မျှော်လင့်ချက်ဖြင့် မေးမိခြင်းဖြစ်သည်။

"ညီလေး . . . မြယာကို တွေ့ချင်ပေမယ့် တွေ့ခွင့်ရမှာမဟုတ်ဘူး။ မြယာ ဘယ်ရွာမှာ နေတယ်ဆိုတာ အစ်ကိုလည်း တိတိပပ မသိရဘူး။ မင်းအစ်ကိုကြီးနဲ့ မြယာ ချောင်းရိုးလေးဘေးမှာ အမြဲတမ်း ဆုံတွေ့နေကျကွ။ မင်းအစ်ကိုကြီးကိုတော့ မေးကြည့်တော့ သူနဲ့ မြယာအဖြစ်အပျက်ကို ဘယ်သူ့မှ မပြောဖို့ အစ်ကို့ကို ကတိစကား အတန်တန်တောင်းခဲ့လို့ အစ်ကို ရင်ထဲ နှုတ်ပိတ်နေခဲ့ရတာ။ ခု မင်းအစ်ကိုကြီး မရှိလို့ အစ်ကို ဖွင့်ပြောရတာ"

ကိုထူးစကားကြောင့် ကျွန်တော် အစ်ကိုကြီးအဖြစ်ကို ပို၍ စိတ်ဝင်စားသွားမိသည်။ အစ်ကိုကြီး သိပ်ချစ်ခဲ့သည့် မြယာနှင့် ဘဝချင်းဆုံတွေ့ခွင့် မရှိခဲ့သည့်အဖြစ်ပင်။ ခုတော့ ထူးထူးခြားခြား ကျွန်တော် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပြီး အိပ်မက်မက်နေစဉ် ကျွန်တော့်အိပ်ရာဘေးတွင် ရောက်လာတတ်သည့် မြွေကြီး။

သည်မြွေကြီးက ကျွန်တော့်ကို အသက်အန္တရာယ်မပေးဘဲ ဘာကြောင့် ရောက်လာတာလဲ။ ကျွန်တော် မြွေကြီးအဖြစ်ကို တွေးလို့ မရနိုင်ဘဲ ဖြစ်နေမိသည်။

"ခင်နှင်း . . . ဒီတစ်ခါ မြွေကြီးလာ

"သာမောင်က လူ့ဘဝမှာ သက်တမ်းတိုတိုလေးပဲ နေရတာ နှမြောစရာ။ ကောင်းတယ်ကွာ။ အင်း . . . နောက်ဆုံးတော့ အတိတ်ဘဝ ဝဋ်ကြွေးလို့ပဲ ပြောရမှာပေါ့မောင်မောင်ရာ။ တကယ်တော့ သူသိပ်ချစ်ခဲ့တဲ့ မြယာက လူအစစ်မဟုတ်ခဲ့ရှာဘူး"



www.burmeseclassic.com

www.burmeseclassic.com

တာ တွေ့ရင် အစ်ကိုကို နှိုးပြီး သတိပေး"

"ကျွန်မ သတိမပေးရဲဘူး။ အစ်ကို နိုးသွားရင် မြွေကြီးက အသက်အန္တရာယ်ပေးမှာ။ မြွေကြီးက အစ်ကို့မျက်နှာကို ကြည့်ပြီးမှ အိမ်ပေါ်က ဆင်းသွားတာ။ မြွေကြီး အိမ်အောက်ဆင်းသွားလို့ ကျွန်မ လိုက်ရှာတော့ ပျောက်သွားတယ်"

ကျွန်တော့်ဇနီးသည် ခင်နှင်း၏ စကားသံကြောင့် ကျွန်တော် မြွေကြီးနှင့် ပတ်သက်၍ မယုံနိုင်အောင်ဖြစ်နေမိသည်။ ခက်နေသည်က ကျွန်တော် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ပြီး အစ်ကိုကြီးကို အိပ်မက်မက်နေသည်နှင့် တိုက်တိုက်ဆိုင်ဆိုင် မြွေကြီးလာနေခြင်းဖြစ်သည်။

ကျွန်တော် မက်နေသည့် အိပ်မက်နှင့် မြွေကြီးက ပတ်သက်နေပြီလား။

ကျွန်တော် အတွေးနှင့်အတူ ခြံဝန်းအတွင်းသို့ဆင်းပြီး မြွေကြီး အိမ်ပေါ်သို့ တက်လာနိုင်သည့် နေရာများကို စေ့စေ့စပ်စပ်ရှာဖွေကြည့်မိသည်။ ကျွန်တော်နေသည့်အိမ်က သစ်သားအိမ်ဖြစ်၍ မြွေကြီး ရုတ်တရက် အိမ်ပေါ်သို့ တက်လာနိုင်ဖို့ မလွယ်။

ဒါဆို သည်မြွေကြီးက ဘယ်က လာတာလဲ။ ကျွန်တော် လက်တွေ့မျက်တွေ့ မမြင်ဘူးသေးသည့် မြွေကြီးအဖြစ်ကို တွေးလို့မရအောင်ဖြစ်သွားမိသည်။ ကျွန်တော်နှင့် မြွေကြီး ဘယ်ဘဝက ရေစက်ပါခဲ့၍ ဆုံစည်းနေတာလဲ။

ထိုမှစ၍ ကျွန်တော် ညစဉ်ညတိုင်း အိပ်ရာဝင်ရမှာ အလိုလိုကြောက်ရွံ့နေမိသည်။

◈◈◈



ကျွန်တော် အိပ်ပျော်နေစဉ် လာတတ်သည့် မြွေကြီး၊ အိမ်ပေါ်သို့ ဘယ်လိုနည်းဖြင့် တက်လာသည်ကို အဖြေရှာကြည့်ရန် စိတ်စောနေမိသည်။ ထို့ကြောင့် ကျွန်တော် လက်နှိပ်ဓာတ်မီးနှင့်အတူ တုတ်တစ်ချောင်းကို ဆောင်ထားပြီး အိပ်ရာပေါ်တွင် မှေးနေမိသည်။

ကျွန်တော် မြွေကြီးအလာကို စောင့်စားရင်း အချိန်မည်မျှကြာမြင့်ခဲ့သည် မသိ။ အလိုလိုငိုက်မြည်းလာ၍ စိတ်အားတင်းပြီး စောင့်စားနေစဉ် ကျွန်တော့်နားထဲတွင် ထူးခြားစွာ ကြားလိုက်ရသည့် မြွေတွန်သံ။ မြွေတွန်သံနှင့်အတူ ကျွန်တော် မြှန်းစားကြီးတွေ့မြင်လိုက်ရသည်က ပါးပြင်းကြီးထောင်ပြီး ယိမ်းနွဲ့လှုပ်ရှားနေသည့် မြွေကြီး။

ကျွန်တော် မြွေကြီးကို တွေ့လိုက်ရ၍ အော်ဟစ်ရန် ကြိုးစားမိသော်လည်း မရပါ။ ကျွန်တော် ဆွံ့အသွားသလို အသံမထွက်နိုင်တော့။ မြွေကြီးကို မင်တက်မိစွာ ကြည့်မိရင်း ကျွန်တော့်တစ်ကိုယ်လုံး ဇောချွေးများပြန်နေသည်။

"ညီလေး…အစ်ကိုကြီး လာတာလေ"၊

ရုတ်တရက် ကျွန်တော့်နားထဲတွင် ကြားလိုက်ရသည့် အသံက အစ်ကိုကြီးအသံပင်ဖြစ်သည်။ ကျွန်တော်ကြားလိုက်ရသည့် အစ်ကိုကြီးအသံကို အခန်းတစ်ခုလုံး ရှာဖွေကြည့်မိသည်။ အစ်ကိုကြီးကို မတွေ့ရဘဲ ယိမ်းနွဲ့ လှုပ်ရှားနေသည့် မြွေကြီးကိုသာ တွေ့မြင်နေရခြင်းဖြစ်သည်။

"ညီလေး…ကြောက်နေပြီလား။ မကြောက်ပါနဲ့ ညီလေးရာ။ အစ်ကိုကြီး မြယာဆီကို သွားတော့မှာလေ။ ညီလေး သိအောင် အစ်ကိုကြီး လာနှုတ်ဆက်တာ"

အစ်ကိုကြီး၏ စကားသံနှင့်အတူ ချောမောလှပသည့် မိန်းမတစ်ယောက်ကို မြှန်းစားကြီး တွေ့လိုက်ရသည်။ ကျွန်တော် ကြည့်ရင်း မယုံနိုင်အောင်ဖြစ်သွားမိသည်။ မြွေကြီးသည် တဖြည်းဖြည်း ကျွန်တော့်အနားသို့ တိုးကပ်လာပြီး ရုတ်တရက် ရစ်ပတ်လိုက်၍ ကျွန်တော် ကြောက်လန့်တကြားအော်လိုက်သံက ဟိန်းသွားလေသည်။

◈◈◈

"မင်း ကြုံတွေ့ခဲ့ရတဲ့အတိုင်းဆိုအတော့်ကို ထူးဆန်းတယ်လို့ ပြောရမှာပဲ။ မောင်မောင်…မင်းအစ်ကိုကြီးက မင်းကို သိပ်ချစ်လို့ သေတာတောင် စိတ်စွဲလမ်းနေတုန်းနဲ့ တူတယ်"

ကိုဘမောင် စကားသံနှင့်အတူ ကျွန်တော် အစ်ကိုကြီးမျက်နှာကို ကွက်ခနဲ မြင်ယောင်သွားမိသည်။ အစ်ကိုကြီးက ကျွန်တော့်ကို ငယ်စဉ်ကတည်းက ချီပိုး ထိန်းကျောင်းပြီး ကျွန်တော်ပညာတတ်သည်အထိ ပြုစုပျိုးထောင်ပေးခဲ့သည့်အဖြစ်များကို မမေ့နိုင်စရာပြပါ ကျွန်တော်ပူတောသမျှကို ဖြည့်ဆည်းပေးခဲ့သည့်အဖြစ်များက မမေ့နိုင်စရာပင်။

www.burmeseclassic.com

www.burmeseclassic.com

"သာမောင်က လူ့ဘဝမှာ သက်တမ်းတိုတိုလေးပဲ နေရတာ နှမြောစရာ။ ကောင်းတယ်ကွာ။ အင်း··· နောက်ဆုံးတော့ အတိတ်ဘဝ ဝဋ်ကြွေးလို့ပဲ ပြောရမှာပေါ့ မောင်မောင်ရာ။ တကယ်တော့ သူ သိပ်ချစ်ခဲ့တဲ့ မြယာက လူအစစ်မဟုတ်ခဲ့ရှာဘူး"

"ဗျာ···အစ်ကိုကြီးချစ်သူ မြယာက···"

"ဒီစကားကို ကြားလိုက်ရတော့ သိပ်အံ့သြသွားပြီလား မောင်မောင်။ မြယာက အမှန်တော့ ရွှေမြယာသိုက်ကလေး။ မင်းအစ်ကိုကြီးနဲ့ တွေ့ခုံ ချစ်ကြိုက်ပြီး ဘဝချင်း လက်တွဲရအောင် ခေါ်သွားတာပဲဖြစ်မယ်"

ကိုဘမောင် စကားကြားမှ အစ်ကိုကြီး သေအံ့မူးမူးအချိန်တွင် ကျွန်တော့်ကို မှတ်မှတ်ရရ ပြောပြခဲ့သည့် "သူခေါ်သွားတာ"ဟူသော စကားက သူချစ်သူ မြယာကို ဆိုလိုသည့် အဖြစ်ကို ကျွန်တော် သဘောပေါက်သွားမိသည်။ ကျွန်တော် အစ်ကိုကြီး အဖြစ်ကို ပြန်တွေးမိရင်း ခွေးမြည့်စွာ ခံစားနေမိသည်။

"မင်းအစ်ကိုကြီးအတွက် စိတ်မကောင်းဖြစ်မနေပါနဲ့ မောင်မောင်ရယ်။ သုံးဆယ့်တစ်ဘုံကျင်လည်နေကြရတဲ့ လူသားတွေပဲ မဟုတ်လား။ ဘဝကံကြမ္မာဝင့်ကြွေးရှိရင် ပေးဆပ်နေကြရမှာ။ တရားနဲ့သာ ဖြေလိုက်ပါတော့ မောင်မောင်ရယ်"

ကိုဘမောင် စကားသံနှင့်အတူ ကျွန်တော် အစ်ကိုကြီးအဖြစ်ကို စဉ်းစားမရနိုင်အောင် ဖြစ်နေမိသည်။ အစ်ကိုကြီး တကယ်ပဲ သူ့ချစ်သူ မြယာခေါ်ဆောင်ရာနောက်သို့ ဘဝချင်း ဆုံတွေ့ရန် လိုက်ပါသွားပြီလား။ ဒါမှမဟုတ် ကျွန်တော့်အိပ်ရာဘေးတွင် လာနေတတ်သည့် မြွေကြီးက အစ်ကိုကြီးလား။

ကျွန်တော် ဝေခွဲဆုံးဖြတ်၍ မရနိုင်ဘဲ ရှိနေခဲ့ဖြစ်သည်။ သို့တိုင် ကျွန်တော့်ကို အိပ်မက်ပေးပြီး အစ်ကိုကြီး နှုတ်ဆက် ထွက်သွားသည့် နောက်ညတွင် မှတ်မှတ်ရရ အိမ်ရှေ့ဘက်ဆီမှ ရှုးရှုးရှရှ ကြားလိုက်ရသည့် မြွေတွန်သံများပင် ဖြစ်သည်။ ထိုမြွေတွန်သံများက အစ်ကိုကြီး ကျွန်တော့်ကို နောက်ဆုံး နှုတ်ဆက်ခြင်းဟူ၍ မှတ်ယူလိုက်မိလေတော့သည်။■

ဇလွန်ကျော်ဦး

*****


## ★ ဘဝတူ အမျိုးသမီးတို့၏ အချစ်ရေး ၊ အိမ်ထောင်ရေးကိစ္စ ★

❀ အဆင်မပြေဖြစ်နေတဲ့ အချစ်ရေး အမြန်ဆုံး ပြန်လည်အဆင်ပြေစေဖို့၊ ❀ အဆက်အသွယ်ပြတ်နေသော (သို့မဟုတ်) အဆက်အသွယ်ဖြတ်သွားသော ချစ်သူက မိမိထံကို အဆက်အသွယ် အမြန်ဆုံး ပြန်လုပ်စေဖို့၊ ❀ ချစ်သူနဲ့ အဆက်အသွယ် အမြန်ဆုံး ပြန်ရဖို့၊ ❀ ချစ်သူက မိမိတစ်ဦးတည်းကိုသာ ချစ်ခင်စွဲလမ်း သစ္စာရှိနေစေဖို့၊ ❀ မိမိနဲ့ ချစ်သူကို နှစ်ဖက်မိဘဆွေမျိုးများက အမြန်ဆုံး သဘောတူ ကြည်ဖြူ လက်ခံလာစေဖို့၊ ❀ ချစ်သူနဲ့ အမြန်ဆုံး လက်ထပ်ပေါင်းသင်းရဖို့၊ ❀ ပြည်တွင်းအဝေးမှာ (သို့မဟုတ်) ပြည်ပ နိုင်ငံခြားမှာ သွားရောက်လက်ထပ်ပေါင်းသင်းဖို့၊ ❀ ပြည်တွင်းအဝေးမှာ (သို့မဟုတ်) ပြည်ပ နိုင်ငံခြားမှာ သွားရောက် လုပ်ကိုင်နေသော ချစ်သူ အမြန်ဆုံး ပြန်လာစေဖို့ ။ **(အရေးကြီးရင် အမြန်လာခဲ့ပါ)**

● အိမ်ထောင်ရေး ရှုပ်ထွေး ဖောက်ပြန်နေသူနဲ့ မကြည့်ချင်လောက်အောင် အမြန်ဆုံး မုန်းတီးပြတ်စဲ အဆက်အသွယ်ပြတ်သွားစေဖို့ ● နောက်ကွယ်မှာ ခြေမများ အမြန်ဆုံး ခြေငြိမ် အိမ်မြဲစေဖို့ ● မိမိပြောစကား သူ့အပေါ် အောင်မြင်ပြီး သူ့ရှာဖွေထားသမျှ ငွေကြေးဥစ္စာပစ္စည်းများ မိမိထံ အရောက်ပြန်အပ်နှံစေဖို့ ● တကျက်ကျက် ရန်မဖြစ်ရတော့ဘဲ အိမ်ထောင်ရေးအဆင်ပြေလာပျော်ရွှင်စေဖို့...

### ဆရာမ ဒေါ်နှင်းသူဇာဦး (အမျိုးသမီးသီးသန့်)

(လက္ခဏာဗေဒင် ယတြာအစီအရင်)

တိုက် (၄၀)၊ A-2 ၊ ပထမထပ်၊ မဟာမြိုင်အိမ်ရာ၊ ဦးဝိစာရလမ်း၊ ၄၁-ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။
ဖုန်း - ၀၉ ၅၀ ၉၁၈၉၁၊ ၀၉ ၇၃၁ ၄၇၀၂၄၊ ၀၉ ၂၅၈ ၇၇၃၆၁၆




www.burmeseclassic.com

www.burmeseclassic.com

# နဂါးအရိုးပေါ်မှာ ရေးတဲ့စာ

(သို့မဟုတ်)

# နိမိတ်ဟောအရေးအသား

ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ရှေး-သု)

မတွေ့တာ ကြာပြီဖြစ်တဲ့ ကိုမြင့်ကိုကိုနဲ့ မကြူတို့အိမ်ကို သွားလည်ပတ်ရင်း၊ သူတို့ရဲ့ လီမှာပြီး စာတော်လှတဲ့ ငါးဘာသာဂုဏ်ထူးရှင် သမီးလေး "နွဲ့သွေးကို"ဟာ နိုင်ငံခြားဘာသာတက္ကသိုလ်ကနေ တရုတ်ဘာသာနဲ့ ဘွဲ့ရသွားတာ သိလိုက်ရပါတယ်။ "သမီးတို့ဘာသာရပ်မှာ ဘယ်စာတွေ သင်ရသတုန်း"လို့ စပ်စုကြည့်တော့ သင်ရိုးညွှန်းတမ်း စာအုပ်အချို့ကို နွဲ့သွေးကိုက ရှာပြတယ်။

အဲဒီထဲမှာ အရိုး(bone)နဲ့ လိပ်ခွံ (Tortoise shell) တွေပေါ်မှာ ရေးထိုးထားတဲ့ ရှေးဟောင်း တရုတ်စာပေအရေးအသား(Ancient inscription)တွေနဲ့ ဆိုင်တဲ့ မှတ်တမ်းမှတ်ရာတွေ၊ တရုတ်သမိုင်းစာအုပ်တွေမှာ ရှိတဲ့အကြောင်း ဖတ်လိုက်ရတယ်။ စိတ်ဝင်စားတာနဲ့ သူ့စာအုပ်ထဲက စာမျက်နှာအချို့ကို အသင့်ပါလာတဲ့ ကင်မရာနဲ့ ဓာတ်ပုံရိုက်ယူလိုက်ပါတယ်။



## နဂါးအရိုးနဲ့ ဖော်စပ်တဲ့ တရုတ်တိုင်းရင်းဆေး

၁၈၉၉ ခုနှစ်မှာ၊ တရုတ်နိုင်ငံ၊ ဘီဂျင်း(ယခင် ပီကင်း) မြို့တော်က ထင်ရှားကျော်ကြားတဲ့ ဘာသာစကားဖြစ်ပေါ်လာပုံ လေ့လာသူ ပညာရှင် ဝေါဟာရဗေဒဆရာကြီး (Philologist)နဲ့ ရှေးဟောင်း သုတေသနပညာရှင် (Archaeologist)ဖြစ်တဲ့ ဝန်ရီရုံ (Wang Yirong)ဟာ နေထိုင်မကောင်းဖြစ်သွားပါတယ်။ ဆေးကုသရင်း တရုတ်ရိုးရာတိုင်းရင်းဆေးဆရာတစ်ယောက်က သူ့အတွက် ဆေးဖော်စပ်ဖို့ ရေးပေးတဲ့ ဆေးစာမှာ နဂါးအရိုး(dragon bone ဆိုတာ တစ်ခုပါလာတယ်။ နဂါးအရိုးဆိုတာကတော့ ရှေး တိရစ္ဆာန်တွေရဲ့ အရိုးနဲ့ အခွံတွေရဲ့ အပိုင်းအစတွေ ဖြ တယ်။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီ အရိုးနဲ့ အခွံအပိုင်းအစတွေအပေါ်မှာတော့ သူဟာ ရေးခြစ်ထားတဲ့ ပုံလေးအချို့ကို တွေ့မြင် သတိပြုမိသွားတယ်။ ဒီရေးခြစ်ထားတာလေးတွေဟာ ရှေးခေတ်က အရေးအသားတွေနဲ့ အတော်တူနေတာလည်း သတိထားမိတယ်။ သိချင်စိတ်တွေ ပြင်းပြလာတော့ စူးစမ်းလိုစိတ်က သူ့ကို အတွေးတွေ ပွားစေခဲ့ပေါ့။

တူးဖော်ရရှိလာတဲ့ မြေအောက်မှာ နှစ်မြှုပ်နေတဲ့ ဒီတိရစ္ဆာန်အရိုးတွေ၊ အခွံတွေမှာ ဘယ်လိုလုပ်ပြီး ဒီလို ဒီဇိုင်းပုံတွေ ရှိနေရတာလဲ။ ဒီလို ရေးခြစ်ထားတဲ့ပုံတွေက ဘာအဓိပ္ပာယ်တွေကို ဆောင်နေပါသလဲလို့ ဝန်ရီရုံ ထပ်တလဲလဲ တွေးနေမိရဲ့။

ဆေးဖက်ဝင် သဘာဝအရွက်၊ အခေါက်၊ အရိုးတွေ ရောင်းတဲ့ အဲဒီ တိုင်းရင်းဆေးဆိုင်မှာ မေးမြန်းစုံစမ်းတော့ ဒီရှေးဟောင်း သတ္တဝါတွေရဲ့ အရိုးနဲ့ အခွံတွေကို ဟီနန် (Henan)ကနေ ဝယ်ခဲ့ရတာယ်ဆိုတာ ဝန်ရီရုံ သိလိုက်ရပါတယ်။



အဲဒီနောက် သူဟာ ဒီအပိုင်းအစတွေ ဆိုင်ကို လာသွင်းတဲ့ ကုန်သည်တွေနဲ့ အဆက်အသွယ်ယူပြီး အတော်အတန်များတဲ့ တန်ဖိုးနဲ့ ဈေးကောင်းကောင်းပေးကာ ရေးခြစ်ထားတဲ့ပုံတွေ၊ ဒီဇိုင်းတွေပါတဲ့ တိရစ္ဆာန်အရိုးနဲ့ အခွံတွေ အားလုံးကို သူ သိမ်းကျုံးဝယ်ယူထားလိုက်ပါတော့တယ်။ အဲဒါတွေကို အသေအချာ အပြန်ပြန်အလှန်လှန် လေ့လာစစ်ဆေးကြည့်ပြီးတဲ့ နောက်ဆုံးမှာတော့ ဝန်ဟာ ကောက်ချက်တစ်ခုကို အခိုင်အမာချနိုင်လိုက်ပါတယ်။ ဟုတ်တယ်၊ သေချာတယ်၊ ဒါတွေဟာ တကယ်မှာတော့ တရုတ် ရှေးဟောင်းအရေးအသား (Ancient Chinese script) ပုံသဏ္ဌာန်တစ်မျိုးပါပဲ။

ဒီတွေ့ရှိမှုဟာ ပညာရှင်တွေအကြားမှာ အလွန်တရာကြီးမားတဲ့ စိတ်ဝင်စားမှုနဲ့ အာရုံစိုက်မှုတွေ ဖြစ်ပေါ်လာအောင် နှိုးဆွလိုက်ပါတော့တယ်။

အဲဒီနောက် သူတို့ဟာ ရေးခြစ်ထားတဲ့ အခွံနဲ့ အရိုး အရေအတွက်အများအပြားကို ဟီနန်ပြည်နယ်၊ အန်ယန်း (Anyang County) စီရင်စုက (Xiao Tun)ဆိုတဲ့ ရွာတစ်ရွာမှာ တွေ့ရှိကြပြန်ပါတယ်။ ဒီရွာဟာ ၁၆၀၀ ဘီစီကနေ ၁၁၀၀ ဘီစီခန့် (circa 1600 to 1100 B.C.)က ရှန်မင်းဆက်နှောင်းပိုင်း (The Late Shang Dynasty)ရဲ့ ပြည်နယ်မြို့တော်ဖြစ်ခဲ့ပါတယ်။

တရုတ်ဘိုးဘွားဘီဘင်တွေဟာ ဒီလို အက္ခရာစာလုံးတွေကို လိပ်ခွံ (Tortoise shell)တွေပေါ်မှာသာ မဟုတ်ဘဲ၊ နွားရိုးနဲ့ သမင်ရဲ့ အရိုးတွေပေါ်မှာလည်း ရေးထိုးခဲ့ကြပါသေးတယ်။ ရှန်မင်းဆက်မှာကတည်းက ဒီလို စာပေအရေးအသား ပုံသဏ္ဌာန်တစ်ခုဟာ ပျံ့နှံ့ ထင်ရှားနေပါပြီ။

## ဂမ္ဘီရနည်းသုံးတဲ့ တရုတ်ဘိုးဘွားမိဘများ

အဲဒီအချိန်တုန်းက တရုတ်လူမျိုးတွေဟာ အလွန်အယူသည်းကြတယ်။ လူ့လောကမှာရှိတဲ့ အရာအားလုံးကို ကောင်းကင်ဘုံမှာ ရှိတဲ့ နတ်ဘုရားက ကြိုတင် ပြဋ္ဌာန်းသတ်မှတ်ပေးထားတယ်လို့ ယုံကြည်ကြတယ်။ သူတို့ ဘာတွေပဲလုပ်မယ်ဆိုဆို ပထမဆုံးတော့ သူတို့ရဲ့ နတ်ဘုရားတွေနဲ့ ဝိညာဉ်တွေက ပေးမယ့် အကြံဉာဏ်ကို မေးကြည့်ရမယ်။ စစ်ပွဲတစ်ခုမှာ သူတို့ အောင်နိုင်မလား၊ ရှုံးနိမ့်မလား။ သူတို့ အမဲလိုက်ဖို့ ခရီးထွက်တဲ့အခါ ထိုက်တိုက်တန်တန် အကျိုးရှိ့မရှိ၊ ရာသီဥတုကောင်း, မကောင်း။ လူတစ်ယောက်ရဲ့ ဘဝအခြေအနေအမျိုးမျိုးမှာ ကောင်းမလား။


www.burmeseclassic.com

www.burmeseclassic.com

ဆိုမလားဆိုတာတွေကို သင်္ကေတတွေနဲ့ ပြပြီး ကြိုတင်ဟောကိန်းထုတ်နိုင်တယ်လို့ သူတို့ ယုံကြည်ထားကြတဲ့အတိုင်း အဲဒီလို မေးကြည့်နိုင်ဖို့ ဂမ္ဘီရ ဉာဏ်ဝင်စားမှုတွေ လုပ်ကြတယ်။

ဘိုးဘွားမိဘတွေ လုပ်ပုံကိုင်ပုံကတော့ ခုလိုပဲ ဖြစ်တယ်။ သူတို့ဟာ ပထမဆုံး ချောပြောင်အောင် ပွတ်တိုက်ပြီး ပြုပြင်ယူထားတဲ့ လိပ်ခွံပေါ်မှာ အပေါက်ငယ်ကလေး တစ်ပေါက်ဖောက်လိုက်တယ်။ ဒါမှမဟုတ် အဲဒီပေါ်မှာ ခံရိုးရိုးအချိုင့်လေးလုပ်လိုက်တယ်။ အဲဒီနောက် သူတို့ဟာ အပေါက် (သို့မဟုတ်) အချိုင့်လေးပေါ်မှာ မီးကို ဖိုးယူလိုက်တယ်။ ဒီလိုလုပ်လိုက်တာနဲ့ အခွံဟာ အကြိမ်အနည်းငယ်မျှ ဖောက်ခနဲ ဖောက်ခနဲမြည်ကာ ကွဲအက်သွားပြီး အခွံပေါ်မှာ အက်ကြောင်းတွေ ပေါ်လာတော့တယ်။

အဲဒီနောက် ဘိုးဘွားဘိဘင်တွေဟာ အက်ကြောင်းတွေရဲ့ ပုံသဏ္ဌာန်ပေါ်မှာ အခြေပြုပြီး ကြိုတင်ဟောကိန်းတွေ ထုတ်ကြ၊ တစ်စုံတစ်ခုကို လုပ်သင့်၊ မလုပ်သင့် ဆုံးဖြတ်ချက်တွေ ချကြပါတယ်။ ပြီးနောက်မှာတော့ အဲဒါတွေ အားလုံးကို လိပ်ခွံ၊ ဒါမှမဟုတ် အရိုးအပိုင်းအစတွေပေါ်မှာ မှတ်တမ်းတင်ထားလိုက်ကြတယ်။ နောက်တစ်မျိုးပြောရရင်တော့ ဒီအရေးအသားတွေဟာ နတ်ဆရာက အတိတ်ကောက်ပြီး ဟောပြောတာတွေကို ရေးသားထားတဲ့ နိမိတ်ဟောအရေးအသား(oracular writing)အမျိုးအစား တစ်ခုပါပဲ။

## နတ်ဆရာရဲ့ အတိတ်ကောက် နိမိတ်ဟောများ

ထို့အတူပဲ ဒီအခွံနဲ့ အရိုးတွေကို နတ်ဝင်သည်အဟောတွေ ရေးမှတ်ဖို့သာမက၊ အဲဒီအချိန်ကာလတွေမှာ ဖြစ်ပျက်ခဲ့တဲ့ အထင်ကရ ခေတ်အခြေအနေတွေကို မှတ်တမ်းတင်ဖို့အတွက်လည်း သုံးပါသေးတယ်။ စစ်သုံ့ပန်း ဘယ်နှယောက် ဖမ်းဆီးလာတယ်၊ အမဲလိုက် ထွက်ရာမှာ ဘာတွေ ရလာတယ်၊ ရေကြီးခဲ့တဲ့ ရက်စွဲတွေ၊ လက်အောက်ခံ မင်းသားတွေက ဆက်သလာတဲ့ လက်ဆောင်ပဏ္ဏာတွေက ဘာတွေဆိုတာမျိုးတွေကိုလည်း မှတ်သားထားတတ်ကြပါတယ်။

## တရုတ်စာပေအရေးအသားရဲ့ အဆင့်ဆင့်တိုးတက်ပြောင်းလဲလာပုံ

ဒီနေ့အထိ ရှေးဟောင်း အရေးအသားတွေ ရှာဖွေတွေ့ရှိခဲ့သမျှမှာ အက္ခရာစာလုံးပေါင်း (၃၅၀၀)လောက် ပါဝင်ပြီး ၁၇၀၀ လောက်ကို အနက်အဓိပ္ပာယ်ခွဲခြား ဖော်ထုတ်ပြနိုင်ခဲ့ပါတယ်။ ဖော်ပြထားတဲ့ အက္ခရာတွေကနေ တွေ့မြင် သိရှိရလိုက်တာကတော့ တရုတ်စာပေအရေးအသားရဲ့ အဆင့်ဆင့်တိုးတက်ပြောင်းလဲလာပုံ စိတ်ကူးစိတ်သန်းတွေပါပဲ။ အဲဒီ ရေးခြစ်ဖော်ပြထားတဲ့ အရုပ်(figure)နဲ့ သင်္ကေတ(sign)တွေဟာ ယနေ့ခေတ် တရုတ်စာလုံးတွေရဲ့ အခြေခံတည်ဆောက်ပုံ စရိုက်လက္ခဏာအချို့ကိုတောင် ဆောင်ထားနှင့်ပြီးဖြစ်နေတာ တွေ့ရပါတယ်။ အဲဒါကြောင့် ဒီနေ့ တရုတ်အက္ခရာစာလုံးတွေဟာ အဲဒီ ရှေးကျလှတဲ့အချိန်က အရုပ်တွေနဲ့ သင်္ကေတတွေကနေ ဆင်းသက်လာတယ်လို့ ယုံကြည်ရပါတော့တယ်။

ဘာပဲဖြစ်ဖြစ် ရှေးဟောင်း အရိုးနဲ့ အခွံတွေပေါ်မှာ ရေးသားထားတဲ့ အက္ခရာစာလုံးတွေဟာ ရုပ်ပုံပြ(pictographic)နဲ့ အရုပ်ပြ(iconic)တွေ ဖြစ်သော်ငြားလည်း ရှေးဦးကျလှတဲ့ အကြမ်းစားအရုပ်တွေ၊ သင်္ကေတတွေအဆင့်ထက်တော့ ကျော်လွန်နှင့်ခဲ့ပြီဖြစ်ကြောင်း တွေ့ရပါတယ်။

## မြည်သံစွဲ ရုပ်ပုံပြ

အဲဒီ အက္ခရာစာလုံးတွေမှာ တစ်စုံတစ်ခုရဲ့ မူရင်းစရိုက်လက္ခဏာကို ကိုယ်စားပြု တင်ပြတဲ့ အလုပ်တာဝန်တွေ ရှိနေခဲ့ပြီး လူတွေကို ရုတ်တရက် ကြည့်ရုံအမြင်မှာ ဘာဆိုတာ ညွှန်းဆိုဖော်ပြနိုင်စွမ်းလည်း ရှိနေပါတယ်။ ဥပမာအားဖြင့် စက်ဝိုင်းလေးရဲ့ အလယ်မှာ အစက်ကလေးပါတဲ့ အရုပ်ဟာ အင်္ဂလိပ်လို "နေ"လို့ အဓိပ္ပာယ်ရတဲ့ တရုတ်စကားလုံးအတွက် ရုပ်တည်နေတာပါ။ ဒေါက်ကလေး နှစ်ခုထောက်ထားသလို အရုပ်ကတော့ အင်္ဂလိပ်လို လူလို့ အနက်ထွက်ပြီး အင်္ဂလိပ်အက္ခရာ "ဗိုင်" ကို ပြောင်းပြန်ထောင်ထားတဲ့ တရုတ်စာနဲ့ တူပါတယ်။ အဲဒီနည်းအတိုင်းပဲ လှိုင်းတွန့်လေး သုံးခုထောင်ထားသလို အရုပ်ကတော့ ရေ၊ လွှသွားအချွန်လေး သုံးခုထောင်နေတဲ့ပုံကတော့ တောင်နဲ့ အင်္ဂလိပ်စာလုံး "ဗိုင်"ကို အလယ်က ကန့်လန့်ဖြတ် မျဉ်းတိုလေးနဲ့ အရုပ်ကတော့ သို့ပါ။ အင်္ဂလိပ်စာလုံး "ဆိုး" ရဲ့ အလယ်ကနေ ညာဘက်ကို မျဉ်းတိုလေး အောက်စိုက်ဆွဲထားတဲ့ တရုတ်အက္ခရာနဲ့ တူတဲ့ ရှေးဟောင်းအရုပ်ကတော့ မြည်သံစွဲ(onoma-topoeic)နဲ့ ရုပ်ပုံပြအောင် နှစ်ခုလုံး ဆောင်နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

မြည်သံစွဲအနေနဲ့ အခွံပေါ်ကိုမီးတင်လိုက်တဲ့အခါ အက်ခနဲ မြည်လိုက်သံ ထွက်လာတာကို ခံစားရနိုင်ပြီး ချပ်ပုံပြအနေနဲ့တော့ အခွံပေါ်ကို မီးတို့လိုက်တော့ အက်ကွဲသွားပုံတွေနဲ့ တူနေပါတယ်။ ရှေးဟောင်းက ရေးခြစ်ထားတဲ့ အရုပ်စာတွေမှာ ဆင်တူ စာလုံးနှစ်ခုကို အတူတကွ အပြိုင် ရေးထားနှာမျိုးတွေလည်း ရှိနှင့်နေတာ တွေ့ရပါတယ်။ ဥပမာ- အင်္ဂလိပ်စာလုံး "ဝိုင်"နှစ်ခုကို ပြောင်းပြန်ထောင်ပြီး ယှဉ်ရေးထားတဲ့ ယနေ့ခေတ် တရုတ်စာလုံးမျိုးပေါ့။ အဲဒါ ဟာ နောက်က လိုက်လာတယ်ဆိုတဲ့ အနက်ထွက်ပါတယ်။ လူနှစ်ယောက် တစ်ဦးနောက်က တစ်ဦးကပ်ပြီး လျှောက် လိုက်လာတဲ့ ရုပ်ပုံမျိုးဖြစ်ပါတယ်။ လူတွေကို ကာကွယ်တဲ့ သစ်နက်လို့ စုပေါင်းပြီး အဓိပ္ပာယ်ထွက်တဲ့ ယနေ့ခေတ် တရုတ်စာလုံးမျိုးကိုလည်း ရှေးဟောင်း အရေးအသားမှာ တွေ့ရှိရပါတယ်။ အဲဒါကိုတော့ လေးထောင့်စပ်စပ် ဘောင် ခတ်ထားတဲ့အတွင်းမှာ လူရပ်နေပုံနဲ့ ဆင်ဆင်တူတဲ့ အရုပ် နဲ့ ဖော်ပြရေးသားထားလေရဲ့။

အလားတူပဲ၊ ရှေးဟောင်း ရေးခြစ်ချက်တွေမှာ အရုပ် ပြ စာလုံးတွေကို တစ်ခုထက်ပိုတဲ့ အရေအတွက်နဲ့ ပေါင်းရေးထားတာတွေလည်း ရှိနေပါတယ်။ အရုပ်နှစ်ခု ပေါင်းထားတဲ့ စာလုံးတွေမှာ တစ်လုံးက အနက်အဓိပ္ပာယ် ထွက်ဖြစ်ပြီး တစ်လုံးက အသံထွက်ကို ပြဆိုပါတယ်။ ဒီနည်းနဲ့ စကားလုံးအသစ်အသစ်တွေကို ဖန်တီးလာ ခြင်း တရုတ်စာလုံးတွေဟာ များပြားသထက် များပြားလာ သလို တရုတ်စာပေဟာလည်း ဝေါဟာရတွေ ကြွယ်ဝ သထက်လည်း ကြွယ်ဝလာခဲ့ပါတော့တယ်။

## အရိုးစာများက ပြောတဲ့ တရုတ်သမိုင်း

အတိုချုပ်ပြောရရင်တော့ လိပ်ခွံနဲ့ အရိုးတွေပေါ်မှာ ရေးခြစ်ခဲ့တဲ့ ရှေးဟောင်းအရေးအသားတွေဟာ အချိန် ကာလတစ်ခုရဲ့ လူမှုနိုင်ငံရေး စီးပွားရေးနဲ့ ယဉ်ကျေးမှု တွေကို မှတ်တမ်းတင်ပေးထားနိုင်ခဲ့ပါတယ်။ အဲဒါကြောင့် တရုတ်သမိုင်းရဲ့ ကျေးကျွန် လူ့အဖွဲ့အစည်း(slave society) လို့ သိထားကြတဲ့ အဲဒီအချိန်ကာလတွေကို လေ့လာဖို့ အတွက် ဒီခြစ်ရာမှတ်ရာလေးတွေဟာ အလွန်အလွန်ကို အသုံးဝင်လှတာ တွေ့ရှိနိုင်ပါတယ်။

အရိုးနဲ့ လိပ်ခွံတွေပေါ်မှာ ရေးထိုးထားတဲ့ ရှေးဟောင်း တရုတ်စာပေရဲ့ အရေးအသားတွေအကြောင်း သိရတာ ကတော့ စာရာကောင်းလွန်းလို့ လက်လှမ်းမီသမျှ ဆက်လက် ရှာဖွေလေ့လာမိပါတယ်။

## တရုတ်ကြေးခေတ်နဲ့ တရုတ်စာပေ

တရုတ်ရဲ့ ပထမဆုံး လက်ရေးမှတ်တမ်းတွေ တွေ့ရှိခဲ့ ရတာကတော့ ကြေးခေတ် (The Bronze Age)မှာ ဖြစ်ပြီး သမိုင်းအရ စစ်ဆေးအတည်ပြုထားတာက ရှန်မင်းဆက် (The Shang)(ဘီ-၁၆၀၀-၁၀၄၆ဘီစီ) အပါအဝင်ဖြစ်ပါ တယ်။ ရှန်နဲ့ (Zhou) မင်းဆက်(၁၀၄၆-၂၅၆ဘီစီ) တွေ အတွင်းမှာ ကြေးသွန်း(bronze casting) အနုပညာဟာ မြင့်မားစွာ တိုးတက်လာခဲ့တယ်။ ကြေးကို ကောင်းစွာ သွန်းလုပ်နိုင်ခဲ့ကြပြီး၊ ကြွယ်ဝစွာ တန်ဆာဆင်ထားတဲ့ ကြေးပစ္စည်းတွေမှာ ဟင်းချက်အိုးနဲ့ အသုံးအဆောင်အိုးခွက် တွေ၊ ခေါင်းလောင်းတွေ၊ ဖုံတွေနဲ့ လက်နက်ကိရိယာ (weapons)တွေ ပါဝင်ကြတယ်။ ပုံမှာ ပြထားတဲ့ ပစ္စည်း တွေကတော့ ရှန်မင်းဆက်ခေတ်က ရှေးဟောင်း တရုတ်လူမှု အသိုင်းအဝန်းမှာ အဓိက သုံးစွဲခဲ့တဲ့ လက်နက်တွေပါ။ ပုံရဲ့ အပေါ်ဘက်အလယ်က အသွားပြားနဲ့ ပစ္စည်းကတော့ ယဇ်ပူဇော်ပွဲမှာ လူသား ယဇ်ကောင်တွေကို ခေါင်းဖြတ် သတ်ရာမှာ သုံးတဲ့ (The Yue)ဆိုတဲ့ လက်နက်ဖြစ်ပါတယ်။

ရှန်မင်းဆက်နှောင်းပိုင်းဟာ အန်ယန်း (Anyang) အနီးက ရှန်ခေတ်နှောင်းပိုင်းမြို့တော်နေရာမှာ ပေါ်ထွက်လာ တဲ့ နတ်မေးအရိုး(oracle bones) တွေကြောင့် ထင်ရှား ကျော်ကြားလာခဲ့တယ်။ ရှန်ဘုရင်တွေ ကျင်းပပြုလုပ်လေ့ ရှိခဲ့ကြတဲ့ အုပ်ချုပ်သူ မင်းတွေရဲ့ ကွယ်လွန်သွားတဲ့ ဘိုးဘေး ဘီဘင်တွေရဲ့ တမလွန်ဘုံဘဝကနေ ထောက်ပံ့ ကူညီမှုတွေ ကို ရယူနိုင်မာစေဖို့၊ သူတို့ရဲ့ ကူညီမှုတွေကို တရားဝင် အတည်ဖြစ်အောင်လုပ်ဖို့ ရည်ရွယ်ခဲ့တဲ့ စနစ်ပါ။ အဲဒီမှာ အစဉ်အလာအရ ဂမ္ဘီရဉာဏ်နဲ့ နတ်မေးပြီး အနာဂတ်ကို ဟောပြောခြင်း(divination)နဲ့ ယဇ်ပူဇော်ခြင်း (sacrifice) တွေလည်း ပါပါတယ်။ နတ်မေးပြီး ရလာတဲ့ အဖြေတွေကို တိရစ္ဆာန်အရိုးတွေပေါ်မှာ မှတ်တမ်းတင် ရေးထိုးထားခဲ့ကြ တာပါ။ အဲဒီ နတ်မေးအရိုး(Oracle Bone)တွေပေါ်မှာ ရေးထိုးထားတာတွေဟာ ဘုရင်ရဲ့ ဟောကိန်းထုတ်ချက်တွေ လည်း ဖြစ်တတ်ပါတယ်။ ရေးခြစ်ထားတဲ့ အကြောင်းအရာ တွေမှာ ရာသီဥတုတွေနဲ့ သီးနှံစိုက်ပျိုးရေးကိစ္စတွေလည်း ပါပါတယ်။ ဒီနတ်မေး အရိုးစာတွေကနေ ရှန်မင်းဆက်ရဲ့ နောက်ဆုံး ကိုးပါးဖြစ်တဲ့ (၂၁)ပါးမြောက် ဘုရင်(Wu Ding) ကနေ၊ (၂၉)ပါးမြောက် ဘုရင် (Di Xin)တို့နဲ့ ပတ်သက်နေ


www.burmeseclassic.com

www.burmeseclassic.com

တဲ့ နေ့စဉ် အဖြစ်အပျက်မှတ်တမ်းတွေကို သမိုင်းအတွက် ပံ့ပိုးပေးနိုင်ခဲ့ပါရဲ့။

ဒီအလေ့ဟာ အဲဒွန့်ရှည်စွာ ဖြစ်တည်လာလိုက်တာ ခေတ်သစ်ကြို(premodern) တရုတ်သမိုင်းတစ်လျှောက် ပါပဲ။ အရိုးတွေဟာ လိပ်ဝမ်းပိုင်းအခွံ(turtle plastrons)နဲ့ နွားရဲ့ လက်ပြင်ရိုး(ox scapulae)တွေဖြစ်ပြီး၊ လက်ရေးစာတွေ ရေးထိုးထားတာ တွေ့ရပါတယ်။ ရှန်မင်းဆက်က နတ်မေးအရိုးစာတွေကို ၂၀ရာစုအစောပိုင်းမှာ ရှေးဟောင်းသုတေသနပညာဆိုင်ရာ တွေ့ရှိချက်အဖြစ် ရှာဖွေတွေ့ရှိလာတဲ့အခါ တရုတ်မင်းဆက်တွေရဲ့ ရာဇဝင်သမိုင်းကြောင်းကို သက်သေပိုပြနိုင်လာပါတယ်။

တရုတ်အရိုးစာတွေလိုပဲ မြန်မာအက္ခရာတွေ အဆင့်ဆင့်ပြောင်းလဲလာပုံကိုလည်း လေ့လာဖူးပါတယ်။ ပျူခေတ်က စာလုံးတွေဟာလည်း ယခုနောက်ပိုင်းမှာ သိသူတွေ တဖြည်းဖြည်းနည်းလာလို့ တိမ်မြုပ်ပျောက်ကွယ်လုလုဖြစ်လာပါပြီ။ အရိုးအိုးတွေ၊ အုတ်ချပ်တွေ၊ လက်စွပ်တွေ၊ တံဆိပ်တုံးတွေမှာ ခတ်နှိပ်ထားတဲ့ မြန်မာ့ရှေးစာလုံးတွေဟာလည်း အလားတူ စိတ်ဝင်စားစရာပါ ■

ကိုအေးမြင့်

စာကိုး

- **Encyclopædia Britannica, 2014. Microsoft ® Encarta ® 2009**

*****

ပုံစာများ။

၁။ အရိုးတွေပေါ်မှာရေးခြစ်ထားတဲ့ တရုတ်ရှေး ဟောင်း နတ်မေးစာတွေ။

၂အေ၊ ၂ဘီ။ နွားလက်ပြင်ရိုးထက်က တရုတ်ရှေးဟောင်း နတ်မေးစာတွေ။

၃။ တရုတ်ရှေးဟောင်းနတ်မေးစာများမှ တိုးတက်ပြောင်းလဲလာတဲ့ အရေးအသားများ။

၄။ တရုတ်အက္ခရာအရေးအသားများ။

၅။ ရှန်မင်းဆက်က အဓိကသုံးစွဲခဲ့တဲ့ ကြေးထည်များ။


# ဆရာကြီးရာဇာဇော်ဝင်း (LL.B.)

နာမည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအကြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်း



ရင်သွေးငယ်များနာမည်ပေးခြင်းကင်ပွန်းတပ်ရက်အခမဲ့ရွေးပေးခြင်း
နာမည်လှလှလေးများရွေးချယ်ပေးခြင်းရင်သွေးငယ်များဘဝတစ်သက်တာ
စာတမ်းကုမ္ပဏီများနာမည်ရွေးခြင်းကုန်အမှတ်တံဆိပ်များအောက်ခံအရောင်
များကုမ္ပဏီဖွင့်ပွဲအချိန်၊နာရီနေ့ရက်များမြန်မာဇာတာအင်္ဂလန်ဇာတာ
ဟောစာတမ်းအင်္ဂလိပ်ဟောစာတမ်းနိုင်ငံခြားမှမြန်မာများအတွက်နာမည်
စသည့်နာမည်ပေးပါရဂူဆရာကြီးတစ်ဦးဖြစ်ပါသည်(ဉာဏ်ပူဇော်ခ၇၀၀၀
သံတမန်ဝန်ထမ်းအင်္ဂလိပ်နာမည်နှင့်မိဘနာမည်တွဲဖက်၍ အထူးဆောင်
ပေးခြင်း ကိုယ်ဝန်ဆောင်မိခင်များခွဲစိတ်မွေးဖွားမည့်ရက်ကောင်းရက်
နာရီမိနစ်စက္ကန့်အပါအဝင်လိုအပ်သောယတြာများOGဆရာဝန်နှင့်တိုင်ပင်
ဆက်သွယ်နိုင်သည်လူကြီးများအတွက်ရက်လနှစ်ပိုင်းခြားထားသောဟော
များ လက္ခဏာဖြင့်ဟောခြင်း ဓါတ်ပုံဖြင့်ဟောခြင်း မွေးသက္ကရာဇ်ဖြင့်ဟော
အကြားအမြင်ဖြင့်ဟောခြင်းနိုင်ငံခြားသင်္ဘောသားများလိုင်းကောင်းကောင်း
နိုင်ငံခြားသွားသူများမိမိရောက်သည့်နိုင်ငံတွင်အဆင်မပြေစေရန်ချစ်သူမောင်
စုံတွဲဇာတာစစ်ဆေးခြင်းအကြွေးပြန်ရစေရန်အမှုနိုင်/မနိုင်ပညာရေးထူး
မရှိအိမ်ထောင်ရေးတွင်အနှောင့်အယှက်များဖယ်ရှားပေးခြင်းရုပ်ရည်
သော်လည်းအဆင်မပြေဖြစ်နေသည်လူပျိုကြီးအပျိုကြီးများတံပွင့်အောင်
ခြင်းအိမ်ခြံကားရောင်းထွက်စေရန်ဆောင်ရွက်ပေးခြင်းအင်းပညာဝိဇ္ဇာ
ပညာခေတ်ရိုက်ဓါတ်ဆင်ပညာများဖြင့်ဆရာထံရောက်လျှင်သင်အောင်မြင်
မည်ဟုမှတ်ပါ(နှုတ်ဟောဉာဏ်ပူဇော်ခ၅၀၀၀ကျပ်)နာမည်ပေးခြင်းနှင့်ဟော
များ ဒီနေ့အပ်လျှင်မနက်ဖန်ရမည်နယ်သို့VPLဖြင့်လည်းကောင်းဘဏ်
လျှင်ချက်ချင်းပို့ပေးမည်နယ်မှမွေးသက္ကရာဇ်နေရပ်လိပ်စာဖော်ပြ၍
သည်ရန်ကုန်မြို့အတွင်းနာမည်ပေးနှင့်ဟောစာတမ်းများကိုငွေကြိုပေးစရာ
မည်ဖုန်းသာဆက်လိုက်ပါတိုက်(၃၅)မြေညီထပ်(၈၇)လမ်းမင်္ဂလာတော

ရန်ကုန်မြို့။(ဗိုလ်တစ်ထောင်) ☎ 01- 394727, 399426, 09-73009994, 09-73078260, 09-5152




www.burmeseclassic.com

www.burmeseclassic.com

# ရွှေဘုန်းပွင့် စူဠာမဏိစေတီတော် ပြည်သဒ္ဓမ္မ ဇောတိကာရုံ ပရိယတ္တိစာသင်တိုက်နှင့် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တပညာဝံသ အဂ္ဂမဟာပဏ္ဍိတ

တက္ကသိုလ် မြတ်ထင်



ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ တိုက်ကြီးမြို့ ပြည်သဒ္ဓမ္မ ဇောတိကာရုံ စာသင်တိုက်ကို ၁၃၁၈ ခုနှစ်တွင် စတင် တည်ထောင်တော်မူပြီး ပြည်မြို့ ဇောတိကာရုံ ဆရာတော်ကြီး ဦးတေဇနိယထံတွင် တိုက်ကြီးမြို့မှ ဆရာတော် ဦးသုမန၊ ရှမ်းစုကျောင်းဆရာတော် ဦးပုည၊ ဝါဒလီ ကန်ကျောင်းဆရာတော် ဦးတိလောက၊ ကံကုန်းကျောင်း ဆရာတော် ဦးဝိလာသနှင့် သူကြီးဟောင်း ဦးသာမြိုင်တို့က ဆရာတော်ကြီး၏ တပည့်ဖြစ်သော ဘဒ္ဒန္တဉာဏဝံသအား တိုက်ကြီးမြို့ ပြည်သဒ္ဓမ္မ ဇောတိကာရုံကျောင်းတွင် အာဒိ ကပ္ပိကဆရာတော်အဖြစ် ပေးသနားတော်မူပါရန် သုံးကြိမ် တိုင်တိုင် လျှောက်ထားတော်မူမှ ခွင့်ပြုတော်မူပါသည်။

ဆရာတော် ဘဒ္ဒန္တဉာဏဝံသသည် စာသင်တိုက် ကျောင်းတော်ကြီး၏ တိုးတက်ရာ တိုးတက်ကျောင်းနှင့် သာသနာရေးကိစ္စများကို အောင်မြင်အောင် ကြိုးစား ဆောင်ရွက်တော်မူပါသည်။ ၁၉၈၄ ခုနှစ်တွင် သီရိရတနာ သုံးထပ် မွေရုံတော်ကြီးကို သုံးနှစ်ကြာအောင် တည်ဆောက် ပြီးစီးတော်မူပါသည်။

၁၉၉၁ ခုနှစ်တွင် ဆရာတော်ကြီး ဘဒ္ဒန္တဉာဏဝံသ အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော် ဩဝါဒစရိယသည် တပည့် ဒါယကာ၊ ဒါယိကာမများနှင့် ညှိနှိုင်းတိုင်ပင်၍ ရွှေဘုန်းပွင့် စူဠာမဏိစေတီတော်မြတ်ကြီးကို ၁၄လနှင့်အပြီး တည်



www.burmeseclassic.com

www.burmeseclassic.com



ဆောက်တော်မူခဲ့ပါသည်။

ထို့အပြင် ၁၃၁၈ ခုနှစ်က တည်ထားခဲ့သော 'မူလ ပထမ ကျောင်းတော်ကြီးကို အရှင်ဘဒ္ဒန္တဉာဏဝံသ ဆရာတော်ကြီးနှင့် နှစ်ဖက်သော မိဘများဖြစ်ကြသည့် ဦးအခွင်+ဒေါ်ကျင်ရုံ၊ ဦးအေးသောင်း+ ဒေါ်ခင်သန်းဝင်းနှင့် သားသမီးများဖြစ်ကြသော ကိုတင်လင်းခ+မမိုးငြိမ်းဖြူ၊ ကိုနေကျော်အုပ်+မမိုးမိုးဇင်၊ သမီး ဒေါက်တာ မြလှကြွယ်တို့က မြန်လည်ဆောက်လုပ်လှူဒါန်းကြရာ ၁၃၇၁ ခုနှစ်၊ နတ်တော်လဆန်း ၁၃ရက်(၂၉-၁၁-၂၀၀၉)နေ့တွင် ပြီးစီးခဲ့ပါသည်။

ထို့အဆောက်အအုံများအပြင် ၂၀၀၈ ခုနှစ်တွင် သဒ္ဓမ္မဇောတိက သိရီရတနာ ဓမ္မဗိမာန်တော်ကြီးကို တည်ဆောက်ပြီးစီးခဲ့ပါသည်။ ၁၃၇၄ ခုနှစ်တွင် ဆွမ်းစားကျောင်းတော်ကြီးကိုလည်း တည်ဆောက်ပြီးစီးတော်မူပါသည်။

ပြည်သဒ္ဓမ္မ ဇောတိကာရုံ ပရိယတ္တိစာသင်တိုက်ကြီး၏ ပထမ အာဒိကမ္မိက ဆရာတော်ကြီး ဘဒ္ဒန္တဉာဏဝံသ ပျံလွန်တော်မူပြီးနောက်၊ ဒုတိယဆရာတော်အဖြစ် ဘဒ္ဒန္တပညာဝံသ ဆရာတော်အား ကျောင်းတိုက်ကြီး၏ ပဓာန နာယကဆရာတော်အဖြစ် လွှဲပြောင်းတာဝန်ပေးအပ်တော်မူခဲ့ပါသည်။

ပြည်သဒ္ဓမ္မ ဇောတိကာရုံ ပရိယတ္တိစာသင်တိုက်ကြီး၏ ဒုတိယဆရာတော်လောင်းလျာဖြစ်တော်မူသော ဘဒ္ဒန္တပညာဝံသကို ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့ ရှမ်းစုကျေးရွာတွင် ခမည်းတော် ဦးရွှေပိုင်း+မယ်တော် ဒေါ်ပိုင်းစိန်တို့က ၁၃၁၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ရက်၊ ကြာသပတေးနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ပါသည်။

၁၃၂၄ ခုနှစ်၊ အသက် ၁၁ နှစ်သားအရွယ်တွင် တိုက်ကြီးမြို့နယ်၊ ဥက္ကံ ရှမ်းစုကျောင်းဆရာတော် ဘဒ္ဒန္တပုည မဟာထေရ်ကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့နှင့် ရန်ကုန်မြို့ ကမာရွတ် လှည်းတန်း(၆)လမ်းနေ ဒေါ်ကျင် တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြတ်လှအခမ္မေ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။ သက်တော် ၂၀ ပြည့်သော ၁၃၃၂



www.burmeseclassic.com

www.burmeseclassic.com

နယ်၊ နှောင်းတန်ခူးလပြည့်ကျော် ၃ရက်၊ အင်္ဂါနေ့ နံနက် နာရီ ၄မိနစ်တွင် တိုက်ကြီးမြို့နယ်၊ ဥက္ကံ ရှမ်းစုကျေးရွာ ရှမ်းစု ဘုန်းတော်ကြီးကျောင်း ခဏ္ဍာသိမ်တော်၌ တိုက်ကြီး မြို့ ပြည်သဒ္ဓမ္မ ဇောတိကာရုံ စာသင်တိုက်ဆရာတော် နိုင်ငံ တော် ဩဝါဒစရိယ အဂ္ဂမဟာပဏ္ဍိတ ဇောတိကာဝေ ဘဒ္ဒန္တ ဉာဏဝံသ မဟာထေရ်မြတ်ကို ကျောက်ထီးတန်း ဥပဇ္ဈာယ် ပြု၍ တိုက်ကြီးမြို့နယ်၊ ဥက္ကံ ရှမ်းစုကျေးရွာနေ ဒေါ်စိန်အိနှင့် ရန်ကုန်မြို့ ကမာရွတ် လှည်းတန်း (၃)လမ်းနေ ဒေါ်လှမြိုင် သားစုတို့၏ ပစ္စယာ နုဂ္ဂဟာကို ခံယူတော်မူပြီး ဥပသမ္ပဒ ရဟန်းတော်မြတ်အဖြစ် ရောက်ရှိတော်မူပါသည်။

## စာပေကျမ်းဂန် သင်ယူတော်မူခြင်း

အရှင်မြတ်သည် မြောက်ပိုင်းခရိုင်၊ တိုက်ကြီးမြို့နယ်၊ ရှမ်းစုကျောင်းဆရာတော် ဘဒ္ဒန္တပုည မဟာထေရ်၊ တိုက်ကြီး မြို့ ပြည်သဒ္ဓမ္မ ဇောတိကာရုံ ပရိယတ္တိစာသင်တိုက်ဆရာ တော် နိုင်ငံတော် ဩဝါဒစရိယ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဓဇ ဘဒ္ဒန္တ ဉာဏဝံသ မဟာထေရ်နှင့် စာချဆရာတော်များ။ ညောင်ရွာမ ရွှေဟင်္သာ ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တကုမာရ၊ ရန်ကုန်မြို့ အလုံ ပါဠိတက္ကသိုလ် အောင် မင်္ဂလာတိုက်သစ်ဆရာတော် ဘဒ္ဒန္တ ဘောဓိန္ဒာဘိဝံသ(အဂ္ဂ မဟာပဏ္ဍိတ)နှင့် စာချဆရာတော်များ၊ မန္တလေးမြို့ ဘုရား ကြီးတိုက် သာသနာ့ ဇောတိကာရုံကျောင်း ဆရာတော် ဘဒ္ဒန္တသုမန(အဂ္ဂမဟာပဏ္ဍိတ)၊ ရွှေရေးဆောင် ကျောင်း တိုက်၊ ရန်ကုန်ကျောင်းဆရာတော် ဘဒ္ဒန္တ ဝဇီရဗုဒ္ဓိ၊ ပေါက် ကြီးကျောင်းဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ မဟာရဋ္ဌဂုရု)၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်(ရန်ကုန်)မှ ပါမောက္ခချုပ်ဆရာတော် အမှူးပြု သော သင်ကြားစီမံ ဆရာတော်များ၊ ပြင်ပ ပညာရှင်ဆရာ ကြီးများတို့အထံတော်၌ ပရိယတ္တိစာပေများကို သင်ကြား ဆည်းပူးတော်မူခဲ့ပါသည်။

## စာပေသင် အောင်ပွဲဆင်

နယ်ရပ်စုံလင် ပညာသင်ကြားပြီးနောက် အောင်မြင် တော်မူခဲ့သော စာမေးပွဲများမှာ -

(၁) အစိုးရ ပါဠိပထမပြန် စာမေးပွဲ၊ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်း။

(၂) ၁၉၇၇ခုနှစ်တွင် ရန်ကုန်မြို့ အလုံ ပါဠိတက္ကသိုလ်၊ အောင်မင်္ဂလာတိုက်သစ် သာသနာ့ဟိတကာရီ စာမေးပွဲ ဓမ္မာစရိယတန်းကို(ပထမဂုဏ်ထူး)ဖြင့် အောင်မြင်၍ သာသနာ့ဟိတကာရီ ဓမ္မာစရိယ ဘွဲ့။

(၃) ၁၉၇၉ ခုနှစ်တွင် အစိုးရ ဓမ္မာစရိယတန်းကို အောင်မြင်၍ သာသနဓဇ ဓမ္မာစရိယဘွဲ့။

(၄) ၁၉၉၄ ခုနှစ်တွင် နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်(ရန်ကုန်)မှ မဟာဓမ္မာစရိယတန်း ပထမနှစ်၊ ဒုတိယနှစ် သင်တန်းများကို အောင် မြင်၍ ဘွဲ့ယူကျမ်းစာ "မိထွေးတော် ဂေါတမီ နှင့် ဘိက္ခုနီ သာသနာကျမ်း"ကို ရေးသားတင် သွင်း၍ သာသနာ့တက္ကသိုလ မဟာဓမ္မာစရိယ (M.A-Buddhism)ဘွဲ့။

(၅) ၂၀၁၀ ခုနှစ်တွင် နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်(ရန်ကုန်)မှ ဘွဲ့ယူ ကျမ်းစာများက် မှောက်ခေတ် ထေရဝါဒ ဗုဒ္ဓသာသနာ (မြန်မာ နိုင်ငံ)နှင့် ဘိက္ခုနီ သာသနာကျမ်းကို ရေးသား တင်သွင်း၍ သာသနာ့ တက္ကသိုလ ဓမ္မပါရဂူ (Ph.D) ဘွဲ့တော်တို့ကို ရရှိတော်မူပါသည်။

## သာသနာ့အကျိုး ရွက်သယ်ပိုး

ဒေါက်တာ ဘဒ္ဒန္တပညာဝံသ ဆရာတော်သည် အောက်ပါ သာသနာအကျိုးတို့ကို သယ်ပိုးဆောင်ရွက် တော်မူပါသည်။

(၁) ၁၉၈၀ ခုနှစ်တွင် တိုက်ကြီးမြို့ သဒ္ဓမ္မ ပြည် ဇောတိကာရုံ စာသင်တိုက်၌ စာချတာဝန်ထမ်း ဆောင်ခြင်း။

(၂) ၁၉၈၁ ခုနှစ်မှစ၍ ၁၉၈၆ ခုနှစ်အထိ မန္တလေး မြို့ ဘုရားကြီးတိုက်တွင် ဓမ္မာစရိယ ဂဏ ဝါစက(စာချ) အဖွဲ့ဝင်နှင့် တိပိဋက ပါဠိ-မြန်မာ အဘိဓာန်ကျမ်းပြုအဖွဲ့ဝင်အဖြစ် ထမ်းဆောင် ခြင်း။

(၃) ၁၉၈၁ ခုနှစ်မှစ၍ ၁၉၈၆ ခုနှစ်အထိ အစိုးရ ဓမ္မာစရိယ ပါဠိ ပထမပြန် စာမေးပွဲကြီးကြပ်ရေး အဖွဲ့ဝင်နှင့် စာစစ်အဖွဲ့ဝင်အဖြစ် တာဝန်ထမ်း ဆောင်ခြင်း။

(၄) ၁၉၈၉ ခုနှစ်မှစ၍ ယခုအချိန်အထိ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) မော် ကွန်းထိန်းဌာန၌ ဌာနစုမှူးတာဝန်၊ လက်



www.burmeseclassic.com

www.burmeseclassic.com

ထောက် မော်ကွန်းထိန်းတာဝန်နှင့် မော်ကွန်းထိန်းတာဝန်တို့ကို အဆင့်ဆင့်ထမ်းဆောင်ခြင်း။

(၅) နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) တက္ကသိုလ်ပညာသင်ကြားရေးအဖွဲ့ အတွင်းရေးမှူးတာဝန်။

(၆) တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့ အတွင်းရေးမှူးတာဝန်။

(၇) သာသနာ့ တက္ကသိုလ ဓမ္မာစရိယ (Ph.D)ဘွဲ့ သင်တန်းဦးစီးကော်မတီအဖွဲ့ဝင်။

(၈) ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးအဖွဲ့ အတွင်းရေးမှူးတာဝန်။

(၉) နှစ်ပတ်လည် မဂ္ဂဇင်းထုတ်ဝေရေးအဖွဲ့ အတွင်းရေးမှူးတာဝန်နှင့် ဖြန့်ချိရေးအဖွဲ့ ဥက္ကဋ္ဌတာဝန်။

(၁၀) တက္ကသိုလ်တည်ဆောက်ပြုပြင် ထိန်းသိမ်းရေးအဖွဲ့ အတွင်းရေးမှူးတာဝန်။

(၁၁) မဟာဓမ္မာစရိယဘွဲ့ယူ ကျမ်းစာစိစစ်ရေးအဖွဲ့ အဖွဲ့ဝင်။

(၁၂) မဟာဓမ္မာစရိယသင်တန်း တက်ရောက်ခွင့် ရွေးချယ် စိစစ်ရေးအဖွဲ့ အဖွဲ့ဝင်။

(၁၃) သာသနာ့တက္ကသိုလ်ဝင်ခွင့် ရွေးချယ်ရေးအဖွဲ့ဝင်။

(၁၄) နိုင်ငံခြားပညာတော်သင် ရွေးချယ်ရေးအဖွဲ့ အဖွဲ့ဝင်နှင့်...

(၁၅) သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး သံဃ သမ္မုတိရ သံဃကိုယ်စားလှယ်တာဝန် တို့အား ထမ်းဆောင်ခဲ့၊ ထမ်းဆောင်လျက် ရှိပါသည်။

**ဘွဲ့တံဆိပ်တော် ဆက်ကပ်အလှူခံ ရရှိတော်မူခြင်း**

ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရက ၁၃၆၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ရက် (၄-၁၂-၂၀၀၈)နေ့တွင် ဂဏစရိယဂုဏ်၊ ဂန္ထဓုရာဝဟဂုဏ်၊ ပရိယတ္တိ ဝိသာရဒဂုဏ်၊ သံဃဂဏာ ဝိရောစနဂုဏ်၊ လဇ္ဇီပေသလသိက္ခာ ကာမ စသောဂုဏ်တို့နှင့် ပြည့်စုံတော်မူသောကြောင့် ဆရာတော် ဘဒ္ဒန္တပညာဝံသ အရှင်မြတ်အား အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်နှင့် ၁၃၆၉ခု၊ နတ်တော်လပြည့်ကျော် ၉ရက် (၄-၁၂-၂၀၀၅)နေ့တွင် ဂဏစရိယဂုဏ်၊ ဂန္ထဓုရာဝဟဂုဏ်၊ ပရိယတ္တိဝိသာရဒဂုဏ်၊ သံဃဂဏာ ဝိရောစနဂုဏ်၊ လဇ္ဇီပေသလသိက္ခာ ကာမ စသောဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော် ဘဒ္ဒန္တပညာဝံသ အရှင်မြတ်အား အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ [illegible] ၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၇ရက် (၄-၁၂-၂၀၁၃) နေ့တွင် ပဋိကတ္တယဓော်ကဂုဏ်၊ ဂန္ထဓုရာဝဟဂုဏ်၊ မဟာထေရဂုဏ်၊ ပရိယတ္တိ ဝိသာရဒဂုဏ်၊ သံဃဂဏာ ဝိရောစနဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမ စသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူသော ဆရာတော် ဘဒ္ဒန္တပညာဝံသအရှင်မြတ်အား အဂ္ဂမဟာ ပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းတော်မူခဲ့ပါသည်။

**ဒေါက်တာ ဘဒ္ဒန္တပညာဝံသ၏ ဩဝါဒ**

ဆရာတော် ဒေါက်တာ ဘဒ္ဒန္တပညာဝံသ၏ ဩဝါဒမှာ လူ့ဘဝတန်ဖိုးကို ပညာ၊ ပစ္စည်းဥစ္စာ၊ အခြေအရံ အ[illegible] အစေတို့နှင့် တန်ဖိုးဖြတ်၍ မရ၊ ငါးပါးသီလ မ[illegible] ပညာ မည်မျှတတ်,တတ်၊ ဥစ္စာ မည်မျှရှိ,ရှိ၊ ရာထူး မည်[illegible] ကြီး,ကြီး တန်ဖိုးရှိသည့် လူဟူ၍ပြောလို့မရ၊ လူ့ဘဝတ[illegible] ကို သိက္ခာသုံးပါးနှင့် သုံးသပ်ပြီး ဆုံးဖြတ်ရမည်ဖြစ်သည်။ ထို့ကြောင့် လူ့ဘဝရရှိလာခိုက် တန်ဖိုးရှိအောင် သီလ[illegible] သိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာတို့နှင့် ပြည့်စုံ[illegible] နေသွားကြဖို့ လိုအပ်ကြောင်း ဩဝါဒပေးတော်မူပါသည်။

ဒေါက်တာ ဘဒ္ဒန္တ ပညာဝံသ ဆရာတော်သည် [illegible] အခါတွင် သက်တော် ၆၃ နှစ်၊ ဝါတော် ၄၃ ဝါရှိတော်[illegible] ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ တိုက်ကြီး[illegible] ပြည်သဒ္ဓမ္မ ဇောတိကာရုံ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦး[illegible] ပဓာန နာယက တာဝန်နှင့် နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်(ရန်ကုန်) မော်ကွန်းထိန်းဌာနဋ္ဌ မော်ကွန်းထိန်း တာဝန်တို့ကို ထမ်းဆောင်ပြီး သာသနာပြုလျက်ရှိပါကြောင်း၊ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါးတို့နှင့် ပြည့်စုံ[illegible] အရှင်မြတ်အား လက်ဆယ်ဖြာ ထိပ်မှာမိုး၍ ရှိခိုး ဦးတင် ပူဇော်ရေးသား တင်ပြအပ်ပါသတည်း■

တက္ကသိုလ် မြ[illegible]

*****



www.burmeseclassic.com

www.burmeseclassic.com


- နက္ခတ်ပညာကို မယုံကြည်သူများအား ယုံကြည်လာအောင် မလုပ်ပါ။
- ယုံကြည်နေသူများကိုသာ အကျိုးရှိအောင် စွမ်းဆောင်ပါမည်။

အာကာသ နက္ခတ္တဗေဒ ပညာရှင်

# ခေတ္တရာ ဆရာကျော်

- စီးပွားရေး၊
- လူမှုရေး
- အိမ်ထောင်ရေး
- ငွေရေးကြေးရေး
- ကျန်းမာရေးအထွေထွေ နှင့်
- နာမည်ပေး၊ ခွဲစိတ်ရက်ရွေး
- ရက်မြတ်မင်္ဂလာရွေးချယ်မှု

တစ်နှစ်စာ ဟောစာတမ်း မှာယူနိုင်သည်

ဖုန်း - ၀၉ ၂၅၀ ၂၇၃၆၈၇


www.burmeseclassic.com

www.burmeseclassic.com




# အေးမောင်မောင်ဆန်း

## ဦးသီဟ၏ ဂမ္ဘီရအာကာအာကွယ်

www.burmeseclassic.com

www.burmeseclassic.com

ကိုအောင်မင်းနှင့် ကိုလှသွင်တို့သည် ကျပန်းအလုပ်သမားများဖြစ်ကြ၏။ ယခုလည်း ပေ (၁၀၀-၁၅၀) ရှိသော ဥယျာဉ်ခြံမြေရှိ ချုံနွယ်များကို အကြေးငွေယူ၍ ခုတ်ထွင်ရှင်းလင်းပေးနေ၏။ မြေဈေးများ တက်လာသောအခါ ငွေပိုငွေလျှံရှိသူအချို့က မြေယာများကို ဝယ်ယူ၍ လူမနေသော်လည်း ခြံခတ်ထားလေ့ရှိ၏။ ယခုလည်း ခြံရှင်ဖြစ်သူက ခြံခတ်လို၍ ခြံထဲရှိ ချုံနွယ်များကို ကိုအောင်မင်းနှင့် ကိုလှသွင်တို့ နှစ်ဦးမှ ရှင်းလင်းပေးနေရခြင်း ဖြစ်လေသည်။

"အောင်မင်းရေ…တို့ ခြံရှင်းတာ နှစ်ရက်ရှိပြီ။ ချုံတွေကလည်း ထူ၊ မြက်တွေကလည်း ပေါ်ဆိုတော့ ရှင်းတာ ခြံတစ်ဝက်တောင် မပြီးသေးဘူး။ လေးရက်နဲ့ ပြီးမယ်ဆိုပြီး ခြံရှင်ကို အာမခံထားတာ။ ဒီအတိုင်းဆို နောက်နှစ်ရက်နဲ့ ပြီးဖို့မလွယ်ဘူး။ လူအင်အားလိုမယ်။ မင်းဘယ်လိုလုပ်မယ် စိတ်ကူးလဲ"

"အဘ ဦးသီဟကို ခေါ်လိုက်ရင် ကောင်းမယ်ထင်တယ်။ ပြီးတော့ အဘက အသက်အရွယ်ရလာပြီဆိုပေမယ့် သန်တုန်း မြန်တုန်းပဲ။ အလုပ်လုပ်တာလည်း မခိုမကပ်ဘဲ စေတနာပါပါနဲ့ လုပ်တယ်။ ပြီးတော့ ဘယ်လောက်ပေးပါဆိုပြီး တောင်းတာမျိုး မရှိဘူး။ စေတနာရှိသလောက် ပေးပါလို့ပဲ ပြောတာ။ သူ့ပဲ ခေါ်လိုက်မယ်လေ"

"အေး ကောင်းတယ်။ ငါလည်း အဘနဲ့ လုပ်ရတာ စိတ်ချမ်းသာတယ်။ ဒါဖြင့် အလုပ်စ,နိုင်အောင် ဒီညနေ အလုပ်သိမ်းရင် သူ့အိမ်ကို သွားခေါ်လိုက်မယ်လေ"

ဤသို့ဖြင့် သူတို့နှစ်ဦး ညနေအလုပ်သိမ်းချိန်တွင် ဦးသီဟအိမ်သို့ သွားရောက်ကာ ဦးသီဟအား အလုပ်အကြောင်း ရှင်းပြလေ၏။

ကိုအောင်မင်းက…

"ဒီလို အဘရဲ့ အလုပ်က လေးရက်နဲ့ အပြီးလက်ခံထားတာ။ အခု ကျွန်တော်တို့နှစ်ယောက်ရှင်းတာ နှစ်ရက်ရှိပြီ။ ဒါပေမယ့် နောက်နှစ်ရက်နဲ့ မပြီးမှာစိုးလို့ အဘဆီမှာ အကူအညီလာတောင်းတာ။ လုပ်ခကိုတော့ ပထမ နှစ်ရက်လုပ်ခကို ကျွန်တော်တို့နှစ်ယောက် ယူချင်ပါတယ်။ ကျန်တဲ့ နှစ်ရက်လုပ်ခ တစ်ဝက်ကို သုံးယောက် ညီတူညီမျှ ခွဲယူကြမယ် စိတ်ကူးတယ်။ အဘ သဘောကရော"

"ငွေက အရေးမကြီးပါဘူးကွာ။ ငါက အလုပ်မရှိရင် မနေတတ်တာ မင်းတို့လည်း သိသားပဲ။ မနက်ဖြန် ငါလိုက်ခဲ့မယ်လေ"

ဦးသီဟမှာ ယခင်က လက်သမားဆရာကြီးတစ်ဦး ဖြစ်သည်။ အသက် (၆၀)ကျော်လာသောအခါ သူ့သမီးနှစ်ယောက်မှ ဖခင်ကြီးကို အလုပ်လုပ်ခွင့်မပေးတော့။ သမီးအပျိုကြီးနှစ်ဦးမှ ဈေးရောင်းကျွေး၏။

ဦးသီဟသည် အလုပ်လုပ်ခွင့် မရသည့်အခါ တရားစခန်းဝင်ခြင်း၊ တရားအားထုတ်ခြင်း၊ ရပ်ရွာတွင်း ဘာသာရေးလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ခြင်းတို့ဖြင့် သူ၏ အချိန်ကို ကုန်လွန်စေခဲ့သည်။ ထို့အပြင် စားသောက်ပင်များကို နေအိမ်ခြံဝင်းအတွင်း စိုက်ပျိုးခြင်း၊ တစ်ခါတစ်ရံတွင် ကျပန်းအလုပ်များကို ဝင်ရောက်လုပ်ကိုင်ခြင်းတို့သည် မိမိ၏ ကိုယ်၊ စိတ်ကျန်းမာရေးကို အထောက်အကူဖြစ်သည်ဟု သမီးများကို ပြောလေ့ရှိသဖြင့် သမီးများက နေ့စဉ် အလုပ်မလုပ်လျှင်တော်ပါပြီဟု သဘောထားကာ ခွင့်မပြုချင်ဘဲ ခွင့်ပြုထားရလေသည်။

◈◈◈

နောက်တစ်နေ့နံနက် ခြံရှင်းရာတွင် ဦးသီဟလည်း ကိုအောင်မင်း၊ ကိုလှသွင်တို့နှင့်အတူ ပါဝင်ခဲ့လေသည်။ ကိုအောင်မင်းနှင့် ကိုလှသွင်တို့မှာ တောဘွတ်ဖိနပ်များကို စီးထားပြီး ရာဘာ လက်အိတ်များကိုလည်း ဝတ်ဆင်ထားကြ၏။ ထို့ကြောင့် ကွင်းထိုး ဖိနပ်ကို စီး၍ လက်အိတ်မပါဘဲ ခြံရှင်းနေသော ဦးသီဟကို ကိုလှသွင်က…

"အဘရေ…အဘက တောဘွတ်ဖိနပ်လည်း မစီးဘူး။ လက်အိတ်လည်း မပါတော့ သတိထားနော် အဘ။ ကျွန်တော်တို့မှာလည်း ပေးဝတ်စရာ အပိုမရှိလို့ပါ"

ကိုအောင်မင်းကလည်း…

"ဟုတ်တယ် အဘ။ ခြံက ချုံကလည်း ထူ၊ အောက်ကလည်း ရှုပ်တော့ သတိထားနော်"

ယခုလို ချုံထူ၊ အောက်ရှုပ်သော နေရာများတွင် မြွေအန္တရာယ်ရှိသဖြင့် ယခုကဲ့သို့ သူ့ကို သတိပေးနေမှန်း ဦးသီဟ သိ၏။

"ငါ့အတွက် မပူပါနဲ့ကွာ။ မင်းတို့သာ သတိထားကြပါ"

ဟု ပြော၍မှ မကြာမီပင် ဦးသီဟမှ…

"ဟော့ကောင်တွေ… မင်းတို့ ခပ်ဝေးဝေးနေကြစမ်း။ ခပ်ဝေးဝေးနေကြ"

…ဟု လှမ်းအော်၍ ကိုလှသွင်က…

"ဘာဖြစ်လို့လဲ အဘ"

"ငါ့အောက်မှာ နင်းမိထားတယ်။ မင်းတို့ ဝေးဝေးနေ။ တော်ကြာ၊ ငါ့ခြ



www.burmeseclassic.com

www.burmeseclassic.com

ထောက်ကြွလိုက်ရင် မင်းတို့ဘက် ပြေးလာဦးမယ်"

"ဟာ…မြွေဟောက်ကြီးပါလား"

ကိုလှမင်းက လန့်အော်လိုက်၏။ ကိုလှသွင်က…

"ဟင်…အဘ အသာနေ၊ ငြိမ်ငြိမ်နေ"

ဟု အော်ကာ မြက်ရှင်းနေသော ပေါက်တူးဖြင့် မြွေ၏ ခေါင်းကို ခုတ်ရန် ပြေးဝင်လာ၏။ ဦးသီဟမှ လက်ထဲတွင် ကိုင်ထားသော မြက်ခုတ်ထားဖြင့် ကိုလှသွင်ကို ဝှေ့ရမ်းပြီး လှမ်းတားလိုက်၏။

"ဟေ့ကောင်…မလာနဲ့၊ မလုပ်နဲ့၊ မင်းတို့ ဝင်မပါနဲ့၊ ငါ ဘာမှမဖြစ်ဘူး"

ကိုအောင်မင်းကလည်း ထိတ်ထိတ်ပြာပြာဖြင့်…

"ဟာ… မလုပ်နဲ့ အဘ၊ ဒီကောင်တွေက သူတို့ကို ထိတာနဲ့ ပေါက်တာ၊ သူတို့ လှမ်းပေါက်ရင် ယင်ကောင်တောင် ပြေးမလွတ်ဘူးနော်။ အဘအသက်အရွယ်နဲ့ ဘယ်လိုရှောင်လို့ ရမှာလဲဗျ။ ကျွန်တော်တို့ ခေါင်းကို ထုလိုက်မယ်။ အဘ ဒီအတိုင်း ဆက်နင်းထား၊ အဘ ခြေထောက်ကြွလိုက်ရင် ဒီကောင် လှည့်ပေါက်လိမ့်မယ်"

"ဟာ…ဒီကောင်တွေ ဘယ်ပြောရခက်ပါလား"

ထို့နောက် ဦးသီဟမှ…

"မတော်လို့ နင်းမိတာပါ။ ခွင့်လွှတ်ပါ။ ဘယ်သူမှ ရန်မမူဘဲ ကိုယ့်လမ်း ကိုယ်သွားပါတော့"

ဦးသီဟက ပြောပြောဆိုဆိုနှင့် သူ့ခြေနှစ်ဖက်ကို အသာကြွလိုက်ရာ ခြေဖဝါးအောက်မှ မြွေဟောက်သည် သူတို့နှင့် ဝေးရာ ချုံထဲသို့ ပြေးဝင်သွားလေသည်။

"ဟာ…"

ကိုအောင်မင်းနှင့် ကိုလှသွင်တို့ အကြီးအကျယ် အံ့အားသင့်သွားကြ၏။ ကိုလှသွင်က…

"မသေကောင်း မပျောက်ကောင်း အဘရယ်"

"ငါပြောသားပဲ၊ ဘာမှမဖြစ်ပါဘူးလို့"

ကိုလှမင်းက…

"ဟုတ်တယ် အဘရေ။ ချုံထဲ ပြေးဝင်သွားတာ ပါးပြင်းတောင် တစ်ချက်မထောင်ဘူးနော်"

"အင်း…"

ဦးသီဟ ခပ်ပြုံးပြုံးဖြင့် "အင်း" လိုက်,လိုက်သည်။ ကိုလှသွင်က…

"ကေနဲ့ အဘမှာ ကိုယ်နဲ့မကွာ ဆောင်ထားတဲ့ အဆောင်ကောင်း တစ်ခုခုရှိပြီထင်တယ်"

"ကြိကြိဖန်ဖန်ကွာ၊ ဘာ အဆောင်မှ မရှိပါဘူး။ ငါ အခုဝတ်ထားတာပဲ ကြည့်၊ စွပ်ကျယ် ချိုင်းပြတ် နဲ့ ပုဆိုးတိုတိုဝတ်ထားတာ။ ကိုယ်နဲ့ မကွာ ဆောင်ထားတဲ့ အဆောင်ရှိရင် အခု မင်းတို့ တွေ့ရမှာပေါ့ကွ"

"ဒါဆို တစ်ခုခုကောင်းတော့ ရှိ မယ်ထင်တယ်"

ကိုအောင်မင်းက ဝင်ပြောလိုက် ၏။ ဦးသီဟက ပြုံး၍…

"အင်း…မင်းပြောသလို တစ်ခု ကောင်းရှိတယ် ပြောရင်တော့ ရ တယ်လေ"

"ဟင်…ဒါဆို ဘာလဲ အဘ"

ကိုအောင်မင်းက သိချင်ဇော ထပ်မေးလိုက်၏။

"အေးကွာ၊ ပြောပါ့မယ်။ ထမင်း စားနားချိန်ရောက်ရင် ပြောပါ့မယ်"

"အဘကလည်း သိချင်ပါတယ် ဆိုမှ ဈေးကိုင်နေပြန်ပြီ"

နေ့လယ် ထမင်းစား နားသော အခါ ဦးသီဟမှ ကိုအောင်မင်းနှင့် ကိုလှသွင်တို့ကို ယခုကဲ့သို့ ရှင်းပြ၏။

"ဒီလိုကွဲ၊ မြန်မာပြက္ခဒိန်မှာ ကြည့်၊ လတစ်လမှာ လပြည့်နေ့ လကွယ်နေ့ပါ စနေနေ့ဖြစ်ရမယ်။ လရဲ့ လဆန်းတစ်ရက်နေ့က စ လကုန်တဲ့အထိ ခန္ဓသုတ်ကို ဘုရား ရှေ့မှာ သက်စေ့ရွတ်ဖတ် ပူဇော် နောက်ပြီး ဘုရားကို လဆန်း တစ် နေ့က စပြီး နေ့စဉ် နမ်းဆီဆမ်း တဲ့ ဆွမ်းကို ကပ်။ ပြီးရင် စွန့်ပြီး စား။ ဒါဆိုရင် မြွေမပြောနဲ့ အဆိပ် အဆိပ်ရှိတဲ့ ခွေးရူး၊ ကင်းအမြီး နဲ့ ပုရွက်ဆိတ်တို့ကအစ မကိုက် ကွဲ"

"ဩော်…ဟုတ်ကဲ့၊ ဒါနဲ့ အ ဘာပဲဖြစ်ဖြစ် မြွေဟောက်တစ် လုံးကို နင်းမိထားတာ ရုတ်တရက် လန့်သွားရမှာ၊ ဘာ မကြောက်

"အဓိက ကတော့ မေတ္တာဓာတ်ပါကွာ။ မေတ္တာ ကမ္မဋ္ဌာန်း အောင်တဲ့ သူတော်စင်တွေဆိုရင် ဘယ်နည်း၊ ဘယ်လမ်း၊ ဘယ်လက်ဖွဲ့အဆောင်မှ မလိုပါဘူး။ လူ၊ ပုဂ္ဂိုလ်၊ သတ္တဝါ ဘယ်သူကမှလည်း သူတို့ကို ရန်သတ္တု မပြုနိုင်ကြပါဘူး။ အရာရာကို မေတ္တာနဲ့ပဲ အောင်ပွဲခံတာပေါ့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com

ခန့်ရတာလဲ"

ကိုလှသွင်က စိတ်ဝင်စား၍ ...လိုက်သည်။

"ဒါက ဒီလိုကွ။ အရင်တစ်ခါ ...န်းက ငါ မြွေဆိုးတစ်ကောင်ကို အခု ...ပဲ တက်နင်းမိသေးတယ်။ ဒီတစ်ခါ ...င်းမိတာက ခေါင်းပိုင်းကို နင်းမိလို့ ...ူ လွယ်လွယ်နဲ့ လှည့်မပေါက်နိုင်ဘူး ...ထား။ အဲဒီတုန်းက နင်းမိတာက ...မြီးပိုင်း။ လူကို ကောင်းကောင်း ...ပ်မှုနိုင်တယ်။ ဒါပေမယ့် ငါလန့်ပြီး ...တော့ ခြေကြွလိုက်တော့ အခုလိုပဲ ...ဝ ရန်လိုတဲ့ အရိပ်အယောင်မပြဘဲ ...လမ်း သူထွက်သွားခဲ့တယ်လေ။ ...ကြောင့် ဒီတစ်ခါတော့ ငါ ယုံကြည်မှု ...သွားတော့တာပေါ့"

"အဘ…ဒီနည်းကို ဘယ်က ...တာလဲ"

ကိုအောင်မင်းက မေးလိုက်၏။

"ဒါက ငါ တရားစခန်းဝင်တုန်းက ဆရာတော်က စကားစပ်မိလို့ မိန့်ခဲ့တာပါ"

ကိုအောင်မင်းက ထပ်၍…

"အဘနည်းက လွယ်သားပဲ။ ကျွန်တော် ဒီနည်းအတိုင်း လုပ်ကြည့်ဦးမယ်။ ပြီးမှ စွမ်း,မစွမ်း သိရအောင် စမ်းကြည့်ရဦးမယ်"

"ဟေ့…အဲလိုတော့ လုပ်လို့ မရဘူးလေကွာ"

"ဘာလို့လဲ အဘ"

"မင်း စဉ်းစားကြည့်လေ။ ဥပမာ-တစ်စုံတစ်ယောက်က မင်းကိုယ်ပေါ်ကို တမင်တကာ တက်နင်းရင်း မင်းစိတ်ထဲ ဘယ်လိုနေမလဲ။ ခွင့်လွှတ်နိုင်ပါ့မလား။ သူတို့လည်း ဒီလိုပဲလေ။ စိတ်ရော ၊ ရုပ်ရောရှိတဲ့ သတ္တဝါတွေပဲ ဟာ။ ဘယ်ခံချင်ပါ့မလဲ။ အဓိကကတော့ မေတ္တာဓာတ်ပါကွာ။ မေတ္တာကမ္မဋ္ဌာန်းအောင်တဲ့ သူတော်စင်တွေဆိုရင် ဘယ်နည်း၊ ဘယ်လမ်း၊ ဘယ်လက်ဖွဲ့အဆောင်မှ မလိုပါဘူး။ လူ ပုဂ္ဂိုလ် သတ္တဝါ၊ ဘယ်သူကမှလည်း သူတို့ကို ရန်သတ္တု မပြုနိုင်ကြပါဘူး။ အရာရာကို မေတ္တာနဲ့ပဲ အောင်ပွဲခံတာပေါ့ကွယ်"

"ကြော်…ဟုတ်ကဲ့ ကျွန်တော် ကောင်းကောင်း သဘောပေါက်ပါပြီ အဘ၊ မသိလို့ပါ။ မလုပ်သင့်၊ မလုပ်ထိုက်တာကို မလုပ်တော့ပါဘူး"

"သာဓုပါကွယ်၊ သာဓု…သာဓု။ ကဲ…ကဲ၊ ထမင်းလည်း စားပြီးပြီဆိုတော့ အလုပ်စ,လိုက်ကြရအောင်။ တော်ကြာ၊ အချိန်မီ မပြီးလို့ ကတိပျက်ရင် မကောင်းဘူးကွဲ့"■

ဒေးမောင်မောင်ဆန်း

*****


ဝမ်းချုပ်၊ လေချုပ်၊ သွေးတိုးနေလျှင်
ဆရာဦးရွှေထွန်းဖေ (ရွှေလော့်ကား)ရဲ့
ဘုမ္မရာဇာ
အမှတ်တံဆိပ်

ဝမ်းမှန်ဆေး ကိုသောက်ကြည့်လိုက်ပါ။
...ကြော်ငြာခွင့်ပြုချက်အမှတ် -
...ဆ၀က(စာနယ်ဇင်း) ၀၀၁/၀၁၁၅
ဆေးသောက်ပြီးဗိုက်နာ၊ ဗိုက်ရစ်ခြင်းမရှိ
နုံးချည့်အားယုတ်ခြင်းမရှိ ယုံကြည်စွာ သုံးစွဲပါ။
ဆေးတစ်ခါသောက် (၃) ပြားမှ (၅) ပြား (၃)ရက် တစ်ကြိမ် သောက်သုံးနိုင်သည်။
...ဒိုင်ချုပ် - ရွှေလော့်ကားဆေးတိုက်၊ အမှတ်(၉)၊ လော့်ကားလမ်း၊ ၁၆-ရပ်ကွက်၊
ရွှေပြည်သာမြို့နယ်၊ ဖုန်း- ၀၉-၇၃၀၆၁၂၁၈၊ ၀၉-၇၉၉၂၄၅၇၂၃




www.burmeseclassic.com

www.burmeseclassic.com

# လက်တွေ့လေ့လာ

# အိမ်ထောင်ရေး ဗဟ

ခေတ္တရာ ဆရာကျော်

အခဲဆောက်အအုံတစ်ခုကို အကုန်အကျခံ၍ အရင်းအနှီးများထည့်ကာ လုလုပပဆောက်လုပ်ပြီးသည့်နောက်၊ ထိုအဆောက်အအုံကို ရေရှည်တည်တံ့ ခိုင်မြဲစေဖို့ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပါသည်။

ထိုနည်းနှင်နှင်ပင်၊ အိမ်ထောင်ပြုခြင်းတွင် စိန်ခေါ်ချက်များစွာရှိသော်လည်း အတူတကွ ပေါင်းသင်းဆက်ဆံလက်ထပ်ပြီးသည့်နောက် အိမ်ထောင်ရေး ခိုင်မြဲစေရန် တစ်နှစ်ပြီး တစ်နှစ် ထိန်းသိမ်းသွားရန်ကိုလည်း သတိဖြင့် ထည့်သွင်း စဉ်းစားသင့်ပါသည်။

တကယ်တမ်းတွင် အိမ်ထောင်ပြုသည်ဆိုရာမှာ ယောကျ်ားလေးနှင့် မိန်းကလေးတို့၏ အတိတ်၊ ပစ္စုပ္ပန် အကြောင်းကံ၊ အကျိုးသင့်ဖြစ်ရခြင်းပင်။

စိတ်ချမ်းသာသော အိမ်ထောင်ရေး၊ စိတ်မချမ်းသာသော အိမ်ထောင်ရေးဖြစ်ရခြင်းမှာ ကံ-ကံ၏ အကျိုးသာလျှင် ဖြစ်ပါသည်။

တစ်ဦးနှင့် တစ်ဦး ချစ်သူများရှိပြီးမှ ကွဲကြရတာမျိုး ရှိသလို၊ တစ်ယောက်နှင့် တစ်ယောက် ရင်းရင်းနှီးနှီး မရှိကြပါဘဲ လူကြီးချင်း သဘောထားသင့်မြတ်သောကြောင့် ပေးစားသဖြင့် ညားကြရတာမျိုးလည်း ရှိကြပါသည်။ မည်သို့ပင်ဖြစ်စေကာမူ၊ လင်နှင့် မယားဘဝရောက်ကြပါက စိတ်တူကိုယ်တူ ချမ်းသာစွာ နေထိုင်ကြဖို့ အရေးကြီးလှပါသည်။

ဗေဒင်နှင့် လက္ခဏာတွင် ဇာတာနှင့် လက်ဝါးပြင်မှ ကိန်းအကျနှင့် အရေးအကြောင်းများကို ကြည့်ပြီး ပညာရှင်များက ဖော်ထုတ်နိုင်ကြပါသည်။ လက်တွေ့အရ အတော်မှန်ကန်မှု ရှိသဖြင့် ဗေဒင်လက္ခဏာပညာရှင်များသည် လင်နှင့် မယားဖြစ်ကြမည့်သူများကို အိမ်ထောင်မပြုမီ[...] ပြုပြီးလျှင်ရော အကြံကောင်းပေးနိုင်ကြပါသည်။

သို့သော် မည်မျှပင် ရှိစေကာမူ၊ သမီးရည်းစား[...] လာရောက်ခွေးနွေး အကြံဉာဏ်တောင်း၍ မကောင်း[...] အဖြေထွက်သော်လည်း အိမ်ထောင်ပြုဖြစ်ကြသည်[...] များပါသည်။ အဘယ့်ကြောင့်ဆိုသော် သံယောဇဉ်ဖြစ်[...] အချစ်ကြီး ချစ်ပြီးကာမှ လာရောက်မေးမြန်းကြသည်[...] နှလုံးသား၏ အလိုဆန္ဒ အတွေ့အထိ သဘာဝ စသည်[...] ကို မလွန်ဆန်နိုင်သောကြောင့်ဖြစ်ပါသည်။

ကျွန်တော်ဖတ်မှတ်ထားသော လင်နှင့် မယား သိ[...] သိထိုက်သည့် အမှာစကားတချို့ကို ကြုံခိုက် လက်ဆင့်[...] မျှဝေပေးလိုပါသည်။

လင်နှင့် မယား ရာသက်ပန် စိတ်ချမ်းသာ၊ ကိုယ်[...] ချမ်းသာဖြစ်ဖို့တွင်…

(၁) စိတ်ကျေနပ်အောင် ကာမဂုဏ်ပေးရမည်။
(၂) နိုးတူ ပေါင်ဖက် စီးပွားရှာရမည်။
(၃) တစ်ဦးအပေါ် တစ်ဦး တန်ဖိုးထားရမည်။
(၄) တစ်ဦးအပေါ် တစ်ဦး မေတ္တာထားရမည်။
(၅) မိမိစိတ်ကို ဘေးဖယ်ထားရမည်။

နံပါတ်(၅)ကို အနည်းငယ် ရှင်းပြလိုပါသည်။

ကိစ္စတစ်ခုလုပ်ဆောင်ရာတွင် ယောကျ်ားက တစ်[...] မိန်းမက တစ်မျိုး သဘောထားကွဲနေပါက စိတ်ဆင်း[...] ဖြစ်ရတတ်ပါတယ်။ ထို့ကြောင့် အကျိုးအကြောင်းရှ[...] သူ့အလိုကို ဦးစားပေး လိုက်လျောပေးသင့်ပါသည်[...] ယောကျ်ားလုပ်သူက တီဗွီမှ ဘောလုံးပွဲလာ[...] ကြည့်[...]



www.burmeseclassic.com

www.burmeseclassic.com

**KHIFTAYAR SAYA KYAW ( 01 584642 , 09 73106354 )**

# ARKARTHA NAKHATTA VEDA

NO. 1432 Gandamar Street, 41 Block, Dagon Myothit ( North )

Name = Ma --
Day = Wednesday
Town = Yangon

Birth Date = 13/10/1976 Birth Time = 8:40: 0
Longitude = 96°12' 0"E Latitude = 16°47' 0"N
Time Zone = UT+6.5 (Myanmar Standard Time)

| Bawa | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | 11 | 12 |
|---|---|---|---|---|---|---|---|---|---|---|---|---|
| Mitza | 7 | 8 | 9 | 10 | 11 | 0 | 1 | 2 | 3 | 4 | 5 | 6 |
| | 3 | 3 | 4 | 4 | 4 | 3 | 3 | 3 | 4 | 4 | 4 | 3 |
| | 11 | 43 | 16 | 48 | 16 | 43 | 11 | 43 | 16 | 48 | 16 | 43 |
| | 2 | 38 | 13 | 48 | 13 | 38 | 2 | 38 | 13 | 48 | 13 | 38 |
| Thandi | 7 | 8 | 9 | 10 | 11 | 0 | 1 | 2 | 3 | 4 | 5 | 6 |
| | 18 | 18 | 19 | 19 | 18 | 18 | 18 | 18 | 19 | 19 | 18 | 18 |
| | 27 | 59 | 32 | 32 | 59 | 27 | 27 | 59 | 32 | 32 | 59 | 27 |
| | 20 | 55 | 31 | 31 | 55 | 20 | 20 | 55 | 31 | 31 | 55 | 20 |

| No. | Gyoh | Rathi | | Bawa | Nawin | | Natkhat | Motion |
|---|---|---|---|---|---|---|---|---|
| 1 | Sun | 5 26 23 10 | | 12 | 4 | KA | 3 | NORMAL |
| 2 | Moon | 1 19 20 14 | OK | 8 | 2 | | 2 | NORMAL |
| 3 | Mars | 6 9 23 39 | | 12 | 8 | | 8 | NORMAL |
| 4 | Mercury | 5 9 57 8 | OK | 11 | 11 | NE | 1 | NORMAL |
| 5 | Jupiter | 1 6 49 23 | | 7 | 11 | KA | 1 | RETRO |
| 6 | Venus | 6 27 12 20 | KA | 1 | 2 | | 5 | NORMAL |
| 7 | Saturn | 3 21 31 45 | | 10 | 9 | KA | 4 | NORMAL |
| 8 | Rahu | 6 10 38 3 | | 12 | 9 | | 8 | RETRO |
| 9 | Ketu | 0 10 38 3 | | 6 | 3 | | 9 | RETRO |
| 10 | Ascendant | 7 3 11 2 | | 1 | 3 | | 5 | |

Local SidTime = 10: 1:53 Ayana = 23°28'57"

| | | |
|---|---|---|
| 25 | 9 | |
| 0 | RATHI | |
| 14 | 368 | La |

| | | |
|---|---|---|
| 5<br>2 | 9 | |
| | BAWA | |
| 0<br>4 | 138 | 6Ta |

| | | |
|---|---|---|
| 26 | | 45 |
| 9A | NAWIN | 08 |
| 1 | | 3 |

| Year | M | D | Karla | Gyoh |
|---|---|---|---|---|
| 1976 | 10 | 13 | 2 11 29 | Moon |
| 1979 | 10 | 12 | 7 0 0 | Mars |
| 1986 | 10 | 12 | 18 0 0 | Rahu |
| 2004 | 10 | 12 | 16 0 0 | Jupiter |
| 2020 | 10 | 12 | 19 0 0 | Saturn |
| 2039 | 10 | 12 | 17 0 0 | Mercury |
| 2056 | 10 | 12 | 7 0 0 | Ketu |
| 2063 | 10 | 12 | 20 0 0 | Venus |
| 2083 | 10 | 12 | 6 0 0 | Sun |
| 2089 | 10 | 12 | 0 0 0 | |

| Year | M | D | Karla | Gyoh |
|---|---|---|---|---|
| 2004 | 10 | 12 | 2 1 18 | Jupiter |
| 2006 | 11 | 30 | 2 6 12 | Saturn |
| 2009 | 6 | 12 | 2 3 6 | Mercury |
| 2011 | 9 | 18 | 0 11 6 | Ketu |
| 2012 | 8 | 24 | 2 8 0 | Venus |
| 2015 | 4 | 24 | 0 9 18 | Sun |
| 2016 | 2 | 12 | 1 4 0 | Moon |
| 2017 | 6 | 12 | 0 11 6 | Mars |
| 2018 | 5 | 18 | 2 4 24 | Rahu |
| 2020 | 10 | 12 | 0 0 0 | |

| Year | M | D | Karla | Gyoh |
|---|---|---|---|---|
| 2015 | 4 | 24 | 0 0 14 | Sun |
| 2015 | 5 | 8 | 0 0 24 | Moon |
| 2015 | 6 | 2 | 0 0 17 | Mars |
| 2015 | 6 | 19 | 0 1 13 | Rahu |
| 2015 | 8 | 2 | 0 1 8 | Jupiter |
| 2015 | 9 | 10 | 0 1 16 | Saturn |
| 2015 | 10 | 26 | 0 1 11 | Mercury |
| 2015 | 12 | 7 | 0 0 17 | Ketu |
| 2015 | 12 | 24 | 0 1 18 | Venus |
| 2016 | 2 | 12 | 0 0 0 | |

## Planet Aspect Wirupa,Anurupa

| | Asc | Sun | Moon | Mars | Mercury | Jupiter | Venus | Saturn | Rahu | Ketu |
|---|---|---|---|---|---|---|---|---|---|---|
| Asc | 00 00 | 03 24 | 27 42 | 00 00 | 11 37 | 52 43 | 00 00 | 39 10 | 00 00 | 48 44 |
| Sun | 00 00 | 00 00 | 22 57 | 00 00 | 00 00 | 10 26 | 00 00 | 19 51 | 00 00 | 31 30 |
| Moon | 51 55 | 33 31 | 00 00 | 40 02 | 25 18 | 00 00 | 48 56 | 01 06 | 40 39 | 04 21 |
| Mars | 00 00 | 00 00 | 09 57 | 00 00 | 00 00 | 05 09 | 00 00 | 32 52 | 00 00 | 57 31 |
| Mercury | 00 00 | 00 00 | 34 42 | 00 00 | 00 00 | 26 52 | 00 00 | 09 13 | 00 00 | 00 41 |
| Jupiter | 58 11 | 39 47 | 00 00 | 46 17 | 31 34 | 00 00 | 55 11 | 07 21 | 46 54 | 00 00 |
| Venus | 00 00 | 00 26 | 15 44 | 00 00 | 08 38 | 40 46 | 00 00 | 42 10 | 00 00 | 51 43 |
| Saturn | 20 50 | 02 26 | 17 12 | 08 56 | 00 00 | 29 42 | 17 50 | 00 00 | 09 33 | 39 33 |
| Rahu | 00 00 | 00 00 | 08 42 | 00 00 | 00 20 | 07 37 | 00 00 | 34 06 | 00 00 | 60 00 |
| Ketu | 14 54 | 52 53 | 00 00 | 59 23 | 44 40 | 00 00 | 26 51 | 20 27 | 60 00 | 00 00 |

Programmed By U Mg Mg Myint, GANAPATI Award (India) Phone : 09 421057133



www.burmeseclassic.com

www.burmeseclassic.com

သည်။ မိမိက ကိုရီးယားကား မကြည့်ရသဖြင့် ရန်မပြုသင့်ပါ။ မိမိစိတ်ကို ဘေးဖယ်ထားရန်ဖြစ်ပါသည်။ ထိုအချက်သည် မိသားစုအတွက် ကောင်းပါသည်။

သဘောထားအမြင်သည် မိသားစုအတွက် မရှိမဖြစ် အခြေခံ အကြောင်းတရားဖြစ်ပါသည်။ တစ်ဖက်သား၏ သဘောထားအမြင်ကို နားလည်ရန် ကြိုးစားသင့်ပါသည်။ မေတ္တာ၊ ငြိမ်သက်အေးချမ်းမှု၊ တစ်ဦးကို တစ်ဦး နားလည်မှုတို့ဖြင့် ပြည့်ဝသော မိသားစုဖြစ်ရန် ကြိုးစားသင့်ပါသည်။ သို့မှသာ တည်ငြိမ်အေးချမ်းသော မိသားစုဘဝကို ပိုင်ဆိုင်၍ ပျော်ရွှင်ဖွယ်ဖြစ်ပါလိမ့်မည်။

ဖော်ပြထားသော ဇာတာသည် အိမ်ထောင်ရေးအတွက် လေ့လာသင့်သော ဇာတာဖြစ်ပါသည်။ ကျွန်ုပ်အနေဖြင့် လစဉ် အခွင့်သာတိုင်း ဂမ္ဘီရဆန်းကြယ် ဝိသနာရှင် လေ့လာသူများကို ထောင့်စုံအောင် ရှုကွက်အစုံ နက္ခတ်ဗေဒင်ပညာအပေါ် တွေးခေါ်ယူဆ ဆုံးဖြတ်သုံးသပ်ချက်များအား အလွယ်တကူ နားလည်အောင် ရေးသားဖော်ပြ တင်ဆက်ပေးပါမည်။ စေတနာနှင့် ဝိသနာကို အရင်းခံ၍ ရေးသားလိုရင်းဖြစ်ပါသည်။

ကဲ...ဇာတာအကြောင်း ပြောရအောင်။

ဇာတာရှင်မှာ မိန်းကလေးဖြစ်သည်။

သူသည် မိဘများ အလိုမတူသော အိမ်ထောင်ရှိ ယောကျ်ားတစ်ဦးနှင့် ပထမ အိမ်ထောင်ပြုခဲ့သည်။ ကလေးတစ်ယောက်ထွန်းကားပြီး အိမ်ထောင်ကွဲသွားသည်။

နောက် ၂နှစ်ခန့်တွင် နောက်အိမ်ထောင်ပြုခဲ့ပြန်သည်။ လူပျိုဖြစ်သော်လည်း တစ်နှစ်ကျော်သာ ပေါင်းလိုက်ရပြီး မုဆိုးမဘဝသို့ ရောက်သွားသည်။

နောက် ၂နှစ်ခန့်အကြာတွင် တတိယ အိမ်ထောင်ကို ထူထောင်ပြန်သည်။ ဤ တတိယအိမ်ထောင်ဘက်မှာ လွတ်လပ်သောသူဟု ယုံကြည်ပြီး ထူထောင်ခဲ့သော်လည်း နောက်မှ ဇနီးမယားနှင့် ကလေးနှစ်ယောက်ရှိမှန်း သိလိုက်ရသည်။ သိလိုက်ရသည့်အချိန်တွင် နောက်မဆုတ်နိုင်တော့ချေ။ သူ့တွင် တစ်လကျော် ကိုယ်ဝန်ရှိနေလေပြီ။

သူသည် ပတ်ဝန်းကျင်နှင့် မိသားစု ဆွေမျိုးသားချင်းတို့အလယ်၌ ဂုဏ်သိက္ခာမဲ့ ဖြစ်ရပ်နှင့် ကြုံတွေ့ကာ မိမိဘဝကို ရင်နာပြီး ယနေ့တိုင် ဝမ်းနည်းပက်လက်ဖြစ်နေရသည်။ ပိုဆိုးသည်မှာ တတိယမြောက် အိမ်ထောင်သည် ခင်ပွန်းမှာ ကိုယ်ဝန်တစ်လကျော်ပြီးနောက် မိမိအနားတွင် မရှိတော့ဘဲ နိုင်ငံခြားသို့ ထွက်သွားလေပြီ။ သူမ၏ ဘဝကို စာနာကြည့်လျှင် မည်မျှ စိတ်ထိခိုက် ကြေကွဲနေမည်ဆိုသည်ကို မှန်းဆ၍ ရနိုင်လောက်ပါသည်။

သူမသည် လွန်ခဲ့သော နှစ်ကာလများစွာ အပျိုစင်ဘဝမှာကတည်းက ပညာရှင်နှင့် တိုင်ပင်ခဲ့ဖူးပါသည်။ သို့သော် နှလုံးသားရေးရာ ဆန္ဒအလိုကို လိုက်မိပြီး ပညာရှင်၏ မှာတမ်းကို မျက်ကွယ်ပြုခဲ့သည်။ နောက်ဆုံးတစ်ကြိမ် အိမ်ထောင်ပြုစဉ်ကလည်း ပညာရှင်နှင့် တိုင်ပင်ခဲ့သည်။ သို့သော် မလိုက်နာနိုင်ခဲ့ပါ။ အပြစ်ဟု မဆိုသာသော်လည်း မျက်နှာမလိုက်တတ်သည့် ဂြိုဟ်တို့သည် သူ့သဘောအသူ ဆောင်လျက် လုပ်ရက်သွားကြပေပြီ။

ကျွန်တော့်အနေဖြင့် သူမ၏ ဇာတာကို မှတ်တမ်းတင်လျက် လေ့လာသုတေသနပြုရုံမှတစ်ပါး ကူညီ ကယ်မ၍ မရနိုင်တော့ပါ။

သို့သော် "သူ့ကို မြင်၊ ကိုယ်ဆင်ခြင်" ဟူသော ရေစကားအလာအတိုင်း ဝိသနာရှင် လေ့လာသူများအတွက် ဖော်ပြပေးလိုက်ရခြင်းသာ ဖြစ်တော့သည်။ သူမ၏ ဇာတာမှာ အောက်ပါအတိုင်းဖြစ်သည်။

မွေးသက္ကရာဇ်က (၁၃-၁၀-၁၉၇၆)၊ နံနက် ၈နာရီ ၄၀မိနစ်၊ ရန်ကုန်။

ပညာရှင်ကြီးများကတော့ ဇာတာကို ကြည့်လိုက်သည်နှင့် အလွယ်တကူ ခန့်မှန်းနိုင်ကြလိမ့်မည်။ ရိုးရိုးလေး စဉ်းစားကြည့်ရုံဖြင့် သိနိုင်ပါမည်။




လဂ်၏ (၇)တန့်သည် ပထနီအိမ်ဖြစ်သည်။ ထိုအိမ်သည် အိမ်ထောင်ဖက်ကို ရည်ညွှန်းသည်။ ထိုအိမ်၌ စ နှင့် ကြာသပတေးရှိသည်။ လဂ် (၇)တန့်သခင် ဂြိုဟ်အိမ်ရှင်မှာ သောကြာဂြိုဟ်ဖြစ်သည်။ သောကြာသည် အိမ်ထောင်ရေး၊ ကာမ၏ ကာရကဂြိုဟ်ဖြစ်သည်။ ဖော်ပြပါ (၇)တန့်သခင်ဂြိုဟ်လည်းဖြစ်သည်။ သောကြာသည် ဗွာန (၁ တွင် အင်္ဂါ၊ ရာဟု စသော ပါပဂြိုဟ်များနှင့် နီးကြပ်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရသည်။ ထိုအချက်နှင့်ပင် အိမ်ထောင်ရေးကံကို ခန့်မှန်းနိုင်ဖြစ်ပါသည်။

(၇)တန့် ဘာဝသခင်ဂြိုဟ် သောကြာသည် အင်္ဂါနှင့် သဖွယ်ပြုလျှင် အခြားယောက်ျားနှင့် လျှို့ဝှက်စွာ ဖောက်ပြားသည်။ တစ်ပြိုင်နက်တည်း (၇)တန့်၌ တနင်္လာဂြိုဟ် ရပ်တည်လျှင် သူမအပြင်၊ လင်ယောက်ျားသည်လည်း အခြားမိန်းမနှင့် ဖောက်ပြားလိမ့်မည်ဟု ဟောရာသာရဗေဒင်ကျမ်းကြီးတွင် တည့်တည့်ဖော်ပြထားသည်။ ဇာတာရှင်မှာ ထိုအဟောနှင့် ကိုက်ညီနေပါသည်။ ထို့အပြင် သူမ၏ ဖြစ်ရပ်မှာလည်း ထိုအဟောအတိုင်းပင် ကိုက်ညီနေခဲ့သည်။

တစ်ဖန် (၁၂)တန့်ဘာဝ၌ အိမ်ထောင်ရေး ကာရကဂြိုဟ် သောကြာရှိခြင်းသည် လက်ထပ်ရေးအတွက် ကောင်းတတ်ပေ။ လေရာသီဖြစ်သောကြောင့် နှစ်ကြိမ်မြောက် လက်ထပ်ရခြင်းဖြစ်တတ်ကြောင်း ဖော်ပြသည်။

“ဂေါပဋလ ရတနာကာရ”ကျမ်းတွင် (၇)တန့် ဘာဝသခင်ဂြိုဟ် ဒုဋ္ဌာနအိမ်၌ ရပ်တည်ပါက လင်နှစ်ယောက်ရတတ်ကြောင်း ဆိုပါသည်။ ဤအချက်များအရ ဇာတာနှင့် ဒေသများ တည့်တည့်ကို ကိုက်ညီနေလေသည်။

ကျွန်ုပ်အနေဖြင့် နက္ခတ်ဗေဒင်ဟောပြောရာတွင် တစ်ခါတစ်ရံ၌ အပေါ်ယံရုပ်ပြီး ယူဆဟောပြောမှ မှန်ကန်ကြောင်း အကြိမ်များစွာတွေ့ဖူးပါသည်။ ဖော်ပြပါ သူမ၏ ဇာတာအား ဟောပြောခဲ့ရာတွင် လဂ်၏ (၇)တန့် စန်းရှိပြီး သောကြာဂြိုဟ်သည် (၁၂)တန့်၌ ရပ်တည်ကာ၊ ရမ်းကားစူးရှသော ဂြိုဟ်အင်္ဂါနှင့် အမှောင်ဖုံး ဂြိုဟ်ရာဟုတို့နှင့်အတူ ရှိနေသောကြောင့် အိမ်ထောင်ရေးကံ လုံးဝ မကောင်းနိုင်ကြောင်း ရိုးရိုးသားသား တွေးဆပြီး ဟောပြောပေးခဲ့ရာ မှန်ကန်ခဲ့ပါသည်။

(၁၂)တန့် ဒုဋ္ဌာနသည် ဆုံးရှုံးနစ်နာမှုကို ဖော်ညွှန်းပြီး (၇)တန့်သခင် သောကြာသည် အိမ်ထောင်ရေးကို ဖော်ညွှန်းကာ၊ အင်္ဂါ၊ ရာဟု၊ စရရာသီ၊ လေရာသီဖြစ်သော တူရာသီအိမ်တွင် ရပ်တည်ခြင်းကြောင့် အိမ်ထောင်တစ်ဆက်မက ဖြစ်နိုင်ကြောင်းနှင့် အိမ်ထောင်ရေး ကမောက်ကမဖြစ်နိုင်ကြောင်း ရိုးသားစွာ ဟောပြောပေးခဲ့ပါသည်။

အထက်တွင် ကျမ်းကိုး၊ ကျမ်းကားများ ထည့်သွင်းရေးပြောပေးခြင်းမှာ ဇာတာကို ဝါသနာပါ၍ လေ့လာနေသူများအတွက် ဗဟုသုတဖြစ်စေရန်အလို့ငှာဖြစ်ပါသည်■

ခေတ္တရာ ဆရာကျော်


# ဆရာ ဦးပိုင်ဇအောင်

(ဝိဇ္ဇာဘွဲ့) [လက္ခဏာဗေဒင်ဟောခန်း]

တိုက် (၄၀)၊ (B-1)-မြေညီထပ်၊ မဟာမြိုင်အိမ်ရာထိပ်၊ ဦးဝိစာရလမ်း၊ (၄၁) ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊

☎ - ၀၉ ၇၃၁ ၄၇၀၂၄၊ ၀၉ ၅၁၉၃၈၉၁၊ ၀၉ ၂၅၀ ၇၇၃၆၃

➢အလုပ်လျှောက်ထားခြင်း / ရေးဖြေ - လူတွေ့ဖြေဆိုခြင်းတွေမှာ လွယ်ကူစွာ အောင်မြင်ရွေးချယ်ခံရပြီး အလုပ်အကိုင် အမြန်ဆုံး ရရှိစေဖို့ ➢လက်ရှိ အလုပ်အကိုင်နေရာဌာန မြို့ ရွာဒေသမှာပဲ ဆက်လက်ကြာရှည် ခိုင်မြဲစွာ လုပ်ကိုင်ရစေဖို့ ➢မိမိဆန္ဒရှိသော အလုပ်အကိုင်နေရာဌာန မြို့ရွာဒေသကို ခက်ခဲကြန့်ကြာခြင်းမရှိဘဲ အမြန်ဆုံး ပြောင်းရွှေ့လုပ်ကိုင်ရစေဖို့ ➢အလုပ်အကိုင်မှာ အမြန်ဆုံး ရာထူး...တိုးတက်ရရှိစေဖို့ ➢လက်ရှိကြုံတွေ့နေရတဲ့ လုပ်ငန်းခွင် အဆင်မပြေမှုတွေ၊ အတိုက်အခံ အနှောင့်အယှက် အခက်အခဲ၊ အစွပ်အစွဲ၊ အတိုင်အတော၊ အစစ်အဆေး ပြဿနာတွေ အမြန်ဆုံး အဆင်ပြေ ...ပျောက်လွှားအနိုင်ရပြီး ပြတ်သွားစေဖို့၊

...တိုက်၊ အိမ်၊ တိုက်ခန်း၊ ဆိုင်ခန်း၊ မြေကွက်၊ ခြံကွက်...စသည်ဖြင့် မိမိရောင်းချင်သော ပစ္စည်းများ အမြန်ရောင်းထွက်စေ... ...ဆိုင်လုပ်ငန်းအမျိုးမျိုးမှ နေ့စဉ် လူဝင်များ၊ ဝယ်သူများ၊ ရောင်းအားကောင်း၊ ငွေဝင်ကောင်း အမြန်ဖြစ်လာစေဖို့ ...ရှားသဖြင့်ငွေရှာသော် မည်သူမဆို နေ့စဉ် ငွေဝင် လာဘ်ရွှင် အဆင်ပြေ ကံကောင်းစေဖို့ ✪ အရေးတကြီး ငွေလိုနေ... ...ဝင်ငွေတိုးပွားလိုသောသူ များအတွက် ငွေဝင် ချက်ချင်းကောင်းပြီး ငွေဝင် (၃)ဆတိုးစေဖို့၊

ဂမ္ဘီရပညာဖြင့် ကူညီပံ့ပိုးမှု လိုအပ်လျှင် လာခဲ့ပါ။




www.burmeseclassic.com

www.burmeseclassic.com

၂၀၁၆ - ဖေဖော်ဝါရီလ

# မြန်မာ ဆယ့်နှစ်လဖွားများအတွက် ဟောစာတမ်း

**ခန့်ကျော်စွာ**

## တန်ခူးလတွင် ဖွားမြင်သောသူများအတွက်

ယခုလအတွင်း ခရီးထူးများ သွားရမည်။ ယာဉ်၊ ကား၊ စက်ပစ္စည်းကိစ္စ အောင်မြင်မည်။ ငွေကြေးကိစ္စများ ပြေလည်သွားမည်။ အပြိုင်အဆိုင် အတိုက်အခံများမည်။ လူရင်း မိတ်ဆွေများနှင့် သဘောထားကွဲတတ်သည်။ စပ်တူကိစ္စများ၊ အသင်းအဖွဲ့ကိစ္စများတွင် ကြားစကားရှုပ်ထွေးတတ်သည်။ နေရာပြင်ဆင်မှုအပြောင်းအလဲ အောင်မြင်မည်။ နေရာသစ်၊ မိတ်ဆွေသစ် အကျိုးပြုမည်။ စာချုပ်ကိစ္စ အောင်မြင်မည်။ ပညာရေး သင်တန်းကိစ္စတို့အတွက် အခက်အခဲရှိလိမ့်မည်။ နယ်စပ် နိုင်ငံခြားမှ အဆက်အသွယ်ကောင်းရမည်။

သူတစ်ပါး ကျန်းမာရေးကိစ္စ၊ ဆေးကုသမှုကိစ္စများ ကူညီရမည်။ ကိုယ်တိုင် ခြေထောက်၊ ခါး၊ အကြော၊ ကျောက်ကပ်နှင့် ပတ်သက်ပြီး အညံ့အနိုက်ရှိသည်။ မိသားစုအတွက် အိမ်ကိစ္စ အောင်မြင်မည်။ ခရီးကြောင့် မိသားစုနှင့် ရက်ရှည်ခွဲနေရတတ်သည်။ အချစ်ရေး လူမှုရေးကိစ္စများအတွက်တော့ သူတစ်ပါးကိစ္စများ ကူညီရမည်။ စကားများခြင်း ဂရုစိုက်ပါ။

ယတြာ။ ။ မွေးနေ့ နံနက်စောစော အိမ်ဘုရားတွင် နွားနို့တစ်ခွက်၊ နန်းကြီးသုပ်တစ်ပွဲလှူဒါန်းပြီး ဆုတောင်းပါ။ ကျန်းမာရေးအတွက် အသီးသုံးမျိုးကို ဆွမ်းခံ ဘုန်းကြီးအား လှူပါ။ မိသားစုရေး၊ အချစ်ရေး၊ လူမှုရေးကိစ္စများ အဆင်ပြေရန် ညောင်ပင်အား ရေလောင်း၍ ဆုတောင်းပါ။

## ကဆုန်လတွင် ဖွားမြင်သောသူများအတွက်

ယခုလအတွင်း ငွေကံအထူးကောင်းသည်။ ထီပေါက်ကိန်း၊ အမွေရကိန်းရှိသည်။ မိဘ၊ အကြီးအကဲ၊ ဆရာသမားကူညီမည်။ ရာထူး၊ တာဝန်၊ ဝင်ငွေတိုးမည်။ ဘာသာရေးခရီးထူးများ သွားရမည်။ အထင်လွဲခံရခြင်း ကြုံရတတ်သည်။ ခွေးကိုက်ခံရသောသတင်း ခြေထောက်ထိခိုက်မိသော သတင်းကြားရပါက ညပိုင်းတွင် လမ်း၌ ခွေးစာကျွေးပါ။ အလုပ်ကိစ္စများအတွက် အကြီးအကဲ အမျိုးသမီးများ ကူညီမည်။ မြေကိစ္စအောင်မြင်မည်။ အဆောက်အအုံကိစ္စ စီစဉ်ရမည်။ အဖိုးတန်ပစ္စည်းများ အပြောင်းအလဲဖြစ်မည်။ ရွှေ-လျှပ်စစ်ပစ္စည်းပျက်တတ်၊ ထွက်တတ်သည်။ လူရင်းမိတ်ဆွေနှင့် အခေါ်အပြောပျက်တတ်သည်။ မိသားစုတွင် သဘောထားကွဲမည်။ ဆွေမျိုးကိစ္စ၊ ငွေအပေးအယူကိစ္စများ စိတ်ညစ်ရတတ်သည်။ အိမ်ပျော်ခြင်း၊ အိမ်နှင့် ရက်ခြည်း ခွဲခွာနေရခြင်းတို့ ကြုံရတတ်သည်။

ရေချိုးမှားခြင်း၊ အစားမှားခြင်း၊ ဆေးမှားခြင်း ဂရုစိုက်ပါ။ ဆွေမျိုးအကြီးအကဲ၏ ကျန်းမာရေး ကူညီရမည်။ အချစ်ရေး လူမှုရေးကိစ္စများအတွက်တော့ စိတ်ချမ်းသာစရာများ ကြုံရပါလိမ့်မည်။ ချစ်သူ ခင်မင်သူတို့ထံမှ ထူးထူးခြားခြား လက်ဆောင်ရမည်။

ယတြာ။ ။ မွေးနေ့ နံနက်စောစော အိမ်ဘုရားတွင် အုန်းနို့ခေါက်ဆွဲတစ်ပွဲ၊ သောက်တော်ရေတစ်ခွက်လှူဒါန်းပြီး ဆုတောင်းပါ။ ကျန်းမာရေးအတွက် ဆေးသုံးမျိုးကို ဆွမ်းခံ ဘုန်းကြီးအား လှူပါ။ မိသားစုရေး၊ အချစ်ရေး၊ လူမှုရေးကိစ္စများအတွက် ဆွမ်းခံ ဘုန်းကြီးကို မျက်နှာသုတ်ပဝါတစ်ထည်လှူလိုက်ပါ။

## နယုန်လတွင် ဖွားမြင်သောသူများအတွက်

ယခုလအတွင်း ဆုံးရှုံးထားခြင်းများ ပြန်ရမည်။ ရပ်နေသောအလုပ်များ ပြန်စရမည်။ ကံပြန်ကောင်းသောအချိန်ဖြစ်သည်။ မသင့်မြတ်သူများနှင့် ပြန်လည်သင့်မြတ်သွားမည်။ လူကြီးသစ်၊ မိတ်ဆွေသစ်များ အကျိုးပြုမည်။ လျှပ်စစ်ပစ္စည်းဝင်မည်။ စပ်တူ၊ ကိုယ်ပိုင်စီးပွားတိုးချဲ့အောင်မြင်မည်။ အလုပ်တွင် ငွေမြုပ်တတ်သည်။ အလုပ်ခရီးထူးများပေါ်မည်။ ငွေအတွက် စကားပြောများ သောကြာနေ့ကို ရှောင်၍ သစ်ပင်၊ ပန်းပင်တို့ကို ရေလောင်းပြီးမှပြောပါ။ မိသားစုတွင် အလှူအောင်မြင်မည်။

ကျန်းမာရေးအတွက် အညံ့မရှိပါ။ သွားကျိုး၊ သွားနုတ်၊ သွားစိုက်သတင်းကြားလျှင် ဆွမ်းခံ ဘုန်းကြီးအား သွားတိုက်ဆေး သွားပွတ်တံတစ်စုံလှူပါ။ မိမိကျန်းမာရန် အနီရောင်ဖျော်ရည်ကို မကြာခဏ ဘုရားလှူပါ။ လူနာသတင်းမေးရလျှင် အသီးစားပြီးမှ သွားပါ။ အချစ်ရေး၊ လူမှုရေးကိစ္စများအတွက် စိတ်ချမ်းသာရမည်။ သူငယ်ချင်း၊ ချစ်သူတို့၏ သတင်းကောင်း ကြားရမည်။

ယတြာ။ ။ မွေးနေ့ နံနက်စောစော အိမ်ဘုရားတွင် ကြာဆံကြော်နှင့် ကော်ဖီလှူပါ။ အိမ်ထောင်ရေး၊ အချစ်ရေး၊ လူမှုရေးကိစ္စများ အဆင်ပြေရန် ကောက်ညှင်းပေါင်းဆွမ်း မကြာခဏ ဘုရားလှူပါ။



www.burmeseclassic.com

www.burmeseclassic.com

## ဝါဆိုလတွင် ဖွားမြင်သောသူများအတွက်

ယခုလအတွင်း အရာရာ သတိထား၍ ဆောင်ရွက်ပါ။ အမှားများခြင်း ကြုံရတတ်သည်။ အစားမှား၊ ဆေးမှား၊ စကားမှား ချိုက်ပါ။ စာရွက်စာတမ်း မှတ်ပုံတင်ပျောက်တတ်သည်။ အလုပ်ပြောင်း၊ နေရာပြောင်း အထူးကောင်းပါသည်။ အဖိုးတန်ပစ္စည်းများ ပေါင်းထွက်မည်။ အလုပ်သစ် စတင်ခြင်း အောင်မြင်မည်။ အဓွေးအဲ့ဆက်အသွယ်ကောင်းများ ရမည်။ နိုင်ငံခြား၊ နယ်စပ်၊ သူမျိုးခြား တိုင်းရင်းသား အကျိုးပြုမည်။ အနီးအနား အတူနေသူများနှင့် သဘောထားကွဲမည်။ အနီးအနား နာရေးပေါ်လျှင် မြန်ယောင်းကို စွန့်ပစ်ပါ။ ရည်ရွယ်ချက်များအားလုံး တန်းလန်းဖြစ်နေမည်။ နောက်လ၌ အောင်မြင်မည်။

ကျန်းမာရေးအတွက်တော့ ဒူး၊ နလုံး၊ နား အညံ့ရှိသည်။ ဆေးခန်းပြရခြင်းပေါ်ပါက အုန်းရည် ဘုရားလှူပါ။ အချစ်ရေး လူမှုရေးကိစ္စများတွင် အားပေးစကားများဖြင့် စိတ်ချမ်းသာရမည်။ ချစ်သူခင်သူတို့၏ မေတ္တာထူးကို ရမည်။ ဘဝအမောပြေမည်။

အကြံ။ ■ မွေးနေ့ နံနက်စောစော အိမ်ဘုရားတွင် မုန့်ဟင်းခါးတစ်ပွဲ၊ လက်ဖက်ရည်တစ်ခွက် လှူဒါန်း၍ ဆုတောင်းပါ။ အိမ်ထောင်ရေး၊ အချစ်ရေး၊ လူမှုရေးကိစ္စများ အဆင်ပြေရန် ဘုန်းကြီးကျောင်းရှိ အသီးသီးနေသော သစ်ပင်ကို ရေလောင်းလိုက်ပါ။

## ဝါခေါင်လတွင် ဖွားမြင်သောသူများအတွက်

ယခုလအတွင်း ကံအထူးကောင်းသည်။ ထီပေါက်ကိန်းရှိသည်။ အလုပ်တိုးချဲ့ခြင်း အောင်မြင်မည်။ အဝေးရောက်နေသူများ၏ သတင်းကောင်းအဆက်အသွယ်ရမည်။ မင်း၊ အစိုးရ အကြီးအကဲ ကူညီမည်။ ယာဉ်၊ စက်ပစ္စည်းဝင်မည်။ ခရီးထူးများ သွားရမည်။ အိမ်အဆောက်အအုံကိစ္စ အောင်မြင်မည်။ မြေကိစ္စအရောင်းအဝယ်ပေါ်မည်။ အဖိုးတန်မြေရမည်။ ထူးခြားသော အလှူ မင်္ဂလာ ဆင်နွှဲရမည်။ စာချုပ်၊ လျှောက်လွှာကိစ္စတို့ အောင်မြင်မည်။ ဆုမဲ၊ ဆုထူး၊ ဂုဏ်ထူးကိစ္စများ စိတ်ချမ်းသာရမည်။ ဆရာသမားအကြီးအကဲများမှ ကူညီမည်။ သူတစ်ပါးကိစ္စ ကူညီရမည်။

ကျန်းမာရေးအတွက် ဝမ်းဗိုက်၊ အူ၊ ဦးခေါင်း အညံ့ရှိသည်။ အစားမှားခြင်း အထူးဂရုစိုက်ပါ။

စီးပွားတက်ရန် ရက်ရာဇာနေ့တိုင်း ငှက်ပျောသီးမှည့်တစ်ဖီး ဘုန်းကြီးအား လှူပါ။

အချစ်ရေး၊ အိမ်ထောင်ရေး၊ လူမှုရေးကိစ္စများအတွက်တော့ အတိုက်အခံ အနှောင့်အယှက်ရှိသည်။ အခက်အခဲများ အဆင်ပြေရန် ငှက်နစ်ကောင် ဘေးမဲ့လွှတ်လိုက်ပါ။

အကြံ။ ■ မွေးနေ့ နံနက်စောစော အိမ်ဘုရားတွင် နန်းကြီးသုပ်တစ်ပွဲ၊ နွားနို့တစ်ခွက်လှူပါ။ ကျန်းမာရေးအတွက် သံပုရာရည်ကို သောကြာညတွင် ဘုရားလှူပါ။ အချစ်ရေး လူမှုရေး အဆင်ပြေရန် ဘုရားခိုငှက်များကို အစာ ဒါနပြုပါ။

## တော်သလင်းလတွင် ဖွားမြင်သောသူများအတွက်

ယခုလအတွင်း ရည်ရွယ်ချက်များ အောင်မြင်မည်။ အထက်လူကြီးတို့မှ အထူးကူညီမည်။ ရာထူး၊ တာဝန်၊ ဝင်ငွေတိုးမည်။ ငွေအဝင်ကြမ်း၊ အထွက်ကြမ်းမည်။ ကားနှင့်ပတ်သက်၍ စီးပွား၊ အလုပ်ကိစ္စတို့အတွက် အကျိုးပြုမည်။ ခရီးကိစ္စများ အောင်မြင်မည်။ သူမျိုးခြား၊ တိုင်းရင်းသား၊ နယ်စပ်၊ နိုင်ငံခြား အကျိုးပေးချိန်ဖြစ်သည်။ အမျိုးသမီး သူစိမ်းကြောင့် ငွေကြေးရှုပ်ထွေးတတ်သည်။ အလုပ်နေရာဌာန အသစ်ဖြစ်လျှင် ဘုရားညောင်ပင်ကို ညောင်ရေသွန်းပါ။ ငွေအတွက် စကားပြောလျှင် ပန်းပင်ကို ရေလောင်းပြီးမှ ပြောပါ။ အနှောင့်အယှက်ကင်းရန် ကလေးများကို ချိုချဉ်၊ သကြားလုံး ဝေလိုက်ပါ။ ခွေး၊ ကြောင်၊ တိရစ္ဆာန်များ လက်မခံသင့်ပါ။

ကျန်းမာရေးအတွက် စိုးရိမ်စရာမရှိပါ။ ဆေးရုံ သတင်းမေးရတိုင်း သံပုရာရည် ဘုရားလှူပြီးမှ သွားမေးပါ။ အိမ်ထောင်ရေး အချစ်ရေး လူမှုရေးအတွက်တော့ စိတ်ချမ်းသာစရာများ ကြုံမည်။ ယခင် ဝေးကွာနေခြင်းများ ပြန်နီးစပ်သွားမည်။ အိမ်ထောင်ရေး အဆင်ပြေရန် အုန်းသီးစိတ် သက်စေ့ အိမ်ဘုရားအား လှူပါ။

အကြံ။ ■ မွေးနေ့ နံနက်စောစောတိုင်း အိမ်ဘုရားတွင် ခေါက်ဆွဲကြော်နှင့် လက်ဖက်ရည်လှူပါ။ ကျန်းမာရေးအတွက် အသီးသုံးမျိုးကို ဆွမ်းခံ ဘုန်းကြီးအား လှူပေးပါ။ အချစ်ရေး လူမှုရေး အဆင်ပြေရန် ဘုန်းကြီးကျောင်းအဝင်လမ်းကို သဲခင်းအလှူပြုပါ။



www.burmeseclassic.com

www.burmeseclassic.com

## သီတင်းကျွတ်လတွင် ဖွားမြင်သောသူများအတွက်

ယခုလအတွင်း အလုပ်တာဝန်များမည်။ ငွေကိစ္စများ အထူးပြေလည်လိမ့်မည်။ အောင်မြင်မှုများ ဆက်တိုက်ကြုံရပါလိမ့်မည်။ အိုးအိမ်နေရာ၊ အလုပ်နေရာ ပြင်ဆင်မှုအပြောင်းအလဲဖြစ်မည်။ နယ်စပ်၊ နိုင်ငံခြား အဝေးမှ သတင်းကောင်းအဆက်အသွယ်များ ရမည်။ လက်ရှိအလုပ်၊ တာဝန်တို့တွင် အောင်မြင်မှု နှစ်မျိုးနှစ်ဆရမည်။ လူမျိုးခြား တိုင်းရင်းသားအလုပ်အတွက် အကျိုးပြုမည်။ ရည်ရွယ်ထားသော အလှူကြီး အောင်မြင်မည်။ လျှပ်စစ်ပစ္စည်းအပြောင်းအလဲဝင်မည်။ အဖိုးတန်ပစ္စည်းဝင်လျှင် ကြာခံကြေး ဘုရားလှူပါ။ ပြောစကားများ အောင်မြင်သော ကာလဖြစ်သည်။

ကျန်းမာရေးအတွက်တော့ ရေချိုးမှားခြင်း၊ အသံဝင်ခြင်းတို့ ကြုံရတတ်ပါသည်။ မိသားစုတွင် ကျန်းမာရေးကိစ္စပေါ်လျှင် အဝါရောင် ဖျော်ရည်ကို ဘုရားလှူပြီး ဆုတောင်းပါ။ အိမ်ထောင်ရေး၊ အချစ်ရေး၊ လူမှုရေးတို့တွင် အထင်အမြင်လွဲမှားနေမှုများ ပြေလည်သွားမည်။ မိသားစုတွင် စိတ်ချမ်းသာစရာများ ကြုံရမည်။

ယတြာ။ ။ မွေးနေ့ နံနက်စောစော အိမ်ဘုရားတွင် ကိတ်မုန့် (၉)ချပ်၊ ရေနှစ်ခွက်လှူပြီး ဆုတောင်းပါ။ ကျန်းမာရေးအတွက် ဆွမ်းခံ ဘုန်းကြီးကို သစ်သီးလှူပါ။ အချစ်ရေး၊ လူမှုရေးအဆင်ပြေရန် အဝါရောင်ပန်းများ ဘုရားလှူပါ။

## တန်ဆောင်မုန်းလတွင် ဖွားမြင်သောသူများအတွက်

ယခုလအတွင်း နာမည်ဂုဏ်သတင်းကျော်ကြားမည်။ လူချစ်လူခင်များမည်။ မသင့်မြတ်သူများနှင့် ပြေလည်သွားမည်။ ရပ်ဝေး ရေခြားမြေခြား ဆက်သွယ်အကျိုးပြုမည်။ ငွေအထူးဝင်ပြီး အထူးထွက်၍ ငွေမမြဲသော ကာလကြုံမည်။ အနုပညာနှင့် ပတ်သက်သော အောင်မြင်မှုရမည်။ ရေနားနီးသူ၊ ရေလုပ်ငန်းနှင့် ပတ်သက်သူများမှ မိမိရည်ရွယ်ချက်၊ အလုပ်ကိစ္စများအား ကူညီလိမ့်မည်။ အဝတ်အထည်အသုံးအဆောင်များ ဝင်မည်။ နေရာ၊ ရာထူးဌာန တာဝန်နှစ်မျိုးကြုံရပါလိမ့်မည်။ မိသားစုတွင် နေရာအပြောင်းအရွှေ့ရှိသည်။ အလုပ်တာဝန်နှစ်မျိုး၊ အိမ်နေရာနှစ်မျိုးဖြစ်ခြင်းများ ကြုံမည်။ ထိုသို့ကြုံရပါက ဘုရားကို သောက်တော်ရေ နှစ်ခွက်ပူး၍ ကပ်လှူဆုတောင်းပါ။

ကျန်းမာရေးအတွက် ရေချိုးမှားခြင်း အထူးဂရုစိုက်ပါ။ ကျန်းမာရေးကိစ္စကြုံရလျှင် သစ်ပင် ရေလောင်းပြီး ဆုတောင်းပါ။ အိမ်ထောင်ရေး၊ အချစ်ရေး၊ လူမှုရေးအတွက် ကြားစကားကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရမည်။ အထင်အမြင်လွဲမှားတတ်သည့် ကြားစကားများ မယုံသင့်ပါ။

ယတြာ။ ။ မွေးနေ့ နံနက်စောစော အိမ်ဘုရားတွင် ကော်ရည်တစ်ပွဲ၊ ကော်ဖီတစ်ခွက်ကပ်လှူပါ။ ကျန်းမာရေးအတွက် ဘုရားစေတီရှိ ဗောဓိညောင်ပင်အား ရေသွန်းလောင်းပါ။ မိသားစုရေး၊ အချစ်ရေး၊ လူမှုရေးကိစ္စများ အဆင်ပြေရန် ကောက်ညှင်းပေါင်းကို ဘုရားတွင် ကပ်လှူ ဆုတောင်းပါ။

## နတ်တော်လတွင် ဖွားမြင်သောသူများအတွက်

ယခုလအတွင်း အခွင့်အရေးထူးများ ရမည်။ ဆုံးရှုံးထားခြင်းများ ပြန်ရမည်။ ရည်ရွယ်ထားသော ကိစ္စများ အောင်မြင်မည်။ ကိုယ်ဝန်ဆောင်အမျိုးသမီး ကူညီမည်။ ဆွေမျိုးတော်စပ်သော အမျိုးသမီး အကြီးအကဲကြောင့် ငွေဝင်မည်။ နယ်စပ်၊ နိုင်ငံခြားနှင့် အထူးအဆက်အသွယ်ရမည်။ အလုပ်အတွက် လူကြီးသစ်၊ မိတ်ဆွေသစ် အထူးအကျိုးပြုမည်။ ယာဉ်၊ စက်ပစ္စည်းကိစ္စများ အောင်မြင်မည်။ လျှပ်စစ်ပစ္စည်းဝင်မည်။ ပစ္စည်းဟောင်းများ ထွက်၍ ပစ္စည်းသစ်များ ဝင်မည်။ ဆုံးရှုံးထားသော ငွေကြေးများ ပြန်ရလိမ့်မည်။ လူမှုရေးအသင်းအဖွဲ့ကိစ္စများ ဦးဆောင်ရမည်။ မိသားစုတွင် အလှူခရီးပေါ်မည်။ ငွေကြေးကံကောင်းသည်။ အဝေးရောက်နေသူများမှ အဆက်အသွယ်ကောင်းများရမည်။

ကျန်းမာရေးအတွက် စိုးရိမ်စရာမရှိသော်လည်း ဓမ်းဗိုက်နှင့် ပတ်သက်သော အနာရောဂါကြုံရတတ်သည်။ အချစ်ရေးတွင် ချစ်သူနှစ်ဦးကြား ခရီးရက်ရှည်ခွဲခွာနေရခြင်းများ ကြုံမည်။ အိမ်ထောင်ရေးအဆင်ပြေရန် ကြီးကဲသူ အမျိုးသမီးအား အသီးဒါနပြုပါ။

ယတြာ။ ။ မွေးနေ့ နံနက်စောစော အိမ်ဘုရားတွင် ခေါက်ဆွဲသုပ်တစ်ပွဲ၊ သောက်တော်ရေတစ်ခွက်လှူ၍ ဆုတောင်းပါ။ ကျန်းမာရေးအတွက် အနီရောင်ဖျော်ရည် နှစ်ခွက်ပူးလှူ၍ ဆုတောင်းပါ။ အချစ်ရေး အိမ်ထောင်ရေး အဆင်ပြေရန် သီလရှင်ကို သစ်သီးများ လှူဒါန်းပါ။



www.burmeseclassic.com

www.burmeseclassic.com

## ပြာသိုလတွင် ဖွားမြင်သောသူများအတွက်

ယခုလအတွင်း ဇာတ် စ,တက်သောကာလဖြစ်သည်။ စပ်တူကိစ္စ၊ အဖွဲ့အစည်းကိစ္စများ အောင်မြင်မည်။ နေရာ၊ အဆောက်အအုံ ဝယ်ခြင်း အောင်မြင်မည်။ ဆုံးရှုံးထားသော အခွင့်အရေးများ ပြန်ရမည်။ ငွေကိစ္စများ ပြေလည်သွားမည်။ မိတ်ဆွေများနှင့် ဘာလေထီ စပ်တူကံစမ်းသင့်သည်။ (၂)ဂဏန်းနှင့် အပူးဂဏန်းများ အကျိုးပြုမည်။ မိတ်ဆွေသစ်၊ သင်တန်းသစ်၊ လုပ်ငန်း များအကျိုးပြုမည်။ အဖက်ဖက်မှ စိတ်ချမ်းသာစရာများ ကြုံမည်။ မိသားစုတွင် အလှူကိစ္စ၊ ဧည့်ဝတ်မင်္ဂလာကိစ္စများ ကြုံရတတ် သည်။ မင်္ဂလာကိစ္စကြုံရလျှင် အောင်ဘာလေထီ ကံစမ်းပါ။

ကျန်းမာရေးအတွက် စိုးရိမ်စရာမရှိသော်လည်း လက် ထိခိုက်မိတတ်သည်။ ဂရုစိုက်ပါ။ လူရင်းမိတ်ဆွေ၏ ကျန်းမာရေးကိစ္စ ကူညီရမည်။ အိမ်ထောင်ရေး၊ အချစ်ရေး၊ လူမှုရေးတို့တွင် စိတ်ချမ်းသာစရာများ ကြုံရပါလိမ့်မည်။ ချစ်သူ မရှိသေးသူများ မြား နတ်မောင်၏ ဖူးစာရှင်ကို တွေ့ရလိမ့်မည်။ ချစ်သူထံမှ လက်ဆောင်ရလိမ့်မည်။

ယတြာ
- မွေးနေ့ နံနက်စောစော အိမ်ဘုရားတွင် ကောက်ညှင်းပေါင်းနှင့် ဘယာကြော်လှူပြီး ဆုတောင်းပါ။ ကျန်းမာရေး အတွက် ဆွမ်းခံ ဘုန်းကြီးကို အီကြာကွေးနှစ်ခုလှူပါ။ အချစ်ရေးအဆင်ပြေရန် နှင်းဆီပန်းများ ဘုရားကပ်လှူ၍ ဆုတောင်းပါ။ လူမှုရေးကိစ္စများအတွက်တော့ ပန်းပင် ရေလောင်းပါ။

## တပို့တွဲလတွင် ဖွားမြင်သောသူများအတွက်

ယခုလအတွင်း ကောင်းသော ဂုဏ်သတင်းဖြင့် ထင်ပေါ်ကျော်ကြားမည်။ အောင်မြင်မှုရမည်။ ရင်းနှီးမြှုပ်နှံထားသော ကိစ္စများအတွက် အကျိုးထူးပြန်ရချိန်ဖြစ်သည်။ အစိုးရနှင့် ပတ်သက်သော လူကြီးများ ကူညီမည်။ ငွေကံအထူးကောင်းချိန် ဖြစ်သည်။ နိုင်ငံခြားအဆက်အသွယ်ထူးများ ရမည်။ အဖိုးတန် လျှပ်စစ်ပစ္စည်းဝင်မည်။ အလုပ်ကိစ္စများအတွက် တာဝန်များမည်။ ကုန်သွယ်စပ်ကိစ္စများနှင့် ပတ်သက်ပြီး အောင်မြင်မည်။ မွေးဖွားသော သတင်းကြားလျှင် ငယ်သူနှင့်တွဲစပ်၍ ထီကံစမ်းသင့်သည်။ မိသားစုတွင် ငယ်သူငယ်သားများအတွက် စိတ်ချမ်းသာစရာများ ကြုံရမည်။ အဆောက်အအုံကိစ္စ အောင်မြင်မည်။ လှူဖို့ ရက်ရှည် ရှိနေလျှင် အိမ်ဘုရား၌ ကောက်ညှင်းပေါင်းကပ်ပါ။

ကျန်းမာရေးအတွက် အဆိုးအညံ့မရှိသော်လည်း အပူလောင်ခြင်း၊ လျှပ်စစ်အန္တရာယ် ဂရုစိုက်သင့်သည်။ မိမိမွေးနေ့တွင် သူ့သတင်းမေးခြင်း ရှောင်ပါ။ အိမ်ထောင်ရေး၊ အချစ်ရေး၊ လူမှုရေးအတွက်တော့ သဝန်တိုခြင်း၊ စကားအဆင်မပြေခြင်းများ ရှိမည်။ ချစ်သူ၏ မေတ္တာကြီးမားမှု ဂရုစိုက်မှုတို့ ရပါလိမ့်မည်။

ယတြာ
- မွေးနေ့နံနက်စောစော အိမ်ဘုရားတွင် ပေါက်စီတစ်လုံး၊ လက်ဖက်ရည်တစ်ခွက် ကပ်လှူဆုတောင်းပါ။ ကျန်းမာရေး အတွက် ဆွမ်းခံ ဘုန်းကြီးကို အသီးလှူပါ။ အချစ်ရေး၊ အိမ်ထောင်ရေး၊ လူမှုရေးကိစ္စများ အဆင်ပြေရန် အဝါ ရောင်ပန်းများ ဘုရားမှာ ကပ်လှူဆုတောင်းပါ။

## တပေါင်းလတွင် ဖွားမြင်သောသူများအတွက်

ယခုလအတွင်း ရပ်ဝေးမှစာ၊ သတင်းကောင်းအဆက်အသွယ်များရမည်။ ကွဲကွာနေသူများ၊ ဝေးကွာနေသူများနှင့် ပြန်ဆုံမည်။ လျှောက်လွှာ၊ သင်တန်းကိစ္စများ အောင်မြင်မည်။ ဆရာမ၊ ပညာရေးနှင့် ပတ်သက်သူများ ကူညီမည်။ ဘာသာရေးခရီးထွက် ရတတ်သည်။ သွားရလျှင် (၂)ဂဏန်းနှင့် အောင်ဘာလေထီ ကံစမ်းပါ။ လျှပ်စစ်ပစ္စည်းပျက်တတ်သည်။ အပြောင်းအလဲအသစ် ရှိမည်။ စာပေ၊ အနုပညာကိစ္စများအတွက် အခွင့်အရေးထူးများ ရမည်။ အလုပ်စတင်ခြင်း၊ နေရာသစ် စီစဉ်ခြင်းများ အောင်မြင် မည်။ ငွေကိစ္စများ ပြေလည်သွားမည်။ မထင်မှတ်သော ငွေဝင်ကိန်းရှိသည်။ မိသားစုတွင် ငယ်သူ သင်တန်း၊ ပညာရေး အောင်မြင် မည်။ ဆွေမျိုး အမျိုးသမီး၏ အောင်မြင်မှု သတင်းကောင်းများ ကြားရမည်။ မိသားစု အပျော်ခရီးသွားရတတ်သည်။

ကျန်းမာရေးအတွက် အစားမှားခြင်း ဂရုစိုက်ပါ။ သူတစ်ပါးကျန်းမာရေးအတွက် ဆေးကုသခြင်း ကူညီရမည်။ အိမ်ထောင်ရေး၊ အချစ်ရေး၊ လူမှုရေးကိစ္စများအတွက်တော့ စိတ်ချမ်းသာစရာများ ကြုံရပါလိမ့်မည်။ ပညာရေး၊ သင်တန်းကိစ္စတို့ကြောင့် အချစ်ရေးတွင် အခွင့်အတားဖြစ်တတ်ပါသည်။

ယတြာ
- မွေးနေ့နံနက်စောစော အိမ်ဘုရားတွင် ထမင်းဆီဆမ်း၊ ဆားဖြူးတစ်ပွဲနှင့် သောက်တော်ရေတစ်ခွက် ကပ်လှူ ဆုတောင်းပါ။ ကျန်းမာရေးအတွက် ဆွမ်းခံ ဘုန်းကြီးအား ဘာသာရေးစာအုပ် လှူပါ။ အချစ်ရေး၊ အိမ်ထောင်ရေး လူမှုရေးအတွက် ဘုရားတွင် အဖြူရောင် မျက်နှာသုတ်ပဝါတစ်ခုလှူပါ။

*****


www.burmeseclassic.com

www.burmeseclassic.com

## နှတ်မောက် မှတ်ကျောက်

# လေဖြန်း လေငန်း ဤဆေးစွမ်း

ယနေ့အချိန်ကာလတွင် လူအများမှာ မသန့်သော စားသုံးဆီအမျိုးမျိုးနှင့် ကြော်လှော်ချက်ပြုတ်ထားသည်များ ကို တစ်နည်းမဟုတ်၊ တစ်နည်းဖြင့် စားသုံးနေရသဖြင့် သွေးအတွင်း ကိုယ်လက်စထရောများကာ၊ လေငန်း လေဖြန်းဝေဒနာများ ခံစားရမှု များပြားလာသည်ကို တွေ့ရပါသည်။

စာအုန်းဆီ၊ အကြိမ်ကြိမ်ကြော်ထားသော ဆီများနှင့် အသုံးပြုထားသော အစားအစာများသည် နေ့စဉ်လိုပလူပျံအောင် ထွက်နေပြီး ကလေးလူကြီး မလွှဲသာ မရှောင်သာ စားသုံးနေကြရပါသည်။ ထို့ထက် ပိုဆိုးသည်မှာ အင်တာနက် သတင်းတစ်ပုဒ်တွင် အိုကြာကွေးကဲ့သို့ မုန့်များ၊ အကြော်စုံများကို လေသလပ်ပြီး ပျော့မသွားအောင် ရေသန့်ဘူးများ အရည်ပျော်အောင် ဆီထဲသို့ ထည့်ပြီးကြော်သည်ဟု ဖတ် လိုက်ရရာ ဆီသာမဟုတ် ပလတ်စတစ် ကော်ရည်များပါ စားနေရပါလားဟု ထိတ်လန့်တုန်လှုပ်မိပါသည်။

မည်သို့ပင်ဖြစ်စေ၊ ကျွန်ုပ်တို့အနေဖြင့် အသက်ရှည်ရာ အနာမဲ့ကြောင်း ကျန်းမာရေးကောင်းစေရန် ဂရုပြုဆင်ခြင်ပြီး မြန်မာ့ရိုးရာဆေးဝါး၊ အစားအသောက်များသာ စားသောက်ရန် သတိပြုကြရမည်ဖြစ်သည်။

ယခု တင်ပြမိသည်မှာ ရှေးဘိုးဘွားတို့ အသက် ၇၀၊ ၈၀ ကျော်တွင် သဘာဝမွေတာန်းအရ သွေးအားလေအားယုတ်လျော့ပြီး လေငန်း၊ လေဖြန်း၊ လေဖြတ် မဖြစ်စေ ရန်နှင့် ဖြစ်လာခဲ့လျှင်လည်း လက်တွေ့ပျောက်ကင်းစေနိုင် သည့် မြန်မာ့ရိုးရာဆေးစွမ်း ဆေးနည်းတစ်လက်ကို တင်ပြ လိုပါသည်။

ဤဆေးမျိုးကို မည်သည့်ဆေးဆိုင်၊ မည်သည့်ဆေး ကုမ္ပဏီကမှ ထုတ်လုပ်ရောင်းချခြင်း မရှိပါ။ ရောင်းသည်၊ ထုတ်သည်ဆိုလျှင်လည်း အတုသာဖြစ်ပါမည်။ ဆေးနည်းမှာ ပန်းပေါင်းတစ်ထောင်၊ မြေပေါင်းတစ်ထောင်၊ ထင်းပေါင်း တစ်ထောင်ဖြစ်ပါသည်။

ပန်းပေါင်းတစ်ထောင်ဆိုသည်မှာ ပျားရည်စစ်စစ် ဖြစ်ပါသည်။ မြေပေါင်းတစ်ထောင်ဆိုသည်မှာ နေအိမ်တွင် အုံဖွဲ့ ပြုလုပ်တတ်သော နဂါးအုံ(နကျယ်အုံ)မြေဖြစ်ပါသည်။ ထင်းပေါင်းတစ်ထောင်ဆိုသည်မှာ မီးဖိုအိမ်ခေါင်မိုးတွင် ကပ်နေသော ကျပ်ခိုးဖြစ်ပါသည်။

အထက်ပါ ဆေးအမယ် သုံးပါးကို ဟင်းသောက်ဇွန်း တစ်ဇွန်းစီစပ်၍ မွှေကာ စားပေးပါ။ တစ်နေ့သုံးကြိမ်စားပေးပါ။ တစ်ပတ်ခန့်စားလျှင် လေငန်း၊ လေဖြန်း လုံးဝ သက်သာ ပျောက်ကင်းပါသည်။

လေဖြတ်နေသူများ သုံးလခန့်အထိ စားပေးခြင်းဖြင့် သိသာထူးခြား သက်သာပါသည်။

အလွန်ထိရောက် အစွမ်းထက်သော မြန်မာ့ရိုးရာ ရှေးရှေးအတီတေက ဖဆေးစွမ်းတစ်လက်ဖြစ်၍ မတိမ်ကော မပ,ပျောက်စေရန် ရေးသားတင်ပြအပ်ပါသည်။ ■

နှတ်မောက် မှတ်ကျောက်

*****



www.burmeseclassic.com

www.burmeseclassic.com




ပွဲရောဟိတ်လက္ခဏာဆရာကြီး ဆရာစန္ဒြ၏သား

**ဆရာဒေဝ A.G.T.I (Civil)**

လက္ခဏာနှင့် နက္ခတ်ဗေဒင်ပညာရှင်




အမှတ် ၇၅၊ ဓမ္မစေတီလမ်း(တော်လှန်ရေးပန်းခြံရှေ့) *Sweet Centre* နှင့် ကပ်လျက်
မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၅၀၅၁၇၁၊
E.mail; sayadeva@myanmar.com.mm, Internet- http://www.sayadeva.com

# ယနေ့နာမည်ကျော်များ မေးကြပြီ

ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များ၊ ဒါရိုက်တာများဖြစ်ကြသော ရန်အောင်၊ ဒွင်မိုး၊ ထွန်းအိန္ဒြာဗို၊ ဇင်ဝိုင်း၊ လူမင်း၊ စိုးသူ၊ စိုးမြတ်သူဇာ၊ မင်းမော်ကွန်း၊ ဆုပိုပိုအောင်၊ မျိုးသန္တာထွန်း၊ ဆုဆုစန္ဒီ၊ ဓာတ်ပုံရဲမြင့်လွင်၊ ရီဝေယံ၊ သင်းရန့်၊ အောင်မျိုးမင်း(ရင်တွင်းဖြစ်)၊ စုလှိုင်နှင်း၊ ဒါရိုက်တာမောင်ဝဏ္ဏ၊ ညီနန္ဒ၊ မေသန်းနု၊ သျှားညို၊ နီကိုရဲ၊ မင်းဟိဏ်း၊ မော်ဒယ်ပုစွန်၊ စမိုင်းလ်၊ ကိုကိုလင်းမောင်၊ ဝေဠုကျော်၊ နှင်းဝတ်ရည်သောင်း၊ စိုးမြတ်နန္ဒာ၊ စတီရီအဆိုတော်ချစ်ကောင်း၊ ကြည်လဲ့လဲ့ဦး၊ ခြတ်ပေါသီ၊ မောင်ပြည့်ဝ(ပန်းဝေသီ)၊ ယမင်းကုံ့ကို၊ ဒါရိုက်တာမိုးပွား၊ ကိုဇော် (အာရုဏ်ဦး)၊ ဒါရိုက်တာမိုက်တီး၊ မျိုးစန္ဒီကျော်၊ ရာဇာနေဝင်း၊ ပေါမာနေဝင်း၊ အိန္ဒြာကျော်ဇင်၊ မေဝင်းမောင်၊ မီးမီး(ရတနာ)၊ Best Time Beauty Parlour ၊ ရတနာခင်၊ အေးဝတ်ရည်သောင်း၊ ဇင်မာဦး၊ စာရေးဆရာမ လွှမ်းထားထား (ဆေးတက္ကသိုလ်)စသော နာမည်ကျော်အနုပညာရှင်များအကြောင်း လက္ခဏာ ဗေဒင် ဆောင်းပါးများကို ရေးသားဖော်ပြပြီး ဖြစ်ပါသည်။

ထို့ကြောင့် သင်သည်လည်း 'ဆရာဒေဝ'ထံ မေးကြည့်ဖို့ အချိန်တန်ပြီ။


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် မောင်ထိုက်တန်သည် အတန်းပညာတို့ တတ်မြောက်အောင်မြင်၍ ဘွဲ့လက်မှတ်ရရှိခဲ့ပြီးသည့်နောက် မိဘများကလည်း ငွေကြေးပြည့်စုံ ကြွယ်ဝကြသည်နှင့်အညီ တစ်စုံတစ်ခုသော အလုပ်အကိုင်ကို ရှာဖွေလုပ်ကိုင်ခြင်း မရှိသေးဘဲ အေးအေးလူလူ နားနေကာ၊ စာအုပ် စာပေများကို ရှာဖွေဖတ်ရှုနေစဉ် စာအုပ်ပုံထဲမှ "ရွာပျောက်ကြီး" ဆိုသည့် ဝတ္ထုကို တွေ့ မြင်ဖတ်ရှုလိုက်ရသည့်အခါဝယ် ငါးပါးသီလလုံခြုံလွန်းသဖြင့် နတ်တို့၏ စောင့်ရှောက်ခြင်းကို ခံနေရသော ပျောက်ကွယ်နေသည့် ထိုရွာငယ်လေးအား တွေ့မြင့်လိုစိတ် ဖြင်းပြခဲ့ရသည်။

ငွေကြေးကလည်း ပြည့်စုံ၊ အသက်အရွယ်ကလည်း ခါယ်ကျော်သက်၊ နှစ်ဆယ်နားကပ်နေသည့်အရွယ်သည်း ဖြစ်လေတော့ စိတ်သွားတိုင်းကိုယ်ပါနိုင်သည်မို့ ထိုရွာပျောက်ကြီးကို ရှာဖွေရန် မြန်မာပြည်တစ်နံတလျားသို့ ခရီးသွားလာရန်အတွက် ပြတ်သားစွာဆုံးဖြတ်ခဲ့သည်။ အမှန်တော့ ထိုရွာနှင့်ပတ်သက်သည့် အကြောင်းချင်းရာကို ကျွန်တော် ယခုမှသာ သိရှိမှတ်သားရခြင်းမဟုတ်ဘဲ၊ တက္ကသိုလ်တက်နေစဉ်ကပင် ဆရာဖြစ်သူ၏ အရိပ်အမြွက် ပြောပြမှုကြောင့် နားရည်ဝကာ စိတ်ပါပါဖြစ်နေခဲ့ရာ၊ ယခုကဲ့သို့ စာတစ်တန်ပေတစ်ဖွဲ့နှင့် တခမ်းတနား ရေးသားဖော်ပြထားသော ရွာပျောက်ကြီး၏ အတ္ထုပ္ပတ္တိကို ဖတ်ရှုလိုက်ရသည့်အခါတွင် ယခင်က ဝင်စားခဲ့သော စိတ်တို့တစ်ဖန်အုံကြွလာကာ၊ ထိုရွာပျောက်ကြီးကို မတွေ့တွေ့အောင် ဖွေရှာတော့မည်ဟု ယတိပြတ် ဆုံးဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ဆရာဖြစ်သူ ပြောပြသည့် အကြောင်းချင်းရာမှာလည်း ဝတ္ထုစာအုပ်ထဲက ဇာတ်လမ်းနှင့် သိပ်မကွာ။ ဆရာကတော့ သူ့မိတ်ဆွေ၏ ကိုယ်တွေ့ဖြစ်ရပ်ဟုဆိုသည်။ ဂျော်လော်ဂျီ(Geology) ကျောင်းသားတစ်ယောက် ဖီး(Field) ဆင်းရင်း လမ်းပျောက်ကာ ရွာပျောက်ကြီးဆီသို့ ရောက်ရှိသွားခဲ့ကြောင်း၊ ရွာပျောက်ကြီးမှ ရွာသူရွာသားများက ထိုကျောင်းသားကို စောင့်ရှောက်ပြုစုကြပေမယ့် ထိုသူမှာတော့ အသားမပါ ငါးမပါ ဟင်းစားများနှင့် အချိန်ကြာမြင့်စွာ အသက်မဆက်နိုင်သဖြင့် လူ့အရပ်သို့ ပြန်ရာလမ်းအတိုင်း ပြန်လာခဲ့ကြောင်း။ နောင်တစ်ချိန် ထိုလမ်းကို မှတ်သားကာ ရွာပျောက်ကြီးကို သွားရောက်ရှာဖွေသောအခါ ထူးဆန်းစွာပင် ချုံနွယ်တို့ အုပ်မိုးနေသည့် တောတန်းကိုသာ တွေ့ခဲ့ရကြောင်း ဆရာက ပြန်ပြောင်းပြောဆိုခဲ့၏။

ထိုရွာ၌ နေထိုင်သူတို့မှာ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြဲကြောင်း။ ထိုသို့ ငါးပါးသီလ လုံခြုံလှသဖြင့် ထိုရွာကို နတ်တို့က ဘေးဥပဒ်ကင်းဝေးအောင် ဖျောက်ကွယ်ပေးထားကြောင်း အစရှိသည့် အဖြစ်ထူးများကို ထိုလူက ပြန်ပြောင်းပြောပြသဖြင့် သိရှိခဲ့ရသည်ဟူ၏။

ဆရာ့စကားနှင့် စာအုပ်ပါအကြောင်းအရာများက ကျွန်တော့်စိတ်ကို သွေးဆောင် နှိုးဆွနေ၍ ရွာပျောက်ကြီးကို ရှာဖွေရန်အတွက် လိုအပ်သည်များကို ဝယ်ယူကာ ရှမ်းပြည်နယ်ဘက်သို့ ကျွန်တော်ထွက်လာခဲ့လိုက်သည်။ ထူးဆန်းစွာပင် စာအုပ်ထဲက ဇာတ်လမ်းနှင့် ဆရာ့ပြောပြချက်တို့၏ ဇစ်မြစ်နေရာမှာ ရှမ်းပြည်နယ်ထဲက တောင်ပေါ် ရိုးမတစ်နေရာကို ရည်ညွှန်းဖွဲ့ဆိုနေသကဲ့သို့ ရှိသဖြင့် ကျွန်တော့်စိတ်ထဲ ရွာပျောက်ကြီးသည် ထိုအနီးနားတစ်ဝိုက်တွင် သေချာပေါက် ရှိနေလိမ့်မည်ဟု ယုံကြည်နေမိသည်။



◈◈◈

မိုးစုန်းစုန်းချုပ်လုပြီ။

တစ်နေ့လုံး မရပ်မနားလျှောက်လာခဲ့ခြင်းကြောင့် ခြေထောက်တို့သည်လည်း လေးဖင့် ညောင်းချိနေပြီ။ ည



www.burmeseclassic.com

www.burmeseclassic.com

တောင်ပေါ်က တောနက်ထဲမှာ ရှာငယ်တစ်ရွာတွေ့ခဲ့ဖူးသည်ဟူသော မုဆိုးကြီးစိုင်းပအိုက်၏ အဆိုအရ ကျွန်တော်စိတ်အားထက်သန်စွာ ရှာဖွေနေပေမယ့် ရွာ မဆိုထားနှင့်၊ တဲပျက်ပင်မရှိ။ မိုးပင် ချုပ်တော့မည်။ လမ်းစလည်း ပျောက်နေပြီ။ မုဆိုးကြီးက သူကိုယ်တိုင် လိုက်ပို့ပေးပါမည်ဟု ဆိုသော်လည်း အားနာစိတ်ကြောင့် ထိုစကားကို ပယ်ရှားကာ၊ တစ်ယောက်တည်း ထွက်လာမိသည်မှာ မှားလေပြီလား။ နောင်တက နောင်မှသာ ရသည်။

မှောင်ရိပ်သမ်းနေပြီဖြစ်သောကြောင့် ပတ်ဝန်းကျင်ရှိ ခပ်လှမ်းလှမ်းမှ အရာများကို မသဲမကွဲသာ မြင်ရတော့သည်။ တောတောင်ပေါ်မှာ ဖြစ်သဖြင့် တောကောင်များလည်း ရှိနိုင်သလို၊ အဆိပ်ရှိ သတ္တဝါများလည်း ရှိနေမည်မှာ အသေအချာ။ ဟိုအတွေးဒီအတွေးများဖြင့် ကျွန်တော့်စိတ်ထဲ စိုးရွံ့ ကြောက်လန့်လာမိသည်။ ရွာပျောက်ကြီးကို အရှာထွက်ရင်း မြွေကိုက်၍ သေပါက ကြား၍ တော်မည်မထင်။ အတွေးများ၏ ဖိစီး ခြောက်လှန့်မှုကြောင့် ကျွန်တော့်ခြေလှမ်းတို့ သွက်သထက် သွက်လာကာ၊ သစ်ရွက်ကြွေများကို ဝရုန်းသုန်းကား နင်းခြေရင်း အပြေးနှင်လာလိုက်စဉ်···

"အမလေးဗျ"

အသွားမတော် တစ်လှမ်းဆိုသည့်အတိုင်း မဆင်မခြင် နင်းလျှောက်မိသည့် ခြေတစ်လှမ်းက ကျွန်တော့်ကို သေရွာသို့ မြန်းအောင် ပို့ဆောင်လိုက်ပြီဟု။ ထိုအခိုက်မှာပဲ ကျွန်တော်သဘောပေါက်လိုက်သည်။ သို့သော်မည်သို့မျှ မတတ်နိုင်တော့။ ကျွန်တော့်တစ်ကိုယ်လုံး တောင်စောင်းအတိုင်း တလိမ့်ခေါက်ကွေး လိမ့်ဆင်းသွားခဲ့ပါပေါ့။

ကျွန်တော် လိမ့်ကျသွားခဲ့သည့်နေရာက ချိုင့်ဝှမ်းတစ်ခုအတွင်းသို့ ဖြစ်သည်။ ချုံနွယ်များ ထူထပ်စွာ ပေါက်ရောက်နေသဖြင့် ဟိုးအမြင့်ပေါ်က ပြုတ်ကျလာခြင်းဖြစ်ပေမယ့် ကျွန်တော့်တစ်ကိုယ်လုံး ကျိုးခြင်း၊ ပဲ့ခြင်း မရှိ။ အနည်းငယ် နာကျင်ပွန်းပဲ့သည်မှ လွဲ၍ ပကာတိ အကောင်းအတိုင်း ရှိနေသေး၍ ကျွန်တော် လဲကျနေရာမှ လူးလဲကာ ထ,ရပ်လိုက်တော့···

"မြတ်စွာဘုရား ···"

ကျွန်တော့်ပါးစပ်က ဘုရားတ,သံထွက်ကျသွားပါပြီ။ တွေ့ မြင်လိုက်ရသည်မှာ ဟိုတစ်စ ဒီတစ်စ လင်းဖြာထွက်လျက်ရှိသော မီးရောင်များ။

ဒါ···ဒါ···ရွာတစ်ရွာ။

တောင်ကြားမှာ တည်ရှိနေသည့် ရွာငယ်လေးတစ်ရွာ။ ဒါဟာ ကျွန်တော်ရှာဖွေနေသည့် ရွာပျောက်ကြီးများလား။ ဒါမှမဟုတ် တောင်ပေါ်က သာမညရွာတစ်ရွာလား။ သွားရောက်လေ့လာကြည့်မှပဲ အဖြေမှန်ကို သိနိုင်မည်မို့ ကျွန်တော့်ခြေလှမ်းတို့ကို ရွာကလေးဆီသို့ ဦးတည်လာခဲ့လိုက်သည်။

ရွာကလေးသည် ထူးထူးခြားခြား ဆိတ်ငြိမ်နေသည်။ နေရောင်ပျောက်ကွယ်စ ဆည်းဆာရိပ်သဲ့သဲ့ ကျန်ရစ်နေဆဲ။ ညနေ ဆည်းဆာချိန်ဖြစ်လင့်ကစား၊ ကလေးများ၊ လူငယ်များ သွားလာသက်ဝင်နေခြင်း မရှိ။ ရွာပျက်ကြီးအလား ရှုံးဝဥသုံ ခြောက်သွေ့နေ၏။ သုသာန်တစ်စပြင်ကဲ့သို့ တိတ်ဆိတ် ခြောက်ကပ်လျက်ရှိသော ရွာငယ်လေးကို ငေးမျှော်ကြည့်ရင်း ကျွန်တော်ကိုယ်တိုင်ပင် အထီးကျန်သလိုလို ခံစားလာရသည်။ တစ်ဆက်တည်းမှာလည်း ကြက်သီးမွေးညင်းတို့ကလည်း တဖျိုးဖျိုးတဖြန်းဖြန်း။

ထိုစဉ် ရွာထိပ်က အိမ်တစ်အိမ်ဆီမှ ဘုရားဝတ်တက်သံကို ကြားလိုက်ရသည်။ အသံက သက်ကြီးပိုင်း အဘိုးအိုတစ်ဦး၏ သာယာနာပျော်ဖွယ်အသံ။ ကျွန်တော် နားစိုက်ကာ ထောင်နေစဉ်···

"အစ်ကို··အစ်ကိုက ဘယ်သူလဲ"

ဟူသော စကားမေးကို ကြားလိုက်ရသဖြင့် နောက်သို့ လှည့်ကြည့်လိုက်တော့ ကလေးတစ်ယောက်က ကျွန်တော့်ကို ပြူးကြောင်ကြောင် စိုက်ကြည့်လို့။

"ဪ···ကလေး၊ အစ်ကိုက ဧည့်သည်ပါ။ တောင်ပေါ်က လိမ့်ကျလာပြီး ဒီရွာကို လှမ်းမြင်လို့ လာခဲ့တာ"

အစက ကျွန်တော်တို့ သာမန်လူ့သဘာဝအတိုင်း လိမ်လို့ လိမ်မှန်းသတိမပြုမိဘဲ ပါးစပ်ထဲရှိရာ ပြောလိုက်မယ်ဟု စိတ်ကူးမိပေမယ့်၊ အကယ်၍ ဤရွာသာ ကျွန်တော်ရှာနေသည့် ရွာပျောက်ကြီးအစစ်ဆိုလျှင် ကျွန်တော့်မှသားကြောင့် ချက်ချင်းပျောက်ကွယ်နိုင်သည်မို့ စကားကို သတိနှင့် ထိန်းကာ အမှန်အတိုင်းပြောလိုက်ရ၏။

ကလေးက ကျွန်တော့်ကို တအံ့တဩ စိုက်ကြည့်နေသည်။ ကျွန်တော့်စကားကို မှန်,မမှန် ဆန်းစစ်နေသည့်ပုံစံမျိုးမဟုတ်ဘဲ သူတို့ရွာကို ဘယ်လိုများ ရှာဖွေတွေ့လာပါလိမ့်ဟု တွေးအကြည့်နေဟန်တူသည်။ ကလေးသည် အသက် ၉နှစ်အရွယ် ကောင်လေးတစ်ယောက်ဖြစ်မည်ထင်သည်။ မျက်လုံးဝိုင်းဝိုင်း၊ နဖူးပေါ်ပေါ် နှုတ်ခမ်းထူထူနှင့် အသားညိုညိုဖြစ်သည်။ စိုင်နလုံး အေးချမ်းဖြူစင်မည့်အသွင်က



www.burmeseclassic.com

www.burmeseclassic.com

ရှုပ်ရည်တွင် ထင်ဟပ်နေသည်။

"စိုင်းညာထာရေ . . .လူငယ်ကို အိမ်ပေါ် ပင့်ခဲ့ပါကွယ်"

ထိုစဉ် စောစောက ဝတ်တက်နေသည့် အိမ်အတွင်းမှ အသံတစ်သံ ထွက်ပေါ်လာသည်။ စောစောက ဝတ်ရွတ်နေသည့် အဘိုးအို၏ အသံသာ ဖြစ်မည်ထင်သည်။ စိုင်းညာထာ အမည်ရှိသော ကောင်လေးက အဘိုး အို၏ စကားဆုံးသည့်အခါ ကျွန်တော့်ကို သူ့နောက် လိုက်ခဲ့ရန်ဆိုကာ အိမ်ပေါ်သို့ တက်သွားတော့သည်။

◈◈◈

"ရွာမှာ လူတွေ သိပ်မရှိတော့ဘူး လူငယ်။ အင်းလေ၊ ဆုတ်ခေတ်ကြီးကို။ ဖြစ်ချိန်တန်လို့ ဖြစ်ခဲ့ပြီးပြီဆိုတော့ ပျက်ချိန်တန် ပျက်တော့လည်း ဘာမှ မဆန်းတာပေါ့လေ"

ရေနွေးကြမ်းနှင့် ထန်းလျက်ခဲကို ကျွန်တော့်ရှေ့ ကမ်းပေးရင်း ဆိုလိုက်သော အဘိုးအို၏ စကားကြောင့် ကျွန်တော် အံ့အားသင့်သွားသည်။ အိမ်တွင်းအနေအထားကို ဝေ့ဝဲကြည့်ရင်း မှတ်သားနေသော ကျွန်တော့် မျက်လုံးများသည် အဘိုးအို၏ မျက်နှာဆီ ပြန်ရောက်ကာ စိုက်ကြည့်နေမိသည်။

အဘိုးအိုနှင့် အဘိုးအို၏ အိမ်ကား ခပ်ဆင်ဆင်ဟု ဆိုရမည်။ အိမ်သည် အိမ်ရှင် ပန်းသင့်လှပေသည်။ အိမ်သည် လင်းလင်းချင်းချင်း သန့်သန့်ရှင်းရှင်းရှိပေသော်လည်း ဟောင်းမြင့်နေပြီ တချို့နေရာများ၌ ကျိုးပဲ့ပျက်စီးစ ပြုနေပြီ။ အဘိုးအိုသည် တောက်ပနေသော မျက်လုံးများကို ပိုင်ဆိုင်ထားသည် ဆိုနိုင်သော်ငြား အသားအရည်တို့ ပျော့တွဲကာ ရေယိုင်းကို ဖုံးထားခဲ့ပြီ။

"နေ . . .နေပါဦး အဘိုးရယ်။ အဘိုးက ဘာကို ဆိုလိုချင်တာလဲ။ ကျွန်တော်တော့ နားမလည်နိုင်အောင်ပဲ။ လူ . . .လူတွေက ဘယ်ရောက်ကုန်လို့လဲ"

"ဒီမယ် . . .လူငယ်၊ မင်းက ရွာပျောက်ကြီးကို လိုက်ရှာနေတဲ့သူ မဟုတ်လား။ ဒါ ရွာပျောက်ကြီးပဲ လူငယ်"

"ဟင် . . .ဒါ . . .ဒါ ရွာပျောက်ကြီး ဟုတ်လား။ တကယ်ပဲလား အဘရယ်၊ အမလေး . . .ဝမ်းသာလိုက်တာဗျာ"

အဘိုးအို၏ စကားကြောင့် ကျွန်တော့်ဝမ်းသာ ပျော်ရွှင်စိတ်က ထိန်းမနိုင် သိမ်းမရ ဖြစ်သွားခဲ့ရသဖြင့် ခုန်တော့မလို၊ ပြေးတော့မလို။ သူများ တကာတို့ တစ်သက်တာပတ်လုံး ရှာဖွေ၍မှ တွေ့ရန် မလွယ်သည့် ရွာကို ယခုများတော့ ကျွန်တော်က တစ်ခေါက်လာရုံဖြင့် ကိုယ်တိုင်တွေ့ကြုံရပြီပဲမဟုတ်လား။ မပျော်ဘဲ ဘယ်ရှိပါ့မလဲ။ သို့သော် ရုတ်တရက် သတိပြုမိလိုက်သည်က အဘိုးအို၏ မျက်နှာ။ နောက်ပြီး စောစောက အဘိုးအို ပြောသွားသည့် စကား။ တစ်ရွာလုံး လူမရှိတော့ဘူးဆိုပါလား။

"အဲ . . ဒါနဲ့ စောစောက စကားကို ရှင်းပြပါလား အဘရယ်။ ကျွန်တော် နားမလည်လို့ပါ"

"ခေတ်ပေါ့ ခေတ်လေ။ ခေတ်က အဘတို့ရွာကို ဖျက်သွားတာပဲ။ အဘတို့ရွာက ငါးပါးသီလလုံခြုံတဲ့သူမှ နေထိုင်လို့ရတဲ့ ရွာပဲ လူငယ်။ အဘဟာ ဒီရွာမှာပဲ မွေး ဒီရွာမှာပဲ ကြီးလာခဲ့တယ်။ ရှေးလူကြီးတွေက ငါးပါးသီလကို လုံခြုံအောင် နေထိုင်မှ ဒီရွာမှာ နေခွင့်ရှိမယ်လို့ ဆုံးမထားတဲ့အတွက် အဘတို့ဟာ ငယ်စဉ်ကနေ အခုချိန်ထိ ငါးပါးသီလကို သိလို့ဖြစ်စေ၊ မသိလို့ဖြစ်စေ ချိုးဖောက်ခဲ့ခြင်း မရှိခဲ့ဖူးဘူး။ သူတစ်ပါးအသက်သတ်ခြင်း၊ သူတစ်ပါး ပစ္စည်းခိုးခြင်း၊ သူတစ်ပါးရဲ့ သားမျိုး သမီးမျိုးနဲ့ ခင်ပွန်း ဇနီးကို ပြစ်မှားကျူးလွန်ခြင်း၊ လိမ်ညာပြောဆိုခြင်း၊ အရက်သေစာသောက်သုံးခြင်း အစရှိတဲ့ ကံငါးပါးကို စိတ်နဲ့တောင် မဖောက်ပြားခဲ့ဖူးဘူး"

အဘိုးအို၏ စကားများကို နားဆင်ရင်း ကျွန်တော့်မှာလည်း ပီးစပ်အပေါင်းသား။ ကြက်သီးများလည်း တဖြန်းဖြန်း။ ကြည်ညိုစိတ်တို့သည်လည်း ကျွန်တော့်ရင်ထဲဝယ် ယိုဖိတ်စိမ့်ဆင်းလာလေပြီ။

အံ့ဩဘနန်း အဆန်းတကြယ် စကားများကို နားဆင်နေရသလိုပါပဲ။ အားကျဖွယ်ရာ၊ အတုယူချင်စရာကောင်းလှပေမယ့် ကျွန်တော့်အတွက်တော့ လိမ်ညာပြောဆိုခြင်းနှင့် ခြင်၊ ပုရွက်ဆိတ် စသဖြင့် သူတစ်ပါးအသက်သတ်ခြင်းက နိစ္စဒူဝ ကိစ္စတစ်ခုလို ဖြစ်နေသဖြင့် အကျင့်ပါနေပါပြီ။ မည်သို့ပင်ဖြစ်စေ၊ အဘိုးအိုကို လေးစားကြည်ညိုသလို၊ အဘိုးအို၏ ဘဝကိုလည်း အားကျမိတာတော့ အမှန်။ သို့တိုင် အဘယ့်ကြောင့်လဲ မသိတတ်။ အဘိုးအို၏ မျက်နှာက မှိုင်တွေ ငိုင်ငေးနေဆဲ။

"လူငယ်တို့ လောကမှာလည်း ဟိုး ရှေးယခင်ခေတ်တစ်ခုတုန်းက ငါးပါးသီလကို ခါးဝတ်ပုဆိုးလို လုံခြုံသူတွေ ပေါများ ပြည့်လျှံခဲ့ဖူးတာပါပဲလေ။ ငါးပါးသီလလုံခြုံသူတွေ ပေါများတော့ ကမ္ဘာလောကကြီးက သူ့အလိုလို သဘာဝတဖြစ်ပြီး သာယာစိုပြည်နေခဲ့တာပေါ့။ ဒါပေမယ့် နောက်ဖြစ်လာတဲ့ လူ



www.burmeseclassic.com

www.burmeseclassic.com

တွေက ဆုတ်ခေတ်ရောက်လာတဲ့ နည်းတူ လောဘ၊ ဒေါသကြီးလာကြတယ်။ ငါးပါးသီလကို အလေးအနက် မထားချင်ကြတော့ဘူး။ အဘတို့ရွာမှာတော့ ရေးလူကြီးအဆက်ဆက်ရဲ့ ဆုံးမသွန်သင်မှုကြောင့် လူငယ်တွေဟာ အတော်လေး ယဉ်ကျေးသိမ်မွေကြပါသေးတယ်။ လူ့ကျင့်ဝတ်တွေကို လိုက်နာ ကျင့်ကြံကြပါသေးတယ်။ ဒါပေမယ့်လေ ပျက်ချိန်တန်လာတော့လည်း ပျက်ရတာပါပဲကွယ်"

"ဗျာ…ဒါ…ဒါဆို"

"ဟုတ်တယ် လူငယ်။ အဘတို့ရွာပျောက်ကြီးက အခုတော့ တကယ်ပဲ ရွာပျောက်ကြီးဖြစ်သွားခဲ့ပြီ။ အဘတို့ရွာမှာ လူငယ်တွေ ပျောက်,ပျောက်ကုန်ပြီ"

"ဘယ်လိုဖြစ်ရတာလဲ အဘရယ်"

"လွန်ခဲ့တဲ့ တစ်နှစ်ကျော်က အဘတို့ရွာကို အင်တာနက်ဆိုတဲ့ အရာတစ်ခုရောက်လာတယ်။ ခေတ်မီလောကဓာတ်ပစ္စည်းတစ်ခုပေါ့။ အဘကတော့ နားမလည်ပါဘူး။ ဒါပေမယ့် ခေတ် လူငယ် လူရွယ်တွေကတော့ တစ်ခါတစ်ရံမှာ စိတ်အပန်းဖြေရာ အဖြစ်နဲ့ အဲဒီပစ္စည်းကို အသုံးပြုကြတယ်"

"ဟင်…အဘတို့ရွာမှာ ဒါမျိုးတွေလည်း ရှိတာပဲလား"

"အို…ရှိတာပေါ့ လူငယ်ရယ်။ ရှိတာပေါ့။ အဘတို့ ငယ်ငယ်ကလည်း ရေဒီယိုနားထောင်ခဲ့တာပဲ။ အဘတို့က ခေတ်ဟောင်းမှာ နေရစ်ခဲ့တဲ့ ရွာတစ်ရွာ မဟုတ်ပါဘူး။ သာမန်လူတွေလိုပဲ လုပ်ကိုင် ရှင်သန်နေတဲ့ သာမည ရွာတစ်ရွာပါပဲ။ မတူတာဆိုလို့ ငါးပါးသီလကို မကျိုးပေါက်အောင် စောင့်



ထိန်းနေထိုင်မယ်ဆိုတဲ့ သစ္စာစကားတစ်ခုပဲကွာတယ်။

ဟိုးအရင်က ရေဒီယို နားဆင်တာ၊ ရုပ်မြင်သံကြား ကြည့်မြင်တာတွေက ငါးပါးသီလကို ကျိုးပေါက်စေခြင်း မရှိခဲ့ဘူးကွယ်။ စိတ်ကို သတိနဲ့ ထိန်းနိုင်တဲ့အတွက် ပျက်ယွင်းခြင်း မရှိခဲ့ဘူး။ ဒါပေမယ့် အဲဒီ အင်တာနက်ဆိုတဲ့ အရာကြီးကြောင့် ငါးပါးသီလ ပျက်စေနိုင်တယ်ဆိုတဲ့ အကြောင်းကို အခါနှောင်းမှပဲ အဘတို့ သိလိုက်ရတယ်။ သိလိုက်တဲ့အချိန်မှာ ရွာသားတစ်ဝက်လောက်က ရွာက ပျောက်သွားခဲ့ပြီလေ"

အဘိုးအိုက စကားကို ရပ်ကာ သက်ပြင်းရှည်ကြီးကို ရှိုက်သည်။ ကြမ်းခင်းကို စိုက်ကြည့်နေသော်လည်း သူ့မျက်လုံးများက ကြမ်းပြင်ကို မြင်ပုံမရ။ အဝိဇ္ဇာသို့သာ ငေးငဲ့ရောက်ရှိနေဟန်တူသည်။

"အင်တာနက်အသုံးပြုလို့ ကျိုးပေါက်စေတဲ့ သီလတွေကတော့ အာဒိန္နာဒါနာဆိုတဲ့ ခိုးမှုနဲ့ မုသာဝါဒ ဆိုတဲ့ လိမ်လည်မှုပဲ။ မနှောက်သာမက၊ ကာယကံပါ မြောက်လေတော့ သွားပြီ ပေါ့ကွယ်။ ရတ်တရက်ကြည့်လိုက်ရင်တော့ မသိနိုင်ဘူးကွဲ့။ လူငယ်တွေလည်း မသိလို့ သုံးခဲ့ကြတယ်နဲ့ တူပါ ရဲ့လေ။ ဒါပေမယ့် နောင်တ ရချိန်ကျ တော့ အခါလွန်သွားခဲ့ပြီပေါ့"

အဘပြောမှပဲ ကျွန်တော်လည်း ရေးတေးတေး သဘောပေါက်လာ တော့သည်။ ဟုတ်လိုက်လေ။ သူ တစ်ပါးပစ္စည်းကို ပိုင်ရှင် မသိအောင် ယူမိခြင်းဟာ ခိုးဝှက်ခြင်းနှင့် လိမ်ညာ ခြင်းပဲ မဟုတ်ပါလား။

ကျွန်တော်တို့ဟာ နေ့စဉ်နှင့် အမျှ စာရွက်စာတမ်းများ၊ ဓာတ်ပုံများ ကို ပိုင်ရှင် မသိအောင် ယူငင်နေသည်။ အထူးသဖြင့် စာအုပ်စာပေများ၊ သီချင်း ရုပ်ရှင်များကို ဆိုလျှင် ပိုက်ဆံအကုန် ခံကာ ဝယ်ယူရန် စိတ်ကူး မရှိကြ တော့။ လေလိုင်းမှတစ်ဆင့် ပိုင်ရှင်မသိ အောင် ခပ်တည်တည် ယူဝင်လိုက် ပင်။ သူတစ်ပါး၏ ကြိုးပမ်းအားထုတ်မှု ကို အသိအမှတ်ပြုရန်လည်း စိတ်ထဲ မတွေးတော့။ သူတစ်ပါး၏ စိတ်ခံစား မှုကို ကိုယ်ချင်းစာနာရန်လည်း မစဉ်း စားတော့။ ကျွန်တော်တို့၌ ကိုယ်ချင်းစာ တရားတို့ ပျောက်ချင်းမလှ ပျောက် ကုန်ကြပြီ။

ကွန်မန့်ချန်ခြင်း၊ မက်ဆေ့ချ် ပို့ခြင်းတို့ဖြင့် ကျွန်တော်တို့ဟာ နေ့တိုင်းလိုလို တစ်ဦးနှင့်တစ်ဦး ပြော ဆိုနေကြသည့်အတူ ရံဖန်ရံခါ မှော မဖြစ် ညာလိုက်ရသည့် ကိစ္စများလည်း ရှိ၏။ နိစ္စဓူဝဖြစ်စဉ်တစ်ခုပမာ ဖြစ် လာသောအခါ မုသားစကားသည် ကျွန်တော့်အဖို့ လုပ်ရိုးလုပ်စဉ် ဖြစ်လို့နေပြီ။ ရုပ်မြင်သံကြား ကြည့် ခြင်း၊ ရေဒီယိုနားထောင်ခြင်း အသုံးပြုခဲ့စဉ်က ခိုးဝှက်ခြင်းနှင့် ညာခြင်းတို့ကို မနှောင်းနှင့် ပြစ်မှား

www.burmeseclassic.com

www.burmeseclassic.com

သော့ ကာယကံမြောက် မကျူးလွန်ခဲ့သေး။ ယခုများတော့ ကျွန်တော်တို့ သာ သတိပင် မမူမိဘဲ နေ့စဉ် ပြုလုပ်နေမိပါလား။

◈◈◈

"အစ်ကို…အစ်ကို…သတိရလာပြီလား"

တအင်းအင်း ညည်းတွားရင်း ကျွန်တော် မျက်လုံးများကို ဖွင့်ကြည့်လိုက်သောအခါ တွေ့မြင်လိုက်ရသူက ဆိုင်ကြီး စိုင်းပအိုက်၏ သမီးငယ် နန်းငွေမြိုင်။ အဖေ ရှမ်း၊ အမေ ဗမာ ၏ သွေးတို့ စီးဝင်နှောယှက်နေသော နန်းငွေမြိုင်လေးက အသားက ပန်းသွေး မျက်လုံးဝိုင်းဝိုင်းကလေးနှင့် ချစ်ရလွန်းသူလေး။ ယခု သူမက ကျွန်တော့်မျက်နှာကို စိုးရိမ်တကြီး ကြည့်နေသည်။

"ကျွန်တော်…ကျွန်တော် ဘယ်ရောက်နေတာလဲ။ ကျွန်တော် ဘာဖြစ်သွားတာလဲ"

"အမလေး… အစ်ကိုရယ်၊ သေခေါင်း မပျောက်ကောင်း။ တောင်ပေါ်က လိမ့်ကျပြီး သတိလစ်သွားတာလေ။ ကံကောင်းလို့သာပေါ့။ အဖေတို့က အစ်ကို့ကို လိုက်ရှာရင်း တောင်အောက်မှာ တွေ့ပေလို့"

နန်းငွေမြိုင်က နှုတ်ခမ်းလေး ထော်ကာ ထော်ကာ ဆိုသည်။ ကျွန်တော်ကတော့ သူမ၏ မျက်နှာကို စိုက်ကြည့်ရင်း အတွေးနယ်လွန်နေခဲ့ပြီ။

ဤအတိုင်းဆို စောစောက ရွာပျောက်ကြီးသို့ ရောက်ခဲ့ခြင်းမှာ စိတ်ချွတ်လမ်းကာ အိပ်မက်မက်ခဲ့ခြင်းပေလော။ သို့မဟုတ် စိတ်ဝိညာဉ်က အမှန်တကယ်ပင် နတ်ဝှက်ထားသော ရွာပျောက်ကြီးကို ရှာဖွေတွေ့ရှိခဲ့ခြင်းလား။ ရွာပျောက်ကြီးမှာ အမှန်တကယ်ပဲ ခေတ်မီ စက်ပစ္စည်းတွေကို အသုံးပြုမှာတဲ့လား။ ထိုသို့ အသုံးပြုပါက အိပ်မက်ထဲကအတိုင်း ငါးပါးသီလတို့ ကျိုးပေါက်ကာ ရွာထဲက လူငယ်တွေ ပျောက်ကွယ် ထွက်ခွာသွားရမည်လား။ စသည်…စသည် တွေးတောရင်း ကျွန်တော့်အတွေးတို့က တောင်စဉ်ရေမရ။

"အို…အစ်ကိုကလည်း လူကိုများ စိုက်ကြည့်နေလိုက်တာ အသည်းယားစရာ။ ဘာမှန်းလည်း မသိဘူး။ သွားတော့မယ်"

စိတ်က ရောက်ရာ ပေါက်ရာ တွေးရင်း သတိလက်လွတ်ဖြစ်နေစဉ် မျက်လုံးများက နန်းငွေမြိုင်ကို စိုက်ကြည့်နေမိလေသဖြင့် သူမထံမှ မှုန့်နှံ့စကားသံ ထွက်ကျလာကာ၊ ကျွန်တော့်အနားမှ ရှက်စနိုးအမူအရာဖြင့် ထွက်သွားသည်။

ကျွန်တော့်စိတ်သန္တာန်မှာ သူမနှင့် ပတ်သက်ပြီး အချစ်ဆိုသည့် ကိလေသာအစေးတွေ ကပ်ငြိနေတော့လည်း သူမနှင့် နီးစပ်အောင် ကြိုးစားရတော့မည်ပေါ့။ တစ်ခုတွေးလိုက်မိသည်က အိပ်မက်ထဲတွင် နားဆင်ခဲ့ရသည့် အဘိုးအို၏ စကားများ။

"နောက်ဖြစ်တဲ့ ရှူတွေက ခုတ်ခေတ်ရောက်လာတဲ့နည်းရှူ လောဘ၊ ဒေါသ ကြီးလာကြတယ်။ ငါးပါးသီလကို အလေးအနက်မထားကြတော့ဘူး"

"ငါးပါးသီလဆိုတာ ဘုရားက ချမှတ်ထားတဲ့ စည်းကမ်းတင်းကျပ်မှု မဟုတ်ဘူး။ သဘာဝတရားကြီး သဟဇာတဖြစ်ဖို့အတွက် လောကရဲ့ နိယာမ တစ်ခုကို ဘုရားက သိမြင်လို့ ဟောပြော လမ်းပြပေးခဲ့တာ။ လူတွေသာ ဒီငါးပါးကို သိလို့ဖြစ်စေ၊ မသိလို့ ဖြစ်စေ၊ လွန်ကျူးမှုတွေ များလာမယ်ဆိုရင် ကမ္ဘာလောကကြီးဟာ တစ်နေ့ ပျက်စီးသွားရလိမ့်မယ်"

မေ့ပျောက်ပစ်ချင်ပေမယ့် ကျွန်တော်တွေ့ရှိလို့၍ လိုက်လံရှာဖွေခဲ့သည့် ရွာပျောက်ကြီးမှာ အဘိုးအို၏ စကားများက ကျွန်တော့်အာရုံထဲက ပျောက်ပျက်၍ မရ။ အိပ်မက်ဟု ဆိုရပေမယ့် မျက်မြင်ဒိဋ္ဌ တွေ့ခဲ့ရသလို။

အဘိုးအို၏ စကားက ဆက်စပ်မှုတော့ ရှိသည်။ ရှေးခေတ်အဆက်ဆက်၌ ယခုလောက် သဘာဝတရား ဖောက်လွဲ ဖောက်ပြန်မှုများ မတွေ့ကြုံခဲ့ဘူးပေ။ ကျွန်တော်တို့လက်ထက်ကျမှ သီလတို့ကို လျစ်လျူရှုကာ ချိုးဖောက်လာကြသည်နှင့် အပြိုင် သဘာဝဘေးအန္တရာယ်များကလည်း တစ်နှစ်ထက် တစ်နှစ် ဆိုးရွားခက်ထန်လာသည်ကို မျက်ဝါးထင်ထင်တွေ့မြင်နေရသည်ပဲ မဟုတ်ပါလား။

ကျွန်တော်တို့လက်ထက်မှာတောင် ယခုလောက် သီလတွေ ကျိုးပေါက်ကာ၊ ကမ္ဘာမြေကြီး ကမောက်ကမ ဖြစ်နေသည်ဆိုလျှင် ကျွန်တော်တို့ သားတွေ၊ သမီးတွေလက်ထက်ဆိုပါက တွေးဆရန်ပင် မဝံ့။ သဘာဝတရားတို့ သဟဇာတဖြစ်စေဖို့ရာ ကျွန်တော်တို့၏ စိတ်တွေကို ကောင်းသည့်ဘက်သို့ ပြုပြင်ပြောင်းလဲရန် အပြင်းအထန် လိုအပ်နေလေပြီ■

ဂါဦးနွန်းကို

*****



www.burmeseclassic.com

www.burmeseclassic.com

အောင်ဘုန်းမြင့် (ကချင်မြေ)

# ဆေးဖက်ဝင်သော ဆီးသီး

မြန်မာဆီးပင်များသည့် အပင်ငယ်၊ အပင်လတ်မျိုးဖြစ်ပြီး မြို့ရွာအနီးအနား ရွာအဝင်အထွက် လမ်းဘေးဝဲယာများတွင် အလိုအလျောက် ပေါက်ပွားတတ်သော သဘာဝအလေ့ကျ ပေါက်ပင်မျိုးဖြစ်သည်။ အရွက်သည် မြင်းခွာရွက်နှင့် သဏ္ဌာန်တူပြီး အကိုင်းအခက်များတွင် ဆူးချွန်များ ထွက်ရှိတတ်ပါသည်။

ဆီးသီးများတွင် လုံးကြီးမျိုး၊ လုံးသေးမျိုး၊ လုံးရှည်မျိုး အချိုသီးမျိုး၊ အချဉ်သီးမျိုး၊ အပင်ကြီးမျိုး၊ အပင်ပုမျိုးဟူ၍ မျိုးရင်းပေါင်း မြောက်မြားစွာရှိလေသည်။ အခွံ၏ အရောင်ပေါ် မူတည်၍ ဓာတ်စာကွဲပြားတတ်ပါသည်။

ယခုအခါ ပြည်ပမှ ဝင်ရောက်လာသော အလုံးကြီး အစေ့သေး၍ အသားထူသော ထိုင်ဝမ်ဆီးသီးခေါ် နိုင်ငံခြား ဆီးသီးများက မြို့ရော တောပါ နိုင်ငံအနှံ့ စိုက်ပျိုးဖြစ်ထွန်း ကြီးစိုးထားလျက် ရှိနေပေ၏။

အနောက်တိုင်း ဆေးပညာအယူအဆရ ဆီးသီးတွင် ကင်ဆာနှင့် နှလုံးရောဂါကို ကာကွယ်တားဆီးပေးနိုင်သော အချက်ပေါင်း မြောက်မြားစွာရှိသည်ဟူ၏။ ဆီးသီးအရောင် အမျိုးမျိုးရှိသည့်အနက် အနီရောင်လွှမ်းသော အခွံပါသည့် ဆီးသီးများသည် ကိုလက်စထရောအဆီဓာတ်များကို ဖျက်ဆီးပေးရာ၌ အစွမ်းထက်သည်ဟု ဆိုသည်။ ဓာတ်စာသော အနေအထားအားဖြင့် ကျောက်ကပ်နှင့် လေဖြတ်တတ်သော ရောဂါများကို တားဆီးပေးနိုင်ပါသည်။

ဆီးသီးသည် ချဉ်ဖန်ချိုအရသာမျိုးရှိ၏။ ပူသောဂုဏ်သတ္တိရှိ၏။ သွေးချုပ်၊ လေချုပ်၊ ဝမ်းချုပ်စေတတ်၏။ အစိမ်းစား၊ သုပ်စား၊ ယိုထိုးစားနိုင်ပြီး ဆီးဖျော်ရည်အဖြစ်လည်း စိမ်ဖျော်သောက်နိုင်သည်။ အစာကြေလွယ်စေ၍ လေသလိပ်ကို ပယ်၏။ အသီး၏ ဆေးဂုဏ်သတ္တိသည် သည်းခြေကြောင့် ဖြစ်တတ်သော အထူးထူးသော အနာရောဂါများကို ကောင်းစေနိုင်၏။ ဝမ်းခက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ခေါင်းခဲခြင်း... နိုင်၏။ သုက်ကို ပွားစေတတ်ပြီး ကိုယ်ပူနာ၊ ရေငတ်နာ... နှင့် သင်၏ နှုတ်ကို မြိန်စေ၍ ဝမ်းမီးကို တောက်စေ၏။ ဆီးသီးစိမ်းနှင့် ဆီးသီးခြောက်၌ ဆေးအာနိသင်ကွာခြားမှုများ ရှိပါသည်။

ဆီးသီးစိမ်းသည် လေသလိပ်ကို နိုင်၏။ ဆီးသီးခြောက်သည် လေကို ပွားစေတတ်ပြီး ဝမ်းမီးကို တောက်စေ၏။ မွတ်သိပ်သော ဝေဒနာ၊ သည်းခြေနာများနှင့် သင့်မြတ်ပြီး အစာကို ကြေကျက်လွယ်စေ၏။ ဆီးချိုသီးသည် အလုံးသေးမျိုးဖြစ်ပြီး နှုတ်ကို မြိန်စေ၏။ ပူသော ဂုဏ်သတ္တိရှိ၍ ဝမ်းကို ချုပ်စေတတ်၏။ ကြေကျက်ခဲ၏။ အဆီသြဇာကို ရ...၏။ ဒေါသသုံးပါးကို ပျက်စေတတ်၏။ အားအင်ကို ဖြစ်စေတတ်ပြီး ချောင်းဆိုးဝေဒနာရှိသူများနှင့် မသင့်မြတ်ပါ။

ဆီးချဉ်သီးသည် အချိုဓာတ်နည်း၍ အချဉ်ဓာတ်... ၏။ ဖန်၍ စဉ်းငယ်မျှ ခါးသက်သက်အရသာမျိုးရှိ၏။ အဆီသြဇာရှိ၏။ ကြေကျက်ခဲ၍ လေနှင့် သည်းခြေကို နိုင်၏။ ဆီးသီးခြောက်သည် လေသလိပ်ကို ကောင်းစေ၍ သည်းခြေနှင့်လည်း ဆန့်ကျင်ဘက် မဖြစ်၊ သင့်မြတ်၏။ ဆီးသီးခြောက် အမှုန့်သည် ဝမ်းကို ပျော့စေ၊ မှန်စေတတ်ပြီး အစာကို ကြေစေနိုင်၏။ အချိုသီး၊ အချဉ်သီး ဆီးသီးဟူသမျှတို့၏ အခြောက်သည် အပြစ်မရှိဟု ဆိုသည်။

ဆီးသီးအစေ့၏ ဆေးအာနိသင်သည် သည်း... လေနာနှင့် လေသည်းခြေနှစ်ပါး စုပေါင်း၍ ဖြစ်တတ်သော သွေးဝမ်းများကို ကုသပျောက်ကင်းနိုင်၏။ ဆီးသီးအခေါက်သည်



www.burmeseclassic.com

www.burmeseclassic.com

အောင့်အန့်နာ၊ ရေငတ်နာ၊ သည်းခြေနာတို့ကို သက်သာ ကောင်းစေနိုင်သည်။ အောင့်အန့်လျှင် ဆီးသီးစေ့၏ အဆန်ကို ပေးခြင်းဖြင့် ပျောက်ကင်းနိုင်ပါသည်။

**ကိန္နရီနာကုထုံး။** ဆီးမြစ်၊ ကာသစ်မြစ်၊ မဲဇလီမြစ်၊ အမြစ်သုံးပါးကို ရေစင်စင်ဆေးကြော၍ အမှုန့် ကြိတ်ယူ အင်းရေ (သို့မဟုတ်) အိုင်ရေ၊ ရေ တစ်မျိုးမျိုးနှင့်စပ် ၍ လိမ်းပေးပါက ကိန္နရီနာပျောက်ကင်းနိုင်၏။

**နို့နာပျောက်နည်း။** ဆီးညွန့်၊ ကင်ပွန်းညွန့်၊ ရေချမ်း ညွန့်(အုတ်တွင် ကပ်သည့်အညှိ)တို့ကို တစ်မျိုး ခုနစ် ဖြင့် ဆန်ပုန်းရည်နှင့် ကြိတ်ယူပြီး ဆီနှင့်ချက်၍ လိမ်း ပါက နို့နာဝေဒနာပျောက်၏။

**မီးနေသည် ထန့်လျှင်။** ဆီးမြစ်ကို လတ်လတ် ဆတ်ဆတ် တူးယူ၍ ရေစင်စင်ဆေးကြောသန့်စင်ပြီး သနပ် ကျောက်ပျဉ်၌ သွေးယူပြီး တိုက်ကျွေးပေးပါက မီးနေသည် သန့်ခြင်း၊ စိတ်ဖောက်၍ ဂနာမငြိမ်ဖြစ်ခြင်း၊ သွေးလန့် ခြင်း အစရှိသော ရောဂါများမှ သက်သာပျောက်ကင်း နိုင်ပါသည်။

**ထင်းဆိပ်၊ ပျားဆိပ်တက်သော်။** ဆီးရွက်နုနု၊ ရွက်နုနုတို့ကို ကြိတ်၍ရသော ရွက်စိမ်းရည်အား ကင်း ပျားဆိပ်တက်သော အနာပေါ် လိမ်းကျံပေးပါက အဆိပ် ခြင်းမှ ကင်းဝေးစေနိုင်သည်။

**အနာပေါင်းအတွက်။** အလွန်ပျောက်ခဲလှသော နာပေါင်း၊ အနာခွေးနှင့် အနာပဆုတ် စသော နာတာ ည် အနာပျက်များကို ဆီးရွက်နုနုအား ရေနှင့် ကြိတ်၍ သော ကြိတ်ဖတ်များကို မီးနွေးနွေး၌ ကင်ပြီး အနာပေါ် လိမ်းပေးသော် အနာ အသားနုတက် မြန်စေပြီး ပျောက် ကင်းလွယ်စေနိုင်ပါသည်။

**ရေငတ် ဝမ်းကျနာပျောက်နည်း။** အဖျားအလွန် ၍ ရေငတ်၊ ဝမ်းကျဖြစ်နေသော ကလေးများကို ဆီးသီး တွင်းမှ အဆန်ကို ထုခွဲ၍ အမှုန့်ပြုလုပ်ပြီး နွယ်ချိုမှုန့်နှင့် ၍ ကလေး၏ ပါးစပ်အတွင်းသို့ ထည့်ပေးပါက အဖျား တ်ဝမ်းကျရောဂါ သက်သာပျောက်ကင်းနိုင်၏။

နွယ်ချိုကို အင်္ဂလိပ်ဘာသာဖြင့် Liquorice ဟု ခေါ်ပြီး ချိုအဆီကို Liquorice Extract ဟု ခေါ်ကြသည်။ ချိုနှင့် နွယ်ချိုအဆီသည် အစာအိမ်နာအတွက် အလွန် ထက်လှ၏။ အစာအိမ်ရောဂါခံစားနေရသူများသည် ချိုကို စားပေးခြင်းဖြင့် အစာအိမ်ရောဂါ သက်သာပျောက် နိုင်သည်။

နွယ်ချိုမှုန့်ကို အစာကြေ ခံတွင်းကောင်းဆေးအဖြစ် မြန်မာလျှက်ဆေးတိုင်း၌ ထည့်သုံးကြ၏။ နွယ်ချို ဇာတိပ္ဖိုလ် သီး ဆေးနှစ်ပါးအမှုကို ပျားရည်နှင့် ရောစားလျှင် မျက်စိ အမြင်အားကို ကောင်းစေပြီး အမြင်ကြည်လင် ရှင်းလင်းစေ နိုင်ပါသည်။ ထို့ပြင် နွယ်ချိုသည် ခံတွင်းပျက်ခြင်း၊ ရေငတ် ခြင်းကို သက်သာကောင်းစေနိုင်၏။

**သည်းခြေနာဆေး။** ဆီးသီးကို ယိုထိုး၍ စားပေး လျှင် သည်းခြေနှင့် ပတ်သက်သော ရောဂါများကို ကောင်း စေနိုင်၏။ နောက်တစ်နည်း၊ ဆီးသီးစေ့အတွင်းရှိ ဆီးသီးဆန် များကို အမှုန့်ထောင်း၍ စားပေးခြင်းဖြင့်လည်း သည်းခြေ ဖောက်ပြန်၍ ဖြစ်တတ်သော ရောဂါများကို ပျောက်ကင်းစေ နိုင်၏။ ဆီးသီးဆန်ကို တရုတ်နိုင်ငံမှ ဝယ်ယူတင်သွင်းလျက် ရှိသည်။

**ရာသီလွန် သွေးလွန်ဆေး။** ဆီးသီးကို ထန်းလျက် နှင့် ရောစားပေးပါက ရာသီလွန် သွေးလွန်ခြင်းမှ ကင်းဝေး နိုင်၏။ နောက်တစ်နည်း၊ ဆီးသီးနှင့် ထန်းလျက်ကို ဖျော် ရည်လုပ်သောက်ပေးသော် ပျောက်ကင်းနိုင်ပါသည်။

**မျက်စဉ်းကျော်။** ဆီးသီးစေ့အဆန်၊ ဆီးဖြူသီးစေ့ အဆန်၊ ဖန်ခါးသီးစေ့အဆန်၊ မြေဇာမြက်၏ အမြစ် (မြေဇာ ပင်တွင် ဥကလေးများ ပါရှိသော အမြစ်)၊ ထိုလေးမျိုးကို အညီအမျှကြိတ်၍ ဆေးတောင့်ကလေးများ ပြုလုပ်ထားရ မည်။ ဆေးတောင့်ကို ကြေးနီခွက်တွင် ရေသန့်နှင့် ဖျော်ပြီး ရေစစ်အသစ်နှင့် စစ်ယူ၍ မျက်စဉ်းကဲ့သို့ ခတ်ပေးလျှင် မျက်စိရောဂါအမျိုးမျိုးကို ပျောက်စေနိုင်၏။ ထိုသို့ဆိုသော် လည်း မျက်စိနှင့် ပတ်သက်လာပါက မျက်စိဆရာဝန်များနှင့် ပြသ ကုသခြင်းသည်သာလျှင် အကောင်းဆုံးဖြစ်ပါလိမ့် မည်။ မျက်စိသည် အလွန်နုနယ်သဖြင့် အထူးသတိထားရပါမည်။

**အနာမြုံဆေးနည်း။** ဆီးပင်ခေါက်ကို ရေစင်စင်ဆေး ကြော၍ ကျောက်ပျဉ်တွင် သွေးယူပြီး ဆေးအနှစ်ရည်ကို မြုံနေသော အနာအား လုပ်၍ လိမ်းပေးသော် ပျောက်ကင်း စေနိုင်ပါသည်။

**ရေစီးကမ်းပြိုဆေးနည်း။** ကွမ်းသီး မီးဖုတ်၊ ရှားစေး ကွမ်းရွက်၊ ဆေးသုံးပါးကို အမှုန့်ကြိတ်၍ သိပ်ပေးပြီးလျှင် ဆီးပင်ခေါက်ကို ရေသုံးခွက်တစ်ခွက်တင် ကျို၍ ဖန်ရည် ဆေးပေးပါက ရေစီးကမ်းပြိုရောဂါ သက်သာပျောက်ကင်း စေနိုင်ပါသည်။ နောက်တစ်နည်း လက်ဖက်အကြမ်းခြောက် တစ်ကျပ်သား၊ တုံးတစ်ကျပ်သား၊ ဓဏ္ဍာတစ်ကျပ်သားတို့ကို ညက်အောင်ကြိတ်၍ သိပ်ပေးပြီးလျှင် ဆီးခေါက်ပြုတ်ရည်နှင့်



www.burmeseclassic.com

www.burmeseclassic.com

ဖန်ရည်ဆေးပေးသော် သက်သာပျောက်ကင်းစေနိုင်သည်။

ထုံးနှင့် ကွမ်းရွက်စွမ်းအင်။ ထုံးတွင် ကယ်လဆီယမ်ဓာတ် လုံလောက်စွာ ပါဝင်ထားသောကြောင့် သွားနှင့် အရိုးဖွဲ့စည်းမှုကို ကောင်းစေနိုင်၏။ ထို့ပြင် အာရုံကြောကြွက်သားများကို ကောင်းစေရန်၊ နှလုံးခုန် ကောင်းစေရန်နှင့် ဗဏ်ရာများကို သွေးထွက်မလွန်စေဘဲ သွေးခဲစေရန် အလွန်အရေးပါ၏။ ဆေးကျမ်းများအလိုအရ ကွမ်းရွက်သည် ဖန်ခါးပူစပ်သော အရသာရှိ၏။ နှတ်ကို မြိန်စေပြီး သလိပ်ကို ကြေစေ၏။ လေကို နိုင်၏။ ထက်မြက်၍ အားကို တိုးစေ၏။ အဆိပ်ကို ပယ်တတ်၏။ ချွေးကို ထွက်စေတတ်၏။ အနာပေါက်၊ ချောင်းဆိုး၊ ပန်းနာ၊ နှလုံးရောဂါနှင့် မျက်စိဝေဒနာများကို ပျောက်ကင်းစေနိုင်၏။ ထို့ပြင် ကွမ်းရွက်သည် အဖျားအမျိုးမျိုးကို အလွန်နိုင်၏။

အပူနိုးငြိမ်းဆေး။ ဆီးသီးခြောက် (သို့မဟုတ်) ဆီးသီးမှုန့်ကို ထန်းလျက်နှင့် ဆီးယိုထိုး၍ အစစားပါက နွေရာသီတွင် တေဇောဓာတ်ကြောင့်ဖြစ်သော အပူနိုးများကို ငြိမ်းအေးစေနိုင်၏။ ထန်းလျက်သည် ပထဝီဓာတ်ကို ...
အောင် စွမ်းဆောင်နိုင်ပြီး တေဇောဓာတ်မီးလွန်သည်ကို ...
စေ၏။ အာပေါဓာတ်ညှံ့သည်ကိုလည်း မျှတစေနိုင်၏။ သ...
ပြည်ပုပ်များကို ကြေစေနိုင်ပြီး လေပူကို နိုင်၏။ အား...
ဖြစ်စေပြီး အပူကို ငြိမ်းစေ၏။ ကိုယ်တွင်းမှ အနိုးအ...
များကို အပြင်သို့ ထွက်စေနိုင်ပါသည်။

လေရောဂါဆေးနည်း။ ဆီးသီးခြောက်ကို ...
လေးခွက်တစ်ခွက်တင် ကျိုသောက်ပေးသော် လေရော...
အမျိုးမျိုးကို ပျောက်ကင်းစေနိုင်ပြီး ဆီးသီးအဆန်ကို အ...
ပြုလုပ်ပြီး စားပေးပါက အောအန်ခြင်းဝေဒနာတို့မှ ချ...
ရစေနိုင်၏။

သို့ဖြစ်၍ လူတို့ နေ့စဉ် စားသုံးနေသော ဆီးသီး...
ဆေးအာနိသင်များကို သုတပွားကြစေရန် ရေးသား...
သည်။

အောင်ဘုန်းမြင့် (ကချင်မြေ)

*****




ဆု တောင်း ပြည့်

# ဆရာကြီး အောင်ဘုန်းမြင့်

နက္ခတ္တဗေဒ ဖလိတပညာရှင် - မဟာဂန္ဓာရီဗေဒင် လက္ခဏာသုတေသီ

စာရေးဆရာ – အောင်ဘုန်းမြင့်(ကချင်မြေ)

ကလောင်ခွဲ – ကာလိဒါ့ဂျ်(မြန်မာပြည်)

▷ ယတြာ ဓာတ်ရိုက်ဓာတ်ဆင် အထူးဆောင်ရွက်ပေးသည်။

▷ ဘဝရှေ့ဆောင်လမ်းညွှန်အတိုင်ပင်ခံသည်။

▷ နေ့စဉ် နံနက်(၆)နာရီမှ (၉)နာရီအတွင်း အခမဲ့ ဖုန်းဖြင့် ဟောကြားပေးသည်။

အမှတ်(၄၂)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။

ဗေဒင် ☎ - ၀၁-၅၄၀၇၂၀၊ စုံစမ်းရေး 📱 - ၀၉-၁၁၀၂၂၈၁၆၊ ၀၉-၂၅၀၃၆၁၅၄




www.burmeseclassic.com

www.burmeseclassic.com



ဆရာ မြတ်ထွဋ်ခေါင်

# အမြစ်အညွန့် မတွန့်စေရ

အမြစ်အညွန့် မတွန့်စေလျက်၊ မူလဖက်၍ တတ်သက်ကောလီ ၂ထထီ၊ မြေဆီရသာမျိုး မြေဆီတိုးသက်၊ ဖက်လေအမြိုက္ခ၊ နိစ္စမသွေ၊ လောင်းလေ ရေစင် အညွန့်ရှင်၊ အပင်မပျက်က မိုနိုရ၊ သုခစံစားရာ။

ကျွန်ုပ်သည် အတုလ ဆရာတော် ခင်ကြီးဖျော်၏ ကျမ်းရင်းလင်္ကာပါ အမြစ်အညွန့် မတွန့်စေရ ပညာခန်းအား အိန္ဒိယပြန် အရှင်ဣန္ဒဝံသ မထေရ်က အင်္ဂလိပ်ဗွာ အလင်းပြ ဆတ်ရိုက်ကျမ်း စာမျက်နှာ(၃၃၂)၊ အပိုဒ်(၂)ပါ စာပိုဒ်နှင့် ပြန်လည်ဖြေရှင်းထားသည်ကို သေချာစွာ လေ့လာ၍ နှုတ်မှလည်း ခပ်တိုးတိုးလေး ရွတ်ဆိုနေမိပါသည်။

"ဆရာရေ··ဆရာ"

အိမ်ရှေ့မှ အော်ကြီးဟစ်ကျယ်နှင့် ဝင်လာသူကတော့ ကျွန်ုပ်၏ ညီတပည့်ဖြစ်သူ အင်ဂျင်နီယာ ကိုဝင်းနိုင်ဦး ဖြစ်ပါသည်။

"လာ···ညီလေး၊ အစ်ကိုလည်း ပျင်းပျင်းရှိတာနဲ့ ကျမ်းရင်း လင်္ကာလေးတွေ ပြန်လေ့လာနေတာ"

"ဘယ်အပိုဒ်ကို လေ့လာနေတာလဲ ဆရာအစ်ကိုရဲ့"

"အမြစ်အညွန့် မတွန့်စေရ ပညာခန်းလေကွာ၊ ညီလေးကို အစ်ကို သင်ပေးထားပြီးသားပဲ"

"ဒါပေမယ့် ညီလေးကို ဒီပညာခန်းရဲ့ အသုံးချပုံနဲ့ အကျိုးရှိပုံကိုတော့ အသေးစိတ် ရှင်းမပြရသေးဘူးလေ"

"ဒီလို ညီလေးရဲ့"

"ဆရာတော်ကြီးရဲ့ ဒီပညာခန်းကို ဖွင့်ဆိုထားချက်က မည်သည့်နေ့သားသမီးမဆို မိမိတို့ရဲ့ ဆိုင်ရာ ခရီးစောက်တိုင်မှာ အမြစ်နဲ့သင့်ကို အရင်းထားပြီး အညွန့်နဲ့သင့်ကို အဖျားက ပြန်အုပ်ထားတဲ့ အပင်တစ်ပင်ကို ရွေးယူပြီးတော့ နေ့ကောင်းရက်မြတ်ကို ရှာပြီး ကိုယ်နဲ့သက်ဆိုင်တဲ့ မူလအရပ်မှာ စိုက်၊ နေ့တိုင်း ရေလောင်း၊ အပင်ရှင်လာရင် မိမိတို့ရဲ့ စီးပွားရေး၊ လူမှုရေးတွေ တိုးတက်လာလိမ့်မယ်လို့ အဆိုရှိတယ်"

အမြစ်အညွန့်ပညာခန်း အသုံးပြုပုံ

(၁) အမြစ်အညွန့်အပင်ကို ရွေးချယ်ပါ။

(၂) နေ့ကောင်း ရက်မြတ်ကို ရွေးချယ်ပါ။

(၃) မိမိတို့၏ မူလအရပ်ကို ရွေးပါ။

(၄) မူလအရပ်နှင့် ၁၀ ပေအကွာမှ မြေကြီးကို ခွက်သေးသေးနှင့် (၃၀)ခွက်တိတိ ခြင်ယူပါ။

(၅) ၎င်းမြေနှင့် ရွေးချယ်ထားသော အပင်ကို ကနုတ္တွာ စိုက်ပျိုး၍ ရေ (၁၆)ခွက် လောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com

| | | | | | | |
|---|---|---|---|---|---|---|
| ၅ | | ၅ | | ၅ | | |
| ၂ | ← အညွန့် | ၂ | ← ကြီး | ၂ | (ဒွိရန်း) | (၂) ဌာန |
| ၆ | | ၆ | | ၆ | | |
| - ၁ - | | - ၁ - | | - ၁ - | မူလ | ကိုးနဝင်းပညာခန်း |
| ၄ | | ၄ | | ၄ | | |
| ဝ | အမြစ် | ဝ | ဒါန်း | ဝ | (သတ္တရန်း) | (၇) ဌာန |
| ၃ | | ၃ | | ၃ | | |

**ခုနစ်နေ့နံအတွက် မူလအရပ်နှင့် စိုက်ပျိုးရန် အပင်များ**

| နေ့သား | တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ |
|---|---|---|---|---|---|---|---|
| အရပ် / ထောင့် | အနောက်မြောက် | အရှေ့ | အနောက်တောင် | မြောက် | အနောက် | တောင် | အရှေ့တောင် |
| အပင် | ဒိန်းကြီး | ဩဇာ | ခရေ | စံပယ် | လောက်သေ | ပိတောက် | သင်အူ |

ကျွန်ုပ်က ဇယားနှင့် စနစ်တကျ ရေးခွဲပြနေသည်ကို ကိုဝင်းနိုင်ဦးက သေချာစွာ ကြည့်ပြီး တဖြည်းဖြည်းပြုံးလာကာ ရယ်ပါတော့သည်။

"ညီလေးက ဘာရယ်တာလဲ"

"ကန်တော့ပါ အစ်ကို၊ ကန်တော့ပါ။ ကျွန်တော့်ဘာသာတွေးပြီး ရယ်ချင်လွန်းလို့ပါ။ အစ်ကိုက နေအိမ်ခြံထဲမှာ အမြစ်အညွန့်ပညာခန်းကို အသုံးချဖို့ ကျွန်တော့်ကို သင်ပေးနေတာကတော့ ဟုတ်ပါတယ်။ ဒါပေမယ့် အစ်ကိုရယ်၊ ကျွန်တော့်မှာ အိမ်ပိုင်ယာပိုင်မှ မရှိသေးတာ"

"အဲဒါ ပြောတာပေါ့ ညီလေးရဲ့ ဆရာတော်ကြီးက ဒီပညာခန်းတွေကို ဉာဏ်ကြီးသူတွေရဲ့ ကျက်စားရာလို့ ကျမ်းထဲမှာ ရေး ားခဲ့တာ အလကားမှမဟုတ်တာ။ ကဲ…ညီလေးကို ဒေ ကိုတို့ရဲ့ ဆရာသခင် ကျေးဇူးရှင်တွေရဲ့ အမြစ်အညွန့် မတွန့်စေရ ပညာခန်းကို ထပ်ပြီးသင်ပေးမယ်။ ညီလေးမှာ အိမ်ပိုင်ယာပိုင်မရှိလည်း ရတယ်။

အမြစ်အညွန့် မတွန့်စေရ ပညာခန်းဆိုတာ တကယ်တော့ ကိုးနဝင်းပညာခန်းပဲ ညီလေး။ ညီလေးက တနင်္ဂနွေသားဆိုတော့ တနင်္ဂနွေက စပြီးရေတွက်ရင် ခုနစ်ခုမြောက်နဲ့ နှစ်ခုမြောက် ဂဏန်းနှစ်ခု ပေါင်းစပ်ထားတဲ့ သဘောပဲ။

ဒီတော့ ညီလေးရဲ့ အမြစ်နေရာဖြစ်တဲ့ စနေနေ့မှာ အညွန့်ပန်းဖြစ်တဲ့ ကံ့ကော်ပန်း (၁၅)ညွန့်ကို ညီလေးရဲ့ နေအိမ် ဘုရားစင်၊ ဒါမှမဟုတ် တန်ခိုးကြီး ဘုရားတစ်ဆူရဲ့ မွေးနံထောင့်မှာ သွားပြီး လှူလိုက်ရင် အဲဒါ အမြစ်အညွန့် မတွန့်စေရ ပညာခန်းပဲ၊ ဟုတ်ပြီလား။

နောက်ပြီးတော့ အဲဒီပညာက ဝိဇ္ဇာဓရ(နယ) ကိုးနဝင်းပညာခန်းလို့ ခေါ်တယ် ညီလေးရဲ့ ဆရာတော် ခင်ကြီးဖျော်ရဲ့ ကျမ်းရင်း လက်ဘထဲမှာ ပါတဲ့ ပညာခန်းတွေအားလုံးဟာ ကိုးနဝင်းပညာခန်းတွေကြီးပဲ တည်ဆောက်ထားတာတွေ့ရတယ်"

"ရှင်းပါပြီ အစ်ကိုရယ်၊ ဒါပေမယ့်…"

"ဘာလဲ…ညီလေးက တခြားနေ့သားတွေအတွက်ရော လို့ မေးမလို့မဟုတ်လား"

"ဟဲဟဲ…အစ်ကိုကလဲ၊ သိသားနဲ့"

| နေ့သား | တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ |
|---|---|---|---|---|---|---|---|
| အမြစ်နေ့ | စနေ | တနင်္ဂနွေ | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
| အညွန့်ပန်း | ကံ့ကော် ၁၅ | ဇော်စိမ်း ၈ | ရွက်လှ ၁၇ | ပျဉ်းမ ၁၉ | သီဟိုဠ် ၂၁ | ဒေါနိ ၁၀ | အုန်း ၆ |

အောက်ပါ အခက်အခဲများ ရှိပါက ဤပညာခန်းကို အသုံးပြု၍ ရပါသည်။

(၁) အမှုအခင်းနှင့် ကြုံတွေ့နေသူများ

(၂) စီးပွားရေးအခက်အခဲကြုံတွေ့နေသူများ

(၃) အိမ်ထောင်ရေး အဆင်မပြေသူများ

အခက်အခဲကြုံတွေ့နေသူများ ဤပညာခန်းကို အသုံးပြုကြည့်ပါက ထူးခြားသော အောင်မြင်မှုများကို တိုက်ရိုက်ကြုံတွေ့ရမည်ဖြစ်ပါသည်။ ■

ဆရာ မြင့်ထွဋ်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# တနင်္ဂနွေသားသမီးများအတွက် အဆောင်ယတြာ

ဆရာ နေလင်းအောင် (တွံတေး)

အဆောင်ယတြာဆိုလျှင် လူတွေ တော်တော်များများ စိတ်ဝင်စားကြသည်မှာ အမှန်ပင် ဖြစ်သည်။

ယခုခေတ်မှာ ဂါထာ၊ မန္တန်၊ လက်ဖွဲ့၊ အင်းအိုင်၊ ခါး[illegible]တဲ့ အဆောင် ယတြာများမှာ အစွမ်းထက်တာ ရှိသလို၊ အစွမ်းမထက်တာတွေလည်း ရှိပါတယ်။ အဘယ့်ကြောင့် ဆိုသော် နက္ခတ်မမှန်ခြင်း၊ အချိန်မမှန်ခြင်း၊ အင်းကျိုး အင်း[illegible]န်းနှင့် လုပ်ပေးသည့် ဆရာနှင့် ဆောင်သောသူတို့မှာ သစ္စာ၊ သီလ မလုံခြင်း၊ စောင့်ထိ[illegible]ရှိခြင်းများကြောင့် ဖြစ်ကြသည်။

ကျွန်တော်ပြောလိုတဲ့ ယတြာကတော့ တကယ်လုပ်ကြည့်ပါ။ ယုံကြည်မှုတော့ အပြည့်အဝရှိဖို့ လိုပါတယ်။

တစ်နေ့ စာရေးသူ၏ အသိမိတ်ဆွေတစ်ဦးဖြစ်တဲ့ အောင်မြင့်ထွန်းတစ်ယောက် ရောက်ရှိလာပြီး ...

"ဆရာရယ်...အလုပ်အကိုင်တွေလည်း ဘာတွေ ဖြစ်နေမှန်းကို မသိဘူး"

"ပြောပါဦး၊ မင်းရဲ့ အိမ်တွင်းရေးပြဿနာတွေကိုပဲ ထပ်ပြောတော့မယ်မဟုတ်လား"

"ဟာ...ဆရာက ကျွန်တော့်အကြောင်းတွေ ဘယ်လို သိနေတာလဲ"

"သိတာပေါ့ကွာ။ မင်းက တနင်္ဂနွေသား။ မင်းမေးတဲ့ အချိန်ကလည်း တနင်္ဂနွေအချိန်ပေါ့။ မင်း ဟိုသွားချင် ဒီသွား ချင်ဖြစ်နေတာ မထူးဆန်းပါဘူး"

အင်္ဂဝိဇ္ဇာပညာရဲ့ သဘောအရ သူရဋ္ဌအခါ၏ သတ္တိက တေဇောဓာတ်လောင်ကျွမ်းတော်မူပြီး ဓာတ်တော်တွေ၊ မွှေ တော်တွေ တစ်စစီ ပြန့်ကြဲရောက်ရှိသွားကြသောအခါဖြစ် နေလို့ပေါ့။

အောင်မြင့်ထွန်းပြောသော စကားများဟာ အနိဋ္ဌတွေ ဖြစ်နေခြင်းဟာ သူဝတ်ထားသော အင်္ကျီအနက်ရောင်က အနိဋ္ဌဘက်ကို အားသာသွားပြီဖြစ်၏။ ဒါကြောင့် အခါ၏ သတ္တိအတိုင်း တည့်တိုးမေးလိုက်ခြင်းသာ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"ခင်ဗျားအိမ်မှာ လက်ဝါးကြီးအုပ်မယ့်သူတွေ ရှိနေပြီ မဟုတ်လား။ ခွေမျိုးညီအစ်ကို မောင်နှမတွေနဲ့လည်း မသင့်မြတ်ကြတော့ဘူးမဟုတ်လား။ ခင်ဗျား သည်းခံသာ နေလိုက်ပေတော့"

"ဟော…ဆရာသိနေပြီ၊ အဲဒါ လုပ်ပေးပါဦး"

"ကိုယ့်တပည့်တွေမဲ လုပ်ပေးရမှာပေါ့။ မင်းဝတ်ထားတဲ့ အနက်ရောင်အင်္ကျီကို ကြည့်၊ အခါတိုင်အရ ခိုက်နေပြီ။ နဝင်းမှာ ကြာသပတေးအခိုက်၊ နဝင်းအကြိုက်ချင်း တူနေတာတော့ မှန်နေပြီ။ မင်းအိမ်မှာ စနေနာမည်မှည့်တဲ့ လူ၊ ဒါမှမဟုတ် စနေသား၊ နောက်ပြီး ကြာသပတေးသားသမီး ရှိလား"

လို့ မေးလိုက်တော့…

"ရှိတာပေါ့ ဆရာရယ်။ အဲဒီ စနေနံပါတဲ့ လူနဲ့ ကြာသပတေးနံပါတဲ့သူတွေနဲ့ အိမ်အမွေကိစ္စတွေ ပြဿနာတက်နေတာပေါ့။ အင်္ဂဝိဇ္ဇာတိုင်ရဲ့ တနင်္ဂနွေအခါတိုင်ကို ကြည့်ရအောင်။







သူ့ရဲ့ မွေးနံတိုင်မှာလည်း "ထွန်း"ဆိုတဲ့ စနေနံဟာ အခိုက်နေရာမှာ ရှိနေတာ တွေ့ရပါလိမ့်မယ်။ သူကိုယ်တိုင်လည်း လောဘတကြီး အလုပ်တွေ လုပ်နေရတာ တွေ့ရတယ်။ သူလာတဲ့ အခါတိုင်ကိုလည်း ကြည့်ပါဦး။ မွေတော်ဓာတ်တော်တွေ အစိတ်စိတ်အမြွာမြွာခွဲဝေနေတဲ့ အချိန်ဒါကြောင့် သူ့ညီအစ်ကို မောင်နှမတွေနဲ့ အမွေကိစ္စ ပြဿနာတွေ ဖြစ်နေတော့တာပေါ့။ ဒီလိုဖြစ်နေတာတွေ ငြိမ်းချမ်းသွားအောင် ဆရာ ယတြာပေးမယ်။ လိုက်ရေး"

လို့လည်း ပြောလိုက်ရာ အောင်မြင့်ထွန်း သဘောကျသွားသည်။

ယတြာကတော့ သီဟိုဠ် (၆)ညွန့်၊ ကံ့ကော် (၂)ညွန့်၊ မေမြို့ပန်း (၅)ပွင့်တို့ဖြစ်သည်။

အဲဒီပန်းသုံးမျိုးပေါင်းပြီး မွေးနေ့နံနက် ၆နာရီက ဂုဏ်အတွင်း တနင်္ဂနွေထောင့်မှာ လှူ၊ ပြီးရင် အရဟံဂုဏ်တော်တစ်ပါးတည်းကို (၁၀၈)လုံး ပုတီးနဲ့ ကိုးပတ်စိပ်၊ လိုရာဆုတောင်း၊ မေတ္တာပို့ အမျှဝေပြီးရင် ပြီးပြီ။

ထိုယတြာလုပ်ပြီး တစ်လပြည့်တဲ့ နေ့မှာပဲ…

"ဆရာ… ကျွန်တော်ရောက်နေတာ ကြာပြီ၊ လူတွေများနေလို့ လက်ဖက်ရည်ဆိုင်မှာ စောင့်နေတာ။ အခုမှပဲ ကျွန်တော့်အလှည့်ကျတော့တယ်။ ဆရာ့ယတြာကောင်းလွန်းလို့ တပည့်ကျော်ကြီး လာပြီးကန်တော့တာပါ။ နောက်ဘာအခက်အခဲပဲတွေ့တွေ့ ဒီယတြာချေရင် အောင်မြင်တယ်ပေါ့နော်"

"ဟုတ်တာပေါ့၊ မင်းတစ်ယောက်တည်းတင်မဟုတ်ဘူး ကျန်တဲ့ တနင်္ဂနွေသားသမီးမှန်သမျှ တစ်ပတ်တစ်ခါသာ လှူပါ၊ ကိစ္စအဝဝ အောင်မြင်ပါလိမ့်မယ်" ■

ဗေဒသိပ္ပံ ဗျာဒိတ်
ဆရာ နေလင်းအောင် (တွံတေး)

*****

www.burmeseclassic.com



# ကိုက်ချောင်းဖျားက ဖြစ်ရပ်ဆန်းများ

ကိုက်ချောင်းဖျားက ဆင်ကျောင်းစခန်းတွင်ဖြစ်၏။ ကိုက်ချောင်းသည် ပဲခူးရိုးမကြီးကို ချောင်းဖျားခံ၏။ အဝဘက်တွင် ခပေါင်းချောင်းကြီးထဲသို့ စီးဝင်၏။ ခပေါင်းချောင်းမှတစ်ဆင့် စစ်တောင်းမြစ်ထဲသို့ စီး၏။

ပဲခူးရိုးမထဲ၌ ခပေါင်းချောင်းနှင့် ကိုက်ချောင်းတို့ ဆုံရာအရပ်ရှိ၏။ ထိုနေရာကို "ကိုက်ဝ"ဟု ခေါ်၏။ ကိုက်ဝ ၏အထက် သုံးမိုင်ခန့် တောနက်ထဲတွင် တောင်ငူမြို့ ဆင်သူဌေးကြီး ဦးချစ်၏ သား၊ ကိုတင်မောင်က နေ့သီ ဆင်ကျောင်းစခန်း ဖွင့်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com

အချိန်အာဖြင့်ကား ၁၃၂၃ ခု၊ တပေါင်းလတွင်ဖြစ်သည်။ ဆင်၊ ဆတ်၊ ကျွဲ၊ ဝက် စသော တိရစ္ဆာန်ကို ကုန်းပေါ်နေသည့်တိုင်အောင် ကုန်းတစ်ပိုင်း၊ ရေတစ်ပိုင်းဟု ဆိုရမည်ထင်သည်။ ရေကို အလွန်ကြိုက်သည်။ ရေစိမ်ခြင်း၊ ရွှံ့လူးခြင်းဖြင့် ပျော်တတ်သည်။ သိပ်ပြီး အပူဒဏ်ကိုလည်း မခံနိုင်ကြပေ။

ထို့ကြောင့် ဆင်များကို တပေါင်း၊ တန်းခူး၊ ကဆုန် စသော ပူပြင်းသည့် နွေရာသီတွင် အနားပေးကာ အအေးဓာတ်ရှိပြီး အစာပေါသော တောနက်ထဲ၌ ဆင်ကျောင်းစခန်း ဖွင့်ထားကြရသည်။

ဆင်ကျောင်းစခန်း၌ အလုပ်ဟူ၍ သီးသန့်မရှိသောကြောင့် လူဦးရေ (၇) ယောက်မျှသာ ဖြစ်သည်။ ထိုအထဲ၌ ဆင်သူဌေးကြီး၏ တူမြေးလေးဖြစ်သော ရှစ်တန်းကျောင်းသားလေး မောင်ထွန်းရီလည်း တစ်ယောက်အပါအဝင်ဖြစ်သည်။

မောင်ထွန်းရီ ဆင်ကျောင်းစခန်းသို့ ရောက်၍ သုံးရက်မြောက်နေ့တွင် ရိက္ခာပြတ်သဖြင့် တောင်ငူမြို့မှ ပို့ပေးသော ရိက္ခာရောက်မလာမီ အိုးကြီးခေါင်းဆောင် ဦးစောပေါ်တာက ယခုလောလောဆယ် ဖြေရှင်းရမည့်အရေးကို ဆင်စခန်းတာဝန်ခံ ကိုတင်မောင်အား တင်ပြရလေသည်။

ကိုတင်မောင်က ဦးစောပေါ်တာ တင်ပြသည်ကို လက်ခံ၍ ဦးစောပေါ်တာနှင့် မောင်ထွန်းရီ ရိက္ခာရှာဖွေရန်အတွက် တံဘက်ကွေ့ရွာလေးဘက်သို့ ထွက်လာကြသည်။

ဆင်ကျောင်းစခန်းမှ ၂နာရီခန့် လျှောက်လျှင် ခပေါင်းချောင်းကို ရောက်သည်။ မောင်ထွန်းရီးက ခပေါင်းချောင်းထဲတွင် ခရုများကို တွေ့၍ ဆော့ကစားရန် ကောက်ထည့်လိုက်၏။

နောက် ၃မိုင်ခန့် ဆက်လျှောက်လျှင် တံဘက်ကွေ့ရွာလေးကို ရောက်သည်။ တံဘက်ရွာလေးမှာ မြို့ပြနှင့် ဝေးကွာသော တောရွာလေးဖြစ်သော်လည်း ပတ်ဝန်းကျင်တွင် လုပ်ခင်း၊ လယ်ယာများ ပေါ၍ သာယာဝပြောခြင်းရှိသည်။

ရွာထဲတွင် ငှက်ပျော၊ သရက်၊ ပိန္နဲ၊ ကျွဲကော စသော သီးပင်စားပင်များဖြင့် အုပ်ဆိုင်းနေသည်။ ရွာ၏ ဝန်းကျင်တွင် လယ်ကွင်းများ၊ ကိုင်းခင်းများ၊ ထိုဘက်တွင် နွားစားကျက်ကုန်းများ၊ ဥယျာဉ်ပန်းမန်များ ရှိသည်။ တကယ့် နေချင့်စဖွယ်လေးဖြစ်သည်။

ဦးစောပေါ်တာက သူ့အသိမိတ်ဆွေများ၏ အိမ်များကို တစ်အိမ်ပြီး တစ်အိမ်လိုက်မေးရင်း ဆန် (၈)ပြည် ဝယ်ယူလိုက်၏။ အခြား ဟင်းချက်စရာ ဘူး၊ ခရမ်း၊ မုန်လာ စသည်များကိုလည်း ဝယ်၏။

ထို့နောက် ရိက္ခာထုပ်ကြီးကို ထမ်းပြီး ပြန်လာကြရာ ခပေါင်းချောင်း၏ ဒီဘက်တွင် ဦးညိုအမည်ရှိ ဝက်သားထမ်းရောင်းနေသည့် လူကြီးတစ်ယောက်ကို တွေ့၍ ဝက်သား ငါးပိဿာဝယ်ကြပြန်သည်။ ရိက္ခာအစုံရသွား၍ အတော်လေးပင် အဆင်ပြေသွားလေသည်။

"ကိုင်း··· မောင်ထွန်းရီ၊ ငါ့မှာ ဒီရိက္ခာထုပ်ကြီးတောင် တော်တော်သေးနေပြီကွ။ ဒါကြောင့် ဒီဝက်သား ငါးပိဿာကို မင်းထမ်းပါကွာ"

"ရပါတယ် ဦးတာပေါ်ရဲ့။ ကျွန်တော် ဝက်သား ငါးပိဿာလောက်တော့ အေးဆေးနိုင်ပါတယ်"

ခပေါင်းချောင်းအတိုင်း ဆန်တက်လာကြသည်။ ညနေ ၆နာရီ အချိန်တွင် ကိုက်ဝကို ရောက်ကြ သည်။ ပတ်ဝန်းကျင်တွင် သစ်တော ဝါးတောကြီးများ အုပ်စီးနေ၍ မှောင် မိုက်စပြုနေချေပြီ။ ဆင်ကျောင်းစခန်း ရောက်အောင် နောက် သုံးမိုင်ခန့်ခရီး ကို ခပ်ပြင်းပြင်းဆက်လျှောက်ကြသည်။

ရှေ့ကို ဆက်လျှောက်လေ အမှောင်က ပို၍ကျလာလေဖြစ်သည်။ တောနက်ကြီးထဲတွင် ဖြစ်သောကြောင့် ယခုလို ညဦးပိုင်းတွင် သားရဲ သား ကောင်များ အစာရှာထွက်တတ် သဖြင့် အထူး ဂရုစိုက်ရလေသည်။

ဤတွင်နောက်မှ လိုက်လာနေ သော ခြေသံလိုလိုကို ကြားလိုက်ရ သည်။ ထို့ကြောင့် မတ်ရပ်လိုက်ပြီး နားထောင်ကြည့်ကြသည်။ ဟုတ် သည်။ နောက်မှ ခြေသံတစ်ခုလိုက် လာနေသည်ကို ပြတ်ပြတ်သားသားပင် ကြားနေရသည်။ ဦးစောပေါ်တာက -

"ခြေသံက ကြီးသလိုပဲ။ အကောင်ကြီးတစ်ကောင်ဖြစ်မယ်။ ဝက်သားနံ့ရလို့ လိုက်လာတဲ့ ဟင်း ကောင်(ကျား)ကြီးတစ်ကောင်ပဲ ဖြစ် မယ်ထင်တယ်။ မောင်ထွန်းရီ··· မင်း ရှေ့က သွားကွာ"

နောက်မှ လိုက်လာသော အသံ သည် နီးသည်ထက် ပိုပြီး နီးလာလေ သည်။ ဦးစောပေါ်တာနှင့် မောင်ထွန်း ရီတို့လည်း အတတ်နိုင်ဆုံး မြန်အောင် လျှောက်ကြသည်။

"ဝုန်း···ဝေါ··· ဝုန်း···ဝေါ ···ဝေါ···"

ရေထဲ၌ ဟိန်းဟောက် လုံးထွေး သတ်ပုတ်ကြသံများကို ကျယ်လောင် စွာဖြင့်ပင် ကြားလိုက်ကြရသည်။ ကျားကြီးနှစ်ကောင်၏ အသံပင်ဖြစ် သည်။

ဦးစောပေါ်တာနှင့် မောင်ထွန်းရီ



www.burmeseclassic.com

www.burmeseclassic.com

ဘို့နောက်မှ ဝက်သားနံ့ရ၍ လိုက်လာသော ကျားကြီးတစ်ကောင်နှင့် ယခုမှ ကြားဖြတ်ခုတ်ရန် ပိတ်ဆီးသော ကျားကြီးတစ်ကောင်တို့ အကြံတူပြီး ရန်သူဖြစ်သွားကြသည်ဟု ဦးစောပေါ်တာ ပြောသည်လိုက်သည်။

"မောင်ထွန်းရီ… ပြေး… ပြေး"

ပြေးရင်း လွှားရင်း ဆင်ကျောင်းလမ်းနှင့်လည်း တစ်ခေါ်လောက်သာ ရှိတော့၍ ဦးစောပေါ်တာက လှမ်းအော်ပြီး အကူအညီတောင်းလိုက်လေသည်။

"ဝေး… မောင်တင်မောင်၊ တို့နောက်ကို ကျားလိုက်နေပြီ။ လာကူကြဦးဝေး…"

ဦးစောပေါ်တာနှင့် မောင်ထွန်းရီတို့ အပြန်နောက်ကျသဖြင့် အကြိုထွက်လိုက်သော အစ်ကို မောင်ထွန်းကြည် ဦးဆောင်သည့် လေးယောက်အစု မီးတုတ်များဖြင့် လာနေကြ၍ ဦးစောပေါ်တာ၏ အော်ခေါ်သံကို ကြားသည်နှင့် ညာသံပေးပြီး ပြေးလိုက်လာကြလေသည်။

ထို့ကြောင့် ကျားဆိုးကြီး နှစ်ကောင်သည် တစ်ကောင်နှင့် တစ်ကောင် ဟိန်းဟောက် သတ်ပုတ်နေကြရာမှ ချောင်းတစ်ဖက်ကမ်းသို့ ခုန်ကူးပြီး တောထဲသို့ ပြေးဝင်သွားကြလေသည်။

ဦးစောပေါ်တာတို့ လူစုလည်း စကားမဆိုနိုင်ကြသေးဘဲ ထိုနေရာမှ ချောင်းပင် တဲဆီသို့ သုတ်ခြေတင်ခဲ့ကြသည်။ တဲကို ရောက်မှ ဦးစောပေါ်တာက သစ်မြစ်ဆုံမှာ ထိုင်လိုက်ပြီး မောနေသော အကျိုကို ချွတ်ကာ ဖြစ်ကြောင်းကုန်စင်ကို ပြောပြသည်။

"တော်ပေသေးလို့ကွာ။ တဲနဲ့ ဒီနေရာကို ရောက်မှ ပြဿနာကောင်တွေက အားတင်းလာလို့။ အဝေးတစ်နေရာမှာသာဆိုရင် မလွယ်ဘူး"

ကိုတင်မောင်က မောင်ထွန်းရီ ထမ်းလာသည့် ဝက်သားတွဲကြီးကို ကြည့်ပြီး …

"ဝက်သားနံ့ရလို့ လိုက်လာတဲ့ အကောင်နဲ့ ကြားက ဖြတ်ခုတ်ချင်တဲ့ အကောင် တိုးလို့ စားခွက်လုရင်း ရန်ဖြစ်ကြတာနေမှာဗျ"

ဦးစောပေါ်တာက အကျႌနှင့် လေယပ်ရင်း …

"အတိအကျပေါ့ကွ။ တစ်ကောင်ချင်းသာဆိုရင် မလွယ်ဘူး။ အခုတော့ မောင်ထွန်းရီလက်ထဲက ဝက်သားတွဲကို သူ ရသင့်တယ်၊ ငါ ရသင့်တယ်ဆိုတဲ့ သဘောနဲ့ သူတို့အချင်းချင်းရန်ဖြစ်ပြီး သတ်ပုတ်ကြတော့ ငါနဲ့ မောင်ထွန်းရီကို ထွက်ပြေးကြအောင် တမင်တကာ ခြောက်လှန့်လိုက်သလို ဖြစ်သွားတာပေါ့။ မောင်ထွန်းကြည်တို့ လူစု အကြိုလာထောက်ကြတာနဲ့ တွေ့တာလည်း တအားပါပဲ"

လူကြီးများ တစ်ယောက်တစ်ပေါက် ပြောဆိုနေကြချိန်တွင် မောင်ထွန်းရီက သူ့ ကောက်လာသော ခရုလေးများကို အိတ်ထဲမှ ထုတ်ပြီး ပွတ်သပ်ကြည့်နေ၏။ ထို့ကြောင့် ဦးစောပေါ်တာကြီး မြင်သွားပြီး မျက်လုံးပြူးကာ ပြောလေသည်။

"ဟာ… လက်စသတ်တော့ ဒီကောင့်ပြဿနာကြောင့်ပဲကွ။ ဒီကောင် ခရုတွေ ကောက်လာတာကို ငါ သတိမထားမိလိုက်ဘူး။ ခရုနဲ့ ဝက်သားကို တစ်ပြိုင်တည်း (တစ်ယောက်တည်း) မသယ်ရဘူးလေ။ ဟာ… ဒုက္ခပဲ။ ကံကောင်းလို့၊ ဒီမှာ ကြည့်ကြပါဦး"

လူအားလုံးတို့၏ အကြည့်သည် မောင်ထွန်းရီဆီသို့ စုပြုံကျလာလေသည်။ ထို့ကြောင့် မောင်ထွန်းရီမှာ





www.burmeseclassic.com

www.burmeseclassic.com

နားမလည်နိုင်ဘဲ မျက်လုံးလေး ပျာကလတ် ပျာကလတ်ဖြစ်နေလေ၏။

ထို့နောက် ကိုတင်မောင်က မေးသည်။

"ဟ • • •မောင်ထွန်းရီ၊ မင်း ခရုတွေကို ဘာကြောင့် ကောက်လာရတုန်း"

"ဆော့ကစားမလို့"

"မင်း ဆော့ကစားတာက အရေးမကြီးဘူး။ ခရုနဲ့ ကံသားကို ရောမသယ်ရဘူးကွ။ တောစောနတ်မင်းတွေ မကြိုက်ဘူးကွ"

"အဲဒါကို ကျွန်တော်မှ မသိတာ"

"မင်း မသိတာက ဆိုးလွန်းတယ်။ တော်ကြာ စခန်းတစ်ခုလုံး ဒုက္ခရောက်တော့မှာပဲ"

ဟိုလူ့ဆဲ၊ ဒီလူ့ဟောက်နှင့် မောင်ထွန်းရီမှာ ဘာမျှ ပြန်မပြောရဲဘဲ မျက်လုံးလေး ပေကလပ်သာဖြစ်နေလေသည်။ ကောက်လာသော ခရုအားလုံးကိုလည်း ချောင်းထဲသွားပြီး သွန်လိုက်ရလသည်။

◈◈◈

ဒီနေ့ မောင်ထွန်းရီ ထမင်းချက်တာဝန်ကျသည်။ ထမင်းချက် ဦးစောပေါ်တာကြီး နေထိုင်မကောင်း၍ ဆေးကုရန် ရွာကို ဆင်းသွားသည်။

ဆန်နှင့် ဟင်းချက်စရာများ အပြည့်အစုံရှိနေသော်လည်း မီးမွှေးရန်အတွက် ထင်းမရှိပေ။ ထို့ကြောင့် မောင်ထွန်းရီ ထင်းခြောက်ကောက်ရန် ထွက်လာခဲ့သည်။

ယခင်နေ့များကပင် ကောက်ထားကြ၍ တဲနီး တဲနားတွင် ထင်းခြောက် မရှိတော့ပေ။ ထို့ကြောင့် လောက်လေးခွတစ်လက်နှင့် ထွက်လာရင်းက တဲနှင့် တစ်ကုန်းကျော်လှမ်းသော တောထဲသို့ ရောက်လာခဲ့သည်။

ထင်းခြောက်များကို လိုက်ကောက်ရင်း နွယ်ပင်များ ရစ်ပတ်ပြီး တွဲလောင်းကြီးဖြစ်နေသည့် ကိုင်းခြောက်တစ်ခုကို မြင်သည်။ ထိုကိုင်းခြောက်ကို ခုန်ဆွဲသည်။ တစ်ကြိမ်နှင့် မရ။ နှစ်ကြိမ် သုံးကြိမ် ခုန်ဆွဲမှ မိ၍ တအားဆောင့်ဆွဲလိုက်ရာ ထင်းခြောက်ကိုင်း ပြုတ်ကျလာသည်။

ထင်းခြောက်အားလုံး ခုတ်ပိုင်းပြီး စုစည်းနေချိန်တွင် ဝုန်းဒိုင်းကြဲလျက် တောပြိုသံကို ကြားလာရ၏။ တစ်ဆက်တည်းပင် အမှောင်လည်း ကျလာလေသည်။ မမျှော်မှတ်ဘဲ နေ့ခင်းကြောင်တောင် ပတ်ဝန်းကျင်တစ်ခုလုံး ဆူညံမှောင်မိုက်လာ၍ မောင်ထွန်းရီ ကြောက်လန့်သွား၏။ ဘာဖြစ်မှန်းလည်း နားမလည်။

ထိုအချိန်မှာပင် သစ်ကိုင်းခြောက်ကို ဆွဲချလိုက်သော သစ်ပင်ပေါ်မှ ငှက်ဆိုးကြီးတစ်ကောင် တဂီးဂီး ရန်မူလျက် မောင်ထွန်းရီ၏ ခေါင်းပေါ်သို့ ထိုးဆင်းလာပြီး နှုတ်သီးဖြင့် ဆိတ်ကာ အတောင်ပံဖြင့်လည်း တဖျင်းဖျင်း ရိုက်ပုတ်လေသည်။ မောင်ထွန်းရီ ထင်းပုံပေါ်သို့ ဟပ်ထိုးချလိုက်၍ သိပ်ပြီး အထိမနာခဲ့ပေ။

ထို့နောက် ငှက်ဆိုးကြီးသည် မုံကြဲ စစ်လေယာဉ်ကြီးကဲ့သို့ တစ်ဟုန်ထိုး အပေါ်သို့ ပြန်တက်သွားပြီး တစ်ဖန် တဂီးဂီးအော်မြည်၊ ရန်မူ၊ ထိုးဆင်းကာ မောင်ထွန်းရီအား တိုက်ခိုက်ပြန်သည်။ ဤတွင်လည်း မောင်ထွန်းရီ ထင်းချောင်းများ၏အကြားသို့ ဝပ်ချလိုက်၍ သီသီးကလေးလွတ်သွားပြန်သည်။

ထိုကဲ့သို့ သုံးလေးကြိမ် ငှက်ဆိုးကြီးက မုံကြဲ လေယာဉ်ပြန်ကြီးကဲ့သို့ မိုးပေါ် ပြန်တက်သွားလိုက်၊ တစ်ဖ[illegible] အဟုန်နှင့် ပြန်ဆင်းလာပြီး တဂီး[illegible] ရန်မူကာ မောင်ထွန်းရီအား နှုတ်သီး[illegible] ထိုးဆိတ်၊ အတောင်ပံနှင့် ရိုက်ပု[illegible] လိုက်လုပ်နေသဖြင့် မောင်ထွန်း[illegible] တောင့်မခံရဲတော့။

ကပျာကယာ ကုန်းထ[illegible] ထင်းချောင်းနှစ်ချောင်းကို ဆွဲပြီး ခေါ[illegible] ပေါ် ဝဲယမ်းလျက် တဲဆီသို့ သုတ်[illegible] တင်လေသည်။ ထိုအချိန်၌ ငှက်ဆိ[illegible] သည်လည်း တစ်ကောင်တည်းမဟု[illegible] တော့ပေ။ အကောင်တစ်ဆယ်ကျေ[illegible] ရှိလေသည်။

ထို့ကြောင့် ငှက်ဆိုးကြီးမျာ[illegible] ရန်မူတိုက်ခိုက်သံ၊ ပတ်ဝန်းကျ[illegible] တောတောင်များက နားမလည်[illegible] သော ဆူညံသံ၊ မောင်ထွန်းရီအော်[illegible] စသည်ဖြင့် ရေပွက်သကဲ့သို့ပင် [illegible] နေလေသည်။

တောထဲမှ လာနေကြသေ[illegible] ဆင်ကျောင်းသားများလည်း ဒီအ[illegible] ကြီးကို ကြားရလျှင် ချက်ချင်း[illegible] လိုက်လာကြ၍ တော်ပေသေးသ[illegible] မောင်ထွန်းရီ တဲသို့ ရောက်သည်[illegible] ဆင်ကျောင်းသားများလည်း ဆူရူ[illegible] ဖြင့် အော်လိုက်လာကြရင်း တဲ[illegible] ရောက်လာကြ၏။

ထိုအချိန်၌ ငှက်ဆိုးအုပ်[illegible] နောက်ကြောင်းပြန်သွားကြသ[illegible] ပတ်ဝန်းကျင်များ၏ ဆူညံသံသ[illegible] လည်း တိတ်ဆိတ်သွားပြီး အလ[illegible] ရောင်သည်လည်း ယခင်အတိုင်း [illegible] ပေါ်လာလေသည်။

ဆင်ကျောင်းသားများမှာ [illegible] သံကြီးကိုသာ ကြားလိုက်ရ[illegible] မောင်ထွန်းရီ၏အဖြစ်ကိုမူ တစ်ပေ[illegible] မျှ မသိကြပေ။ ထို့ကြောင့် ကို[illegible] မောင်က မေးသည်။



www.burmeseclassic.com

www.burmeseclassic.com

"မောင်ထွန်းရီ… ဘာဖြစ်တုန်း၊ …ရှုံ့ညည်းနဲ့"

"မပြောတတ်ဘူး အစ်ကိုရာ။ ကျွန်တော်တော့ သေပြီမှတ်တာ"

"အေးလေ၊ ဘာဖြစ်တုန်း မေး"

"ကျွန်တော် ဟိုဘက် လျှို …တင်းမှာ ထင်းခြောက်သွားကောက် …င်း တစ်ထမ်းစာ မပြည့်သေးလို့ တွဲ …ဆောင်းဖြစ်နေတဲ့ ထင်းချောင်းကို …ခွဲလိုက်တော့ နွယ်ပြတ်ပြီး ပြုတ် …သာနဲ့ တစ်ပြိုင်နက် တောပြိုပြီး …ဆိုးကြီးတွေ ကျွန်တော့်ကို ထိုး …တ် သတ်ပုတ်ကြတော့ပဲ"

"လုပ်မယ်၊ မင်းကတော့လေ။ …ယ်ကျိုးကောင်ပဲ။ တစ်ခုမဟုတ် …ခု ပြဿနာရှာနေတာပဲ"

အခြား ဆင်ကျောင်းသားများ …လုံးပြုံးနေကြသလို ကိုတင်မောင် …ည်း ဟောက်အော်ပြီး ပြောနေ …ဖြင့် မောင်ထွန်းရီ ကြောင်နေ၏။ …မှာ အပြစ်မရှိဟုသာ သိနေ၏။ …ကြောင့် မေးလိုက်သည်။

"ကျွန်တော် ဘာများလုပ်မိလို့ …"

"မေးနေရသေးလားကွ။ ကိုယ်နေ … တဲပတ်ဝန်းကျင်အပြင်ဘက်မှာ …ချောင်းကို ခုန်မခွဲရဘူး။ နောက် …ည်ခွဲမယူရဘူးဆိုတာ မင်း မသိ …"

သို့မှ မောင်ထွန်းရီလည်း …အမ်းအမ်းလေးဖြစ်ကာ ရယ်ချင် … ပြုံးချင်သလို ပြောင်ချော်ချော် …ဖြင့် ခေါင်းလေးတစ်ချက် …လိုက်ပြီး လေသံတိုးတိုးဖြင့်…

"အဲဒါ ကျွန်တော်မှ မသိတာ။ …သို့ လုပ်မိတာပေါ့။ သိရင် မလုပ် …"

"တစ်မျိုးကို မလုပ်နဲ့ဆို နောက်တစ်မျိုးလုပ်။ တော်ကြာ မင်းကြောင့် အားလုံး ဒုက္ခရောက်တော့မှာပဲ"

ဟု ခေါ်ပြောထားခဲ့ပြီး ကိုတင်မောင် ရေချိုးဆိပ်သို့ ထွက်သွားလေ၏။ အခြားလူများက ပြုံးစိစိဖြင့် ဝိုင်းကြည့်နေကြသော်လည်း မောင်ထွန်းရီမှာ သူ့အပြစ်နှင့် သူ မျက်နှာလေး ငုံက်ပြီး ငြိမ်၍သာ နေလေသည်။

◈◈◈

ဆင်များကို ကကြိုးတန်ဆာများ ဆင်ယင်ပြီး စခန်းမှ ထွက်လာကြသည်။ ကုန်ခဲ့သည့်ရက်က ဦးသောင်းကျော်အမည်ရှိ လူကြီးတစ်ယောက် ရောက်လာသည်။ လွှတုံး ငါးတုံးကို ဆင်နှင့် စင်တင်ခိုင်းပြီး ကြံသောင်းဝါး သုံးလေးရာလောက်ကိုလည်း ပြောင်ဝသို့ ရောက်အောင် ဆင်နှင့် ဆွဲပေးပါရန် အကူအညီတောင်းသွားသည်။

ယခုလို ပူပြင်းသော နွေရာသီ၌ ဆင်များကို အနားပေးထားသော်လည်း ရိုးနိုက်ထဲမှာကြောင့် သိပ်ပြီးအပူမကြီး၍ ရှုံခါ အလုပ်ကလေးများ ပေါ်ပေါက်လျှင် လိုက်လုပ်ပေးလေ့ ရှိကြသည်။ အလုပ်ရှင်များကလည်း စေတနာကျေးမေးကြသဖြင့် ဆင်ကျောင်းသမားများ ဟင်းဖိုးရကြသည်။

တောတောင်ရှုခင်းများကို ကြည့်ရှုခံစားပြီး ငှက်ကလေးများ၏ သာယာချိုအေး တေးသံသာလေးများကို နားထောင်ရင်း လျှောက်လာကြရာ တောင်ကုန်းကြီးနှစ်ကုန်းကို ဖြတ်ကျော်လိုက်ကြပြီးနောက် ဦးသောင်းကျော်ကြီးချိန်းခေါ်ထားသော လုပ်ငန်းခွင်သို့ ရောက်လာကြသည်။

လူကြီးများက ဆင်နှင့် လွှတုံးတင်သူ၊ ဝါးဆွဲသူဟု လုပ်နေကြချိန်တွင် မောင်ထွန်းရီက လောက်လေးခွတစ်လက်နှင့် ငှက်လိုက်ချောင်းနေ၏။ ရှဉ့်များနှင့် ငှက်အချို့ကို တွေ့၍ ပစ်ခတ်သော်လည်း မောင်ထွန်းရီက လက်မတည့်သဖြင့် တစ်ကောင်မျှတော့ မရပေ။

လုပ်ငန်းများ ပြီးစီး၍ ထမင်းထုပ်များကို ဖွင့်စားပြီးကြချိန်တွင် မောင်ထွန်းရီသည် ပေါင်ခြံထဲ လက်နှိုက်ပြီး ပါးစပ်ပြကာ မျက်ရည်များ စီဝိုင်းနေလေ၏။ ထို့ကြောင့် ကိုတင်မောင်က…

"ဒီကောင် ဘာဖြစ်ပြန်ပြီလဲ"

ဟု မေး၏။ မောင်ထွန်းရီသည်ကား ဘာမျှမပြောနိုင်ဘဲ လက်နှင့် ဆုပ်ကိုင်ပြီးသာ ပါးစပ်ပြနေလေ၏။

"ဘာဖြစ်တုန်း၊ ကရင်နီကောင်ကိုက်သွားပြီလား"

မောင်ထွန်းရီက ခေါင်းကို ခါရမ်းလိုက်ပြီး…

"မဟုတ်ဘူး။ ဘာကောင်မှ မကိုက်ဘူး"

"ဒါဆို ဘာဖြစ်တုန်း၊ ပြစမ်းပါ"

အခြား ဆင်သမားအချို့တို့လည်း ရောက်လာပြီး ဝိုင်းအုံကြည့်နေကြ၏။ ထို့ကြောင့် မောင်ထွန်းရီက မတတ်နိုင်သည့်အဆုံး …

"အားလုံးကိုတော့ ကန်တော့ပါရဲ့ဗျာ၊ ဒီမှာ ကြည့်စမ်းပါ"

ဟု ပြောပြီး ခါးဝတ်ပုဆိုးကို ခါချပြလေ၏။

"ဟာ…"

"ဟင်…"

မောင်ထွန်းရီ၏ ယောက်ျားတန်ဆာလေးမှာ မူလအတိုင်း မဟုတ်တော့ဘဲ လေးငါးဆခန့်ပိုကြီးပြီး ရောင်ရမ်းနေသည်ကို တွေ့လိုက်ကြရ၍ အလွန်အမင်း အံ့အားသင့်သွားကြလေသည်။


www.burmeseclassic.com

www.burmeseclassic.com

ကိုတင်မောင်က တအောင့်လေး စဉ်းစားလိုက်ပြီး ...

"မင်း... ဘာများလုပ်မိသလဲ။ မတ်တတ်များ သေးပေါက်လိုက်မိသလား"

မောင်ထွန်းရီက မျက်ရည်များ စို့ဝိုင်းပြီး ကိုတင်မောင်အား မရဲတရဲ ကြည့်ကာ ဆတ်ခနဲ ခေါင်းညိတ်၏။

"ငါထင်သားပဲ။ အလကားနေလို့ ဒီလို မဖြစ်ပါဘူးလို့။ ဒို့ လူသူမနီးတဲ့ တောကြီးထဲမှာ မတ်တတ် သေးမပေါက်ရဘူးကွ။ ပေါက်ချင်ရင်လည်း တောစောင့်နတ်တွေကို ခွင့်တောင်းပြီး ထိုင်ပေါက်ရတယ်။ ဒီကောင်နဲ့တော့ ခက်ပြီ။ တစ်ခုပြီးတစ်ခု ပြဿနာချည်း လုပ်နေတော့ပဲ။ မင်း ပြန်၊ ပြန်၊ တော်ကြာ ငါလုပ်မိလိမ့်မယ်"

ဟု ကိုတင်မောင်က မျက်နှာ တင်းတင်းကြီးနှင့် ပြော၏။

ထို့နောက် ဦးစောပေါတာကြီးက ဝင်ပြောသည်။

"ကိုင်း..ဟုတ်ပါပြီ မောင်ထွန်းရီရဲ့ ကိစ္စကို ငါပဲ ဖြေရှင်းပေးလိုက်ပါ့မယ်။ မသိလို့ မှားတာ အဲလောက်ထိ အရေးမကြီးပါဘူး"

ထိုအချိန်၌ မောင်ထွန်းရီ၏ အစ်ကို မောင်ထွန်းကြည် အနားမှာ မရှိပေ။ ထမင်းကို ထုပ်ယူလာ၍ အိုးခွက်ပန်းကန် မပါသော်လည်း ဟင်းကော်စားရန်အတွက် ငွန်းများကို ထည့်ယူလာသဖြင့် ထိုငွန်းများကို သွား၍ ဆေးကြောနေလေရာ ယခုမှ ချောင်းထဲမှ တက်လာခဲ့၏။ ထို့ကြောင့် ညီဖြစ်သူ မောင်ထွန်းရီ၏အနားတွင် လူများ ဝိုင်းအုံနေကြသည်ကို မြင်၍ မျက်လုံးအနည်းငယ် ကျယ်သွားပြီး ကိုတင်မောင်အား လှမ်းမေးသည်။

"ကိုတင်မောင်... ဘာဖြစ်ကြတုန်း"

"ဘာဖြစ်ကြတုန်းရမှာလဲကွ။ မင်းညီလပြွတ် မောင်းကျည်ပွေ့လောက် ကြီးနေလို့ပေါ့"

အခြားလူများက ဝေါခနဲ ရယ်ကြ၏။ ကိုတင်မောင်ကား မရယ်ပေ။ မောင်ထွန်းကြည်လည်း ကြောင်အမ်းအမ်းအမူအရာဖြင့်သာ လျှောက်လာနေလေသည်။

ထိုအချိန်၌ ဦးစောပေါတာကြီးသည် မောင်ထွန်းရီအား တောကုထုံးအတိုင်း ကုသရန် ပြင်ဆင်နေလေ၏။ တောငှက်ပျောရွက် နှစ်ရွက်ကို ခုတ်ယူပြီး တစ်ရွက်ကို ဖြန့်ခင်းကာ၊ ထိုငှက်ပျောရွက်ပေါ်မှာ မောင်ထွန်းရီအား အိပ်စေ၏။ ကျန်တစ်ရွက်ကို အပေါ်က အုပ်ထားလိုက်သည်။

ထို့နောက် ယခုကဲ့သို့ အများအယွင်းရှိလျှင် တင်မြှောက်ရန်အတွက် ဆောင်ယူလာသော လက်ဖက်၊ ကွမ်းယာများကို ဖက်စိမ်းဖြင့် ထည့်ထုပ်ပြီး မောင်ထွန်းရီ အိပ်နေသော ခေါင်းရင်းက ကျောက်တုံးကြီးပေါ်မှာ တင်လိုက်သည်။ ထို့နောက် ဝါးဆေးတံတစ်ခုကို ချက်ချင်းကောက်လုပ်ပြီးလည်း ဆေးရွက်ကြီးကို ထည့်၍ မီးခြစ်ဖြင့် မီးနိုးထွက်အောင် ညှိဖွာကာ ကျောက်တုံးပေါ်မှာ တင်မြှောက်လိုက်ပြန်သည်။ ရေတစ်ခွက်ကို ခပ်ယူပြီးလည်း ထိုနည်းအတိုင်း တင်မြှောက်လိုက်သည်။ ထိုအချိန်၌ မောင်ထွန်းရီ အိပ်ပျော်နေ၏။

ထို့နောက် ဦးစောပေါတာသည် မောင်ထွန်းကြည်တို့ နားမလည်သော စကားများကို ရွတ်ဆိုနေ၏။ တောစောင့်နတ်များအား (မောင်ထွန်းရီကိုယ်စား) တောင်းပန်နေခြင်းပင် ဖြစ်မည်ဟု ထင်၏။ တအောင့်အကြာတွင် မောင်ထွန်းရီ လူးလွန့်ပြီး မျက်စိဖွင့် ကြည့်လာသည်။ မျက်လုံးကို ထည် လျက် ဆင်လုပ်သားများကိုလည်း ကြည့်နေ၏။

"မောင်ထွန်းကြည်... မင်းညီ ကိုယ်ပေါ်က ငှက်ပျောရွက်ကို ဖယ် လိုက်ပါကွာ"

ဟု ဦးစောပေါတာက ပြော၏။

မောင်ထွန်းကြည်က ငှက်ပျော ရွက်ကို ဖယ်လိုက်ရာ မောင်ထွန်းရီ၏ အင်္ဂါမှာ မူလအတိုင်း ပြန်ဖြစ်နေသည် ကို တွေ့ကြရ၏။ ထို့ကြောင့် အားလုံး ဝမ်းမြောက်ဝမ်းသာဖြစ်သွားကြလေ သည်။

သို့သော် ဆင်ကျောင်းအဖွဲ့ခေါင်း ဆောင်ဖြစ်သော ကိုတင်မောင်က တောတောင်အကြောင်းကို မသိ၍ မကြာခဏ တောစောင့်နတ်များ မကြိုက်သော အမှားအယွင်းများ ချည်း လုပ်မိနေသည့် ဝမ်းကွဲညီ သော မောင်ထွန်းရီကို စခန်းမှာ မထား လိုတော့ပေ။ ထို့ကြောင့် နောက်နေ ပင် စခန်းမှ မောင်းထုတ်လိုက် သည်။

◈◈◈

မောင်ထွန်းကြည်နှင့် မောင်ထွန်း ရီတို့ မနက် ၆နာရီတွင် စခန်း ထွက်လာကြသည်။ အစ်ကိုဖြစ် မောင်ထွန်းကြည်က နယ်နှင့် အပေးခံလာရသော ညီဖြစ် မောင်ထွန်းရီအား တောင်ငူမြို့ ဘ ဖြစ်သူ ဆင်သူဌေးကြီး ဦး နေအိမ်သို့ရောက်အောင် ပို့ထား ဆင်းကျောင်းစခန်းသို့ ပြန်လာ ဖြစ်သည်။

တောင်ငူမြို့သို့ တုန်းပြီး ကြသေးဘဲ လမ်းခုလတ်တွင် ရှင်ပင်ကျောက်ဆောင်ဘုရားကြီး



www.burmeseclassic.com

www.burmeseclassic.com

ဝင်ဖူးကြသည်။ ထို့နောက် ဘုရားကြီး၏ ရင်ပြင်တော်တွင် စေတီရက်ထာဝတ်များကို ပြုလုပ်ရင်း တရားကျင့်နေသော ဆရာတော်ကိုလည်း ဝင်ဖူးကြပြန်သည်။

ဆရာတော်က လူငယ်လေးနှစ်ယောက် သူ့အား ဖူးမြော်နေကြသည်ကို မြင်လျှင် ဧည့်ဝတ်စကားဆိုတော်မူ၏။ ထို့ကြောင့် စကားပြောကြရင်း မောင်ထွန်းကြည်က ညီဖြစ်သူ မောင်ထွန်းရီ၏ နယ်နှင်ဒဏ်အပေးခံထားရသည့် အကြောင်းများကိုပါ လျှောက်ထားပြောပြမိလေရာ သဘောကျပြီး ဆရာတော်လည်း ပြုံးတော်မူ၏။ ထို့နောက် ရှင်းပြသည်။

စတုမဟာရာဇ်အနွယ်ဝင်ဖြစ်သော နတ်စိမ်းတို့သည် တောတောင်နယ်မြေအနှံ့ရှိကြသည့် အကြောင်း၊ ထိုနတ်စိမ်းများမှာလည်း လူများကဲ့သို့ပင် အုပ်ချုပ်မှုအဆင့်ဆင့် ရှိနေကြကြောင်း။ ထို့ကြောင့် သူတို့ မကြိုက်သော အပြုအမူမျိုးကို ပြုလုပ်မိပါက အတ်ခတ်တတ်သည့်အကြောင်း။ တချို့အတ်ခတ်ခြင်း များလွန်းသွားလျှင် အသက်ပါ ဆုံးရှုံးတတ်သည့်အကြောင်းသည်ဖြင့် အကျယ်တဝင့် ပြောပြမိန့်ဆိုတော်မူသည်။

စကားပြောဆိုနေကြရင်း ဆက်စပ်ပြီး ဆရာတော်က မောင်ထွန်းကြည်နှင့် မောင်ထွန်းရီတို့၏ မိဘမျိုးရိုးများကို သိသွား၏။

"လက်စသတ်တော့ ဒကာလေးနှစ်ယောက်က ကွယ်လွန်သူ ဒကာမောင်ဖိုးစီ(ဦးစီ)ရဲ့ သားတွေကိုး။ ဒကာတို့အဖေ မောင်ဖိုးစီဟာ တံဘက်ကျေးရွာမှာပဲ ဆုံးသွားရတာ မဟုတ်လား။ အဲဒီတုန်းက တို့ ဒီရှင်ပင်လျှောက်ဆောင်ဘုရားပွဲ ခုနစ်ရက်မြောက်ည ဗန္ဓုကျော်စိန်ဇာတ်ပွဲ ကပြဖျော်ဖြေနေတဲ့အချိန်ပေါ့။ ဘုန်းကြီး မှတ်မိပါသေးတယ်"

ညီအစ်ကို နှစ်ယောက်တို့မှာ ဆရာတော်၏ မိန့်ဆိုပြောပြနေသည်ကို နားထောင်ရင်း ထိုအချိန်က ဖခင်၏ နာရေးအကြောင်းကို ပြန်ပြောင်း မြင်ယောင်ကာ အလိုလိုဝမ်းနည်းလာကြ၏။ ထို့ကြောင့် ဆရာတော်အား ဦးချ ရှိခိုးလိုက်ပြီးနောက် မောင်ထွန်းကြည်က…

"မှန်လှပါ ဘုရား။ တပည့်တော်တို့ ကြံ့တုန်းကြံ့ခိုက် ဖခင်ကြီးရဲ့ မြေပုံကိုလည်း သွားရောက် ကန်တော့ချင်သေးတာကြောင့် တပည့်တော်တို့ကို ပြန်ခွင့်ပြုတော်မူပါဦး ဘုရား"

ဆရာတော်၏ ဘုရားရင်ပြင်တော် တောကျောင်းလေးမှ ဆင်းလာကြ၏။ ထို့နောက် ခပေါင်းချောင်းရိုးအတိုင်း စုန်ဆင်းကြသည်။ တံဘက်ကျေးရွာတို့ နှစ်မိုင်ခန့် လျှောက်သွားကြရသည်။

ထိုအချိန်က ဘကြီး ဦးချစ်သည် လုပ်စားကွင်းအလျောက် ဒီ တံဘက်ကျေးရွာနားတခိုက်၌ သစ်ကြီးဝါးကြီးများ ပေါ၍ အခြေချ နေထိုင်သဖြင့် အဖေ ဦးစီသည်လည်း သစ်လုပ်ငန်း ဒုဦးစီးအနေဖြင့် လိုက်ပါ လုပ်ကိုင်ပေးခဲ့ရသည်။

မိသားစုများကို ပင်ပန်းဆင်းရဲစွာဖြင့် လုပ်ကိုင်ကျွေးမွေးနေရင်းက အဖေ ဦးစီသည် လေ့လော်ရင်း တက်ကျိုးဆိုဘိသို့ အသက် (၃၀)ဝန်းကျင် အရွယ်မှာပင် ကွယ်လွန်သွားခဲ့သည်။ တောင်ပေါ်သူ တစ်ယောက်၏ မလိုမုန်းတီးခြင်းကြောင့် ပညာဆိုးဖြင့် ပြုစားလိုက်၍ အဖေ သွေးအန်ရောဂါ စွဲကပ်သည်ဟု ဆို၏။

သွေးအန်ရောဂါစွဲကပ်နေသော အဖေသည် သစ်လုပ်ငန်းများကို ပင်ပန်းကြီးစွာ လုပ်ကိုင်နေရင်း ထိုရောဂါဖိစီးလာ၍ ကွယ်လွန်သွားရကြောင်း ပြောပြကြသည်။ ထိုအချိန်က မောင်ထွန်းရီ၏အသက် လေးနှစ်မျှသာ ရှိသေး၍ အဖေ၏ ရုပ်သွင်ကို ရေးရေးမျှသာ မှတ်မိသည်။

အဖေသည် သက်ရှိထင်ရှားရှိစဉ်အခါက ဤလမ်း၊ ဤခရီးကို မိသားစုစားဝတ်နေရေးအတွက် ပင်ပန်းကြီးစွာဖြင့် အပ်ကြောင်းထပ်လောက် အောင်ပင် သွားလာနေခဲ့ပေလိမ့်မည်။

ညီအစ်ကို နှစ်ယောက်တို့မှာ ရှေ့ဆင့် နောက်ဆင့်သွားနေကြသော်လည်း လွန်ခဲ့သော (၉)နှစ်အချိန်က ကွယ်လွန်သွားလေသည့် ကျေးဇူးရှင် ဖခင်ကြီး၏ အကြောင်းကို တွေးရင်း ဝမ်းနည်းစိတ်များ ပြည့်ကျပ်လျက် စကားမျှပင် မဆိုမိကြပေ။

ထို့နောက် သချိုင်းကုန်းထဲသို့ တန်းဝင်သွားကြ၏။ တောရွာ သချိုင်းဖြစ်၍ သစ်ပင်ကြီး၊ ချုံပုတ်ကြီးများဖြင့် အုပ်အုပ်ဆိုင်းဆိုင်းရှိနေသည်။ ညီအစ်ကိုနှစ်ယောက် ဖခင်ကြီး၏ မြေပုံကို လိုက်ရှာပြီး မြေပုံဘေးတွင် တအောင့်ကြာမျှ ရပ်နေကြည့်နေမိကြသည်။ ထို့နောက် ပေါင်းနွယ်၊ မြက်မှိုက်များကို ရှင်းလင်းကာ ဦးချကန်တော့ပြီး အနားမှ ခွာလာခဲ့ကြလေသည်။

ထွန်းတောက်

*****



www.burmeseclassic.com

www.burmeseclassic.com

# သရဏဂုံသုံးဆယ် အကောင်းဆုံးမို့ ပွားများ အားထုတ်မယ်

လှစံ (ပညာရေး)



ပုတီးစိပ်ခြင်းသည် နသသတိ ဆယ်ပါးတွင် တစ်ပါး အပါအဝင်ဖြစ်ပြီး သမာဓိကို တည်ကြည် ကောင်းမွန်အောင် စောင့်ထိန်း၍ တဖြည်းဖြည်း သမာဓိအားကောင်းလာစေနိုင်သည်။ မြန်မာလူမျိုးတို့သည် ကိုရင်ဘဝမှစ၍ စိပ်ပုတီးကို လက်မှ ကိုင်ဆွဲခဲ့ကြသည်။ ယနေ့ မြန်မာနိုင်ငံတွင် အခါကြီး ရက်ကြီးများတွင်သာမက၊ နေ့စဉ် နေ့တိုင်းလိုလိုပင် တန်ခိုးကြီးဘုရားများသို့ သွားရောက် ပုတီးစိပ်ကြသူများ၊ ဆိတ်ငြိမ်ရာအရပ်ဒေသ သစ်တစ်ပင်၊ ဝါးတစ်ပင်အောက်တွင် ပုတီးစိပ်နေကြသူများကို မြင်တွေ့နိုင်သလို၊ မိမိတို့၏ အိမ်ဦးဘုရားခန်းတွင် ပုတီးစိပ်နေကြသူများမှာလည်း များစွာရှိကြောင်း ဝမ်းမြောက်ဖွယ် မြင်တွေ့နေရသည်။

ပုတီးစိပ်ရာတွင် မိမိတို့ ကြိုက်နှစ်သက်ရာ ဂုဏ်တော်များဖြင့် ပုတီးစိပ်ကြသည်သာ ဖြစ်သည်။ ထိုကဲ့သို့ များပြားလှသော ဂုဏ်တော်များထဲမှ ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကြီးများ၊ ဆရာတော်ကြီးများ၏ ညွှန်ပြအပ်သော၊ အကောင်းဆုံးဟု ဆိုအပ်သော ပုတီးစိပ်နည်းကို ရေးသားဖော်ပြအပ်ပေသည်။

ပုပ္ပားတောင် အဘ ဘိုးမင်းခေါင်မှ ဆုံးမ ဩဝါဒပေးဖူးသည်မှာ…

"တို့ကတော့ ဖြစ်လေရာ ဘဝတိုင်းမှာ ဗုဒ္ဓသာသနာတော်ကြီးကို နေလို၊ လလို ထွန်းလင်းတောက်ပနေအောင် သာသနာပြုရာမှာ မဟာသရဏဂုံ သုံးဆယ်ကို အမြဲမပြတ် အားထုတ်ပွားများလာခဲ့တာ ကြာပါပေါ့ကွာ။ ဘယ်ဘဝက စပြီး မဟာသရဏဂုံ သုံးဆယ်ကို ပွားများလာတယ်ဆိုတာ မှတ်တောင် မမှတ်မိတော့ပါဘူး။ သာသနာရှိနေသရွေ့ သရဏဂုံတွေ ရှိနေဦးမှာပဲကွ။ သာသာကွယ်ပကာမှမဲ့ သရဏဂုံလည်း ကွယ်မသွားနိုင်တာပဲ။ တို့တော့ ဘာပဲလုပ်လုပ် ဘာကိစ္စပဲရှိရှိ၊ ဘာကိုပဲ ဆောင်ရွက် ဆောင်ရွက် မဟာသရဏဂုံ သုံးဆယ်ကိုတော့ လက်ကိုင်ထားတယ်ဟေ့။ ဘယ်သူကြိုက်ကြိုက် မကြိုက်ကြိုက် တို့ကတော့ သရဏဂုံမှ သရဏဂုံပဲဟေ့"

ဟူ၍ သရဏဂုံကိုသာ အကြိုက်ဆုံးဖြစ်ကြောင်း တပည့်များအား ဆုံးမ ဩဝါဒပေးရာတွင် ထည့်သွင်းပြောကြားခဲ့လေသည်။

ထို့ပြင် နဝင်းသိုက်ထွက် ပထမံ ဘိုးဘိုးအောင်လည်း တပည့်များကို ဆုံးမ ဩဝါဒပေးရာတွင်…

"သရဏဂုံသုံးပါးကို တည်၊ ဂုဏ်တော်ကိုးပါးကို ပွား



www.burmeseclassic.com

www.burmeseclassic.com

ငါလိုကျင့်၊ ငါလို အားထုတ်၊ ငါလိုကြံ၊ ငါလိုတွေး။ ငါလို စီရင်၊ ငါလို သနား၊ ငါလို ကြင်နာ၊ ငါလို မေတ္တာပွား။ ငါလို ကြိုးစား၊ ငါနှင့်တူလျှင် ငါလိုဖြစ်မည်၊ ငါလို အောင်မြင်မည်၊ ငါလို ပြီးစီးမည်၊ ငါ့သိဒ္ဓိအစ သရဏဂုံက"ဟူ၍ ပထမ ဘိုးဘိုးအောင်၏ သိဒ္ဓိအစသည် သရဏဂုံဖြစ်ကြောင်း အမွှန်းတင်ပြောကြား ဩဝါဒပေးခဲ့လေသည်။

သက်တော် ၉၀ ရှိသော ပုပ္ပါးဆရာတော်ဘုရားကြီးက ၁၉၅၉ ခုနှစ်က ဩဝါဒပေးခဲ့သည်မှာ…

"ဘုရားတစ်ဆူ တစ်ဆူပွင့်ပါမှ သရဏဂုံကလည်း တစ်ကြိမ် တစ်ကြိမ်ဖြစ်ပေါ်ခွင့်ရတာ။ ဘုရားတစ်ဆူပွင့်ရာမှာ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကြာရင် သရဏဂုံသုံးပါး တစ်ကြိမ်ဖြစ်ပေါ်ခွင့်ဟာလည်း လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကြာမယ်။ ဘုရားတစ်ဆူပွင့်ရာမှာ ရှစ်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကြာခဲ့ရင်လည်း သရဏဂုံသုံးပါး တစ်ကြိမ်ပေါ်ခွင့်ဟာ ရှစ်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကြာမယ်။ ဘုရားတစ်ဆူပွင့်ရာမှာ တစ်ဆယ့်ခြောက်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကြာခဲ့ရင်လည်း သရဏဂုံသုံးပါး တစ်ကြိမ်ဖြစ်ပေါ်ခွင့်ဟာ တစ်ဆယ့်ခြောက်အသင်္ချေနဲ့ ကမ္ဘာတစ်သိန်းကြာပါမှ ဖြစ်ပေါ်ခွင့်ရလိမ့်မယ်။ ဒါကြောင့် ရတောင့် ရခဲလှတဲ့ ကြုံတောင့်ကြုံခဲလှတဲ့၊ ဖြစ်တောင့် ဖြစ်ခဲလှတဲ့ သရဏဂုံ သုံးပါးကို အဓန်ဖန်တလဲလဲ ပွားများအားထုတ်ရင် သေလျှင်လည်း ငရဲဘုံ မရောက်တော့ဘူး။ ပြိတ္တာဘုံလည်း မရောက်တော့ဘူး။ အသူရကာယ်ဘုံလည်း မရောက်တော့ဘူးကွဲ့။ ဒါကို ဘုရားရှင် သရဏဂုံ သုံးပါးကို အထပ်ထပ်ပွားများနေလျှင် အပါယ်တံခါးပိတ်တယ်လို့ ဟောခဲ့တယ်"

ဟူ၍ ဩဝါဒကထာပေးခဲ့လေသည်။

ပွေးဦးတောင်ဆရာတော်ကြီး ဘဒ္ဒန္တစန္ဒိမာမှ ဩဝါဒကထာ ပြောကြားရာတွင်လည်း…

"သရဏဂုံသုံးပါးကို အသက်နဲ့ လဲပြီး အားကိုးတယ်။ ယုံကြည်ပွားများ ရွတ်ဖတ်သရဇ္ဈာယ်တယ်။ ဒါကြောင့်ထင်ပါရဲ့ ဘုန်းကြီးတို့ အသက်သာ ကိုးဆယ်ကျော်သွားတယ်။ ဘုရားဝေဒနာရယ်လို့ ဘာမှမယ်မယ်ရရ မဖြစ်ဘူး။ ကျန်းမာရေးအထူးကောင်းတယ်။ မင်းတို့လည်း သရဏဂုံသုံးပါးကို မမေ့ကြလေနဲ့။ အမြဲသတိရနိုင်လေ သရဏဂုံက ပိုအစွမ်းထက်လေပဲကွဲ့။ မှတ်မိသေးတယ်၊ ၁၉၆၇ ခုနှစ်၊ မိုးတွင်းကာလမှာ မိုးကလည်း နေ့ရော ညပါ တသဲသဲရွာသွန်းနေလိုက်တာ၊ ပွေးဦးတောင်ထိပ်အစွန်းလောက်မှာ ဘုန်းကြီးက ကမ္မဋ္ဌာန်းကျောင်းလေးနဲ့ပေါ့။ ပွေးဦးတောင်ကလည်း တော်တော်မြင့်တယ်။ မိုးကလည်း ရွာ၊ ဘုန်းကြီးကလည်း သရဏဂုံသုံးပါးကို ပုတီးစိပ်ရင်း ရွတ်ဖတ်သရဇ္ဈာယ်နေတုန်း တောင်စောင်းတစ်ခြမ်းပဲ့ပြီး တောင်ပြိုကျသွားတယ်။ တဝုန်းဝုန်းအသံတွေ မြည်ဟိန်းပြီး ဘုန်းကြီးလည်း ကမ္မဋ္ဌာန်းကျောင်းနဲ့အတူ တောင်အောက်ကို ရောက်မှန်းမသိ ရောက်သွားတယ်။ တောင်အောက်ကို ရောက်တော့ အပေါ်က မြေကြီးတွေက ကျောင်းကလေးကို ဖုံးအုပ်ပြီး မြေဖို့ထားသလိုဖြစ်လို့ အပြင်ကို ထွက်လို့ မရတော့ဘူး။ မနက်လင်းလာလို့ မိုးနည်းနည်းစဲသွားတော့မှ ပွေးဦးတောင်အနီးအနားက ရွာသူရွာသားတွေ ရောက်လာပြီး "ပွေးဦးတောင် ပဲ့ကျပြီး တောင်ပြိုတာ ဆရာတော်ကြီး မြေကြီးအောက်မှ ပိနေပြီ၊ အမြန်လုပ်ကြပေ"ဆိုပြီး အမြန်ရှင်းလင်းလို့ ခွဲထုတ်ကြရတယ်။ နာမည်တော့ ကြီးသွားတာပေါ့ကွာ။ ဘုန်းကြီးကတော့ တွေးမိတယ်။ ကိုယ် အမြဲတမ်း အားထုတ် သရဇ္ဈာယ်နေတဲ့ သရဏဂုံသုံးပါးရဲ့ တန်ခိုးကြောင့်ပဲလို့။ ဒကာ၊ ဒကာမတွေလည်း ဘုရားဟောတဲ့ သရဏဂုံ သုံးပါးကို မမေ့ကြနဲ့။ ဘာမှ မလိုဘူး။ ဒါကိုပဲ ဂရုစိုက် အားထုတ်ကြပါ"

ဟု ဩဝါဒကထာပေးပြီး သရဏဂုံသုံးပါးကြောင့် အသက်ဘေးမှ လွတ်ခဲ့ရပုံကို ဟောကြားမိန့်ဆိုခဲ့လေသည်။

**သရဏဂုံ သုံးဆယ်ပါဠိ**

အဇ္ဈတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

အဇ္ဈတဂ္ဂေ ပါဏုပေတံ ဓမ္မံ သရဏံ ဂစ္ဆာမိ

အဇ္ဈတဂ္ဂေ ပါဏုပေတံ သံဃံ သရဏံ ဂစ္ဆာမိ

(…ဟူ၍ သုံးခေါက် ရွတ်ဆိုထားရမည်။)

(ဇာ၊ ဘော၊ ဇီ၊ ယာ၊ မ၊ မ၊ အ၊ အ၊ နိ၊ နိ ဟူသော ခေါင်းစဉ်များကို မှတ်သားထားပါ။)

(၁) ဇာတိ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

(၂) ဇာတိ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ

(၃) ဇာတိ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ

(၄) ဘောဂ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

(၅) ဘောဂ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ

(၆) ဘောဂ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ

(၇) ဇီဝိတ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

(၈) ဇီဝိတ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ

(၉) ဇီဝိတ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ

(၁၀) ယာဝဇီဝံ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

(၁၁) ယာဝဇီဝံ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ



www.burmeseclassic.com

www.burmeseclassic.com

(၁၂) ယာဝဇီဝံ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ
(၁၃) မရဏကာလံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
(၁၄) မရဏကာလံ ဓမ္မံ သရဏံ ဂစ္ဆာမိ
(၁၅) မရဏကာလံ သံဃံ သရဏံ ဂစ္ဆာမိ
(၁၆) မရဏကာလံ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
(၁၇) မရဏကာလံ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ
(၁၈) မရဏကာလံ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ
(၁၉) အရဟတ္တ မဂ္ဂကာလံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
(၂၀) အရဟတ္တ မဂ္ဂကာလံ ဓမ္မံ သရဏံ ဂစ္ဆာမိ
(၂၁) အရဟတ္တ မဂ္ဂကာလံ သံဃံ သရဏံ ဂစ္ဆာမိ
(၂၂) အရဟတ္တ မဂ္ဂကာလံ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
(၂၃) အရဟတ္တ မဂ္ဂကာလံ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ
(၂၄) အရဟတ္တ မဂ္ဂကာလံ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ
(၂၅) နိဗ္ဗာန ကာလံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
(၂၆) နိဗ္ဗာန ကာလံ ဓမ္မံ သရဏံ ဂစ္ဆာမိ
(၂၇) နိဗ္ဗာန ကာလံ သံဃံ သရဏံ ဂစ္ဆာမိ
(၂၈) နိဗ္ဗာန ကာလံ ပရိယန္တံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
(၂၉) နိဗ္ဗာန ကာလံ ပရိယန္တံ ဓမ္မံ သရဏံ ဂစ္ဆာမိ
(၃၀) နိဗ္ဗာန ကာလံ ပရိယန္တံ သံဃံ သရဏံ ဂစ္ဆာမိ

◈◈◈

(၁) အဟံ-ကျွန်ုပ်သည်၊ ဇာတိ ပရိယန္တံ - ပဋိသန္ဓေ ဆုံးသည့်တိုင်အောင်၊ ဗုဒ္ဓံ - မြတ်စွာဘုရားကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ - ဆည်းကပ်ပါ၏။

(၂) နှင့် (၃)တွင်လည်း ထိုနည်းအတိုင်းပင်ဖြစ်သည်။ "ဗုဒ္ဓံ-မြတ်စွာဘုရားကို"နေရာတွင် ဓမ္မံ - တရားတော်မြတ်ကို၊ သံဃံ - သံဃာတော်မြတ်ကိုဟူ၍ ထည့်ဆိုပါ။

(၄) အဟံ-ကျွန်ုပ်သည်၊ ဘောဂ ပရိယန္တံ - စည်းစိမ်ချမ်းသာဆုံးသည့်တိုင်အောင်၊ ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ - ဆည်းကပ်ပါ၏။

(၅) နှင့် (၆)တွင်လည်း ထိုနည်းအတိုင်းပင်ဖြစ်သည်။

(၇) အဟံ-ကျွန်ုပ်သည်၊ ဇီဝိတ ပရိယန္တံ - အသက်ဆုံး အပိုင်းအခြားတိုင်အောင်၊ ဗုဒ္ဓံ - မြတ်စွာဘုရားကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ - ဆည်းကပ်ပါ၏။

(၈)၊ (၉) တွင်လည်း ထိုနည်းအတိုင်းပင်ဖြစ်သည်။

(၁၀) အဟံ- ကျွန်ုပ်သည်၊ ယာဝဇီဝံ - အသက်ရှည်သမျှကာလပတ်လုံး၊ ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ - ဆည်းကပ်ပါ၏။

(၁၁) နှင့် (၁၂) တွင်လည်း ထိုနည်းအတိုင်းပင်ဖြစ်သည်။

(၁၃) အဟံ-ကျွန်ုပ်သည်၊ မရဏ ကာလံ-သေသည့်တိုင်အောင်၊ ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ - ဆည်းကပ်ပါ၏။

(၁၄) နှင့် (၁၅) တွင်လည်း ထိုနည်းအတိုင်းပင်ဖြစ်သည်။

(၁၆) အဟံ-ကျွန်ုပ်သည်၊ မရဏ ကာလံ ပရိယန္တံ-သေရသော ဘဝအဆုံးသို့ ကျရောက်သည့်တိုင်အောင်၊ ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ-ဆည်းကပ်ပါ၏။

(၁၇) နှင့် (၁၈) တွင်လည်း ထိုနည်းအတိုင်းပင်ဖြစ်သည်။

(၁၉) အဟံ-ကျွန်ုပ်သည်၊ အရဟတ္တ မဂ္ဂကာလ-အရဟတ္တဖိုလ်သို့ ရောက်သည့်တိုင်အောင်၊ ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ - ဆည်းကပ်ပါ၏။

(၂၀) နှင့် (၂၁) တွင်လည်း ထိုနည်းအတိုင်းပင်ဖြစ်သည်။

(၂၂) အဟံ-ကျွန်ုပ်သည်၊ အရဟန္တ မဂ္ဂကာလံ ပရိယန္တံ-အရဟတ္တဖိုလ်သို့ ရောက်၍ ဆုံးသော ဘဝတိုင်အောင် ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ - ဆည်းကပ်ပါ၏။

(၂၃) နှင့် (၂၄)တွင်လည်း ထိုနည်းအတိုင်းပင်ဖြစ်သည်။

(၂၅) အဟံ- ကျွန်ုပ်သည်၊ နိဗ္ဗာန ကာလံ - နိဗ္ဗာန်သို့ ရောက်သောဘဝ ကာလတိုင်အောင်၊ ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ သရဏံ - ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ - ဆည်းကပ်ပါ၏။

(၂၆) နှင့် (၂၇) တွင်လည်း ထိုနည်းအတိုင်းပင်ဖြစ်သည်။

(၂၈) အဟံ- ကျွန်ုပ်သည်၊ နိဗ္ဗာနကာလံ ပရိယန္တံ - နိဗ္ဗာန်သို့ ရောက်သော ကာလ ဘဝဆုံးသည့်တိုင်အောင် ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ သရဏံ-ကိုးကွယ်ရာဟူ၍၊ ဂစ္ဆာမိ - ဆည်းကပ်ပါ၏။

(၂၉) နှင့် (၃၀)တွင်လည်း ထိုနည်းအတိုင်းပင်ဖြစ်သည်။

ဤ "သရဏဂုံ သုံးဆယ်"ဂုဏ်တော်ကြီးကို နေ့စဉ် ရွတ်ဖတ်သရဇ္ဈာယ်ကြလျှင် ကောင်းကျိုးချမ်းသာ မင်္ဂလာသုခ အဝဝတို့နှင့် ပြည့်စုံနိုင်၏။ အတိတ်ဆိုး၊ နိမိတ်ဆိုးများ



www.burmeseclassic.com

www.burmeseclassic.com

# ဆိုင်ခန်းဖွင့်လျှင် ရွတ်ပွားစေချင်

## နတ်မောက် မှတ်ကျောက်

အရောင်းအဝယ်က ပါး၊ ကုန်ကြွေးတွေကများ၊ စိတ် ညစ်စရာများနှင့် လုံးလည်လိုက်နေသော ဈေးဆိုင်ခန်းဖွင့် ရောင်းချနေသူများ အောက်ပါ ဂါထာကို ရွတ်ဆို၍ ဖွင့်လှစ် ရောင်းချပါ။ ကိုးရက်အတွင်း လက်တွေ့ သိသာတိုးတက် ခွင့်လန်းလာပါမည်။ ကိုးလ မပြတ် ရွတ်ပွားသွားလျှင် ဒီရေ အလား တိုးတက်သွားများလာပါမည်။ အထူး မညွှန်းလိုပါ။ လက်တွေ့ ရွတ်ပွားလုပ်ဆောင်ကြည့်ပါဟုသာ။

ရွတ်ပွားရမည့် ဂါထာမှာ တိုတိုလွယ်လွယ်လေးဖြစ်ပါသည်။ နှုတ်မှ အသံထွက် ရွတ်နိုင်သလို၊ စိတ်ထဲမှလည်း သိုက်လှဲတက်ကြွစွာ ရွတ်ပွားလျှင်လည်း ရပါသည်။ ဆိုင်ခန်း တံခါးကို ဖွင့်ရင်း သုံးခေါက်ရွတ်ဆိုပါ။ ဖွင့်ပြီး ပစ္စည်းများ အသိုပြင်ဆင်ချိန်တွင်လည်း စိတ်မှ မပြတ်ရွတ်ပွားနေပါ။ ပထမဆုံးသော ဈေးဦးပေါက်အဝယ် မလာမချင်း စိတ်မှ ရွတ်ပွားနေပါ။ ဈေးဦးပေါက်ကို မလှန်ပါနှင့်။ အမြတ်နည်းချင် နည်းပါစေ။ ဤမျှဆို သဘောပေါက်လောက်မည်ဟု ယူဆ ပါသည်။ ရွတ်ပွားရမည့် ဂါထာတော်မှာ -

> ဓေဟိ မိတ္တံ
> ဧဟိ ဓနံ
> ဧဟိ လာဘံ
> ဧဟိ သုခံ
> ဧဟိ ဓေယျံ
> ဧဟိ မင်္ဂလံ
> သဗ္ဗသိဒ္ဓိ ဓေဟိ ဓေဟိ။

မိတ်၊ ဥစ္စာ၊ လာဘ်၊ အောင်မြင်မှုမင်္ဂလာများ တစ်နေ့ တခြား ပွားများတိုးတက်လာပါမည်■

နတ်မောက် မှတ်ကျောက်

*****

...င်းတနား၊ ခွေးအား၊ ဖွတ်၊ ငှက်ဆိုးထိုး၊ ခွေးအူ စသော ...ကောင်းသော အနိဋ္ဌ သေားရန်များမှ ထာဝရ ကင်းလွတ်စေ ...။ မကောင်းသော နတ်ဆိုး၊ ဘီလူးဆိုး၊ စုန်းကဝေ၊ တစ္ဆေ ...ကုတ်ပြိတ္တာ၊ နာနာဘာဝ၊ ဝိနာဘာဝများ အဝေးကပင် ...ခွာ ထွက်ပြေးရကုန်၏။

စည်းစိမ်ဥစ္စာ ရတနာရွှေငွေ၊ ဆန်ရေစပါး ပေါများ ...ယ်ဝ၍ ဇောတိကကဲ့သို့ ထွန်းလင်းတောက်ပ လိုတရစေ ...။ အနာရောဂါဝေဒနာမှန်သမျှလည်း ပျောက်ကင်း ...သာရ၍ အာယုကပ်ပတ်လုံးပင် အသက်ရှည်ခြင်း၊ ...ခင်းလှခြင်း၊ အမျိုးမြတ်ခြင်း၊ အသံသာယာခြင်း၊ ပညာ ...ကြီးခြင်း၊ ခွန်အားဗလ ပြည့်စုံကြ၍ ဘဝတစ်သက်တာ အေးချမ်းသာယာမှုကို ရရှိနိုင်၍ အစဉ်အမြဲ ရွတ်ဖတ်ကြပါ ရန် တိုက်တွန်းလိုက်ရပေသည်■

ကျန်းမာ ချမ်းသာကြပါစေ . . .

လှစံ (ပညာရေး)

မှီငြမ်း

- ဂုဏ်တော်တန်ခိုးနှင့် သိဒ္ဓိအမျိုးမျိုး (သုသုက)။
- မဟာသရဏဂုံအဖွင့်ကျမ်း (ဘဒ္ဒန္တ ဝေပုလ္လ)။

*****



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူတို့ငယ်စဉ် ကလေးဘဝအရွယ်တွင် အဘွားရှိသော စစ်ပင်ရွာသို့ အလည်သွားခဲ့ကြပါသည်။ အဘွားသည် စိုက်ပျိုးရေး ဝါသနာပါသူတစ်ဦးဖြစ်သည်။ အဘွား၏ခြံထဲတွင် ကွမ်းခြံရှိသလို ဆူးပုပ်၊ ရှောက်နှင့် ခြံစည်းရိုးတွင် ကင်ပွန်းချဉ်၊ တောင်ကန်စွန်းပင်များကို စိုက်ပျိုးထားသည်။ တောင်ကန်စွန်းရွက်သည် အရွက်ဖားဖားနှင့် နွယ်ပင်ကြီးမျိုး ဖြစ်သည်။ ငါးပိ တို့စရာအဖြစ် တောင်ကန်စွန်းရွက်ကိုခူးပြီး တို့စရာ အတို့အမြှုပ်အဖြစ်စားလျှင် ဝမ်းချုပ်သူများအတွက် အထူးဝမ်းနုတ်စရာမလို ဟု အဘွားက ပြောပါသည်။ များများစားလျှင် ဝမ်းများများသွားပါသည်။

# ဇရာမြေကျော်ဝေ

# လှိုရှဆန်းသော ဆေး-ရေနွေးကြမ်း



www.burmeseclassic.com

www.burmeseclassic.com

ထိုနည်းတူစွာပင် ခြံစည်းရိုးတွင် အလေ့ကျ ပေါက်ရှိသော ကင်းပုံရွက်များကလည်း ဟင်းချို ကြော်ချက် နွေးဖျော၍ ပြုတ်တို့လျှင် ဝမ်းသွားစေပါသည်။ တောရွာ၏ အစာလည်း ဆေး၊ ဆေးလည်း အစာ၊ ဝမ်းနုတ်ဆေးတစ်မျိုးသည် ငွေမကုန်ပါ။ ထိုခေတ်၊ ထိုအချိန်က ကျေးလက်တောရွာများတွင် ထမင်းနှင့် ဟင်းချက်ရာတွင် မြေကြီးအိုးတွင် အုတ်ခဲ သုံးပွင့်ဆိုင် ဖိုခနောက်တွင် ထင်းထိုးပြီး မြေအိုးနှင့် ချက်စားရသော ခေတ်လေ့ဖြစ်ပါသည်။ ထိုဓလေ့သည် တောသူ တောင်သားတို့အတွက် အကြောတက်ခြင်း ရောဂါမှ ကင်းသည်ဟု အဘွားက ပြောပါသည်။

ယခုခေတ်တွင် လူနေမှုစနစ် မြင့်မားလာသလို၊ လူတို့တွင်လည်း ရောဂါဘယများ ထူပြောလာကြပါသည်။ သွေးတိုး၊ နှလုံး၊ ဆီးချိုရောဂါနှင့် ကင်ဆာဟူသော ဝေဒနာရောဂါများက ခေတ်နှင့်အညီ လွှမ်းမိုးလျက်ရှိပါသည်။ ပညာရှင်တို့ကလည်း ဆေးဝါးများကို ရှာဖွေ သုတေသနပြုကြပါသည်။

တစ်နေ့တွင် စာရေးသူသည် မိတ်ဆွေကြီး ဦးကုလားနှင့် ကံကလေး တောရကျောင်းသို့ ဆရာတော်ကြီးကို သွားရောက် ဖူးမြော်ခဲ့ပါသည်။ ဆရာတော်ကြီးသည် အသက်(၉၁)ပင် ကျော်ပြီဖြစ်သော်လည်း ဖြူဖြူဝဝ ခန့်ခန့်ကြီးဖြင့် အသက် (၆၀)အရွယ်လောက်ပင် နုပျိုသည်ဟု ထင်မှတ်ခဲ့ရပါသည်။ ဆရာတော်ကြီးကို စာရေးသူက ဘာဆေးလိုဆေးဝါး မှီဝဲပါသလဲ ဘုရားဟု မေးလျှောက်သောအခါ ဆရာတော်ကြီးက စကားသံဝဲဝဲဖြင့်...

"ဘုန်းကြီးက ထွေထွေထူးထူး ဆေးဝါး မဆောင်ပါဘူး ငယ်စဉ် ကိုရင်ဘဝကတည်းက ရေနွေးကြမ်းကို လက်ဖက်ခြောက် အနေတော်ခတ်ပြီး သောက်လာခဲ့တာ အသက်အရွယ်ထိ ဆိုပါတော့။ တစ်ခါတလေ မြက်တွေထဲမှာ ပေါက်လေ့ပေါက်ထရှိတဲ့ တောင်ကန်စွန်းအပင်သေးလေးကို ပွင့်ပါးနုတ်ပြီး ရေစင်အောင် ဆေး၊ အရိပ်ထဲမှာ လှန်းသလို ခြောက်သွေ့အောင်ထား၊ အမှုန့်ပြုပြီး လက်ဖက်ခြောက်နဲ့ ရော၍ ရေနွေးကြမ်းသောက်ပါတယ်။ ဆရာ ဒကာကြီးတစ်ယောက်က ကင်ဆာရောဂါကို ကာကွယ်တဲ့ တောင်ကန်စွန်းရွက်လို့ ပြောပါတယ်။ ဆီးလည်း သွားလို၊ ဝမ်းလည်း မှန်ပါတယ်။ ခြံစည်းရိုးတွေမှာ ပေါက်တဲ့ တောင်ကန်စွန်းက အရွက်ကြီးနွယ်ပင်မျိုးမဟုတ်ပါဘူး။ အရွက်သေး နွယ်ပင်မျိုးပါ။ ဆေးဖက်ဝင်ပါတယ်။ ဘုန်းကြီး ဘုရားအားထုတ်တော့ အခြား ထွေထွေထူးထူး ရောဂါဆိုးတွေ မပေါ်လာပါဘူး။ အသက်ကြီးလို့ အထိုင်အထခက်တာလေး တစ်ခုပါပဲ"

ဆရာတော်ကြီးက သူ၏ ဓာတ်ဘူးထဲမှ ရေနွေးကြမ်းတချို့ကို အကြမ်းပန်းကန်ထဲသို့ ထည့်ပြီး စာရေးသူနှင့် ကိုကုလားကို တစ်ယောက်တစ်ခွက်စီ တိုက်ပါသည်။ ဆေးရေနွေးကြမ်းလို့လည်း ပြောပါသည်။ သူ့ထံမှ ဆေး လက်ဖက်ခြောက်ကိုလည်း တစ်ယောက်လျှင် အနည်းငယ်စီ ပလတ်စတစ်အိတ်နှင့် ထည့်ပေးပါသည်။ အရသာမှာ ခါးချိုပေါ့လေးဖြစ်ပါသည်။ စာရေးသူတို့လည်း ဝန်ထမ်းတွေ ဖြစ်ကြသဖြင့် ရထားချိန်နီး၍ ဆရာတော်ကို ဝတ္တုငွေလှူဒါန်းပြီး စက်ရုံသို့ ပြန်ခဲ့ကြပါသည်။

ကြံခင်းမြို့ ကံကလေး ဓမ္မရိပ်သာကျောင်းမှ ဆရာတော်၏ ဘွဲ့တော်ကို ထိုစဉ်က မမေးခဲ့မိပါ။ ဆရာတော်သည် ပြည်နှင့် ကြံခင်းကို ရှာန်နှင့် ကြွသည်ဟု မြို့ခံ လူအချို့က ပြောကြပါသည်။ ဆရာတော် ပျံလွန်တော်မူသွားမှ ရွာခံလူတို့က ရဟန္တာမှန်း သိခဲ့ကြပါသည်။ မီးသင်္ဂြိုဟ်ရာတွင် ဓာတ်တော်များ ကျလာသည်မှာ အရွယ်အစားအလိုက် အကြီးအသေးတို့ ရှိကြပါသည်။ ယခု ကံကလေးတောရကျောင်းတွင် ဆရာတော်၏ ဓာတ်တော်များနှင့် ဓာတ်ပုံတော်ကို ပူဇော်ထားပါသည်။ လမ်းကြုံလျှင် သွားရောက်ဖူးမြော်စေချင်ပါသည်။ စာရေးသူသည် ထိုအချိန်က စာရေးခြင်းအတတ်ပညာ မရှိသေးပါ။ လေ့လာမှု အားနည်းပါသည်။ ဆရာတော်ကြီး၏ ဘွဲ့တော်ကို ဖတ်ရှုသော ဖတ်ပြီး ယခု မမှတ်မိတော့ပါ။ စာဖတ်သူတို့ ခွင့်လွှတ်ကြပါ။

ဆရာတော်ကြီး၏ ကင်ဆာမဖြစ်သော ဆေး ရေနွေးကြမ်းကို ဆေးမြီးတို တိုင်းရင်းဆေး ဝါသနာပါသူတို့အတွက် ဖော်ပြပေးရခြင်းသည် စာရေးသူ၏ စေတနာသာ ဖြစ်ပါသည်။■

ရောမြေ ကျော်ဝေ

*****



www.burmeseclassic.com

www.burmeseclassic.com

# ရန်အပေါင်းကို အောင်မြင်စေသော ရန်အောင်မြင် ဂါထာတော်ကြီး

ရဲရဲထွန်း (ဟသ်ာတ)

(၁) ပထဝီ ဗလ သုန္ဒရီ
သဗ္ဗညု ဗောဓိမဏ္ဍလေ
အသေဒ္ဓေ ယျံ မာရသေနံ
ဇေ ယျော ဇေယျတု မင်္ဂလံ။
(၂) ဒေဝပုတ္တိ ကိလေ သန္တ
ခန္ဓ မစ္စုဘိ သင်္ခါရာ
ပဉ္စမာရံ ဇိနော ဗုဒ္ဓေါ
တံတေဇသာ ဘဝတု မေ။

(၁) ပထဝီ ဗလ သုန္ဒရီ - မြေထုမခြား ကြီးမားလွန်မင်း ကောင်းမြတ်သော သည်းခံခြင်းရှိသော၊ ဗောဓိမဏ္ဍလေ-သဗ္ဗညုတာဉာဏ် ရင့်သန် ကြံ့ခိုင် ဗောဓိမဏ္ဍိုင်၌၊ အသေဒ္ဓေယျံ - သချာဖွဲ့ယှက် တွက်ရေမှူးပြားလှသော၊ မာရသေနံ-မာရ်နတ်မင်း၏ စစ်သည်အပေါင်းကို၊ သဗ္ဗညု - တရားဉသုံအလုံးစုံကို အကုန်သိတတ် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ ဇေယျော ယထာ - ပါရမီတော်အဟုန်ကြောင့် မြေဝသုန် တုန်ဟည်း၊ အောင်ခြင်းကြီး အောင်မြင်သကဲ့သို့၊ တထာ-ထို့အတူ၊ မေ-အကျွန်ုပ်အား၊ မင်္ဂလံ-အောင်သင့်အောင်ကြောင်း မင်္ဂလာအပေါင်းသည်၊ ဇေယျတု-မုချမသွေအောင်မြင်ပါစေသတည်း။

(၂) ဗုဒ္ဓေါ - မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်၊ ဒေဝပုတ္တိ ကိလေသန္တ-ဒေဝပုတ္တမာရ် ကိလေသာမာရ်သည် လည်းကောင်း၊ ခန္ဓမစ္စုဘိ သင်္ခါရာ - မစ္စုမာရ်၊ အဘိသင်္ခါရမာရ်တို့သည် လည်းကောင်း၊ ဣတိ - ဤသို့ ပဉ္စမာရံ-ငါးပါးသော မာရ်အပေါင်းကို၊ ဇိနော-အောင်တော်မူလေပြီ။ တံ-တသ- ထိုမြတ်စွာဘုရား၏ တေဇသာ-အောင်မြင်တော်မူသော တန်ခိုးတော်ကြောင့်၊ မေ-အကျွန်ုပ်အား၊ ဇေယျမင်္ဂလံ - အောင်ခြင်းမင်္ဂလာအပြာပြာသည်၊ ဘဝတု - ဖြစ်ပါစေသတည်း။

ဤဂါထာတော်ကြီးနှင့် စပ်လျဉ်း၍ မှတ်သားရမှုသည်မှာ စလင်းမြို့စား စည်သူကျော်ထင်သည် ဂုဏ်တော်ကိုးပါးကို တစ်နေ့လျှင် တစ်ထောင် ပုတီးစိပ်သည်။ အထက်ပါရန်အောင်မြင် ဂါထာတော်ကြီးကိုလည်း တစ်နေ့လျှင် တစ်ထောင်ရွတ်ဖတ် သရဇ္ဈာယ်လေ့ ရှိသည်။ ထို့ကြောင့် စည်သူကျော်ထင်သည် စစ်တိုက်တိုင်း အနိုင်ရ အောင်မြင်လေသည်။

တစ်နေ့သ၌ သူဆင်းရဲမတစ်ဦးသည် အိမ်တိုင်တွင်းမှ ရွှေအိုးတစ်လုံးရသဖြင့် မင်းအား ဆက်သရန် ယူဆောင်လာခဲ့သည်။ ထိုအခါ စည်သူကျော်ထင်သည် ထိုဂါထာတော်ကြီးကို ရွတ်ဖတ်သရဇ္ဈာယ်နေချိန်ဖြစ်သည်။ စည်သူကျော်ထင်လည်း ဂါထာတော်ကြီးကို ရွတ်ဆို ပူဇော်နေခိုက် ရွှေအိုးလာရောက် ဆက်သသဖြင့် လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြစ်တော်မူသည်။ သူဆင်းရဲမကိုလည်း ရွှေအိုးပြန်ပေးတော်မူသည်။ စည်သူကျော်ထင်သည်လည်း ရတနာမြတ်သုံးပါးဂုဏ်ကျေးဇူးကြောင့် ဘုရင်အဖြစ်သို့ ရောက်ရှိခဲ့လေသည်။

ဤဂါထာတော်ကြီးသည် မြတ်စွာဘုရားရှင်၏ အောင်တော်မူပုံများကို ဖွဲ့နွဲ့သီကုံးထားသည်ဖြစ်ရကား နေ့စဉ်ရွတ်ဖတ် သရဇ္ဈာယ်ခြင်းအားဖြင့် မိမိတို့၏ အခက်အခဲဟူသမျှ အကြံအစည်ဟူသမျှ အောင်မြင်ကြမည်ဖြစ်ပါသည်။■

ရဲရဲထွန်း (ဟသ်ာတ)

မှီငြမ်း
- မဃဒေဝတ၏ မြတ်ဗုဒ္ဓ ပရိတ်တော်နှင့်အစွမ်းထက်မြက်သည့် ဂါထာတော်များ။

*****



www.burmeseclassic.com

www.burmeseclassic.com



ကိုပြုံး (ကေရာဇ်)

# နေဝင်ဖျိုးဖျ မိုးချုပ်ခါစလျှင်

www.burmeseclassic.com

www.burmeseclassic.com

ငြိမ်းတစ်ယောက် ကံမြင့်ဆိုတဲ့ ရွာကလေးမှာ နေတယ်။ မြို့နဲ့တော့ တော်တော်ကလေးလှမ်းတယ်လို့ ဆိုရမလားပဲ။ ပေါင်းတလည်လို့ ခေါ်တဲ့ တောမြို့ကလေးကို သွားချင်ရင် လယ်ကန်သင်းလမ်းကနေ ခြေလျင်သုတ်ရတယ်။ အဲ··· နွေရာသီဆိုရင်တော့ လှည်းလမ်းပေါက်တယ်။ နောက်ပြီးတော့ အဲဒီ တောမြို့ကလေးကို ဈေးလို့လည်း ခေါ်သေးတယ်။ "မနက်ဖြန် ဈေးသွားမလို့ပေါ့၊ ဘာမှာကြဦးမလဲ" လို့ ပြောလေ့ရှိတယ်။

ငြိမ်းတို့ တစ်ရွာလုံး ရိုးသားကြိုးစားကြတယ်လို့ ပြောရမလား မသိဘူး။ နွမ်း မိုး၊ ဆောင်း သီးနှံအကုန်စိုက်ကြတယ်။ ထွက်သမျှ ကုန်ပစ္စည်း ဈေးကို ပို့ပြီး ရောင်းချကြတော့တာပါပဲ။ တစ်ခါတလေ ကုန်ပစ္စည်းများလို့ ပေါင်းတလည်ဈေးက မနိုင်ရင် ပြည်မြို့ကို တက်ပြီး ရောင်းချရသေးတယ်။ ဒါလည်း ရှားပါတယ်။ များသောအားဖြင့်တော့ ပေါင်းတလည်ဈေးမှာပဲ အလုပ်ဖြစ်တာ များပါတယ်။ စပါး၊ ပဲ၊ နှမ်း ရောင်းသလို၊ ဆောင်းသီးနှံ အိမ်ခြံထွက် ပန်းဂေါ်ဖီ၊ မုန်လာဉ၊ ဆလပ်၊ နံနံပင် စတာတွေလည်း ရောင်းကြသေးတယ်။ များသောအားဖြင့် စာမတတ် ပေမတတ်တွေ များတယ်။ ကလေးတွေအတွက် ပညာရေးကို အလေးမပေးနိုင်ကြရှာဘူး။ နေဖို့ စားဖို့ကို အနိုင်နိုင်။ နေ့တစ်ရှုပ ရုန်းကန်နေကြတာက များပါတယ်။ ရွာမှာက လေးတန်းအထိပဲ ရှိတယ်လေ။ အဲဒီ လေးတန်း အောင်,အောင် ကျ,ကျ ကျောင်းဆက်မတက်ကြတော့ဘူး။ နောက် လမ်းပန်းဆက်သွယ်ရေးကလည်း အတော်ခက်သကိုး။ ယောက်ျားကလေးဆို လယ်လုပ်၊ ပျိုးနုတ်။ မိန်းကလေးဆို ကောက်စိုက်၊ ထမင်းချက်။ ငြိမ်းတစ်ယောက်သာ ဘဒွေး ဘုန်းကြီးကြောင့် မြို့ကျောင်းတက်ခွင့်ရခဲ့တာ။ တော်ရုံဗွဲနဲ့တော့ မရဘူး မောင်၊ လယ်ကန်သင်းပေါ် ဖိနပ်မပါဘဲ ခြေကျင်ဒိုးရတဲ့ကိစ္စ။

ငြိမ်းအဖေ ကိုလှဆောင်ကတော့ လယ်ပြီးသွားလို့ ရွာနားက ကန်းကွက်ကို ထွန်နေပြီ။ မြေပဲထယ်ရေးဆိုတော့ မှုန့်နေအောင် ထွန်ရတာ။ ခရုတ်ပတ်ထိုးလိုက်၊ အလယ်မောက်အောင် ရင်ကွဲထိုးလိုက်နဲ့၊ ထယ်ရေးချည်း လေးစပ်လောက် ရအောင် ထိုးထားရတယ်။ ဆောင်းတွင်း အစိုဓာတ်ရအောင်၊ အောက်ဓာတ်မိအောင် ထယ်ရေးနက်နက်ထိုးပြီး ထွန်ရေး မဝင်တော့ဘူး။ ထန်းသား ပိတုန်းနဲ့ လှူစီးပြီး လေးငါးစပ်ရအောင် ပတ်ရိုက်လိုက်တယ်။ ၄နာရီလောက်ကတည်းကဟာ ၈နာရီလောက် ဇနီးသည် မရှင် ရေနွေးလာပို့မှ ခဏနားပြီး ထမင်းကြမ်းစား၊ ရေနွေးသောက်တယ်။

မိုးတွင်း ထယ်ဖြုတ်ချိန်ကတော့ ရွာဦးကျောင်းက နာရီကုန် ၁၂နာရီ ဘားစည်ခေါက်မှ ဖြုတ်တာ များပြီး၊ အခုလို ဆောင်းတွင်းကျတော့ ဆွမ်းခံပြန်ချိန် ၁၀နာရီ မရှိတရှိလောက်ဆို သိမ်းတာ များတယ်။ ဇနီးသည် မရှင် ပြန်သွားပေမယ့် ကိုလှဆောင်က ထယ်ရေးမငင်သေးဘဲ လယ်ထောင့် ထယ်မရောက်တဲ့ နေရာတွေကို ပေါက်ပြားနဲ့ ပေါက်ပေးနေတယ်။ ထောင့်ကလည်း ကျသေး၊ ကမူကလည်း ရှိနေတော့ လှူ မကျရင် ဘာပင်မှ စိုက်မရတော့ဘူး။ အပေါ်က သက်ငယ်ကျင်း၊ အောက်က ကြွက်တွင်းနဲ့ ပေါက်ပြားပေါက်ရတာတောင် လက်ပေါက်ကကပ်ချင်သား။ ခရီးထောင့်ကို ပေါက်ပြားနဲ့ ပေါက်နေတုန်း ကြွက်တွင်းထဲက ကြွက်မထွက်ဘဲ ပုတ်သင်ထွက်လာတော့ ကိုလှဆောင်စိတ်ထဲ ထင့်ခနဲတော့ ဖြစ်သွားသေးတယ်။ ပါးစပ်ကလည်း "တယ်···ဒင်းတို့ တော်တော်ရှုပ်သကိုး" လို့ ပြောရင်း ဆက်ပေါက်ခဲ့တယ်။

အိမ်ပြန်ရောက်တော့ နွားတွေ ရေချိုး၊ လူ ရေချိုး၊ ထမင်းစားပြီး တစ်ရေးတမော အိပ်တော့တာပဲ။ သုံးနာရီလောက်မှာ အဖေ လှဆောင် ထ,ချိန်တန်လို့ မထတော့ မရှင်က နှိုးရတော့တာပေါ့။

"တို့အိမ်က လူကြီး၊ ထတော့၊ နွားတွေ ရေတိုက်ရအောင်"

ကိုလှဆောင် ဖျားနေပါပြီ၊ ကိုယ်တွေ ပူပြီး ပါးစပ်က ကယောင်ချောက်ချားတွေ ပြောနေ၏။ မျက်လုံးလည်း မဖွင့်တော့။ မရှင် ပြာသွားတာပေါ့။ ခေါင်းရင်းအိမ်က ဘကြီး မြမောင်ကို ပြေးခေါ်ရတယ်။

"ကျွန်မအိမ်သား ဘာဖြစ်မှန်း မသိဘူး။ လိုက်ကြည့်ပေးပါဦး"

ညီအရင်း လှဆောင် ဘာဖြစ်မှန်း မသိဘူးဆိုတော့ ဘကြီး မြမောင် လိုက်လာရတော့တာပေါ့။

"ကိုယ်ပူပြီး ဖျားတာပါ။ ကိစ္စမရှိပါဘူး။ ဟော့ကောင် · · ·ဖိုးထောင်၊ အနောက်ပိုင်းက ဆရာကြီး ဦးမောင်လေးကို သွားပင့်ချေကွာ"

လို့ သူ့သူ့ရင်းဖွားကို လှမ်းခိုင်းလိုက်တယ်။

ရွာအနောက်ဖျားမှာကတော့ ဆေးဆရာ ဦးမောင်လေး၊ ခြံဝန်းကြီးနဲ့ နေတယ်။ အစက ရွာနဲ့ အဝေးကလေးလှမ်းတဲ့ ရှမ်းကန်မှာ တဲကြီးထိုးပြီးနေတာ။ ဆရာစ် ဘုန်းခေါ်က



www.burmeseclassic.com

www.burmeseclassic.com

ဂျပန်တပ်သားတွေကို ဆေးကုပေးရင်း ချစ်နှာမြူတွေ လိုက်ဖမ်းလို့ ဖြေးတို့ ရွာနားရောက်လာတာ။ ရှမ်းကန့်ပေါင် ပေါ်မှာ မိသားစုနဲ့ တဲကြီးထိုးနေပြီးတော့ အနီးအနားက ရွာတွေမှာ ဆေးကုစားတယ်။ ဆေးဆရာကြီးက ဂျပန်တပ် သားကြီးမှန်းသိတော့ ဖြေး ဘကြီး ဦးမြမောင်က သူ့အပိုင် ရွာအနောက် ခြင်းက ခြံကွက်ထဲ သွားပင့်ပြီး နေခိုင်း ခဲ့တာ။ တစ်ခုရှိတာကတော့ ဖျားတာ နာတွေ ပျောက်အောင် ကုနိုင်ပြီး စုန်း ဖမ်း ကျုတ်ဖမ်း။ သရဲဖမ်းတွေက ဆရာ ကြီး ရွာထဲရောက်မှ ပိုများနေသလိုပဲ။ ဆရာကြီး ဦးမောင်လေးရဲ့ အဖေက်လည်း ဆေးဆရာကြီး ဦးတိမ်ကြား တဲ့။ အမေကတော့ ထဘီမြှုရင် ထင်းတဖြစ်တဲ့ စုန်းမကြီးလို့ ပြောကြ တာပဲ။ ဆရာနဲ့ စုန်းမ ပညာပြိုင်ရာက ယူလိုက်တာလို့ အရပ်က ပြောနေကြ တာပါပဲ။ ဆရာကြီးရဲ့ ကိုယ်ပိုင်ပြော စကားမဟုတ်ပါဘူး။

ဘကြီး မြမောင်ရဲ့ ရွာအနောက် ဘူးက အကွက်ကြီးကလည်း တစ်ဧက နီးနီးလောက် ကျယ်သားကလား။ အုန်း၊ ထန်း၊ သရက် ဥယျာဉ်ခြံကြီးကို ဆရာ ကြီးနေဖို့ ရကရက်ရောရော အပိုင်ပေး လိုက်တာ။ အမြော်အမြင်ရှိရှိနဲ့ လုပ် လိုက်တာပါ။ မြို့နဲ့ အလှမ်းဝေးနေတဲ့ ရွာကလေးမှာ ဒီလို ဆေးဆရာကြီးရှိဖို့ လိုတယ်လေ။

မဟာမကျွန်းရေးက တယ်အလုပ် အကိုင်ပျက်သကိုး။ နဂိုကမှ သစ်ပင် ပင်တွေ စိမ်းစိုနေရတဲ့အထဲ ဆရာ ကြီးနေတော့ သရဲတွေ မွေးတယ်ဆိုပြီး ကြောက်လိုက်ကြတာ။ ဂျပန်တပ်သား ကြီးဆိုတော့ ကိုယ်ခံပညာလည်း တတ် တယ်။ ဆိုင်းပညာလည်း တတ်တယ်။ အယောလည်း ထိုးတတ်တယ်။ ဆံပင် အရှည်ကို သျှောင်ထုံးပြီး ပန်းရောင်ပဝါ ပေါင်းထားတယ်။ အသားညိုပြီး အရပ် ကိုင်းတယ်။

ဘကြီး မြမောင် ခေါ်တယ်ဆို တော့ ဆရာကြီး ဦးမောင်လေး ဆေး လွယ်အိတ်လွယ်ပြီး သူ့ရင်းငှား ဖိုးထောင်နောက်ကို လိုက်လာရတော့ တာပေါ့။

အမေ လှဆောင်က တုံးလုံးကြီး။ ဘကြီး မြမောင်ကလည်း စိတ်ပူတဲ့ မျက်နှာနဲ့ ဆရာကြီးကို အားကိုးတကြီး လှမ်းကြည့်ပြီး ခေါင်းရင်းမှာ နေရာပေး ပါတယ်။

"ဆရာကြီးရယ်…စမ်းသပ်ပြီး ကြည့်ပေးပါဦး"

"အိမ်း…ကောင်းပကွာ၊ ငါ ရောက်လာပြီပဲ။ နေကောင်းရတော့မှာ ပေါ့"

လို့ ပြောပြီး လက်ကောက်ဝတ် ကို ကိုင်ပြီး သွေးစမ်းတော့တာပဲ။ ဆရာကြီးက လှနှာရဲ့ လက်ကောက် ဝတ်ကို ကိုင်လိုက်တာနဲ့ ရှိုးရှိုးဖျားတာ နာတာတွေကို တွေ့ရှိသလို၊ စုန်းဖမ်း၊ ကျုတ်ဖမ်း၊ သရဲဖမ်းလည်း တန်းသိ တယ်။

"ဟဲ့…မရှင်၊ ရေနွေးယူခဲ့"

လို့ မီးဖိုထဲက အမေ မရှင်ကို လှမ်းပြောလိုက်တယ်။ ဖြေးအမေ မရှင်ကလည်း ဆရာကြီးကို သွားခေါ် ကတည်းက ရေနွေးအိုး ကျိုပြီးသား။ ရေနွေးပူပူကို ယူလာတယ်။ ဆရာကြီး ကတော့ ခေါင်းပေါင်းကလေးကို ဖြည်၊ သျှောင်ထုံးကလေးကို လက်ကလေးနဲ့ သပ်ပြီး ဖအေးအေးဆေးဆေး ဘုရားဝတ် ပြုတော့တာပါပဲ။ ဘယ်သူတွေ စိတ်ပူ ပူ သူ့အဖို့ကတော့ ဒါမျိုးတွေ ရိုးနေပြီ ဆိုတဲ့အထဲကပဲ။ ဆေးလွယ်အိတ်ထဲက ဆေးမှုန့်တွေကို ရေနွေးပန်းကန်ထဲ ထည့်ပြီး မရှင် ယူလာတဲ့ ရေနွေးကို ထည့်ပြီး လက်ခလယ်နဲ့ နှာနှာမွှေတော့ တာပဲ။ ဘကြီး မြမောင်ကို မေးငေါ့ပြီး လှနှာကို ထူခိုင်းတယ်။

"ကိုင်း…လှဆောင် မျက်လုံး ဖွင့်၊ ဘုရားဆေး တရားဆေး သံဃာ ဆေး ဆိုပြီးတော့ ပူပူမှုတ်သောက် လိုက်တော့"

လို့ ပြောပြီး ဆေးတိုက်လိုက်ပါ တယ်။ ကွမ်းတစ်ယာညက်လောက်ပဲ ကြာတယ်၊ အမေ လှဆောင် ချွေးများ ထွက်ပြီး ထ,ထိုင်တော့တာပါပဲ။

"ကဲ…လှဆောင်၊ ရောဂါသက် သာရင် မနက်က ဘာတွေဖြစ်ခဲ့သလဲ ငါ့ကို ပြောစမ်း"

"ဒီလို ဆရာကြီးရေ၊ ကျွန်တော့် ကုန်း ကွက်ထောင့်က တောင်ပို့ကို နည်းနည်းဖြိုလိုက်တယ်။ အကွက်ထဲ ကို တိုး,တိုးလာတော့ မဖြိုလို့ကို မဖြစ် တော့ဘူး။ အဲဒီ တောင်ပို့ထဲက ပုတ်သင်မ ထွက်လာတယ်။ သူ့ပေါက်မိ သလား၊ မပေါက်မိသလား မသိပါဘူး ဆရာကြီးရာ၊ အဲဒီ ပုတ်သင်မကို မြင် ပြီးကတည်းက စိတ်ထဲမှာ စနိုးစနောင့် ဖြစ်နေတာ။ ကျုတ်ဖမ်းတာပဲ ဖြစ်မယ် ထင်တယ်"

"အေးကွာ၊ မင်းစိတ်ထဲမှာ ကျုတ် ဖမ်းတယ်ထင်ရင်လည်း တို့တစ်တွေ ကျုတ်ကျွေးကြတာပေါ့။ ဟဲ့…မရှင်၊ ကြက်တစ်ကောင် ဒီည ရာထား။ မနက်ကျတော့ ငါ မိုက်ကြီးကို လွှတ် လိုက်မယ်။ သူလုပ်ရမယ့်အလုပ်တွေ သူသိတယ်။ သူ့ကို ကူလိုက်ပေးလိုက်ကြ ကြားလား။ မနက်ဖြန်နေ့လယ်မှာ ကျုတ်ကျွေးမယ်"

◈◈◈

ဖြေးအဖို့ကတော့ ဒီကနေ့ ပွဲကြီးပွဲကောင်းနွှဲရတဲ့ နေ့လို့ ပြောရ



www.burmeseclassic.com

www.burmeseclassic.com

မလိုဖြစ်နေတာ။ ကျောင်းပိတ်ထားတာကိုက ငြိုးအဖို့ တစ်ပန်းသာနေတာလေ။ မနက်ကတည်းက ဆရာကြီးဦးမောင်လေး၏မြေး ဗိုက်ကြီးရောက်နေတာ။ မီးဖိုထဲမှာ အမေ မရှင်နဲ့ ကျတ်ကျွေးဖို့ ထမင်းဟင်းချက်နေတာ။ အိမ်ရှေ့ဝရန်တာမှာတော့ အမေကြီး ဒေါ်ရွှေသိမ်၊ အမေကြီး၏ ညီမ အပျိုကြီး ဒေါ်ငွေအိမ်၊ အမေကြီး၏ မောင်ဝမ်းကွဲ ဘိုးလေး ဖြူသီး၊ ဘကြီး မြမောင်၊ အဖေ လှဆောင်တို့ ရေနွေးကြမ်းသောက်ရင်း စကားဝိုင်းဖွဲ့နေကြတာ။

ပြောမယ့်သာ ပြောနေကြတာ၊ ဂိုဏ်းချင်းက တူတာမဟုတ်ဘူး။ အမေကြီး ဒေါ်ရွှေသိမ်၊ ဒေါ်ငွေအိမ်နဲ့ အဖေလှဆောင်တို့က စုန်း၊ တစ္ဆေ၊ သရဲ၊ ကျတ်၊ နတ်လိုင်း။ ဘိုးလေး ဖြူသီးနဲ့ ဘကြီး မြမောင်တို့က ဝိပဿနာလိုင်း။ ရွာကျောင်းဆရာတော် အမေကြီး ဒေါ်ရွှေသိမ်ရဲ့ မောင် ဘဒ္ဒေး ဘုန်းကြီးနဲ့ တစ်ဂိုဏ်းတည်း။ ဥပုသ်နေ့ဆိုင်း ရွာဦးကျောင်းမှာ ဥပုသ်စောင့်ရတယ်။ တရားနာ၊ တရားထိုင်ရတယ်။ စကားပြောရင် တရားစကားပဲ ပြော။ ဒီပြင်စကား မပြောရဘူး။ အမေကြီးတို့ မပြောနဲ့၊ တစ်ရွာလုံး ကြောက်ရတာ။

ငြိုးက အမေကြီးနှစ်ယောက်ကြား ကြီးလာရတာ။ ငယ်ငယ်လေးကတည်းက စုန်းအကြောင်း၊ ကျတ်အကြောင်း အက်ကြောင်းထပ်အောင် နားယဉ်ပြီးသား။ ဝမ်းတွင်းစုန်း၊ ခေါင်းပြတ် ချေးစားစုန်း၊ သရဲသဘက်ဆိုတာ အမေကြီး ဒေါ်ငွေအိမ်ရဲ့ မရိုးနိုင်သော အိပ်ရာဝင် ပုံပြင်။ ခေါင်းပြတ် စုန်းမဆိုရင် အရင်ဆုံး အတူအိပ် ယောကျ်ားကို သုံးကြိမ်ကျော်ပြီးမှ စုန်းတောက်စားရတဲ့အကြောင်း၊ ကာလသားလေးတွေက ဗီးခက်နဲ့အုပ်ပြီး ဖမ်းကြကြောင်း၊ ခေါင်းဖြတ်ထားတဲ့ ကိုယ်လုံးကြီးကို တရော်ရည်နဲ့ သုတ်ထားတော့ ခေါင်းဆက်မရဘဲ ချော်ထွက်နေတဲ့ အကြောင်း၊ အို… စုံစေ့နေအောင် ပြောတာ။ ငြိုးကတော့ စုန်းမတွေကို ဖမ်းတတ်တဲ့ ကာလသားတွေကို အရမ်းသဘောကျတာပေါ့။ ကြောက်စရာမကောင်းတဲ့အပြင် ပျော်စရာကောင်းနေတယ်။

ဝမ်းတွင်းစုန်းအကြောင်းဆိုရင် ထင်းပေါက်နေတဲ့ အဖေကို နလုံးခုန်နေတာတွေကို မြင်ရတော့ သစ်ပေါက်စကလေးနဲ့ ခုပေးလိုက်တာ အဖေကြီးအောင့်နေလို့ ရွာသားတွေ ဝိုင်းလာပြီး ဘာဖြစ်တာလဲဆိုပြီး မေးကြမြန်းကြတော့မှ ကလေးမလေးက သစ်ပေါက်စကလေး ခုထားကြောင်း ပြောပြတယ်ဆိုပဲ။ ဒါဆို ပြန်နုတ်လိုက်လို့ ပြောတော့ သစ်ပေါက်စကလေးကို ပြန်နုတ်ပေးလိုက်တာ ကောင်းသွားတယ်လို့ ပြောပြတယ်။ အခုလည်း ကျတ်အကြောင်း အာပေါင်အာရင်းသန်သန်နဲ့ ပြောနေပြန်ပြီ။

ငြိုးကတော့ မီးဖိုထဲက ဗိုက်ကြီးနဲ့ အမေ မရှင်တို့ဆီ သွားလိုက်၊ အိမ်ရှေ့ စကားဝိုင်းရောက်လိုက်နဲ့ပေါ့။ ဗဟုသုတတွေတိုးနေတာပေါ့။ လေ့လာချင်စရာတွေချည်း။ ဘဒ္ဒေး ဘုန်းကြီးက မှာထားပြီးသား။ မင်းအမေကြီးတွေ ပြောတာတွေကို မယုံနဲ့၊ ကိုယ်ပိုင်ဦးနှောက်နဲ့ စဉ်းစား၊ လက်တွေ့လုပ်ကြည့်တဲ့။

အမေကြီး ရွှေသိမ်က ကျတ်တွေအကြောင်း စိတ်ဝင်စားအောင် ပြောတတ်တယ်။ ဟိုတစ်ခါက အဝေရာကြိုင်ဆိုတဲ့ ရွာအနောက်ပိုင်းက နဲ့ဆရာကြီးရဲ့ ကိုယ်တွေ့ကို ပြောပြတယ်။

နေ့ဝင်ရီတရောအချိန်မှာ နဲ့ဆရာကြီးရဲ့ အိမ်ရှေ့ကို လှည်းနဲ့ ရောက်လာပြီး အလှူပွဲတစ်ခုမှာ နဲ့ဆရာ အသံဝင်သွားလို့ အဝေရာကြိုင်ဆိုပြီး နာမည်တစ်လုံးနဲ့ ဆရာကြီးကို အားကိုးတကြီးလာခေါ်တာဖြစ်ကြောင်း၊ အခကြေးငွေ တောင်းသလောက်ပေးမှာဖြစ်ကြောင်း ရွှန်းရွှန်းဝေအောင် ပြောခေါ်နေတဲ့ ခေါင်းပေါင်းကြီးတွေနဲ့ လူကြီး သုံးယောက်ရဲ့ နောက်ကို လိုက်သွားတယ်။ လှည်းအတန်ငယ် မောင်းလာပြီး အလှူလုပ်မယ့် ရွာထဲကို ဝင်တော့ မှောင်နေပြီ။ အောက်လင်း ဓာတ်မီးကြီးတွေ ထိန်အောင် ထွန်းထားတဲ့ အလှူအိမ်ကို ရောက်တယ်။ လူတွေကလည်း အများကြီး။ ပျားပန်းခတ်မျှ ဝတ်ကောင်းစားလှတွေနဲ့ သွားလာနေကြတာ။ တစ်ခုထူးတာက ယောကျ်ားသားတွေက သျှောင်ထုံး ခေါင်းပေါင်း၊ တိုက်ပုံတွေ ဝတ်ပြီး မိန်းမသားတွေက ထိုင်မသိမ်းအင်္ကျီ၊ မိန်းမငယ်တွေကျတော့ ရှင်မီးအင်္ကျီတွေ ဝတ်ထားတာပဲတဲ့။ "ရွှေဘိုရွာစားမောင်"လို့ နာမည်တပ်ထားတဲ့ ဆိုင်းဝိုင်းထဲ အဝေရာကြိုင် နဲ့ဝင်မှုတ်တော့ ခဏနဲ့ အဆင်ပြေသွားတယ်တဲ့။ အရက်ကလေးကလည်း ကြိုက်တော့ အနားလာချပေးတဲ့ ရေနွေးပန်းကန်လေးထဲက အရက်ကို နင်းသောက်တာပေါ့။ မဏ္ဍပ်အကြီးကြီးထဲမှာ ရှင်လောင်းသုံးပါးကို သံယာစင်ရှေ့ တန်းလျားခင်းပြီး ဆိုင်းနားထောင်စေတယ်တဲ့လေ။ အဝေရာကြိုင်ကတော့ သူရတဲ့ သီချင်းကြီးကို မူးမူးနဲ့ လွှတ်မှုတ်တာပေါ့။ မှုတ်ရင်း မှုတ်ရင်းနဲ့ အိပ်ပျော်သွားတယ်ဆိုပဲ။ မိုးလင်း နေရောင်ထိုးမှ နိုးရောဆိုပါတော့။ နိုးလို့ကြည့်လိုက်တော့ ရွာအနောက်ဘက် ကျတ်





www.burmeseclassic.com

www.burmeseclassic.com

ကုန်းရောက်နေတာဆိုပဲ။

အမေကြီး ဒေါ်ငွေအိမ်ကတော့ လက်သည် မငွေခင်ရဲ့ ကျွတ်အကြောင်း ကိုယ်တွေ့ကို ပြောပြတယ်။ နေဝင်ရီတရောဆိုတာက နွားနှိုင်းသွင်းချိန်၊ ဖုတ်၊ သရဲ၊ ကျွတ်တို့ မြူးချိန်လို့ ပြောရမယ်။ နွားပြာကြီးတစ်ရှဉ်း လှည်းနဲ့ လာခေါ်တာ၊ ကလေးမွေးနိုင်လို့ လက်သည်ကို အရေးတကြီးလာခေါ်တာ။ ဒရောသောပါး လိုက်သွားရတာ။ နွားတွေကလည်း မြူးသံပေးပြီး ဒုန်းမောင်းသွားတာ။ ကလေးမမွေးနိုင်လို့ အော်ဟစ်နေတဲ့ အိမ်ရှေ့ကို ခဏနဲ့ ရောက်သွားတယ်ဆိုပဲ။

ကလေးကလည်း တော်တော်လေးကို ခဲရာခဲဆစ် မွေးရတာဆိုပဲ။ လက်သည် မငွေခင်လည်း ချွေးသီးချွေးပေါက်ကျအောင် မွေးရတာဆိုပဲ။ မနေ့ခန်းအပြင်ဘက်မှာတော့ ရေနွေးကြမ်းသောက်ရင်း အင်္ဂလိမာလသုတ်ရွတ်နေတဲ့ ဥပမိရုပ်ကောင်းတဲ့ ဘကြီးတစ်ယောက်ပဲ ရှိတယ်ဆိုပဲ။ မောမောနဲ့ ချွေးသုတ်ပြီး ထွက်လာတဲ့ လက်သည် မငွေခင်ကို ထမင်းစားပွဲကြီးက ကြိုလို့တဲ့။ ကြက်သားဟင်းကလည်း ကောင်း၊ အငွေ့တထောင်းထောင်းနဲ့ ထမင်းကလည်း ကောင်းဆိုတော့ မြိန်မြိန်စားပစ်တာပေါ့။ စားပြီး ထမင်းစားပွဲက မထရသေးဘူး၊ မျက်လုံးက စင်းကျပြီး အိပ်ရာသန့်သန့်၊ ခေါင်းအုံး၊ ခြင်ထောင်နဲ့ အိပ်ဦးခန်းမှာ သေသေချာချာ အိပ်တာဆိုပဲ။

မိုးလင်းလို့ နိုးမှပဲ ရှမ်းကန်အနောက်ဘက် ကြက်တက်ချုံပေါ် ရောက်နေတာတဲ့။ အပေါ်အင်္ကျီဘေးအိတ်ထဲ စမ်းကြည့်တော့ ညက ပေးလိုက်တဲ့ ပိုက်ဆံတွေက သစ်ရွက်တွေတဲ့လေ။

အမေ လှခေါင်ကတော့ ညက အိပ်မက်တဲ့အကြောင်း။ အိပ်မက်ထဲမှာ ဥပမိရုပ်ကောင်းကောင်း၊ သျှောင်ထုံးခေါင်းပေါင်းနဲ့ ဘကြီးတစ်ဦးက သူ့မြေရဲ့ မြေထောက် ပွန်းပဲ့သွားကြောင်း၊ ဆရာကြီး ဦးမောင်လေးကိုလည်း လေးစားကြောင်း၊ တောင်းပန်ရင် ကျေအေးမှာဖြစ်ကြောင်း ဖွဲ့နွဲ့ပြောနေလေရဲ့။

ဘကြီး မြမောင်ကတော့ မင်းစိတ်က စွဲလမ်းတာတွေ ကလေးတွေရှေ့မှာ လျှောက်ပြောမနေနဲ့လို့ မာန်ပြော့ပြောတယ်။ ဘိုးလေး မြူသီးကတော့ အရာရာကို သတိတရားယှဉ်ကြဖို့ ပြောပါတယ်။ သူ့အစ်မတွေရဲ့ တစ်ယူသန်အစွဲအလမ်းတွေကိုတော့ မကြိုက်ဘူး။ ဘုရား၊ တရား၊ သံဃာကိုသာ အားကိုးအားထားပြုသင့်ကြောင်း၊ အရပ်စကားတွေ၊ လုပ်ကြံပြောတာတွေကို မယုံဖို့လောက်ပဲ ပြောပါတယ်။

ငပြူးတစ်ယောက် မီးဖိုဘက် လှည့်ပြန်တယ်။ အမေကြီး ဒေါ်ငွေအိမ်ကို ညကျမှ ငါးလူးတွင်းထိုးရင်း အမွှေးရှည်ရှည် သဘက်ကြီးနဲ့ နပန်းလုံးခဲ့ရတဲ့ ကိုတာတီးအကြောင်း ဖြန့်မေးမည်ဟု စိတ်ကူးထားလိုက်သည်။ ငပြူးကလည်း ငပြူးပင်။ နည်းနည်းမှ ကြောက်စိတ်မရှိ။ မှောင်ကြီးထဲ ဘာကောင်ကြီးမှန်း မသိဘူးလို့ အမေကြီး ဒေါ်ရွှေသိမ်က ခြောက်တာပင် မကြောက်။ ဘာမှ မရှိလို့ပေါ့ အမေကြီးရာလို့ ပြောပြီး လက်တွေ့ ဓာတ်မီးနဲ့ ထိုးကြည့်တတ်တာ။ ပြောင်းပြန်ချည်း လျှောက်လုပ်တတ်တာ။ ဘကြီး မြမောင်နဲ့ ဘဖွေးဘုန်းကြီးကလည်း မြှောက်ပေးမြှောက်ပေးတယ်လေ။

မီးဖိုထဲမှာတော့ အမေမရှင်နှင့် မိုက်ကြီးတို့ ကျွတ်ကျွေးဖို့ ချွေးတလုံးလုံးနှင့် ချက်ပြုတ်နေကြလေရဲ့။ ကျွတ်ထမင်းချက်ရာမှာလည်း စည်းကမ်းချက်နဲ့ပါ။ အဘ ဆရာကြီး ဦးမောင်လေး ချထားတဲ့ စည်းကမ်းတွေပါ။ ဆန် နို့ဆီဘူး လေးလုံးကို ထမင်းရည်မငှဲ့ဘဲ ရေခန်းချက်ရတယ်။ ကြက်သားဟင်းကိုလည်း ဆီ၊ ဆား၊ ဇရုတ်၊ ကြက်သွန်အပြီးထည့်ပြီး အပေါ့အငန် မမြည်းရဘူး။ ထမင်းဟင်းကျက်ရင် ခွဲဝင်တောင်းထဲ အိုးလိုက်ထည့်ရတယ်။ စားရယ်၊ ဟင်းခတ် ကြေးဇွန်း ယောက်မရယ်၊ ပါအောင် ထည့်ရတယ်။ ကျွတ်ကျွေးမယ့် ကုသိုလ်ရှင်ရဲ့ ခြေသည်းလက်သည်း၊ ဆံပင်၊ နှုတ်ခမ်းမွှေး ဆိတ်ဖြော်ပြီး ဖွမ်းဖတ်နဲ့ လူတစ်ကိုယ်လုံး တို့တာတွေကို သတ်သတ် စက္ကူနဲ့ထုပ်ပြီး ထည့်ရတယ်။

နေမွန်းလွဲချိန်မှာ ဒါနပြုရမယ့်နေရာ၊ ကျွတ်ကျွေးရမယ့် နေရာကို သွားရတယ်။ နေ့လယ် တစ်နာရီထိုးပြီး မိုက်ကြီး အိမ်နောက်ဖေးပေါက်က ထွက်ဖို့ ပြင်ဆင်နေပြီ။ ငပြူး၊ ကွဲကြီး ဖိုးထောင်တို့က ခပ်တည်တည်နှင့် ရွာအရှေ့ဘက်ကို ထွက်ခဲ့တယ်။ ကျွတ်ကျွေးတာ လိုက်စားခြင်းကို အမေ မရှင်မကြိုက်သလို၊ အမေကြီးတွေကလည်း လုံးဝ သဘောမတူပါ။ ငပြူးကတော့ ဇွတ်။

ငပြူးတို့ သုံးယောက် ကျွတ်ကျွေးမယ့် သူတို့ ကုန်းကွက်နားက လက်ပံပင်အရိပ်အောက်မှာ နေရာယူထားပြီးချိန်၊ မိုက်ကြီးတစ်ယောက် ခွဲတောင်းထမ်းပြီး ငပြူးတို့အိမ်နောက်ဖေး ခြံထဲက ထွက်လာတာကို လှမ်းမြင်နေရတယ်။ နေပူကောင်းတုန်း အချိန်ကြီးပေါ့။ ချွေးသန်တရွှဲရွှဲနဲ့ ငပြူးတို့ ရှိရာ လက်ပံပင်အောက်ကို မိုက်



www.burmeseclassic.com

www.burmeseclassic.com

ကြီးရောက်တော့ ခွဲတောင်းကို အောက်ချပြီး ကျတ်ကျွေးမယ့်နေရာကို စားနှင့်ရှင်းပါတယ်။ စကားမပြောရပါ။ လာစားလှည့်လို့ တစ်ယောက်နှင့် တစ်ယောက် မခေါ်ရပါ။ ဘယ်သူလာစားစား ငြိမ်သက်စွာ ကြည့်နေရပါမယ်။ ထိုအချက်တွေ စည်းကမ်းချက်ထဲမှာ ပါတယ်။

မြက်ရှင်းပြီးသား နေရာမှာ တွင်းခုနစ်တွင်း တူးပါတယ်။ အလယ်မှာ တစ်တွင်းတူးပြီး ပတ်လည်မှာ ခြောက်တွင်းတူးပါတယ်။ ထမင်းစားပွဲဝိုင်း ပုံသဏ္ဌာန်ပါ။ တွင်းတွေပေါ်မှာ ငှက်ပျောဖက်ကလေးတွေကို လိုက်ခင်းပြီး ထမင်းလိုက်ပုံပါတယ်။ ပြီးတော့ ဟင်းတွေ ထပ်ပုံပါတယ်။ အလယ်တွင်းပေါ်မှာတော့ အသည်းအမြစ်ပုံထည့်ပါတယ်။ ဖက်နဲ့ ထုပ်ယူလာတဲ့ ဝမ်းတွင်းသား၊ ခေါင်း၊ ခြေထောက်တွေကို ဖြန့်ခင်းလိုက်ပါတယ်။ ရေနွေးကရားထဲ ထည့်ယူလာတဲ့ ရေကိုတော့ အကြမ်းပန်းကန်လုံးထဲထည့်ပြီး လက်ဆေးရေ သောက်ရေအဖြစ် ဖန်တီးလိုက်ပါတယ်။ ဓားနဲ့ ကြေးငွန်းကို ခေါက်ပြီး ကျတ်တွေကို ဖိတ်ခေါ်လိုက်ပါတော့တယ်။

"ဒန်…ဒန်…ဒန်…အရှေ့တစ်တိုင်၊ တောင်တစ်တိုင်၊ အနောက်တစ်တိုင်၊ မြောက်တစ်တိုင်အတွင်းရှိကြတဲ့ ကျတ်အို၊ ကျတ်မင်း၊ ကျတ်နပင်းနဲ့ ကျတ်အပေါင်းတို့…၊ မြေအို၊ မြေမင်း၊ မြေနပင်းနဲ့ မြေအပေါင်းတို့…ကြာသပတေးသား ကိုလှဆောင်က ဒါနကျွေးပါတယ်။ ကန်းတဲ့လူ တုတ်ဆွဲလို့၊ ကျိုးတဲ့သူ ကုန်းပိုးလို့ လာရောက် စားသောက်ကြပါလော့။ အစိမ်းကြိုက်သူက အစိမ်း၊ အကျက်ကြိုက်သူက အကျက်၊ လက်တော်လည်းဆေးကြပါ။ သောက်ရေလည်း သောက်တော်မူကြပါ။ ဒန်…ဒန်…ဒန်"

ဖိုက်ကြီးရဲ့ စကားသံအဆုံးမှာတော့ ယင်မမဲရိုင်း သုံးလေးကောင်လောက် ကြက်အစိမ်းပုံပေါ် လာနားကြတော့တာပါပဲ။ ခဏနေတော့ ငှက်ပျောဖက်နဲ့ ထည့်ထားတာလေးတွေကို ထုပ်ပြီး ခွဲတောင်းထဲထည့်၊ လက်ဆေးရေ၊ သောက်ရေလုပ်ထားတဲ့ ရေနွေးကြမ်း ပန်းကန်တွေကို သွန်ပက် ပက်လိုက်တယ်။ ပြီးတော့မှ ငဖြိုးတို့ကို မျက်ရိပ်ပြလိုက်တယ်။ စားနိုင်ပြီဆိုတဲ့ သဘော။

ငဖြိုးတို့ သုံးယောက်ကတော့ ကြက်သားဟင်းနဲ့ ထမင်းကို ခေါင်းမဖော်တမ်း လွေးတော့တာပေါ့။ ဖိုက်ကြီးပါ ဝင်စားတာဆိုတော့ ငါးဆယ်သား ကြက်သားတစ်အိုးနဲ့ ဆန်လေးလုံးချက်တစ်အိုးဟာ ခဏနဲ့ ပြောင်သွားလေရဲ့။

စားသောက်ပြီး ပြန်ဖို့လုပ်တော့ ခွဲတောင်းထဲမှာ ကျတ်ကို ချကျွေးထားတဲ့ ထမင်းဟင်းပြန်ပါသွားတယ်။ ငဖြိုးတို့ ခပ်လှမ်းလှမ်းရောက်တော့ လက်ပံပင်ဘက် လှည့်ကြည့်လိုက်တယ်။ ခွေးနက်နှစ်ကောင် ကြက်သားအစိမ်းတွေကို လုစားနေတာ မြင်လိုက်ရတယ်။

ဖိုက်ကြီးက ခြံနောက်ဖေးက ပြန်ဝင်လာပြီး အိမ်နောက်ဖေးရောက်တော့ အသံပြုလိုက်တယ်။ အမေ မရှင်ကလည်း ပြန်ရောက်ချိန်ကို အဆင်သင့် စောင့်နေပြီးသားပါ။

"လွတ်ပြီလား၊ ကျွတ်ပြီလား"

"လွတ်ပြီ၊ ကျွတ်ပြီ"

ဖိုက်ကြီးနဲ့ အမေ မရှင်တို့ သုံးကြိမ် သုံးခါ အမေးအဖြေလုပ်ရတယ်။ ပြီးတော့ တောထုတ်တဲ့ ခွဲဝင်တောင်းကို အမေ မရှင်လက်ထဲ အပ်လိုက်တယ်။ တောင်းထဲမှာတော့ ရေနွေးကရား၊ ဓား၊ ငွန်းတို့အပြင် ထမင်းအိုးထဲ ထည့်ယူလာတဲ့ ကျတ်ကို ကျွေးထားတဲ့ ထမင်းဟင်းပါ ပါတယ်။ အမေ မရှင်က ညရောက်ရင် အဲဒီ ထမင်းဟင်းကို ဆန်ကောထဲ ထည့်ပြီး နေ့လယ်က ကျတ်ကျွေးတဲ့ တောင်းမှာ ဆန်ကောကို ယောက်မနဲ့ လက်ပြန် သုံးချက်ရိုက်ပြီး ချကျွေးရမှာဖြစ်တယ်။ ဒါတွေက အမေ မရှင် နောကျေပြီးသား။ ညပိုင်း ခေါ်တယ်၊ ရွာချတယ် ခေါ်တာပေါ့။ များသောအားဖြင့်တော့ ခွေးတွေပဲ လာစားကြတာပါ။ ငဖြိုးကတော့ အားလုံးကို လိုက်ကြည့်ထားပြီးသားလေ။

နေ့လယ်က ခွေးနက်တွေလား၊ အိမ်နားက ခွေးတွေလားဆိုတာ၊ ကျတ်တွေက ယင်ကောင်တွေကို ပူးတာလား၊ ခွေးတွေကို ပူးပြီးစားတာလား ဘကြီး မြမောင်ကလည်း သေသေချာချာလေ့လာ၊ တွေ့တာတွေကို ငါ့ကိုမေး၊ ဆရာကြီး ဦးမောင်လေးကို မေး နောက်ဆုံး ဆရာတော်ကို မေးပြီး အဖြေရှာလို့ ပြောထားတာလေ။ ငဖြိုးနဲ့ ကျတ်တွေတော့ တွေ့ကြပြီပေါ့။

◈◈◈

ညပိုင်းမှာတော့ ငဖြိုးတို့ သူငယ်ချင်းသုံးယောက် သိုင်းသင်ဖို့ ဆရာကြီး ဦးမောင်လေးဆီ ရောက်ပါတယ်။ ဆရာကြီးဆီမှာ၊ သိုင်းသင်တန်းသားရှိရင် ကူသင်ပေးတယ်။ မရှိရင် သူတို့ သုံးယောက် ကစားတယ်။ အသက်လုရှင်းတွေ၊ ခန်းဝင် ခန်းထွက်တွေကိုတော့ ဆရာကြီးက စနစ်တကျ အေးအေးဆေးဆေး သင်ပေးတာပါ။ ဆရာကြီးရဲ့ သင်တန်းကြေးက တစ်ဆေး[illegible] တစ်မတ်ပါ။ တစ်မတ်က ကန့်တော့ပွဲထဲထည့်တာပါ။ သိုင်းသင်ရင် စည်း[illegible]





www.burmeseclassic.com

www.burmeseclassic.com

ပိုင်းထဲ ဖိနပ်မစီးရပါ။

"သိုင်းပညာကို စောင့်ရှောက်သော သိုင်းစောင့် နတ်မင်းကြီးခင်ဗျား။ သိုင်းပညာနဲ့ မျက်ရိပ်ပညာများကို အင်္ဂါသား တပည့်တော် မောင်ဖြိုးအား ပေးသနားတော်မူပါ ဘုရား"

လို့ ဆရာကြီးက ရှေ့က တိုင်ပေးပြီး ဖြိုးက နောက်က လိုက်ဆိုရပါတယ်။ သိုင်းပညာသင်ရအောင် ဘကြီး မြမောင်က ဆရာကြီးဆီ အပ်တော့ ငှက်ပျောသီး၊ ငှက်ပျောသီးနဲ့ ကန်တော့ပွဲထိုး၊ ငွေတစ်ဆယ်နဲ့ တစ်မတ်ထည့်ရတယ်။ မတ်စေ့ကလေးကို မျက်ခွံပေါ် တင်ပြီး ဆရာကြီး တိုင်ပေးတာကို လိုက်ဆိုရတယ်။ ဖြိုးတို့ သုံးယောက်ပဲ ပွဲအပ်ပြီးတာနဲ့ ကန်တော့ပွဲကို အန်တုန်ချိုချိုနဲ့ မြှောက်တော့တာပဲ။ သိုင်းသင်ခ ငွေကိုတော့ သုံးယောက်လုံးအတွက် ဘကြီး မြမောင်က ပေးသွားလေ။ သိုင်းသင်တဲ့ စည်းဝိုင်းအပြင်ဘက်မှာ ဘကြီး မြမောင်က ပြုံးပြုံးကြီး အားပေးတတ်တာ။ ဆရာကြီးရဲ့ လက်ထောက် သိုင်းဆရာတွေက ကိုခင်အေး၊ ကိုအပ်တို့နဲ့ ကိုခွေးပုတို့ ဖြစ်ကြပါတယ်။ ဆရာကြီးရဲ့ မြေတွေ ကျည်းပဲ။ အခြေခံ သုံးကွက်ကို တုတ်၊ ဓား လက် သုံးမျိုးစလုံးကို ဆရာကြီးက ကိုယ်တိုင် စနစ်တကျသင်ပေးပြီးမှ လက်ထောက်ဆရာတွေက ခြေလက်မှားတာ မှန်တာတွေကို ပြပေးရတယ်။

ရေနွေးကြမ်းဝိုင်းက သိုင်းသင်ပြီးပြီးတဲ့အချိန်တိုင်း ဆရာကြီးနဲ့ ရှိနေတတ်တာ။ ဆေးတံခဲပြီး ဖြစ်ဟောင်းတွေပြောပြီးရင် တပည့်တွေမေးသမျှ ဖြေတော့တာပါပဲ။ ဆေးတံကလည်း မပြတ်ဖွာနေတတ်တာ။

ဆရာကြီး ငယ်ငယ်က သိုင်းပညာကို ခက်ခက်ခဲခဲ သင်ယူခဲ့ရကြောင်း၊ ဗမာဆိုရင် နယ်ချဲ့အင်္ဂလိပ်တွေက သင်ခွင့်မပေးကြောင်း၊ မအေရှမ်းမကြီးက သူတို့ ရှမ်းရိုးရာ သိုင်းပညာအမွေပေးချင်ကြောင်း အင်္ဂလိပ်အရာရှိထံ တောင်းပန်တိုးလျှိုးပြီး သင်ခဲ့ကြောင်း၊ ဒါကြောင့် အမေ့အမွေ ရှမ်းရိုးရာ ရှမ်းကြီးသိုင်းအမွေရတယ်။

အဖေ ဗမာ ဆေးဆရာကြီး ဦးတိမ်ကြွားဆီက ဆေးပညာအမွေရတယ်။ အဖေ့သူငယ်ချင်း ဦးတောကျော်ဆီက ဆိုင်းပညာ၊ ဇာတ်သဘင်ပညာတွေ ရခဲ့တယ်။ ဆရာစံက အဘထက် သုံးနှစ်ခန့်ကြီးကြောင်း၊ ဥက္ကံမြို့ အရှေ့ဘက် ခြေကြီးကွင်းရွာမှာ ရှိတဲ့ ညီငယ် မောင်ပုဆီသွားရင်း ဆရာစံနဲ့ ခင်ခဲ့ရကြောင်း၊ ဆေးဆရာချင်း၊ သိုင်းဆရာချင်းဖြစ်သဖြင့် ပိုမိုရင်းနှီးလာပြီး ဂျွန်တပ်သားတွေကို ပညာတွေ သင်ပေးရကြောင်း။ အင်္ဂလိပ်က လိုက်ဖမ်းလို့ ဖြိုးတို့ ရွာဘက်မှာ ဇာတ်မြုပ်နေထိုင်လာတာဖြစ်ကြောင်း စီကာပတ်ကုံး ပြောပြတတ်ပါတယ်။

"ဆရာကြီး . . . ကျုပ်တွေ အကြောင်း ပြောပြပါလား"ဗျ

လို့ ဖြိုးက တောင်းဆိုလိုက်တယ်။

"အိမ်း…ကျုပ်အကြောင်းပြောရရင်တော့ ရှေးမြန်မာကြီးတွေ အတီအတောကတည်းက စွဲလမ်းယုံကြည်လာကြတာပဲ။ ကျုပ်ပုံပြင်တွေကတော့ ဘယ်တော့မှ မရိုးနိုင်ဘူးကွဲ့။ ဇာတ်ပွဲကြီးတွေခင်းလို့ ဈေးဖွင့်လည်း ရောင်းလို့၊ ဆိုင်းတွေ ဗုံတွေလည်း တီးလို့ ကြိုးတွေ ကြိုးတွေ၊ ပါးစပ်ရာဇဝင်တွေက အများကြီးကွ။ ဘိုးများရဲ့ အဖေ ဦးတိမ်ကြွားက စနစ်တကျ ကျုပ်ကျွေး ဒါနချတို့ကို အဘကို လက်ဆင့်ကမ်းခဲ့တာပေါ့။ တစ်ခါတလေ လူနာက ကျုပ်ပြတ်ကျွေးခိုင်းတာတွေ ရှိတယ်။ ဆေးလွယ်အိတ်မှ မချရသေးဘူး။ "ဆရာကြီး…ကျွန်တော် မနက်က တောင်ပို့နား ဓားယမ်းတာ ခါးထဲမျက်သွားတယ်။ အဲဒါ ကျုပ်ဖမ်းတာထင်တယ်"လို့ လုပ်ကရော။ အေးအေး ကျွေးတာပေါ့ကွာဆိုရင်ပဲ ရောဂါတစ်ဝက်က ပျောက်သွားပြီ။ သူ့ဟာသူ အဆင်မသင့်လို့ ခါးမျက်တာကို ကျုပ်ဖမ်းတယ်ဖြစ်ကရော။ ခါးကို ဆေးပွလေးလိမ်း၊ အကြောကလေးတွေ ဖြေ ကျုပ်ကျွေးပေးလိုက်တော့ တန်းပျောက်တာပေါ့ကွာ"

တဲ့လေ။ ခဏနားပြီး ဆက်ပြောတယ်။

"မနေ့က ဖြစ်တဲ့ ဖြိုးအဖေ လှဆောင်ကို ကြည့်။ တောင်ပို့နားပေါက်ပြားနဲ့ ပေါက်လို့ ပုတ်သင်မထွက်လာတာကို စိတ်က စွဲပြီး ကျုပ်ဖမ်းတယ်ထင်နေတာ။ အမှန်က ဘာမှ မဖမ်းဘူး။ နေပူထဲမှာ ထွန်ဖြုတ်လာတယ်။ နေပူပူမှာ ကိုယ်တုံးလုံးနဲ့ နွားနှစ်ကောင်စလုံးကို စိမ်ပြေနပြေ ရေချိုးပေးနေလိုက်သေးတယ်။ ပြီးတော့ သူရေချိုးတယ်၊ အပူရှပ်ပြီး ဖျားပြီပေါ့။ အဘက အနီးပွင့် ဆေးလေးကို ရေနွေးနဲ့ တိုက်လိုက်တော့ တန်းကောင်းသွားတာပဲ။ ပုတ်သင်မကို ခြေထောက်ရှပ် ပေါက်မိပြီး သူ့ခြေထောက် နာပါတယ်ဆိုလို့ နမ်းဆီစစ်စစ်နဲ့ ဆေးဖျော်ပြီး လိမ်းပေးခဲ့ရသေးတယ်။ အအေးနဲ့ အပူနဲ့ အကူးမှာ အအေးပတ်တာ၊ အပူငုပ်တာဖြစ်တာဟာ သဘာဝလေ။ ဒါကိုပဲ ကျုပ်ဖမ်းတယ်ဖြစ်ကရော။ သူက စွဲလမ်းနေတော့ ကျုပ်မကျွေးရင် မပျောက်ဘူး။ ကျွေးဖြစ်အောင်ကျွေး။ မကျွေးဖြစ်ရင် ရောဂါပြန်တိုးတာပဲပေါ့။ စိတ်ပေါ့ကွာ၊ စိတ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com

တဲ့လေ။

"အဘ · · · နေဝင်ရီတရောမှာ လှည်းသံတွေ ကြားရပြီး ကျတ်တွေ ရွှေပြောင်းတယ်ဆိုတာကရော"

"အဲဒါကတော့ နေဝင်ရီတရော အချိန်တွေမှာ အဝေးက လှည်းဖြတ်မောင်းသံတွေကို ကြားရတာ မဆန်းဘူးလေ။ မနက်စောစောတို့၊ နေဝင်ရီတရောတို့ဆိုတာက လူတွေ ငြိမ်သက်ချိန်လို့ ပြောရမယ်။ အဝေးက စကားပြောတွေ့ကို အတိုင်းသား ကြားနေရတာပဲ။ လှည်းမောင်းသံကြားတိုင်း ကျတ်တွေ ရွှေပြောင်းတယ်ဆိုတာ မဖြစ်နိုင်ပါဘူး မြေးရဲ့"

ငမြိုးက · · ·

"အမေကြီး ဒေါ်ငွေအိမ် ပြောတဲ့ လက်သည် မငွေခင်အကြောင်း ပြောပြပါဦး အဘ"

"အဲဒါကတော့ လက်သည် မငွေခင်ဆိုတာ အဘရဲ့ ဇနီး ၊ မင်းတို့ အမေကြီး ဒေါ်ငွေခင်ပဲပေါ့ကွာ။ ငွေခင်ရေ· · မင်းရဲ့ လက်သည်အတွေ့အကြုံတွေကို မြေးတွေကို လာရှင်းပြပါဦး"

အမေကြီး ရောက်လာပါတယ်။ လင်ယောက်ျားက ဆေးဆရာကြီးဆိုတော့ လက်သည်အတတ်ပညာက မတတ်ချင်လည်း တတ်ပဲ။ ယောက်ျားသားဝင်လို့မရတဲ့ မိန်းမကိစ္စတွေမှာ ဝင်ပါပေးရတာလေ။ ဆရာကြီးက အပြင်က ထိုင်၊ အမေကြီးက မီးနေခန်းထဲက ဘာလုပ်၊ ဘာကိုင်၊ ခိုင်းရင်းနဲ့ တတ်သွားတာလို့ ပြောတာပဲ။

ကျတ်တွေကို ကလေးမွေးပေးရတယ်ဆိုတာ မဟုတ်ကြောင်း။ တောရွာတွေမှာ သွားပြီး ကလေးမွေးပေးရတာ အခါတစ်ရာမက ရှိနေပြီဖြစ်ကြောင်း ပြောပြပါတယ်။

"မြေးအမေကြီးပြောတဲ့ လက်သည် မငွေခင်ဆိုတာ အမေကြီး မဟုတ်ဘူးထင်တယ်။ အခြား လက်သည် မငွေခင် ဖြစ်နိုင်ပါတယ်"

လို့ ပြောပြပါတယ်။

ညပိုင်းမှာ လက်သည်လာခေါ်ရင် အဲဒီလိုမျိုးတွေ အသံကြားလို့ အဖော်နှစ်ယောက် သုံးယောက်ကို ခေါ်သွားတတ်ကြောင်း၊ လူချင်း မသိရင်တော့ ညရေးညတာ ရှောင်ကြောင်း ပြောပြပါတယ်။

"အမေကြီးကရော စုန်းမတတ်ဘူးလား"

လို့ မေးတော့ ကြဲကြဲဖန်ဖန် ကွယ်လို့ ရယ်ဖွဲ့ ဖွဲ့ပါတယ်။ အဘက–

"အဓိက,ကတော့ မေတ္တာတရားပေါ့ကွယ်။ မေတ္တာတရားနဲ့ ဆေးကုရတယ်။ မေတ္တာတရားနဲ့ ကျတ်ကျွေးရတယ်။ ကိုယ်က မေတ္တာထားတော့ တစ်ဖက်ကလည်း မေတ္တာရောင်ပြန်လာတာပေါ့။ စုန်းဖမ်းတယ်၊ သရဲဖမ်းတယ်၊ ကျတ်ဖမ်းတယ်ဆိုတာ ··ကယ်တော့ မေတ္တာမဲ့တဲ့ အလုပ်တွေကွဲ့။ အဲဒါကို ကိုယ်က ဒေါသတကြီး တုံ့ပြန်လိုက်မယ်ဆိုရင် မှားပေမပေါ့။ ရန်ကို ရန်ချင်း မတုံ့နှင်းရဘူးလေ။ ဒေါသတကြီးကုလိုက်ရင် ရောဂါပျောက်ရင်တော့ ပျောက်ပေမပေါ့။ စုန်း၊ သရဲ၊ ကျတ်တွေက ရန်ငြိုးထားမှာပေါ့။ ဟော · · ·မေတ္တာနဲ့ ကုလိုက်တော့ အငြိုးအတေး မရှိတော့ဘူး။ စုန်းဖမ်းတယ်ဆိုရင်လည်း နောက်နောင် မလုပ်ဖို့ မေတ္တာနဲ့ ပြောပြီး သစ္စာရေတိုက်လိုက်တယ်။ သရဲဖမ်းတယ်ဆိုလည်း ဘာစားချင်လဲ၊ ကျွေးလိုက်ပြီးတော့ သူ့အတွက် ဒါနလုပ်၊ အမျှအတန်းဝေပေးလိုက်တယ်။ မကျွတ်မလွတ်သူတွေကို မေတ္တာထားပြီး အမျှအတန်း ပေးဝေလိုက်ရင် ကျွတ်တန်းဝင်ပြီး ကောင်းရာသုဂတိရောက်ရောပေါ့ကွယ်

ကျတ်တွေဆိုတာကလည်း ဝေဘန်
ပြိတ္တာတွေထဲမှာ ပါတယ်လေ။ ကောင်
မှုကုသိုလ်လုပ်ပေးပြီး အမျှအတ
ပေးလိုက်ရင် ပြီးသွားတာပေါ့ကွာ
အကောင်းဆုံးကတော့ ဝိပဿနာ
ပေ့။ ဘုရားရှိခိုး၊ တရားနာ၊ တရ
ထိုင်တဲ့သူတွေကို ဘယ်သတ္တဝါမှ
မနှောင့်ယှက်ရဲဘူး"

တဲ့လေ။

"အဲဒီလိုဆိုရင် စုန်းတို့ သရဲ
ကျတ်တို့ဆိုတာ တကယ်ရှိတယ်ပေ
နော်"

"စုန်းပညာတော့ မသိပါဘူ
သရဲ၊ တစ္ဆေ၊ ကျတ်တွေကတော
ဘုရားဟောတဲ့အထဲမှာ ပါတယ
အကုသိုလ်တွေကြီးပြီး မကျွတ်မလွ
တဲ့သူတွေဖြစ်တယ်။ ဘုရားဂု
ရွတ်ရင်လည်း သူတို့ကြောက်သ
အမျှအတန်းပေးရင်လည်း သူ
ကြောက်တယ်။ ငါးပါးသီလလုံ
သူတွေကို မခြောက်မလှန့်နိုင်သ
လူကြမ်းရင်လည်း မခံနိုင်ပါဘူး။ တ
ဗုဒ္ဓဘာသာတွေဆိုတော့ ဘုရားဟေ
တာကိုပဲ လက်ခံ ယုံကြည်ရမယ်။
တွေမှာရှိတဲ့ ရှေးရိုးအယူအဆကြီး
ကို ပယ်သင့်တဲ့ဟာတွေ ပယ်ရမ
ဘုရား၊ တရား၊ သံဃာက လွဲပြီး
ကိုမှ မယုံရဘူး မြေးရဲ့။ တစ်သက်
မှတ်သွား"

ငမြိုးတို့ သူငယ်ချင်းတွေ အ
ဆေးဆရာကြီးဆီက ဩဝါဒ
တွေကို နာယူရင်း ပြန်လာခဲ့ပါ
တယ် ■

ကိုမြိုး (ကေ

*****



www.burmeseclassic.com

www.burmeseclassic.com

# လောကီပညာနှင့် အချစ်ရေး၊ အိမ်ထောင်ရေး ယတြာ

အောင်ကောင်းမြ (သာကေတ)

ကျွန်ုပ်သည် လောကီပညာလေ့လာလိုက်စားလာခဲ့သည်မှာ အနှစ် (၂၀)နီးပါးရှိပါပြီ။ ကျွန်ုပ် ဗေဒင်ဟောသော ကြတိုင်းအောင် ဓာတ်နန်း"သို့ ရောက်ရှိလာကြသူများတွင် အကြောင်းအမျိုးမျိုးပါဝင်လာကြသည်။ အကြောင်းရှိမှ ဗေဒင်မေးမြန်းထက် တစ်နှစ် တစ်ကြိမ် ပုံမှန်လာမေးသူတွေလည်း ရှိသည်။ မိမိခန္ဓာကိုယ်၊ စီးနေသော ကား၊ သုံးနေသော ပစ္စည်းစသည်တို့ကို တစ်နှစ် တစ်ကြိမ် စစ်ဆေးဖို့ လိုသလို မိမိ၏ ကံဇာတာကိုလည်း စစ်ဆေးသင့်ပါသည်။ ကျွန်ုပ်ထံ ဗေဒင်လာမေးသူများကို အုပ်စုခွဲလိုက်ပါက စီးပွားရေးအုပ်စု၊ လူမှုရေးအုပ်စု၊ ကျန်းမာရေးအုပ်စုဟူ၍ ရှိပါသည်။ အချစ်ရေး အိမ်ထောင်ရေးကိစ္စကို လူမှုရေးအုပ်စုထဲ ထည့်လိုက်ပါသည်။

တစ်နေ့ ကျွန်ုပ်ထံသို့ အင်္ဂါသမီးတစ်ယောက်ရောက်လာပါသည်။ သူ၏ ချစ်သူမှာ သောကြာသားဖြစ်ပါသည်။ သူမမှ...

"ဆရာ...ကျွန်မနဲ့ ကျွန်မချစ်သူ သောကြာသား ဖူးစာမှန်ပါ့သလား"

ဟု မေးလာပါသည်။

သူမသည် အသက် ၃၅ နှစ်ရှိနေပြီဖြစ်၍ အပျိုကြီးဖြစ်နေပါပြီ။ ထို့ကြောင့် ဝါကျွတ်မှာ အစွံထုတ်ချင်ပုံရသည်။ ကျွန်ုပ်မှ အင်္ဂါနှင့် သောကြာ ၃၆-ဒွေသားဓာတ်ဖြစ်၍ ပေါင်းရမည်ဟု အလွယ်ပင် သူမ စိတ်ချမ်းသာအောင် ပြောလိုက်သည်။

၃၆-ဒွေသားမှာ အပြင်မိတ်ဖြစ်ပါသည်။ အင်္ဂါ+ကြာသပတေး(၃၅) စိန်ပန်းဖြစ်မှ အတွင်းမိတ်၊ အိမ်ထောင်မိတ်ဖြစ်သည်။

ဝါကျွတ်ပြီး တစ်နှစ်ကုန်သော်လည်း မပေါင်းရသေးပါ။ လူကြီးမှ အချိန်ဆွဲနေသည်ဟု ဆို၏။ ကျွန်ုပ်ထံ ဖုန်းဆက်၍ မေးမြန်းပါသည်။

ကျွန်ုပ်လည်း လောကီပညာကျမ်းမှ တွက်နည်းဖြင့် တွက်ကြည့်လိုက်သည်။

အင်္ဂါသမီး ၃ + သောကြာသား ၆

၃+၆ = ၉ = အင်္ဂါသမီးအသက် ၃၅

၉ + ၃၅ = ၄၄ ÷ ၇ = ၂ ကြွင်း

ကေန် ပေါင်းရပါမည်ဟု ဟောလိုက်သည်။

တစ်လခန့်အကြာတွင် သောကြာသား၏ ရွာမှ မိဘဆွေမျိုးများ လိုက်လာပြီး လက်ထပ်ပေးလိုက်လေသည်။

### ချစ်သူနှင့် လွဲမည်၊ ပေါင်းရမည်

တနင်္ဂနွေသားက အင်္ဂါသမီး ချစ်သူကို ရည်ရွယ်ထားသည်ဆိုပါစို့။

တနင်္ဂနွေ၏ မွေးနံ (၁)နှင့် အင်္ဂါ၏ မွေးနံ (၃)တို့ကို ပေါင်းလျှင် (၄)ဖြစ်သည်။ မေးသူက အသက် (၂၀)၊ သိလိုသူ တနင်္ဂနွေသား၏ အသက်ကို ထည့်ပေါင်း ၂၀+၄= ၂၄ ကို (၇)ဖြင့်စား၊ (၁၊ ၃၊ ၀)ကြွင်းလျှင် ချစ်သူနှင့် လွဲမည်။ (၂၊ ၄၊ ၆)ကြွင်းလျှင် ကေန် ပေါင်းရမည်။ ၅ကြွင်းလျှင် ခဲခဲယဉ်းယဉ်း ကြိုးစားယူမှ ရတတ်သည်။

ဗေဒင်ပညာဆိုသည်မှာ အပျော်သဘော မတွက်သင့်ပေ။ တကယ်သိလိုမှသာ တွက်ရမည်။ မေးသူရှိမှ ဖြေရမည်။ အပျင်းပြေတွက်နေ၍ မမှန်နိုင်ပါ။

### ချစ်သူနှစ်ဦး ချစ်ရက်ရှည်,မရှည်

ချစ်သူနှစ်ဦး ချစ်ရက်ရှည်ရှည်နေရ, မနေရ သိလိုပါလျှင်၊ သေတစ်ပန် သက်တစ်ဆုံး လက်တွဲရ,မတွဲရ သိလိုပါလျှင် အမျိုးသား၊ အမျိုးသမီးတို့၏ မွေးနံနှစ်ခုကို ပေါင်းထည့်ပါ။ ဥပမာ - အင်္ဂါနှင့် စနေ = ၃+၇ = ၁၀၊ ၁၀-၄=၆၊ (၄)နုတ်ပြီး (၇)ဖြင့် စားပါ။ (၂၊ ၄၊ ၅၊ ၆)ကြွင်းလျှင် ချစ်ရက်ရှည်ရှည်နေထိုင် ပေါင်းသင်းရမည်။ (၁၊ ၃၊ ၀)ကြွင်းမှုကား အချစ်ရက် တာရှည်မခံဘဲ စလယ်ဝင်အိုး ဖင်မညီး ခင် ကွဲကိန်းမြင်သည်။

### ဆင်းရဲမှာလား၊ ချမ်းသာမှာလား

ဇနီးမောင်နှံ ဆင်းရဲဒုက္ခခံရမှာလား၊ ချမ်းသာကြီးပွားမှာလား သိရှိလိုလျှင် အမျိုးသား၊ အမျိုးသမီးတို့၏ မွေးနံနှစ်ခုကို ပေါင်းထည့်ပါ။ ပြီးလျှင် ၇ဖြင့် စားပါ။ (၁၊ ၂၊ ၅)ကြွင်းလျှင် စီးပွားချမ်းသာ တိုးတက်မည်။ (၃၊ ၄၊ ၆)ကြွင်းလျှင် မျှမျှတတ စားနိုင် သောက်နိုင်မည်။ (၀)ကြွင်းလျှင် ဆင်းရဲမည်။

### ဇနီးမောင်နှံ ရာသက်ပန်

ဇနီးမောင်နှံတို့ အသက်ထက်ဆုံး ရာသက်ပန် ပေါင်းရ မပေါင်းရ သိလိုလျှင် ယောကျ်ား၊ မိန်းမ နှစ်ဦးတို့၏ မွေးနံကို တည်ကိန်းထားပါ။ ပြီးလျှင် (၁၈)ကို ပေါင်းထည့်ပါ။


www.burmeseclassic.com

www.burmeseclassic.com

ပြီးနောက် ၄နှင့် ပြောက်ပြီး ၇ဖြင့် စားပါ။ (၄/၅)ကြွင်းသော် အသက်ထက်ဆုံး ရာသက်ပန် ပေါင်းသင်းနေထိုင်ရမည်။ (၃/၆)ကြွင်းသော် သေကွဲ ကွဲတတ်သည်။ (၁၊ ၂၊ ၀)ကြွင်းလျှင် ရှင်ကွဲ ကွဲတတ်သည်။

### ချစ်သူ၊ အိမ်ထောင်ရေး အဆင်ပြေစေသောယတြာ

ချစ်သူ၊ အိမ်ထောင်ဖက်နှစ်ဦးတို့သည် မည်သည့်တွက်နည်းဖြင့် တွက်,တွက် အကြောင်းတစ်ခုခုကြောင့် အဆင်မပြေ ကွဲကွာနေပါက အောက်ပါ ယတြာကို ပြုလုပ်ပါ။

တနင်္လာနှင့် အင်္ဂါသားသမီး အဆင်ပြေစေရန် -

၂+၃ = ကန်စွန်းညွန့်၊ ကညွတ်တစ်မျိုးမျိုး။

၃+၂ = ဇော်ကြား၊ စိန်ခြယ်တစ်မျိုးမျိုး။

ကန်စွန်းညွန့် (၁၅-၈) = ၂၃ ညွန့်ကို မိတ်နေ့၊ မိတ်ထောင့်၊ မိတ်ချိန်မှာ လှူရမည်။ ၁၅၊ ၂၄၊ ၃၆၊ ၇၈ = အောင်ပ၊ ကုလား၊ ခွေသား၊ တော်ရင်း(မိတ်)။

တနင်္လာမိတ်သည် ဗုဒ္ဓဟူးဖြစ်၍ ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲ (သို့မဟုတ်) ညနေ ၄နာရီခွဲမှ ၇နာရီခွဲအတွင်း ဗုဒ္ဓဟူးထောင့်မှာ ကန်စွန်းညွန့် (၂၃)ညွန့်ကို လှူပြီး တနင်္လာနှင့် အင်္ဂါသားသမီး အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေစေဖို့ မေတ္တာပို့ ဆုတောင်းပါ။ တစ်ပတ် တစ်ကြိမ်၊ သုံးပတ် သုံးကြိမ်လှူရပါမည်။

ထို့အတူ (၃+၂) စိန်ချယ်ပန်း ၂၃ ပင်ကို သောကြာနေ့၊ သောကြာထောင့်တွင် သုံးပတ်လှူရပါမည်။ အချိန်မှာ အထက်ပါအချိန်အတိုင်းဖြစ်ပါသည်။ စိန်ခြယ်(၂၃)ပင်လှူပြီးပါက အင်္ဂါသားနှင့် တနင်္လာသမီး တစ်ဦးနှင့်တစ်ဦး မေတ္တာမပျက် ချစ်ခင်ပါစေ၊ ရာသက်ပန် မကွဲမကွာ ပေါင်းသင်းနိုင်ပါစေဟု မေတ္တာပို့ ဆုတောင်းရပါမည်။

ကျန်နေ့သားသမီးများလည်း ထို့အတူပင် ဖြစ်သည်။

တနင်္ဂနွေ+အင်္ဂါသားသမီး ပေါင်းသင်းစေရန် (၁+၃) ဩဇာညွန့်လှူရမည်။ တနင်္ဂနွေသားက အင်္ဂါသမီးကို ချစ်ရေးဆိုပါက ဩဇာသား ဆောင်သွားရပါမည်။ (၃+၁) ဆိုပါက ဆီအုန်းညွန့်လှူပါ။ အပြန်အလှန်ပြုလုပ်တာ ပိုကောင်းပါသည်။

အချစ်ရေးတွင် အဆင်ပြေပြီး လက်ထပ်မင်္ဂလာပြုလုပ်ပါက ကောင်းသော လ၊ ရက်တို့ ရွေးချယ်ရမည်။

### ထိမ်းမြားသင့်သော လ,ရွေးနည်း

သိစိမ့်နှောင်လာ၊ ဆောင်ပို့ရကား၊ ကောင်းစွာအထူး မှတ်လေဦးလော့,တန်ခူး ကဆုန်၊ ထိမ်းမြားကြီး၊ ပြည့်စုံကြွယ်ဝ ချမ်းသာရအံ့။

လနယုန်က၊ ခွေစုံနှစ်ဖော်၊ ဂဟေဆော်သို့ ပျော်မွေ့ ရွှင်ရွှင်၊ ဝမ်းတည်ခင်း၍ ကြည်လင်ဆပွား၊ မေတ္တာများအံ့။

အများထိမ်းမှတ်၊ သီတင်းကျွတ်လ၊ လျောက်ပတ် ရွှေငွေ၊ ဆန်ရေစပါး၊ ပေါများသည်ချည်း၊ သားသမီးလည်း ပွား၊ စီးပွားပြည့်စုံ၊ ကောင်းစွာတုံ့အံ့။

မှတ်ကုန်တစ်လုံး၊ တန်ဆောင်မုန်းကား၊ အသုံးအဆောင်အိမ်ထောင်၊ များအံ့မလွဲ၊ တပို့တွဲကား၊ ပုလဲသန္တာ ရတနာပုံ၊ လွှမ်းပြည့်စုံသည်၊ မှတ်ကုန် ခြောက်လ၊ အကောင်းတည်း။

ထိမ်းမြားသင့်သော ခြောက်လ ပြီး၏။

တန်ခူး၊ ကဆုန်၊ နယုန်၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ တပို့တွဲလ ခြောက်လတွင် လက်ထက်မင်္ဂလာပြုပါက ဘဝတစ်သက်တာ ကောင်းပါသည်။

### မထိမ်းမြားသင့်သော ခြောက်လ

ဝါဝါတော်တော်၊ ပြာပေါင်းခေါ် ခြောက်ဖော် ဤသည်လ၊ ထိမ်းမြားမင်္ဂလာမပြုရာ၊ မှတ်ကြပါလေကုန်။

မထိမ်းမြားသင့်သော လများမှာ ဝါဆို၊ ဝါခေါင်၊ တော်သလင်း၊ နတ်တော်၊ ပြာသို၊ တပေါင်းလတို့ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်ဆိုပါက ဝါတွင်း အဓိက ရှောင်ကြသည်။ ယနေ့ခေတ်တွင် ရှေးရိုးအယူအဆဆိုပြီး လက်မခံကြသူတွေလည်း ရှိသည်။ ထိုသူတွေကို လေ့လာကြည့်ပါက အချိန်မကြာမီ ကွဲကွာ၊ ပြဿနာတက်ကြတာတွေကို တွေ့ရသည်။ အိမ်ထောင်ရေးတွင် မိဘ သဘောတူသူနှင့် ယူမှ မြဲသည် နှစ်ကိုယ်တူ ချစ်ခြင်းမေတ္တာရှိမှ အဆင်ပြေမည်ဟူသော အယူအဆလည်း တွေ့ရ၏။ မေတ္တာစစ်၊ မေတ္တာမှန်ပါက လက်မထပ်ဘဲ အတူနေပြီး တည်မြဲနေသူတွေလည်း ရှိသည်။ အရာရာတွင် အကျိုးနှင့် အကြောင်း ဆက်စပ်လျက် ရှိပါသည်။

### ထိမ်းမြားသင့်သောနေ့

ရဝိဘောမ ဂရုကြာ၊ လောကထိမ်းမြားချေ။

ပုဏ္ဏ ရတနာ၊ သားသည်းချာ၊ များစွာတိုးတက်ဆေး

စန္ဒရ သောကြာ၊ ထိမ်းမြားပါ ဥစ္စာမိုးသို့ ရွာ။

သမီးကညာ၊ ပေါများစွာ၊ ခလပေါင်းရန်ရွေး။

စနေ ဗုဒ္ဓဟူး၊ ထိမ်းမြားက ပုဏ္ဏနည်းပါချေ။

အင်္ဂါ ကြာသပတေးနေ့ - သားသမီးရတနာထွန်း...

တနင်္လာ၊ သောကြာနေ့ - ဥစ္စာတိုးတက်၊ သမီးက... ပေါများ။

ဗုဒ္ဓဟူး၊ စနေနေ့ - သားသမီးနည်းပါး သားသ...



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်တတ်သည်။

တနင်္ဂနွေနေ့ကို ရေးထားတာ မတွေ့ရပေ။ ရန်ကုန်မြို့ကြီးမှာတော့ စနေ၊ တနင်္ဂနွေ ပိတ်ရက်ကို မင်္ဂလာဆောင်တာ များသည်။ မင်္ဂလာဆောင်မှာ နှင်းဆီပန်းနှင့် သစ္စာပန်းကို လှပတင့်တယ်အောင် ထိုးထားကြပါ။ အိမ်ထောင် ရန်ဘက်ဖြစ်နေပါက ဥပမာ - ဗမာ စနေနှင့် ကြာသပတေး၊ အမျိုးသားနေ့နံကို ဘုရားထု၊ အမျိုးသမီးနေ့နံကို ပလ္လင်ထု၍ ကိုးကွယ်ပါ။

အချို့ ယောက်ျားကို နိုင်အောင် နှံနှိမ်ထားတာ ရှိသည်။ တစ်ဘဝစံဖြစ်၍ မလုပ်သင့်ပေ။

တနင်္လာသားနှင့် သောကြာသမီးဆိုပါက ကံ့ကော်သားကို ဘုရားရုပ်ပွားတော်ထု၊ သီဟိုဠ်သားကို ပလ္လင်ထုပြီး ကိုးကွယ်ပူဇော်ပါ။

အချို့လည်း ယောက်ျားနံနှင့် မိန်းမနံ ကျား+မ ရုပ်ထု၍ မျက်နှာချင်းဆိုင်ကပ်ထားကြသည်။ လောကီအဆောင် ဖြစ်ပါသည်။

အချစ်ရေး အဆင်ပြေစေရန် ဗုဒ္ဓဟူးနေ့ ဗုဒ္ဓဟူးထောင့်တွင် နှင်းဆီ (၁၀)ပွင့်၊ သစ္စာပန်း (၉)ပင်လှူဒါန်း ဆုတောင်း၊ ခွေး၊ ခို၊ ငါး၊ ကျီး၊ ကြောင်တို့ကို တနင်္လာနေ့တိုင်း အစာကျွေးပေးပါ။

အိမ်ထောင်ရေး အဆင်ပြေစေရန် သင်ပေါင်းသားကို ညီညာစွာ ဖြတ်၊ လေးထောင့်အပြားပုံပြုလုပ်ပြီး (ဝါး ဓနိ ရောင်းသောဆိုင်တွင် ဝယ်၍ရသည်) ဆေးအဖြူသုတ်၊ ထိုအပြားပေါ်မှာ အိုးတစ်လုံးနှင့် သပြေ (၁၁)ညွန့်၊ ကံ့ကော် (၂)ညွန့်၊ သီဟိုဠ် (၆)ညွန့်၊ ပျဉ်းမ (၅)ညွန့်၊ ကံ့ကော် (၂)ညွန့်လှူ၍လည်း ရသည်။ ပညတ်ကောင်းသောကြောင့် သပြေကို သုံးထားသည်။ သပြေ (၁၁)ညွန့်၊ ကံ့ကော် (၂) ညွန့်ကို အိုးသစ်တစ်လုံးတွင် ရေထည့်ပြီး သင်ပေါင်းသားပေါ် တင်လှူပါ။ အိမ်ထောင်ရေးအတွက် ဆုတောင်းပါ။ တစ်ဦးနှင့် တစ်ဦး အဆင်မပြေဖြစ်နေပါက - အနိပ်သည် "ဘု"ပေါ်တွင် ဖယောင်းတိုင်တစ်တိုင်စီ ထွန်းပါ။ ဘုရားစင်ပေါ် တင်မထွန်းရပါ။ မိမိနေအိမ် အိပ်ခန်းတွင် ထွန်းရမည်။

အိမ်ထောင်မှု ဘုရားတည်၊ ဆေးမင်ရည် စုတ်ထိုးနှောင် ပြင်ရန် ခက်သည့်အမျိုးဟု ဆိုထားသောကြောင့် အိမ်ထောင်မပြုခင် စဉ်းစားရမည်။ တွက်ချက်စစ်ဆေးရမည်။ အပြိုင်အဆိုင်ပြု၍ မရ။ လက္ခဏာကိုလည်း စစ်ဆေးသင့်ပါသည်။ ■

အောင်ကောင်းမြ (သာကေတ)


" အာစရိယဂုဏံ အဟံ ဝန္ဒာမိ "

# ဂမ္ဘီရဆရာလှမျိုး (B.Sc) လယ်ပြ(ငြိမ်း)

ဂမ္ဘီရအမည်ခံ - အောင်ကောင်းမြ (သာကေတ)

(၇)နေ့သားသမီးများ ဘဝတစ်သက်တာ ဆောင်ရန် ရှောင်ရန်နှင့် အကျိုးပေးလုပ်ငန်း၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ တစ်နှစ်တာဆောင်ရန် ရှောင်ရန်နှင့် လုပ်ငန်းစီးပွားအခြေအနေ ကြိုတင်သိထားစေရန်။ ဗေဒင်ကျမ်း + သင်္ချာ ပညာရပ်များဖြင့် ညှိနှိုင်းတွက်ချက်ပေးမည်။ ချစ်သူအိမ်ထောင်ဘက်များအတွက် မင်္ဂလာဆောင်ခြင်းနှင့် မင်္ဂလာအစီအရင်၊ နဝင်းဓာတ်ယတြာအဖြေရှာ (ကျန်းမာရေး၊ လူမှုရေး)၊ ကံပွင့်လာဘ်ပွင့် အန္တရာယ်ကင်း အစီအရင်များ အထူးဆောင်ရွက်ပေးသည်။

(၁)နှစ်စာ ဟောစာတမ်း၊ ကလေး၊ ဆိုင်၊ လုပ်ငန်းအမည်ပေး၊ မင်္ဂလာအခါရွေး (မွေးဖွားမည့်ရက်ရွေးခြင်း) စနစ်တကျတွက်ချက်ရေးသားပေးမည်။ ရုပ်ထေးမှ မေးလိုက ငွေကြိုတင်ပေးပို့၊ ကိုယ်တိုင်လာလိုပါက ကြိုတင် ဖုန်းဆက်သွယ်ပါ)

ဟောခန်းလိပ်စာ

အမှတ် (၁၇)၊ အောင်သပြေအနောက် (၁)လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့။

ဖုန်း - ၀၉၄၂၀၀၄၇၈၆၉

လမ်းညွှန်

၃၅၊ ၆၅၊ ၃၂၊ ရွှေချည်သည်(၂)၊ ၄၈(အထူး)၊ ၁၇၃၊ ၂၁၆၊ ၅၇၊ ၁၄၆၊ ၈၉၊ ၄၆(စိမ်း)၊ ၁၈၁ ကားများစီး၊ တာမွေ-သန်လျင်-ကျောက်တန်း-ခရမ်း-သုံးခွကားများစီးပါက (၈)ဂိတ်မှတ်တိုင်ဆင်းပါ။ ၃၄၊ ၆၂၊ ၁၀၆ ကားများစီးပါက မွှာရုံမှတ်တိုင်ဆင်းပါ။




www.burmeseclassic.com

www.burmeseclassic.com

# နမောတဿ ပူဇော်ကြ
# ဒါမှ ချမ်းသာမည်

ယောဂီ တိုးအောင်

အရဟံ အစ၊ ဘဂဝါ အဆုံး ဘုန်းရှိန်ကြီးမား ဂုဏ်ကိုးပါးကို အဝေစ္စပသာဒဖြင့် သဒ္ဓါတရားရှိရှိ ပွားများအားထုတ်ခြင်းသည် လူ့ဘဝ တစ်ခဏရကြစဉ် ဘဝကို အကောင်းဆုံး တည်ဆောက်ခြင်းဖြစ်၏။ ဂုဏ်တော်၏ သတ္တိထူးအရှည်အချင်းများက မိမိထံ ကူးစက်ပြီး ကိုယ်အမူအရာ၊ နှုတ်အမူအရာ၊ အရှည်အချင်း၊ အစွမ်းများ ပြည့်စုံလာကာ အဆင့်မြင့် လုပ်ရပ်များ ဖြစ်ပေါ်လာရခြင်းသည် သဘာဝတရားဖြစ်၏။

ကျွန်ုပ်သည် ဘုရားဂုဏ်တော်ကိုးပါးရဲ့ အနှစ်ချုပ်ဖြစ်တဲ့ "နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဂုဏ်တော်ကြီးကို နေ့စဉ် ပွားများ ရွတ်ဖတ်ခြင်းဖြင့် လောကီ၊ လောကုတ် နှစ်ဖြာသော အကျိုးများကို ပေးသောကြောင့် ယနေ့တိုင် ရွတ်ဖတ်ပူဇော်ပါသည်။ ဓမ္မစာပေများ၊ ကုသိုလ်ပြုပွဲများတွင် မရှိမဖြစ် အရေးကြီး၍ ရှေ့ဆုံးမှ ရွတ်ဖတ်ပူဇော်ကြတာကိုလည်း တွေ့ရှိနိုင်ပါသည်။

ဤ "နမောတဿ" ဂုဏ်တော်ကြီး၊ ဘုရားရှိခိုးကြီး၊ ဂါထာ မန္တန်တော်ကြီးကို ရှေးရှေး ဘုရားရှင်များလက်ထက်မှ ဂေါတမဗုဒ္ဓလက်ထက်တိုင် မြတ်စွာဘုရားအား ဦးထိပ်ထားလျက် သဒ္ဓါတရားဖြင့် ရွတ်ဖတ်ပူဇော်ကြသူများသည် လက်တွေ့ အကျိုးတရားများ ရခဲ့ကြကြောင်း အထင်အရှား ဖြစ်ပါသည်။

လွန်ခဲ့သော ၉၂ကမ္ဘာက "ဖုဿဘုရားရှင်" ပွင့်တော်မူခဲ့ပါ၏။ ခမည်းတော် မဟိန္ဒမင်းကြီးသည် သား ဘုရား... လွန်စွာ ကြည်ညိုလွန်း၍ နမောတဿဘုရားရှိခိုးကို တစ်နေ့ သုံးကြိမ် နေ့စဉ် ကျိုးရင့်ခဲ့ပါသည်။

သိကြားမင်းသည် "သက္ကပဉှာ" သုတ်တော်ကို မြတ်... ထံမှ နာကြားခဲ့ပါ၏။ လွန်စွာ နှစ်သောင်းအားရပြီး ကြည်ညို... သဖြင့် နမောတဿဘုရားရှိခိုးကို တစ်နေ့ သုံးကြိမ်ရွတ်ဖတ် ပူဇော်ခဲ့ပါသည်။

◈◈◈

အခါတစ်ပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် "တဏှာစွဲရင် ထိုအ... ကြောင့်၊ ချစ်လျှင် ပျော်နိုး၊ ချစ်စပျိုးခဲ့ကြခြင်းသည် ... ဆင်းရဲကိုသာ ဖြစ်စေကြောင်း" ဟောကြားခဲ့ပါ၏။

ကောသလမင်းကြီးနှင့် အချို့က အချစ်ကို ... လျက် ဪချစ်ကြောင့် ပျော်ရွှင်ချမ်းမြေ့ ဝမ်းမြောက်မှု ဖြစ်...



www.burmeseclassic.com

www.burmeseclassic.com

သည်ဟု ယုံကြည်ခဲ့ကြ၏။

မလ္လိကာ မိဖုရားကြီးက လင်ချစ်၊ မယားချစ်၊ သားသမီးချစ်၊ မောင်နှမ ညီအစ်ကို ဆွေမျိုးမိတ်ဆွေ စတဲ့ အချစ်များဟာ အချစ်တုသာဖြစ်ကြောင်း၊ တဏှာပေမ ဆိုတဲ့ ကိလေသာအရှုပ်အထွေးများကြောင့် စိုးရိမ်ပူဆွေး ငိုကြွေးရခြင်း၊ ဆင်းရဲဒုက္ခများရခြင်းဖြစ်ကြောင်း မြတ်စွာဘုရား၏ ဟောကြားချက်ကို ကောသလမင်းကြီးအား လျှောက်ထားခဲ့ပါ၏။

ထိုအခါ မင်းကြီး ကြားနာ၊ သဘောပေါက် နားလည်ပြီး မြတ်ဗုဒ္ဓအား အလွန်လေးစားကြည်ညိုကာ မိမိနှတ်ခံတွင်းအား ပလုတ်ကျင်း ဆေးကြောပြီး လက်ဝဲတော်၊ ပခုံးထက်၌ ကိုယ်ရုံကို တင်၍ ဘုရားရှိရာအရပ်သို့ မျက်နှာမူပြီး "နမောတဿ" ဂါထာတော်ကြီးကို ရွတ်ဆို ပူဇော်ခဲ့သည်။ နေ့စဉ် သုံးကြိမ်ရှိခိုး၍ ရွတ်ဆိုပူဇော်ခဲ့ပါသည်။

◈◈◈

ဓနဥ္စနီ ပုဏ္ဏားမသည် သောတာပန်အရိယာဖြစ်၏။ သူ၏ လင်တော်မောင်မှာ မိစ္ဆာတိတ္ထိဖြစ်၏။ မြတ်စွာဘုရားကို မကြည်ညို၊ တိတ္ထိများကိုသာ ကိုးကွယ်ကြည်ညိုသူဖြစ်၏။ ဓနဥ္စနီသည် အချိန်ရတိုင်း နမောတဿ ဘုရားရှိခိုးကို အမြဲမပြတ် ရွတ်ဖတ်နေသူဖြစ်၏။ ပုဏ္ဏားကြီးသည် အခြားတိတ္ထိများ အထင်သေးခံရမှာကို အလွန်ကြောက်၏။ သူ့နီးအား နမောတဿ မရွတ်ဖတ်ရန် တားဆီးပေမယ့် မရ။

တစ်နေ့ ပုဏ္ဏားကြီးက အခြားတိတ္ထိ(၅၀၀)ကို ပင့်ဖိတ်၍ ညှိခံကျွေးမွေး၏။ ဓနဥ္စနီကိုလည်း နမောတဿ မရွတ်ဖတ်ရ၊ ရွတ်ဖတ်ရင် အသေသတ်မည်ဟု အမိန့်ထုတ်ထား၏။ ဓနဥ္စနီကလည်း သတ်လိုက သတ်ပါလော့၊ မရွတ်ရင် မနေနိုင်ဟု အသက်နှင့် ရင်း၍ ဆိုခဲ့ပါသည်။

နောက်တစ်နေ့ နိုယနာဆွမ်းကျွေးပွဲတွင် ဓနဥ္စနီသည် ဘုရားအရ ကျည်ဆောင်ရွက်ပေးရင်း ခလုတ်တိုက်လဲကာ နမောတဿ ဂါထာကို ရွတ်မိလျက်သားဖြစ်သွားရသည်။ ညီသည် တိတ္ထိတို့သည် တီကို ဆားနှင့် ထိသလို မခံမရပ်ဖြစ်ကာ စိတ်ဆိုးပြီး ထပြန်သွားကြသည်။

အသက်ကို ပဓာနမထားဘဲ စွဲမြဲစွာ–ရွတ်ဖတ်ခဲ့တဲ့ သောတာပန် ဓနဥ္စနီသည် နမောတဿ ဂုဏ်တော်ဖြင့် လင်တော်မောင် မိစ္ဆာတိတ္ထိ ပုဏ္ဏားကြီးအား အမှန်လမ်းကို ပြခဲ့သလို၊ မြတ်စွာဘုရားနှင့် တွေ့ပြီး မဂ်ဖိုလ်နိဗ္ဗာန်တိုင် အရောက်လှမ်းစေခဲ့ပါသည်။

◈◈◈

မြတ်စွာဘုရား ဝေသာလီပြည်၊ မဟာဝန်တော၌ သီတင်းသုံးစဉ်က ဖြစ်၏။ "ကာရဏပါလီ" ပုဏ္ဏားကြီးသည် မြတ်ဗုဒ္ဓထံမှ တရားနာပြီး ပြန်လာကြသည့် တရားနာသူများထံမှ ဂေါတမ၏ ပညာကို စူးစမ်းခဲ့ပါသည်။ တရားနာယူရသူတိုင်း သောကာ၊ ပရိဒေဝ အေးငြိမ်းသွားကြသည်ဟု ကြားသိပြီး ပုဏ္ဏားကြီးသည် အပေါ်ရုံ လက်ကတော့တင်ကာ လက်ျာဘက် ဒူးကို မြေမှာ ထောက်လျက်၊ ဘုရားရှိရာဘက်သို့ မျက်နှာမူပြီး လက်အုပ်ချီ ရှိခိုးခဲ့ပါသည်။ နမောတဿ ဘုရားရှိခိုးကို သုံးကြိမ်ရွတ်ဆို ဥဒါန်းကျူးရင့်ခဲ့ပါသည်။

ထို့အတူ "ဇာဏုသောဏိ" ပုဏ္ဏားကြီးကလည်း တစ်ဆင့်စကားဖြင့် မြတ်စွာဘုရား၏ ဂုဏ်တော်ကို ချီးကျူးပြောဆိုကြသည်ကို ကြားသိနာယူပြီး နမောတဿကို နေ့စဉ် သုံးကြိမ်ရွတ်ဖတ် ပူဇော်ခဲ့ပါသည်။

"ဗြဟ္မာယု" ပုဏ္ဏားကြီးသည် တပည့် ဥတ္တရလုလင်ကို ခုနစ်လတိုင် မြတ်စွာဘုရားနောက်မှ လိုက်၍ စုံစမ်းစေခဲ့ပါသည်။ အပြစ်အနာအဆာ တစ်စုံတစ်ရာမျှပင် မတွေ့ရဘဲ ချီးကျူးစရာများသာ တွေ့ကြောင်း၊ ဂုဏ်တော်များကိုလည်း ထုတ်ဖော်ချီးကျူးခဲ့သည်ကို တွေ့ရှိ လက်ခံ ယုံကြည်လျက် ပုဏ္ဏားကြီးသည် ဘုရားဘက်သို့ မျက်နှာမူကာ နမောတဿကို သုံးကြိမ်ရွတ်ဆို ပူဇော်ခဲ့ပါသည်။

◈◈◈

ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူများသည် ယနေ့တိုင် သွားရာ၊ လုပ်ကိုင်ရာ၊ ကြိစည်ရာ နေရာတိုင်း၌ ဤဂုဏ်တော်ကြီးကို ရွတ်ဆိုကြသလို၊ အချိန်ရတိုင်း ရွတ်ဆိုခဲ့ကြ၍ အကျိုးကျေးဇူးများ ရရှိခဲ့ကြပြီးဖြစ်ပါသည်။

နမောတဿ ဂါထာတော်၊ မန္တန်တော်၊ ဂုဏ်တော် ဘုရားရှိခိုးကို ရွတ်ဖတ်ပူဇော်ကြသူများသည် နောင့်ယှက်ဖျက်ဆီးလာမည့် ကိုယ်တွင်းကိုယ်ပ အန္တရာယ်များကို ကာကွယ်ခြင်း၊ လိုအပ်သော အလုပ်ကိစ္စများ အပြီးအဆုံးသို့ ရောက်နိုင်ခြင်း၊ စိတ်အေးချမ်းမှု ရရှိခြင်း၊ စီးပွားလာဘ်လာဘ တစ်နေ့တခြား တိုးတက်လာခြင်း စတဲ့ အကျိုးတရားများကို မလွဲမသွေ မုချ ရရှိခံစားနိုင်ကြပါသည်။

ရတနာအစစ်အမှန်ဖြစ်သော ဤ နမောတဿ ဘုရားရှိခိုးသည် ဘုရားဂုဏ်တော်ကိုးပါး၏ အခြေအနှစ်များဖြစ်၏။ သတ္တဝါတို့၏ အကျိုးစီးပွားကို ဆောင်ကြောင်း ပွင့်တော်မူပြီးတဲ့ ဘုရားရှင်များ၊ သာဝကများနှင့် ဓမ္မဆရာတော်များက ဖွင့်ဆိုထားပါသည်။

သာမန်ရွတ်ဆိုခြင်းပင် လွန်စွာ အကျိုးများလှပါ၏



www.burmeseclassic.com

www.burmeseclassic.com

အကာယ်၍ ဂါထာတော်လာ ဂုဏ်တော်များဖြစ်သည့် "ဘဂဝါ အရဟံ နှင့် သမ္မာသမ္ဗုဒ္ဓေါ" ဂုဏ်တော်သုံးပါးကို အနက် အဓိပ္ပာယ်ပါ ကျက်မှတ်ခံစားလျက် သဒ္ဓါတရားဖြင့် ရွတ်ဖတ်ပွားများ ပူဇော်ပါက လောကီ၊ လောကုတ် နှစ်ဖြာအကျိုးပို၍ပို၍ ရမှာဖြစ်တဲ့အတွက် ကျက်မှတ်ပူဇော်နိုင်ပါရန် တင်ပြရပါသည်။

"ဘဂဝတော"သည် ဘဂဝါဂုဏ်တော်ကို ညွှန်းဆိုပြီး ဘုန်းတော် ခြောက်ပါးနှင့် ပြည့်စုံတော်မူခြင်းဖြစ်၏။

(၁) ဣဿရိယဘုန်းတော်-လောကီအရာ၌ ပိုင်စိုးတော်မူခြင်း။

(၂) ဓမ္မ - လောကုတ္တရာအရာ၌ ပိုင်စိုးတော်မူခြင်း။

(၃) ယသ-အခြံအရံပရိသတ်နှင့် ပြည့်စုံတော်မူခြင်း။

(၄) သိရီ - ယောက်ျားမြတ်အင်္ဂါ ၃၂ပါးနှင့် ပြည့်စုံ၍ ကျက်သရေရှိခြင်း။

(၅) ကာမ - စိတ်အလိုရှိတိုင်း ပြီးစီးအောင်မြင်တော်မူခြင်း။

(၆) ပယတ္တ - ကြီးမားမြင့်မြတ်တဲ့ ဝီရိယနှင့် ပြည့်စုံတော်မူခြင်း။

"အရဟတော"သည် အရဟံဂုဏ်တော်ကို ညွှန်းဆိုထားပါ၏။

သောဘဂဝါ - ထိုရွှေဘုန်းတော်သခင် အရှင်မြတ်ဘုရားသည်၊ ဣတိပိ ဣမိနာကာရဏေန - တစ်ထောင့်ငါးရာ ကိလေသာတို့ ဝါသနာမရှေ၊ အထုံအငွေ့မျှ မငွေ့မရိပ်၊ ဝင်းဝင်းဖိတ်သို့၊ ရွှေစိတ်သန့်ရှင်း၊ လွှန်ပျံ့ညင်း၍ မင်းမင်းပြည်သူ၊ ကြည်ဖြူကော်ရော်၊ အလှူတော်မှန်၊ အပူဇော်ခံထိုက်သော ထိုအကြောင်းများကြောင့် အရဟံ မည်၏။

(၁) အာရကတ္တာ အရဟံ - တစ်ထောင့်ငါးရာ ကိလေသာတို့ ကင်းပြတ်တော်မူသော၊

(၂) ပစ္စယဒီနံ အရဟာတ္တာပိ အရဟံ - ပစ္စည်းလေးပါးစသော ပူဇော်သက္ကာယအထူးကို ခံယူတော်မူထိုက်သော၊

(၃) နတ္ထိရဟော ဂေသာတိ အရဟံ - ဆိတ်ကွယ်ရာအရပ်တို့၌ မကောင်းမှုခြင်း မရှိသော၊

(၄) အရီနံ ဟတတ္တာပိ အရဟံ- ကိလေသာ ရန်သူတို့ကို ပယ်သတ်တော်မူသော၊

(၅) အရာနံ ဟတတ္တာပိ အရဟံ - သံသရာအကာန့်အကာန့်များကို ဖျက်ဆီးတတ်သော···

···ဟူသည့် အရဟံ ငါးချက်ကို ဖွင့်ဆိုခံစားတတ်ရန်လိုပါသည်။

သမ္မာသမ္ဗုဒ္ဓေါသည် သမ္မာသမ္ဗုဒ္ဓဂုဏ်တော်ကို ရည်ညွှန်းထားသဖြင့် သဗ္ဗညုဏ်အား၊ စွမ်းပကားနှင့် များသခါရ ဝိကာရနှင့် လက္ခဏာပညတ်၊ နိဗ္ဗာနဟု၊ ငါးရပ်သိရန်၊ ဉေယျ ခံကို ဖောက်ပြန်မရှိ မှန်စွာသိတော်မူသော မြတ်စွာဘုရားဟု ကျက်မှတ်၍ ရွတ်ဆိုရပါသည်။

ဉေယျခံတရားငါးပါးကို···

(၁) သခါရဟူသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရဖြင့် ပြုပြင်တတ်ပါ၏။

(၂) ဝိကာရဟူသည် ကာယဝိညတ်၊ ဝစီဝိညတ်၊ လဟုတာ၊ မုဒုတာနှင့် ကမ္မညတာရုပ်များဟု ခေါ်ပါ၏။

(၃) လက္ခဏာ ဟူသည် ဥပစယ၊ သန္တတိ၊ ဇရတာ၊ အနိစ္စတာ၊ ဤလေးရုပ်များကို ခေါ်ပါ၏။

(၄) ပညတ်ဟူသည် လူ၊ နတ်၊ ဗြဟ္မာ၊ ရေမြေတောတောင် စတဲ့ လူတို့ မှည့်ဆိုထားသည့် အမည်များ ဖြစ်ပါ၏။

(၅) နိဗ္ဗာန်ဟူသည် ကိလေသာများ ချုပ်ငြိမ်းခြင်း ဖြစ်ပါသည်။

ဓမ္မမိတ်ဆွေများ တိုတောင်းလှတဲ့ လူ့ဘဝရခိုက် ဤဂုဏ်တော်ဘုရားရှိခိုးကြီးအား နေ့စဉ် အချိန်ရသမျှ မမေ့ ဉာဏ်မှာ ထင်သာမြင်သာအောင် ကျင့်ကြံပွားများ အားထုတ်ကြပြီး လောကီ၊ လောကုတ် နှစ်ဖြာသော အကျိုးတရားများ ရရှိခံစား စံစားနိုင်ကြပါစေ ■

ယောဂီ တိုးအောင်

မှီငြမ်း:

- ဗုဒ္ဓဘာသာလက်စွဲကျမ်း

*****



www.burmeseclassic.com

www.burmeseclassic.com

# ရဲမြတ်တင်

သဆီမြိုး



www.burmeseclassic.com

www.burmeseclassic.com

အချိန်မှာ နံနက် ၁၀ နာရီခန့် ရှိလေပြီ။ ဦးအောင်သွင်က တိုက်အပေါ်ထပ်၌ လက်နှစ်ဖက်ကို နောက်ပစ်ကာ ခေါက်တုံ့ခေါက်ပြန် စကြံလျှောက်နေရာမှ လမ်းတစ်ဖက် မျက်စောင်းထိုးရှိ ဒေါ်စောကြွယ်အိမ်ဆီသို့ မသိမသာ လှမ်း,လှမ်းကြည့်နေမိသည်။

သူ လမ်းလျှောက်နေသည့် ဝရန်တာပေါ်မှ ကြည့်လျှင် ဒေါ်စောကြွယ်အိမ်ကို ရှင်းလင်းစွာ မြင်နေရသည်။ ဒေါ်စောကြွယ်က အလုပ်အားသေးဟန်မတူ။ တစ်နည်းအားဖြင့် သူ့အိမ်၌ လူရှင်းသေးဟန် မတူ။ အိမ်တွင်းသို့ လူအချို့ ဝင်လိုက်,ထွက်လိုက်လုပ်နေသည်ကို လည်းကောင်း၊ ဒေါ်စောကြွယ်က အိမ်အောက်ထပ်တွင် ဧည့်သည်များအား လက်ခံစကားပြောနေသည်ကို လည်းကောင်း ဤနေရာမှ အတိုင်းသား မြင်တွေ့နေရသည်။

စောစောကပင် ဦးအောင်သွင် ဒေါ်စောကြွယ်အိမ်မှ ပြန်လာသည်။ အချိန်အတိအကျပြောရလျှင် လွန်ခဲ့သော တစ်နာရီသာသာခန့်က ဖြစ်သည်။ ဒေါ်စောကြွယ်ကို ဦးအောင်သွင် အလေးအနက်ပင် မှာကြားထားခဲ့သည်။ အရေးကြီးသော ကိစ္စတစ်ခု တိုင်ပင်စရာရှိသည်။ အလုပ်အားသည်နှင့် ဤအိမ်ဘက်သို့ ကူးလာခဲ့ပါမည့်အကြောင်း။ သို့အတွက်ပင် ဦးအောင်သွင်က ယခုလို စကြံလျှောက်ရင်း ဒေါ်စောကြွယ်အလာကို စောင့်မျှော်နေခြင်းလည်း ဖြစ်တော့သည်။

လမ်းလျှောက်နေရင်း ဦးအောင်သွင်က ဒေါ်စောကြွယ်ရောက်လာပါက ပြောရမည့် စကားများကို ကြိုတင်စဉ်းစားနေမိသည်။ စဉ်းစားသည်မှာ စေ့စေ့စပ်စပ်ပင်။ ရှေ့နောက် အကွက်ချ၍ စဉ်းစားနေမိသည်။ ထိုသို့ ဒေါ်စောကြွယ်အား ပြောရမည့် စကားများကို သူ့စိတ်ထဲမှ အစီအစဉ်ချကာ စဉ်းစားနေရင်း ဦးအောင်သွင် မျက်နှာပူသလိုလိုတော့ ဖြစ်လာမိသည်။ သို့သော် မတတ်နိုင်လေပြီ။ မျက်နှာပူကာမှ ပူရော၊ ပွင့်ပွင့်လင်းလင်းပြောမှ ဖြစ်မည့် ဒီစကားများကို ဒေါ်စောကြွယ်အား ခပ်ပြောင်ပြောင်ပင် ပြောရပေတော့မည်ဟု ယတိပြတ် ဆုံးဖြတ်ထားလိုက်လေသည်။

ထိုအခိုက် ဒေါ်စောကြွယ် အိမ်ဘက်မှပင် အသံကလေး တစာစာဖြင့် လှမ်းပြောနေသော စကားသံတချို့ကို ဦးအောင်သွင် ကြားလိုက်ရသည်။ အသံလာရာသို့ လှမ်းကြည့်လိုက်ရာ အိမ်ရှေ့တွင် ရပ်နေသော တင်တင်ဆင့်ကို တွေ့လိုက်ရသည်။ တင်တင်ဆင့်မှာ အပြင်ထွက်မည့်ဟန် ဖြိုးလိမ်းဝတ်စားထားသည်ကို တွေ့ရသည်။ သူမက အိမ်တွင်းရှိ ဒေါ်စောကြွယ်အား တစ်စုံတစ်ရာ လှမ်းပြောနေခြင်းဖြစ်ပြီး ဒေါ်စောကြွယ်ကလည်း သူမအား တစ်စုံတစ်ရာ ပြန်ပြောလိုက်သည်ကို ဦးအောင်သွင် ကြားရသည်။ ထို့နောက် တင်တင်ဆင့်က ဆက်၍လျှောက်လာသည်။ သူမ၏ပုံက လမ်းထိပ်ရှိ ကားမှတ်တိုင်သို့ သွားမည့်ပုံမျိုးဖြစ်သည်။

တင်တင်ဆင့်က ဦးအောင်သွင်၏ တိုက်ရှေ့သို့အရောက်တွင် မျက်လုံးကစား၍ တစ်ချက်ဝင့်ကြည့်လိုက်သည်။ ဤတွင် သူမကို လှမ်းကြည့်နေသော ဦးအောင်သွင်နှင့် ဇက်ခနဲ အကြည့်ချင်း ဆုံသွားတော့သည်။ ထိုအခါ ဦးအောင်သွင်၏ ရင်တွင်း၌ ရုတ်ခြည်းပင် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ တင်တင်ဆင့်ကမူ မျက်လွှာကို ဖျတ်ခနဲ ပြန်ချကာ ရှေ့သို့ ဆက်လျှောက်သွားလေသည်။

တင်တင်ဆင့်၏ နောက်ပိုင်း... ရှုးရှုးရဲရဲစိုက်ကြည့်နေရင်း ဦးအောင်သွင်က ရင်အခုန်မြန်နေဆဲပင်။ ဘလောင်ဆူနေဆဲပင်။ တိုက်မှ တို... ဆိုင်တတ်ပလေ။ ယခုပင် ဦးအောင်သွင်က တင်တင်ဆင့်အကြောင်း... စဉ်းစားနေသေးသည်။ စဉ်းစားသည်... ငိုကာချဲ့၍ပင် စဉ်းစားနေမိခြင်း... သည်။ ယင်းအချိန်မျိုးမှာပင် လူကို... ပက်ပင်းတွေ့လိုက်ရသည်မို့ အ... အနေက ပို၍ မီးထိုးပေးလိုက်သ... ဖြစ်သွားရခြင်းပင်။

အမှန်တော့လည်း ဒေါ်စောကြွ... ကို အလေးအနက်ခေါ်ယူထားသည်... ကိစ္စမှာ အခြားကိစ္စမဟုတ်။ ... တင်တင်ဆင့်ကိစ္စပင် ဖြစ်တော့သည်။

◈◈◈

"ကဲ...ဆို ဦးသွင်၊ ဘာကိ... တုန်း။ ဘာတွေ တိုင်ပင်မှာတုန်း"

ဒေါ်စောကြွယ်က မျက်မှန်... တစ်ချက်ပင့်ကာ ပြုံးတုံ့တုံ့ မျက်နှာ... ဖြင့် ပြောသည်။ ဦးအောင်သွင်က... ထူအမ်းအမ်းဖြစ်နေသော မျက်နှာ... ခြောက်ကပ်ကပ်ဖြစ်နေသော အသံ... ဖြင့် ဒေါ်စောကြွယ်ကို ပြန်ပြောလိုက်... သည်။

"အပေါ်...အပေါ်...ဒေါ်စော... ကြွယ်ကိုတော့ ဘွင်းဘွင်းရှင်းရှင်း... ပြောရတော့မှာပဲ"

"အမလေး...ပြောမယ့်သာ... ပြောစမ်းပါ။ ဘွင်းချင်သလောက် ဘွင်း... ရှင်းချင်သလောက် ရှင်း"

ဒေါ်စောကြွယ်က စကားဖော... သည်။ သို့အတွက် ဦးအောင်သွင် ... စိတ်ရဲသွားသည်။ နှုတ်ရဲသွားသည်။

"ဒီလိုဗျာ၊ ကျွန်တော်တည့်တည့်... ပဲ ပြောလိုက်တော့မယ်။ ခင်ဗျားအ...

www.burmeseclassic.com

ာ တင်တင်ဆင့်ကို ကျွန်တော်…
ို…ဟို…"

"တင်တင်ဆင့်ကို ဘာဖြစ်သလဲ၊ ဆက်ပြောလေ ဦးသွင်"

"ဒီကောင်မလေးကို ကျွန်တော် ို…ဟိုဒင်းဗျာ…"

"စိတ်ဝင်စားနေတယ်ပဲ ဆိုပါ တော့ရှင်။ ကဲ…ဟုတ်တယ်မဟုတ် ား တိုင်ပင်စရာရှိတယ်ဆိုတာရယ်၊ င်တင်ဆင့်ဆိုတာရယ်၊ ရှင့်ပါးစပ်က က်လာကတည်းက ကျွန်မ အားလုံး ိလိုက်ပါပြီ။ ပြောရရင် ခုတစ်လော ကြီး ကျုပ်အိမ်ဘက်ကို ကဒီးကဒီး နေကတည်းက ရိပ်မိပြီးသားပါနော် ဟဲဟဲ"

ဒေါ်စောကြွယ်က ငေါ့တော့ ာ့ပြော၍ ရယ်သွမ်းသွေးသည်။ ိအောင်သွင်ကပါ အရှက်ပြေ ရော င်ပြီး ရယ်လိုက်သည်။

"ဟုတ်တယ်ဗျာ၊ ဟုတ်တယ်။ င်တင်ဆင့်နဲ့ ပတ်သက်တဲ့ ကျုပ်ရဲ့ ကို ခင်ဗျားနဲ့ ပွင့်ပွင့်လင်းလင်း င်ချင်လို့ပဲ"

"တိုင်ပင်တာက ဖြစ်ပါတယ်၊ မယ့် ဦးသွင်က သေသေချာချာ ်ပြီးလို့လား။ မငယ်လှတဲ့ ကိုယ့် ဂုဏ်သိက္ခာ၊ သားသမီးဆွေမျိုး င်းအဝိုင်းတွေရဲ့ ဂုဏ်သိက္ခာ၊ ဒါ အားလုံးကို ထည့်တွက်ပြီးပြီလား။ ကျွန်မက ဘာကြောင့်ပြောရ ဆိုတော့ တင်တင်ဆင့်က ဦးသွင် သမီးအလတ်မထက်တောင် ငယ် ငယ်ဦးမယ်လေ။ တော်ကြာ န်းကျင်က သူ့သမီးအရွယ် ကလေးနဲ့ဆိုပြီး…"

"အို…ဒါတွေ မလိုပါဘူးဗျာ။ တွက်နေစရာ မလိုပါဘူး။ ကိုယ့် ရွယ်တွေ ဘာတွေ ထည့်ပြော မနေစမ်းပါနဲ့။ သွေးမတော် သားမစပ် ရင်၊ အသက်အရွယ် ကွာခြားမှုတွေကို ဖယ်လိုက်ရင် လောကမှာ ယောက်ျား နဲ့ မိန်းမဆိုပြီး နှစ်ခုတည်းပဲ ရှိတယ်။ ကျွန်တော်ပြောတာ ဟုတ်တယ်မို့လား။ ပြီးတော့ ခုကိစ္စကလည်း ကျွန်တော်က ဘယ်သူ့မှ မသိအောင် လျှို့ဝှက်ပြီး လုပ်မယ့် ကိစ္စမျိုးပဲဟာ"

"ဘယ်လို…ဘယ်လို၊ ဦးသွင် ဘယ်လိုပြောလိုက်တယ်"

ဦးအောင်သွင် စကားကြောင့် ဒေါ်စောကြွယ် မျက်လုံးကျယ်သွား သည်။ အံ့အားသင့်ရင်းမှပင် ဦးအောင် သွင်ကို မေးခွန်းပြန်ထုတ်လိုက်သည်။ ဦးအောင်သွင်က လက်ဂွာပြု၍ ချက် ချင်းပင် ပြန်ရှင်းပြသည်။

"ဟုတ်တယ်။ ကျွန်တော် ဒေါ်စောကြွယ်ကို သေသေချာချာ တိုင်ပင်ချင်တယ်ဆိုတာ ဒီကိစ္စပဲ။ ရှင်းရှင်းပြောရရင် ကျွန်တော်က တင်တင်ဆင့်ကိုတော့ လိုချင်တယ်။ ဒါပေမယ့် တရားဝင်ယူမှာမျိုးတော့ မဟုတ်ဘူး။ ကျွန်တော် စိတ်ကူးထား တာက ဒီလို…"



ဦးအောင်သွင်က ပြောင်ပြောင်ပင် ဖွင့်ချလိုက်တော့သည်။ သူ မုဆိုးဖိုဘဝ ဖြင့် နေလာခဲ့သည်မှာ (၁၀)နှစ်ခန့် ရှိ ပြီ။ သူ့အသက်ကလည်း (၆၀)နားသို့ ကပ်လာခဲ့ပြီ။ သို့သော် သူ့ကိုယ်သူ အသက်ကြီးပြီဟု မထင်သေးသလို၊ အရာရာ၌လည်း သန်တုန်း မြန်တုန်း စွမ်းဆောင်နိုင်တုန်းပင်ဖြစ်သည်။ အထူး သဖြင့် သူ့အနေနှင့် ကာမဂုဏ်ကို လိုလားတောင့်တနေဆဲ ဖြစ်သလို၊ လွန်စွာခံစားလိုသော စိတ်ဖြင့်လည်း ဝေတ်မွတ်နေရသည်။ ထိုစိတ်ဆန္ဒကို လွန်စွာ ဖြည့်ဆည်းချင်နေမိသည်။

သို့ကြောင့် လူကြီးလူကောင်း တစ်ယောက်၏အသွင်လည်း မပျောက်၊ မိမိအလိုဆန္ဒလည်း ပြည့်ဝမည့် တစ်ချက်ခုတ် နှစ်ချက်ပြတ် လမ်းစဉ် ကို သူရွေးထားသည်။ သူ့အနေနှင့် တင်တင်ဆင့်ကို တိတ်တိတ်မှန်းပေါင်း သင်းလိုသည်။ ထိုသို့ ပေါင်းသင်းရခြင်း အတွက် တင်တင်ဆင့် ကျေနပ်လောက် အောင် သူက ပေးကမ်းထောက်ပံ့မည်။ ဒေါ်စောကြွယ်အနေဖြင့် တင်တင်ဆင့် အား တီးခေါက်မေးမြန်းကြည့်ရန်။ ထိုမျှ မက၊ ဖြစ်နိုင်က မိမိအတွက် စည်းရုံး သိမ်းသွင်းပေးရန်။ စသည်…စသည် ဖြင့် ဦးအောင်သွင်က အစမှ အဆုံး ရေလည်အောင် ရှင်းပြလိုက်လေသည်။

ဦးအောင်သွင် စကားဆုံးသည် နှင့် ဒေါ်စောကြွယ်က သက်ပြင်း တစ်ချက်ချလိုက်သည်။ မျက်နှာကပါ ခပ်မဲ့မဲ့ဖြစ်သွားသည်။

"လက်စသတ်တော့ ဦးသွင်က တကယ့် အကြံသမားကြီးပဲရှင့်။ ကောင်မလေးကို တရားဝင်ယူလိုက် ရင် ဘာဖြစ်မှာမို့တုန်း။ ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com

က ကတော်ရုပ်ကလေးပဲဟာ"

"ယူလို့ ဘယ်ဖြစ်မလဲ။ ကျွန်တော့်အသက်အရွယ်နဲ့ ကျွန်တော့်ဂုဏ်ဖြပ်နဲ့က တင်တင်ဆင့်နဲ့ ဘယ်လိုက်ဖက်ပါ့မလဲ။ သူက ခင်ဗျားပြောသလို ကျွန်တော့်သမီးအရွယ်ကလေးပဲဟာ"

"ဟင်း…ဦးသွင်တို့ ယောကျ်ားတွေများ တတ်လည်း တတ်နိုင်တယ်။ တရားဝင်ယူဖို့ကျတော့ ကိုယ့်သမီးအရွယ်ကလေးမို့လို့တဲ့။ ဟိုလိုနေဖို့ကျတော့ သမီးအရွယ်နဲ့ ဘာမှမဆိုင်ပါဘူးတဲ့။ အမျိုးမျိုးပဲ"

"အေးပါဗျာ၊ ဒါတွေ ထားပါတော့။ ကျွန်တော်ပြောတဲ့အတိုင်း ဒေါ်စောကြွယ်က ကူညီပေးနိုင်, မပေးနိုင်သာ သိချင်ပါတယ်။ ခင်ဗျားကျေးဇူးမမေ့ပါဘူး။ ပြီးတော့ တင်တင်ဆင့်ကိုလည်း ကျေနပ်အောင် ပေးမယ်လို့ ကျွန်တော်ပြောထားပြီပဲ"

"အဲဒါက ဟုတ်ပါပြီ။ ကျွန်မက ဦးသွင်ကို ကူညီပေးနိုင်ပါတယ်။ ကူလည်း ကူညီချင်ပါတယ်။ ဒါပေမယ့် တင်တင်ဆင့်က ဒီပုံစံမျိုးကြီးကို လက်ခံနိုင်, မခံနိုင်ဆိုတာ ပြောရမှာခက်တယ်"

ထိုသို့ပြောပြီး ဒေါ်စောကြွယ်က တစ်စုံတစ်ရာကို စဉ်းစားနေလေသည်။ လတ်တလောတွင် စဉ်းစားရကျပ်နေပုံကိုလည်း သူ့မျက်နှာတွင် တွေ့နေရသည်။ အတန်ကြာအောင်ပင် စကားစပြတ်သွားသည်။ ပြီးတော့မှ ဒေါ်စောကြွယ်က…

"ကဲပါ…ဒီလိုလုပ်ရအောင်ပါ။ ဒီရက်ပိုင်းအတွင်းမှာပဲ သူ့ကို ကျွန်မတီးခေါက်ကြည့်လိုက်ပါမယ်။ ကျွန်မအနေနဲ့လည်း အတတ်နိုင်ဆုံး စွမ်းဆောင်ပေးပါမယ်။ သူ့ဆီက အဖြေသိရတာနဲ့ ဦးသွင်ဆီကို ကျွန်မ လာခဲ့ပါ့မယ်။ ဟုတ်ပြီလား"

ဟု ပြောလိုက်လေသည်။ ထို့နောက် ဒေါ်စောကြွယ်က ဦးအောင်သွင်ကို နှုတ်ဆက်ကာ သူ့အိမ်ဘက်သို့ ပြန်ကူးသွားတော့သည်။

ဦးအောင်သွင်က နေရာမှာပင် ကျန်နေရစ်ခဲ့သည်။ သို့သော် သူက အခြေအနေအရပ်ရပ်ကိုတော့ ဆက်လက်ပြီး စေ့စေ့ပေါက်ပေါက် တွေးတောနေမိသေးသည်။

◈◈◈

ဒီကိစ္စမှာ လုံးဝ ဖြစ်နိုင်သည်ဟု သေချာပေါက် မပြောနိုင်သေးသော်လည်း ဖြစ်နိုင်ခြေနှင့် မနီးစပ်သောကိစ္စမျိုးတော့လည်း မဟုတ်ပါပေ။ ဟိုဘက် ဒီဘက် ၅၀ ရာခိုင်နှုန်းစီပင် ရှိလိမ့်မည်။

အမှန်တော့ ဒေါ်စောကြွယ်မှာ မိန်းမလည်တစ်ယောက်ပင် ဖြစ်သည်။ သူ့အလုပ်ကကို အမျိုးသမီး ကြီးကြီးငယ်ငယ် ရှုပ်ရှုပ်လတ်လတ်တွေနှင့် အမြဲတမ်း ပတ်သက်နေရသော အလုပ်ဖြစ်သည်။ တောဘက် နယ်ဘက်မှ မိန်းကလေးများက သူ့အိမ်သို့ အခါမလပ်ပင် လာရောက်ကြလေ့ရှိသည်။ ထိုမိန်းကလေးများ မြို့ပေါ်၌ အလုပ်အကိုင်ရရှိရေးအတွက် စောကြွယ်ကပင် ခိုင်ခံ ဆောင်ရွက်ပေးသည်။ ဗိနပ်စက်ရုံ၊ အထည်ချုပ်စက်ရုံ၊ စတိုးဆိုင်၊ စားသောက်ဆိုင်၊ ကုမ္ပဏီလုပ်ငန်း၊ အိမ်အကူ၊ အိမ်ဖော် စသည်ဖြင့် လုပ်ငန်းပေါင်းစုံသို့ သူကပင် ဆက်သွယ်၍ သွင်းပေးသည်။ ထိုအကျိုးဆောင်လုပ်ငန်းဖြင့်ပင် ဝင်ငွေတွေဖြောင့်တန်းနေသူဖြစ်သည်။

ဒေါ်စောကြွယ်ကိုယ်တိုင် မြို့ပေါ်ဇာတိမဟုတ်။ နယ်ဘက်မှ ဖြစ်သည်။

ထို့ကြောင့် သူ့နယ်ကို အခြေခံထာ[...] ကာ ဤလုပ်ငန်းအား လုပ်ကိုင်နေခြ[...] ဖြစ်သည်။ အစပိုင်းတုန်းကတော[...] ဒေါ်စောကြွယ်အနေနှင့် နယ်သို့ မကြာ[...] မကြာခဏကာ သူ့လုပ်ငန်းအတွက် ဝါဖြန့်ခြင်း၊ စည်းရုံးခြင်းများကို ပြုလု[...] လေ့ရှိသည်။ ယခုမူ ထိုသို့ လုပ်စရ[...] မလိုတော့ပေ။ ဖောက်သည်များက[...] ပွားသည်ထက်ပွား၊ များသည်ထက်[...] များလာခဲ့ပြီဖြစ်ရာ၊ သူက လိုက်ရှာ[...] စရာမလိုတော့ဘဲ အလိုလိုပင် သူ့အိ[...] သို့ တဖွဲဖွဲ တသဲသဲရောက်လာနေကြ[...] တော့သည်။ တောဘက်၌ ရာသီဥ[...] က မမှန်၊ လုပ်စားကိုင်စားက မဟန်ကြ[...] လေသမျှ ဒေါ်စောကြွယ်ဆီသို့သ[...] လိုမ့်၍ တက်လာနေကြတော့သည်။

ဒေါ်စောကြွယ်အနေနှင့် သူ့[...] ရောက်လာသော အမျိုးသမီးများအား[...] အလုပ်စပ်ဟပ်ပေးရာတွင် အခဆ[...] [...]သူများ ရှိသလို၊ အခဆင်မပြေ[...] များလည်း ရှိချင် ရှိမည်။ ဒီအပိုင်း[...] ဦးအောင်သွင် သေသေချာချာ မ[...] ဂယနဏ နားမလည်။ သူက တင်[...] သာ စိတ်ဝင်စားမိသည်။ ၎င်း[...] ဒေါ်စောကြွယ်အနေနှင့် အမျိုးမျိုးသော[...] မိန်းကလေးများအတွက် အလုပ်အကိုင်[...] အမျိုးမျိုးအား ရှာဖွေပေးရာ၌ ယ[...] မိမိက တင်တင်ဆင့်ကို ချဉ်းကပ်သည့်[...] ကိစ္စမျိုးကိုပါ အကျိုးဆောင်ပေးတ[...] လေ့ရှိသည်ဆိုသည့် သတင်းကို နိုင[...] သည့်နေရာမှ ကြားဖူးနားဝရှိထားမိခြ[...] ပင် ဖြစ်သည်။

ယခုကဲ့သို့ သူ့အနေနှင့် ဒေါ်စော[...] ကြွယ်အား ခပ်ပွင့်ပွင့် ခပ်ရှင်းရှင်း[...] ပြောခဲ့သည်မှာလည်း ထိုအချက်ကြော[...] ပင်ဖြစ်သည်။ မည်သို့ဆိုစေ၊ ဒေါ်[...] ကြွယ်က တွေတွေခါခါ ငြင်းဆန်ခြ[...] မရှိဘဲ အလိုက်အထိုက် ပြန်ပြောသွ[...]





www.burmeseclassic.com

www.burmeseclassic.com

ကြည့်လျှင် ထိုအချက်က မှန်နေ
ဆိုရမလိုဖြစ်နေသည်။

ဒေါ်စောကြွယ်၏ ယောက်ျားက
တွင် သိပ်မနေ။ များသောအား
သူနယ်တွင်သာ ပြန်နေလေ့ ရှိ
နယ်တွင် လက်ငုတ်လက်ရင်း
များ ရှိသေးသည်ဟု ဆိုသည်။
အောင်သွင်အနေဖြင့် အိမ်နီးချင်းဖြစ်
သူတို့အိမ်သို့ ယခင်က ဒေါ်စော
ယောက်ျားရှိသောအခါများတွင်
အခါအားလျော်စွာ သွားလည်လေ့
သည်။ သို့သော် ယခုတစ်လော
စောကြွယ်ယောက်ျားမရှိသော်လည်း
အိမ်သို့ ဦးအောင်သွင် မကြာခဏ
လည်နေမိသည်။ ၎င်းမှာ တင်တင်
ကြောင့်ပင် ဖြစ်တော့သည်။

ဦးအောင်သွင် မှတ်မိသလောက်
တင်ဆင့် ဒေါ်စောကြွယ်အိမ်သို့
နေသည်မှာ နှစ်လခန့်ရှိပြီထင်
သည်။ ဒေါ်စောကြွယ်အိမ်သို့ ရောက်
သော မိန်းကလေးမှန်သမျှ မည်သူ
နှစ်လလောက်ကြာအောင် မနေ။
ဆိုင်ရာ အလုပ်အကိုင်များကို
နောက် ထွက်ခွာသွားကြသည်
ဖြစ်သည်။ တင်တင်ဆင့်ကမူ
သည့်အလုပ်ကို စောင့်ဆိုင်းနေ
ကြောင့် ဤမျှ ကြာမြင့်နေရ
မသိ။ မည်သို့ဆိုစေ၊ ဤသို့
နေရသည့်အတွက်ပင် ထိုတင်တင်
ကို အတွေ့အမြင်များပြီးသကာလ၊
အောင်သွင်မျက်စိထဲမှာ စွဲမိသွားရ
ဖြစ်သည်။ အဲ··သူ့စိတ်ထဲတွင်ပါ
သွားရခြင်းဖြစ်သည်။

တင်တင်ဆင့်သည် မြို့သူလော၊
သူလော ဆိုသည်ကိုတော့ သူ
သေချာချာ မသိသေး။ သို့သော်
တင်ဆင့်၏ အပြောအဆို အကြည့်
များက ရဲတင်း ပွင့်လင်းမှု ရှိလှ
သည်ကိုတော့ သူသိနေသည်။ ပြီး
သူမ၏ ဝတ်စားပြင်ဆင်တတ်ပုံက
လည်း မြို့ကြီးသူပင် ရှုံးလောက်သည်။

ဦးအောင်သွင်ကို အဆွဲဆောင်
နိုင်ဆုံးကတော့ အချိုးကျစွာ ဖွံ့စည်း
တည်ဆောက်ထားသည့် သူမ၏
ကိုယ်ကာယပင်ဖြစ်သည်။ သူမက
မည်သည့်နေရာကပင် ကြည့်ကြည့်၊
တပ်မက်စရာကောင်းသည်ချည်းဟုသာ
ဦးအောင်သွင် ထင်မိသည်။ သို့နှင့်ပင်
တင်တင်ဆင့်အကြောင်းကို မယောင်
မလည်လိုလို၊ မသိမသာလိုလိုနှင့်
စပ်စုကြည့်ရသည့်အဆင့်သို့ ရောက်
သွားရတော့သည်။ ထိုအခါ ဒေါ်စော
ကြွယ်ပြန်ပြောပုံက···

"တင်တင်ဆင့်အတွက် အလုပ်
က နည်းနည်းလိုက်ရှာ ခက်တယ်
ရှင့်။ အဲဒါကြောင့် ကြာနေတာ။ သူ
လိုက်နေတဲ့နေရာက နှစ်နေရာ သုံး
နေရာလောက် ရှိတော့ တစ်ခုခုတော့
ရမှာပါ။ တင်တင်ဆင့်က နယ်ဘက်က
တော့ နယ်ဘက်ကပဲ။ မြို့ပေါ်ရောက်
နေတာတော့ ကြာပါပြီ။ ကောင်မလေး
က အိမ်ထောင်တော့ ကျဖူးပြီးသားပါ။
ဒါပေမယ့် ကွဲနေတာတော့ ၂နှစ်
လောက် ရှိပါပြီ"

သူ ထင်ပြီးသားအတိုင်းပါပဲ။
တင်တင်ဆင့်၏ ပြောပုံ ပြုံးပုံ ကြည့်ပုံ
ရှုပုံတို့ကို ထောက်၍ သူ ခန့်မှန်းထား
သည့်အတိုင်းပင် ဖြစ်နေပါသည်ပဲ။
တင်တင်ဆင့်အသွင်က မြင်ရသည်နှင့်
ပင် ကျင့်ပြီးသားကလေးမှန်း၊ တစ်ခြိ
ခုန်ပြီးသား ကလေးမှန်း သိသာ၍နေပါ
သည်။

ထိုအကြောင်းများကြောင့်ပင်
အထက်ပါအတိုင်း သူ့အနေနှင့်
ဒေါ်စောကြွယ်အား စတင်ချဉ်းကပ်
ကြည့်ရန် အကြံရလာခဲ့ခြင်းလည်း
ဖြစ်သည်။ ယခုတော့ ပထမခြေလှမ်း
ကို အောင်မြင်စွာ လှမ်းပြီးသွားလေပြီ။
ဒေါ်စောကြွယ် စကားပြန်လာမည့်
အချိန်ကို စောင့်နေရန်သာ လိုတော့
သည်။

ထို့နောက် ဦးအောင်သွင်က
အတွေးစကို ဖြတ်လိုက်ပြီးနောက်
ရေချိုးရန်အတွက် ထိုင်ရာမှ ထ,လိုက်
လေသည်။

◈◈◈

ကြာကြာတော့ မစောင့်လိုက်ရ
ပါ။ နောက်နှစ်ရက်ခန့်အကြာ ညနေ
ပိုင်းလောက်တွင် ဒေါ်စောကြွယ်
ရောက်လာသည်။ ဦးအောင်သွင် မျှော်
လင့်နေသလိုပင် အခြေအနေက
အိုကေသွားသည်။ အဆင်ပြေသွား
သည်။

ဒေါ်စောကြွယ်က တိုးတိုးကျိတ်
ကျိတ်ပြောသည်။

"တင်တင်ဆင့်ရဲ့ အဖေက
ကျန်းမာရေးမကောင်းဘဲ တရှောင်
ရှောင်ဖြစ်နေတာ ကြာပြီတဲ့။ တင်တင်

"မင်းရောဂါကိုတော့ ငါ ပျောက်အောင် ကုပေးနိုင်ပါတယ်။
ဒါပေမယ့် ဒီရောဂါတွေကို အခြေခံပြီးတော့မှပဲ အိပ်မျှအိုင်ပွီ
ဆိုတာမျိုးက ဝင်လာတတ်တာဆိုတော့ မင်းအနေနဲ့ ကြပ်ကြပ်
မတ်မတ် ဆေးစစ်ဖို့တော့ လိုတာပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com

ဆင့်ကလည်း ခုချိန်မှာ အလုပ်က မရှိဆိုတော့ ငွေပြတ်ပြီး အကျပ်ရိုက်နေတယ်။ အဲဒါ ဦးသွင်အတွက် အကွက်ကောင်းဆိုက်သွားတာပဲ။ ကျွန်မက ဦးသွင်ပြောတဲ့ အစီအစဉ်ကို သူ့ကို သေသေချာချာ ရှင်းပြတယ်။ ပထမတော့ သူက အတန်တန်ငြင်းနေသေးတယ်။ နောက်တော့မှ သူလည်း သူ့အဖေကိစ္စတွေ ဘာတွေပါ ထည့်တွက်ပြီး လက်ခံလိုက်တော့တာ။ အဆင်ပြေသွားပြီ"

"ဟုတ်လား။ ဝမ်းသာစရာပဲ။ ဒေါ်စောကြွယ်ကိုလည်း ကျေးဇူးပဲ"

"အဲဒါက ထားပါ။ သူနဲ့ စခန်းသွားပါပြီတဲ့၊ ဦးသွင်က ဘယ်ပုံ ဘယ်နည်း စီစဉ်ထားတယ်ဆိုတာ ပြောပြပါဦး။ ကျွန်မက သူ့ကို ပြန်ပြောပြရတာပေါ့"

"အိုကေ၊ ဒီအတွက် ကျွန်တော်က ကြိုတွေးထားပြီးသား။ လောလောဆယ် တင်တင်ဆင့်အတွက် ကျွန်တော်က တိုက်ခန်းတစ်ခန်းငှားပေးထားလိုက်မယ်။ သူ့ကို အဲဒီမှာ သွားနေခိုင်းလိုက်မယ်။ ဒါဆို ပြီးရောမဟုတ်လား"

"ပတ်ဝန်းကျင်ကရော၊ ဦးသွင်အိမ်သားတွေကရော မရိပ်မိကြမှ ဖြစ်လိမ့်မယ်နော်။ ဘာလို့လဲဆိုတော့ တရားဝင်မဟုတ်တဲ့ ဒီကိစ္စမှာ တင်တင်ဆင့်ဘက်ကိုလည်း သူ့သိက္ခာအတွက် ငဲ့ရဦးမယ်မဟုတ်လား"

"စိတ်ချစမ်းပါ။ ဘယ်သူမှ မသိစေရဘူး။ အိမ်မှာ ကျွန်တော်နဲ့ အတူနေတဲ့ ကျွန်တော့်သမီးနှစ်ယောက်က ဈေးဝယ် စင်တာကြီးတွေမှာ ဆိုင်ခန်းတစ်ခန်းစီ ဖွင့်ထားကြတယ်။ တစ်နေကုန် သူတို့ဆိုင်ခန်းတွေမှာပဲ အချိန်ကုန်နေကြတာပဲ။ မနက်က ထွက်သွားရင် ညမှ အိမ်ပြန်ရောက်ကြတာပဲ။ ဒါကို ခင်ဗျားလည်း သိနေတာပဲလေ။ ကျန်တဲ့ အိမ်ထောင်ကွဲ သားသမီးတွေကိုတော့ ထည့်တွက်မနေနဲ့။ သူတို့က တစ်ပတ်နေလို့မှ တစ်ခေါက်တောင် အိမ်ကို လာကြတာ မဟုတ်ဘူး။ သူတို့က ကျွန်တော့်ကို အိမ်မှာ မတွေ့ရင်လည်း ဘာမှုကိစ္စမရှိဘူး။ နောက်ဆုံး ည အိမ်ပြန်မအိပ်ရင်လည်း ဘာမှမဖြစ်ဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်က ကျွန်တော်တို့ မြို့နယ်အသင်းရဲ့ ဥက္ကဋ္ဌဖြစ်သလို၊ တခြား လူမှုရေးအသင်းတွေမှာလည်း အမှုဆောင်တို့၊ ဘဏ္ဍာရေးမှူးတို့အဖြစ်နဲ့ အသင်းဝင်ထားတာတွေ ရှိသေးတယ်။ ဒီတော့ ညဥ့်နက်လို့ အသင်းရုံးမှာပဲ ညအိပ်လိုက်တယ်ဆိုရင် ပြီးတာပဲ မဟုတ်လား"

"ဟုတ်ပါပြီ။ ဦးသွင်ဘက်က ပိရိရင် ပြီးတာပါပဲ။ ဒါနဲ့..."

ဒေါ်စောကြွယ်က စကားတစ်ပိုင်းတစ်စနှင့်ပင် မျက်နှာကို ရှေ့သို့ တိုးလိုက်သည်။ ဦးအောင်သွင်က ဒေါ်စောကြွယ် ပြောလာမည့် စကားကို ငံ့လင့်နေသည်။ ဒေါ်စောကြွယ်က အသံကို နှိမ့်ချလိုက်ပြီး...

"ဒါနဲ့ တင်တင်ဆင့်က တစ်လကို ငါးသိန်းလောက်ခံတော့ လိုချင်တယ်တဲ့ ဦးသွင်"

"တစ်လကို ငါးသိန်းတဲ့လား"

သံယောင်လိုက်၍ ပြောကာ တစ်ချက်မျှ စဉ်းစားနေလိုက်သည်။ ပြီးမှ...

"ရပါတယ်။ သူလိုချင်တဲ့အတိုင်း ပေးပါ့မယ်။ ကျွန်တော်ပြောထားပြီးသားပဲလေ။ ဒေါ်စောကြွယ်ကိုလည်း အကျိုးဆောင်ခသဘောမျိုးပဲ ပြော့ပြောပေါ့ ကျွန်တော် နှစ်သိန်းပေးပါ့မယ်။ ဘယ့်နှယ့်လဲ၊ ကျေနပ်ရဲ့လား"

ဟု ပြောလိုက်လေသည်။

ဒေါ်စောကြွယ်က...

"အို...ရပါတယ်၊ အချင်းချင်းတွေပဲ။ ဦးသွင် ဖြစ်ချင်တာ ဖြစ်ရလို့ စိတ်ချမ်းသာတယ်ဆိုရင်ပဲ ကျွန်မ ဝမ်းသာပါပြီ။ ကဲ...ခုချိန်က စပြီး လုပ်သင့်တာတွေကိုသာ အမြန်ဆုံး လုပ်ပေတော့။ ကျွန်မ ပြန်ဦးမယ်"

ဟု ပြောကာ သူ့အိမ်ဘက်သို့ ပြန်ကူးသွားတော့သည်။

ဒေါ်စောကြွယ် ပြန်သွားပြီးနောက် ဦးအောင်သွင်က လွန်စွာ စိတ်တက်ကြွနေမိသည်။ မကြာမီ နွဲ့ခွင့်ရတော့မည့် ခေတ်သစ်အလှပန်းလေးအလား လှမ်းမျှော်ကြည့်ရင်း စိတ်တွေ လှုပ်ရှားနေမိသည်။

ဒီကိစ္စအဝဝအတွက် ငွေကုန်ကြေးကျများလိမ့်မည်ကိုတော့ ဦးအောင်သွင် သိပါသည်။ သို့သော် သည်မျှလောက်က သူ့အတွက် မှုလောက်စရာ မရှိပါ။ ပြောရလျှင် သူက တနင့်တပိုး ကြွယ်ဝပြီးသားဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းဘဝကတည်းကပင် အလွန်ရပေါက်ရလမ်းများပြားလှသော ဌာနကြီးတစ်ခု၌ ရာထူး အရာရှိကြီးဖြစ်ခဲ့သူပင်။ ထိုနေရာမှပင် တစ်သက်စားမကုန်၊ နှစ်သက် စားမကုန်နိုင်လောက်အောင် စုဆောင်းရရှိခဲ့ခြင်းဖြစ်သည်။ ထိုကဲ့သို့ သူ အစားသန်နေခြင်းကို အထက်မှ သိရှိပြီးသကာလ၊ သူ့အား အရေးယူရန် ပြင်ဆင်နေချိန်မှာပင် သူက တက်သုတ်ရိုက်ကာ ကျန်းမာရေးအကြောင်းပြ၍ နုတ်ထွက်စာတင်ခဲ့သူလည်းဖြစ်သည်။

ထို့ကြောင့် ဒီကိစ္စတွင် ငွေကြေးရေးက သူ့အတွက် ဘာမှမဖြစ်လောက်ပေ။ အရေးကြီးသည်က တင်တင်ဆင့်တည်းဟူသော မလိုင်း



www.burmeseclassic.com

www.burmeseclassic.com

သလေးကို အမြန်ဆုံးခဲနိုင်ဖို့သာ ဖြစ်သည်ဟု ဦးအောင်သွင်က တစ်ကိုယ်တည်း တိုတ်၍ ကြုံးဝါးလိုက်မိတော့သည်။

◈◈◈

သို့နှင့်ပင် နောက်တစ်လခန့်အကြာတွင် ဦးအောင်သွင်နှင့် တင်တင်ဆင့်တို့ တိုက်ခန်းတစ်ခုတွင် ဆုံစည်းကြလေတော့သည်။

"အန်ကယ်ကြီးကို သမီး ပြောစရာတစ်ခုရှိလို့။ ပြောစရာဆိုတာထက် ခွင့်တောင်းစရာတစ်ခုရှိလို့"

"ပြော"

"ဟို…ဟိုလေ…သမီး အိမ်ကို ခဏပြန်ချင်လို့"

"ဘာ…ဘာဖြစ်လို့လဲ"

"ဟို…ဟိုလေ သမီးအဖေကို တစ်လောက် ပြန်ကြည့်ချင်လို့ပါ။ အဖေက ကျန်းမာရေး မကောင်းဘူး။ ဆို အဖေ့ဆီ ပြန်မရောက်တာ နှစ်လသောက်တောင်ရှိသွားပြီလေ။ ပြီးတော့ နောက်တစ်ခုက…"

"နောက်တစ်ခုက ဘာဖြစ်သလဲ၊ ပြော"

"နောက်တစ်ခုက သမီး အိမ်ကို ခဏခဏပြန်မနေချင်ဘူး။ အန်ကယ်ကြီးကိုလည်း ခပေခဏခွဲမသွားချင်ဘူး။ ဒါကြောင့် အဖေ့အတွက် လုံလောက်အောင် တစ်ခါတည်း ထောက်ပံ့ထားခဲ့ချင်တယ်။ ဒါကြောင့် သမီးအတွက် ပြောက်လစာလောက် အန်ကယ်ကြီးကို ပြောမလို့ပါ"

ဦးအောင်သွင် တစ်ချက်တော့ တွေခနဲဖြစ်သွားသည်။ နောက်မှ သက်ပြင်းတစ်ချက်ကို ချကာ တင်တင်ဆင့်ကို စိုက်ကြည့်၍ ပြောလိုက်သည်။

"ဟိုမှာတော့ မကြာဘူးမဟုတ်လား"



"ဟင့်အင်း…ဟင့်အင်း။ မကြာဘူး။ အလွန်ဆုံး လေးငါးရက်လောက်ပဲ။ သမီး ချက်ချင်းပြန်လာမှာ"

"ဒါဖြင့် ပိုက်ဆံထုတ်ပေးလိုက်မယ်"

"ဒါကြောင့် အန်ကယ်ကြီးကို ချစ်ရတာ"

တင်တင်ဆင့်က ဝမ်းသာအားရပင် ဆတ်ဆလူးခါပြလိုက်လေသည်။

◈◈◈

လေးငါးရက်ကြာမည်ဟု ပြောသွားသော တင်တင်ဆင့်ကား တစ်ပတ်ကျော်သည်အထိ ပြန်မလာသေးပါချေ။ ဦးအောင်သွင် တမျှော်မျှော်နှင့် ဖြစ်နေရသည်။ သူမှာ တင်တင်ဆင့် မရှိသည့်အတွက် ဟာတာတာကြီးလိုလို ဖြစ်နေရ၏။ ထို့ကြောင့် သူပေးထားသော ဖုန်းကလေးမှတစ်ဆင့် "အန်ကယ်ကြီး၊ သမီးပြန်ရောက်ပြီ"ဟု လှမ်းပြောလိုက်သံကို ဘယ်အချိန်များ ကြားရလေမလဲဟု ဦးအောင်သွင် ငံ့လင့်နေမိရသည်။

သို့ပေမယ့် တိုရက်ပိုင်းအတွင်းမှာပင် ဦးအောင်သွင်၏ ကျန်းမာရေးအခြေအနေက ထူးခြားသလိုဖြစ်လာသည်။ တစ်နည်းအားဖြင့် ရောဂါတစ်ခုက စတင်ပြီး ဇာတိပြလာသည်။ ပထမ ခဲအောင့်သလိုလို၊ ခဲပူသလိုလိုဖြစ်လာသည်။ ထို့နောက်တွင် မခံမရပ်နိုင်လောက်အောင် တစစ်စစ်ကိုက်လာသည်။ တစ်ကိုယ်လုံးလည်း နုံးချိပြီး ညှောင်းညာလာသည်။ မကြာမီ ဆီးလမ်းကြောင်းထဲမှ နီနီညိုညို အရည်တွေနှင့် ဖြူရော်ရော် ပြည်ခဲကြီးတွေပါ ထွက်ကျလာတော့သည်။ ဦးအောင်သွင် မျက်လုံးပြူးသွားသည်။ ခေါင်းနပန်းကြီးကာ အကြီးအကျယ် ချောက်ချားသွားသည်။ မိမိ ဘာဖြစ်နေသည်ကိုလည်း ရိပ်မိသလိုဖြစ်လာသည်။

ချက်ချင်းပင် ဆေးခန်းသို့ ပြေးရသည်။ ဆေးခန်းဆိုသော်လည်း အခြားဆေးခန်းသို့ မသွားရဲ၊ မိမိနှင့် ကျောင်းနေဖက် ဆရာဝန်ကြီး ဦးခင်စိုးဆီသို့သာ တန်းပြီးသွားရသည်။ ဦးခင်စိုးက သူ့ရောဂါကို ကြည့်ပြီး အံ့အားသင့်နေသည်။

"ဟေ့ကောင်…မင်းက ဘယ်နေရာတွေကို မဟုတ်တရုတ် လျှောက်သွားခဲ့တာလဲ။ မင်းဟာက ဗွီဒီပဲကွ"

"ဗွီဒီဆိုတာ ဘာကို ပြောတာလဲကွ"

"ဗွီဒီဆိုတာ ဂနိုလေ။ ကာလသားရောဂါပေါ့"

"ဟိုက်…"

ဦးအောင်သွင် ပက်လက်လန်သွားသည်။ အမှန်တော့ မိမိအခြေအနေမှာ ရိုးရိုးတန်းတန်းမဟုတ်မှန်းတော့ သိရှိနေသည်သာ။ ဦးခင်စိုးပြောလိုက်မှ ပိုပြီးလန့်သွားရခြင်းဖြစ်သည်။

"ငါလည်း ဘယ်မှ မသွား ဘူး



www.burmeseclassic.com

www.burmeseclassic.com

မလုပ်ပါဘူး။ ငါ့အသက်အရွယ်ကြီးနဲ့ ငါ့သားသမီးတွေနဲ့ မင်းလည်း စဉ်းစား ကြည့်လေ"

"ဒါက မင်းအပိုင်းပဲ။ ငါက ငါမြင် တာ ပြောရတာကိုး။ မင်းဖြစ်နေတာ ကာလသားရောဂါအစစ်ပဲ ကိုယ့်လူ"

"အေး၊ အေးကွာ။ မင်းကိုတော့ ပွင့်ပွင့်လင်းလင်းပြောရတော့မှာပဲ။ ငါ့ မှာ ဒီလိုတော့ ရှိတယ်ကွ"

ဦးအောင်သွင်က လေသံတိုးတိုး ဖြင့် ဖြစ်ကြောင်းကုန်စင်ကို ရှင်းပြလိုက် သည်။ ဦးခင်စိုးက ဂရုတစိုက် နား ထောင်နေသည်။ ဦးအောင်သွင် စကား ဆုံးတော့မှ မေးခွန်းထုတ်လိုက်သည်။

"နေပါဦး၊ ဒီကောင်မလေးက မင်းပြောတဲ့ ဒေါ်စောကြွယ်တို့ နယ် ဘက်က ဆိုတာ သေချာရဲ့လား"

"ဒေါ်စောကြွယ်တို့ နယ်ဘက်လို့ ပဲ ငါထင်တာပဲ။ ဟုတ်၊မဟုတ်ဆိုတာ တော့ ငါလည်း သေသေချာချာမသိ ဘူး"

"ဒီကောင်မလေး ရန်ကုန်ရွှေ့ နေတာ ကြာပြီလို့တော့ ပြောတယ် မဟုတ်လား"

"ဟုတ်တယ်၊ ပြောတယ်။ ယောက်ျားနဲ့ ကွဲနေတာလည်း ၂နှစ် လောက်ရှိပြီလို့ ပြောတယ်"

"ဒါဆိုရင် သေချာပြီ။ မင်းက ကောင်မလေးရဲ့ ရာဇဝင်ကိုမှ တိတိ ကျကျမသိဘဲ။ မင်းပြောပုံအတိုင်းဆို ဒေါ်စောကြွယ်ဆိုတဲ့ မိန်းမကြီးကလည်း လုပ်ငန်းစုံ၊ လိုင်းစုံကိုင်နေတဲ့ မိန်းမ လည်၊ မိန်းမရှုပ်ကြီးပဲ။ ကောင်မလေး တွေကို လာသမျှ သောင်းပြောင်း လက်ခံနေတဲ့သူပဲ။ သူက သူ့အတွက် ပိုက်ဆံရမယ့်အလုပ်ဆိုရင် ဘာမဆို လုပ်မှာပဲ။ ဒီကောင်မလေးကို မင်းဆီ ထည့်ပေးလိုက်တာလည်း ဒါကြောင့်ပဲ။ မင်းကလည်း လိုချင်နေတဲ့ အချိန်နဲ့ သူ့ဆီမှာလည်း အဆင်သင့်ရှိနေတဲ့ အချိန်နဲ့ အတော်ပဲဖြစ်သွားတာပေါ့။

မင်းကောင်မလေးက ရုပ်က လည်း အပျံစား။ အမြင်အဆင်က လည်း အပျံစား။ တကယ်တော့ အဲဒါ ဟာ မင်းတို့လို အချိုကြီးသမားတွေကို ထောင်ဖမ်းဖို့ စောင့်နေတာကွ။ အဲဒီ လို အချိုသမားတွေကို မရှာသေးခင်မှာ သူက ဘယ်ငြိမ်ငြိမ်နေပါ့မလဲ။ ပိုက်ဆံ လိုက်ရှာနေမှာပဲပေါ့။ လမ်းတကာ လျှောက်သွားပြီး ကြုံရာလူနဲ့ ကြုံသလို စခန်းသွားနေမှာပဲပေါ့။ အခု မင်းရောဂါ က သူ့ဆီက လာတဲ့ ရောဂါလေ"

ဦးအောင်သွင်တစ်ယောက် ချောက်ချားသည်ထက် ချောက်ချားလာ သည်။ တုန်လှုပ်သည်ထက် တုန်လှုပ် လာသည်။

"ဒါ…ဒါဖြင့် ငါ ဘယ်လိုလုပ်ရ မလဲ"

"မင်းရောဂါကိုတော့ ငါ ပျောက် အောင် ကုပေးနိုင်ပါတယ်။ ဒါပေမယ့် ဒီရောဂါတွေကို အခြေခံပြီးတော့မှပဲ အိပ်ချ်အိုင်ဗွီဆိုတာမျိုးက ဝင်လာတတ် တာဆိုတော့ မင်းအနေနဲ့ ကြပ်ကြပ်မတ် မတ် ဆေးစစ်ဖို့တော့ လိုတာပေါ့ကွ"

"မြတ်စွာဘုရား"

ဘုရားကို တ,လိုက်မိသည်။ သူ့ တစ်ကိုယ်လုံးလည်း ညွတ်ကျသွား သည်။ ခွေယိုင်သွားသည်။ ရုတ်တရက် အားအင်ကုန်ခန်းသွားသလို ပျော့ကျ သွားတော့သည်။

သူ့မျက်စိထဲတွင် တင်တင်ဆင့် ၏ ရုပ်ပုံရွှာကို မြင်ယောင်လိုက်မိ သည်။ သူ့အပေါ် ဆွဲဆောင်မှုပေါင်း များစွာနှင့် ဆွဲဆောင်ခဲ့လေသော တင်တင်ဆင့်။ တပ်မက်စရာကောင်းလှ သော၊ ချစ်မက်စရာကောင်းလှသော တင်တင်ဆင့်။ ထိုတင်တင်ဆင့်က ယခုတော့ သူ့ကို အစွယ်ပြူးပြူးနှင့် ဘီလူးမအသွင်ဖြင့် ခြောက်လှန့်လျက် ရှိလေပြီ။

သူပေးလိုက်သော ခြောက်လသား ငွေထုပ်ကြီးကို ဗိုက်၍ ပြန်သွားခဲ့လေ သော တင်တင်ဆင့်။ ပြန်ခါနီး သူ့ကို အနမ်းပေါင်းများစွာဖြင့် နှုတ်ဆက်ခဲ့လေ သော တင်တင်ဆင့်၊ သူ့ဆီကို ပြန်ရော လာပါဦးမည်လား။ လာတော့မည် မထင်။ အကယ်၍ ပြန်လာခဲ့ပါလျှင် ကော။

ပြန်လာခဲ့ပါက သူ မည်သို့လုပ် ရမည်နည်း။ လောလောဆယ် သူ မျိုထားပြီးသားအပိုင်းကပင် အတော် အဆိပ်ပြင်းလှပေပြီ။ မချိမဆံ့ ခံစားနေ ရပေပြီ။ ထို မတွေးနိုင် မအန်နိုင်ဖြစ် နေသည့်အခြေအနေမျိုးထဲမှ ထိုအဆိပ် ကို ထပ်မံ၍ မျိုလိုက်ဦးမည်ဆိုပါက မည်သည့်အခြေသို့ ဆိုက်သွားလေ တော့မည်နည်း။

ဦးအောင်သွင်ကား တွေးရင်း တွေးရင်းနှင့်ပင် အတွေးများ ချာချာ လည်နေရလေပြီတည်း။ ထိုမျှမက ရူးချင်စိတ်ပင် ကောင်းကောင်းကြီးဝင် နေရလေပြီတည်း ■

ရဲမြတ်တင်

*****



www.burmeseclassic.com

www.burmeseclassic.com

# မြန်မာလဆန်း (၁၄) ရက်နှင့် မြန်မာလဆုတ် (၁၄) ရက်မွေးသူများ

ဓေတ္တရာ ဆရာကျော်

မြန်မာလဆန်း (၁၄)ရက်မွေးသူများ၏ ရက်သရုပ်မှာ "ဖိုးသူတော်ပုံ" ဖြစ်တယ်။



## မြန်မာလဆန်း (၁၄)ရက် မွေးသူများ

ရက်သရုပ်မှာ "ဖိုးသူတော်" ပုံဖြစ်တယ်။

ပရိယာယ်သဘောကတော့ တရားသဖြင့် ရှိနိုးခြင်း၊ စိတ်ကောင်းရှာခြင်း၊ အများက ချစ်ခင်ခြင်း၊ ပြဿနာကို ရှောင်ခြင်း၊ ကိုယ်ကျိုးကြည့်ခြင်း၊ အများကို ကူညီခြင်း သော သဘောအောက်တွင် ရှိပါတယ်။

ဒီရက်ဖွားတွေဟာ လူချစ်လူခင် ပေါပါတယ်။ အောင်မြင်သော ကံရှိသူဖြစ်ပါတယ်။ ဘဝတစ်လျှောက်မှာ တရားသဖြင့်ကိုသာ ရှာကြံ အသက်မွေးလိုပါလိမ့်မယ်။ မကောင်းသော အလုပ်မျိုးနဲ့ အကျိုးမပေးတတ်ပါ။ အထူးသဖြင့် လိုင်ကိစ္စနဲ့ လောင်းကစား၊ မူးယစ်ဆေးဝါးများဆိုင်ရာကို အထူးရှောင်သင့်ပါတယ်။

မိတ်ဆွေကောင်းများကို ရှာကြံလိုမယ်။ ပေါင်းသင်းဆက်ဆံလိုပါမယ်။ ဆရာကောင်းနဲ့ မိတ်ကောင်းတွေ့ပြီး ကံကောင်းနိုင်ကြပါတယ်။ တချို့တလေကတော့ ကံကောင်းနိုင်ပါတယ်။ တချို့တလေကတော့ အမြင်ကြည်လင်မှာ မဟုတ်ပါဘူး။ အတွက်ကြောင့်လည်း စိတ်အနှောင့်အယှက်တွေ ရှိပါမယ်။

မိမိကလည်း ကိုယ်ကျိုးကြည့်ပြီး လုပ်ဆောင်တတ်ပါတယ်။ အများကိစ္စများ၊ အများအကျိုးများကိုလည်း စေတနာထားတတ်သူဖြစ်တာကြောင့် နိုင်သရွေ့ အကူအညီပေးလေ့ရှိပါတယ်။

အပေါင်းအသင်းများနဲ့ ဆက်ဆံရာမှာတော့ ကောင်းတဲ့လူကို ပေါင်းမှ ကောင်းသလို၊ မကောင်းတဲ့ လူကို ပေါင်းပြီး မကောင်းလုပ်မိတတ်တာမျိုးကို ဂရုပြုပါ။

မကြာခဏ ငွေကြေးကံ ကောင်းတတ်ပါတယ်။ အစလိုက် ငွေဝင်တတ်ပါတယ်။ အများကောင်းကျိုးကို လုပ်ကိုင်ရင်း အကျိုးကျေးဇူးခံစားရပါမယ်။

လူ့အသိုင်းအဝိုင်း၊ ဒါမှမဟုတ် ကိုယ့်ဝန်းကျင်မှာ လူသိများတတ်ပါတယ်။ ဂုဏ်သတင်းကျော်ဇောတတ်ပါတယ်။ အယူအဆအသစ်များကို ရှာကြံလုပ်ဆောင်လေ့ရှိပြီး ကြိုးစားပမ်းစား လုပ်ဆောင်တတ်ပါတယ်။

အနှစ်ချုပ်ပြောရလျှင် ဒီရက်ဖွားတွေဟာ မိတ်ကောင်းဆွေကောင်းကို ရွေးချယ်ပေါင်းသင်းပြီး တရားသော အလုပ်များကို လုပ်ဆောင်လျက် ကြိုးစားသွားပါမှ ကံကောင်းမှုတွေ တသီကြီး ရှိနေပါတယ်။

www.burmeseclassic.com

မိမိရဲ့ ခွေမျိုးသားချင်း၊ ဇနီးမယား၊ လင်သားရဲ့ ခွေမျိုးသားချင်းတွေကအစ အကူအညီပေးရနိုင်ပါတယ်။ တစ်ခါတစ်ရံမှာ အလုပ်ကို အားစိုက်သွန်လုပ်မိတာကြောင့် မလိုလားအပ်သော စိတ်ဒုက္ခများ တွေ့ရတတ်တာကိုတော့ ဂရုပြုရပါမယ်။

မည်သို့ပင်ဆိုစေကာမူ၊ ကံကောင်းတဲ့ ရက်ဖွားသာ ဖြစ်ပါတယ်။

◈◈◈

`မြန်မာလဆုတ် (၁၄)ရက်မွေးသူများ၏ ရက်သရုပ်မှာ "အင်္ကျီမပါ၊ လုံချည် ခါးတောင်းကျိုက်လျက် ဘယ်လက်၌ မြင်းမိုရ်တောင်ကို မ,ထားပြီး၊ ညာလက်တွင် သံကြိုးဖြင့် ကျောက်တုံးကြီးတစ်တုံးကို ချီဆွဲ မ,ထားသည့် ခွန်အားဗလနှင့် ပြည့်စုံသော ယောက်ျားပုံ"ဖြစ်တယ်။



မြန်မာလဆုတ် (၁၄)ရက် မွေးသူများ
ရက်သရုပ်မှာ "အင်္ကျီမပါ၊
လုံချည်ခါးတောင်းကျိုက်လျက်
ဘယ်လက်၌ မြင့်မိုရ်တောင်ကို မ'ထားပြီး၊
ညာလက်တွင် သံကြိုးဖြင့်
ကျောက်တုံးကြီးတစ်တုံးကို ချီဆွဲ မ'ထားသည့်
ခွန်အားဗလနှင့် ပြည့်စုံသော ယောက်ျား"
ပုံဖြစ်တယ်။

ပရိယာယ်သဘောကတော့ အလုပ်ကြီးကြီး၊ တာဝန်ကြီးကြီး ထမ်းဆောင်ရခြင်း၊ အလုပ်များခြင်း၊ တာဝန်ယူရခြင်း၊ အားကိုးခြင်း၊ စိတ်ရှည် ဖွဲကောင်းခြင်း၊ ယုံကြည်မှု ရှိခြင်း၊ တာဝန်သိခြင်း စသော သဘောတို့အောက်မှာ ရှိပါတယ်။

ဒီရက်ဖွားတွေဟာ တာဝန်ကို မကြောက်တတ်ကြဘဲ တာဝန်သိသူဖြစ်ပါတယ်။ ဘဝတွင် တာဝန်ကြီးများကို ထမ်းဆောင်ရတတ်ပါတယ်။ ထမ်းဆောင်ရာတွင်လည်း အသိစိတ်ဓာတ်ဖြင့် ထမ်းဆောင်ခြင်းသာ ဖြစ်တယ်။ အလုပ်တွေကိုလည်း လက်နှင့် မပြတ်လုပ်လိုသူဖြစ်ပါတယ်။ မဟုတ်တာ မလုပ်တတ်ပါ။ ကိုယ်ရည်ကိုယ်သွေးကောင်းရှိသူဖြစ်၍ စည်းကမ်းတကျ ရှက်ဆောင်ရခြင်းကို နှစ်သက်ပါတယ်။

ဒီရက်ဖွားတွေဟာ စိတ်ရှည်ကြတယ်။ သည်းခံနိုင်ကြပါတယ်။ စဉ်းစဉ်းစားစားနှင့် လုပ်ဆောင်လေ့ ရှိတတ်ကြပါတယ်။ တက်ကြွသော အသွင်သဏ္ဍာန်ရှိကြပြီး အများရဲ့ အားကိုးမှုကို ခံကြရပါတယ်။

ပျော်ပျော်ပါးပါးနေလိုသော စိတ်မျိုးလည်း ရှိတတ်ပြန်ပါတယ်။ ဝမ်းနည်းစရာရှိရင်သော် လည်းကောင်း၊ စိတ်ဓာတ်ကျစရာရှိရင်သော် လည်းကောင်း၊ လွန်လွန်ကဲကဲတွေ ဖြစ်တတ်တာကိုတော့ ဂရုပြုရပါလိမ့်မည်။

ငွေရေးကြေးရေးကိစ္စတွေမှာတော့ ကြည့်လုပ်သင့်ပါတယ်။ မကြာခဏ ရှုပ်ထွေးရတတ်ပါတယ်။ သို့သော် မိတ်ဆွေကောင်းတွေ့လျှင် အောင်မြင်မှု ထိပ်တန်းကို ရောက်ပါမယ်။

ဒီရက်ဖွားတွေဟာ သည်းခံပြီး စေတနာကောင်းတတ်ကြပါတယ်။ ပျော်ပျော်နေတတ်ပါတယ်။ လျှို့ဝှက်သင့်တာကို လျှို့ဝှက်နိုင်စွမ်း ရှိပါတယ်။ အများအမြင်မှာ အထင်တစ်မျိုးရှိပါတယ်။ တကယ်တော့ အစစအရာရာမှာ သိမ်မွေ့ရေးခြားရှိတတ်သူပါပဲ။

မိမိနှင့် အကြောင်းကံဆက်မည့် အိမ်ထောင်ဘက်ကလည်း မဆိုးလှပါ။ ကိုယ်က အလိုလိုက်ပါမယ်။

ဒီရက်မွေးတဲ့သူတွေဟာ တကယ်တမ်းမှာတော့ ကံကောင်းသူ၊ တာဝန်ကြီးကြီးလုပ်ရသူ၊ အသိရှိသူသာ ဖြစ်ပါတယ်။ ■

ခေတ္တရာ ဆရာကျော်

*****



www.burmeseclassic.com

www.burmeseclassic.com

# ဆီးပူ၊ ဆီးနည်း ကင်းပျောက်စေသော ပေါက်ပွင့်

## ကိုသက်ရှည်

ပန်းကံ့ကော် ရွှေစကား
ငွေသားနှ စပယ်မှန်
မြတ်လေး ခတ္တာနှင့်
ရွှေယင်းမာ ကြာခဝဲ
ဖွဲစ နှင်းလျှံ သဇင်ကြဲ
ခွာတံပေါက်လဲ
ပွင့်ဝတ်မှုန် ရွှေဖီမင်း
သင်းထုံနံ့ကဲ။

တစ်ဆယ့်နှစ်လရာသီ ကဗျာတွင် လအလိုက် အပြိုင်အဆိုင်ပွင့်ကြသည့် ပန်းများတွင် တပို့တွဲလ၌ ပွင့်သော ပေါက်ပန်း၊ လဲပန်းတို့မှာ အပြိုင်ပွင့်လျက် တစ်ပင်လုံး ကမ္ဗလာအနီရောင်လွှမ်းလျက်ရှိသည်။ "တပို့တွဲ၊ ပေါက်လဲ တွေက ငုံစီ၊ ဖူးတံတွေက ချီ"ဟုလည်း သီချင်းကဗျာတို ဖွဲ့သီတာ တွေ့ရသည်။

ပေါက်ပင်၊ ပေါက်ပွင့်ဆိုသည့်အတိုင်းပင် ပညတ်သွားရာ ဓာတ်သက်ပါ စကားကဲ့သို့ ပေါက်ပွင့်အား လက်ဖက်ရည်အကြမ်းသောက်တတ်သူတို့အဖို့ လက်ဖက်ခြောက်သဖွယ် ခတ်၍သောက်တတ်ကြသည်။ ထင်းမီးအပူ၊ နေပူ မိုးရွာမရှောင် အလုပ်လုပ်ကိုင်ရသည့်သူများနှင့် အလွန်ပင် သင့်တော်သည်။ ယောက်ျားမှာ ဆီး၊ မိန်းမမှာ မီးဆိုသည့်အတိုင်း ယောက်ျားသားများအဖို့ ဆီး-ဝမ်း ကောင်းဖို့၊ မှန်ဖို့ အလွန်အရေးကြီးသည်။ ဝမ်းချုပ်သည်ထက် ဆီးချုပ်လျှင် အသက်ပါ ဆုံးရှုံးနိုင်သလို၊ အသည်းရောင် အသားဝါ ရောဂါကို စွဲကပ်စေနိုင်ပါသေးသည်။

ထိုကဲ့သို့ ဆီးပူ၊ ဆီးနည်း၊ ဆီးချုပ်ခြင်းတို့အတွက် ပေါက်ပင်မှ ပွင့်သည့် ပေါက်ပွင့်အခြောက်အား လက်ဖက် ခြောက်အဖြစ် ခတ်၍ သောက်ပေးနိုင်သည်။ လက်ဖက်ရည် ကြမ်းတစ်အိုးအတွက် ပေါက်ပွင့် ၅ ပွင့်၊ ၆ ပွင့်ဆိုလျှင် နှစ်ရည် သုံးရည်ခတ်၍ပင် အသုံးပြုနိုင်ပါသည်။ အနံ့အရသာမှာလည်း ကော်ဖီနံ့ ကဲ့သို့ပင် သင်းသင်းလေး မွှေးကာ အရောင်မှာ လည်း အဝါရောင်ပေါက်နေသည်။ ပေါက်ပွင့်အား တပို့တွဲလကုန် တပေါင်းလဆန်းရက်တွင် ကောက်ယူ သိမ်းဆည်းထားနိုင်ပါသည်။ ■

ကိုသက်ရှည်

*****



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်ုပ်၏ မျက်နှာစိမ်း ဧည့်သည်တော်များနှင့် မျက်နှာပွင့်ဆေး ယတြာ

ခန့်ကျော်စွာ

တရုတ်-မြန်မာနယ်စပ်ရှိ လောက်ကိုင်အရပ်၌ ကျွန်ုပ် ဉာဏ်မမီသော ပြည်တွင်းစစ်ပွဲ ပြီးဆုံးအောင်နိုင်သွားပြီဟု သတင်းကောင်းကြားပြီးနောက် စိတ်အေးချမ်းသာရုံသာ ရှိသေးသောအချိန်တွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်အနောက်ဘက်ကမ်းတွင် လမ်းပန်းဆက်သွယ်မှု ခက်ခဲသောအရပ်၌ ညည်ဦးယံ မီးလောင်ခြင်း သတင်းဆိုးကို စိတ်မချမ်းမြေ့ဖွယ် ကြားရလေ၏။

ကျွန်ုပ်သည် စစ်ပွဲများအကြောင်း၊ မီးလောင်သတင်းများအကြောင်း စဉ်းစားရင်းဖြင့် ရန်ကုန်မြို့၌ ခေတ္တတာရမ်းနေထိုင်သော မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပြ ဖဆပလ ရပ်ကွက်၊ ကန်တော်လေးလမ်း၊ တိုက်(၆)၊ အခန်း(၁) မြေညီထပ်ရှိ တိုက်ခန်းကလေးတွင် အတွေးနယ်ချဲ့နေစဉ် ကျွန်ုပ်၏ တိုက်ခန်းရှေ့သို့ ဆွမ်းခံကြွသော ဘုန်းတော်ကြီး တစ်ပါးရောက်လာလေ၏။ ကျွန်ုပ်သည်လည်း ရန်ကုန်သို့ ပြောင်းရွှေ့လာခြင်းမှာ ရက်ပိုင်းမျှသာ ဖြစ်သောကြောင့် ပတ်ဝန်းကျင်အစိမ်းဖြစ်ပြီး၊ ယခု ကြွရောက်လာသော ဘုန်းတော်ကြီးကိုလည်း ရင်းနှီးသိကျွမ်းခြင်း မရှိပေ။ ထို့ကြောင့် လက်အုပ်ချီပြီးလျှင် ဘုန်းတော်ကြီးအား တိုက်ခန်းတွင်းသို့ သီတင်းသုံး ကြွရောက်ရန် လျှောက်ထားလိုက်သည်။ ကြည်ညို ရှိသေဖွယ်ကောင်းသော သက်တော်(၅၀)ကျော်အရွယ်ခန့် ထိုဘုန်းတော်ကြီးသည် ကျွန်ုပ်၏ တိုက်ခန်းအတွင်းသို့ ကြွရောက်ပြီး ဘုရားကျောင်းဆောင်ရှေ့ မြင့်မြတ်သော နေရာတွင် သီတင်းသုံးလေ၏။

“ဘုန်းကြီးကြွရောက်လာပြီဆိုတော့ ငါတော့ ဘုန်း ကြီးမယ့် နိမိတ်ပေါ့”ဟု ဗေဒင်ဆရာပီပီ အတိတ်နိမိတ် ဖျတ်ခနဲ တွေးလိုက်မိပြီး ကျေနပ်ဝမ်းမြောက်စွာဖြင့် အ ကြွရောက်လာသော ဘုန်းတော်ကြီးအား ဦးသုံးကြိမ် ရှိ ပူဇော်လိုက်ပါ၏။

“အရှင်ဘုရား・・・တပည့်တော်က ဗေဒင်ဆရာ ဘုရား။ ဒီရပ်ကွက်ကို ပြောင်းလာတာ ရက်ပိုင်းပဲ ရှိသေး တယ် ဘုရား”

ဟု လျှောက်ထားလိုက်သောအခါ ဘုန်းတော်ကြီးက

“သြော်・・・ဒကာကြီး သိန်းစိန်တို့က ပြောင်းသွား ကိုး။ ဘုန်းကြီးက တနင်္ဂနွေနေ့တိုင်း ဒီအိမ်ခန်းကို ဆွမ်း ကြွတယ်။ ဒကာကြီးကို တွေ့တော့ လူသစ်တွေ ရောက်လာ ပြီလို့တော့ ထင်လိုက်သား။ ဒီရပ်ကွက်က အေးချမ်းပါတယ်

ဟု စကားမိန့်ကြားပါ၏။

ထိုစဉ် ခြေထောက်တစ်ဖက် အနည်းငယ်မသန်စွမ်း



www.burmeseclassic.com

www.burmeseclassic.com



သော လူငယ်လေးတစ်ဦးသည် အစိမ်းရင့်ရောင် လွယ်အိတ်လေးတစ်လုံးကို လွယ်လျက် သတင်းစာ၊ ဂျာနယ်များစွာတို့ကို ပိုက်ပြီး ကျွန်ုပ်၏ တိုက်ခန်းကလေးရှေ့သို့ ရောက်လာပြန်လေ၏။

"အိမ်ငှားအသစ်တွေ ရောက်လာတယ်ဆိုလို့ လာဆက်သွယ်တာ။ သတင်းစာ၊ ဂျာနယ် အပတ်စဉ်၊ လစဉ်ယူမလားလို့ပါ"

ဟု ရည်မွန်စွာ ပြောဆိုသောကြောင့်…

"ကျေးဇူးပဲ ညီလေးရေ။ ဂစ္ဆိရနဲ့ ပတ်သက်တဲ့ ဂျာနယ်တွေ မနေ့ကမယူတို့၊ နေလတို့၊ ဂစ္ဆိရ နှင်းဆီတို့၊ ဘုန်းရောင်တို့ ဗေဒ္ဒနိပ်တို့ အပတ်စဉ်ထွက်တိုင်း လာပို့ ညီလေးရေ"

ဟု ကျွန်ုပ်က ပြောလိုက်သောအခါ မျက်နှာစိမ်းညိုသည်ဖြစ်သော သတင်းစာ ဂျာနယ်သမားလေးမှာ အံ့မြောက်စွာ ပြန်သွားလေ၏။

"အရှင်ဘုရား…တပည့်တော်ကိုလည်း တပည့်ရင်းတရင်းသတ်မှတ်ပြီး တနင်္ဂနွေနေ့တိုင်း တပည့်တော်အခန်းကို ဆွမ်းခံကြွတော်မူပါ ဘုရား။ အရေးကိစ္စရှိရင်လည်း (၀၉-၂၅၂၅၆၂၂၄၀)ကို ဖုန်းဆက်ပါ ဘုရား"

ဟု လျှောက်ထားလိုက်သောအခါ ဘုန်းတော်ကြီးသည် ... သုံးကြိမ်ခေါ်ဆို၍ ရှည်လျားသော ဆုပေးစကားကို ဆိုလေ၏။

ဘုန်းတော်ကြီး၏ ဆုပေးစကားဆုံးသည်နှင့် ကျွန်ုပ်၏ တိုက်ခန်းကလေးရှေ့သို့ ရေသည် ယောက်ျား မျက်နှာစိမ်းညိုသည် လူငယ်တစ်ဦးရောက်လာပြန်လေ၏။

"လူသစ်တွေ ပြောင်းလာပြီဆိုလို့ ရေဘူးမှာဦးမလားလို့ လာပြောတာပါခင်ဗျ"

ဟု ချိုသာစွာဖြင့် ပြောလာပါသောကြောင့် ကျွန်ုပ်၏ အခန်းအတွက်လည်း လိုအပ်နေပါသဖြင့် ရေသန့်ဘူးကြီး ... ဘူးကို ဝယ်ယူထားလိုက်ပါ၏။ ထို့နောက် ဘုန်းတော်ကြီးသည် နောက်တစ်ပတ် တနင်္ဂနွေနေ့၌ ဆွမ်းခံကြွရောက်မည့်အကြောင်းနှင့် သီတင်းသုံးရာ ကျောင်းလိပ်စာတို့ကို မိန့်ကြားပြီးလျှင် ကျွန်ုပ်၏ တိုက်ခန်းကလေးမှ ပြန်ကြွသွားပါလေ၏။

ထိုစဉ် လွန်စွာ ဥပဓိရုပ်သန့်ပြန့်ပြီး မင်းမူထမ်းအကြီးအကဲဟန်ရှိသော အသက် (၆၀)ဝန်းကျင်အရွယ် မျက်နှာ ... ညိုသည်တစ်ဦးသည် အလျှမင်္ဂလာအခမ်းအနားမှ ပြန်လာသကဲ့သို့ တိုက်ပုံအင်္ကျီ၊ ယောလုံချည်နှင့် လည်ကတုံး ... အင်္ကျီအဖြူတို့ကို တွဲဖက်ဝတ်ဆင်ထားပြီး ကျွန်ုပ်၏ အခန်းရှေ့သို့ ရောက်လာပြန်လေ၏။

"အကျိုးဆောင် မအေးလေး ပြောထားလို့ ဒီအခန်းကို ဗေဒင်ဆရာတစ်ယောက်ပြောင်းလာမယ်ဆိုတာ ကြိုသိထားတယ်ဗျ။ ကျွန်တော့်နာမည်က ဦးခင်မောင်ပါ။ ဒီတိုက်ရဲ့ တိုက်မှူးပါ။ ညှိစာရင်းကိစ္စ၊ ရေကိစ္စ၊ မီးကိစ္စ လိုတဲ့ အကူအညီရှိရင် ပြောနော်။ ကျွန်တော်က သုံးလွှာမှာ နေတယ်"

ဟု အောင်မြင်သော စကားသံဖြင့် မိတ်ဆက်စကားဆိုသောအခါ ကျွန်ုပ်က…

"တွေ့ရတာ ဝမ်းသာတယ်ဗျာ။ ညှိစာရင်းကတော့ အကျိုးဆောင် မအေးလေး ကူညီထားတယ်ဗျ"

ဟု ပြောပြီးလျှင် ၎င်းမျက်နှာစိမ်း ညှိသည်တော်အား ကျွန်ုပ်၏ တိုက်ခန်းအတွင်းသို့ ဖိတ်ခေါ်လိုက်ပါ၏။

ကျွန်ုပ် ငှားရမ်းနေထိုင်တော့မည့် တိုက်ခန်း၏ အကြီးအမှူး မျက်နှာစိမ်းညိုသည် တိုက်လူကြီးဆိုသူနှင့် မထင်မှတ်ဘဲ ရေနွေးကြမ်းဝိုင်းဖွဲ့၍ စကားပြောဆိုဖြစ်ကြပါတော့၏။

"ရပ်ကွက်ထဲ ဗေဒင်ပညာရှင်တစ်ယောက်ရောက်လာတယ်ဆိုတော့ အားကိုးရတာပေါ့ ဆရာရယ်။ ဆယ်တန်းစာမေးပွဲနီးပြီဆိုတော့ ဒီနားက ဆယ်တန်း ကလေးတွေ တော်ကြာ ယတြာလာမေးကြမှာ သေချာတယ်။ ကံတရားဆိုတာလည်း အရေးကြီးတယ်လေ။ ကံကောင်းအောင်၊ ကံအဆိုးတွေ လွတ်အောင် ဒီလို ဗေဒင်ပညာရှင်တွေပဲ လုပ်တတ်တာလေ။ ကြိုဆိုပါတယ်ဗျာ"

ဟု ပြောပြီးလျှင် ရေနွေးကြမ်းတစ်ခွက်ကို ဖြည်းညင်းစွာ သောက်နေလေ၏။

"နွေးထွေးစွာ ကြိုဆိုလို့ ကျေးဇူးပါဗျာ။ ဒီရပ်ကွက်ရဲ့ သာရေး နာရေးကိစ္စတွေ ရှိလည်း ကျွန်တော့်ကို ပြောပါ"

ဟု ကျွန်ုပ်က ပြောလိုက်သောအခါ ၎င်းက…

"သဘောကျသွားပြီဗျို့။ ပရဟိတစိတ်ဓာတ်ရှိတာလေးကို ခုလောလောဆယ်တော့ ကြည့်မြင်တိုင်တစ်ဖက်ကမ်းက မီးဘေးသင့် ပြည်သူတွေကို လတ်တလော ထောက်ပံ့ရေးလုပ်ဖို့တော့ အစီအစဉ်ရှိတယ်ဗျ။ တတ်နိုင်သလောက် ဝင်လှူရင်း ကျွန်တော်တို့ သွားတော့ လိုက်ခဲ့ပေါ့"

ဟု လိုက်လုံ့ပျူငှာစွာ ဖိတ်ခေါ်လေ၏။ ထို့နောက် ဒီမိုကရေစီပညာရေးအတွက် ရက်ရှည်ခရီး လမ်းလျှောက်သပိတ်မှောက်ချီတက်ကြသော လူငယ်ကျောင်းသားခေါင်းဆောင်များအကြောင်း၊ နှစ်တစ်ရာပြည့် ဗိုလ်ချုပ်အောင်ဆန်းမွေးနေ့အကြောင်း၊ တရုတ်-မြန်မာနယ်စပ်၏ ပြင်းထန်သော



www.burmeseclassic.com

www.burmeseclassic.com

လတ်တလော တိုက်ပွဲများအကြောင်း၊ ရန်ကုန်မြို့၏ လမ်းများပေါ်၌ ကားရှပ်တွေး ကျပ်တည်းမှုများအကြောင်း၊ အိမ်ရာမြေစီမံကိန်းများအကြောင်းမှသည် ၂၀၁၅ ခုနှစ်၏ အထွေထွေရွေးကောက်ပွဲကြီးအတွက် အကြောင်းအရာများတိုင်အောင်များစွာသော လူမှုရေး၊ စီးပွားရေး၊ ပညာရေးတို့ကို ထဲထဲဝင်ဝင် ဖွဲ့ဖွဲ့နွဲ့နွဲ့ သူ့အမြင်၊ ကိုယ့်အမြင် ပွင့်လင်းစွာဖြင့် ဝေဖန်ပြောဆိုပြီး စကားဝိုင်းသည် ရှည်ကြာသွားပါလေတော့၏။

"လူတွေက ရန်အငြိုးအမုန်း အာဃာတ ဒေါသအမျက်တွေ မရှိရင် စစ်ပွဲတွေ မဖြစ်ဘူး။ လင်ကွဲ မယားကွဲတွေ မရှိဘူး။ မိမဲ့ ဖမဲ့ ကလေးငယ်တွေ မရှိဘူး။ သေနတ် ကျည်ဆန်တွေ အသုံးမဝင်တော့ဘူးဖြစ်မှာဗျ။ ခုတော့ အလိုလောဘတွေ၊ ရန်ငြိုးရန်စတွေ၊ အမျက်ဒေါသတွေ တရားလက်လွှတ်များနေတော့ ပဋိပက္ခတွေ၊ ဆန့်ကျင်တိုက်ခိုက်မှုတွေ၊ မေတ္တာတရားခေါင်းပါးမှုတွေ ဖြစ်လာတာပေါ့"

ဟု ကျွန်ုပ်က လေးနက်စွာ စကားဆိုလိုက်သောအခါ မျက်နှာစိမ်းဆေးသည်တော် တိုက်မှူး လူကြီးသည် ခေါင်းတညိတ်ညိတ်ဖြင့်...

"မှန်တာပေါ့ဗျာ။ လူတွေ တစ်ယောက်နဲ့ တစ်ယောက် သင့်မြတ် ချစ်ကြည်နေကြရင် တရားရုံးတွေ အလုပ်မရှုပ်တော့ဘူးပေါ့။ ကျွန်တော်တို့ အရပ်လူကြီးတွေလည်း ခေါင်းမစားတော့ဘူးပေါ့ဗျာ"

ဟူ၍ ထောက်ခံစကားပြောဆိုပြီးလျှင် ရေနွေးကြမ်းတစ်ခွက်ကို မော့သောက်လိုက်ပါလေတော့၏။

ထိုစဉ် ကျွန်ုပ် ဤတိုက်ခန်းလေး ငှားရမ်းရရှိရန်အတွက် ကူညီအကျိုးဆောင်ပေးသော မအေးလေးနှင့်အတူ မျက်နှာစိမ်းဆေးသည် အမျိုးသမီးတစ်ဦးရောက်လာလေ၏။

"ဆရာ...ဗေဒင်ခန်းဖွင့်မယ်ဆိုလို့ သမီးအသိ ဒီအဒေါ်က လိုက်ပို့ပေးပါဆိုတာနဲ့ ခေါ်လာခဲ့တာ ဆရာ။ ဒီအဒေါ်ရဲ့ သမီးက ကြော်ငြာလုပ်ငန်းကုမ္ပဏီက ဝန်ထမ်းတဲ့ ဆရာ။ တွေ့သမျှ မြင်သမျှ လူ့နတ်ပုဂ္ဂိုလ်အားလုံး မျက်နှာမြင် ချစ်ခင်စေဖို့ မျက်နှာပွင့်ဆေးတော်ကြီးအဆောင် လုပ်ပေးပါတဲ့ ဆရာ"

ဟု အကျိုးဆောင် မအေးလေးသည် ၎င်း ကျွမ်းကျင်သည့် အကျိုးဆောင်ခြင်းဖြင့် ဆေးသည်တော် မျက်နှာစိမ်းအမျိုးသမီးကြီးအကျိုးအတွက် ဆောင်ရွက်စကားပြောဆိုပါ၏။

"လူတွေမှာ မျက်နှာကြောကို မတည့်ဘူးဆိုတာ ရှိ

တယ်ဗျ။ လာတာ, မလာတာကို ပြောတာ မဟုတ်ဘူးနော်။ တစ်ခါတလေ ကြည့်လို့မရအောင် အသားလွတ် မုန်း

တာတွေ ရှိတယ်။ ဘာပဲပြောပြော လူတိုင်း လူတိုင်း တွေ့

မြင်ရသူတွေရဲ့ မေတ္တာ စေတနာကို လိုချင်ကြတယ်။

ကြောင့် ဆုတောင်းတာတောင် မျက်နှာမြင် ချစ်ခင်ပါစေ

အသံကြား သနားပါစေလို့ ဆုတောင်းကြသေးတာပဲ။

ကျွန်တော် ဗေဒင် စ,ဟောတဲ့အချိန်က ဆရာတော်

ဘုရားကြီးတစ်ပါး မိန့်မှာ လမ်းညွှန်ဖူးတဲ့ တွေ့သမျှ မြင်သ

လူ နတ် ပုဂ္ဂိုလ်အလုံးစုံတို့ မျက်နှာမြင် ချစ်ခင်စေ

မျက်နှာပွင့်ဆေး ယတြာပူဇော်နည်း ရဖူးတယ်။ ခုထိ

မျက်နှာပွင့်ဆေး ယတြာကို ဆောင်ရွက်ဖြစ်တယ်။

အကျိုးထူးတာပဲ။ သတ်ပစ်ချင်လောက်အောင် မုန်းတီးနေ

သူတွေတောင် အဲဒီယတြာကြောင့် မျက်နှာမြင် ချစ်ခင်

အမျက်ပြေကြတယ်ဗျ"

ဟု ပြောလိုက်သောအခါ ကျွန်ုပ်၏ ရှေ့မှောက်

ဆေးသည်တော်သုံးဦးသည် ကျွန်ုပ်ဆက်ပြောမည့် အကြောင်း

အရာများကို အာရုံစူးစိုက်၍ မျှော်လင့် နားဆင်နေကြသည်

"မိမိမွေးနေ့ မနက်စောစော အရုဏ်တက်ချိန်

ဘုရားမှာ ကြေးဖလားတစ်ခုအတွင်း မျက်နှာသစ်တော်

ထည့် လှူပူဇော်ပြီး နမောတဿ ဘဂဝတော

အရဟတော သမ္မာသမ္ဗုဒ္ဓဿ

သက်စေ့ရွတ်ဆိုပူဇော်ပါ။ ဤကောင်း မှုကြောင့်

တပည့်တော်မျက်နှာမြင်သမျှ တွေ့သမျှ လူနတ် အလုံး

မေတ္တာကို ရလိုပါသည် ဘုရားလို့ ဆုတောင်းရ

သိမ်ဆင်းကုသိုလ်လှူခွင့်ကြုံတဲ့အခါမှာလည်း သိမ်

ကြွလာသော သံဃာတော်အားလုံးကို မျက်နှာသုတ်

ကုသိုလ်ပြုရတယ်။ အဲဒီကောင်းမှုတော် ယတြာနှစ်ခု

အလွန်အစွမ်းထက်တဲ့ မျက်နှာပွင့် ဆေးတော်ကြီးယ

ပါပဲဗျာ"

ဟု ပြောလိုက်ရပါလေတော့သတည်း။

ခန့်ကျော်

*****



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ် သက်ခွေသည် ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့ အစိုးရ အထက်တန်းကျောင်း၌ အထက်တန်းပြ ဆရာအဖြစ် တာဝန်ထမ်းဆောင်လာခဲ့သည်မှာ သုံးနှစ်ထဲသို့ ရောက်လာလေပြီ။

ကျွန်ုပ်သည် သမိုင်းအဓိကဘာသာဖြင့် ဘွဲ့ရထားသူဖြစ်ရာ ရန်ကုန်မြို့ရှိ မိဘများထံသို့ နွေရာသီ ကျောင်းရက်ရှည်ပိတ်ချိန်မှ ပြန်ပြီး သီတင်းကျွတ်၊ ဒီဇင်ဘာ ကျောင်းပိတ်ရက်များ၌ ရခိုင်ပြည်နယ်အတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များရှိရာ နေရာများသို့ သွား၏။ ကျွန်ုပ်မှာ လူလွတ်တစ်ယောက်ဖြစ်သောကြောင့် အပူအပင်ကင်း၏။

တစ်နေ့တွင် ကျွန်ုပ်သည် ကျောက်တော်မြို့ မြောက်ဘက် (၃)မိုင်ခန့်အကွာရှိ ပီချောင်းတစ်လျှောက် ကျေးရွာများသို့ လေ့လာရေးခရီးထွက်၏။

အချို့ ကျေးရွာများ၌ ကျွန်ုပ်၏ တပည့်အချို့ရှိရာ သူတို့၏ မိဘများနှင့် စကားပြောရင်း သူတို့၏ ယဉ်ကျေးမှုနှင့် ဓလေ့စရိုက်များကို လေ့လာ၏။

ပီချောင်းထိပ်ဖျား၌ ပီရွာရှိရာ ထိုရွာသို့ ကျွန်ုပ် ကျောက်တော်ရောက်ပြီး ၂နှစ်ကျော်မှ ရောက်ဖူးခြင်းဖြစ်၏။

အိမ်ခြေ (၅၀)ခန့်သာ ရှိသော ထိုပီရွာမှာ ဝါးပင်များနှင့် အလွန်လှပပြီး ရွာ၏ အနောက်ဘက် တောင်ခြေ၌ သဘာဝ ရေအိုင်ငယ်လေးတစ်အိုင်လည်း ရှိ၏။

ထိုရွာ၌ နေသော အငြိမ်းစား မူလတန်းကျောင်းအုပ်ဆရာကြီး ဦးစံရွှေနှင့် ကျွန်ုပ်သည် ကျောက်တော်မြို့နယ်၊ ပညာရေးမှူးရုံးတွင် သူ ပင်စင်လာထုတ်ရင်း ကျွန်ုပ်နှင့် သိကျွမ်းလာရာ သူက ပီရွာသို့ လာရန် ကျွန်ုပ်ကို ဖိတ်ကြား၏။

ကျွန်ုပ်သည် ပီရွာသို့ တစ်ကြိမ်ရောက်ဖူး၏။ ထိုစဉ်က ရာသီဥတုသိပ်မကောင်း၍ ပီရွာ၏ သဘာဝ ရေအိုင်သို့ မရောက်လိုက်ပါ။ ထို့ကြောင့် ယခု တစ်ကြိမ်တွင် ထိုရေအိုင်သို့သွားရန် ကျွန်ုပ်သည် ပီရွာသို့ သွားခြင်းဖြစ်၏။

ညနေ ၃နာရီခန့်၌ ပီရွာသို့ ရောက်သွားစဉ် ဆရာကြီး ဦးစံရွှေမှာ ပီချောင်း၏ အနောက်ဘက် ရွာတစ်ရွာသို့ သွားသည်ဟု သိရသောကြောင့် ကျွန်ုပ်သည် ပီရွာမှ နာရီဝက်ခန့်သာ သွားရသော ရေအိုင်ငယ်ရှိရာသို့ ဦးစံရွှေ၏ ဇနီး လမ်းညွှန်သည့်အတိုင်း ထွက်လာပါသည်။

ရေအိုင်မှာ သိပ်မကျယ်ပါ။ သို့သော် ရေအိုင်နံဘေးရှိ ထူထပ်သော ဝါးတောမှာ အလွန်လှ၏။ ကျွန်ုပ်သည် ရေအိုင်ကမ်းစပ်တစ်နေရာ၌ ထိုင်ရင်း ပတ်ဝန်းကျင်ကို ကြည့်စဉ်၊ လေကလည်း တဖြူးဖြူးတိုက်ခတ်လာသောကြောင့် ကျွန်ုပ်၏ မျက်လုံးများ မှေး



စင်းလာ၏။ ထိုင်နေရင်း ကျွန်ုပ်သည် ငိုက်ခနဲ . . . ငိုက်ခနဲဖြစ်သွား၏။

ထိုသို့ ငိုက်ခနဲ . . . ငိုက်ခနဲဖြစ်သွားစဉ် ကျွန်ုပ်၏ နားထဲသို့ . . .

"မောင်တော် . . . မောင်တော်၊ နမတော်ဖြင့် မောင်တော်ကို စောင့်နေရ မျှော်နေရလိုက်တာ နှစ်တွေ ကြာပါပြီကော"

ဟူသော မိန်းမတစ်ယောက်၏ စကားသံများကို ကြားလိုက်ရသည်။

စင်းနေသော ကျွန်ုပ်၏ မျက်လုံးများ ပြူးကျယ်သွား၏။ ကျွန်ုပ်သည် အိပ်ငိုက်ခြင်း ပျောက်သွားပြီး အသံလာရာဘက်သို့ ကြည့်လိုက်သည့်အခါ ကျွန်ုပ်ရှိရာ နေရာနှင့် ပေ (၅၀)ခန့် အကွာ၊ ရေအိုင်၏ ထိပ်ပိုင်း ကျောက်ဖျာပေါ်၌ အသက် နှစ်ဆယ်ကျော်၊ သုံးဆယ်နီးပါး မိန်းမတစ်ယောက် မတ်တတ်ရပ်နေသည်ကို တွေ့လိုက်ရ၏။

ဆံပင်များကို ဖားလျားချထားပြီး အစိမ်းရောင်အဝတ်များ ဝတ်ထား၏။ ရှေး ရခိုင်အမျိုးသမီးဝတ်စုံဖြစ်သည်ကို ကျွန်ုပ်သိ၏။ ကျွန်ုပ်သည် ရင်ထဲဝယ် လှိုက်ဖိုသွား၏။

ကျွန်ုပ်သည် ထိုင်ရာမှ ထလိုက်၏။ အမျိုးသမီးသည် ပြုံး၍ ကျောက်ဖျာနှင့် ကပ်လျက်ရှိသော ဝါးတောထဲ ဝင်သွား၏။ ကျွန်ုပ်သည် ထိုကျောက်ဖျာရှိရာသို့ တောလမ်းအတိုင်း သွားပါသည်။

အမျိုးသမီးဝင်သွားသော ဝါးတောမှာ အလွန်ထူလေရာ လူဝင်နိုင်သော အပေါက်ကို ကျွန်ုပ်ရှာမတွေ့၊ ကျွန်ုပ်တစ်ကိုယ်လုံး ကြက်သီးများ ထသွားသည်။

ကျွန်ုပ်သည် ကျောက်ဖျာပေါ်၌ ရပ်၍ ဟိုဟိုဒီဒီ လိုက်ကြည့်သော်



www.burmeseclassic.com

www.burmeseclassic.com

သည်း အမျိုးသမီး၏ အရိပ်အယောင်ကိုမျှ မတွေ့ရသောကြောင့် ထိုနေရာမှ ထွက်ခွာလာပါသည်။

◈◈◈

မှောင်ရီသမ်းချိန်တွင် ဆရာကြီး ဦးစံရွှေ၏ အိမ်သို့ ပြန်ရောက်ရာ၊ ဆရာကြီးလည်း ပြန်ရောက်နေလေ၏။

"ဆရာ ဦးသက်ခွေ ··ရေအိုင်ကို အတော်သဘောကျနေပြီ ထင်တယ်"

ဟု ဦးစံရွှေက ဆီးကြို၍ပြောသည်။

"မှန်ပါတယ်ခင်ဗျာ။ ရေအိုင်ဘေးမှာ ထိုင်ပြီး လေအေးလေးတွေမှာ ပတ်ဝန်းကျင်ကို ကြည့်ရတာ သိပ်ကို ကြည်နူးစရာကောင်းပါတယ်"

ကျွန်ုပ်သည် ထိုမျှသာ ပြောလိုက်ပြီး အခြားအကြောင်းကို ချန်လှပ်ထားလိုက်ပါသည်။

ထိုညတွင် ကျွန်ုပ် အိပ်မက်မက်၏။

"နမတော်ရှိရာကို မောင်တော်ရောက်လာပြီ။ နမတော် ဆုတောင်းပြည့်ပြီ။ မောင်တော်နဲ့ အတူတူနေရတော့မယ်"

ဟု အစိမ်းရောင်ဝတ်ထားသော အမျိုးသမီးသည် ထိုသို့ပြောပြီး ပျောက်သွား၏။

သူမ၏ မျက်နှာကို သေသေချာချာကြည့်လိုက်မိရာ မျက်ခုံးနှစ်ခုကြားတွင် ဆန်စေ့၏ ထက်ဝက်ခန့်အရွယ် ခပ်သေးသေး အနီရောင်အစက်ကို ကျွန်ုပ် သတိပြုမိလိုက်သည်။

အိပ်မက်မက်ပြီးနောက် ကျွန်ုပ် အိပ်၍ မပျော်တော့။ အမျိုးသမီးကိုသာ မြင်ယောင်နေမိသည်။ "မောင်တော်နဲ့ အတူတူနေရတော့မယ်"ဟူသော ပြော

> "ကျုပ်လည်း ကျုပ်ရဲ့ မိဘ ဘိုးဘွားတွေက ဆင့်ကဲပြောကြလို့သိရတာ။ ဒါပေမယ့်လို့ မြစိမ်းရောင်မင်းသမီးဟာ မကျွတ်မလွတ် ဘဝရောက်နေတယ်ဆိုတာ ဘယ်သူမှ မသိကြဘူး"

စကားသည်လည်း ကျွန်ုပ်၏ နားထဲမှ မထွက်။

◈◈◈

နံနက်မိုးလင်းသောအခါ ဆရာကြီးနှင့်အတူတူ နံနက်စာစားစဉ် ဆရာကြီးသည် ကျွန်ုပ်၏ မျက်နှာကို ကြည့်ပြီး···

"ဆရာ···ညက ကောင်းကောင်း အိပ်မပျော်ဘူးထင်တယ်"

ဟု ပြောရာ ကျွန်ုပ်က···

"မှန်ပါတယ်ခင်ဗျာ"

ဟု အစချီပြီး ညက အိပ်မက်မက်ပုံနှင့် ညနေက ရေအိုင်တွင် တွေ့ကြုံခဲ့ရသည်များကို ပြောပြလိုက်သည်။

ကျွန်ုပ်၏ စကားအဆုံးတွင် ဆရာကြီးက···

"ဆရာ··မြစိမ်းရောင် မင်းသမီးနဲ့ တွေ့ခဲ့တာကိုး။ အေးလေ၊ ဆရာ ဒီ ပီချောင်းကို ရောက်လာကတည်းက ထူးမယ်လို့တော့ ကျုပ် ထင်မိသား"

ဟု ပြောရာ ကျွန်ုပ်က···

"ကျွန်တော် နား သိပ်မရှင်းဘူး ဆရာကြီး"

ဟု ပြောလိုက်မိသည်။

"ဒီလို ဆရာ ဦးသက်ခွေရဲ့"

ဟု အစချီပြီး ဆရာကြီး ဦးစံရွှေက အောက်ပါအတိုင်း ပြောပြသည်။

◈◈◈

လွန်ခဲ့သော နှစ်ပေါင်းများစွာက နယ်ချဲ့ အင်္ဂလိပ်တို့ ရခိုင်ပြည်ကို မသိမ်းယူမီက ရခိုင်ပြည်နယ်တွင် မြို့စား၊ နယ်စားများ ကြီးစိုးနေချိန်၊ ကျောက်တော်အရှေ့ဘက် မဟာမုနိရုပ်ပွားတော်ရှိရာနယ်မှ နယ်စားကြီးသည် တောင်အရပ်မှ ဆူပူလာသူများကို သွားရောက်နှိမ်နင်းစဉ် အရှေ့အရပ်မှ နယ်စားကြီးက မဟာမုနိရုပ်ပွားတော်ရှိရာ နယ်သို့ ဝင်ရောက်တိုက်ခိုက်လာ၏။ ဤတွင် ရုပ်ပွားတော်ရှိရာ နယ်မှ နယ်စားကတော်သည် အခြွေအရံ အနည်းငယ်ဖြင့် ညတွင်းချင်းပင် အနောက်အရပ်သို့ ဆုတ်ခွာထွက်ပြေးရလေတော့သည်။ ကစ္ဆပနဒီမြစ်ခေါ် ကုလားတန်မြစ်ကို ဖြတ်၍ ပီချောင်းဖျားရှိ တောနက်ထဲသို့ ဝင်ရောက် ပုန်းအောင်းနေရလေတော့၏။

မိမိနယ်မြေကို ရန်သူများ ဝင်ရောက်သည့်သတင်းကြောင့် မဟာမုနိရုပ်ပွားတော်နယ်မြေမှ နယ်စားကြီးသည် ရောက်ရာအရပ်မှ အမြန်ဆုံး ပြန်လှည့်လာပြီး ရန်သူတို့နှင့် ရင်ဆိုင်ရာ နယ်စားကြီး အရေးနိမ့်ပြီး ကျဆုံးသွား၏။

ပီချောင်းဖျား တောထဲ၌ ပုန်းအောင်းနေသော နယ်စားကြီး၏ ကြင်ယာ မြစိမ်းရောင်မင်းသမီးသည် ပီချောင်းဖျား၌ပင် ဆက်လက်ပုန်းအောင်းရင်း "သူမ ချစ်ရသော မောင်တော်နှင့် ပြန်လည်ဆုံတွေ့၍ အတူတူနေရပါလို၏"လို့ ညစဉ် ဆုတောင်းရင်း ပီချောင်းဖျား၌ပင် သေဆုံးသွားရှာ၏။

မြစိမ်းရောင် မင်းသမီး၏ နောက်လိုက် နောက်ပါ အခြွေအရံများသည်လည်း ပီချောင်းဖျား၌ပင် ဆက်လက်



www.burmeseclassic.com

www.burmeseclassic.com

နေသွားကြ၏။

သူတို့မှတစ်ဆင့် မြစိမ်းရောင် မင်းသမီးအကြောင်းကို ဝီချောင်းရိုးတစ်လျှောက်ရှိ ရွာသားများ သိရှိလိုက်ကြရသည်။

◈◈◈

"ကျုပ်လည်း ကျုပ်ရဲ့ မိဘဘိုးဘွားတွေက ဆင့်ကဲပြောကြလို့ သိရတာ။ ဒါပေမယ့်လို့ မြစိမ်းရောင်မင်းသမီးဟာ မကျွတ်မလွတ် ဘဝရောက်နေတယ်ဆိုတာ ဘယ်သူမှ မသိကြဘူး။ အခု ဆရာ ဦးသက်ဆွေ ပြောတော့မှ ဆရာ့ကို မြစိမ်းရောင် မင်းသမီးထွက်ပြတယ်၊ အိပ်မက်ပေးတယ်လို့ ကြားရတော့မှ စဉ်းစားစရာ ဖြစ်လာပြီ။ ဆရာဟာ မင်းသမီးရဲ့ ကြင်ယာယောင်းပဲ"

ဆရာကြီးက ရယ်မော၍ ပြော၏။

"အိပ်မက်ထဲမှာ မောင်တော်နဲ့ အတူတူနေရတော့မယ်"ဆိုတော့ ဘယ်လို အတူတူနေမှာလဲ။ ကျွန်တော်တော့ မစဉ်းစားတတ်ဘူးခင်ဗျာ"

ဟု ကျွန်ုပ်က ပြောလိုက်ပါသည်။

"စောင့်ကြည့်ပါဦးလေ။ ဒီကြားထဲ ထူးဆန်းတာတွေ ဖြစ်လာနိုင်တယ်"

ဆရာကြီးက ပြော၏။

နောက်တစ်ပတ်အကြာတွင် ကျွန်ုပ်သည် ဝီချောင်းဖျားရေအိုင်သို့ တစ်ယောက်တည်းသွား၏။ အရင်တစ်ခေါက်ကလို မကြုံရ။ ညအိပ်သည့်အခါ၌လည်း အိပ်မက်မမက်တော့ပေ။

◈◈◈

ထိုဖြစ်ရပ်ဖြစ်ပြီး တစ်နှစ်နီးပါးအကြာ၊ နွေရာသီ ကျောင်းပိတ်ရက်တွင် ရန်ကုန်သို့ ပြန်သွားရာ၊ ရန်ကင်းမြို့နယ်ရှိ မိဘများ နေထိုင်ရာ တိုက်ခန်းသို့ အရောက်တွင် ကလေးငိုသံ



ကြားရသောကြောင့် မိခင်ဖြစ်သူအား-

"အမေ…ဘယ်က ကလေးလဲ"

ဟု မေးရာ မိခင်ဖြစ်သူက…

"အမေတို့ မွေးစားလိုက်တဲ့ သမီးလေး။ တစ်လတောင် မပြည့်သေးဘူး။ အမျိုးသမီးဆေးရုံမှာ သူ့ကို မွေးပြီးတာနဲ့ သူ့အမေ သေသွားတယ်။ သူ့အဖေလည်း မရှိတော့ဘူးတဲ့။ ဘယ်ရောက်နေမှန်းလည်း မသိဘူးတဲ့။ ရပ်ကွက် လူမှုရေးအ[illegible]ာ ဒုက္ခရောက်နေတဲ့ ကလေးအမေကို ဆေးရုံလာတင်ပေးတာတဲ့။ အမေက အမေ့မိတ်ဆွေရင်းချာရဲ့ သမီးတစ်ယောက် မျက်နှာမြင်တာကို သွားကြည့်ရင်း အဲဒီအကြောင်းကို သိရလို့ ကလေးကို တွေ့ပြီး သနားလည်း သနား၊ ချစ်လည်းတာနဲ့ တရားဝင် မွေးစားလိုက်တာပဲ"

ဟူ၍ ပြောပြသည်။

"အဖေကရော သဘောတူရဲ့လား"

"အမလေး… မင်းအဖေက ကလေးကို တွေ့တာနဲ့ ချစ်သွားရော"

ကျွန်ုပ်သည် ကလေးကို အသေအချာ သွားကြည့်ရာ "ဟင်…"ဟု နှုတ်မှ အသံထွက်သွားသည်။

အကြောင်းမှာ ကလေးမလေး၏ မျက်နှာနေရာနှစ်ခုအကြား၌ အနီရောင် အစက်ကလေးကို တွေ့လိုက်ရသောကြောင့်။

"ဘာဖြစ်သွားတာလဲ သား"

အမေက မေးသည်။

"ဟို…နဖူးအောက်နားက အနီစက်က ခြင်ကိုက်သွားတာလား"

"မဟုတ်ဘူး။ မွေးရာပါ သားရဲ့"

"ကျွန်တော်လည်း ချစ်တယ် အမေ။ ကလေးကို နာမည်ပေးပြီးပြီလား။ ဘာနေ့သမီးလဲ"

"နာမည်မပေးရသေးဘူး။ အင်္ဂါသမီး"

"ကျွန်တော့်ညီမလေးဖြစ်လာပြီပဲ။ ကျွန်တော် နာမည်ပေးချင်တယ် အမေ"

"သားက ဘာနာမည်ပေးချင်တာလဲ"

"မြစိမ်းရောင်၊ မြစိမ်းရောင်လို့ ပေးချင်တယ်"

"သားသဘော၊ သားသဘော"

ကျွန်ုပ်သည် ကလေးမလေး၏ နဖူးကို အသာအယာ ခပ်ဖွဖွလေး နမ်းရင်း "မြစိမ်းရောင်…မြစိမ်းရောင်"ဟု အသံပြုလိုက်ရာ ကလေးမလေး၏ နှုတ်ခမ်းများမှာ ပြုံးရောင်သမ်းသွားပါတော့၏။ ■

မြသိန်း

*****



www.burmeseclassic.com

www.burmeseclassic.com

၁ နွေ ၂ လာ ၃ ဂါ ၄ ဟူး ၈ ဟု
၅ တေး ၆ ကြာ ၇ နေ

ဂ မ္ဘီ ရ ဆန် း ကြ ယ်

စုနစ်ရက်သားသမီးများအတွက်

၂၀၁၆-ဖေဖော်ဝါရီလ

# အောင်အတိတ် အောင်နိမိတ်

## ကံကြမ္မာဟောစာတမ်း

သက်နှင်းဆွေ၊ပုပ္ပါး၊

---

**➢တနင်္ဂနွေသားသမီးများ**

ဤလတွင် သင်က အမြဲဆိုနေ ကျနေတဲ့ လူတွေက အမည်းလို့ပြောပြီး ဆန့်ကျင်ကြလိမ့်မယ်။ ဒါတွေက သိပ်တော့ အရေးမပါလှပါဘူး။ ခံယူချက်အမြင်လေးတွေ နည်းနည်းလွဲနေကြတာပါ။ ဒီအချိန်မှာ ဘာမှ အတိုက်အခံမလုပ်ဘဲ စိတ်ကို လျှော့ချထားလိုက်ပါ။ လုပ်လက်စ အလုပ်တွေ မပြီးမပြတ်ဖြစ်နေမယ်။ ဒီလထဲမှာ ငွေဝင်ပြီး အဖတ်မတင်ဖြစ်နေတတ်တယ်။ ဘယ်ဖြစ်ဖြစ် ငွေအဆင်ပြေမယ်။ ကံညံ့နေတာ မဟုတ်ပါဘူး။ လွဲချော်မှုလေးတွေ ဖြစ်နေတာပါ။ ပတ်ဝန်းကျင်နဲ့ လိုက်လျော ညီထွေနေလိုက်တာနဲ့ အစစ အဆင်ပြေလာပါလိမ့်မယ်။

**ယတြာ။** ။ ထီးနီ (၁၀)လက်ကို စနေထောင့်မှာ လှူပြီး စိတ်ပါလက်ပါ ဘုရားဝတ်ပြုလိုက်ပါ။ အထူးအခက်အခဲ တစ်ခုခုရှိရင် ငှက် (၁၂)ကောင် လွှတ်ပါ။

**ဒီထံစမ်းရန်။** ။ (၇၊ ၀) ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။

---



www.burmeseclassic.com

www.burmeseclassic.com

## ➢တနင်္လာသားသမီးများ

ဒီလပိုင်းမှာ ဘာသာရေးကို နည်းနည်းဖိလုပ်ပေး။ ထူးခြားမယ့်အချိန်။ အိပ်မက်ထူးတွေ မက်မယ်။ ငွေအထူးဝင်မယ်။ အိပ်ခန်းကို သန့်ရှင်းနေအောင် ရှင်းထားပေးပါ။ ကိုယ် စိတ်မပါတဲ့ အလုပ်တချို့ကို လက်စသတ်ပစ်လိုက်ပါ။ ပြီးတော့ အရေးမကြီးတဲ့ ကိစ္စလေးတွေနဲ့ စကားများတာ၊ စိတ်ဆိုး ဒေါသဖြစ်တာမျိုးတွေ အထူးဆင်ခြင်ပေးပါ။ ကံဇာတာ ကောင်းနေချိန်ပါ။ အစစ အဆင်ပြေမယ်။ တန်ခိုးကြီးဘုရားတစ်ဆူကို သွားပြီး ဖူးဖြစ်တတ်ချိန်ပါ။ ကျကျနနဖူးလိုက်ပါ။ ကံဇာတာ မြင့်မားလာပါလိမ့်မယ်။

**ယတြာ။** ။ ဒီရက်ထဲမှာ ဘုရားဂုဏ်တော်ကိုးပါးကို စိတ်ပါသလောက် ကျကျနန ပုတီးစိပ်ပါ။ ဘုရားမှာ ကံ့ကော်ညွန့်တွေ ဝေနေအောင် လှူလိုက်ပါ။

**ထီကံစမ်းရန်။** ။ (၂၊ ၀) ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။

---

## ➢အင်္ဂါသားသမီးများ

ဒီလထဲမှာ ကောင်းတဲ့ ပြုပြင်ပြောင်းလဲမှုတွေ ကြုံရပါလိမ့်မယ်။ မသွားချင်တဲ့ နေရာတချို့ကိုလည်း သွားရတတ်ပါတယ်။ အပြောင်းအလဲတချို့ကြားကပဲ တိုးတက်မှုတွေ ကြုံတတ်ချိန်ပါ။ အလုပ်ကိစ္စမှာ အခွင့်ထူးတစ်ခုကြုံမယ်။ မျက်စိအောင့်တတ်လို့ ဂရုစိုက်ပေးပါ။ ခါးကိုက်တတ်တယ်။ ဘာပဲဖြစ်ဖြစ် အစစအရာရာ အဆင်ပြေမယ့်အချိန်ဖြစ်တယ်။ ကြံဖန်ပြီး ငွေဝင်မယ်။ အချစ်ရေး ကောင်းမယ်။ အိမ်ထောင်ရေးသာယာမယ်။ အလုပ်မှာလည်း အဆင်ပြေမယ့် ကာလပါ။ ကုသိုလ်ကောင်းမှု များများလုပ်ပါ။

**ယတြာ။** ။ ဘိန်းမုန့်ကောင်းကောင်း နှစ်ချပ်ဝယ်ပြီး လမ်းမှာ တွေ့တဲ့ ရဟန်းသံဃာတော်ကို ရိုရိုသေသေ လောင်းလှူလိုက်ပါ။

**ထီကံစမ်းရန်။** ။ (၄၊ ၆)ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။

---

## ➢ဗုဒ္ဓဟူးသားသမီးများ

ဒီလထဲမှာ သင့်စိတ်တွေ မထွေပြားပါစေနဲ့။ စိတ်ကို ရှင်းလင်းစွာ ထားပါ။ အသိအမြင် ဗဟုသုတတိုးမယ့်အချိန်ပါ။ မိဘအကြီးအကဲတွေကို ပြုစုပေးမခွင့် ကြုံမယ့်အချိန်ပါ။ ငွေအခက်အခဲ နည်းနည်းကြုံမယ်။ ပြီးရင် ပြန်အဆင်ပြေသွားမယ်။ အချစ်ရေးကအစ ဘာကိစ္စမဆို ကြားလူ၊ ကြားစကား အဖျက်ပေါ်တတ်တဲ့ ကာလပါပဲ။ သူများစကား နားမယောင်မိဖို့ အထူးသတိထားသင့်ချိန်ပါ။ စကားအပြောအဆိုအထူးချိုသာပါ။ ဂါရဝ ထားသင့်သူတွေကို ဂါရဝ ထားလိုက်ပါ။

**ယတြာ။** ။ ပန်းသီးနှစ်လုံးကို ဝယ်ပြီး ဘုရားကို ကပ်လှူပါ။ ဖွားသီလရှင်ကို ဆန်လှူပေးပါ။

**ထီကံစမ်းရန်။** ။ (၃၊ ၅) ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။

---

## ➢ကြာသပတေးသားသမီးများ

ဒီလထဲမှာ စိတ်ဖိစီးစရာတချို့ ကြုံတတ်တယ်။ အရာအားလုံးအတွက် ရတနာသုံးပါးကို ပုံအပ်ပြီး ဆည်းကပ်ခိုလှုံထားလိုက်ပါ။ သင့်ကို တစ်ဖက်သတ် စွပ်စွဲပုတ်ခတ်ပြောဆိုတာတွေ ကြုံရင်လည်း စိတ်ရှည်ပေးလိုက်ပါ။ အစားမှားတတ်တယ်။ စကားမှားတတ်တယ်။ အနေအထိုင်၊ အပြောအဆို၊ အစားသောက်တွေ ဆင်ခြင်ပါ။ ဘာဖြစ်ဖြစ် ငွေကြေးအဆင်ပြေမယ်။ သူတစ်ပါးက ကိုယ့်ကို မကောင်းမြင်နေတယ်ဆိုတဲ့ အတွေးမျိုး သင့်စိတ်ထဲက အလိုလို ထင်ယောင်ထင်မှားဖြစ်တတ်တယ်။

**ယတြာ။** ။ ဘုရားတစ်ဆူမှာ ရွှေဆိုင်းရစ်ခုတီတီကပ်လှူပါ။ ပြီးရင်ခေါင်းလောင်းထိုးပြီး အမျှပေးဝေပါ။

**ထီကံစမ်းရန်။** ။ (၂၊ ၄) ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## ➤သောကြာသားသမီးများ

ဒီအချိန်က သင့်ကိုယ်သင် ဦးစွာ အခုံးအမပြုရမယ့်အချိန်ပါ။ ပြုပြင်ရမယ့် အချိန်ပါ။ အလုပ်ကိစ္စ၊ ငွေကိစ္စ၊ ခရီးကိစ္စတွေ တိုးတက်မယ်၊ အဆင်ပြေမယ်။ ဒါပေမယ့် တစ်စုံတစ်ယောက်နဲ့ စကားအကြီးအကျယ် များရတတ်တယ်။ သူများကိစ္စ ဝင်ပြီးဖြေရှင်းပေးရတတ်တယ်။ နေတတ်အောင် နေပါ။ ငွေကံအထူးပွင့်လန်းနေတဲ့ လဖြစ်တယ်။ ငွေအထူးဝင်မယ်။ ထီကံစမ်းထားဖို့ မမေ့ပါနဲ့။ အလှူအတန်းနစ်ခုပြုနိုင်မယ်။ အချစ်ရေး အဆင်ပြေမယ်။ အိမ်ထောင်ရေး သာယာမယ်။ ဒီလထဲမှာ တာဝန်နှစ်ခုကို တွဲပြီး ယူရတတ်ပါသေးတယ်။

**ယတြာ။** ။ နံနက်အိပ်ရာထ မျက်နှာသစ်ချိန်မှာ ဘုရားဂုဏ်တော်ကိုးပါးကို ကျကျနန ရွတ်ပွားပြီး မျက်နှာသစ်ပါ။ အစစ အဆင်ပြေနေမယ်လို့ ယုံကြည်လိုက်ပါ။

**ထီကံစမ်းရန်။** ။ (၁၊ ၂) ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။

---

## ➤စနေသားသမီးများ

ဒီလကတော့ မေတ္တာရောင်ပြန်ရိုက်ခတ်မှုကို သိသိသာသာ ခံစားရမယ့် အချိန်ပါ။ ငွေအထူးဝင်မယ်။ ပေးကမ်းလှူဒါန်းနိုင်မယ်။ အလုပ်လည်း အဆင်ပြေမယ်။ အိမ်တွင်းရေးလည်း သာယာနေမယ်။ စိတ်တိုစရာ ကြုံလာရင်လည် ကိုယ်ကပဲ လျှော့လိုက်ပါ။ ယောက်ျားလျာ၊ မိန်းမလျာတွေကို သတိထား ဆက်ဆံပြောဆိုပါ။ အစစ ကောင်းနေပါတယ်။ အချစ်ရေး အဆင်ပြေမယ်။ ကုသိုလ်ကောင်းမှုတွေ ပြုနိုင်မယ်။ အားလုံး အဆင်ပြေ တိုးတက်မယ့် လပါ။ ပျော်ပျော်နေလိုက်ပါ။

**ယတြာ။** ။ နေအိမ်ဘုရားကျောင်းဆောင်မှာ စပယ်ပန်း၊ ရွှေပန်း၊ စသည်ဖြင့် အလျဉ်းသင့်တဲ့ ပန်းတွေကို ပန်းမွှေ့ရာခင်းပြီး ပူဇော်ပါ။

**ထီကံစမ်းရန်။** ။ (၂၊ ၇) ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။

---

## ➤ရာဟုသားသမီးများ

ဒီလထဲမှာ ဘာကိစ္စမှ သူတစ်ပါးစကား နားမယောင်မိဖို့ အရေးကြီးတယ်။ မကြာခဏဆိုသလို စိတ်တွေက အယောက်ယက်ဖြစ်နေတတ်တယ်။ အားမကျသင့်တာတွေကို အားကျမိတတ်တယ်။ လက်မခံသင့်တာတွေကို လက်ခံမိတတ်တယ်။ အတုတွေကို အစစ်လို့ထင်တတ်၊ အပေါ်ယံတွေကို အထင်ကြီးမိတတ်တယ်။ စိတ်ကို ကြည်လင် ရှင်းပျအောင်ထားပါ။ အစစအရာရာ စိတ်ရှည်ပါ။ လွတ်လပ်ပေါ့ပါးစွာ နေပါ။ စိတ်တွေပြားတာကို ပြင်လိုက်တာနဲ့ ဒီလ အစစအဆင်ပြေပါလိမ့်မယ်။

**ယတြာ။** ။ နှင်းဆီနီလေးတစ်ပွင့်ကို ဝယ်ပြီး လမ်းမှာ ပစ်ချခဲ့လိုက်ပါ။ သရက်ဂုံသုံးပါးကို ပုတီးလေးပတ်တိတိ၊ လေးရက်တိတိ အဓိဋ္ဌာန်ပုတီးစိပ်လိုက်ပါ။

**ထီကံစမ်းရန်။** ။ (၂၊ ၄) ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။

---

အားလုံးသဗ္ဗဝါ ချမ်းသာပါစေ...

သက်နှင်းဆွေ ဗေဒင်ပွဲ။

(ဖုန်း ၀၉ ၇၃၀ ၂၅၈၇၀ )

*****



www.burmeseclassic.com

www.burmeseclassic.com

# ထူးဆန်းတွေ ဤကမ္ဘာ

မောင်လင်းအောင်



## The Wold

The World (ကမ္ဘာကြီး)ဟု အမည်ရသော အ[illegible] စီး သင်္ဘောကြီးပေါ်တွင် ခရီးသည်များသည် မိမိတို့၏ နေ ထိုင်ရာ အိမ်အဖြစ် မှတ်ယူနေထိုင်ကြပြီး ကမ္ဘာအနှံ့သို့ သင်္ဘောကြီးသွားရာ ခရီးလမ်းတောက်လျှောက် ကာလရှည် ကြာစွာ လိုက်ပါစီးနင်းလေ့ ရှိကြသည်။



## ငါးပျင်း

'Red-Lipped Batfish' ဟုခေါ်သော ငါးတစ်မျိုးသည် သူ့ထံပါသော ရေယက်၊ ဆူးတောင်များကို ခြေထောက် သဖွယ် အသုံးပြု၍ ပင်လယ်ကြမ်းပြင်ပေါ်၌ တွားသွားသည်။ သူ့ကို ကြည့်ရသည်မှာ ရေကူးရသည်ကို အပျင်းထူ၍ ထိုကဲ့သို့ တွားသွားခြင်းဖြစ်သည်။

## နက်ပကျွန်းဂြိုဟ်

## (Neptune)

အပိုလို အာကာသယာဉ်သည် ကမ္ဘာမြေပြင်မှ လသို့ ရောက်ရှိရန် သုံးရက် အချိန်ယူရသည်။ ထိုအလျင်အတိုင်း နက်ပကျွန်းဂြိုဟ်သို့(Neptune) သွား ရောက်မည်ဆိုပါက ၉၆ နှစ်ခန့် အချိန်ယူရ မည်ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com



## Moon Bows

သက်တံ့(Rainbows)သည် နေ့အခါ၌သာမက၊ ညအခါတွင်လည်း ဖြစ်ပေါ်လေ့ရှိသည်။ ညအခါ ဖြစ်ပေါ်သည့် သက်တံ့မျိုးကို 'Moon bows' ဟု ခေါ်သည်။

## သူငယ်ချင်းရှိသော တိရစ္ဆာန်များ

နွားများသည် လူအများထင်သကဲ့သို့ အပေါင်းအသင်း မရှိ သီးခြားစီ နေတတ်သော သတ္တဝါများမဟုတ်ဘဲ သူငယ်ချင်းအပေါင်းအသင်းများရှိ၍ အချင်းချင်း ခင်မင်လေ့ ရှိတတ်ကြသည်။ သူတို့၏ အပေါင်းအသင်း နွားအချင်းချင်း အကြောင်းတစ်ခုခုကြောင့် ခွဲခွာရလျှင်လည်း ဝမ်းနည်းပက်လက်ဖြစ်၍ အလွမ်းဝေဒနာခံစားရလေ့ရှိသည်။

နွားများတွင်သာမက၊ ခွေး၊ ကြောင်၊ ဝက်၊ ဆိတ် စသည်ရှိသော သတ္တဝါများတွင်လည်း လူများကဲ့သို့ပင် ခံစားချက် ကိုယ်စီရှိတတ်ကြသည်။ ထိုသတ္တဝါလေးများကို တိရစ္ဆာန်ဟူ၍ တစ်ဆင့်နိမ့်၍ ချိုးနှိမ်မထားသင့်ပေ။



## ဦးနှောက်

သင့်ဦးနှောက်၏ ၈၅ ရာခိုင်နှုန်းသည် ရေဓာတ်ဖြင့် ဖွဲ့စည်းထားသည်။ ထိုပမာဏသည် ဂေါ်ဖီထုပ်တစ်ထုပ်တွင် ပါဝင်သော ရေဓာတ်ပမာဏနှင့် ညီမျှသည်။









## ဒိုင်နိုဆောနှင့် အနီးစပ်ဆုံး သတ္တဝါ

ကမ္ဘာဦးခေတ်က နေ့ထိုင်ကျက်စားခဲ့ပြီး၊ ယခုအခါ မျိုးတုံး ပျောက်ကွယ်သွားခဲ့ပြီဖြစ်သော ဒိုင်နိုဆော (Dinosaurs) သတ္တဝါများနှင့် အနီးစပ်ဆုံး မျိုးတူသည့် သတ္တဝါမှာ ငှက်များဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ပါရဂူ

ဖင်လန်(Finland)နိုင်ငံတွင် ပါရဂူ(Ph.D)ဘွဲ့ ချီးမြှင့်ပုံမှာ ဦးထုပ်တစ်လုံးနှင့် ဓားတစ်စင်းကို ဘွဲ့ရရှိသူအား ပေးလိုက်ခြင်းဖြစ်သည်။

## ထာဝရရှင်သန်နိုင်သော သတ္တဝါ



ရေချူ(Jelly Fish) နှင့် ပုစွန်ထုပ်ကြီး(Lobsters)တို့သည် ဇီဝကမ္မဖြစ်စဉ်အရ ထာဝရ အသက်ရှင်သန်နေနိုင်သော သတ္တဝါများအဖြစ် သိပ္ပံပညာရှင်များက ခေါ်ဆိုကြသည်။ အဘယ်ကြောင့်ဆိုသော် ရေချူနှင့် ပုစွန်ထုပ်ကြီးတို့ သည် အသက်အရွယ်ကြီးရင့်၍ သဘာဝအလျောက် သေဆုံးခြင်းမျိုးမရှိဘဲ၊ သူတစ်ပါး၏ ပယောဂကြောင့် (သို့မဟုတ်) ဖမ်းယူသတ်စားခြင်းမျိုးကြောင့်သာ သေဆုံးလေ့ရှိသည့် သတ္တဝါမျိုးများဖြစ်သည်ဟု သိရသည်။



## နှိုးစက်

နှိုးစက်များသည် လူသားတို့အတွက် အလုပ်မပျက်စေရန် ကူညီပေးခဲ့သည်မှာ ၁၇၈၇ ခုနှစ်ကတည်းကပင် ဖြစ်သည်။

## အင်တာနက် အခမဲ့ပေးသော နိုင်ငံ

ကျွန်ုပ်တို့ နေထိုင်ရာ ကမ္ဘာမြေကြီးကို ကမ္ဘာ (Earth) ဟု မည်သူက အမည်ပေးခဲ့သနည်းဟု ယနေ့အချိန်အထိ တစ်ဦးတစ်ယောက်မှ မသိသေးပေ။



www.burmeseclassic.com



## Selfies

ယနေ့ခေတ်တွင် လူကြီး လူငယ်မရွေး မိမိကိုယ်ကို မိမိဓာတ်ပုံ ပြန်ရိုက်ခြင်း(Selfies)အလေ့ကို အချိန်မရွေး၊ နေရာမရွေး၌ ပြုလုပ်လေ့ရှိကြသည်။ ပုံတွင် ကာတွန်းဆရာက ကျောက်ခေတ် လူသားများ၏ (Selfies)ကို ရေးဆွဲပေးထားသည်။

## ကမ္ဘာ့အခမ်းနားဆုံး စာကြည့်တိုက်များ

ကမ္ဘာပေါ်ရှိ အခမ်းနားဆုံးသော စာကြည့်တိုက်များ၏ ပုံများကို စုစည်းတင်ပြလိုက်ရပါသည်။





## ရေသောက်ခြင်း၏ အကျိုးကျေးဇူးများ

* နံနက်ခင်း အိပ်ရာမှ နိုးပြီးပြီးချင်း ရေ နှစ်ဖန်ခွက် အပြည့်သောက်ပေးခြင်းဖြင့် ကိုယ်တွင်း အင်္ဂါများကို နိုးကြား အလုပ်လုပ်စေသည်။

* အစာမစားမီ မိနစ် ၃၀ခန့်အလိုတွင် ရေတစ်ဖန်ခွက် အဝသောက်ပေးခြင်းဖြင့် အစာခြေစနစ်ကို ကောင်းမွန်စေသည်။

* ရေမချိုးမီ ဖန်ခွက်အပြည့် ရေတစ်ခွက်သောက်ပေးခြင်းဖြင့် သွေးလည်ပတ်မှုကို မှန်ကန်စေသည်။ တစ်နည်းအားဖြင့် သွေးဆိုးကျစေသည်။

* အိပ်ရာမဝင်မီ ရေတစ်ခွက်သောက်ပေးခြင်းဖြင့် နှလုံးရောဂါဖြစ်ပွားမှုကို ဟန့်တားပေးနိုင်ပြီး လေသင်တုန်းဖြတ်ခြင်း၊ ရုတ်တရက် နှလုံးဖောက်ခြင်းမျိုးကို ကာကွယ်ပေးနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

## ပေါင် ၂၇သန်းတန် ပန်းချီကား



၁၉၈၇ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့တွင် ကမ္ဘာကျော် ပန်းချီပညာရှင်ကြီး 'Vincent Van Gogh' ၏ 'Irises' အမည်ရှိသော ပန်းချီကားကို စတာလင် ပေါင် ၂၇ သန်းဖြင့် လေလံတင် ရောင်းချခဲ့သည်။





## ကမ္ဘာ့ရောင်းအားအကောင်းဆုံး စာချုပ်

ကမ္ဘာပေါ်တွင် အရောင်းရဆုံးသော စာအုပ်မှာ သမ္မာကျမ်းစာ(Bible)ဖြစ်သည်။

## မွန်ဂိုလီးယား

မွန်ဂိုလီးယား(Mongolia)နိုင်ငံသည် ကမ္ဘာပေါ်တွင် လူဦးရေအကျဲပါးဆုံး နိုင်ငံဖြစ်သည်။ တစ်စတုရန်း ကီလိုမီတာတွင် လူဦးရေ (၁.၇)ဦးသာ နေထိုင်သည်။





## သက်တမ်းအရင့်ဆုံး အလံ

ဒိန်းမတ် (Denmark)နိုင်ငံ အလံသည် ကမ္ဘာပေါ်တွင် သက်တမ်းအရင့်ဆုံးသော အလံဖြစ်သည်။ အနီခံတွင် အဖြူစင်း ကြက်ခြေခတ်ထားသော ဒိန်းမတ်နိုင်ငံအလံကို လွန်ခဲ့သော နှစ် (၈၀၀)ခန့်ကတည်းက အသုံးပြုခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## ဝေလငါးမန်း



ဝေလငါးမန်း (Whale Shark) သည် အကြီးဆုံးသော ငါးမျိုးစိတ်တစ်မျိုးဖြစ်ပြီး လူတို့နှင့် အလွန်ယဉ်ပါးသည်။



## သက်ရောက်ပုံ တူညီသော မြေဆွဲအား

လပေါ်မှ ကမ္ဘာမြေပေါ်သို့ ငှက်တောင်မွှေးတစ်ချောင်းနှင့် ဘိုးလင်း ဘောလုံးတစ်လုံးကို တစ်ချိန်တည်း ပစ်ချလိုက်လျှင် ကမ္ဘာ့မြေပြင်သို့ အချိန်ကာလအတူတူပင် ကျရောက်လာပေလိမ့်မည်။



## ကိုရွှေဖား

Floiden, Poison Dart Fog ဟု အမည်ရသော ဖားမျိုးသည် လွန်စွာ အဆိပ်ပြင်းသည်။ မည်မျှ အဆိပ်ပြင်းသည်းဟုဆိုသော်၊ ထိုဖားကို ထိမိရုံနှင့်ပင် အဆိပ်တက်စေနိုင်စွမ်းရှိသည်။

## ကြာသပတေးနေ့

မိုက်ကင်း လူမျိုးများသည် နတ်ဘုရားများကို ကိုးကွယ် ယုံကြည်ကြပြီး THOR ဟူသော နတ်ဘုရားလည်း တစ်ပါးအပါအဝင်ဖြစ်သည်။ ကြာသပတေးနေ့ Thursday ဟူသော စကားလုံးသည် Thor's Day ဟူသော စကားလုံးမှ ဆင်းသက်လာခြင်းဖြစ်သည်ဟု ယူဆကြသည်။



### စိတ်ကူးယဉ်ဆန်သော အရပ်များ

ကမ္ဘာပေါ်ရှိ အလှပဆုံးနှင့် စိတ်ကူးယဉ်ဆန်ဖွယ်ရာ အကောင်းဆုံးသော နေရာလေးများကို စုစည်းတင်ပြပေးလိုက်ပါသည်





www.burmeseclassic.com

# ဝိဋ္ဌာသီး စားသုံးခြင်း ကိုယ်တွေ့အကျိုးများ

ဆရာကြီးဦးအောင်မြိုင် (ဥပဒေဘွဲ့)

လက္ခဏာဗေဒပညာသုတေသီ



မြသေလာတောင်ထိပ်ပေါ်တွင် တစ်နှစ်ပတ်လုံး နေထိုင် သီတင်းကာ ရှေးဟောင်း ဆံတော်ရှင်ဘုရားပရိဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်ပြုပြင်ရင်း တရားအားထုတ်ပွားများနေကြသော ရဟန်း၊ ရသေ့၊ ယောဂီ သူတော်စင်တို့အား စာရေးသူ တတ်စွမ်းသမျှ အလှူဒါနများ ပြုခဲ့ပါသည်။ ထိုအခါ စာရေးသူကိုလည်း အိမ်ပြန် လက်ဆောင်အဖြစ် ကောင်းနိုးရာရာများ ပြန်ပေးကြပါသည်။ ထိုလက်ဆောင်များအနက် "ဝိဋ္ဌာသီး" အကြောင်း စာရေးသူ၏ ကိုယ်တွေ့ကို ရေးသားဖော်ပြပေးပါမည်။

ဝိဋ္ဌာသီး၏ အရွယ်အစားမှာ ဆီးဖြူသီးအလုံးကြီး
ရှိသည်။ အသီးခွံအရောင်မှာ စိမ်းဝါရောင်(အစိမ်းနုရောင်
ဖြစ်သည်။ လက်နှင့် ကိုင်ကြည့်လျှင် ကတ္တီပါစကို ကိုင်
သလိုမျိုး နူးညံ့ပျော့အိသော ခံစားချက်ရှိပါသည်။ ကိုက်
လိုက်သည့်အခါ အချဉ်စူးပြီး အရည်ရွှန်းပါသည်။ ငုံထား
လိုက်လျှင် တဖြည်းဖြည်း အချိုအရသာပေါ်လာသည်။ ဝိဋ္ဌာ
သီး၏ အပင်မှာ ဖန်ခါးသီးပင်လို ပင်စည်ကြီး၊ အပင်မြင့်
သော်လည်း အရွက်ကတော့ ဖန်ခါးရွက်ထက် တင်း
ငယ်သည်။ ဖန်ခါးသီး၊ ဆီးဖြူသီးတို့လိုပင် ပြွတ်သိပ်နေအောင်



www.burmeseclassic.com

www.burmeseclassic.com



...ပါသည်။ တစ်နှစ်မှာ တစ်ခါ နွေရာသီတွင်သာ ပွင့်သီး...ကြောင်း သိရသည်။ အပင်အောက်တွင် ကြွေကျသော ...သီးများစွာ ရှိသဖြင့် အလွယ်တကူပင် ကောက်ယူ စု...ဆောင်းနိုင်ပါသည်။

ထိုဝိဇ္ဇာသီးများကို ပျားရည်နှင့် စိမ်ပြီးစားလျှင် ကျန်းမာ...ရေးကောင်းမွန်ကြောင်း၊ ရှေး နှစ်ပေါင်းများစွာကတည်းက ဤမြေသလာတောင်ထိပ်ပေါ်တွင် သီတင်းသုံး တရားအား...ထုတ်ခဲ့ကြသော ဝိဇ္ဇာ၊ ဇော်ဂျီ၊ တပသီ စသည့် သူတော်စင်...ကြီးများက အာဟာရအဖြစ် လည်းကောင်း၊ ဆေးဝါးအဖြစ်...လည်းကောင်း၊ ဤအသီးကို သုံးဆောင်ခဲ့ကြသဖြင့် ဝိဇ္ဇာသီး...ဟု အမည်ခေါ်တွင်ခြင်းဖြစ်ကြောင်း ပြောပြကြပါသည်။

စာရေးသူ ရန်ကုန် နေအိမ်သို့ ပြန်ရောက်သောအခါ ...ဝိဇ္ဇာသီးများ ထည့်ထားသော ပလတ်စတစ်အိတ်အတွင်း... အသီးအရည် များစွာထွက်ကျနေသည်ကို နမြောတသ...စွာ သွန်ပစ်လိုက်ရသည်။ အသီးများကို ရေထပ်ဆေးပြီး ...ပုလင်းထဲသို့ ထည့်သည်။ ထို့နောက် ပျားရည်လောင်း...ထည့်လိုက်ပါသည်။ အသီးများက ပျားရည်ပေါ်တွင် ပေါလော...ပေါ်နေကြသည်။ ဖန်ပုလင်း အဖုံးပိတ်ပြီး တစ်လခန့်ကြာ...အောင် ထားလိုက်သည်။ ထိုအခါ အသီးတွင်းမှ အရည်များ ...စိမ့်ထွက်ပြီး ပျားရည်နှင့် ရောနေသွားသဖြင့် အရည် ...များသွားသည်။ အသီးများ ပုလင်းအောက်ခြေတွင် မြုပ်သွား...၏။ ဖန်ပုလင်းအပေါ်ပိုင်းမှာ အရည်များဖြင့် ပြည့်လျှံလာသည်။ အသီးက အစိမ်းရောင်မှ ကော်ဖီရောင်သို့ ပြောင်းသွားသည်။ ဖန်ပုလင်းအပေါ်ပိုင်းမှ အရည်ကို ဟင်းစားဇွန်း တစ်ဇွန်းခပ်သောက်ကြည့်ရာ အရသာမှာ အချဉ်ဓာတ်ပါးပါးနှင့် အချိုဓာတ်လည်း မများလှပါ။ သောက်ကောင်းရုံဖြစ်သည်။ ပျားရည်နံ့ လုံးဝ မရှိတော့ပေ။ အသီးနံ့လည်း ပျောက်သွားသည်။

ပျားရည်စိမ်ထားသော ဝိဇ္ဇာသီးတစ်လုံးကို စားကြည့်လိုက်သောအခါ အလွန်စားကောင်းသော အရသာရှိပါသည်။ အချဉ်ဓာတ်ပါးပါး၊ အချိုဓာတ်လည်း သိပ်မများပါ။ အသီး၏ အစေ့က ခပ်ပြားပြားဖြစ်သည်။ အစေ့၏ အပြင်ပိုင်းမှာလည်း ကတ္တီပါစလို အမွေးနုကလေးများ ကပ်ငြိနေကြောင်း တွေ့ရှိရ၏။ ဆီးစေ့၊ ဖန်ခါးစေ့၊ ဆီးဖြူသီးစေ့၊ မရမ်းစေ့ စသည်တို့နှင့် လုံးဝ မတူပါ။

စာရေးသူသည် ထိုဝိဇ္ဇာသီးကို တစ်နေ့လျှင် တစ်လုံး စားသုံး၍ ပျားရည်နှင့် ဝိဇ္ဇာသီး ရောစိမ်ထားသော အရည်ကိုလည်း တစ်နေ့လျှင် တစ်ဇွန်းသောက်ပါသည်။ တစ်လစား သောက်ရသော အတွေ့အကြုံမှာ ဝမ်းမှန်ပါသည်။ ဆီးရှင်ပါသည်။ သွေးလှည့်ပတ်မှု ကောင်းပါသည်။ အထူးသဖြင့် လေသက်ခြင်းဖြစ်ပါသည်။ တဘွားဘွား တဘွမ်ဘွမ် အသံထွက်ပြီး သက်ခြင်းဖြစ်သည်။ အစားအသောက် မစားသောက်မိ



www.burmeseclassic.com

www.burmeseclassic.com



အချိန်တစ်နာရီခန့်စောပြီး စားသောက်လျှင် အစာစားချင်စိတ် အထူးဖြစ်ပေါ်ပါသည်။ ဗိဇ္ဇာသီးနှင့် အရည်စားသောက်ပြီးသည်နှင့် ချက်ချင်း ဗိုက်ဆာသည်။

အစာစားပြီး အစာမကြေ၊ ပြည့်အင့်ပြီး မအီမလည်ဖြစ်နေပါက ထိုအသီးနှင့် အရည်ကို စားသောက်ပေးပြီး မိနစ်မဆိုင်းဘဲ သက်သာပျောက်ကင်းပါသည်။ ဝမ်းဗိုက်အတွင်းမှ အညစ်အကြေးများကို ချက်ချင်း ဝမ်းသွားစေခြင်းဖြင့် စွန့်ထုတ်ပေးပါသည်။ နေ့ရော ညပါ တော်ရုံနှင့် အိပ်ချင်စိတ် မဖြစ်ပေါ်ပါ။ အိပ်သည့်အခါမှာလည်း အချိန်အနည်းငယ်မျှ အိပ်လိုက်သည်နှင့် ပြန်နိုးလာချိန်မှာ အိပ်ရေးဝနေပါသည်။ ပြန်အိပ်ချင်စိတ် မရှိပါ။ ခေါင်းမူး ခေါင်းကိုက် မဖြစ်ဘဲ လန်းဆန်းတက်ကြွနေပါသည်။ လူရော ပန်းရော လန်းပါသည်။ အပင်ပန်းလည်း ခံနိုင်သည်၊ အမောအပန်း သိပ်မဖြစ်တော့ပါ။ သွေးလှည့်ပတ်မှု၊ စနစ်ကို ကောင်းမွန်စေသောကြောင့် ညောင်းညာကိုက်ခဲ ထုံကျင် လေးလံခြင်းများ မဖြစ်တော့ပါ။ ဦးနှောက်မှတ်ဉာဏ်ကိုလည်း တိုးတက်စေပြီး ဉာဏ်ရှင်လာသည်ဟု ခံစားရပါသည်။

ဗိဇ္ဇာသီးကို ခေတ်မီ သိပ္ပံနည်းကျ ဓာတ်ခွဲစမ်းသပ်၍ သုတေသနပြုကြည့်မည်ဆိုလျှင် ဆေးစွမ်းကောင်းတစ်လက် ပေါ်ထွက်လာမည်ဟု ယုံကြည်ပါသည်။ ထိုဗိဇ္ဇာသီးပင်များမှာ မြသေလာတောင်ထိပ်တွင်သာ ပေါက်ရောက်ပြီး အခြားသော တောင်များတွင် ပေါက်ရောက်မှု မရှိကြောင်း သိရသည်

မြသေလာတောင်မှာ ကရင်ပြည်နယ်အရှေ့ဖျား ဒေါ… တောင်တန်းမှ အမြင့်ဆုံး တောင်ထွတ်ဖြစ်၍ ကရင်ပြည်… မြေပုံတွင် ပေပေါင်း (၆၈၂၅) ရှိကြောင်း ဖော်ပြထားသော… မူလရစ်တောင် ဖြစ်ပါသည်။ စာရေးသူအနေဖြင့်မူ ဒေါ… တောင်တန်းတစ်လျှောက် ပေ ၅၀၀၀ နှင့်အထက်မြင့်သော… တောင်ထွတ်များပေါ်တွင် ထိုဗိဇ္ဇာသီးပင်များ ရှင်သန်ပေါက်… ရောက်နေမည်ဟု ယူဆပါသည်။ ဒေသခံ တိုင်းရင်းသား… မသုံးတတ်ခြင်း (သို့မဟုတ်) မသုံးဘူးခြင်း ဖြစ်ကော… ဖြစ်နိုင်ပါသည်။ ထို့အပြင် ဒေသအလိုက် အခေါ်အဝေါ်… ခြင်းကြောင့်လည်း ဖြစ်နိုင်ပါသည်။ ဒေါနတောင်တန်း… အနီးဝန်းကျင်တွင် နေထိုင်ကြသော တိုင်းရင်းသားများ… ဒေါနတောင်တန်းပေါ် သွားလာလှုပ်ရှားလုပ်ကိုင်ကြရသော… ပုဂ္ဂိုလ်များအနေဖြင့် ထိုဗိဇ္ဇာသီးပင်များကို ဒေါနတောင်တန်း… တစ်လျှောက် ရှာဖွေဖော်ထုတ် ထိန်းသိမ်းစောင့်ရှောက်ကာ… အစွမ်းထက် တိုင်းရင်းဆေးတစ်လက်ပေါ်ထွက်လာသည်… အထိ ဆောင်ရွက် အသုံးချနိုင်ကြပါစေသတည်း ■

ဆရာကြီး ဦးအောင်မြိုင် (ဥပဒေ…
(လက္ခဏာဗေဒင်ပညာသ…)

*****



www.burmeseclassic.com

www.burmeseclassic.com

# လျှို့ရှာဆန်းကြယ် စာအုပ်စင်

သုတအံ့

## ကလောင်စုံ

### ကျိုက်ထို အ.ထ.က နှစ်တစ်ရာပြည့်



ကျိုက်ထိုမြို့ဆိုတာ လူတိုင်းနီးပါး ကြားဖူးသလို၊ ရောက်ဖြစ်တဲ့ မြို့တစ်မြို့လည်း ဖြစ်ပါတယ်။ ကျိုက်ထိုမြို့ပေါ်မှာ ကျိုက်ပေါ်လောမ မှဲ့ရှင်တော်ဘုရားရှိသလို၊ နိုင်ငံသိ ကမ္ဘာသိဖြစ်နေတဲ့ ဆံတော်ရှင် ကျိုက်ထီးရိုးတည်ရှိတဲ့ မြို့လည်း ဖြစ်ပါတယ်။

ကျိုက်ထိုမြို့ရဲ့ အထက်တန်းကျောင်းဟာ နှစ်တစ်ရာပြည့်မြောက်ပါပြီ။ ရာပြည့် မဂ္ဂဇင်းတစ်စောင်ကို ကျောင်းသား ကျောင်းသူဟောင်းတွေ၊ အသစ်တွေ၊ သင်ကြားပြသပေးခဲ့တဲ့ ဆရာ၊ ဆရာမတွေက ဝိုင်းဝန်းပြီး ရေးသားထုတ်ဝေခဲ့တာပါ။

ကျိုက်ထိုမြို့နဲ့ ပတ်သက်ပြီး ဗဟုသုတရဖွယ် များစွာပါသလို၊ နှစ်တစ်ရာပြည့် ကျောင်းတော်ကြီးအကြောင်း၊ ပညာရေးအခြေအနေများ။ ပြီးတော့ ခေတ်ကာလ သမိုင်းကြောင်းများကိုပါ အားပါးတရ ဖတ်ရှုရမှာ ဖြစ်ပါတယ်။

ရာပြည့် မဂ္ဂဇင်းဖြစ်မြောက်ရေး ကော်မတီက စီစဉ်ထုတ်ဝေပြီး ရောင်းဈေးမှာ (၃၀၀၀)ကျပ်ဖြစ်ပါတယ်။

---




## ဝင့်ပြုံးမြင့်

### ရာဇသံ ရွှေပေ

စိတ်ဝင်စားစရာကောင်းတဲ့ စာအုပ်တစ်အုပ်ပါ။ အလောင်းမင်းတရားကြီးမှ အင်္ဂလိပ် ဂျော့ဘုရင်(၂)ထံကို ပေးပို့ခဲ့တဲ့ ရာဇသံ ရွှေပေလွှာနဲ့ ဆင်စွယ်ကြုတ်အကြောင်းပဲ ဖြစ်ပါတယ်။

ကမ္ဘာပေါ်မှာ တစ်ခုတည်းသာ ကျန်ရှိနေတဲ့ အနုပညာလက်ရာမြောက် ရွှေစင် ရွှေသားစစ်စစ် ရွှေပေလွှာတစ်စောင်ပါ။ လွတ်မြောက်သမိုင်းဆိုင်ရာ အထောက်အထားလည်း ဖြစ်ပါတယ်။

ရာဇဟူသည် "မင်း"၊ သံဟူသည်မှာ "သံတမန်ချစ်ကြည်ရေး"။ ရာဇသံ ရွှေပေလွှာ ဟူသည်မှာ ရာဇမင်းတို့ရဲ့ "ချစ်ကြည်ရေးသဝဏ်လွှာ"ပင်ဖြစ်ပါတယ်။ ဒီရွှေပေလွှာဟာ နှစ်ပေါင်း(၂၅၀)အကြာမှ ၂၀၀၇ခုနှစ်မှာ မျက်မြင်ထင်ရှား ပြန်လည်မြင်တွေ့ရတဲ့ အလောင်းမင်းတရားရဲ့ ရွှေပေလွှာဖြစ်နေပါတယ်။ ရွှေပေလွှာမှာ ရွှေစင်ရွှေသားစစ်စစ်ဖြစ်နေခြင်း၊ အနုပညာလက်ရာမြောက်ခြင်း၊ ပန်းရေးဟန်မှာ ဂုဏ်သိန်ပြည့်စုံနေခြင်းအပြင်၊ သမိုင်းဆိုင်ရာ တန်ဖိုးမဖြတ်နိုင်တဲ့ အထောက်အထားဖြစ်နေပါတယ်၊

ရေးသားပြုစုသူမှာ ဝင့်ပြုံးမြင့် ဖြစ်ပြီး "ငါတို့စာပေ"က စီစဉ်ထုတ်ဝေထားပါတယ်။ ရောင်းဈေးမှာ (၂၀၀၀)ကျပ်ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com




## ဂမ္ဘီရ ဆရာလှမျိုး

## ကိန်းဂဏန်းဗေဒင်နှင့် အဆောင်ယတြာများ

လူတိုင်းအတွက် အသုံးတည့်စေမယ့် ကိန်းဂဏန်းဗေဒင်နှင့်အတူ အဆောင်ယတြာများ စာအုပ် ထွက်ရှိလာပါတယ်။

ရေးသားပြုစုသူကတော့ ဂမ္ဘီရ ဆရာလှမျိုး(B.Sc)ပဲ ဖြစ်ပါတယ်။

ဂဏန်းဗေဒင်ဆိုသည်မှာ ဆင်ခြင်ရသော ပညာရပ်ဖြစ်ပြီး အက္ခရာများမှ တူညီသော ဂဏန်း၊ မွေးရက်ဂဏန်းတို့ကို ကောက်ယူတွက်ချက်ရပါတယ်။ လူမျိုးဘာသာမရွေး လက်တွေ့ အသုံးပြုနိုင်တဲ့ ပညာရပ်တစ်ခုဖြစ်သလို ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဂဏန်းဗေဒင်ကို စိတ်ဝင်စားခဲ့ကြောင်း စာရေးသူက ဆိုထားပါတယ်။

မိမိ၏ ဆိုင်ရာ ဆိုင်ရာ မွေးဂဏန်းများကို ရုပ်ပုံများနှင့်တကွ ရှင်းလင်းပြထားသလို ဆရာလွတ် မိမိကံကြမ္မာကို တွက်ချက်လေ့လာကြည့်လို့ ရပါတယ်။ အဆောင်၊ ယတြာများကိုပါ တစ်ပါတည်း ဖော်ပြပေးထားပါတယ်။

စာပေနန်းတော် စာအုပ်တိုက်က စီစဉ်ထုတ်ဝေတာဖြစ်ပြီး ရောင်းဈေးမှာ (၁၅၀၀)ကျပ် ဖြစ်ပါတယ်။

---




## ဒေါက်တာ အရှင်သုရိယ

## နေ့စဉ်သုံး အဘိဓမ္မာ

အဘိဓမ္မာ ဒေသနာတော်မှာ သုတ်၊ ဝိနည်းတို့ထက် ပိုခက်ခဲပါတယ်။ ရုပ်နှင့် နာမ်ကို အသေးစိတ် ခွဲခြမ်းစိတ်ဖြာပြထားတဲ့ ဒေသနာတော် အဘိဓမ္မာကို လေ့လာခြင်းဖြင့် တွေးခေါ်မြော်မြင်ခြင်း ဉာဏ်ပညာစွမ်းအားများ ပိုမိုရင့်သန်စေပါတယ်။

ဤမျှ ခက်ခဲ နက်နဲသော်လည်း သင်ကြား ရှင်းလင်းပြသသူ တော်က စိတ်ဝင်စားစရာကောင်းလွန်းတတ်ပါတယ်။ အဘိဓမ္မာသင်တန်းများ နေရာအနှံ့အပြားမှာ ဖွင့်လှစ်သင်ကြားပြသနေပါတယ်။

ဆရာတော် အရှင်သုရိယက ဖွင့်ဆိုရှင်းလင်းထားမှုများမှာ အဘိဓမ္မာကို လူတိုင်း လွယ်ကူစွာ ဖတ်မှတ်သိမြင်နိုင် ပါတယ်။

အဘိဓမ္မာနှင့် ပတ်သက်ပြီး လေ့လာမှတ်သား ကျင့်ကြံလိုသူများ နေ့စဉ်သုံး အဘိဓမ္မာ ဖတ်စေချင်ပါတယ်။ အောင်နိုင်ဖြိုး မီဒီယာက စီစဉ်ထုတ်ဝေထားပြီး တန်ဖိုးမှာ (၆၅၀)ကျပ် ဖြစ်ပါတယ်။

*****



www.burmeseclassic.com

www.burmeseclassic.com



ဆန်းဝင်း (အောင်မြေ)

သုသာန်ကျောင်းက

ပျဉ်သုံးချပ်

www.burmeseclassic.com

www.burmeseclassic.com

အချိန်က ၁၉၈၃ ခု၊ နှစ်လယ်ပိုင်းထဲမှာ ရန်ကုန်မှ တွံတေးမြို့ အုတ်ကွင်း (အုတ်နှင့် ဆေးသမ)မှ မန်နေဂျာ ဦးထွန်းမြင့်၏ ဖိတ်ခေါ် တာဝန်ပေးချက်အရ ထိုနှစ်ဦးပိုင်းကပင် အနီး အုတ်ကွင်းထဲသို့ မိသားစုလိုက် ပြောင်းရွှေ့လျက်၊ ကွင်း၏အလယ်၌ အသင့်ဆောက်ထားပြီးသော တဲအိမ်တွင် နေထိုင်၍ တာဝန်လက်ခံ ထမ်းဆောင်ရလေသည်။

အရှေ့ဘက်သို့ လားသော်၊ ကျောင်းသစ်ကျောင်း၊ ရွှေဆံတော်စေတီတော်ကြီးအိမ်(တဲ)ရှေ့ မျက်နှာစာ မြောက်ဘက် ကုန်းမြင့်မြင့်ကြီးတွင်တော့ စိမ်းစိုမည်းမှောင် ညို့ဆိုင်းနေသော ရော်ဘာစိုက်ပျိုးရေးခြံကြီးရှိ၏။ တောင်ဘက် အိမ်နောက်ဖေးဘက်တွင်ကား ကြီးမားကျယ်ပြန့်သော အုန်းခြံကြီးရှိသည်။ ထိုအုန်းခြံကို ကျော်ပါက ရှမ်းစုရွာသွား လမ်းဘေးတွင် တွံတေးသချိုင်းရှိလေသည်။ အနောက်ဘက်၌ (အိမ်ခြေရင်းဘက်) တစ်ခေါ်ခန့်တွင်ကား အိုးဖိုအရှေ့ရပ်ကွက် ဖြစ်လေသည်။ မိမိနေထိုင်သော တဲအိမ်နှင့် အနီးဆုံးအိမ်ကား တစ်ခေါ်ခန့် ဝေးလေသေးသည်။

အိုးဖိုအရှေ့ရပ်ကွက်အလွန် အုတ်ကွင်းဘက်အဝင်နားတွင် ကုလားကြီးတစ်ဦးမှ နွားများ မွေးထားလေသည်။ နေ့စဉ်လိုလို မြက်နုပေါ်သော အုတ်ကွင်းထဲသို့ နွားလာကျောင်းလေသည်။ ရံဖန်ရံခါ အိမ်ရှေ့ ဘူးစင်အောက်တွင် နားနေတတ်သည်။ ကွမ်းအမြဲငုံထားတတ်သည်။ စကားသိပ်မပြောပေ။ ပိန်ပိန်ပါးပါးနှင့် အမြဲတမ်း ခေါင်းပေါင်း,ပေါင်းထား၍ အသက်(၇၀) ကျော်ခန့်ရှိမည်ဟု ခန့်မှန်းရလေသည်။

မိမိတို့ ပြောင်းလာခါစ ညက တဲခေါင်းရင်းတွင် (၁၀)နှစ်သားခန့်ရှိ ကလေးများ လာရောက်ငို၍ အကူအညီတောင်းသည့် အိပ်မက်အား မြင်မက်ဖူးသည်။

ထို့ကြောင့် တစ်နေ့တွင် ထိုနွားကျောင်းသား ကုလားကြီး မိမိအိမ်ရှေ့ ဘူးစင်အောက်သို့ လာရောက်နားနေခိုက်တွင် မိမိက စကားစ,၍မေးဖြစ်လေသည်။

"မာမူ"

"ဟေ···ဟေ"

"မာမူ ဒီအနားတစ်ဝိုက်မှာ ကလေးသူငယ်တွေ အစုလိုက် အပြုံလိုက် သေဖူးတာတွေများ ရှိခဲ့ဖူးလား။ မာမူများ သိမလားလို့ မေးကြည့်တာ"

ကုလားကြီးက ခေါင်းတစ်ချက်ညိတ်၍ ကွမ်းတံတွေးတစ်ချက်ထွေးပြီး ဘယ်ဘက် ပါးစောင်းမှ ကွမ်းအား ညာဘက် ပါးစောင်းသို့ ပို့ပြီးနောက် -

"အင်း···ကြာတော့ ကြာပြီကွဲ့။ အခု မင်းတို့ တဲခေါင်းရင်း ခပ်လှမ်းလှမ်း ကွင်းစပ်နားက ကောနေသလို ဖြစ်နေတဲ့ ရေကန်၊ တွေ့တယ်မဟုတ်လား"

"အခုတောင် ရေအတော်များသေးတယ်။ ရေလည်း ကောင်းတယ်။ နွားတွေလည်း သောက်ကြတယ်။ အင်း···အဲဒီကန်လား၊ ဆက်ပါဦး မာမူရဲ့"

"ဟိုတုန်းက ခဝါကန်လို့ ခေါ်တယ်။ ဒီအနီးတစ်ဝိုက်မှာ ကုလားလူမျိုးတွေ နေတယ်။ အဝတ်လျှော်တဲ့ ကန်ပေါ့ကွယ်။ မှတ်မှတ်ရရ ဂျပန်ခေတ်ကပေါ့။ အဲဒီကန်ထဲကို ဟိုကျောင်းသစ်ကျောင်းက ဘုန်းကြီးကျောင်းသားတွေ ရေဆင်းကူးကြတာ ၁၀နှစ်သားလောက်အရွယ် ကျောင်းသားလေး လေးယောက်ဟာ တစ်ပြိုင်တည်း ရေနစ်သေကြတယ်။ ခဝါကန်ဆိုတာ ရေဆင်းမကူးရဘူးလေ။ ကုလားတွေ အလေးအမြတ်ထားတာကို မသိရှာကြဘူးပေါ့ကွယ်"

ထိုကုလားအဘိုးကြီး ပြောပြချက်ကြောင့် ထိုရေနစ်သေခဲ့သော ကလေးများမှာ ကျွတ်လွတ်မည်မဟုတ်သေးကြောင်း သံဝေဂရဖွယ် ကရုဏာသက်မိ၏။ ဒါကြောင့် အိပ်မက်ပေး အကူအညီတောင်းခံကြသည်ဟုလည်း ထင်မိ၏။

◈◈◈

သီတင်းကျွတ်သောအခါ အုတ်ကွင်း၌ အလုပ်သမားများ ကွင်းပြင်ခြင်း၊ တလင်းရှင်းခြင်း၊ နွားဖြင့် ဂျုတ်တိုက်ခြင်း၊ အုတ်ရိုက်မည့် အဖွဲ့များနှင့် စာချုပ်ခြင်း၊ နေရာချ သတ်မှတ်ပေးခြင်း၊ ငွေထုတ်ရက် သတ်မှတ်ခြင်း၊ အုတ်တွင်းလုပ်ငန်းဆိုင်ရာ စည်းကမ်းများ ရှင်းလင်းအသိပေး ပြောကြားခြင်း အစရှိသော လုပ်ငန်းများကို မိမိက ဆောင်ရွက်ရလေသည်။ ထိုအခါ အိမ်ရှေ့ ဘူးစင်အောက်တွင် ရုံးခန်းအသွင် ဆောင်ရွက်ရန် စားပွဲ၊ ကုလားထိုင်များ လိုလာလေရာ ရုံးမှ တန်းလျားတစ်ခုသာ ပို့ပေးသဖြင့် မန်နေဂျာ ကိုထွန်းမြင့်မှ···

"ကိုဆန်းရေ··တို့ စားပွဲကောင်းကောင်းလုပ်ဖို့ ကျွန်းပျဉ်တွေ ရရင် မကောင်းဘူးလား။ ချောလည်း ချောတယ်။ အရှည် ၆ပေလောက်တော့ ရမယ်"

"ရတယ်လေ ကိုထွန်းမြင့်ရဲ့ ဝါး ပေါ်သားပဲဟာ။ ဝါးတိုင်ကို ခွလုပ်ပြီး အခင်းသဘောမျိုး စီစဉ်မယ်။ ထိုင်ခုံလည်း ဝါးနက်ဝါးကို ခွလုပ်ပြီး တန်းတင် သံရိုက်လိုက်ရင် အဆင်ပြေပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com

"အေး ကဲ…ဒါဆို တို့ ပျဉ်ပြားတွေ သွားဝယ်ကြရအောင်"

မိမိနှင့် မန်နေဂျာ ကိုထွန်းမြင့်တို့ အိမ်နောက်ဘက် အုန်းခြံကြီးအား ဖြတ်ကျော်၍ တွံတေးသချိုင်းအဝင် မလှမ်းမကမ်းမှ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းအတွင်းသို့ ရောက်ရှိသွားပြီး ဘုန်းတော်ကြီးနှင့် အလာပ သလ္လာပ စကားပြောပြီးနောက် ကျွန်းပျဉ် သုံးချပ်ခန့် စွန့်ပါရန် လျှောက်ထားရလေသည်။

"တပည့်တော်တို့ အုတ်ကျင်းမှာ စားပွဲပြုလုပ်ဖို့အတွက် ကျွန်းပျဉ် ကောင်းတာလေး သုံးချပ်လောက် စွန့်ပါ ဘုရား။ တပည့်တော်တို့ ဝတ္တုကပ်ပါ့မယ် ဘုရား"

"အေး…ဒကာကြီး၊ ဘုန်းကြီးလည်း လှူစရာရှာရတာပေါ့။ တစ်ချပ်ကို ငါးကျပ်နဲ့ပဲ လှူပါ ဒကာကြီး"

သို့နှင့် ကျွန်းပျဉ်များမှာ ဒုကလည်း တစ်လက်မ၊ အနံ(ဖြက်)က တစ်ပေခွဲ၊ အလျား ၆ ပေ (ခြောက်တစ်လက်မ သုံးပြားအား အသေအချာ ကော်ကပ်ဆက်ထားသော) သုံးချပ်အား စာရေးသူနှင့် မန်နေဂျာ ကိုထွန်းမြင့်တို့ ထမ်းလာပြီးလျှင် လိုအပ်သော ဝါးနက်ဝါးများဖြင့် ခွများ၊ တန်းများ ပြုလုပ်ပြီး စားပွဲကဲ့သို့ အမြင့် ၂ ပေ၊ ၁၀ လက်မ၊ အကျယ် ၃ပေ(ပျဉ်နှစ်ချပ် ဆက်လိုက်သောကြောင့်)၊ အလျားမှာ ၆ပေကွက်တိ တစ်ဖက်ထိုင်ခုံအား ဝါးတန်းခွများ ပြုလုပ်ပြီး ခြောက်တစ်လက်မ ပျဉ်အား အခင်းပြုလုပ်သည်။ ပြီးစီးသောအခါ ကျန်တစ်ဖက်ကို တန်းလျားချလိုက်ပြီး အလုပ်စားပွဲတစ်ခုအသွင် သပ်ရပ်စွာ အသုံးပြုနိုင်သွားပေတော့သည်။

◈◈◈



စားပွဲထိုင်ခုံများ ပြုလုပ်ပြီးနောက် နှစ်ရက်ခန့်အကြာတွင် နေ့ခင်းဘက် စားပွဲ၌ ရေနွေးကြမ်းသောက်နေရာ ဇနီးဖြစ်သူက ငါးရံ့ခြောက် မီးဖုတ် ဆီဆမ်း လာချပေးရင်း…

"အစ်ကို့စားပွဲကတော့ ပေါလစ်တင်ပြီးသား အမိုက်စားပဲနော်"

"အေးလေ၊ ကျွန်းသား။ တစ်လက်မ ထူတယ်။ သေချာစပ်ထားပုံပဲ"

"ဘုန်းကြီးကျောင်းက ဝယ်လာတာဆို၊ ဟုတ်လား"

"အေးလေ၊ ကိုထွန်းမြင့် လိုက်ဝယ်ပေးတာပဲ။ ဈေးကလည်း သက်သာတယ်"

"ဈေးသက်သာတာလည်း ကောင်းတာပဲ။ ဖျဉ်က ပေါလစ်တိုက်ထားသေးတာ။ ပြီးတော့ အကုန်လုံး ၆ပေကွက်တိတွေချည်းပဲ။ အစ်ကို့ ကျွန်းပျဉ်တွေက ဈေးကလည်း သက်သာလွန်းတယ်။ သုသာန်အဝနားက ဘုန်းကြီးကျောင်းက ဝယ်လာတာဆိုတော့ ဟို အခေါင်းဖုံး ပျဉ်ပြားတွေများလား မသိဘူးနော်"

ဇနီးသည်က ပြောတော့မှ မိမိလည်း စဉ်းစားမိပေသည်။ ကျွန်းသားစစ်စစ် ရှယ်ပျဉ်အား ဤဈေးနှုန်းနှင့် ရသည်မှာ အခေါင်းဖုံးပျဉ်သာ ဖြစ်ပေမည်။ ပြီးတော့ သုသာန်ဝက ဘုန်းကြီးကျောင်း။ အနည်းငယ်တော့ ခေါင်းကြီးသွားမိလေသည်။

"ဒါပေမယ့် မိန်းမရယ်၊ သုသာန်က ပစ္စည်းက သုံးကောင်းပါတယ်။ တို့ မြတ်စွာဘုရားတောင်မှ လူသေက အဝတ်ကို ပံ့သကူကောက်တာမဟုတ်လား။ ဘာပြဿနာမှ မရှိဘူး။ အဲ… ဘုရားပစ္စည်း၊ ကျောင်းပစ္စည်းကသာ ကြောက်စရာကောင်းတာလေ"

"အင်းလေ၊ ကျွန်မ အယူမသီးပါဘူး။ ဘာသာရေးသမားတွေပဲဟာနော်၊ ကျောင်းနဲ့ သံဃာ့ပစ္စည်း၊ ဘုရားပစ္စည်းမဟုတ်ရင် ပြီးတာပါပဲ"

စာရေးသူလည်း လည်မလိုလိုနှင့် ဇနီးသည် ပြောတော့မှပဲ အခေါင်း



www.burmeseclassic.com

www.burmeseclassic.com

ပျဉ်မှန်း သိရတော့သည်။ သုသာန်ဝက ကျောင်းကရေအ အခေါင်းပျဉ်တွေကို မည်သည့်နည်းနှင့် ရထားသနည်း။ ထို နေ့က ရေဆေးပြီး နေလှန်းထားသော ပျဉ်ပြား လေးငါးချပ်ကိုပါ တွေ့ခဲ့ရသေးသည်။ မရိုပ်မိခဲ့။

◈◈◈

အုတ်စာရင်း၊ အလုပ်သမားများ အား ငွေထုတ်စာရင်းများ ပြုလုပ်နေရင်း နေ့လယ်က စားထားသော ကြက်သား ဘူးသီးချက်နှင့် ငါးပိရည်၊ တို့စရာများ အား အကြိုက်တွေ့၍ ထမင်းစားများ သွားသည်ထင်၏။ အနည်းငယ် အိပ် ငိုက်သယောင်ရှိလာသည်။ သို့နှင့် စာရင်းများ အပြီးတွင်…

"အမေကြီးရေ"

"ရှင်…အစ်ကို"

"ငါ့ကို အဲဒီက ခေါင်းအုံးတစ်လုံး လောက် ပေးစမ်းပါ။ ခဏ တုံးလုံးလှဲ လိုက်မလားလို့။ ငိုက်သလိုလိုဖြစ်လာ လို့ဟေ့"

"အင်း…အဲဒီမှာ အိပ်မလို့လား။ အိမ်ပေါ် တက်အိပ်လေ"

"ခေါင်းအုံးသာ ပေးပါဟာ။ ဒီမှာ လေလေး တဖြူးဖြူးနဲ့ဟ"

"အင်း…အင်း၊ ဒါဆို အိပ်… အိပ်၊ ညနေ ကိုထွန်းမြင့်တို့ လာမှာ"

"အေးပါ၊ အေးအေး"

ခေါင်းအုံးအား ယူ၍ ထိုင်ခုံမှ ထပြီး တန်းလျားပေါ်တွင် အသာလှဲ၍ ထမင်းလုံးစီရင်း လေတဖြူးဖြူးနှင့် မကြာမီ အကြားအာရုံများ ဝေး၍ဝေး၍ သွားလျက် ပြင်ပလောကနှင့် အဆက် ပြတ်မှန်းမသိ ပြတ်သွားလေတော့သည်။

◈◈◈

"ဟော့…ဆရာ၊ ဟော့…ဆရာ"

ကျွန်ုပ် မမြင်ဘူးသော လူတစ် ယောက်က ပခုံးအား နောက်မှ ပုတ်၍ ခေါ်သောကြောင့် လှည့်ကြည့်လိုက်ရာ တစ်ဦးက အသက် (၄၀)ခန့်၊ ဥပဓိရုပ် သန့်သန့်၊ တိုက်ပုံအင်္ကျီနှင့် နှာတံပေါ် ပေါ်၊ မေးစေ့ ညာထောင့်တွင် ဂရုတ် ကောင်းစေ့ခန့် မှဲ့တစ်လုံးက အမွေးများ ပါ ပေါက်လျက် ထင်ရှားလှသည်။ ၎င်း၏နောက်မှ လူတစ်ယောက်က သျှောင်တစောင်းနှင့် ဝဝ၊ ကွမ်းစားသော ပါးစပ်နှင့် ပုဆိုးကွက်တုံး၊ ရှမ်းပင်နီ တိုက်ပုံအင်္ကျီဟောင်းအား အတွင်းခံ မပါဘဲ ဝတ်ထားသည်။ နောက်တစ်ဦး ကား ပိန်ပိန်ပါးပါး အသက် (၃၀)ခန့် မျက်ခုံးမွေးကောင်းကောင်း၊ နှုတ်ခမ်းမွေး လည်း အလွန်ကောင်းသည်။ ဥပဓိရုပ် လည်း မဆိုး။ လူဖြောင့်စာရင်းဝင်နိုင် သည်။ ထိုလူသုံးယောက် ကျွန်ုပ်ထံ ဘာကိစ္စလာသည် မသိရသေး။

"ဪ…ကဲ၊ ထိုင်ကြပါဦး။ လာရင်းကိစ္စလေးလည်း သိပါရစေ ခင်ဗျ"

ကျွန်ုပ်အထင် အုတ်လုပ်ငန်း အား ထင်းသွင်းမည့် ကန်ထရိုက်များ လော၊ အုတ်များ အလိုရှိ၍ မှာကြား မည့် လူများလောဟုပင် ထင်လိုက် မိသည်။ ထိုသုံးဦးကား ကျွန်ုပ်ရှေ့ တန်းလျားတွင် ဝင်ထိုင်ကြပြီး သုံး ယောက်လုံး ညီညာစွာ လက်အုပ်ချီ၍ နှုတ်ဆက်ကြသည်။ ထူးဆန်းနေသလို ခံစားရသဖြင့် သူတို့ပြောမည့် စကား ကို စောင့်မျှော်ကြည့်မိ၏။

"ဒီက နောင်ကြီးတို့ မိသားစုက ဘာသာရေး လေးလေးစားစားလုပ်ကြ တာ ကျွန်တော်တို့ သိပါတယ်။ ကျွန် တော်တို့အတွက် အားကိုးရလောက် တဲ့ မိသားစုမှန်းလည်း သိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ သုံးယောက် ကံကောင်းပြီလို့ တွက်ဆပြီး အခုလို တွေ့ဆုံဖြစ်ကြဖို့ တိုင်ပင်ပြီးမှ လာခဲ့ ကြတာပါ"

"ဪ…ဟုတ်ကဲ့၊ အဓိပ္ပာယ်ရှိပါ။ နောင်ကြီးတို့ ဘာများ လိုအပ်နေတာ ပါလဲ။ ကျွန်တော် ဘာများ ကူညီနိုင်ပါ သလဲ၊ ပြောပါ။ ကူညီလို့ ရနိုင်တာ မှန်သမျှ ကူညီဖို့ ကတိပြုပါတယ်။ ပြောပါခင်ဗျ"

ထိုသုံးယောက်ကား ရွှင်လန်း သော မျက်နှာများဖြင့် တစ်ဦးကို တစ်ဦး ပြုံး၍ကြည့်လျက် ခေါင်း တညိတ်ညိတ်ဖြင့်၊ ထိုစဉ် မေးစေ့တွင် မှည့်နှင့် လူက…

"ဟုတ်ကဲ့၊ အခုလို ကြားရတာ ဝမ်းသာလှပါပြီဗျာ။ ကျွန်တော့်နာမည် က အောင်မင်းပါ။ ဟောဒီက သျှောင် တစောင်းနဲ့ကတော့ ပန်းပဲဆရာ ဝကြီး ပါ။ နောက် ဟောဒီ နှုတ်ခမ်းမွေးနဲ့ကတော့ ပန်းချီဆရာ မောင်သိန်းပါခင်ဗျ"

"ဟုတ်ကဲ့၊ မှတ်ထားပါ့မယ် ခင်ဗျ"

"အင်း…ကျွန်တော်တို့ လေးနှစ် လောက်ရှိပါပြီ။ အကျဉ်းအကျပ် စိတ် ဆင်းရဲ ကိုယ်ဆင်းရဲ ကြုံနေကြရပါ တယ်။ အမိုလည်း မရ၊ နောက်က မိသားစုတွေကလည်း ကောင်းမှုပြုလုပ် ချက် မမှန်တော့ ကျွန်တော်တို့ လိုရာ ခရီးမရောက်နိုင်ကြဘူး။ ပင်ကိုယ်စိတ် ဓာတ်တွေ ကောင်းကြပေမယ့် အယူ အဆအမှားကြောင့် မဖြစ်သင့်တာ တွေ ဖြစ်ကြရတယ်ဗျ"

"အဲဒီတော့ ကျွန်တော်က ဘာလုပ်ပေးရမှာပါလဲခင်ဗျ"

"ဟုတ်ကဲ့၊ နောင်ကြီးတို့ မိသား စုလည်း ချမ်းချမ်းသာသာကြီးမဟုတ် တော့ အားနာလှပါတယ်။ ကျွန်တော် တို့ သုံးယောက်အတွက် ကောင်းမှု ကုသိုလ်ပြုလုပ်ပြီး အမျှပေးပါ။ နောင် ကြီးတို့မိသားစုရဲ့ အနီးမှာပဲ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

တို့ ရှိနေမှာပါ။ ဒီအတွက် အန္တရာယ် မရှိအောင် ကျွန်တော်တို့ကလည်း စောင့်ရှောက်ပါ့မယ်"

"ဟုတ်ကဲ့၊ ပြောပါ"

"ပြီးတော့ နောင်ကြီးတို့အတွက် မကြာမီ ပစ္စည်းတစ်ခုပို့ပေးလိုက်ပါ့ မယ်။ ကျွန်တော်တို့အတွက်သာ…"

"အာ…စိတ်ချပါ ကိုအောင်မင်း။ လုပ်ပေးပါ့မယ်။ အပန်းမကြီးလှပါဘူး ဗျာ၊ ဟုတ်ပြီလား"

"ဝမ်းသာလှပါပြီ နောင်ကြီး။ ကဲ- ကျွန်တော်တို့ကို ပြန်ခွင့်ပြုပါဦးခင်ဗျ"

ပြောပြီး သုံးယောက်သား လက် အုပ်ချီ နှုတ်ဆက်၍ ဘူးစင်အရိပ် အောက်မှ ထွက်သွားကြလေတော့ သည်။

"သူတို့ကို ကောင်းမှုပြုပြီး အမှု အပါဆိုတော့…ဟာ…ဒါ ပရလောက သားတွေလား။ ပစ္စည်းတစ်ခုပို့လိုက်ပါ့ မယ်တဲ့။ ဘာပစ္စည်းများလဲ။ ဘာပစ္စည်း များ ဖြစ်မလဲ"

"အစ်ကို…အစ်ကို"

"အင်…အင်…အာ…ဟာ"

"နေ့ခင်းကြောင်တောင် အိပ်ပျော် ပြီး ဘာတွေ ယောင်နေတာလဲ။ ဘာ ပစ္စည်းလဲ၊ ဘာပစ္စည်းလဲနဲ့ ဟင်…"

"အေး၊ အိပ်မက်ပါကွာ။ ဘာမှ တော့ သိပ်မဟုတ်ပါဘူး"

◈◈◈

ညနေပိုင်း အုတ်ကွင်းလုပ်ငန်း များ ပြီးသောအခါ မန်နေဂျာ ကိုထွန်းမြင့်နှင့် ရေနွေးကြမ်းသောက် ရင်း နေ့လယ်က အိပ်မက်အား မေး မြန်းရန် စဉ်းစားမိသဖြင့်…

"ကိုထွန်းမြင့်…ဒီ တွံတေးမြို့ နေတာ ကြာပြီလား"

"အင်း…၂၅နှစ်လောက်ရှိပြီ ပေါ့ဗျာ"

"ဒါဆိုရင် ကိုအောင်မင်း ဆိုတဲ့ လူတစ်ယောက်က ညာဘက် မေးစေ့ အောက်မှာ မှဲ့နဲ့ အမွေးလေးလည်း ပါ သေး။ အသက်က ၄၀ လောက်။ ပြီး တော့ သျှောင်တစောင်းနဲ့ ဝဝ၊ တိုက်ပုံ အင်္ကျီနဲ့ ပန်းပဲဆရာ ဝကြီး၊ နောက် တစ်ယောက်က မျက်ခုံးမွေးထူထူ၊ နှုတ်ခမ်းမွေးကလည်း ကောင်းကောင်း နဲ့ ပန်းချီဆရာ မောင်သိန်းတဲ့။ အဲဒီလူ တွေအကြောင်းကို ကျွန်တော် နည်း နည်းလောက် သိချင်တယ်"

အနည်းငယ် ထူးဆန်းသော အကြည့်ဖြင့် ကိုထွန်းမြင့်က မိမိအား ကြည့်ပြီး ရေနွေးကြမ်းခွက်ထဲ ရေနွေး ငှဲ့လျက်…

"မင်းက ဒီလူတွေနဲ့ ဘယ်တုန်း က သိတာလဲ။ ဘာကိစ္စ ရှိထားလို့လဲ။ ပြီးခဲ့တဲ့ လေးနှစ်လောက်က ရန်ကုန် သွားရင်း ဓလ မရောက်ခင် ဘုရားဝတ် တို့နားမှာ ကားမှောက်တာ သူတို့ သုံး ယောက် သေသွားကြတယ်။ ကြုံကြုံ ဖန်ဖန် မင်းက မေးတော့ ဘယ်လိုများ အကြောင်းရှိလို့လဲ၊ လုပ်စမ်းပါဦး။ မင်း ဟာက တော်တော်ဆန်းနေတယ်"

မိမိသည် နေ့လယ်က လွန်စွာ တိကျလှသော အိပ်မက်အား မန်နေဂျာ ကိုထွန်းမြင့်ကို အသေအချာပြောပြရ လေသည်။ ဇနီးဖြစ်သူကပါ အံ့ဩစွာ နားထောင်နေ၏။

"အဲဒီ ကိုအောင်မင်းဆိုတဲ့သူရဲ့ ပြောပြချက်အရ ပစ္စည်းတစ်ခုတော့ ထူးထူးဆန်းဆန်းရောက်လာမယ်တဲ့။ အဲဒီအခါကျမှ ကျွန်တော်တို့ ဆက်ပြီး ဆောင်ရွက်ကြတာပေါ့ ဟုတ်ဘူးလား"

"အေးပေါ့ ဒီလိုပဲ လုပ်ကြရမှာ ပေါ့ အင်း…"

◈◈◈

တစ်နေ့သော နံနက်တွင် မိမိ



သည် အလုပ်သမားများအား စာရင်း တွက်၊ ငွေကြိုထုတ်ပေးပြီးနောက်၊ မျက်နှာသိ၊ ရင်းနှီးသူထဲက မဟုတ် သော အသက် ၄၀ ခန့်ရှိ ဝဝတောင့် တောင့်၊ အသားလတ်လတ်၊ ဆံပင် နစ်စုခွဲစည်းထားသော အမျိုးသမီး တစ်ယောက်သည် မိမိတို့ တဲအတွင်း ဝင်လာလေသည်။

"အုတ်ကျင်းတာဝန်ခံ ဦးဆန်း ဝင်းလားရှင်"

"ဟုတ်ပါတယ်ခင်ဗျ။ ဘာများ ကိစ္စရှိပါသလဲ၊ ပြောပါ"

"အမလေး… ကိုကြီးရေ ရှင့် မိတ်ဆွေကြီး တွေ့ပြီတော့။ ဟောဒီမှာ ဒီပစ္စည်းလေး ရှင့်ကို အမြန်ဆုံး ပေး၊ ပေးပါလို့ အိပ်မက်မက်တာ သုံးရက် တောင် ရှိပြီရှင့်။ ဒါကြောင့် မေးစမ်း ပြီး လာပို့ရတာပါ။ အံ့ဩလွန်းလို့"

ထို့နောက် တန်းလျားတွင် ထိုင် ၍ စကားအနည်းငယ်ပြောပြီး ပြန်သွား လေတော့သည်။ ထိုအမျိုးသမီးက အထွက်၊ မန်နေဂျာ ကိုထွန်းမြင့်က လည်း အရောက်။

"ဟာ…မောင်ဆန်း၊ အခုန ဒီက ပြန်သွားတာ ဟိုပန်းပဲဆရာ ဝကြီးရဲ့ မိန်းမပဲ။ အဲ…ဒါပေမယ့် ဝကြီးသေ ပြီး နောက်နှစ်မှာပဲ နောက်ယောက်ျား ယူလိုက်တာ။ အင်း…အဲဒီမိန်းမလည်း ခပ်ဆိုးဆိုးပဲဟ"

"ဟောဒီမှာ ဝကြီးက အိပ်မက် ပေးလို့တဲ့၊ ကျွန်တော့်ကို သွားပေးပါဆို လို့ ရှာစမ်းပြီး လာပို့သွားတာ။ ဖြည် တောင် မကြည့်ရသေးဘူးဗျ"

ထို့နောက် ကိုထွန်းမြင့်က ကျွတ်ကျွတ်အိတ်အမည်းနှင့် ထည့် လာသော အတွင်းမှ ပစ္စည်းအား ကြည့် လိုက်သောအခါ အဖုလုံးနှစ်ခုပါသော မည်းပြောင်နေသော သစ်ဝင် ပြီး





www.burmeseclassic.com

www.burmeseclassic.com

မဟုတ်)ပျဉ်းကတိုးသားဟု ထင်ရသော သစ်သားဘု(အနှိပ်သည်ဘု) ကလေးအား တွေ့ရလေသည်။ အောက်ဘက်တွင် ခေးဖြူသုတ်ထားလေသည်။

"အနှိပ်သည်ဘုပဲကွ။ ဘာမှတော့ မဆန်းလှပါဘူး"

ထို့နောက် မိမိအား လှမ်းပေးရာ ထိုင်ခုံအောက် မြေကြီးအထိ စားပွဲမှ နှစ်ဆင့်တိုက် ထိ၍ ပြုတ်ကျသွားလေသည်။ ပြန်ကောက်ပြီး ကြည့်သောအခါ ဗိုက်ဘက်မှ ခေးကချို့ကွာသွားသောကြောင့် ဝက်အူလှည့်ဖြင့် လှည့်ရသော စက္ကူခေါင်းသေးသေးလေးအား တွေ့ရသည်။ ဝက်အူလှည့် ယူ၍ လှည့်ထုတ်လိုက်သောအခါ တစ်လက်မခွဲပတ်လည် သံပြားဝိတ် အခေါင်းပေါက်အား တွေ့ရလေသည်။ အတွင်း၌ ဖါဂွမ်းများ သိပ်ထားသဖြင့် ဝက်အူလှည့်နှင့် ပင် ထိုး၍ ကလော်ထုတ်သောအခါ ဂွမ်းစများထဲမှ အုတ်ပုံ ကျားလက်စွပ်နှစ်ကွင်း၊ သံကြိုးပုံ ဆွဲကြိုး(စုစုပေါင်းရွှေချိန် နှစ်ကျပ်သားခန့်)အား တွေ့ရလေသည်။

"အင်း…မောင်ဆန်းရေ ဝကြီး မိန်းမ ဒီအနှိပ်သည်ဘုထဲ ဒါတွေ ပါမှန်း များသိရင် အ…ဟ…ရင်ကွဲပက်လက် ဖြစ်တော့မှာပဲ"

"အာ…သူနဲ့ မပတ်သက်လို့ မရထိုက်တာလည်း ပါမယ်။ ပြီးတော့ ဝကြီးက သေချာသိမ်းထားပုံလည်း ရတယ်။ သူတို့အတွက် အဆင်ပြေသွားတာပေါ့။ ဩော်…ဒီလိုနည်းနဲ့ လာတာကိုး။ ကဲ…ကျွန်တော်တို့ တာဝန်အတိုင်း ဆောင်ရွက်လိုက်ကြရအောင် ကိုထွန်းမြင့်ရေ"

"အေးပေါ့ လုပ်စရာပေါ်လာပြီကိုး"

◈◈◈

ကိုထွန်းမြင့်နှင့် တိုင်ပင်၍ ထိုပစ္စည်းများအား ထုခွဲရောင်းချပြီးနောက် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းများ စုံလင်အောင် စီမံ၍ ကျောင်းသစ်ကျောင်းမှ ဘုန်းတော်ကြီး ငါးပါးပင့်လျက် ဆွမ်းသွတ်၊ ဆွမ်းကျွေးအလှူပြုလုပ်ပြီး ကိုအောင်မင်း၊ ကိုဝကြီး၊ ပန်းချီ မောင်သိန်းတို့အား သေသေချာချာ နာမည်ခေါ်၍ အမျှပေးဝေလျက် ကောင်းမှုကုသိုလ်များ ရစေကြောင်း ကတိခံထားသည့်အတိုင်း ရေစက်ချလှူဒါန်းပေးလိုက်လေသည်။

သုံးလခန့်အကြာတွင်တော့ ညတစ်ညဌ ဝတ်ကောင်းစားလှများဖြင့် ဝင်းဝင်းဝါဝါ ရွှင်ရွှင်လန်းလန်းဖြင့် သူတို့သုံးဦးကို ဝမ်းသာကြည်နူးဖွယ်ရာ တွေ့လိုက်ရသည်။

တစ်နေ့သော နေ့လယ်ခင်းတွင် မိမိတို့ ဇနီးမောင်နှံနှင့် ကိုထွန်းမြင့်တို့ ရေနွေးကြမ်းသောက်၊ စကားပြောနေကြ၏။

"မောင်ဆန်းရေ…ငါ အဖြေရှာမရသေးတာ တစ်ခုရှိတယ်။ ဒီ ဝကြီးတို့ သုံးယောက်တည်းပဲ မင်းကို ဘာကြောင့် အိပ်မက်ပေးရတာလဲ။ အဲဒီကားမှောက်တုန်းက အနည်းဆုံး ကိုးယောက်လောက် သေတာကွ။ ကျန်တဲ့သူ ယောက်ျား၊ မိန်းမတွေက လာပြီး အိပ်မက်မပေးဘဲနဲ့ ဒီသုံးယောက်သာ ဘာဖြစ်လို့ ကွက်ပြီး အကူအညီတောင်းရသလဲ။ အဲဒါ ငါ နည်းနည်းမှ မရှင်းဘူးဖြစ်နေတယ်ကွ"

"ဩော်…ကိုထွန်းမြင့်ကလဲ၊ အဲဒီ တွဲတေးသား လူသေလောင်းတွေကို ဘယ်မှာ မြှုပ်တာလဲ"

"အေး၊ ဒီတွဲတေး သင်္ချိုင်းမှာပဲ မြှုပ်ရတာပေါ့"

"ကဲ…ဟုတ်ပြီ၊ သူတို့ကို ဖြစ်သလို မြှုပ်တာလား၊ အခေါင်းနဲ့ ဘာနဲ့ ကောင်းမွန်စွာ မြှုပ်တာလား"

"အာ…ကောင်းကောင်းမြှုပ်တာပေါ့ဟ။ ငါသိတာပဲ"

"ကဲ…ဒါဆို ကျွန်တော်တို့ ပျဉ်ပြားခုံးချပ် ဘယ်က ဝယ်လာတာလဲ။ သုသာန်ဝ ဘုန်းကြီးကျောင်းကမို့လား။ အဲဒီပျဉ်တွေက ဘာဖြစ်နိုင်သလဲ။ အခေါင်းဖုံး ပျဉ်တွေမဟုတ်လား။ အဲဒီ အခေါင်းဖုံးတွေက ဝကြီးတို့ရဲ့ အခေါင်းဖုံး ပျဉ်တွေရော မဖြစ်နိုင်ဘူးလား"

"ဟ…ဟ…ဟားဟား၊ အမှန်ပေါ့ကွာ။ ငါ့နှယ်၊ ဒုန်းဝေးလိုက်ပါတော့ မောင်ဆန်းရေ၊ မင်းပြောမှပဲ ရှင်းတော့တယ်။ သူတို့အခေါင်းဖုံးနဲ့ ဆက်စပ်နေတာကိုး။ အင်း… ဒါကို အခုမှ စဉ်းစားမိတယ်"

"ဝကြီးရဲ့ မိန်းမ အနှိပ်သည်ဘုလေး လာပို့တာလည်း ဆန်းတာပဲနော်။ ဒါကြောင့် အလှူလုပ်ပေးနိုင်တာ။ အေးလေ၊ ကံ-ကံ၏အကျိုးပဲ။ လောကကြီးက တကယ်ဆန်းကြယ်တာပဲနော်။ ဘာပဲပြောပြော ကတိအတိုင်း လုပ်ပေးနိုင်တဲ့အတွက် တာဝန်ကျေပြီဗျာ"

"အေးနော်၊ လူသုံးယောက် ဖွဲ့သုံးချပ်၊ ဟုတ်ပေ့ မောင်ဆန်းရေ ကြံကြံဖန်ဖန်မှ ခုံတာတ်ပလေနော်"

ထိုအခါ မိမိ၏ ဇနီးသည်က…

"ဒါဆို အစ်ကို အဲဒီသုံးယောက် ကောင်းရာသုဂတိရောက်သွားနိုင်တာပေါ့နော်"

"အာ… အသေအချာပေါ့ သေချာတာပေါ့" ■

ဆန်းဝင်း (အောင်မြေ)

*****





www.burmeseclassic.com

www.burmeseclassic.com

# မြစေတီကျောက်စာသို့

မောင်သာ (ရှေးဟောင်းသုတေသန)



ရန်ကုန်တွင် မိုးများနေသည့် ရက်များအတွင်း ပုဂံသို့ ကျွန်တော် ရောက်ရှိနေခဲ့သည်။ ပုဂံသို့ ရောက်တိုင်း အချိန် ...င် ရသကဲ့သို့ ပုဂံစေတီပုထိုးများကို ကျွန်တော် သွား ...ာက်ဖူးမြော်မြဖြစ်ပါ၏။

ယခုအခေါက် ခရီးစဉ်က ကျွန်တော်တစ်ယောက် တည်းသွားခဲ့သော ခရီးဖြစ်သဖြင့် တည်းခိုသည့် ဟိုတယ်မှ မြစေတီသို့ ကျွန်တော့်ဖောက်သည် ဆိုင်ကယ် ကယ်ရီ သမားလေး ကိုသက်နိုင်ကို လိုက်ပို့ခိုင်းခဲ့ပါသည်။

မြစေတီသည် ပုဂံမြို့မှ တောင်ဘက် တစ်မိုင်ခွဲခန့် အကွာ၊ မြင်းကပါရွာ၏ မြောက်ဘက်တွင် တည်ရှိပြီး မှ



www.burmeseclassic.com

www.burmeseclassic.com



ဟာဘုရားနှင့် လမ်းတစ်ဖက်စီခြားသည်။ ညောင်ဦးဘက်မှ လာလျှင် လမ်း၏ လက်ဝဲဘက်တွင် ရှိသည်။ ကိုသက်နိုင်က သစ်ပင်ရိပ်တစ်ခုအောက်တွင် ဆိုင်ကယ်ကို ရပ်လိုက်သည်။ သစ်ရိပ်အုပ် အုပ်အောက်တွင် မြစေတီဟု ရေးသားထားသည့် ဆိုင်းဘုတ်ကို မြင်ရသည်။

ကျွန်တော်နှင့် ကိုသက်နိုင်တို့ ဘုရားဝင်းဆီသို့ လမ်းလျှောက်လာခဲ့သည်။ ကိုသက်နိုင်က ဒေသခံဖြစ်သောကြောင့် ပုဂံအကြောင်းကို ကျွန်တော့်ထက် များစွာသိသည်။ကျွန်တော် မသိသေးသော အချို့အကြောင်းအရာများကို ကိုသက်နိုင်က ရှင်းပြနိုင်သည်။ သူက စာလည်း ဖတ်သဖြင့် ပုဂံတွင် ဒေသခံ ဧည့်လမ်းညွှန်လုပ်ရန် သူ့ကို ကျွန်တော် အကြံပေးခဲ့ဖူးသော်လည်း အင်္ဂလိပ်စာ အားနည်းပါသည်ဟုဆိုကာ ဆိုင်ကယ်ကယ်ရီဆွဲသည့်အလုပ်ကိုသာ လုပ်ကိုင်နေခဲ့သည်။

မြစေတီနှင့် ဂူပြောက်ကြီးသည် ရှေးအခါက တစ်ဆက်တည်းရှိခဲ့ကြဟန်ဖြစ်သော်လည်း ယခုအခါတွင် မြစေတီနှင့် ဂူပြောက်ကြီးတို့သည် တံတိုင်းတစ်ခုခြားထားသဖြင့် သီးခြားစီ ဖြစ်နေကြသည်။ မြစေတီသည် စေတီရိုးရိုးတစ်ဆူဖြစ်၍ ဂူပြောက်ကြီးမှာမူ ဂူဘုရားတစ်ခုဖြစ်သည်။

ဘုရားကုန်းပေါ်သို့ တက်ကာ မြစေတီကို ကျွန်တော်တို့ ရှိခိုးဖူးမြော်ပြီးနောက် ကမ္ဘာကျော် မြစေတီကျောက်စာ ချုပ်ထားရှိသည့် မြစေတီကျောက်စာတိုက်ရှိရာသို့ လျှောက်ခဲ့ လာခဲ့သည်။ ကျောက်စာတိုက်သည် မြစေတီတော်ရင်ပြင် ပေါ်၌ ရှိသည်။ ကျောက်စာတိုက်ကို ဝင်ပေါက်နှင့် ထွက် ပေါက်ပြုလုပ်ထားသည်။ ကျွန်တော်တို့ ဝင်ပေါက်မှ ဝင်၍ လက်ဝဲရစ်ပတ်ပြီး ထွက်ပေါက်မှ ထွက်ကြရသည်။ ကျောက် စာတိုက်အတွင်း ကျောက်စာကို သံတိုင်များ ပတ်ပတ်လည် ၏ ကာရံထားသည်။ ကျောက်စာတိုင်၏ ခေါင်းကို ကျောက် စာတိုင် လဲမကျစေရန် သံကြိုးဖြင့် ဆိုင်းထားသည်ကို မြင် ရသည်။

မြစေတီကျောက်စာဟု ထင်ရှားသည့် ရာဇကုမာ ကျောက်စာသည် ၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂပညာ ရေး သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(UNESCO)၏ မှတ်တမ်း အနှစ် (Memory of the World)အဖြစ် အသိအမှတ်ပြု ခံခဲ့ရသည်။ အကြောင်းအရာတစ်ခုတည်းကို ဘာသာစကား လေးမျိုးဖြင့် ရေးထိုးထားခြင်းသည် မြစေတီကျောက်စာ ထူးခြားချက်ဖြစ်သည်။ ဤထူးခြားသည်က မြစေတီကျောက် စာသည် နှစ်ချပ်ရှိနေခြင်းပင်ဖြစ်သည်။

စာပေအရေးအသားပေါ်ပေါက်လာပြီးသည့်နောက် ခေတ်ကာလတစ်လျှောက် လူသားများ ဖြတ်သန်းလာခဲ့ သည့်သမိုင်းကို ဖော်ထုတ်ရာတွင် ကျောက်စာများကို အသုံး ခံ့ အားကိုးအားထားပြုကြရသည်။ မြန်မာနိုင်ငံတွင် စာ အရေးအသား စတင်ပေါ်ပေါက်ခဲ့သည့် လွန်ခဲ့သော နှစ်ပေါင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ခေတ်ကျော်မှစ၍ ကျောက်စာ၊ အိုးစာ၊ ပေစာ၊ မင်စာ၊ ခေါင်းလောင်းစာများကို ခေတ်အဆက်ဆက် ရေးသားခဲ့ကြသဖြင့် မြန်မာနိုင်ငံ၏ အတိတ်သမိုင်းကို ဖော်ထုတ်ရာတွင် ကျောက်စာများကို များစွာ အထောက်အထားပြုနိုင်ခဲ့ပေသည်။

မြန်မာတို့သည် ပုဂံခေတ်တစ်လျှောက်၌ ကျောက်စာများကို တွင်ကျယ်စွာ ရေးထိုးခဲ့ကြသဖြင့် ပုဂံသမိုင်းကို ဖော်ထုတ်ရာတွင် အရေအတွက်များစွာရှိနေသည့် ပုဂံခေတ်ကျောက်စာများသည် များစွာအထောက်အပံ့ဖြစ်ခဲ့ရပေသည်။

" မြစေတီကျောက်စာတစ်ချပ်ကို ပုဂံပြတိုက်မှာ ပြထားသေးတယ်ဗျ"

ဆိုင်ကယ်သမားလေး ကိုသက်နိုင်က ကျွန်တော့်ကို ပြောပြသည်။ ပုဂံရှေးဟောင်း သုတေသနပြတိုက်ကို ဒေသခံများက ပုဂံပြတိုက်ဟု ခေါ်ကြသည်။ ယင်းပြတိုက်တွင် ပြသထားသော မြစေတီကျောက်စာကို ကျွန်တော်ကြည့်ခဲ့ဖူးသည်။ ပြတိုက်အတွင်း ဓာတ်ပုံရိုက်ခွင့် မရှိသဖြင့် ကျွန်တော် မရိုက်ခဲ့ရပါချေ။

"အေး၊ အဲရင်အခေါက်က ပြတိုက်ရောက်လို့ ကြည့်ခဲ့သေးတယ်။ ပြတိုက်ထဲမှာဆိုတော့ ဓာတ်ပုံရိုက်လို့ မရဘူးကွ"

"ရတယ် ဆရာ၊ သူတို့ကို စာရေးဖို့လို့ ပြောရင် ရတယ်"

"မသိပါဘူးကွာ"

ဆိုင်ကယ်သမားမို့ ပုဂံအနှံ့ရောက်ဖူးကာ အကြောင်းစုံကို သိနေပုံရသည်။

မြစေတီဘုရားအနီးမှ ဘာသာလေးမျိုးဖြင့် ရေးထိုးထားသော အကောင်းပကတိအတိုင်း တွေ့ရှိခဲ့ရသည့် ကျောက်စာကို ယခုအခါ ပုဂံပြတိုက်တွင် ပြသထားသည်။

ပုဂံတွင် တွေ့ရှိခဲ့ရသည့် ကျောက်စာများအနက် ပုဂံ၏ အမွေအနှစ်တစ်ခုဖြစ်သော မြစေတီကျောက်စာကို နှစ်ခုတွေ့ရှိခဲ့ရာ မြစေတီဘုရားဝင်းတွင် တစ်ခုနှင့် ပုဂံရှေးဟောင်း သုတေသနပြတိုက်တွင် တစ်ခုပြသထားသည်။ မြစေတီကျောက်စာသည် နှစ်ခုရှိပြီး မြစေတီဘုရား မဟာရာမ်တံတိုင်းကို ပြုပြင်ရာမှ တွေ့ရှိခဲ့ရသောကြောင့် မြစေတီကျောက်စာဟု ထင်ရှားသကဲ့သို့ ကျောက်စာရေးထိုးသူ ရာဇကုမာရ်မင်းသားကို အစွဲပြု၍ ရာဇကုမာရ်ကျောက်စာဟုလည်း လူသိများပေသည်။

ပထမ ကျောက်စာနှင့် ထပ်တူညီစွာ ဘာသာလေးမျိုး



ဖြင့် ရေးထိုးထားသည့် ကျောက်စာ ထက်ပိုင်းကျိုး သုံးခုကို မြင်းကပါ ဂူပြောက်ကြီးဘုရားအနီးမှ ရရှိခဲ့သဖြင့် ယင်းကျောက်စာပိုင်းများအား ပြန်လည်ဆက်စပ်ပြီး မြစေတီဘုရား ရင်ပြင်ပေါ်တွင် ကျောက်စာတိုက်ဆောက်လုပ်၍ ထိန်းသိမ်းပြသထားသည်။

မြစေတီကျောက်စာတိုင်နှစ်ခုလုံးတွင် ရေးထွင်းထားသော စာသားများသည် အားလုံးအတူတူဖြစ်သဖြင့် ပါမောက္ခဆရာကြီး ဦးဖေမောင်တင်က ဒုတိယ ကျောက်စာသည် ပထမ ကျောက်စာ၏ အပွားဖြစ်သည်ဟု သုံးသပ်ခဲ့သည်။

ယင်းမြစေတီကျောက်စာများအား ဗြိတိသျှ ကိုလိုနီခေတ်က မြန်မာနိုင်ငံ၏ ကျောက်စာဝန်ဖြစ်သူ ဒေါက်တာ အီးဖော်ချားမား(Dr. Emil Forchmmer) က တွေ့ရှိပြီး သုသေသနပြုလုပ်ခဲ့သည်။

ဘာသာလေးမျိုးဖြင့် ရေးထိုးထားသည့် လုံးဝ ထပ်တူညီသော ကျောက်စာတိုင်နှစ်ခုကို တစ်နေရာတည်းမှ ရရှိခဲ့ခြင်းသည် မြန်မာနိုင်ငံမှလွဲ၍ အခြား မည်သည့်နိုင်ငံတွင်မှ မရှိသေးပါချေ။ ယင်းကျောက်စာတိုင်နှစ်ခုလုံးတွင် အကြောင်းအရာတစ်ခုတည်းကို ပျူ၊ မွန်၊ ပါဠိ၊ မြန်မာ ဘာသာလေးမျိုးဖြင့် ရေးထိုးထားပြီး စာလုံးများသည် ပုဂံခေတ်အကွရာ စာလုံး လေးထောင့်၊ မန်ကျည်းစေ့ပုံများဖြစ်သည်။ ရေးထိုးထားသော ဘာသာစကား လေးမျိုးအနက် ပျူနှင့် ပါဠိဘာသာ



www.burmeseclassic.com

www.burmeseclassic.com






များသည် ယခုအခါ အသုံးပြုခြင်း မရှိတော့သော်လည်း မြန်မာဘာသာနှင့် မွန်ဘာသာတို့မှာမူ ယနေ့တိုင် သုံး... လျက်ရှိသည့် ဘာသာစကားများဖြစ်ကြသည်။ မြစေတီ ကျောက်စာကို...

။ ဤ ။ နမောဗုဒ္ဓါယ၊ ပုရှာသွင် သာသနာအနှစ်
တစ်ထောင်ခြောက်ရ၂ နှစ်ဆတယ် ပောတ်နှစ်လော...
လိယ်ဗြိရကာ ။ ဤ ယ် အရိမဒ္ဒန ပဥ္စ်ရ် မည်သုပြ...
နိက်အာ ။ ဂြိတြိဘုဝနာ ဒိတျ မ္မရာင် မည်သုမ---

ဟု အစချီကာ စာကြောင်းရေ (၃၃)ကြောင်း ရေးထိုး ထားသည်။

ကျောက်စာရေးထိုးခဲ့သူမှာ ကျန်စစ်သားမင်းကြီး... သားတော် ရာဇကုမာရ်မင်းသားဖြစ်သည်။ ကျန်စစ်သားမင်း ကြီး ကွယ်လွန်သော မြန်မာသက္ကရာဇ် ၄၇၄ ခုနှစ် (ခရစ်နှစ် ၁၁၁၂)၌ ရာဇကုမာရ်ကျောက်စာကို ရေးထိုးခဲ့သည်... အစဉ်အဆက် ယူဆထားကြသည်။ အချို့ကလည်း မင်းကြီး ကွယ်လွန်ပြီး နောက်တစ်နှစ်တွင် ရေးထိုးခဲ့သည်ဟု ဆိုကြ သည်။

ကျန်စစ်သားမင်းသည် အနော်ရထာဘုရင်လက်ထ... က အိမ်နိမ့်စံဘဝတွင် အနော်ရထာမင်း စိတ်အခန့်မသ... သဖြင့် ကြောင်ဖြူအရပ်တွင် ပုန်းရှောင်နေခဲ့စဉ် ရှင်မထီး... သမ္ဘူလနှင့် တွေ့ဆုံ ပေါင်းဖက်ခဲ့သည်။ အနော်ရထာမ... ကွယ်လွန်ပြီး စောလူးမင်း နန်းတက်သောအခါ ကျန်စစ်... သည် စောလူးမင်းထံ ခစားရန် ပုဂံသို့ ပြန်လာချိန်တွ... သမ္ဘူလသည် ပဋိသန္ဓေနှင့် ကျန်နေရစ်ခဲ့သည်။ ကျန်စစ်... က သမ္ဘူလအား ပတ္တမြားလက်စွပ်ကို ပေးခဲ့ကာ၊ သ... ယောက်ျားလေး မွေးပါက ပတ္တမြားလက်စွပ်ကို သက်သေ... လျက် ပုဂံသို့ လိုက်လာရန် မှာကြားထားခဲ့သည်။

ကျန်စစ်သား မင်းဖြစ်ပြီး ၂နှစ်ခန့်အကြာ၊ ရာဇ... ၇နှစ်အရွယ်တွင် သမ္ဘူလသည် ပတ္တမြားလက်စွပ်... သက်သေပြုလျက် သားဖြစ်သူ ရာဇကုမာရ်မင်းသားကို ... ဆောင်ကာ ကျန်စစ်သားမင်းကြီးထံမှောက်သို့ ရောက်ရှိ... ခဲ့သည်။ မင်းကြီးသည် သမ္ဘူလ၏ ကျေးဇူးများကို သ... လျက် "သုံးလောက၏ ဦးဆောက်ပန်း"ဟု အမိပ္ပာယ်ရ... "တြိလော်က ဝဋံသကာဒေဝီ "ဘွဲ့နာမတော်ဖြင့် သ... အား မိဘုရားမြှောက်ခဲ့သည်။ ထိုအချိန်တွင် ကျန်စစ်... မင်းကြီးသည် မြေးတော် အလောင်းစည်သူအား ဘိသိက်... ကာ နန်းမွေခံအဖြစ် တင်မြှောက်ထားပြီးဖြစ်သော... ရာဇကုမာရ်သည် သားအရင်းဖြစ်ပါလျက် ... 



www.burmeseclassic.com

www.burmeseclassic.com

ကိုသာ ရရှိပြီး တောင်စဉ် ခုနစ်ခရိုင်ကို စားခဲ့ရသည်။ ရာဇကုမာရ်မင်းသားသည် ကျန်စစ်သား၏ သားအရင်းဟုတ်သည်၊ မဟုတ်သည်ဖြင့် သုတေသီများအကြား အငြင်းပွားမှုများ ရှိခဲ့ကြသော်လည်း မြန်မာလူမျိုးအများစုက ရာဇကုမာရ်မင်းသားအား ကျန်စစ်သားမင်းကြီး၏ သားတော်ဟုသာ သတ်မှတ်ခံထားကြသည်။

သက္ကရာဇ် ၄၇၄ခုနှစ်တွင် ကျန်စစ်မင်းကြီး ကွယ်လွန်သောအခါ ရာဇကုမာရ်သည် မြင်းကပါအရပ်တွင် ဘုရားရှင်နှင့် တူညီသော ရွှေအတိပြီးသည့် ဆင်းတုတော်ကို ဌာပနာလျက် ရွှေအထွတ်ရှိသည့် ဂူဘုရားတစ်ဆူကို တည်ထားခဲ့သည်။ (ထိုဂူဘုရားသည် မြစေတီမဟုတ်ဘဲ မြစေတီနှင့်ကပ်လျက် တည်ရှိနေသော ဂူပြောက်ကြီးဘုရားဖြစ်နိုင်ကြောင်း ပညာရှင်အများက ယူဆကြသည်။) ထိုဘုရားကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အလို့ငှာ သက်နှမလွှန်၊ ရပယ်၊ တန်မိုဟူသော ကျွန်သုံးရွာကိုလည်း လှူဒါန်းခဲ့သည်။ တစ်ဆက်တည်းမှာပင် အမိအဖတို့အား ရည်ရွယ်လျက် ကျောက်စာရေးထိုးစိုက်ထူခဲ့သည်။

ရာဇကုမာရ်သည် အမိအဖတို့အတွက် မိမိဆောင်ရွက်သမျှတို့ကို ကျောက်စာတွင် ဤသို့ မှတ်တမ်းပြုခဲ့သည်။

"သီရိ၊ နမော ဗုဒ္ဓါယ၊ ဘုရားသခင် သာသနာ အနှစ်တစ်ထောင့်ခြောက်ရာ နှစ်ဆယ့်ရှစ်နှစ် လွန်လေပြီးရကား၊ ဤ အရိမဒ္ဒနာပုရ်မည်သော ပြည်၌ "သီရိတြိဘဝနာဒိတျဓမ္မရာဇ်" မည်သော မင်းဖြစ်၏။ ထိုမင်း၏ ပယ်မယားတစ်ယောက်သော်ကား "တြိလောက ဝငံ့သကာဒေဝီ" မည်၏။ ထို ပယ်မယားသားတမူလည်း "ရာဇကုမာရ်" မည်၏။ ထိုမင်းကား ကျွန်သုံးရွာကို ပယ်မယားအား ပေး၏။ ထိုပယ်မယား သေခဲ့ရကား၊ ထိုပယ်မယား၏ တန်ဆာနှင့် ထိုကျွန်သုံးရွာအား ထိုပယ်မယားသား "ရာဇကုမာရ်"မည်သောအား မင်းက ပေးတုံ၏။ ထိုမင်း အနှစ် နှစ်ဆယ့်ရှစ်နှစ် မင်းမူပြီး၍ သေခမူနာသရောဥ်တည်း။ ထို ရာဇကုမာရ်မည်သော ပယ်မယားသားကား မိမိကို မွေးသော မင်းကြီးကျေးဇူးကို အောက်မေ့ရကား ရွှေအတိသော ဘုရားသခင်အဆင်းပြု၍ နပ်လေသရောတည်း။ ဤသို့ မိန့်၏။ ဤရွှေဘုရားကား ငါ့သခင်အဖို့ အတို့ ကျွန်ပြုသောတည်း။ ကျွန်သုံးရွာ အတို့ ကျွန် ငါ့သခင်ပေးသည်ကား ဤရွှေဘုရား အတို့ ကျွန်ပေး၏။ ရာဇကုမာရ်သည် ဖခင် ကျန်စစ်သားမင်းကြီး သေအံ့မူးမူးဖြစ်နေချိန်တွင် မြတ်စွာဘုရားရှင် ရွှေဆင်းတုတော်ကို ပင့်ဆောင်လာခဲ့ကာ၊ ဖခင်ကိုယ်တော်တိုင် ရဟန်းတော်တို့ထံ











www.burmeseclassic.com

www.burmeseclassic.com

မှောက်တွင် ရေစက်သွန်းချ လှူဒါန်းစေခဲ့သည်။

"ထိုရောတည်း မင်းနှစ်ကျိပ်ရှကား ကောင်းလေစွတည်း ကောင်းလေစွတည်း မိန့်၍ သင်ကြီး မဟာထေရ်၊ သင်ကြီး မုဂ္ဂလိပုတ္တတိဿထေရ်၊ သင်ကြီး သုမေဓပဏ္ဍိတ်၊ သင်ကြီး မြဟ္မပါလ်၊ သင်ကြီး မြဟ္မဒိဝ်၊ သင်ကြီး သောန်၊ သင်ကြီး သင်္ဃသေနဝရပဏ္ဍိတ၊ ထိုသခင်တို့ အမှောက်တည်း မင်းရေ သွန်း၏" ဟု ကျောက်စာတွင် ရေးထိုးခဲ့သည်။

ထို့နောက် ရာဇကုမာရ်သည် ဂူဘုရားတည်ခဲ့ပုံ၊ ကျွန်သုံးရွာလှူဒါန်းခဲ့ပုံတို့ကို ဆုတောင်းစာ၊ ကျိန်စာများဖြင့် အောက်ပါအတိုင်း အဆုံးသတ်ခဲ့သည်။

"ထိုပြီးရကား ထိုရာဇကုမာရ်မည်သော ပယ်မယားသား ထိုရွှေဘုရား ထာပနာ၍ ရွှေအထွတ်မှုသော ကူပြု၏။ ပြုပြီးရကား ဤကူဘုရား လွှတ်သရောဇ်တည်း သက်နှုမှလွှန် တရွာ၊ ရပယ်တရွာ၊ ဟန်ဗိုဝ်တရွာ ဤ ကျွန်သုံးရွာကို ယှု၍ ထိုရာဇကုမာရ်မည်သော ပယ်မယားသား ဤကူဘုရားအား ရေသွန်း၍ ဤသို့ မိန့်၏။ ဤ ငါ့အမှုကားသဗ္ဗညုတဉာဏ် ပညာရအံ့သောအကြောင်း ဖြစ်စေသတည်း။ ငါ့နောင်အား ငါ့သား လည်းကောင်း၊ ငါ့မြေး လည်းကောင်း၊ ငါ့ဆွေ လည်းကောင်း၊ သူတထူး လည်းကောင်း၊ ဤဘုရားအား ငါလှူခဲ့သော ကျွန်အနှိပ်အစက်တည်းမှုကား အရိမေတ္တေယျ ဘုရားသခင် အဖူးရစေ"

ပညာရှင်များက မြစေတီကျောက်စာပါ စကားပြေကို ရေးအကျဆုံး မြန်မာစကားပြေဟု ယူဆခဲ့ကြပြီး အချို့သော စကားလုံးများသည် ယခုခေတ်အသုံးနှင့် မတူညီ၊ ကွဲပြားသည်ကို တွေ့နိုင်ပေသည်။ ဥပမာအားဖြင့် နာသရောဇ်တည်းဟူသည် နာမကျန်းဟူသော စာလုံးမှ နာနှင့် ရေးသရောအခါဟူသော စာလုံးမှ သရောတို့ကို ပေါင်းစပ်ထားခြင်းဖြစ်သည်။ နာမကျန်းသောအခါဟု အဓိပ္ပာယ်ရသည်။

အတို့ကျွန်ကို အကျွန်တို့၊ ကျွန်ပ်တို့ဟု ယူဆကြသကဲ့သို့ သင်ကြီးသည် သင်္ဃာကြီးဖြစ်သည်ဟု ဆိုကြသည်။ "အဖူးရစေ"ဟူရာတွင် "မ"အစား "အ"ကို သုံးစွဲထားဟန် ရှိပေသည်။

ပုဂံသမိုင်းကို သုတေသနပြုကြသော သုတေသီများက မြစေတီကျောက်စာသည် ရာဇကုမာရ် ရေးထိုးခဲ့သည့် ကျောက်စာတစ်ချပ်ဖြစ်ကြောင်း အခိုင်အမာယူဆထားကြသည်။ ဘာသာစကား လေးမျိုးဖြင့် ရေးထိုးထားသောကြောင့် ဘာသာဗေဒအမြင်တွင် အထူးပင် တန်ဖိုးရှိလှသည်။ သမိုင်းအမြင်ဖြင့် ကြည့်လျှင်လည်း ပုဂံခေတ် ကျန်စစ်သားမင်း၏ ဆောင်ရွက်ချက်များကို ထင်ရှားစွာ တွေ့မြင်ကြရပေသည်။

မြစေတီကျောက်စာအား ဦးဖေမောင်တင်က မြန်မာဘာသာသို့ ပြန်ဆိုကာ ၁၉၅၅ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။ လန်ဒန်တက္ကသိုလ်မှ ဒေါက်တာ ဘလက်ဒင်ကလည်း မြစေတီကျောက်စာကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုကာ ၁၉၁၉ ခုနှစ်တွင် ထုတ်ဝေခဲ့သည်။

ကမ္ဘာ့ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO)သည် ကမ္ဘာ့နေရာဒေသအသီးသီးရှိ မှတ်တမ်းဝင် အမွေအနှစ်များကို နှစ်စဉ် ထုတ်ပြန်လျက်ရှိရာ မန္တလေးတောင်ခြေ၊ ကုသိုလ်တော်ဘုရားဝင်းအတွင်း စိုက်ထူထားသော ပိဋကတ်သုံးပုံ ကျောက်စာချပ် (၇၂၉)ချပ်အား ၂၀၁၃ ခုနှစ်တွင် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းတွင် ထည့်သွင်းကြေညာခဲ့သည်။ ယခုတစ်ဖန် ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ပုဂံမြို့ရှိ မြစေတီကျောက်စာအား ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်း ၂၀၁၅တွင် ထည့်သွင်းသတ်မှတ်ပေးရန် UNESCO သို့ တင်သွင်းခဲ့ပြီးနောက် နှစ်ပေါင်း ၉၀၀ ကျော်သက်တမ်းရှိသည့် မြစေတီကျောက်စာသည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် ကမ္ဘာ့မှတ်တမ်းအမွေအနှစ် (Memory of World) တစ်ခုဖြစ်လာခဲ့သည်။

မြစေတီကျောက်စာကို အချိန်အတန်ကြာကြည့်ပြီး ကျွန်တော် ကျောက်စာတိုက်အတွင်းမှ ပြန်လည်ထွက်ခွာခဲ့သည်။ ကျောက်စာပါ စာများကို ရှင်းလင်းစွာ မဖတ်နိုင်သည့်အပြင်၊ နားလည်း၊ မလည်သော်လည်း ရာဇကုမာရ်မင်းသား၏ ဖခင်ကျေးဇူးအပေါ် ကျေးဇူးသိတတ်ခဲ့သည့် ကျောက်စာချပ်ကို ကျွန်တော်ကြည့်၍ မဝနိုင်ခဲ့ပါချေ။

ကျွန်တော်နှင့် ကိုသက်နိုင်တို့ မြစေတီပေါ်မှ ဆင်းလာချိန်တွင် ကမ္ဘာလှည့် ခရီးသည်များ လိုက်ပါလာသည့် ကားကြီးတစ်စီးက မြစေတီဝင်းအတွင်းသို့ ဆိုက်ရောက်လာသည်။ ကမ္ဘာ့မှတ်တမ်းအမွေအနှစ် မဖြစ်မီကတည်း ထင်ရှားခဲ့သည့် မြစေတီကျောက်စာကို သူတို့ စိတ်ဝင်တစား လာရောက်ကြည့်ရှုကြခြင်းဖြစ်ကြောင်း မည်သို့မှ မေးရန် မလိုအပ်တော့ပါချေ ■

မောင်သာ (ရွှေဟောင်းသုတေသ…)

*****



www.burmeseclassic.com

www.burmeseclassic.com

# ရောမြေ ကျော်ဝေ

မဟာသမ္ဗုဒ္ဓေဂါထာတော်ကြီး၏ အစွမ်းနှင့်
အိပ်မက်ဆန်ဆန် သမုဒယမြိုင်ရွာမှ အပြန်



www.burmeseclassic.com

www.burmeseclassic.com

ထူးမြတ်ဝေတစ်ယောက် စိတ်သွားတိုင်း ကိုယ်ပါနိုင် သလို သွားမိသွားရာ သွားခဲ့ရာတွင် သူ တစ်ခါမျှ မရောက်ဘူးသေးသော သမုဒယမြိုင်ဟူသော ရွာကလေးသို့ အမှတ်မထင်ရောက်သွားလေသည်။ ရွာအဝင်ဝတွင် ကြီးမားထည်ဝါသော ဆိုင်းဘုတ်ကြီးက ကျွန်းပြားကြီးပေါ်တွင် ရွှေဝါရောင်ပေါလစ်များ တဝင်းဝင်းတောက်ပလျက် ထွင်းစာလုံးကြီး အနက်ရောင် သင်္ကေတအဖြင့် သမုဒယမြိုင်ကို ဖတ်မိသလို၊ ရွာအတွင်းသို့ ဝင်မည်အပြုတွင် ကင်းစောင့်နေသော လူနှစ်ယောက်က ဂုဏ်ကြီးတောင်ဓား ကိုယ်စီဖြင့် ထူးမြတ်ဝေကို တားလေသည်။

"မိတ်ဆွေ...ဒီရွာကို ဝင်ချင်တိုင်း ဝင်၊ ထွက်ချင်တိုင်း ထွက်လို့ မရပါဘူး။ ဒီရွာရဲ့ အသိအမှတ်ပြု လူကြီးလက်မှတ်ပါမှ ဝင်ခွင့်ပြုပါမယ်။ ထုတ်ပြပါ"

ဟု ဆိုသောအခါ ထူးမြတ်ဝေသည် ထိုလူစိမ်း နှစ်ယောက်ကို သေချာစွာ ကြည့်သောအခါ အသားဖြူဖြူ၊ ဗလကောင်းကောင်း၊ ထောင်ထောင်မောင်းမောင်းနှင့် ထိုလူနှစ်ယောက်၏ ဝတ်စားဆင်ယင်ပုံမှာ ရေးဘုရင်လက်ထက် အာဏာပါးကွက်သားများနှင့် တူလေသည်။ ထူးမြတ်ဝေက-

"ကျွန်တော်က ခြေဦးတည့်ရာ ထွက်လာခဲ့တာပါ။ ဘာလက်မှတ်မှလည်း မပါပါဘူးခင်ဗျာ။ အိတ်ကပ်ထဲမှာ ပါလာတာ ငွေစက္ကူ ကျပ်တန်လေးရွာစ်ရွက်ပဲ ပါပါတယ်ဗျာ"

ဟု ပြောပြီး ထုတ်ပေးလေသည်။

အစောင့် လူဝကြီးတစ်ယောက်က ထူးမြတ်ဝေ ထုတ်ပေးသော ငွေစက္ကူကျပ်တန်ကို သေချာစွာ ကြည့်ပြီး...

"ဒီငွေစက္ကူက ငါတို့ ဘာလုပ်ရမှာလဲ။ ငါတို့ရွာမှာ အသုံးမဝင်ဘူး။ မင်း အကြွေစေ့တစ်မတ် ခြင်္သေ့အလေးစေ့ရော မပါဘူးလား။ သေသေချာချာ ရှာပါဦးကွာ။ မင်းခန္ဓာကိုယ်အနံ့မှာ"

ဟု ဆိုသောအခါ ထူးမြတ်ဝေက...

"မရှိပါဘူးဗျာ။ ခင်ဗျားတို့ကို ကျွန်တော် တောင်းပန်ပါတယ်။ ကျွန်တော့်ကို ဝင်ခွင့်ပြုပါဗျာ"

"မဖြစ်နိုင်တာကိုတော့ မကြိုးစားပါနဲ့ကွာ။ တို့နှစ်ဦးက တာဝန်နဲ့ စောင့်နေရတဲ့ ရွာစောင့်တွေပါ။ မင်းကို ငါတို့ နောက်ဆုံးအခွင့်အရေးတစ်ခုပေးမယ်။ ဒီရွာထဲက မိန်းကလေး ဆယ်ယောက်ကို ခေါ်ပြီးပြမယ်။ အဲဒီ မိန်းကလေးတွေထဲမှာ မင်းရဲ့ အသိပါလို့ အဲဒီ မိန်းကလေးက တာဝန်ယူရင် တို့ မင်းကို ရွာထဲ ဝင်ခွင့်ပြုမယ်။ ဒါပေမယ့် သိပ်ကြာကြာတော့ စောင့်နေလို့ မရဘူး။ ခဏပဲ ခွင့်ပြုမယ်"

ဟု အစောင့်နှစ်ယောက်က ပြောပြီး တစ်ယောက်သောသူက ရွာတွင်းသို့ ဝင်သွားပြီး ခဏအကြာတွင် မိန်းကလေး (၁၀)ယောက်ကို ခေါ်လာလေသည်။ ထိုမိန်းကလေး ၁၀ ယောက်သည် ရုပ်ရည်ချောမောလှပပါသော်လည်း ကိုယ်အထက်ပိုင်းတွင် အင်္ကျီမပါ။ ထဘီရင်လျားနှင့်ပင် ဖြစ်လေသည်။

ထူးမြတ်ဝေသည် ထိုမိန်းကလေး ၁၀ ယောက်ကို သေချာစွာ ကြည့်ပြီး တစ်ယောက်ကိုမျှပင် သူ မသိသဖြင့် လက်လျှော့ပြီး ပြန်မည်အပြုတွင် မိန်းကလေး သုံးဦးက နတ်မိမယ်အလား အဝတ်တန်ဆာများက တောက်ပလျက် နက်မှောင်သော ဆံရှည်ကေသာကို ဖားလျားချ၍ ကြိုင်ဆိုသော အမျိုးသမီးက အနီရောင်ဝမ်းဆက်၊ လှိုင်ဆိုသော အမျိုးသမီးက အစိမ်းရောင်ဝမ်းဆက်၊ မြိုင်ဆိုသော အမျိုးသမီးက အဝါရောင်ဝမ်းဆက်ဖြင့် ထူးမြတ်ဝေကို သူမတို့ သုံးဦးက ဝိုင်းထားပြီး အကြီးမဖြစ်သူ ကြိုင်က...

"ရွာစောင့်ကြီးတွေ...ကျွန်မတို့ မောင်လေးကို ဝင်ခွင့်ပြုပေးပါ။ ကျွန်မတို့ မောင်လေးနဲ့ ကွဲကွာနေတာ ကြာလှပါပြီ"

ဟု ပြောပြီး အလတ်မ လှိုင်နှင့် အငယ်မ မြိုင်တို့က ထူးမြတ်ဝေ၏ လက်ကို ဘယ်-ညာဆွဲလျက် ရွာအတွင်းသို့ ဝင်မည်အပြုတွင် ရွာစောင့်ကြီးနှစ်ယောက်က...

"ဟဲ့...ကလေးမလေးတွေ၊ နင်တို့ကသာ မောင်တော်တယ် ပြောတယ်၊ သူက နင်တို့ကို သိပုံတောင်မပေါ်ဘူး။ နင်တို့ကို သူ့အကြည့်က သူစိမ်းတွေလိုပါပဲ။ သူ့မှာ အသိအမှတ်ပြု ရွာဝင် လက်မှတ်လည်း မပါလို့ ငါတို့ ခွင့်မပြုနိုင်ဘူး။ နင်တို့လည်း ကိုယ့်နေရာ ကိုယ်နေကြတော်ကြာ သိက်ျချုပ်ကြီး သိသွားရင် နင်တို့လည်း သိုက်ပြောင်းရမယ်။ ငါတို့လည်း ရာထူးပြုတ်မယ်"

ဟု ပြောဆိုပြီး ထူးမြတ်ဝေကို ဆွဲထားသောအခါ ထူးမြတ်ဝေက...

"ကျွန်တော် လိုက်ရှာနေတာ ဘဝဟောင်းက ဆော်စပ်ခဲ့တဲ့ အမျိုးအဆွေတွေ မဟုတ်ပါဘူး။ ဒီတော့ ဒီတောင်တွေမှာ တရားအားထုတ်တဲ့ ရဟန္တာ ပုဂ္ဂိုလ်ထူးကြီးတွေကို တွေ့ချင်တာပါ။ ကျွန်တော်လိုချင်တာ ဂါထာ မန္တန်တွေကိုပါ"

ဟု ဆိုသောအခါ ထိုရွာစောင့် လူဝကြီးနှစ်ယောက်က...

"မောင်ရင်က သူတော်ကောင်းလေးပဲ။ ဒီ သုံးယောက်မြိုင်



www.burmeseclassic.com

www.burmeseclassic.com

ဆိုတဲ့ နယ်မြေနဲ့ မောင်ရင်က မအပ်စပ်ပါဘူး။ မောင်ရင် ရှာရမှာက မဟာမြို့တော်ကြီးမှာ။ မောင်ရင် လမ်းမှားပြီး ဒီနေရာကို မလျှော်ပိုက်ပါနှင့်။ လာလမ်းကိုသာ ပြန်ပါတော့။ အချိန်တွေ ရှိပါသေးတယ်။ ဟော…ပြောရင်းဆိုရင်း ဟို တစ်ဖက်ကမ်းက သင်္ဘောဥသြသံကြားတယ်။ အပြေးကလေး သာ သွားပြီး ပြန်ပေတော့"

ဟု တိုက်တိုက်တွန်းတွန်းဖြင့် မောင်ထူးမြတ်ဝေကို တွန်းပြီး ရွာ၏အဝင် မြိတံခါးကြီးကို ပိတ်လိုက်လေတော့သည်။

ထူးမြတ်ဝေသည် သင်္ဘောသံကြားရာဆီသို့ အရောက် ပြေးသွားပြီး …

"ဒီမှာ ကျွန်တော်ပြန်လိုက်မလို့ပါဗျို့။ ဒီသင်္ဘောကြီး က ရန်ကုန်ကို ပြန်မယ့် သင်္ဘောကြီးမဟုတ်လားခင်ဗျာ"

ဟု မေးသောအခါ သင်္ဘောပေါ်ရှိ လူများက စကား မပြော။ အထုပ်အပိုးတွေနှင့် နစ်ထပ် သင်္ဘောကြီးက လူများ ပြည့်ကျပ်နေသည်။ သင်္ဘောကြီးက ဥသြကိုသာ တဘူဘူဆွဲပြီး ကမ်းက မခွာသေး။

အတန်ငယ်ကြာတော့ ရဟန်းတစ်ပါးက ထီးရှည်ကြီးကို ချိုင်းကြားတွင် ညှပ်လျက် သင်္ဘောပေါ်သို့ တက်လာလေသည်။ ထူးမြတ်ဝေနှင့် ထိုရဟန်းတို့ မျက်နှာချင်းဆိုင်ဆုံကြသောအခါ ထူးမြတ်ဝေက…

"အရှင်ဘုရား… တပည့်တော်ကို မှတ်မိပါသလားဘုရား"

ဟု ဆိုသောအခါ ထိုရဟန်းကြီးက…

"ဩော်…ဒကာလေးက ထူးမြတ်ဝေကိုး။ ဆုံမှ ဆုံတတ်ပလေတယ်။ ကျုပ် ရန်ကုန်ကို ပြန်ကြွမလို့။ ဒကာလေးရော ရန်ကုန်ကို ပြန်မှာလား"

"မှန်ပါ့ ဘုရား။ တပည့်တော်လည်း ရန်ကုန်ကို ပြန်မလို့ပါ ဘုရား။ ဒါထက် အရှင်ဘုရားက ဘယ်ခရီးက ပြန်ကြွလာတာပါလဲ ဘုရား"

ဟု ဦးသုစိတ္တကို ထူးမြတ်ဝေက မေးသောအခါ ဦးသုစိတ္တက…

"ကျုပ်လည်း ခရီးသွားတာ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်း မသိပါဘူး ဒကာ။ ခရီးသွားရတာ အဆင်မပြေပါဘူး။ လမ်းမှာ တွေ့တဲ့ ဒကာတစ်ယောက်က ညွှန်ပြလိုက်လို့ ရန်ကုန်ကို ထွက်မယ့် သင်္ဘောမီသေးတယ်လို့ ပြောလို့ သင်္ဘောဥသြသံကြားရာဆီ မှန်းပြီး လာခဲ့တာ။ အခုလို ဒကာနဲ့ ဆုံရတာပါပဲ"

သင်္ဘောကြီးသည် ဆိပ်ကမ်းမှ ဥသြဆွဲပြီး တရွေ့ရွေ့ဖြင့် ထွက်ခွာသွားခဲ့လေပြီ။

လမ်းခရီးတွင် လေပြင်းမုန်တိုင်းကျခဲ့သဖြင့် သင်္ဘောကြီး တိမ်းမှောက်သွားလေတော့သည်။ သင်္ဘောပေါ်မှ အသက်ကယ် ဘောကွင်းကြီးကို ဘုန်းကြီး ဦးသုစိတ္တက ယူပြီး ကူးသလို၊ ထူးမြတ်ဝေကလည်း ဘောကွင်းကြီးတစ်ခုနှင့် ဆိပ်ကမ်းသို့ ရောက်အောင် အပြေးအလွှားကူးခတ်လေသည်။ ဆိပ်ကမ်းသို့ ရောက်ခါနီးတွင် ရဟန်း ဦးသုစိတ္တနှင့် ထူးမြတ်ဝေတို့ ဆုံကြသည်။

ရဟန်း ဦးသုစိတ္တက လေးကျွန်းမာန်အောင် မဟာသမ္ဗုဒ္ဓေဂါထာတော်ကြီးကို ရွတ်ပြီး ကူးခတ်သလို၊ ထူးမြတ်ဝေကလည်း မဟာသမ္ဗုဒ္ဓေဂါထာတော်ကြီးကို ရွတ်ဖတ်ပြီး ကူးလေသည်။ သင်္ဘောတစ်စင်းလုံးတွင် သူတို့သာလျှင်



www.burmeseclassic.com

www.burmeseclassic.com

အသက်ရှင်ကြ၏။ သူတို့ ကမ်းပေါ်ရောက်ပြီး မြစ်ရေပြင်ကျယ်ကိုသာ တွေ့ရလေတော့သည်။ နစ်မြုပ်သွားသော သင်္ဘောနှင့် လူများကို အစအနပင် မတွေ့ရတော့ပေ။ သူတို့ ဆိပ်ကမ်းမှ ဆိုက်ကားငှားပြီး အတူပြန်ခဲ့ကြသည်။

အပြေးအလွှား ပြည်သူ့ဆေးရုံကြီးပေါ်သို့ ဘေးချင်းကပ်လျက် ထူးမြတ်ဝေက ဘယ်ဘက်အခန်းရှိ ခုတင်ပေါ်တွင် အနားယူသလို၊ ရဟန်း ဦးသုစိတ္တကလည်း ညာဘက်အခန်း ခုတင်ပေါ်တွင် အနားယူနေလေတော့သည်။

တစ်ရက်တာ သတိလစ် မေ့မြောသွားသော ဦးသုစိတ္တနှင့် ထူးမြတ်ဝေတို့သည် ား မဟာသမ္ဗုဒ္ဓေဂါထာတော်ကြီး၏ တန်ခိုးကြီးမားမှုကြောင့်ပင် သေကံကြုံပေမယ့် အသက်ဘေးက လွတ်ခဲ့ကြရသည်။ အမှန်တကယ်တော့ ဦးသုစိတ္တနှင့် ထူးမြတ်ဝေတို့မှာ တစ်ဦးနှင့် တစ်ဦး မသိကြပါ။ သတိမေ့နေသော အချိန်များတွင် ဝိညာဉ်တို့ ဆုံခဲ့ရခြင်းဖြင့် သိခဲ့ရလေသည်။ ထူးဆန်းပေစွ။

သတိပြန်ရလာသောအခါ ထူးမြတ်ဝေ၏ ဆွေမျိုးမိသားစုများသည် ဝမ်းသာအားရဖြစ်ခဲ့ရသလို၊ ဘုန်းကြီးဦးသုစိတ္တ၏ ဆွေမျိုး ဒကာအသိုင်းအဝိုင်းတို့ကလည်း ဝမ်းသာအားရဖြစ်ခဲ့ရလေသည်။ သူတို့ သတိရသောအချိန်တွင် ချွေးများက ရေချိုးထားသည့်အတိုင်းပင် ရွှဲနစ်လျက်ရှိသည်။ အဖြစ်ခြင်းက တူလေစွ။

ဆေးရုံတက်ရခြင်းအကြောင်းရင်းမှာ မှိုတောက်၍ အော့အန်ပြီး ဆေးရုံပေါ်ရောက်မှ သတိလစ်သွားရခြင်းပင်ဖြစ်သည်။

ဦးသုစိတ္တက နံနက်ဆွမ်းဘုဉ်းပေးရာတွင် မှိုကြော်နှင့် ပင်လယ်ကဏန်းဟင်းကို စားမိခြင်းကြောင့် ဖြစ်ခဲ့ရသလို၊ ထူးမြတ်ဝေကလည်း မှိုဟင်းနှင့် ဖားသားချက်ကို စားမိခြင်းကြောင့်ဖြစ်သည်။ ဆေးရုံအရောက်မြန်လို့ တော်ပေသေး၏။ သေနိုင်သော အဆိပ်အစားအစာများဖြစ်သည်။ သတိလစ်နေသော အချိန်အတိုင်းအတာများတွင် ဆရာဝန်များက အစွမ်းကုန် သတိပြန်လည်လာအောင် ကြိုးစားပြီး ကုကြရလေသည်။ အသက်ကို သေမင်းလက်တွင်းမှ လုယူကြရသော ဆရာဝန်တို့သည် တော်ပါပေစွ။

ဘုန်းကြီး ဦးသုစိတ္တနှင့် ထူးမြတ်ဝေတို့သည်လည်း အိပ်မက်ထဲက တခဏ် သမုဒယမြိုင်ဟူသော ရွာကလေးကို မေ့နိုင်လိမ့်မည်မဟုတ်။ သူတို့၏ ဝိညာဉ်တွေကို ရွာစောင့် နှစ်ဦးက ရွာတွင်းသို့ အဝင်မခံသည်မှာ အကြောင်းရှိသည်။ သူတို့ သေနေ့မစေ့သေးသောကြောင့်ပင် ဖြစ်မည်။ အကယ်၍သာ ရွာစောင့်ကြီးနှစ်ဦးက ရွာတွင်းသို့ အဝင်ခံခဲ့ပါလျှင် သူတို့ ယမမင်းကြီးနှင့် တွေ့ပေလိမ့်မည်။ ယမမင်းကြီးက ပြန်လွှတ်ပါမည်လား။ သမုဒယမြိုင်ရွာကလေးမှာပဲ နေနိုင်းတော့မှာလားဟု သို့လော သို့လော တွေးမိခြင်းအတွေးပေါင်းများစွာဖြင့် အသက်ရှင်သန်ခဲ့ရသော ထူးမြတ်ဝေနှင့် ဘုန်းကြီး ဦးသုစိတ္တတို့မှာ မဟာသမ္ဗုဒ္ဓေဂါထာတော်ကြီးကိုသာ ထပ်ကာ ထပ်ကာ ရွတ်ပွား၍ နေမိလေတော့သည်။

လေးကျွန်းမာန်အောင် မဟာသမ္ဗုဒ္ဓေဂါထာ

သမ္ဗုဒ္ဓေ အဋ္ဌဝီသဥ္စ၊ ဗုဒ္ဓေါမေသတ္တပါကာရံ၊
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဣသွာသုံ၊ ဗုဒ္ဓံ သရဏံ၊
ဂတော၊ သဗ္ဗဒုက္ခာ၊ ဝိနဿန္တု။
ဒွါဒသဥ္စ၊ သဟဿကေ၊ ဓမ္မောမေ သတ္တပါကာရံ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဣသွာသုံ၊ ဓမ္မံ သရဏံ၊
ဂတော၊ သဗ္ဗဘယာ၊ ဝိနဿန္တု။
ပဥ္စသတ၊ သဟဿနိ၊ သံဃောမေ သတ္တပါကာရံ၊
သံဃံ သရဏံ ဂစ္ဆာမိ၊ ဣသွာသုံ၊ သံဃံ သရဏံ၊
ဂတော၊ သဗ္ဗရောဂါ၊ ဝိနဿန္တု။
နမာမိ၊ သိရသာမဟံ၊ အပ္ပကာ ဝိဠူကာ ဂဂါ၊
အနန္တာ နိဗ္ဗုတာ၊ ဇိနာ၊ ဗုဒ္ဓသေဋ္ဌ မဟာတေဇံ၊
သဗ္ဗဝိယာ၊ လာဘာ လာဘံ၊ နမောဗုဒ္ဓ ဇေယျမင်္ဂလံ
သီရိပုဏ္ဏံ၊ တေသံ ဗုဒ္ဓဥ္စ ဓမ္မဥ္စ သံဃဥ္စ အာဒရေန
နမာမဟံ၊ နမက္ကာရာ၊ နုဘာဝေန၊ မအဥ္၊ ဟိတွာ
သဗ္ဗေဥပဒ္ဒဝေ၊ ဥအမ၊ အနေကာ အန္တရာယာပိ၊
ဝိနဿန္တု အသေသတော၊
အာဂစ္ဆေယာ၊ သဗ္ဗဒေဝါ၊ အာယုဝဍ္ဎော သုခံ ဗလံ
သဗ္ဗသိဒ္ဓိ၊ မဟိဒ္ဓိကာ၊ ဇယ တေဇ ဒဿဓိသာ
ဘဝတု၊ မမ သဗ္ဗဒါ။

(ဤဂါထာအမှန်ဇာတ်လမ်းလေးကို မိတ်ဆွေတစ်ဦးမှ ပြောပြခဲ့ပါသဖြင့် "အိပ်မက်ဆန်ဆန် သမုဒယမြိုင်ရွာအပြန်" ဟူ၍ ခေါင်းစီးတပ်ပြီး ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းသို့ ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။) ■

ရောမြေ ကျော်

*****



www.burmeseclassic.com

www.burmeseclassic.com

# တမာပင်နှင့် ဆေးအသုံး

ရွှေထွန်းဇံ (ရွှေလော်ကား)

"အညာတမာ ဝါတာတာ၊ ရသာခါးခါး ငါမစား"ဟူ၍ ယခင်က ရွတ်ဆိုခဲ့ဖူး၏။ သို့သော်လည်း ယခု အရွယ်လွန်သောအားနည်း၊ အကြောအားနည်းလာသောအခါ လိုအပ်နေသော လေဓာတ်(ဝါယော) အားရှိလာစေရန် ဈေးဝယ်သွားသူများကို တမာချဉ် ဝါတာတာကို မှာစားနေရလေပြီ။ အားကိုးနေရလေပြီ။

ထိုအပင်ကို မြန်မာတို့က တမာခေါ်ပြီး ရုက္ခဗေဒအမည်မှာ AZADIRACHTA INDICAA JUSS ဟူ၍ခေါ်ပါသည်။

တမာပင်သည် အမြဲစိမ်း သစ်ပင်မျိုးဖြစ်သည်။ ပေ ၅၀ ခန့်အထိ မြင့်တက်သည်။ အခေါက်မှာ မွဲပြာရောင်ရှိ၍ ကြမ်းတမ်းသည်။ ရွက်ထိပ်ချွန်၊ ရွက်ရင်းသွယ်၊ ရွက်နားမှာသွားစိတ်ပုံရှိသည်။ သေးငယ်သော ဖြူဝါရောင်အပွင့်များရှိသည်။ သင်းပျံ့ ခါးသက်သော အနံ့ရှိသည်။ အသီးမှာ ဘဲဥသဏ္ဍာန်ပုံရှိပြီး အစေ့တစ်စေ့သာ ပါသည်။ နုစဉ်မှာ စိမ်း၍ မှည့်သောအခါ အဝါရောင်သို့ ပြောင်းသွားသည်။

မြန်မာနိုင်ငံအထက်ပိုင်းနှင့် အပူပိုင်းဒေသများတွင် ပေါက်ရောက်ကြသည်။

ဆေးအဖြစ် အသုံးပြုသည့် အစိတ်အပိုင်းမှာ အပွင့်၊ အရွက်၊ အသီး၊ အစေ့၊ အခေါက်၊ အစေ့၊ အဆီတို့ဖြစ်သည်။

အာနိသင်မှာ ခါးသော အရသာရှိသည်။ အေးသော သတ္တိရှိသည်။ လေ၊ သည်းခြေ၊ သလိပ်ကို ပယ်သည်။

အသုံးပြုပုံမှာ မျက်စိနာ၊ မျက်စိယား၊ မျက်ရည်ပူကျခြင်းတို့တွင် တမာရွက်ရည်ကို မျက်စိ၌ ခပ်ပေးက သက်သာပျောက်ကင်းစေသည်။ တမာရွက်ပြုတ်ရည်ကို ချိုးပေးက ယားနာ၊ ဝဲနာတို့ ပျောက်ကင်းသည်။

တမာသည် ခါး၏။ သလိပ်နှင့် သည်းခြေကို နိုင်၏။ လေကို ပျက်စေတတ်၏။ ပိုးနာ၊ ခူနာတို့ကို နိုင်၏။ မျက်စိနှင့် သင့်မြတ်၏။ ပျို့အန်သော၊ သည်းခြေပျက်သော၊ လိုက်လှဲရသော၊ ကုတ်ပဲ့ချောင်းဆိုးနာတို့ကို ပျောက်ကင်းစေတတ်၏။ သွေးတက်၏။ လေဓာတ်(ဝါယော)ကို ဖြစ်စေ၏။ တေဇောဓာတ်ညံ့သူတို့နှင့် သင့်မြတ်၏။

တမာသည် အခါးပိုသောကြောင့် လူအများစုတို့က အစားအသောက်အတွက် မနှစ်သက်ကြပေ။ သို့သော်လည်း တမာသည် လူသားတို့အတွက် ကောင်းကျိုးပြုပေးသည်။ ရှေးလူကြီးများက "အိမ်ရှေ့ တမာ၊ နောက်ဖေး ခံတက်၊



www.burmeseclassic.com

www.burmeseclassic.com

စီးပွားတက်"ဟူ၍ မှာကြားခဲ့၏။ ထို့အပြင် "တမာတစ်ခက်၊ သွားတစ်သက်"ဟူ၍လည်း မှာကြားခဲ့၏။ တမာ၏ ဆေးဖက်ဝင်ပုံ ဂုဏ်ကျေးဇူးတို့ကား ဖော်ပြ၍ ကုန်နိုင်ဖွယ် မရှိပေ။

တမာသည် ပေါ့ပါးသောဓာတ်ရှိ၏။ ဖန်၏။ အေး၏။ အနာကို ပျောက်စေ၏။ ဆံပင်ကို အကျိုးပြု၏။ ပိုးနာ၊ အန်ခြင်း၊ ရောင်တင်းခြင်း၊ သည်းခြေနာ၊ လေနာ၊ အဆိပ်နာ၊ ကုဋ္ဌနူနာ၊ နှလုံးပူလောင်နာ၊ ချောင်းဆိုးပန်းနာ၊ ရေငတ်နှုတ်မမြိန်၊ သွေးဖောက်ပြန်ခြင်း၊ ဆီးရောဂါ(ပမေဟ)တို့ကို ပျောက်ကင်းစေ၏။ အိန္ဒိယနိုင်ငံသားတို့က သွားခိုင်စေရန် တမာကိုင်းကို တံပူလုပ်၍ သွားတိုက်ကြသည်။

ဆေးအဖြစ် အသုံးပြုပုံမှာ -

* ဝဲမှို၊ ဝဲခြောက်၊ ပြည်တည်နာဖြစ်ခဲ့သော တမာရွက်ကို ရေစင်အောင် ဆေးပြီး ကြိတ်၍ အုံပေးက ပျောက်ကင်းချမ်းသာစေမည်။ ပိုးကိုလည်း သေစေသည်။

* ကိုယ်၌ အဖုအပိမ့်ထ၍ ယားယံသော် တမာရွက်စိမ်းကို ပြုတ်၍ ရေချိုးပေးလျှင် ပျောက်ကင်းချမ်းသာစေ၏။

* ဝမ်းကိုက်လျှင် တမာရွက်သတ္တုရည်ကို ညှစ်ယူပြီး သံပရာရည်ဖြင့် ဆတူရောစပ်၍ သောက်သော် ပျောက်ကင်းစေ၏။

* မူးမော်လျှင် တမာပွင့်ကို ရှူရှိုက်က ပျောက်ကင်းစေသည်။

* တမာခေါက်ကို သွေး၍ ဆားခတ်ပြီး တစ်နေ့သုံးကြိမ်ခန့်သောက်သော် အဖျားပျောက်၏။

* အဆစ်အမြစ်ကိုက်ခဲ ရောင်ရမ်းနေလျှင် တမာအတွင်းခေါက်ကို သွေးလိမ်းသော် ပျောက်ကင်းစေ၏။

* သွားနာ သွားကိုက်သော် တမာခေါက်ကို သုံးခွက်တစ်ခွက်တင် ပြုတ်၍ ငုံပေးသော် ပျောက်ကင်းစေ၏။

* မျက်စိယားယံခြင်း၊ မျက်စိပူခြင်း၊ မျက်ရည်ပူကျခြင်းဖြစ်သော် တမာရွက်သတ္တုရည်ကို မကြာခဏခတ်ပေးက ပျောက်ကင်းချမ်းသာစေ၏။

* တမာရွက်ကို ကျွမ်းအောင်လှော်၊ အမှုန့်ပြုပြီး ဆားအနည်းငယ်နှင့်ရော၍ သွားတိုက်ပေးက သွားကိုက်၊ သွားနာ၊ သွားရောဂါကင်းဝေး၍ ဖြူဖွေးခိုင်မာမည်။

* တမာသီးကို နေ့စဉ် စားသုံးပေးလျှင် ဆီးရောဂါပျောက်ကင်းစေ၏။

* သွားနာ၊ သွားကိုက်၊ သွားပိုးစား၊ သွားဖုံးရောင်၊ ခံတွင်းပုပ်၊ နှုတ်မမြိန်ရောဂါတို့တွင် တမာရွက်ခြောက်မှုန့်ကို သိန္ဓောဆား ဆတူရောကြိတ်၍ နံနက်တိုင်း သွားတိုက်ပေးလျှင် ပျောက်ကင်းချမ်းသာစေသည်။

* တမာသီးမှ ထုတ်ယူရရှိသော အဆီကို ယား... ဝဲနာ၊ အနာစက်၊ ယားယံနာများ ပျောက်ကင်းစေပြီး အိမ်... တိရစ္ဆာန်များ ဝဲစားက လိမ်းပေးလျှင် ပျောက်ကင်းစေပါသည်။

* တမာသီးဆန်၏ အဆီသည် သလိပ်ကို နိုင်၏။ အရေတွန့်ခြင်း၊ ဆံပင်ဖြူခြင်းကို နိုင်၏။ အေး၏။ သည်း... ကို နိုင်၏။ အဆီခဲနာကို နိုင်၏။ ဝသွက်ကို ပိန်စေတတ်၏။ တမာရွက်သည် ခါး၏။ ဝမ်းမီးချက်ပြီးနောက် စပ်၏။ ... နှင့် သင့်၏။ ပိုးကို နိုင်၏။ သလိပ်၊ သည်းခြေကို နိုင်... နူနာကို နိုင်၏။ လေကို ပျက်စေတတ်၏။

* ကလေးငယ်များ၏ လျှာတွင် မက်ခရုပေါက်... တမာရွက်ခြောက်ကို ပြာချ၍ ဖျားနာချိန်နှင့် သုတ်လိမ်းပေး... သက်သာပျောက်ကင်းစေသည်။

* အဆစ်ကြီးများ ရောင်တင်းကိုက်ခဲ (လေးဘက်...) လျှင် တမာဆီကို လိမ်းပေးက သက်သာစေပါသည်။

တရုတ်စကားပုံတွင် "ခါးမှ ဆေးကောင်း"လို့ ဆို... ထို့ကြောင့် ရသာခါးတဲ့ တမာဆေးဖြင့် ကျန်းမာကြပါစေ...

ရွှေထွန်းဖ (ရွှေတော်...)

ကျမ်းကိုး

- လက်တွေ့ အသုံးချ ဆေးဖက်အပင်များ (တိုင်းရင်း... ပညာဦးစီးဌာန)။
- ပုံပြဆေးအဘိဓာန် (အရှင်နာဂသိန်)။

*****



www.burmeseclassic.com

www.burmeseclassic.com

ကျော်ဇော သပြေပင်ရွာသို့ ရောက်သည်နှင့် မကြုံဘူးသည်များကို ကြုံရ၍၊ မကြားဘူးသည်များကို ကြားရသည်။ ကျော်ဇောသည် သပြေပင်ရွာနှင့် ၅မိုင်အကွာတွင်ရှိ ပေပင်ချောင်ရွာသားဖြစ်သည်။ သပြေကုန်းရွာသူ မစိန်ညွန့်ကို သပြေပင်ရွာသို့ ရောက်လာခြင်းဖြစ်သည်။ ရွာနှစ်ရွာမှာ ၅မိုင်သာ ကွာဝေးသော်လည်း လူနေမှု စရိုက်ခြားနားလှသည်။ ပေပင်ချောင်ရွာတွင် ကားလမ်းဘေး၌ လျှောင်းတော်မူဘုရားကြီးရှိသဖြင့် ရပ်နီးရပ်ဝေးမှ ဘုရားဖူးများ လာလေ့ရှိသည်။ နှစ်စဉ် ဘုရားပွဲကို စည်စည်ကားကား ကျင်းပလေ့ရှိသည်။ ဘုရားကြီးအနောက်တွင် ဘုန်းကြီးကျောင်းရှိပြီး ဝိပဿနာတရားစခန်းလည်း ရှိသည်။ ပေပင်ချောင်ရွာ



# ကောင်းသော် နတ်

www.burmeseclassic.com

www.burmeseclassic.com

သားများမှာ ဘုရားကိစ္စ၊ တရားကိစ္စများနှင့် အချိန်ကုန်လျက်ရှိကြသည်။ ဘာသာရေးကို အလေးထားသော ပေပင်ချောင်ရွာသား ကျော်ဇောသည် သပြေပင်သို့ ရောက်မှ ကိုးကွယ်မှုအရ ခြားနားချက်ကို တွေ့ရသည်။ မစိန်ညွန့်ကို ရွာဘုရားပွဲတွင် တွေ့ရမှ ချစ်ကြိုက်ပြီး လက်ထပ်ယူလိုက်၍ သပြေပင်ရွာသို့ လိုက်ပါနေခဲ့ရခြင်းဖြစ်သည်။

သပြေပင်ရွာသည် ရွာအနောက်တွင် မှိုင်းညို့နေသော ထန်းတောကြီးရှိသဖြင့် လူငယ်လူရွယ်မှအစ လူကြီးများအထိ ညနေစောင်းတွင် တစ်ရွာလုံးရှိ ယောကျာ်းသားတိုင်း ထန်းတောသို့ ရောက်ရှိနေတတ်ကြသည်။ တစ်နေကုန် အလုပ်ပင်ပန်းသမျှ ညနေထန်းတောတွင် ထန်းရည်သောက်ရင်း အပန်းဖြေကြသည်။ သောက်စားမူးယစ်ပြီး သီချင်းဆိုကြ၊ ကခုန်ကြရင်း ညနေဝင်မှ ပြန်လေ့ရှိကြသည်။ ကျန်းမာရေး မကောင်းပါက ဆေးဆရာခေါ်ရည့် အစား ရွာထဲရှိ နတ်ဝင်သည်များထံ နတ်မေးကြသည်။ နတ်က နတ်ဝင်သည်ထံ ဝင်ပြီးပြောသမျှ မှတ်သားဆောင်ရွက်ကြသည်။ နတ်ပေးသည့်အတိုင်း ယတြာလုပ်လိုက်ပါက ရောဂါများ ပျောက်ကင်းသည်ဟု ယုံကြည်ကြသည်။ ကျော်ဇောအဖို့ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးမှလွဲ၍ ဘာကိုမှ အယုံအကြည်မရှိသဖြင့် နတ်ကိုလည်း မယုံကြည်နိုင်ပေ။

ဇနီးသည် မစိန်ညွန့်၏ အဖေ၊ အမေနှင့် ဆွေမျိုးများက နတ်ကို ယုံကြည်စွာ ကိုးကွယ်နေကြသည်ကို ဟန့်တား၍ မရသဖြင့် သူတို့အကြိုက် လိုက်ပြီး နေခဲ့ရသည်။ ရွာတွင် နေစဉ်က ဥပုသ်နေ့တိုင်း ရွာဦးကျောင်းတွင် သီလယူနေကျဖြစ်သော်လည်း သပြေပင်ရောက်မှ သီလယူနိုင်ခွင့် မရတော့ပါ။ နတ်ကို မယုံကြည်၍ အရောတဝင် မနေခဲ့သလို၊ ညနေပိုင်းတွင်လည်း ထန်းတောသို့ မသွားခဲ့ပါ။

မစိန်ညွန့်၏ တစ်ဦးတည်းသော မောင် လှမောင်မှာ ငယ်စဉ်ကပင် ကျောင်းထားသော်လည်း ကျောင်းနေမပျော်သဖြင့် ပညာမရခဲ့ပါ။ မိဘ၏ လယ်ယာလုပ်ငန်းတွင်လည်း ကူညီလုပ်ကိုင်ဖော်မရဘဲ အိမ်တွင် လူပိုလိုဖြစ်နေခဲ့သည်။ ကျော်ဇောမှာ လှမောင်ကို အလုပ်လုပ်ရန် စည်းရုံးကြည့်သော်လည်း စရိုက်ချင်းမတူသဖြင့် စည်းရုံးမရအောင် ရှိပါသည်။ လှမောင်မှာ ထန်းတောမှ မူးပြီး ပြန်လာတိုင်း ကျော်ဇောနှင့် စကားများလေ့ရှိပါသည်။ ကျော်ဇောမှာလည်း မစိန်ညွန့်ကို မစွန့်နိုင်သဖြင့် လှမောင်ဆိုးသမျှကို သည်းခံ၍ ဆက်ဆံနေခဲ့ရသည်။ မစိန်ညွန့်မှာ ကျော်ဇော နတ်ကို ယုံကြည်လာစေရန် နတ်ပွဲများသို့ ခေါ်သွားတတ်သော်လည်း ကျော်ဇောက လုံးဝ လက်မခံသဖြင့် လက်လျှော့လိုက်ရသည်။ လှမောင်နှင့် အဆင်ပြေအောင် ကြိုးစားကြည့်သော်လည်း စရိုက်ချင်း မတူ၍ အဆင်မပြေနိုင်ခဲ့ပါ။ ကျော်ဇောမှာ သည်းခံနိုင်သမျှ သည်းခံသော်လည်း တစ်ခါတစ်ရံ သည်းမခံနိုင်ပါက ရန်ဖြစ်သည်အထိ ဖြစ်ကြရသည်။ လှမောင်သည် ထန်းတောက အပြန် အိမ်သို့ ရောက်မလာဘဲ ဟိုဝင် သည်ထွက်၊ ရန်ဖြစ်သည့်အခါ ဖြစ်တတ်၍ အိမ်သို့ ညဉ့်နက်မှ ပြန်ရောက်လာလေ့ရှိသည်။

ထိုနေ့တွင် တစ်ညလုံး လှမောင် ပြန်မလာသဖြင့် အိမ်သားများ စိတ်ပူကြရသည်။ မနက်မိုးလင်းသည်နှင့် လှမောင်သွားတတ်သည့် နေရာများကို ရွာသားများ၏ အကူအညီဖြင့် လိုက်လံရှာဖွေကြသည်။ နေရာအနှံ့ လိုက်လံရှာဖွေသော်လည်း လှမောင်ကို မတွေ့ကြပါ။

ညနေတွင် စိတ်ပူနေသော မစိန်ညွန့်သည် လှမောင်အတွက် နတ်ဝင်သည်တစ်ဦးထံ သွားရောက် နတ်မေးရတော့သည်။ နတ်ဝင်သည်က မစိန်ညွန့်ပြောသည်ကို နားထောင်ပြီး နတ်ဝင်ပူးကာ ပြန်လည်ပြောပါသည်။ မစိန်ညွန့်မှာ ကြားရသည့် စကားကြောင့် ရုတ်တရက် လန့်သွားပါသည်။

"လှမောင် သေပြီ"

ရုတ်တရက် မယုံကြည်နိုင်သဖြင့် မစိန်ညွန့်က ထပ်၍မေးလိုက်သည်။

"ဘယ်လိုသေတာလဲ၊ ရှင်းလင်းအောင် ပြောပါ အရှင်ကြီး"

"လူသတ်ခံရတာ"

"ဘယ်လို…အသတ်ခံရတယ် ဟုတ်လား"

"ဟုတ်တယ်၊ သတ်တဲ့သူက အခြားမဟုတ်ဘူး၊ လူရင်းထဲကပဲ"

မစိန်ညွန့် ခေါင်းကြီးသွားသည်။ ကျော်ဇောနှင့် လှမောင် ရန်ဖြစ်သည်ကို မြင်ယောင်ပြီး တုန်လှုပ်သွားပါသည်။

"မဖြစ်ပါစေနဲ့၊ ကိုကျော်ဇော် သတ်တာ မဖြစ်ပါစေနဲ့"

စိတ်က ကျိတ်၍ ဆုတောင်းနေ မိသော်လည်း ရင်က ခုန်နေဆဲဖြစ် သည်။ သတ်တဲ့လူက လူရင်းထဲကဟု နတ်ဝင်သည် ပြောစကားကို ကြား ယောင်နေသည်။ မနေ့က ရန်ဖြစ်သည်။ လှမောင်က ဆဲသည်။ ကျော်ဇော ပြန်မလုပ်သော်လည်း ဒေါသဖြစ်ပြီး ကြိမ်းမောင်းနေသည်ကို ကြားမိသည်။

"လှမောင်…မင်း သေ ထင်တယ်"

ကျော်ဇော၏ ဒေါသ ပြော





www.burmeseclassic.com

သံကို မစိန်ညွှန့်သာမက၊ သူ၏ မိတ်ဆွေများလည်း ကြားကြသည်။ အိမ်နီးနားချင်းများကလည်း ကြားကြသည်။ ရန်ဖြစ်ပြီး ကျော်ဇောနှင့် လူမောင်တို့ အိမ်က ထွက်သွားသည်။ မိုးချုပ်၍ ကျော်ဇော ပြန်ရောက်လာသော်လည်း လူမောင်က ပြန်ရောက်မလာခဲ့ပါ။ ထိုညက မစိန်ညွှန့် အိပ်မပျော်အောင် ရှိနေပါသည်။ ကျော်ဇောက သည်းခံနိုင်သမျှ သည်းခံခဲ့သည်ကိုလည်း သိသည်။ ကျော်ဇောက ဒေါသကြီးတတ်သည်ကိုလည်း သိသဖြင့် ယောကျ်ားအတွက်ရော၊ မောင်အတွက်ပါ မစိန်ညွှန့် ပူနေရတော့သည်။ လူမောင်ကို တွေ့အောင်ရှာရမည်ဖြစ်သလို၊ လူသတ်တရားခံကိုလည်း သိအောင် စုံစမ်းမှ ဖြစ်တော့မည်။ နောက်နေ့တွင် နတ်သွားမေးရန် အမျိုးမျိုးစဉ်းစားရင်း ထိုညက မစိန်ညွှန့် တစ်ညလုံး အိပ်မပျော်ခဲ့ပါ။

◈◈◈

နောက်နေ့တွင် နံနက်လင်းသည်နှင့် မစိန်ညွှန့်သည် နတ်ဝင်သည်၏ အိမ်သို့ သွားရောက်ခဲ့သည်။ နတ်ဝင်သည်ကလည်း သူ့ကို အသင့်စောင့်နေသည့်အလား၊ မစိန်ညွှန့်ရောက်သည်နှင့် ဆီးကြိုမေးပါသည်။

"ဘယ်သူသတ်တယ်ဆိုတာ သိချင်လို့ လာတာမဟုတ်လား"

"ဟုတ်ပါတယ်။ လူမောင် အသတ်ခံရတယ်ဆိုရင် သူ့အလောင်းကို မြင်ချင်ပါတယ်"

"ရပါတယ်၊ ဘယ်သူသတ်တယ်ဆိုတာလည်း ပြောမယ်။ လူမောင်ရဲ့ အလောင်း ဘယ်မှာ ရှိတယ်ဆိုတာကိုလည်း ပြမယ်။ ထုံးစံအတိုင်းလုပ်လေ"

ထုံးစံအတိုင်းဆိုသည်မှာ ငှက်ပျောသီး သုံးဖီး၊ အုန်းသီးတစ်လုံးနှင့်

> ကျော်ဇော အသိတစ်ခုရလိုက်သည်။ နတ်ဆိုသည် ဘုရားနှင့် နှိုင်းယှဉ် ကိုးကွယ်ရန်မဟုတ်သော်လည်း သူ့အတိုင်းအတာ၊ သူ့အစွမ်းနှင့်သူ အမှန်တကယ် ရှိနေပါသည်။

လက်ဖက်၊ ကွမ်းယာများ ပါသော ပွဲတစ်ပွဲတင်ရန် ပြောခြင်းဖြစ်ပါသည်။ မစိန်ညွှန့်က ပွဲတစ်ပွဲစာအတွက် ကုန်ကျငွေကို ထုတ်ပေးလိုက်သည်နှင့် နတ်ထိန်းများက ပွဲတစ်ပွဲစီစဉ်လိုက်ရာ မကြာမီ ပွဲတစ်ပွဲဖြစ်မြောက်သွားပါသည်။ နတ်ဝင်သည်က ကန်တော့ပွဲကို မြောက်ချီမ,ပြီး နှုတ်က ရွတ်ဆိုပြောနေပါသည်။ ထို့နောက် မစိန်ညွှန့်ဘက် လှည့်၍ပြောပါသည်။

"လူမောင်ရှိတဲ့ နေရာကိုတော့ သိပြီ၊ လူသတ်တရားခံကို ဒီအရောက် ခေါ်ပေးမယ် ပြောနေတယ်"

"ဒါဆို ကောင်းတာပေါ့ ခေါ်ပေးပါ အရှင်ကြီးရယ်"

မစိန်ညွှန့်က ကြောက်ကြောက်နှင့် တောင်းပန်နေပါသည်။

"တရားခံတွေ ခေါ်ပေးဖို့ နောက်ထပ် ပွဲပေးရမယ်"

"ရပါတယ် အရှင်ကြီး။ တရားခံတွေကို အရောက်ခေါ်ပေးမယ်ဆိုရင် နောက်ထပ် တစ်ပွဲပေးပါ့မယ်"

"ကောင်းပြီ။ မနက်ဖြန် မြောက်ပိုင်းမှာ အရှင်ကြီးရှိမယ်။ ပွဲပေးချင်ရင် လာခဲ့။ တရားခံတွေကို အဲဒီပွဲကို အရောက်ခေါ်ပေးမယ်။ ကဲ…ဘာသိချင်သေးသလဲ"

"လူမောင်ရဲ့ အလောင်းကို တွေ့ချင်ပါတယ်"

"လူမောင်ရဲ့ အလောင်း ချင်းကုန်းရွာအလွန်၊ ရထားလမ်းပေါ်မှာ ရှိနေတယ်။ ရထားကြိတ်လို့ နစ်ပိုင်းပြတ်နေတယ်"

"အိုး…"

မစိန်ညွှန့်၏ နှုတ်က ရုတ်တရက် ထွက်သွားပါသည်။ အလွန်အံ့ဩတုန်လှုပ်နေပါသည်။ မရှင်းလင်းသည့် ကိစ္စအတွက် ပြန်မေးလိုက်သည်။

"အရှင်ကြီးပြောတော့ လူသတ်ခံရတာဆို"

"ဟုတ်တယ်လေ၊ လူသတ်သမားက လူမောင်ကို သတ်ပြီးမှ ရထားလမ်းပေါ်မှာ ပစ်ထားခဲ့တာ။ ကဲပါ၊ ငါပြောတာ မှန်,မမှန် လူမောင်ရဲ့ အလောင်းကို ရှာပေါ့။ တရားခံကိုတော့ ငါ့ဆီရောက်အောင်ခေါ်ပေးမယ်"

မစိန်ညွှန့် အိမ်သို့ ပြန်ခဲ့သည်။ ခင်ပွန်းသည် ကျော်ဇောကို ပြောသင့်, မသင့် စဉ်းစားရသေးသည်။ သူ့မှာ အားကိုးစရာ ကျော်ဇောတစ်ဦးတည်းသာ ရှိသဖြင့် မပြောမဖြစ် ပြောရပေတော့မည်။

"လူမောင်ရဲ့ အလောင်းက ချင်းကုန်းရွာအလွန်မှာ ရှိနေတယ်လို့ ပြောလိုက်တယ်"

ကျော်ဇောကို ပြောရင်း ကျော်ဇော၏ မျက်နှာကို ကြည့်၍ အကဲခတ်နေခဲ့သည်။ တရားခံကိုလည်း သိရှ



www.burmeseclassic.com

www.burmeseclassic.com

သည်။ တရားခံမှာ ကျော်ဇောဖြစ်နေမှာကိုလည်း စိုးရိမ်နေသည်။ ကျော်ဇောမှာ ကြားရသည့် စကားအတွက် စိတ်လှုပ်ရှားသွားသည်မှာ အမှန်ဖြစ်သည်။ ကျော်ဇောသည် နတ်ကို လုံးဝ ယုံကြည်သူမဟုတ်ပါ။ နတ်ပြောခြင်းကို မမှန်နိုင်ကြောင်းကိုလည်း သိနေသည်။ နတ်ဟောချက်မမှန်ကြောင်း သက်သေပြရန် ချင်းကုန်းသို့ ချက်ချင်းသွားကြည့်ရန် ဆုံးဖြတ်လိုက်သည်။

"ဒါဆို အခုပဲ ချင်းကုန်းကို သွားကြည့်လိုက်မယ်"

"ဘာနဲ့ သွားမှာလဲ"

"အဖော်တစ်ယောက်ခေါ်ပြီး စက်ဘီးနဲ့ သွားလိုက်မယ်"

ကျော်ဇောသည် အဖော်တစ်ယောက်ခေါ်ပြီး ချင်းကုန်းသို့ ထွက်ခဲ့သည်။ မစိန်ညွန့်မှာ လှမောင် သေ, မသေကို သိချင်သည်။ အရှင်ကြီး ဟောချက်မှန်လိမ့်မည်ဟု ယုံကြည်နေသည်။ လှမောင်အသတ်ခံရပါက လှမောင်ကို သတ်သည့် လူကို သိချင်မြန်သည်။ တရားခံသည် ကျော်ဇော မဖြစ်ပါစေနဲ့ဟု အကြိမ်ကြိမ်ဆုတောင်းနေမိသည်။

တစ်နာရီခန့်အကြာတွင် ကျော်ဇော ပြန်ရောက်လာသည်။ မစိန်ညွန့် သိချင်သည့်အကြောင်းကို ကျော်ဇောက ပြောလိုက်သည်။

"ချင်းကုန်းရွာအလွန် မီးရထားသံလမ်းပေါ်မှာ လှမောင်ရဲ့ အလောင်းကို တွေ့ခဲ့တယ်"

"ဘာ···လှမောင်ရဲ့ အလောင်းဟုတ်လား။ ဒါဆို လှမောင်သေပြီပေါ့"

မစိန်ညွန့်က မျက်ရည်များနှင့် ပြောလိုက်သည်။

"ဟုတ်တယ်။ ငါ ရဲစခန်းမှာ အမှုဖွင့်လိုက်တယ်။ ရဲတွေ လှမောင်ရဲ့



အလောင်းကို သယ်ဖို့ပါ စီစဉ်ပေးခဲ့တယ်"

ကျော်ဇော စကားကြောင့် မစိန်ညွန့် ဇဝေဇဝါဖြစ်နေသည်။ ကျော်ဇောက ရဲစခန်းတိုင်ခဲ့သည်ဟု ပြောသဖြင့် ကျော်ဇောအပေါ် စိတ်သက်သာမှု အနည်းငယ် ရလိုက်သည်။

ကျော်ဇောမှာလည်း သူ့လုပ်ရပ်ကို သူ အံ့ဩနေသည်။

မည်သူမျှ ရှာမတွေ့နိုင်သော လှမောင်၏ အလောင်း ချင်းကုန်းရွာအလွန်တွင် ရှိနေကြောင်း နတ်က တကယ်သိနေသည်ကို အံ့ဩမဆုံးအောင် ရှိနေပါသည်။ ထို့ပြင် တရားခံကို ခေါ်ပြဦးမည်ဆိုသဖြင့် နတ်ကို ပို၍ စိတ်ဝင်စားနေခဲ့သည်။ တရားခံအစစ်ကိုသာ ဖော်ထုတ်ပေးနိုင်ပါက နတ်ကို ယုံရမလိုဖြစ်နေသည်။ နတ်ကို စိတ်ဝင်စားနေမိသဖြင့် နောက်နေ့ မစိန်ညွန့် နတ်ပွဲသို့သွားပါက လိုက်ပြီး လေ့လာရန် ဆုံးဖြတ်လိုက်မိပါတော့သည်။

"မစိန်ညွန့်··· ငါ နတ်ပွဲကိုလိုက်ခဲ့မယ်"

ကျော်ဇော၏ အသံကြောင့် မစိန်ညွန့် အံ့ဩဝမ်းသာသွားပါသည်။ တစ်သက်လုံး နတ်ကို မယုံကြည်သူက အယူအဆပြောင်းလာသည့်အတွက် ကျေနပ်ပါသည်။ ကျော်ဇောက တရားခံဖော်ထုတ်ပွဲသို့ လိုက်မည်ဟု ပြောသဖြင့် ကျော်ဇောမှာ တရားခံ မဖြစ်နိုင်ဟု ယူဆမိသဖြင့် မစိန်ညွန့် ပျော်သွားပါသည်။ ပို၍သေချာအောင် မေးလိုက်သည်။

"ရှင်က နတ်ကို မယုံဘူးဆိုပြီး နတ်ပွဲကို တကယ်လိုက်မှာလား"

"လှမောင်ရဲ့ အလောင်းရှိတဲ့ နေရာကို တိတိကျကျ ဟောလိုက်တဲ့ နတ်ကို ကိုယ်တိုင်တွေ့ချင်လို့ပါ"

"နတ်က တရားခံကို ခေါ်ပြမှာနော်"

မစိန်ညွန့်က ခြိမ်းခြောက်စကား ပြောကြည့်ပါသည်။ ကျော်ဇောသာ တရားခံဖြစ်ပါက မလိုက်စေရန် ခြောက်လိုက်ခြင်းဖြစ်ပါသည်။

"အေးလေ၊ နတ်ပြောတဲ့အတိုင်း မှန်ရင်တော့ နတ်ကို ယုံသင့် ယုံရတာပေါ့။ ငါ့ကို ခေါ်ပါနော်"

မစိန်ညွန့်သည် ကျော်ဇောအတွက် အနည်းငယ် စိတ်အေးရသော်လည်း တရားခံမှာ ရင်းနှီးသည့်လူဖြစ်မည်ဟု ပြောသဖြင့် ရင်ခုန်နေရပါသည်။

◈◈◈

ရွာမြောက်ပိုင်းရှိ နတ်ပွဲသို့ မစိန်ညွန့်နှင့်အတူ ကျော်ဇော လိုက်ခဲ့ပါသည်။ နတ်ပွဲနား နီးလာလေ၊ နတ်ဆိုင်းသံက မြိုင်ဆိုင်လျက်ရှိပါသည်။ ရွာရှိ ကလေးလူကြီးမကျန် နတ်ပွဲသို့ ရောက်နေကြသည်ကို တွေ့ရသည်။ အလူ သဖြင့် လှမောင်ကို သတ်သည့် တရားခံကို ဖော်ထုတ်မည်ဖြစ်၍ ပရိသတ်လျှံနေခြင်းဖြစ်ပါသည်။ မစိန်ညွန့်တို့ မဏ္ဍပ်အတွင်းသို့ တိုးဝင်၍မရအောင် ရှိနေပါသည်။

"ဟေး···အလှူ့ရှင်တွေ လာတယ်။ လမ်းဖယ်ပေးကြပါ"

နတ်ကတော်က အော်ပြော



www.burmeseclassic.com

www.burmeseclassic.com

လူတစ်ကိုယ်ဝင်သာရုံ လမ်းရှင်းပေးပါသည်။ မစိန်ညွန့်နှင့် ကျော်ဇောမှာ လူအုပ်ကို တိုးဝှေ့ပြီး နတ်ကတော်ဆီ အရောက်သွားခဲ့သည်။ မစိန်ညွန့်ကို မြင်လိုက်သည်နှင့် နတ်ကတော်က ဆီးကြိုပြောလိုက်သည်။

"လူမောင်ကို သတ်ခဲ့တဲ့ တရားခံ နှစ်ယောက်ကို ငါခေါ်ထားတယ်။ ဒန်းဒါအောက်မှာ ရှိနေတယ်။ ကြည့်လိုက်ကြစမ်း"

ကျော်ဇောနှင့် မစိန်ညွန့်တို့က ဒန်းဒါပင်အောက်က လူနှစ်ယောက်ကို ကြည့်သလို၊ အားလုံးကလည်း လိုက်ကြည့်ကြသည်။ နတ်ဝင်သည် ပေးသည့် အရက်ကို သောက်ပြီး လဲကျနေသည့် လူရွယ်နှစ်ဦးကို တွေ့လိုက်ရသည်။

"ဟာ…ကိုးမောင်နဲ့ သံချောင်းတို့ပါလား"

မြင်ရသူများက အံ့သြစွာ ပြောလိုက်ကြသည်။ ကိုးမောင်နှင့် သံချောင်းတို့မှာ တစ်ရွာတည်းသားများဖြစ်၍ လူမောင်၏ အချစ်ဆုံး သူငယ်ချင်းများလည်း ဖြစ်ပါသည်။ ကိုးမောင်မှာ မစိန်ညွန့်၏ မောင်တစ်ဝမ်းကွဲဖြစ်သလို လူမောင်နှင့် အသက်အရွယ်အတူ ညီအစ်ကိုဝမ်းကွဲဖြစ်ပါသည်။

ကျော်ဇောနှင့် မစိန်ညွန့်တို့က တရားခံနှစ်ယောက်ကို အံ့အားသင့်စွာ ကြည့်နေရာ နတ်ဝင်သည်က အနား ရောက်လာပါသည်။

"အဲဒီနှစ်ကောင်ဟာ လူမောင်ကို သတ်ခဲ့တာပဲ။ ကဲ…ငါ့တာဝန် ကျေပြီနော်။ ကျန်တာ နင်တို့ ဆက်လုပ်ပေတော့"

ထို့နောက် နတ်ဝင်သည်သည် ဆိုင်းသံနှင့်အတူ မြူးကြွစွာ က,နေပါတော့သည်။ မစိန်ညွန့်သည် ကိုးမောင်ကို ကြည့်ရင်း မျက်ရည်များ ဝိုင်းလာပါသည်။ လူအုပ်ကြီးမှာလည်း တရားခံနှစ်ယောက်ကို လှုပ်နှိုးလျက်ရှိပါသည်။ ထိုအချိန် ကျော်ဇောသည် ရွာလူကြီးများကို ခေါ်ရန် အပြင်သို့ ထွက်သွားပါသည်။ လူအုပ်၏ နှိုးချက်ကြောင့် ကိုးမောင်နှင့် သံချောင်းတို့ သတိရလာသည်။ လူအုပ်ကြီးကို ကြည့်ရင်း ကြောင်တောင်တောင်ဖြစ်လျက် ရှိသည်။ မစိန်ညွန့်ကို မြင်လိုက်မှ အကြီးအကျယ် ထိတ်လန့်သွားကြပါသည်။

မစိန်ညွန့်က မျက်ရည်သုတ်ရင်း ဒေါသသံဖြင့် ကိုးမောင်ကို ကြည့်ကာ ပြောလိုက်သည်။

"လုပ်ရက်လိုက်တာ ကိုးမောင်ရယ်။ လူမောင်ဟာ နင်နဲ့ ညီအစ်ကို မဟုတ်လား။ ခုတော့ ကောင်းကြသေးရဲ့လား။ လူမောင် အသက်ဆုံးရသလို နင်တို့လည်း အဖမ်းခံရတော့မယ်"

ကိုးမောင်နှင့် သံချောင်းမှာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ တုန်လှုပ်နေကြပါသည်။ ကိုးမောင်က မစိန်ညွန့်ကို လက်အုပ်ချီ၍ တောင်းပန်နေပါသည်။

"ကျွန်တော်မှားမိပါတယ် မမရယ်။ အရက်မူးပြီး လူမောင်ကို ဓားနဲ့ ထိုးလိုက်မိတယ်။ လူမောင်သေမှ ကျွန်တော် နောင်တ,ရမိပါတယ်။ လူမောင်ကို ရထားကြိတ်ဟန် သံလမ်းပေါ် တင်ခဲ့မိပါတယ်။ အဝေးကို ပြေးဖို့ ကြံစည်ပါသေးတယ်။ သံချောင်းနဲ့ အဝေးကို ပြေးဖို့ ရွာက ထွက်လာတာ၊ ဒီက ဆိုင်းသံကိုကြားတော့ ဒီကိုမလာဘဲမနေနိုင်အောင်ဖြစ်လာလို့ ကျွန်တော်တို့ ဒီနေရာကို ရောက်လာတာပါ။ ဒီရောက်တော့ နတ်ဝင်သည် တိုက်တဲ့ အရက်ကို အမူးသောက်ခဲ့မိပါတယ်။ မူးပြီး လူက မလှုပ်နိုင်တော့ပေမယ့် တစ်စုံတစ်ယောက်က လူသတ်တာကို ဝန်ခံရမယ်လို့ ကြိမ်းမောင်းနေသလို ခံစားရလို့ ထွက်မပြေးနိုင်တာပါ"

ကိုးမောင်၏ စကားမဆုံးမီမှာပင် ကျော်ဇော ပြန်လည်ရောက်ရှိလာပါသည်။ ရွာထဲတွင် အသင့်တွေ့ရသော ရဲသားနှစ်ဦးကို ခေါ်လာခဲ့ပါသည်။ မကြာမီ ရဲသားများက တရားခံနှစ်ဦးကို လက်ထိတ်ခတ်၍ ခေါ်သွားကြပါသည်။

နတ်ကို လုံးဝ အယုံအကြည်မရှိခဲ့သော ကျော်ဇောမှာ မျက်မြင်တွေ့လိုက်ရသဖြင့် မယုံကြည်၍ မရတော့ပါ။ ဘုရားမှတစ်ပါး ကိုးကွယ်ရာမရှိဟု ဆိုသော်လည်း နတ်ဆိုသည်မှာ အမှန်တကယ်ရှိကြောင်း ဘုရားဟောတွင် ပါသည်ကို သတိထားမိလာသည်။ နတ်နှင့် နဂါး မလှည့်စားနှင့်ဟူသော စကားမှာလည်း ရှေးအဆက်ဆက်က ရှိခဲ့သဖြင့် နတ်ရှိသည်ကို လက်ခံရပေတော့မည်။

ကျော်ဇော အသိတစ်ခုရလိုက်သည်။ နတ်ဆိုသည် ဘုရားနှင့် နှိုင်းယှဉ် ကိုးကွယ်ရန်မဟုတ်သော်လည်း သူ့အတိုင်းအတာ၊ သူ့အစွမ်းနှင့်သူ အမှန်တကယ်ရှိနေပါသည်။ နတ်အတု အယောင်များ ရှိနေသကဲ့သို့၊ နတ်အစစ်အမှန်များလည်း ရှိနိုင်ကြောင်း သဘောပေါက်လိုက်ပါတော့သည်။ ■

ကောင်းသော်

*****



www.burmeseclassic.com

www.burmeseclassic.com

## အလုံဒီပါ ဝိဇ္ဇာမြို့တော်ကြီးထဲမှ

# အံ့သြထူးဆန်းဖွယ် ဂမ္ဘီရနယ် ဖြစ်ရပ်ဆန်းများ

မင်းတိုင်ပင် (မြရောင်မြေ)

လူ့လောကကြီးတွင် ဂမ္ဘီရဆန်သော ဖြစ်ရပ်ဆန်းကိစ္စများ ကြုံဖူးသူများ ရှိကြသလို၊ ကြားဖူးသူများလည်း ရှိကြပါလိမ့်မည်။ ကြုံဖူးသူများကတော့ ရှိုင္ဗမ္ဘဆိုတော့ ငြင်းဖွယ်ရာ မရှိပေ။ ကြားဖူးသူများကတော့ ကြားရသည့်အကြောင်း ဖြစ်ရပ်ဆန်းကြယ်မှုများကို ယုံချင်မှ ယုံလိမ့်မည်။ ယုံရတစ်ဝက်၊ မယုံရ တစ်ဝက်နှင့်လည်း ရှိပေလိမ့်မည်။ လောကမှာ ဝိဇ္ဇာပညာရပ်တွေ အမျိုးမျိုးအဖုံဖုံရှိသလို၊ သိပ္ပံပညာရပ်တွေလည်း တစ်နေ့ထက်တစ်နေ့ တိုးတက်ပေါ်ထွန်းစမြဲ ရှိပါ၏။ အချို့ ဝိဇ္ဇာပညာရပ်ကို သိပ္ပံပညာရပ်က ဘယ်လိုပင် တိကျ ခိုင်လုံစေဦးတော့ လက်လှမ်းမမီနိုင်စရာ အများအပြား တွေ့ရပါသည်။

ဂမ္ဘီရဆန်သော ဖြစ်ရပ်သည် တစ်ခါတလေ ဒဏ္ဍာရီသဖွယ်ဖြစ်လေ့ရှိ၏။ ကိုယ်တွေ့ကြုံမှုရှိသူက အမှန်ပြောပြလျှင် ကြွားလုံးထုတ်တယ်၊ လေလုံးထွားတယ်လို့တောင် ပြောကြပါသည်။ ယုံချင်လည်း ယုံပါ။ မယုံချင်လည်း နေပါ။ ငြင်းခုန်စရာမရှိပါ။ သို့သော် သိပ္ပံပညာကို ယုံကြည်မှုတွေ ရှိသလို၊ ဝိဇ္ဇာပညာကို ယုံကြည်သူများလည်း ရှိပါ၏။ ဝိဇ္ဇာဟု ဆိုရာ၌ ဝိဇ္ဇာရှစ်သောင်း ဆရာပေါင်းဟု ဆိုပါ၏။ ထိုဝိဇ္ဇာများအနက် မြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ဂန္ဓာရီဝိဇ္ဇာ၊ စမဝိဇ္ဇာ၊ မာဂဓဝိဇ္ဇာ စသည်ဖြင့် များစွာရှိကြပါသည်။

လူသူမနီး တောကြီး၊ တောင်လျှို သစ်ပင်၊ လိုဏ်ဂူတို့တွင် ဝိဇ္ဇာအကျင့်၊ ဂန္ဓာရီအကျင့်၊ ရေထုံ၊ မြေထုံ၊ မီးထုံ ထုံမျိုး… ကူးပြီး အသက်ဆက် ရှင်သန်နေကြပါသည်။ မြန်မာနိုင်… အတွင်းရှိ အနောက်ရိုးမ၊ ရှမ်းရိုးမ၊ ပဲခူးရိုးမနှင့် တောင်… တောင်ထိပ်များစွာတွင် ဘုရားတည်ခြင်း၊ ကျောင်းဆော… ခြင်းဖြင့် သာသနာပြု လုပ်ငန်းများကို လုပ်ကိုင်၍ ကုသို… ကောင်းမှု အမျိုးစုံစွာ လှူဒါန်းနေကြပါသည်။ စာရေးသူ… မသိနိုင်၊ မတွေ့နိုင်သော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ် သူတော်… ပုဂ္ဂိုလ်ကြီးများသည် မရေမတွက်နိုင်အောင် များစွာရှိ… သည်။

ဝိဇ္ဇာနှင့် တွေ့ဖူးသူများ ရှိကြသလို၊ တွေ့ပြီး ဝိဇ္ဇာ… မသိသူများလည်း ရှိပါ၏။ ထို့ပြင် ဝိဇ္ဇာအတုနှင့်လည်း … တတ်၊ တွေ့တတ်ပါသည်။ (အထူး သတိထားစရာမှာ ဝိ… တု၊ ဝိဇ္ဇာယောင်များသည် ယနေ့အခါ မှိုပေါက်သလို … ကြသည်။) ထိုအထဲမှ ဝိဇ္ဇာနှင့် တွေ့ခဲ့ကြသည့် ပုဂ္ဂိုလ်… အကြောင်းကို မှတ်မိသလောက် တင်ပြလိုပါသည်။ … နိုင်ပါဘူးကွာ၊ ဟုတ်မှာ မဟုတ်ပါဘူးလို့လည်း ပြော… ပြောကြပါလိမ့်မည်။ စောစောက ပြောခဲ့သလို ယုံချင်… ယုံပါ။ မယုံချင်လည်း သဘောပါလို့ စေတနာမွန်ဖြင့် … လိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

## ကျွန်ုပ် ငယ်စဉ်က ကြားခဲ့ရသော ဂန္ထီရ

စာရေးသူတို့ (၁၀)နှစ်သားလောက်ကလို့ ထင်ပါသည်။ အဲဒီတုန်းက အနီးဆုံး မြို့ ဖြစ်တဲ့ အုသုတ်မြို့ ကျောင်းကုန်းမြို့ဝှို့မှာ တရားပွဲများ ကျင်းပလေ့ရှိပါသည်။ တရားဟော ဓမ္မကထိကများ ပင့်၍ တရားပွဲများ မစမီ ငါးရက်လောက်ကြိုပြီး အသံချဲ့စက် ကားပေါ်တင်၍ ဝိုစတာဖြင့် လှည့်လည်ဖိတ်ကြားလေ့ ရှိပါတယ်။ မှတ်မိပါသေးတယ်။ ဒီတုန်းက အောင်စကြာဆရာတော်၊ အောင်ဝိဇ္ဇာဆရာတော်၊ ကျိုက်ပိုင်းဆရာတော်၊ မင်းသားကြီး ရွှေကိုးညီဆရာတော်၊ ဆရာတော် မင်းသားကြီး ဦးအောင်မောင်းနှင့် တခြားသော ဓမ္မကထိက ဆရာတော်ကြီးများတို့ဖြင့် တရားသဘင် ကျင်းပကြပါသည်။

နယ်ရွာတွင် တရားသွားနာကြရာမှာ အမေနှင့် ညီအစ်ကိုမောင်နှမများ လှည်းနှင့် သွားပြီး တရားနာလေ့ရှိပါသည်။ ဘောလုံးကွင်းတစ်ခုလုံး ကွင်းပြည့်ကွင်းလျှံ တရားနာပရိသတ် အလွန်များကြပါသည်။ အမှတ်ရမိပါသည်။ အသုတ်မြို့ ဘောလုံးကွင်းထဲတွင် ရွှေရင်မျှော် ဆရာတော်၏ တရားပွဲဖြစ်ပါသည်။ ထိုဆရာတော်သည် နယ်လှည့် ဓမ္မကထိကဖြစ်ပြီး ဟင်္သာတအထက်ပိုင်းက ထင်ပါသည်။

ဆရာတော်က ဓမ္မသဘင် တရားပွဲတွင် သူ၏ ကိုယ်တွေ့ကြုံခဲ့ရသည့် ဖြစ်ရပ်အကြောင်းကို ပြောပြသဖြင့် နားထဲစွဲပြီး ယနေ့တိုင် အုံ့ဩနေဆဲဖြစ်ပါ၏။

◈◈◈

ထိုဆရာတော်သည် တရားပွဲများ ကျင်းပရန် ဟင်္သာတမြို့ ဘူတာမှ ပုသိမ်သို့ ရထားစီးရန် တစ်ပါးတည်း ကြွလာခဲ့၏။ ရထားပေါ်တွင် ခရီးသည်များ ပြည့်နှက်လျက် ထိုင်စရာခုံမရှိသဖြင့် ဟိုရှာ ဒီရှာနှင့် ကြည့်လိုက်မိရာ ထိုင်ခုံလွတ်တစ်ခုကို တွေ့လိုက်ရသဖြင့် ထိုင်ဖို့ သွားလိုက်သည့်အခါ အနီးရှိ အဘိုးအိုက လက်ပြ၍ ထိုင်စေခဲ့သည်။ ဆရာတော်က အဘိုးအိုကို ကြည့်လိုက်မိစဉ် အသက်အရွယ်အားဖြင့် ရှစ်ဆယ်ထက်မက ကျော်လွန်နေပုံရှိပါ၏။ ပါးရေတွန့်၍ ခံပြုသွားကျိုးနေသည့်ပုံ။ သို့သော် ဖွေးနေသော ဆံပင်များသည် သျှောင်ထုံး ထုံးထားပြီး ဗိတ်ဖြူပေါင်းထားသည်။ ရုပ်အင်္ကျီ လက်ရှည် အဖြူပွပွကြီးနှင့် ပုဆိုးမှာ အဖြူကွက်တုံးကြီးညှိလျက် တောင်ဝှေးနှင့် လွယ်အိတ်ဖြူကြီးကို လွယ်ထားပြီးနောက် တစ်ကိုယ်လုံး ဆေးနီများ ထိုးထားလေ၏။ မုတ်ဆိတ်မွေးလည်း ဖြူဖွေးလျက် တစ်ထွာခန့် ရှည်မည်ထင်ပါ၏။ တည်ငြိမ်သော ဥပဓိရုပ်ဖြင့် တိတ်ဆိတ်နေလေသည်။

အုံ့ဩနေမိခြင်းမှာ ထိုင်ခုံလွတ်ရှိပါလျက် ဘေးနားမှာ ခရီးသည်များ ဘာကြောင့် မထိုင်တာလဲ။ အဘိုးအိုကြီးက ဘယ်သူ့မှ စကားမပြောသည့်အပြင် ဘုန်းကြီးကိုလည်း ဘာတစ်ခွန်းမျှ ပြောသည်မရှိ။ လက်မှတ်စစ်များ တက်လာပြီးနောက် တာဝန်အရ လက်မှတ်စစ်ကြသည်။ ထိုအဘိုးအိုနှင့် ဘုန်းကြီးကို ချန်လှပ်ထားခဲ့သည်။

မမြင်လို့ ချန်ထားတာလား။ အသက်ကြီးသူမို့ ဇီဇိတ ဒါနပြုတာလား။ ဒါဆိုရင် ယခင်တုန်းက လက်မှတ်စစ်တွေက တစ်ယောက်မကျန် စစ်ကြတယ်။ ခုတော့ ဘာလို့ ငါ့ကို မစစ်တာလဲ။

ဘုန်းကြီးစိတ်ထဲ မတင်မကျဖြစ်နေ၏။

ရထားသည် ရေကြည်ဘူတာသို့ ရောက်လာသောအခါ...

"ဒါ ဘာဘူတာလဲ"

ဟု အဘိုးအိုက မေးသဖြင့်...

"ဒကာကြီး ... ရေကြည်ဘူတာပါ"

"သြော်...ရှေးတုန်းက ပန်းတောရွာကြီးပဲ။ ဥမ္မာဒန္တီ မင်းသမီး ကောင်းမှုပြုတဲ့ မြို့ပေါ့"

ဟု ဆိုကာ ဘာမျှဆက်မပြောတော့ပေ။

ဒါနဲ့ ရထားက အသုတ်ဘူတာရောက်တော့ အဘိုးအိုက...

"ဒါ ဘာဘူတာလဲ"

လို့ ထပ်မေးတယ်။

"ဒါက အသုတ်ဘူတာပါ"

"အေး၊ အောင်ကြခတ်ဝဏ္ဏမြို့ဆိုတာ မင်း နန်းစိုက်ခဲ့တဲ့ မြို့ပေါ့"

နောက်ဘူတာတစ်ခုရောက်ပြန်တော့ ...

"ဒါ ဘာဘူတာလဲ"

"ဒါက ယိုးဒယားတက် ဘူတာပါ"

"သြော်... ယိုးဒယားမင်းလိုက်လို့ ဖောင်ဆိုက်တဲ့ မြို့ကိုး"

ဒီလိုနဲ့ ဘာမှ ဆက်မပြောတော့ ဘုန်းကြီးလည်း စကားဆက်ဖို့ မလွယ်လို့ ထုံးစံအတိုင်း ပုတီးစိပ်ပြီး ဆိတ်ဆိတ်နေလိုက်တော့၏။ ရထားသည် ပုသိမ်အဝင် ဒကုန်းကြီးဘူတာရောက်လာတော့ ခရီးသည်များ အဆင်းများလာ၏။ ထိုအခါမှ...

"မောင်ပဉ္စင်းက ဘယ်ကြွမှာတုန်း"

"ဦးဇင်းက ပုသိမ်ပါ ဒကာကြီး။ တရားပွဲကိစ္စအတွက်

www.burmeseclassic.com

ကြွမှာပါ"

"ဒါဆို ကျုပ်နဲ့ တစ်ပါတည်းလိုက်ခဲ့ပါလား"

အဲဒီလိုပြောတော့ ဦးဇင်းလည်း ခေါင်းညိတ်မိသည်။ ဘာကြောင့်မှန်း မသိ၊ စိတ်ထဲမှာ အလိုလိုဖြစ်နေ၏။ ပုသိမ်ဘူတာကြီးရောက်ပြီး မှတ်မှတ်ရရ ဘူတာကနေ ရထားလမ်းအတိုင်းဆက်ပြီး တောင်ဘက်ကို သွားနေသည်။ အဘိုးအိုကြီးက ရှေ့ကနေ မြန်မြန်လျှောက်လို့ မီအောင် အတော်လိုက်ရ၏။ အသက်အရွယ်နှင့် သန်မြန်တာနှင့် မမျှ။ နောက်တော့ ပုသိမ် မဟာဗောဓိကို ကျော်ပြီး ကျောင်းငူကို ရောက်၊ ကမ်းနားလည်း ရောက်ရော ...

"မောင်ပဉ္ဇင်း ... ဘာနဲ့ကူးကြမတုန်း"

"လှေနဲ့ ကူးမယ် ဒကာကြီးရဲ့၊ လှေရှာရဦးမယ်"

"ကဲ…ရောက်ပါပြီ၊ မောင်ပဉ္ဇင်း နားလိုက်ပါဦး"

"ဟုတ်ကဲ့ ဒကာကြီး"

"မောင်ပဉ္ဇင်း ရေဆာရင် ဟို ဝါးရုံပေါ်က သပိတ်ထဲမှာ ရှိတယ်"

ဝါးလိုဏ်ဂူကြီးက ဝါးပင်များနှင့် ထိုင်စရာ ထိုင်ခုံ စားပွဲခုံပုံစံတွေနှင့် သပ်ရပ်ပိပြင်စွာ ရှိနေ၏။ အိပ်စရာ ခုတင်ပုံစံကလည်း ဝါးပင်များ ရောထွေးပေါက်နေတဲ့ ပုံဖြစ်သည်။ လူတို့ သစ်သားနဲ့ ဆောက်ထားသလို တစ်ပုံစံတည်း တွေ့ရ၏။ နောက်ပြီး အဘိုးအိုကြီးက ဝါးရုံကြားထဲ ဝင်သွားပြီး ပျောက်သွားသည်။

"အင်း…တောထဲ တောင်ထဲ ငါတစ်ယောက်တည်းသားရဲ့ တိရစ္ဆာန်တွေများ ရှိလား"

ထိုနေရာသည်ကား ညို့ညို့ မှိုင်းမှိုင်းနှင့့် ဝိဇ္ဇာမြို့ဟု တွင်ခဲ့သော အလုံမြို့ကြီးရှိပါသည်။ အတွင်း ဒီပါရုံစေတီတော်နှင့် ရေးဟောင်းစေတီများ ရှိပါသည်။ ထိုဘုရားအနီးတွင် ရွာကြီးများရှိကြပြီး၊ တချို့သောသူများက အလုံမြို့ထဲသို့ ရောက်ဖူးခဲ့ကြသည်။ ထိုမြို့ကြီးသည် လမ်းမကြီးများ ဖြောင့်ဖြူးလျက် ခရီးမဆုံးနိုင်ဟု ပြောကြပါသည်။ ညဆို မီးရောင်များ ထိန်ထိန်ညီးလျက် မြင်ရ၏။

"ကျုပ်နင်းတဲ့ ခြေရာအတိုင်း လိုက်နင်းပါ"

ဆိုပြီး မြစ်ထဲဝင်သွား၏။ ဘုန်းကြီးလည်း သူ့နောက်ကနေ မီအောင် လိုက်နင်းလိုက်တာ တစ်ဖက်ကမ်းကို ဘယ်လိုရောက်ခဲ့သလဲတောင် စဉ်းစား၍ မရဖြစ်ခဲ့သည်။ ဒါနှင့်ပဲ ရွှေရောင်တဝင်းဝင်းနဲ့ ရွှေဝက်လူးဘုရားကို အာရုံပြုပြီး အဘိုးအိုနောက်က လိုက်ခဲ့သည်။ ရှေ့မှာ မြက်တော။ ရွှံ့တွေ၊ ရေတွေနှင့်။ အဘိုးအိုကြီးက ဖိနပ်မချွတ်ဘဲ နင်းသွားလိုက်တာ ရွှံ့တစ်စက်၊ ရေတစ်ပေါက်တောင် မပေဘူး။ ဘုန်းကြီးက ဖိနပ်ချွတ်လိုက်တော့ ...

"မောင်ပဉ္ဇင်း…မချွတ်နဲ့၊ ကျုပ်ခြေရာကို နင်း"

ဒီလိုနဲ့ နာရီဝက်လောက်ကြာတော့ ခနီတောကြီးထဲ လမ်းကျဉ်းကလေးက ရွှံ့တွေ ရေတွေကြားထဲ နင်းသွားလိုက်သည်။ နောက်တော့ ဝါးတောကြီးဆီ ရောက်သွား၏။ ဝါးပင်တွေက အုံ့မှိုင်းပြီး နေပြောက်တောင် မထိုးနိုင်တဲ့ ဂူပုံသဏ္ဍာန် လိုဏ်ဂူကြီးဖြစ်သည်။

အဲဒီလို တွေးလိုက်မိတယ်။

"မောင်ပဉ္ဇင်း ... ဘာမှ မကြောက်ပါနဲ့၊ သီလထိန်းတဲ့ သူတွေပါကွယ်"

ဘုန်းကြီးက ရေဆာလို့ ရေသောက်ဖို့ သပိတ်ဖွင့်လိုက်တော့ ရေခွက်နှင့် ရေအပြည့်ကို တွေ့ရသည်။ ရေကို သောက်လိုက်တော့ ရင်ထဲ မောသမျှ လန်းဆန်းသွားသလို၊ စိတ်ထဲ ကြည်လင်သွားသည်။ ဘယ်လိုရေနဲ့မှ မတူဘဲ အလွန်အေးမြ၏။

ညနေစောင်းလို့ ဘုန်းကြီးက နေရောင်ကို ဟိုကြည့် ဒီကြည့် ကြည့်လိုက်တော့ နေလုံးကြီးက ရိုးမတောင် ကွယ်သွားသည်။ တဖြည်းဖြည်းမှောင်လာတော့မည်။

ညအမှောင်ကို ဘာအလင်းရောင်နှင့် နေမှာလဲ။ မီးထွန်းစရာ မရှိ။ စိတ်ထဲ ဗြံ။ နောက်ပြီး ကျောင်းမှာဆိုရင် ဂျင်းဂျာရည်သောက်လေ့ရှိသည်။ စီးကရက်ကလည်း သောက်ရတော့မည်။ တောထဲမှာ ဘယ်က စီးကရက်က ရှိမှာလဲ

www.burmeseclassic.com

www.burmeseclassic.com

သို့လော သို့လောနှင့် အတွေးပေါင်းစုံ တွေးနေမိသည်။

"မောင်ပဥ္စင်းရေ…ညနေရောက်ရင် သဘာဝမီးလင်းမှာပါ။ ဟိုအလယ်သပိတ်မှာ ဂျင်းဂျာရည်နဲ့ အစွန်သပိတ်ထဲမှာ မောင်ပဥ္စင်းကြိုက်တဲ့ ခပေါင်း စီးကရက်တစ်ဘူးရှိတယ်"

ဟာ…အဘိုးအိုကြီး ဘယ်လိုသိပါလိမ့်၊ ငါ စဉ်းစားတာကို သူ ဘာကြောင့် သိနေတာလဲ။ ဒီအဘိုးကြီးဟာ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်ဆန်းကြီးဖြစ်နေမှာ သေချာတယ်။ ဝိဇ္ဇာကြီးများ ဖြစ်နေမလား။

ညရောက်တော့ တောသဘာဝအရ တောကြက်တွန်သံ၊ ခေါင်းတွန်သံ၊ ရစ်အော်သံ၊ ငှက်ပေါင်းစုံတို့ သဘာဝအရ ဟစ်ကြွေးအော်မြည်သံတွေကို ကြားရသည်။ ဂျီ(ချေ) ဟောက်သံ၊ မျောက်အော်သံတွေလည်း ကြားရတယ်။ အဲဒီအခါမှာ သဘာဝအလင်းရောင် ဘယ်က ပေါ်သည် မသိ၊ ဘုန်းကြီးတစ်ကိုယ်လုံး ပြန်မြင်နေရ၏။

"မောင်ပဥ္စင်း…ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းပွားများပါသလား"

"ဟုတ်ကဲ့ ဒကာကြီး၊ အမြဲမပြတ်ပွားပါတယ်"

ဘုန်းကြီး ပုတီးစိပ်၊ မေတ္တာပို့၊ ဗုဒ္ဓါနုဿတိပွားများ၊ ဘုရားရှိခိုးပြီး အိပ်ဖို့ ပြင်တော့ ဝါးခုတင်မှာ ခေါင်းအုံးကလည်း အဆင်သင့်။ အိပ်လိုက်တော့ မွေ့ရာပေါ် အိပ်လိုက်ရသလို ထင်လိုက်၏။ ခဏအကြာ အိပ်ပျော်သွားသည်။

နံနက် အုန်းမောင်းခေါက်သံ၊ ကြက်တွန်သံတွေ ကြားတော့ နိုးလာသည်။ အိပ်ရေးဝသည့်အပြင် လန်းဆန်းနေ၏။ ထို့နောက် ကျောင်းမှာ ဘုရားတည်နေတာ ပစ္စည်းတွေ လိုနေရင် ဗုက္ခပဲလို့ နောက်ဆံတင်းမိသည်။ မနက်ကျရင် အာရုံဆွမ်း ဘယ်မှာ ဘုဉ်းပေးရမှာလဲ။ အကယ်၍ တောထဲ တောင်ထဲ မုန့်ဟင်းခါးဆွမ်းနှင့် ကော်ဖီ ဘယ်ရနိုင်မှာတုန်းဟု တွေးမိသည်။ ဖြစ်သလိုပဲ ဘုဉ်းပေးရမှာပဲလို့ စိတ်ကူးမိ၏။ ဒါနှင့် မျက်နှာသစ်၊ ပလုတ်ကျင်းတော့လည်း ဒီသပိတ်ထဲက ရေနှင့်ပဲ ဖြစ်သည်။ ရေက ကုန်သည်မရှိ။ ဘုန်းကြီးသောဘ မကောင်းမိဘူး။ စိုးရိမ်စိတ်က များနေသည်။

"ကဲ…မောင်ပဥ္စင်း၊ တောထဲ တောင်ထဲမှာလည်း လိုချင်တာ ရနိုင်ပါတယ်။ ဟို သပိတ်ထဲမှာ ဖွင့်ပြီး ကြိုက်သလိုသာ ဘုဉ်းပေးပါ"

ဘုန်းကြီး သပိတ်ကို ဖွင့်လိုက်တော့ မုန့်ဟင်းခါးဆွမ်းနှင့်၊ နောက်သပိတ်က ကော်ဖီတစ်ခွက်စာလောက် အဆင်သင့် တွေ့ရသည်။ လိုတိုင်း ရ၊ တတိုင်း အောင်၊ ကြံတိုင်း မြောက်ဆိုတဲ့ သိဒ္ဓိတွေနှင့် ပြည့်စုံတယ်လို့ ထင်သည်။ စိတ်ကူးပေါ်သမျှ အားလုံးပြည့်စုံ၏။ အဘိုးအိုကြီးကတော့ စကားမပြောတော့ပေ။

နောက်တော့ တစ်ည နှစ်ညမှ ခုနစ်ညတိုင်တိုင်ရှိခဲ့ပြီ။ ရက်ကလည်း ကြာလှပြီ။ ကျောင်းကို ပြန်ချင်တဲ့ စိတ်ကလည်း ပြင်းပြလာ၏။ မနက်ဖြန်တော့ အဘိုးအိုကြီးကို ခွင့်တောင်းပြီး ပြန်မှဖြစ်တော့မည်။ ပြန်မယ်လို့ စိတ်ကူးလိုက်ပြန်၏။

အဲဒီနေ့မှာ နံနက် အာရုံဆွမ်း ကောက်ညှင်း ပဲစိပေါင်းနှင့် ဘုဉ်းပေးပြီးနောက် အုံ့ညြစရာတွေ၊ ဝမ်းမြောက်စရာတွေကို ကြုံနေရသည်။

"မောင်ပဥ္စင်းက ကျောင်းပြန်ချင်တယ်ဆိုတော့ ပြန်ရပါမယ်။ ကျုပ်နဲ့က ပဋ္ဌာန်းဆက်ရှိလို့ တွေ့တာ မှတ်ပါ။ လိုအင်ဆန္ဒတွေ ပြည့်ဝမှာပါ။ သာသနာပြု လုပ်ငန်းလည်း အောင်မြင်မှာပါ။ ဒီတော့ ဒီမှာ ပိုက်ဆံ ငါးမူးစေ့ လိုသလို သုံးပါ"

"ဟုတ်ကဲ့ ဒကာကြီး ဦးပဥ္စင်း ပြန်ကြွပါဦးမယ်။ လမ်းပြပေးပါဦး"

အဘိုးအိုကြီးက ဝါးတောလွန်တော့ လက်ညှိုးထိုးပြတဲ့ လမ်းအတိုင်း တစ်ယောက်တည်း လာခဲ့တာ ရွှေဝက်လူးဘုရားကို လှမ်းမြင်ရပြီး နောက်ကို ပြန်လှည့်ကြည့်လိုက်တော့ တောအုပ်ကြီးလို မည်းမည်းမှောင်မှောင်နှင့် ကျန်ခဲ့သည်။ ဘုန်းကြီးက ပုသိမ်ဘက်ကမ်းကူးဖို့ ကူးတို့ဆိပ်ကို ရောက်တော့ လှေတစ်စီးက နိဗ္ဗာန်ကူးတို့ ပို့ပါ့မယ် ဘုရားလို့ဆိုတာနှင့် ပုသိမ်ဘက်ကမ်းသို့ ကူးခဲ့၏။ နောက် ဆွမ်းစားဖို့ ရွှေမုဋ္ဌောဘုရားရှေ့ ထမင်းဆိုင်မှာ ဆွမ်းဝင်စားသည်။ ပိုက်ဆံရှင်းဖို့ လုပ်တော့ ဒကာကြီးတစ်ယောက်က ရှင်းပြီးသွားပြီလို့ ပြောသည်။ ဒါနဲ့ ဆိုက်ကားစီးလည်း နိဗ္ဗာန်ကူးတို့၊ ရထားစီးပြန်တော့လည်း ရထားခ ဒါနပြုတဲ့ ဒကာနှင့်။ ပိုက်ဆံလည်း တစ်ပြားတစ်ချပ်မှ မကုန်ပေ။ ကျောင်းပြန်ရောက်တော့ ရွာထဲက ဒကာ၊ ဒကာမတွေက လာပြီး မေးကြ၊ ငိုကြနှင့် ဆူညံနေသည်။

"ဟဲ့…ဘာဖြစ်တာတုန်းကွယ့်၊ ငါ့ ရှင်းပြပါဦး"

"အရှင်ဘုရား ကျောင်းကနေ ထွက်သွားတာ တစ်လကျော်နေပြီ ဘုရား။ တပည့်တော်တို့လည်း ပျံလွန်တော်မူပြီထင်လို့ လူထောက်တွေ လွှတ်ရှာကြတယ်။ ဟီးဟီး…"

"ဟဲ့…မငိုကြနဲ့၊ ငါ ဘာမှမဖြစ်ဘူး။ အခု သွားတာလည်း ခုနစ်ရက်ပဲ ရှိသေးတယ်"

"မဟုတ်ဘူး ဘုရား၊ တစ်လကျော်လို့ ဘုရားလို့ ၁၅ရက်တော်



www.burmeseclassic.com

www.burmeseclassic.com

စွန်းနေပြီ ဘုရား"

"ဟဲ့…ဒကာ၊ ဒကာမတို့…ဘုန်းကြီးဆိုတာ မလိမ်ကောင်းဘူး။ ငါပြောတာကို ယုံပါ"

"တပည့်တော်တို့လည်း မှန်တာပြောတာပဲ ဘုရား"

"ကဲ…ဒီတော့ ထားပါတော့။ ဘုရားတည်တဲ့ ပစ္စည်းတွေနဲ့ ပန်းရန်ခ,တွေရော မရှင်းရသေးဘူးမဟုတ်လား။ နောက် တရားပွဲက ဒကာတွေရော ဘာပြောကြသတုန်းကွယ့်"

"ရှင်းပြီးပါပြီ ဘုရား"

"ဘယ်က ရတုန်းကွယ့်"

"ဒကာကြီးတစ်ယောက် လွယ်အိတ်ကြီး လွယ်ပြီး ပစ္စည်းဖိုးတွေလည်း ပေးတယ်။ ပန်းရန်ခတွေလည်း ရှင်းသွားပါတယ် ဘုရား။ တရားပွဲလည်း ဘာမှ လာမပြောကြပါဘူး ဘုရား"

"ဟေ…ဘယ်သူတဲ့လဲကွယ့်၊ ဘယ်ရွာကလဲ"

"မသိပါ ဘုရား။ တပည့်တော်တို့က အရှင်ဘုရား လွှတ်ပြီး ပေးတာလား၊ အလှူဒကာလား ဆိုတာတော့ မပြောတတ်ပါဘူး ဘုရား"

"အေး၊ သာသနာပြုလုပ်ငန်းဆိုတာ ဗုဒ္ဓစိတ်ကြိုက် ကုသိုလ်ကောင်းမှုလုပ်တော့ သာသနာစောင့် နတ်မင်းကြီးတွေနဲ့ ဝိဇ္ဇာကြီးတွေက ကူညီစောင့်ရှောက်ကြတယ်လို့ မှတ်ထားကြပါကွယ်။ သာဓု…သာဓု…သာဓု။ ဘုန်းကြီးလည်း အံ့သြခြင်း၊ ဝမ်းသာခြင်းနှင့်အတူ ဒီလို ပုဂ္ဂိုလ်ထူးမျိုးကို တစ်သက်နဲ့တစ်ကိုယ် စဉ်းစားလို့ မမီနိုင်ဘူး။ ဝိဇ္ဇာပညာဆိုတာ အစွမ်းထက်တယ်။ ယုံကြည်သူကို အကျိုးပေးတယ်။ ဘယ်လိုတွေးတွေး သာသနာစောင့် နတ်မင်းကြီးလေးပါးနဲ့ နတ်မြတ် နတ်ကောင်းတွေက စောင့်ရှောက်လို့ မကြုံဘူးတာ ကြုံရတယ်။ ဘယ်လိုတွေးတွေး အဖြေမထွက်နိုင်တဲ့ ဝိဇ္ဇာဉာဏ် အစွမ်းထက်တယ်ဆိုတာ လက်တွေ့ကျမှ ယုံမိပါတယ်။ ဒကာ၊ ဒကာမတို့လည်း ဝိဇ္ဇာစရဏ သမ္ပန္နော ဆိုတဲ့ ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏ တစ်ဆယ့်ငါးပါးနဲ့ ပြည့်စုံသော သုံးလောကထွတ်ထား သဗ္ဗညု မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ ဂုဏ်တော်ကို ယုံကြည်သဒ္ဓါ ပူဇော်ကြပါ။ သတ္တဝါများအပေါ် မေတ္တာထားကြပါ။ ကရုဏာထားပါ။ မြင်အပ်, မမြင်အပ် ပုဂ္ဂိုလ်များအပေါ် စေတနာ မေတ္တာပွားကြပါလို့ ဘုန်းကြီး တိုက်တွန်းလိုပါတယ်"

◈◈◈

အဲဒီ တရားပွဲမှာ ဆရာတော်က သူကိုယ်တိုင်တွေ့ကြုံခဲ့ရတဲ့ ဖြစ်ကြောင်းကုန်စင်ကို ပြန်ပြောပြခြင်းဖြစ်ပါသည်။

ဒီတော့ စာရေးသူ ယခု တင်ပြသည့် နေရာနှင့် အနီးဆုံးနေရာကို လွန်ခဲ့သော ၁၀ နှစ်ခန့်က ရောက်ခဲ့ဖူးပါသည်။ ရောက်ရသည့် အကြောင်းမှာကား …

ပုသိမ်မြို့ ကင်မလင်းကျွန်း၊ အောင်မင်္ဂလာသိမ်ကျောင်း ဆရာတော်ကြီး ဦးသုဒဿနမှ သာသနာပြု ဂန္ဓာရီ အဖြစ် စေလွှတ်သဖြင့် ဆရာတော် ဦးဝါယမ (အောင်ဇေယျ အသုတ်မြို့) ဦးဥတ္တမတို့နှင့်အတူ ပုသိမ်မှ ဒေါ်သန်းသန်းဝင်း အစ်မကြီး ဒေါ်ခွေတို့နှင့် အတူတကွ ပုသိမ်မြို့မှ စက်လှေဖြင့် ဖြနာရီခန့် စီး၍ ခရီးထွက်ခဲ့ကြရသည်။ လမ်းတွင် ကြက်တူရွေး၊ လိပ်ကုန်း၊ ရွာဟောင်းကြီးတို့ ရှိပြီး၊ ထိုရွာဟောင်းကြီးတွင် စက်လှေရပ်၍ ပြည်တော်ဝင်၊ သံပတ်တောင်သို့ ခြေလျင်ဖြင့် နာရီဝက်ခန့် တောင်ပေါ်သို့ တက်ခဲ့ကြရသည်။ သံပတ်တောင်ပေါ်တွင် ပြည်တော်ဝင်၊ ပြည်တော်အေး၊ ပြည်တော်ထွက်၊ ကိုးနဝင်းစေတီများကို ဖူးတွေ့ရပြီး ထိုဘုရားများအား ဆရာတော်ကြီး ဦးသုဒဿနနှင့် ရသေ့ကြီး ဣန္ဒက ညီနောင်တို့က တည်ထားခဲ့ကြောင်း သိရပါသည်။ ထိုရသေ့ကြီးများသည် သာသနာပြုလုပ်ငန်းများကို လုပ်ကိုင်လျက် ဂန္ဓာရီခရီးလျှောက်လှမ်းနေကြသူများ ဖြစ်ပါ၏။

ထိုတောင်စဉ် တောင်တန်းတစ်လျှောက် မျှော်မှန်းကြည့်လျှင်, ရွှေတွင်းတူးဘုရားအား ရွှေရောင်ညီးညီးဖြင့် လှမ်းဖူးမြော်လိုက်ရပါသည်။ ထိုနေရာသည်ကား ညို့ညို့မှိုင်းမှိုင်းနှင့် ဝိဇ္ဇာမြို့ဟု တွင်ခဲ့သော အလုံမြို့ကြီးရှိပါသည်။ အတွင်း ဒီပါရုံစေတီတော်နှင့် ရှေးဟောင်းစေတီများ ရှိပါသည်။ ထိုဘုရားအနီးတွင် ရွာကြီးများ ရှိကြပြီး၊ တချို့သောသူများက အလုံမြို့ထဲသို့ ရောက်ဖူးခဲ့ကြသည်။ ထိုမြို့ကြီးသည် လမ်းမကြီးများ ဖြောင့်ဖြူးလျက် ခရီးမဆုံးနိုင်ဟု ပြောကြပါသည်။ ညဆို မီးရောင်များ ထိန်ထိန်ညီးလျက် မြင်ရ၏။

သံပတ်ရွာအနီး ရွာဟောင်းကြီးမှ ဦးစံသိန်း၏ ဖြစ်စဉ်ကလည်း ထူးခြားနေပြန်သည်။ ဦးစံသိန်းသည် သူ၏ ကွဲများကို စားကျက်တွင် လွှတ်ကျောင်းလေ့ရှိပါ၏။

တစ်နေ့တွင် တောင်ခြေ၌ အဘိုးအိုတစ်ဦးသည် ကျောက်တုံးများကို ထမ်းပြီး တောင်ပေါ်သို့ တင်နေသည်ကို တွေ့ရသဖြင့် ကူထမ်းပေးခဲ့ရသည်။ သူ့ကျွဲများကို စားကျက်တွင် လွှတ်ပြီး ခလောက်သံကို နားထောင်ရလေသည်။

အဘိုးကြီးက လက်ညှိုးညွှန်၍ စီထားပြီးသား ကျောက်တုံးများကို သယ်ခိုင်းပြီး ငှက်ပျောသီးတစ်လုံး ကျွေးသည်



www.burmeseclassic.com

www.burmeseclassic.com

အခေါက် ၂၀၊ ၂၅ခေါက်ခန့်ရောက်သောအခါ နေညိုလာချိန်ဖြစ်သဖြင့် ဦးစံသိန်းသည် ကျွဲများကို မောင်းပြီး ရွာသို့ ပြန်ခဲ့တော့သည်။

သူ့အိမ်သို့ လှမ်းကြည့်လိုက်သောအခါ အသံချဲ့စက်သံကို ကြားလိုက်ရပြီး အသုဘတွင် ဖွင့်လေ့ရှိသော အသံဖြစ်သဖြင့် သူ့စိတ်ထဲ တစ်မျိုးဖြစ်သွား၏။ အံ့အားသင့်သွားခဲ့ရသည်။ ကျွဲများ တင်းကုပ်သို့ဝင်သောအခါ လူတွေ ရုတ်ရုတ်သဲသဲဖြစ်ကုန်၏။ သူ့ကို မြင်တော့ ဇနီးသည်က…

"ကိုစံသိန်းရေ…အမလေး…အမလေး…အမလေးယူတော်မူပါတော်၊ ဟီးဟီး…"

နှင့် ငိုချလိုက်ပါတော့သည်။

"ဟာ…ဘယ်လိုဖြစ်တာလဲ၊ ဘာလို့ ငိုရတာလဲ"

"သရဲ…သရဲ…သရဲလာခြောက်တယ်။ ဦးစံသိန်းရယ်၊ ကြောက်ပါတယ်"

"ဟေ…ငါ စံသိန်းပါကွ၊ ဘာဖြစ်လို့လဲ၊ ပြောကြပါဦးဟဲ့"

"ရှင်သေပြီးပြီပဲ၊ မလာနဲ့…မလာနဲ့ ကိုယ်ယောင်မပြပါနဲ့ ကြောက်တယ်"

"ဟေ…ငါ တကယ် စံသိန်းပါ၊ မယုံ ကိုင်ကြည့်ပါ"

"ဟာ…ဦးစံသိန်း၊ ဘယ်လိုပြန်ရောက်လာတာလဲ ဦးလေးရဲ့"

"ငါ ခါတိုင်းလို မိုးလင်း ကျွဲကျောင်းတယ်၊ ခုမှ မိုးချုပ်ရုံ ရှိသေးတယ်လေ"

"ဒါဆို ခင်ဗျား လူအစစ်မဟုတ်တော့ဘူး။ ခင်ဗျားသွားတာ ခုနစ်ရက်ရှိပြီ။ အဲဒါကြောင့် ခင်ဗျားအတွက် ရက်ပြည့်သပိတ်သွတ်နေကြတာပါ"

"မင်းတို့ဟာ ကြည့်လုပ်ကြပါဦး၊ ငါ မသေပါဘူး။ ကျောက်တုံးသည်ပြီးတာမှ ၂၅ခေါက်လောက်ပဲ ရှိတာ"

"မဟုတ်နိုင်ပါဘူး"

"ရှင်က သွားတာ ခုနစ်ရက်ဆိုတော့ ကျားကိုက်လို့သေပြီလား၊ ရေနစ်လို့လားဆိုပြီး ရှာကြတာ။ ကျွဲလည်း တစ်ကောင်မှ မတွေ့တော့ အလောင်းပြန်မရဘူးထင်လို့ အခု သပိတ်သွတ်နေကြတာ ရှင်ရဲ့ စဉ်းစားကြည့်ပါဦး"

"ဒါဆို ငါလည်း မပြောတတ်တော့ဘူး။ လျှူတယ်လို့ မှတ်ကြပါကွယ်"

ဦးစံသိန်း မဖြစ်စဘူး ကြုံခဲ့ရခြင်းဖြစ်သည်။ ဒီအလုံမြို့နယ်တွင် မကြာခဏ ကြုံတတ်ကြရ၏။ ဒါဟာလည်း ထူးဆန်းတဲ့တစ်ခုပါပဲ။

ကျောက်တုံးသယ်သည့် အဘိုးကြီးသည် ဝိဇ္ဇာထိပ်ခေါင် ဘိုးတော် အောင်မင်းခေါင်ကြီးဖြစ်နေပါ၏။ အသခြေ အနန္တ မရေမတွက်နိုင်သော စိတ်စေရာ ဝိဇ္ဇာပညာရပ်များသည် တွေး၍ မကုန်၊ ရေး၍လည်း မကုန်ပါ။ ရှေးပဝေသဏီ ကြာခဲ့ပြီဖြစ်သော ခေတ်အဆက်ဆက် သမိုင်းအထွေထွေကပင် ရှိခဲ့လေသော ဤထူးခြားဆန်းကြယ်သော နေရာ အမျိုးမျိုးတွင် ဝိဇ္ဇာကြီးများ၏ စေခိုင်းချက်အရ ဆောင်ရွက်ရသူများအဖို့ အံ့မခန်းဖြစ်ရလေသည်။

### ရတ္တန်းစင်တောင် ဆရာတော်ဘုရားကြီးနှင့် ဂမ္ဘီရဖြစ်ရပ်

ကျွန်ုပ်သည် လွန်ခဲ့သော ၁၅နှစ်ခန့်က ပုသိမ်နှင့် သာပေါင်းမြို့နယ်ကြား ရေတွင်းကုန်းရွာမှ ရတ္တန်းစင်တောင် ဆရာတော်ကြီးအား သွားရောက်ဖူးမြော်ခဲ့စဉ်က ကျောင်းနောက်ဘက်၌ နီးဖြာနေသော အဘိုးအိုနှစ်ဦးဖြစ်သည့် ဦးသောင်းနှင့် ဦးသိန်းတို့၏ ပြောပြချက်အရ…

"ဦးလေးတို့ စတွေ့ကတည်းက ဆရာတော်ကြီးက ဒီ ဥပဓိရုပ်အတိုင်းပဲ။ ယခုအထိ ဘာမှ မပြောင်းလဲဘူးကွဲ့၊ ဒီအရွယ်ပဲ။ ဒီတုန်းက ဦးလေးက အသက် ၂၀ လောက်၊ အိမ်ထောင်တောင် မကျသေးဘူး။ အခု ဦးလေးအသက် ၇၀ ရှိပြီ။ တို့သာ သွားကျိုး၊ ဆံဖြူ၊ ခါးကိုင်း၊ ပါးရေတွန့်ပေါ့ကွာ။ ဇရာက ထောင်းပြီလေ"

ပြော မယုံလျှင်၊ ကိုယ်တိုင်ကြုံဖူးမှ ယုံကြပါမည်။ ဤခရီး နီးသလားဆိုသကဲ့သို့ မြေကြောရှုံ့ခြင်း၊ ခရီးတိုခြင်း၊ ရောက်စေ၊ ပျောက်စေဆိုသော စေတစ်လုံးပိုင်ရှင် လို ပုဂ္ဂိုလ်ထူးများ၏ ဤဂမ္ဘီရနယ်မျိုးသည် မြန်မာပြည်အနှံ့အပြားတွင် ရှိနေပါ၏။ ကြုံလည်း ကြုံထိုက်က ကြုံပါဦးမည်။ ယုံကြည်သူများအဖို့ အံ့သြဘနန်းရှိခဲ့ပါ၏။ မယုံသူများအဖို့တော့ ရေမှာ အရုပ်ရေးသလိုသာ ဖြစ်နေပါဦးမည်။


www.burmeseclassic.com

www.burmeseclassic.com

"ဦးလေး…စတွေ့တော့ ဘယ်သူ စတွေ့တာလဲခင်ဗျာ"

"ဟိုတုန်းက အနောက်ရိုးမ တောကြီး တောင်ကြီးကွဲ့။ ခုမှ လမ်းဖောက်လို့ ဒီနေရာ အလုံဒီပါတို့ ရေတွင်းတူးတို့ တစ်ဆက်တည်းဖြစ်တာပါ။ ဆရာတော်ကြီးက သစ်ပင်ရိပ်မှာ တရားကျင့်နေတာ။ တို့ရွာက မောင်ကံက မှို့ချိုး၊ မျှစ်ခုတ်၊ ဖါးခုတ်၊ ထင်းရှာလုပ်ရတယ်လေ။ သိပ်ဆင်းရဲတာကွဲ့။ အဲဒါ ဆရာတော်ကြီးကို တွေ့တော့ မောင်ကံက ဝါးကျောင်းလေး ဆောက်ပေးလိုက်တယ်။ အဲဒီမှာ ဆရာတော်ကြီးက မောင်ကံကို ရွှေဒင်္ဂါးတွေပေးတော့ မောင်ကံက ပုသိမ်မှာ သွားရောင်းတယ်။ မကြာခင် မောင်ကံက သစ်သားအိမ်ကြီးဖြစ်၊ ချမ်းသာလာတယ်ကွဲ့"

"ဟုတ်ကဲ့၊ ဆက်ပြောပါ ဦးလေး"

"ဒီတော့ မောင်ကံကို မနာလို ဝန်တိုသူတွေ ရှိလာတာပေါ့။ အဲဒီခေတ်က သောင်းကျန်းသူတွေ၊ လူဆိုးတွေ ရှိတယ်။ သူတို့ကို ခြေထိုးတော့ မောင်ကံကို ဝိုင်းဖမ်းပြီး အနှိပ်စက်၊ ရွှေဒင်္ဂါးအကြောင်းမေးကြတာပေါ့။ မောင်ကံက မပြောဘူး။ ကြိုးနဲ့ တုပ်ပြီး အရိုက်ခံတယ်။ နောက်ကျမှ မချိမဆန့် နာလွန်းတော့ ဆရာတော်ကြီးဆီက လို့ ပြောလိုက်တယ်။ အဲဒါ ဆရာတော်ကြီးကို ဖမ်း၊ ရိုက်၊ ဓားပြားနဲ့ ရိုက်၊ နောက် မပြောတော့ သေနတ်နဲ့ ပစ်တယ်။ တစ်ချက်မှ ကျည် မထွက်ဘူးတဲ့။ ချောက်…ချောက်နဲ့ပဲ။ သေနတ်ကို အပြင်ထောင်ပစ်၊ မိုးပေါ် ထောင်ပစ်လိုက်နဲ့ ရက်ရက်စက်စက် နှိပ်စက်တာ။ ဒီတော့ ဆရာတော်ကြီးက ငါ့ဗိုက်ထဲမှာ ခွဲယူလို့ ပြောတော့ ဗိုက်ကို ဓားနဲ့ ထိုးခွဲတာ ဓားခွေသွားတယ်။ ဒီတော့ စိတ်ဆိုးပြီး သတ်မယ် ကြိမ်းပြန်တယ်"

"နောက် ဘာဖြစ်သေးလဲ ဦးလေး"

"ဆရာတော်ကြီးက မင်းတို့ ငါ့ကို ပြစ်မှားရင် အသေဆိုးနဲ့ သေလိမ့်မယ်လို့ ပြောတယ်။ နောက်ဆုံးတော့ သူတို့တွေ စိတ်ဆိုးပြီး ပြန်သွားရင်း ဟိုး တောထဲရောက်တော့ အစိုးရတပ်မတော်နဲ့ ပက်ပင်းတိုးတာ အားလုံး တိုက်ပွဲကျပြီး ချောက်ထဲကျ သေကုန်တယ်"

"ဟာ…နောက်တော့ ဘာဖြစ်သေးလဲ ဦးလေး"

"အေး၊ မောင်ကံကိုလည်း မင်း တယ်မိုက်တာပဲဆိုရုံနဲ့ အိမ်ကြီး မီးလောင်၊ ဒုက္ခရောက်ပြီး ဆင်းရဲတဲ့ ဘဝကို ပြန်ရောက်သွားတယ်။ အခုတော့ မောင်ကံ လေငန်းဖြစ်နေတယ်ကွဲ့"

"ဦးလေး…ဆရာတော်ကြီး ခြေထောက်က ဘာလို့ ထုံနန့်ငင်း လိမ်းထားတာလဲ"

"အဲဒါ ထုံကူးကုထားတာ။ တို့ရွာက ကလေး မြွေခဲ ကိုက်တုန်းကကွဲ့။ ခုတော့ ကောင်းနေပါပြီ"

"ဆရာတော်ကြီးက အလုံဒီပါမှာ ဆွမ်းခံကြွတယ်တဲ့ ကြားဖူးတယ်"

"ဟုတ်တယ်၊ ဝိဇ္ဇာမြို့တော်ကြီးထဲ ဆွမ်းခံကြွပြီး ပြန်လာတော့ ပြောင်းဆန်တို့၊ မုယော ထမင်းတို့၊ သဇင်ပန်းတို့ သစ်ခွပန်းတို့ကို လှူလိုက်တယ်။ အလုံဒီပါကို ရောက်တဲ့ သူတွေ ရွာမဆုံးလို့ မျက်စိလည်ကုန်ရော။ အဲဒီမှာ တောကြီး တောင်ကြီး လျှို့တွေ မြောင်တွေ ပေါ်မှ ပေါ်"

"ဟုတ်တယ်၊ ဒီကောင် စိန်သန်းပေါ့။ မာတ်ဆီသွားဝယ်ခိုင်းရင် အရက်သောက်လာတယ်။ ဒီတော့ ဆရာတော်ကြီးက မာန်ထန်ပြီး မင်း တော်ဖော်မိုက်တဲ့ ကောင် အသေဆိုးနဲ့ သေလိမ့်မယ်၊ သူရာမေရယကံကို ကျူးလွန်တဲ့ကောင်၊ နင့်လိုကောင်ပဲ၊ ဟိုဘဝက သူရာမေရိက်ကို ကျူးလွန်လို့ ခုဘဝတောင် အမှုမပြေတဲ့ ကောင်တဲ့။ အဲဒီ တောက်တဲ့ကြီး ခေါ်ပြတယ်။ သူ့ရှေ့မှာကို ကတိပေးပြီး အရက်မသောက်တော့ဘူး"

"ဟုတ်တယ်ဗျာ။ ဒီ သူရာမေရိယကံကတော့ အဓိက သော့ချက်ပဲ။ သော့ပွင့်လို့ကတော့ အားလုံး ပျက်စီးဖို့ များတယ်"

"ကဲ…ဦးလေးတို့အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျာ"

◈◈◈

ဓါးကြောင့် ပြော မယုံလျှင်၊ ကိုယ်တိုင်ကြုံဖူးမှ ယုံကြပါမည်။ ဤခရီး နီးသလားဆိုသကဲ့သို့ မြေကြောရှုံ့ခြင်း ခရီးတိုခြင်း၊ ရောက်စေ၊ ပျောက်စေဆိုသော စေတစ်လုံးဆိုင်ရှင်လို ပုဂ္ဂိုလ်ထူးများ၏ ဤဂန္ဓာရနယ်မျိုးသည် မြန်မာပြည်အနှံ့ အပြားတွင် ရှိနေပါ၏။ ကြုံလည်း ကြုံထိုက်က ကြုံပိုင်မည်။ ယုံကြည်သူများအဖို့ အံ့ဩဘနန်းရှိခဲ့ပါ၏။ မယုံသူများ အဖို့တော့ ရေမှာ အရုပ်ရေးသလိုသာ ဖြစ်နေပါဦးမည်။ ဤရှိ နယ်မြေသည် အလွန်ဆန်းကြယ်သော ဝိဇ္ဇာမြို့တော်ကြီး ပင် ဖြစ်ပါတော့သတည်း ■

မင်းတိုင်ပင် (မြရောင်ချွေ)

*****



www.burmeseclassic.com

www.burmeseclassic.com

# သရေခေတ္တရာ ပျူမြို့ဟောင်းမဟုတ်သော နဝဂါသီမြို့ဟောင်း

မာန်သစ်ငြိမ်း (ရှေးဟောင်းသုတေသန)



သရေခေတ္တရာမြို့ဟောင်းအနေအထားပုံ။

မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်ပြီး ကိုးလမြောက် အချိန်ကာလ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ပြာသိုလပြည့်နေ့တွင် "သီဟပဗ္ဗတ"အမည်ရှိသော ကျွန်းတောင်သို့ ပထမအကြိမ် ကြွရောက်တော်မူလာပြီးနောက် ၁၂နှစ်ကြာသော် မဟာသက္ကရာဇ် ၁၁၅ခုနှစ်၊ တပို့တွဲလပြည့်နေ့တွင် ဓေဋ္ဌဓိပမင်းသား၏ သီရိခေတ္တမင်းသည် အသက် ၃၅နှစ်ပြည့်လျှင် အသရေပျက်ပြသော မင်းမျိုးဖြစ်သောကြောင့် တိုင်းပြည်မှ နှင်ထုတ်သောကြောင့် သီရိခေတ္တမင်းသည် ထိုလားသော မိုလ်ခြေများနှင့်တကွ တိုင်းပြည်မှ ထွက်ခွာခဲ့ကြသည်။

သီရိခေတ္တမင်းနှင့်တကွ မှူးမတ်တို့သည် သလ္လာဝတီမြစ်၊ ရောဝတီမြစ်တို့ကို ကူး၍ မြို့သစ်တည်ရန် နေရာသစ်ကို ရှာဖွေကြသည်။ ယခု ပြည်မြို့တည်ရာအရပ်သို့ ရောက်လျှင် မြို့သစ်တည်ရန် မြေအနေအထားကောင်းမွန်သဖြင့် စခန်းချလေသည်။ ထိုအချိန်တွင် မန္တရ နဂါးမင်းသည် ရောပတ္တနဂါးမင်းထံသို့ သွားရောက်ရန် သမုဒ္ဒရာမှ ထွက်ခဲ့ရာ သီရိခေတ္တမင်း၏ တပ်ဦးသို့ရောက်လျှင် ညာ ပဏ္ဍုရာဇ ဂဠုန်မင်းရန် နှင့် လေတို့သည် မိမိကိုယ်ကို ထိသဖြင့် အလွန်ကြောက်လန့်သောကြောင့် ရွှေငါးပြေမ ယောင်ဖန်ဆင်း၍နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခြင်းအရာကို ဂဠုန်မင်း မြင်လျှင် ရွှေပြည်စိုး ဂုဏ်သဏ္ဍာန်ဖန်ဆင်းလျက် ရွှေဒါးပြေမကို ချီ၍ သီရိခေတ္တမင်း၏ ရှေ့သို့ ပျံဝဲသွားသည်။ ထိုအခြင်းအရာကို သီရိခေတ္တမင်းသားမြင်လျှင် "သင်တို့သည် စင်စစ်ဂုဏ်နှင့် ငါးမဟုတ်၊ ဂဠုန်နှင့် နဂါးသာဖြစ်မည်ဟုမေးရာ" ဟုတ်မှန်ကြောင်း ဝန်ခံကြသည်။ သီရိခေတ္တမင်းသားသည် ဂဠုန်မင်းအား သူတစ်ပါးကို သတ်ဖြတ်ညှင်းဆဲခြင်းအပြစ်သည် အလွန်ဆင်းရဲသော အပါယ်ငရဲသို့ ကျရောက်တတ်ကြောင်းပြော၍ နဂါးမင်း၏ အသက်ကို ချမ်းသာပေးရန် တောင်းပန်လေသည်။ သီရိခေတ္တမင်းနှင့်တကွ သုံးဦးတို့သည် အဆွေခင်ပွန်းဖွဲ့ကြလေသည်။

ထိုအခါ သီရိခေတ္တမင်းသားသည် မြို့သစ်၊ ပြည်သစ်တည်ရန်အလို့ငှာ၊ ဤနေရာသို့ ရောက်ရှိလာခြင်းဖြစ်သည်ဟု မိမိ၏အကြောင်းကို သိစေခြင်းငှာ ပြောကြားလေသည်။ ဂဠုန်နှင့် နဂါးမင်းတို့သည်လည်း ဝမ်းမြောက်စွာဖြင့် "အသင်မင်းသား...ဤနေရာသည် ကောင်းမြတ်သော နေရာဖြစ်သည်။ မြို့သစ်၊ ပြည်သစ်တည်ထောင်၍နေပါ။ အရေးတစ်စုံတစ်ရာကြုံပါက သီချင်း မန္တရားများကို သီဆို၍ ကျွန်ုပ်တို့အား တမ်းတပါလေ။ ကျွန်ုပ်တို့သည် သင့်အား စောင့်ရှောက်ပါမည်"ဟု ကတိပြုကာ မိမိတို့ အလိုရှိရာ ဌာနသို့ သွားကြလေသည်။

သီရိခေတ္တမင်းသားသည် ပညာရှိတို့အား အတိတ်နိမိတ်ဖတ်စေသည်။ ထိုအခါ ပညာရှိတို့က အရှင်မင်းသား ဤအရပ်၌ မြို့တည်သည်ရှိသော် ကြည့်ရှု မ,စနည့်သူများ အခွန်ရည်စွာ တည်တံ့မည်ဖြစ်ပြီး ဂဠုန်၊ နဂါးတို့ကိုလည်း အစိုးရမည်ဟု နိမိတ်ဖတ်ကြလေသည်။ ဤသို့ဖြင့် မဟာသက္ကရာဇ် ၁၁၅ ခု၊ တပေါင်းလဆန်း ၁ရက်နေ့တွင် မြို့အင်္ဂါအစုံအလင်ဖြင့် စတင်တည်ဆောက်ရာ တပေါင်းလပြည့်နေ့၌ ပြီးစီးလေသည်။ မြို့၏အမည်မှာ တောအုပ်ကို အသစ်ခုတ်ထွင်ရှင်းလင်း တည်ထားသောကြောင့် "နဝဝါသီမြို့"ဟု ခေါ်တွင်စေခဲ့သည်။

ထိုနောက် အလကာပ္ပ မင်းသားသည်လည်း သီရိခေတ္တမင်းကဲ့သို့ ၃၅နှစ်ရောက်လျှင် ရသေ့ ရဟန်းပြုသော မင်းမျိုးဖြစ်၍ ချစ်ခင်ရင်းနှီးသော သီရိခေတ္တမင်းထံသို့ နောက်လိုက်ဗိုလ်ပါများနှင့် ရောက်ရှိလာသည်။ သီရိခေတ္တမင်းလည်း ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး အလကာပ္ပ မင်းသားအား မြို့ကို အပ်နှင်းလေသည်။ မင်းသားလည်း အလိုမရှိ၍ သီရိခေတ္တမင်း၏ လက်အောက်တွင် စစ်သူကြီးအဖြစ်နှင့် နေထိုင်လေသည်။ ထိုမင်းနှစ်ပါးကို နှင်ထုတ်လိုက်သော ဝေဠုဒီပတိုင်းသားများနှင့် အလကာပ္ပတိုင်းသားတို့သည် မင်းနှစ်ပါးထံ လိုက်လာပြီးလျှင် အရှင်တို့ကိုယ်တိုင် ကိုယ့်တိုင်းပြည်တို ပြန်၍ မင်းပြုပါရန် တောင်းပန်လျှောက်ထားကြသည်။ မင်းနှစ်ပါးတို့သည်လည်း ထိုသူတို့၏ လျှောက်တင်ချက်များကို ငြင်းပယ်၍ ယနေ့ ငါတို့ နေထိုင်ရာ(နဝဝါသီ) ဤဌာနသည် စိတ်နှလုံးချမ်းမြေ့လှသော ဌာနဖြစ်၍ ဤဌာန၌ပင် နေတော့မည်ဟု မိန့်ကြားလိုက်လေသည်။

ထို့နောက် နဝဝါသီမြို့တွင် နေထိုင်ကြသော နှစ်ပြည်သားတို့သည် အချင်းချင်း ရန်မရှိကြဘဲ အစဉ်ပြေလည်မှု ရှိခြင်း၊ ဂဠုန်၊ နဂါးရန်ပြေခြင်း၊ ရွှေဒါးပြေမ၊ ရွှေပြည်စိုးဂုဏ် ဟူသော နိမိတ်တို့ကို အကြောင်းပြု၍ "နဝဝါသီတိုင်း ရွှေပြည်မြို့"ဟူ၍ လည်းကောင်း၊ ရန်ပြေမြို့ဟူ၍ လည်းကောင်း ခေါ်ဝေါ်ကြသည်။ ထို့ပြင် သာကီဝင်မင်းတို့သည် အသက် ၃၅နှစ်ရောက်လျှင် ရသေ့ ရဟန်းပြုမြဲဖြစ်၍ "ရသေ့ ရဟန်းပြုမြို့" ဟူ၍လည်းကောင်း၊ "ပြုမြို့၊ ပျူမြို့၊ ပြေမြို့" ဟူ၍ လည်းကောင်း ခေါ်ဝေါ်ကြသည်။

အချိန်ကာလမှ သရေခေတ္တရာပြည်ကြီး ပျက်စီးပြီးနောက် ကူးသန်းသွားလာမှု လွယ်ကူရာ ဧရာဝတီမြစ်ကမ်းပါးသို့ လူ များ ပြောင်းရွှေ့နေထိုင်လာကြသဖြင့် တစ်စတစ်စ လူဦးရေများပြားလာရာမြို့တစ်မြို့အဖြစ် ရောက်ရှိခဲ့သည်။ ထိုမြို့၌ ရှေးအခါက ပျူလူမျိုးတို့ နေထိုင်ခဲ့ဖူးသည်ကို အစွဲပြု၍ ပျူမြို့ဟု ခေါ်တွင်ခဲ့သည်။ နောင်အခါ ပျူမြို့မှ "ပြည်မြို့" ဟု ခေါ်တွင်လာသည်ဟု ယူဆကြလေသည်။

ယခု ပြည်မြို့နေရာ၌ ရှေးယခင်က ပြည်တစ်ပြည်ရှိ ခဲ့ဖူးပြီး ထိုပြည်အား "ပုရိ"ဟု ခေါ်ဆိုခဲ့ကြသည်။ ထိုသို့ ခေါ်ဆိုရာမှ ချောင်းငင်ဖြတ်ပြီး ပရိပြည်ဟူ၍ ပြောင်းလဲ ပြည်မြို့ဟု လည်းကောင်း၊ ပြေမြို့ဟု လည်းကောင်း ခေါ်တွင်ခဲ့သည်ဟု မှတ်သားရပါသည်။ ပြည်မြို့သည် ပုဂံခေတ် နှောင်းပိုင်း နရသီဟပတေ့မင်း၏သား ပြည်စား သီဟသူ မြို့အင်္ဂါနှင့်အညီ သစ်တပ်မြို့ရိုး၊ မြေမြို့ရိုး၊ အုတ်မြို့ရိုး သုံးထပ်ဖြင့် တည်ဆောက်ခဲ့သည်။ ပြည်မြို့သည် အရှေ့ အနောက် တာ (၄၀၀)၊ တောင်နှင့် မြောက် တာ (၅ ကျယ်ဝန်းသည်။

ပြည်မြို့ကို မြို့အဖြစ်တည်ထောင်ပြီး မြို့စား အုပ်ချုပ် သောမြို့အဖြစ် လည်းကောင်း၊ ဘုရင် သီးခြားအုပ်ချုပ် မြို့အဖြစ် လည်းကောင်း၊ တည်ဆောက်ခဲ့ကြသည်။ မြို့ တွင် အုပ်ချုပ်စိုးစံခဲ့သော ဘုရင်များမှာ (၂၆)ဦး ရှိခဲ့သ

ဤသို့ဖြင့် ပြည်မြို့သည် ပျူခေတ်တွင် သ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ခေတ်ပြိုင် နဂဝါသီမြို့အဖြစ် စတင်ပေါ်ပေါက်ခဲ့ပြီး ပျူခေတ်ကုန်ဆုံးပြီးနောက် ပုဂံခေတ်သို့ ရောက်ရှိသောအခါ၌လည်း မင်းစဉ် မင်းဆက်များဖြင့် သက္ကရာဇ် ၆၀၄ မှ သက္ကရာဇ် ၁၁၁၇ ခုအထိ အုပ်ချုပ်ခဲ့ကြသည်။ ထို့နောက် အင်းဝခေတ်တွင် မွန်-မြန်မာ အနှစ် (၄၀)စစ်ပွဲကြီး၏ စစ်မြေပြင်ဖြစ်ခဲ့ရသည်။ ဟံသာဝတီခေတ်တွင်လည်း မွန်တို့၏ လက်အောက်သို့ ကျရောက်ခဲ့ရသည်။

တောင်ငူခေတ်တွင် ပြည်မြို့သည် မြန်မာတို့လက်အောက်သို့ ပြန်လည်ရောက်ရှိခဲ့သည်။ ကုန်းဘောင်ခေတ်၌လည်း မွန်တို့လက်အောက်သို့ ကျရောက်ခဲ့ရသော ပြည်မြို့အား အလောင်းမင်းတရားကြီးမှ ပြန်လည် သိမ်းပိုက်နိုင်ခဲ့သည်။ ၁၈၅၂ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ ဒုတိယကျူးကျော်စစ်အပြီး၌ အင်္ဂလိပ်လက်အောက်သို့ ကျရောက်ခဲ့ရသည်။ ထို့ပြင် ဒုတိယကမ္ဘာစစ်၏ ဗုံးဒဏ်ကိုလည်း ခံခဲ့ရသည်။ ထိုအကြောင်းအရာများ၏အကြားတွင် ပြည်မြို့သည် ယနေ့တိုင်နိုင်မာစွာ ကြံ့ကြံ့ခံ ရပ်တည်လျက် ရှိနေပေသည်။

နဝဝါသီ(ပြည်)မြို့သည် ပဲခူးတိုင်းဒေသကြီးအတွင်းတွင် တည်ရှိပြီး သမိုင်းကြောင်းအရ ထူးခြားလှသည့် တိုင်းတစ်တိုင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ ဟံသာဝတီမည်သော ဥသာပဲခူး၏ ရှေးဟောင်းမြို့တော်သည် လည်းကောင်း၊ စစ်တောင်းမြစ်ဝှမ်း၏မြို့တော် ကေတုမတီမည်သော တောင်ငူမြို့သည် လည်းကောင်း၊ ပျူလူမျိုးတို့၏ မြို့တော်အဖြစ် ထင်ရှားသော သရေခေတ္တရာမြို့ဟောင်းသည် လည်းကောင်း၊ ပြည်မြို့ဟောင်းသည် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းတွင် တည်ရှိနေသော ထင်ရှားသည့် မြို့တော်များဖြစ်သည်။ ယင်းမြို့တော်ဟောင်းများ၌ ဘိုးဘေးဘီဘင်တို့၏ ယဉ်ကျေးမှုလက်ရာအမွေအနှစ်တို့သည် ယနေ့တိုင် ကြွင်းကျန်အဖြစ် တည်ရှိနေသည်ဖြစ်သည်ကို လေ့လာတွေ့ရှိနိုင်ပေသည်။

မြန်မာနိုင်ငံအတွင်း ဗုဒ္ဓဘာသာစတင် ထွန်းကားခဲ့သည်မှာ သရေခေတ္တရာခေတ်မှ စတင်ခဲ့ကြောင်း သမိုင်းအထောက်အထားများအရ သိရှိရသည်။ ပြည်မြို့သည် သရေခေတ္တရာမြို့ကြီးတည်ရှိရာ ဒေသဖြစ်သဖြင့် ဗုဒ္ဓဘာသာဆိုင်ရာ သာသနာရေးအထိမ်းအမှတ်များဖြစ်သည့် စေတီ၊ ပုထိုး၊ ကျောင်းဆန်များ တည်ထားကိုးကွယ်သူ များပြားသောအရပ် ဒေသလည်းဖြစ်သည်။

ထို့ကြောင့် နိုင်ငံသူ နိုင်ငံသားများ အမှတ်မှားပြောဆိုကြသော နဝဝါသီ(ပြည်)မြို့သည် သရေခေတ္တရာမဟုတ်သကဲ့သို့၊ သရေခေတ္တရာသည်လည်း ပြည်မြို့ (နဝဝါသီ)



ပြည်မြို့ဟောင်းအနေအထားပုံ။

မဟုတ်ပေ။ မြို့တည်ပွဲ ပုံစံချင်းပင် မတူညီပေ။ ရေမြေအနေအထားမှာလည်း ကွဲပြားမှုရှိသည်။ သရေခေတ္တရာမြို့ဟောင်းသည် ပြည်မြို့၏ အရှေ့တောင် ၅မိုင်အကွာတွင် တည်ရှိသော ပျူမြို့ဟောင်းကြီးတစ်မြို့ဖြစ်သည်။ ယခုအခါတွင် သရေခေတ္တရာမြို့ဟောင်းနှင့် နဝဝါသီ(ပြည်မြို့)တို့ကို ခွဲခြားရန်လွယ်ကူစေခဲ့ပြီးဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် သရေခေတ္တရာမြို့ဟောင်းသည် ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် အသိအမှတ်ပြုခံရသော ပျူမြို့ဟောင်းသုံးမြို့တွင် တစ်မြို့အဖြစ် ရပ်တည်နိုင်ခဲ့ပြီဖြစ်ပါသည်။ ထို့ကြောင့် နဝဝါသီသည် နဝဝါသီ၊ သရေခေတ္တရာသည် သရေခေတ္တရာပင် ဖြစ်ပါသည်။

မာန်သစ်ငြိမ်း (ရှေးဟောင်းသုတေသန)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အမေဒိုဟာ မွဲသီမှုန်ဝါးနေပြီဖြစ်တဲ့ မျက်လုံးအစုံနဲ့ ဘာရယ် မသိမမြင်နိုင်တဲ့ ဟိုး အဝေးတစ်နေရာကို မျှော်ငေးလို့ ကြည့်နေပါတယ်။ အမေဒိုရဲ့ အသက်ဟာ (၈၀) ရှိနေပါပြီ။ တကယ်ဆို ဒီအသက်အရွယ်ဟာ အခုခေတ်အခါမှာတော့ အတော့်ကို ရင့်မှည့်နေတဲ့ အသက်အရွယ်ပါပဲ။ ဥပုသ်ကျောင်းသွားရင်တောင်မှ သားသမီးမြေးမြစ်တွေက လိုက်လံ စောင့်ရှောက် ပို့ဆောင်ပေးရမယ့် အရွယ်ပါပဲ။ လက်တွေ့မှာတော့ အမေဒိုခမျာ အခုအသက်အရွယ်အထိ ရေခပ်၊ ရေသည်ပြုနေရတုန်း။ မြက်ရိပ်၊ နွားစာ ငည်း နွားစာကျွေးနေရတုန်းပါပဲ။

အသက်(၈၀)ဖြစ်လို့ ခြေ လက်တွေ တုန်ယင်နေပါပြီ။ နားနားနေနေ နေရမယ့် အရွယ်ဖြစ်ပေမယ့် သမက်၊ သမီးတို့ နေအိမ်မှာ မှီခိုနေရသူဖြစ်လို့ သူတို့တစ်တွေ ကြည်ဖြူမှု ရှိအောင် အလုပ်လုပ်ရပါတယ်။

အိုကြီးအိုမနဲ့ ထင်းခွဲ၊ ရေခပ်၊ နွားစာကျွေး စတဲ့ အလုပ်တွေကို မနားနေ လုပ်ကိုင်ပေးနေပေမယ့် မျက်နှာကောင်း မရရှာပါဘူး။ သမက်ဖြစ်သူ ဒိုသူ့ရဲ့ အဆူအဆဲနဲ့ သမီးဖြစ်သူ ပန်းစုံတို့ရဲ့ ငြူစူစောင်းမြောင်းမှုကို နေ့စဉ်နဲ့အမျှ ခံနေရရှာပါတယ်။

တကယ်ဆို အမေဒိုရဲ့ လုပ်အားဟာ သူရင်းငှားတစ်ယောက်ရဲ့ လုပ်အားနီးပါးရှိပါတယ်။ ငွေကြေးကုန်ကျမှု အဖိုးစားနားနဲ့ တွက်ရင်တောင် အမေဒိုဟာ ထမင်းကျွေးရတာ ချည်းသပ် ရှိပါတယ်။ သူရင်းငှားဆိုရင် တော့ ထမင်းလည်း ကျွေးရမယ်။ အခ ကြေးငွေပိုက်ဆံလည်း ပေးရဦးမှာဖြစ်တယ်။

ဒါပေမယ့် လူတွေရဲ့ သဘာဝ ဟာ အလကားရတဲ့ နွားပေမယ့် သွားဖြဲကြည့်လိုက်ချင်သေးတယ်။ အားနည်းသူ၊ အားငယ်သူကိုမှ အနိုင်ကျင့်ချင်တဲ့ စိတ်ဓာတ်တွေ ရှိနေလေတော့ သမက်ဖြစ်သူဟာ ဒီအမေဒိုကြီးကို ကျွေးမွေးထားရတယ်ဆိုပြီး နေ့စဉ်နဲ့အမျှ ပြဿနာရှာပြီး ကြိမ်းမောင်းဆဲဆိုနေတော့တာပါပဲ။ ဒီကြားထဲ သမီးဖြစ်သူကပါ ခင်ပွန်းဖြစ်သူယောက်ျားကို မျက်နှာလုပ်ပြီး အမေဒိုကို မာန်ထန်နေလေတော့ ပိုလို့ဆိုးတဲ့ အခြေအနေဖြစ်လာတော့တာပေါ့။

ဒါကြောင့်လည်း အမေဒိုဟာ မနှစ်ကမှ ဆုံးပါးသွားပြီဖြစ်တဲ့ ဘယ်ဘုံ၊ ဘယ်ဘဝ၊ ဘယ်ဌာနကို ဆိုက်ရောက်နေမှန်းမသိရတဲ့ ခင်ပွန်းဖြစ်သူကို တမ်းတရင်း ရင်ထဲက ရှိုက်ခါရှိုက်ခါ ဆို့တက်လာပြီး ငိုညည်းမိသံနဲ့အတူ မျက်လုံးအိမ်မှာ မျက်ရည်ရစ်ဝိုင်းလို့ လျော့တွဲ တွန့်ခေါက်နေပြီဖြစ်တဲ့ ပါးပြင်ပေါ်ကို မျက်ရည်တွေ တစ်လိမ့်ချင်း တစ်လိမ့်ချင်း တသွင်သွင်စီးကျလို့ လာပါတော့တယ်။

"ကိုသောင်းရယ်…စိန့်ပွင့်အဖြစ်ကို လာပြီး ကြည့်လှည့်ပါဦး"

လက်ကလည်း နွားစာစဉ်းရင်း နွားစာကျွေးနေ၊ မျက်လုံးအိမ်က မျက်ရည်တွေ တသွင်သွင်စီးကျနေပေမယ့်လည်း အမေဒိုခမျာ အသံထွက်ပြီး မငိုရဲရှာပါဘူး။ အသံထွက် ငိုလိုက်တာနဲ့ သမက်ရဲ့ အဆဲအဆိုနဲ့ သမီးရဲ့ ငြူစူစောင်းမြောင်းမှုကို ခံရမှာဖြစ်လို့ပါပဲ။

မျက်ရည်တွေနဲ့ အားကိုးရာမဲ့နေရရှာတဲ့ အမေဒိုတစ်ယောက် ဒီဝင့်ကြွေးက ဘယ်တော့များမှ လွတ်ပါ့မလဲရယ်လို့ သူ မြက်ကျွေးနေတဲ့ နွားပြာတစ်ရှဉ်းက အရည်လဲ့နေတဲ့ မျက်လုံးအစုံနဲ့ အမေဒိုကို မော့ကြည့်ပြီး စိတ်မချမ်းမြေ့စွာနဲ့ အော်ဟစ်လိုက်ကြပါတယ်။

"ဘူး…ဝက်ထရိန်း"

ဟသ်ာတမြို့ ရွှေပြောင်ပြောင် ရပ်ကွက် (ယခု ရွှေစေတီရပ်ကွက်) တာရိုးပေါ်ကနေ မျှော်ကြည့်လိုက်ရင် မြို့နဲ့ မနီးမဝေးမှာ ခေါင်းဆေးကျွန်းဆိုတဲ့ ရွာကလေးတစ်ရွာ ရှိပါတယ်။ ဟသ်ာတမြို့ဘက်ခြမ်း တာရိုးပေါ်ကနေပြီး အသံကျယ်ကျယ်နဲ့ လှမ်းအော်ရင် ခေါင်းဆေးကျွန်းက ကြားရပါတယ်။ အဲဒီလောက်တောင်မှ နီးပါတယ်။

မိုးတွင်းမှာ ရေဝတီမြစ်ရေကြီးတဲ့အခါ လှေနဲ့ သွားရပြီး နွေနဲ့ ဆောင်းရာသီမှာတော့ သောင်ပြင်လမ်းကလေးအတိုင်း ၁၀မိနစ်၊ ၁၅မိနစ်ခန့် လျှောက်သွားလိုက်ရင် ခေါင်းဆေးကျွန်းကနေ ဟသ်ာတမြို့ပေါ်ကို ရောက်ပါတယ်။ ခေါင်းဆေးကျွန်းရွာက လူတွေဟာ ကိုင်းအလုပ်နဲ့ အသက်မွေးဝမ်းကျောင်းပြုကြတဲ့အတွက် ရေဝတီမြစ်ရေတက်ပြီး ပြန်ကျသွားတဲ့အချိန်မှာ ခရမ်းချဉ်သီး၊ ပြောင်း၊ ငရုတ်သီး၊ ဖရဲသီး၊ နေကြာ၊ ပဲမျိုးစုံကို အမျိုးစုံလင်အောင် စိုက်ပျိုးကြပါတယ်။

ကိုင်းထွက်ကုန်တွေ ပေါ်တာနဲ့ သူ့ထက်ငါ အလုအယက် မြို့ပေါ်ကို ဗန်းကြီး၊ ဗန်းငယ်နဲ့ တက်ပြီး ရောင်းချကြပါတယ်။

ခေါင်းဆေးကျွန်းရွာမှာ မောင်သောင်း၊ စိန်ပွင့်နဲ့ သမီးကလေးပန်းစုံတို့ သားအမိ သားအဖ သုံးယောက်ဟာလည်း ဘိုးဘွားစဉ်ဆက်က ပိုင်ဆိုင်လာခဲ့တဲ့ ကိုင်းကလေးလေးငါးကေမှာ အများနည်းတူ စိုက်ပျိုးအသက်မွေးဝမ်းကျောင်းအမှုကို ပြုကြပါတယ်။

ပန်းစုံဟာ ခေါင်းဆေးကျွန်း မူလတန်းကျောင်းက စတုတ္ထတန်းအောင်တဲ့အခါ ဟသ်ာတမြို့ပေါ်က အစိုးရအထက်တန်းကျောင်းကို ပြောင်းပြီး



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းဆက်တက်ပါတယ်။ ပန်းစုံဟာ အသားဖြူဖြူနဲ့ ချောမော လှပသူဖြစ်တော့ မိဘတွေက ကိုင်းထဲမှာ အလုပ်မနိုင်းရက်ဘဲ ငါ့သမီးကလေး တစ်ခုခုတော့ ဖြစ်လာမှာပဲဆိုတဲ့ ရည်ရွယ်ချက်နဲ့ ငွေကြေးအကုန်အကျခံပြီး ကျောင်းထားပေးကြပါတယ်။

တဖြည်းဖြည်းနဲ့ ပန်းစုံအထက်တန်းရောက်ပြီး တစ်နှစ် တစ်တန်းတိုးလာလေ မိဘတွေရဲ့ ကိုင်းတွေ ကုန်လေနဲ့၊ နောက်ဆုံး ကိုင်း နှစ်ကေလောက်အကျန်မှာ ပန်းစုံဟာ သူ့နဲ့အတန်းတူ တစ်တန်းထဲက ကျောင်းသား မောင်ဖိုးထူးနဲ့ ခိုးရာလိုက်ပြေးခဲ့ပါတယ်။ အဲဒီလို ခိုးရာလိုက်ပြေးချိန်မှာ ပန်းစုံဟာ ဆယ်တန်းကို ရောက်နေပါပြီ။

မိဘတွေက မျှော်လင့်ချက်ကြီးကြီးမားမား ထားခဲ့ကြတော့ ရင်ကွဲပက်လက်ဖြစ်ကြရရှာပါတယ်။ ဒါပေမယ့်လည်း သမီးကလေးတစ်ယောက်တည်းဖြစ်နေလေတော့ မိဘဝတ္တရားထုံးစံရှိတာနဲ့အညီ ထိမ်းမြားလက်ထပ်မင်္ဂလာဆောင်ပေးခဲ့ပါတယ်။ ကိုင်းနှစ်ကေကျန်ရှိတဲ့အနက်က တစ်ကေကို ရောင်းပြီး မင်္ဂလာဆောင်စရိတ်လုပ်၊ ကျန်တဲ့ တစ်ကေကို သမီးနဲ့ သမက်အတွက် လက်ဖွဲ့လိုက်ရလေတော့ မိဘတွေမှာ နေစရာ တဲကလေး တစ်လုံးပဲ ကျန်ပါတော့တယ်။ ပန်းစုံကတော့ မိဘနှစ်ပါးကို ပြောပါတယ်။

"အဖေနဲ့ အမေတို့ . . . ဘာမှ စိတ်မပူနဲ့။ သမီး မသေသေးသရွေ့ ခေါင်းနဲ့ ရွက်ပြီး ကျွေးမွေးပြုစုစောင့်ရှောက်ပါ့မယ်"

မင်္ဂလာပွဲပရိသတ်အများစုရဲ့ ရှေ့မှာ ပန်းစုံပြောခဲ့တဲ့ စကားပါ။ အစပထမပိုင်းမှာတော့ ဟုတ်နေတာပါပဲ။ သူတို့ မစားခင် ဟင်းလာပို့တာက အစ ဂရုစိုက်ပါတယ်။ နောက်ပိုင်းကျ သူစိမ်းဖက်လာတဲ့အခါဖြစ်လာလေတော့ ယောက်ျားဖြစ်သူက ငြူစူလာပါတော့တယ်။

မကြားတကြား ပြောဆိုလာတာတွေ၊ အရက်ကလေး တမြမြနဲ့ ပန်းစုံကို ထ,ထရိုက်လေတော့ ပန်းစုံဟာ မိဘတွေကို မကြည့်ရဲတော့ပါဘူး။ မိဘနှစ်ပါး စားစရာမရှိလို့ သူတို့အိမ်ကို လာရင် လင်ယောက်ျားဖြစ်သူက မပြောခင် ပန်းစုံက ဆီးကြိုပြီး မာန်မဲလွှတ်ပါတယ်။

"အမေတို့ကလဲ၊ ဒီမှာ ဟင်းတောင် မကျက်သေးဘူး။ တော်တော့ကို ငတ်တယ်"

စတဲ့ စကားတွေနဲ့ ပြောလွှတ်ပါတယ်။ မိဘတွေကတော့ အသက်အရွယ်ကလည်း အိုမင်းလာချိန်၊ သမီးဖြစ်သူကိုယ်တိုင်ကလည်း မင်္ဂလာဆောင် ပရိသတ်အလယ်မှာ ပြောထားတဲ့ စကားက ရှိလေတော့ စကားရှိလို့သာ လာကြတာပါ။ နောက်တော့ သမီးဖြစ်သူထံကို မသွားဝံ့တော့ဘဲ သူများတွေရဲ့ ကိုင်းထဲမှာ အခစားလိုက်စားကြရပါတော့တယ်။ သူ့ရဲ့ မိဘတွေနဲ့ ပတ်သက်ပြီး ဘေးပတ်ဝန်းကျင်က ပြောလာကြတဲ့အခါ ပန်းစုံက . . .

"အို . . . ဒါက ကျွန်မရဲ့ မိဘတွေပါတော်။ ရှင်တို့အနေနဲ့ နေသာသပ လေညာကပါ"

လို့ ခါးထောက်ပြီး တစ်ခွန်းမကျန် ခွန်းတုံ့ပြန်ပါတယ်။ ဒီလိုနေလာရင်းနဲ့ပဲ အသက်ကလည်း ကြီးလာ၊ အာဟာရကလည်း ပြည့်ဝအောင် မစားရရှာလေတော့ ဦးသောင်းဟာ မနှစ်က ဆုံးပါတယ်။

◈◈◈

အမေအိုကြီးနေတဲ့ တဲကလေးက မလုံမခြုံ။ မိုးတွေ သဲသဲမဲမဲရွာတဲ့အခါ အမေအိုကြီးမှာ ခိုက်ခိုက်တုန်နေရှာလို့ ဘေးပတ်ဝန်းကျင်က ပြောလွှန်းမကာ ပြောလာတဲ့အတွက် ပန်းစုံဟာ သူ့အမေ ဒေါ်စိန်ပွင့်ကို အိမ်ပေါ်ခေါ်တင်ထားခဲ့ပါတယ်၊ ဒါပေမယ့် အိမ်ရှေ့မှာ မနေရဘဲ အိမ်နောက်ဘက် မီးဖိုချောင်ထဲမှာပဲ နေရပါတယ်။

ထမင်းကျွေးတဲ့အခါမှာလည်း သူတို့လင်မယားနှစ်ယောက်နဲ့ ကလေးတွေ စားပြီးမှသာ စားရရှာပါတယ်။ ဒါတောင်မှ ကောင်းကောင်းမစားရပါဘူး။ အမျိုးမျိုးဆူဆောင့် ငြူစူစောင်းမြောင်းပြီးမှသာ စားရစမြဲပါပဲ။ သူတို့ စားသောက်ပြီးတဲ့အခါမှ စားကြွင်းစားကျန်ကို အကောင်းစား ထားပြီး ကျွေးပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် အမေအို . . . တော့ သမီးနဲ့ သမက် ကြည်ဖြူ . . . တတ်နိုင်သမျှ အလုပ်လုပ်ရှာပါတယ်။ ဘယ်လိုပဲလုပ်လုပ် ဘယ်အခါ . . . မျက်နှာကောင်းမရပါဘူး။ အမှန် . . . သမီးဖြစ်သူသာ လိမ္မာခဲ့မယ်ဆိုရင် . . . တော့ အမေအိုရဲ့ အသက်အရွယ် . . . ဥပုသ်သီတင်းဆောက်တည်ပြီး . . . ချမ်းစွာ နေထိုင်ရမယ့် အသက်အရွယ် . . . ပဲ ဖြစ်ပါတယ်။

ဒီကနေ့လည်း အမေအို . . . နွားစာကျွေးဖို့ မြက်ရိတ်ရင်း လက် . . . တံဇဉ်ထိသွားပါတယ်။ ထမင်းကျွေး . . . ရတဲ့အပြင် လက်ကို တံဇဉ်ထိ . . . ဆေးကုသပေးရမယ်ဆိုတော့ သမီး . . . ဖြစ်သူက မကြည်ဖြူပါဘူး။

"ဟော့ . . . ပန်းစုံ၊ မင်းအမေ . . . က သေခါနီးနေပါပြီကွာ။ ဆေး . . . လည်း ဆေးဖိုးကုန်တာပဲ အဖတ် . . . နေမယ်။ ဒီတော့ ကုမနေပါနဲ့"

ပန်းစုံကလည်း သူ့ယောက် . . . စကားကို သံယောင်လိုက်ပြီး . . .

"ဟုတ်သားပဲ။ အမေ့အရွယ် . . . နေ့သေမလား၊ ညသေမလားဖြစ် . . . သမီးတို့မှာ မိသားစုနဲ့ စား . . . မကာမိဘူးဖြစ်နေတယ်။ ဒီကြ . . .



www.burmeseclassic.com

www.burmeseclassic.com

အမေကလည်း စားနေတော့ အပို အကုန်မခံနိုင်ဘူး။ ဟုတ်လား"

"အေးပါ သမီးရယ်၊ အေးပါ"

အမေအိုက ငြိမ်းအေးချမ်းသာစွာပဲ ဖြေပါတယ်။ ဒါပေမယ့် အရက်မူးပြီး အလကားနေရင်း ရန်လိုနေတဲ့ သမက်ဖြစ်သူက···

"ဒီမှာ အဘွားကြီး။ အခုတော့ ကောင်းပြီ ကောင်းရက်နဲ့ ပြီးမှ လူတွေက မဟုတ်တရုတ် တလွဲတွေ ကျုပ်ကို လာပြီး စွပ်စွဲလို့ကတော့ ခင်ဗျားကြီး အရှင်လတ်လတ် သင်္ချိုင်းကို ရောက်သွားမယ်၊ ကြားလား"

ပန်းစုံကလည်း···

"အမေနော်··· ကိုဖိုးထူး ပြောတာကို သေသေချာချာမှတ်ထား။ ပြီးမှ လူတွေဆီက မဟုတ်တာတွေကြားလို့ကတော့ ကိုဖိုးထူးပြောသလိုပဲ၊ ကိုယ့်မသာ ကိုယ်ထမ်းချနေရမယ်။ သေသေချာချာမှတ်ထား"

"အမေ မှတ်ထားပါ့မယ် သမီးရယ်၊ အမေ မှတ်ထားပါ့မယ်"

အမေအိုခမျာ သမက်ကိုသာမက၊ သမီးဖြစ်သူကိုပါ ကြောက်ရွံ့တုန်ယင်စွာနဲ့ ပြန်ပြီးဖြေရှာပါတယ်။ စိတ်တူ သဘောတူ လင်မယားနှစ်ယောက်ကတော့ အမေအိုကို ဆူပူကြိမ်းမောင်းပြီးသွားတဲ့အခါ တဟီးဟီး တဟားဟားနဲ့ ရယ်မောထွက်ခွာသွားကြပါတော့တယ်။

အမေအိုကတော့ တံခဲ့ထိလို့ ဒဏ်ရာရထားတဲ့ လက်ကို အရက်ပြန်ဆွတ်၊ ပတ်တီးမရှိလို့ အဝတ်စုတ်တစ်ခုနဲ့ တော်ရိလျော်ရိ ပတ်ထားရှာပါတယ်။

◈◈◈

နေ့လယ် တစ်နာရီလောက်မှာ ပန်းစုံဟာ ညစျေးအတွက် မြို့ပေါ်ကို ဟင်းသီးဟင်းရွက် သွားပို့ပါတယ်။ ဟင်းသီးဟင်းရွက်တွေ ဈေးမှာ ပို့ခဲ့ပြီး ရလာတဲ့ ငွေကလေးကို ခေါင်းခုထဲမှာ ထည့်၊ ဟင်းသီးဟင်းရွက်ရောင်းတဲ့ သံလင်ပန်းကို ခေါင်းပေါ်ရွက်ရင်း အိမ်ကို ပျော်ရွှင်စွာနဲ့ ပြန်လာခဲ့ပါတယ်။ သံလင်ပန်းထဲမှာတော့ ကိုဖိုးထူး အရက်သောက်ရင်း မြည်းဖို့ ဝက်ဆီဖတ်က တစ်ထုပ်၊ မိသားစုတွေ ဟင်းချက်စားဖို့ ငါးမြစ်ချင်း သုံးဆယ်သားတစ်ထုပ်ပါလာပါတယ်။

ပန်းစုံ ပြန်လာတဲ့အချိန်ဟာ ညနေ ၄နာရီသာသာလောက် ရှိနေပါပြီ။ သူ ရွှေစေတီ တာရိုးထိပ်ကို ရောက်တော့ ကောင်းကင်တစ်ခွင်တစ်ပြင်လုံးဟာ လင်းနေရာက ချက်ချင်းပဲ မည်းမှောင်လာပါတယ်။ ပန်းစုံရဲ့ စိတ်ထဲမှာ ဒါဟာ မိုးရွာမလို့ထင်ပါရဲ့။ မိုးရွာရင်တော့ ဒုက္ခပါပဲ။ ငါးက ရေစိုလည်း အကြောင်းမဟုတ်။ ဝက်ဆီဖတ်ထုပ်က ရေစိုရင် ကောင်းမှာမဟုတ်ဘူး။

ဒီလိုအတွေးနဲ့ အိမ်မြန်မြန်ရောက်အောင် ခပ်သုတ်သုတ်ပြန်မှဆိုပြီး တာရိုးပေါ်ကနေ တာအောက်ကို ဆင်းလိုက်ပါတယ်။

ဒီအချိန်မှာ မည်းမှောင်နေတဲ့ ကောင်းကင်ပြင်ထဲ နီနီရဲရဲအလုံးကြီးတစ်လုံးဟာ လျှပ်ပြက်သလို ဝင်းခနဲ ဝင်းခနဲ အရောင်တွေ လင်းလက်လို့ ပေါ်ထွက်လာပါတော့တယ်။

ဒီလို နီခနဲ ရဲခနဲ လက်ခနဲဖြစ်တာတွေကတော့ မိုးတွင်းအခါမှာဆို လျှပ်စီးတွေပြင်းတိုက်မယ်၊ မုန်တိုင်းကျမယ့် လက္ခဏာမျိုးဖြစ်တတ်တာမို့ ပန်းစုံဟာ ဒီ နီနီရဲရဲအလုံးကြီးကို ဂရုမစိုက်နိုင်ပါဘူး။ အိမ်ပြန်ရောက်ချင်စောနဲ့သာ ခြေကုန်သုတ်နေပါတယ်။

ပန်းစုံ လမ်းတစ်ဝက်ကို ရောက်လို့ ခေါင်းအေးကျွန်းရွာကို မျှော်ကြည့်လိုက်တဲ့အခါ ကမ်းပါးထိပ်မှာ လူတွေစုနေတာ တွေ့ရလို့ ရင်ထဲမှာ ဒိတ်ခနဲဖြစ်သွားပါတယ်။

တစ်ခါ နောက်ဘက်ကို ပြန်လှည့်ကြည့်လိုက်တော့လည်း ရွှေစေတီ တာရိုးထိပ်မှာ လူတွေ အုန်းအုန်းကျက်ကျက်ဖြစ်နေပါတယ်။ ဘာတွေဖြစ်နေကြတာလဲဆိုတာကို ပန်းစုံ နားမလည်နိုင်အောင်ဖြစ်နေပါတယ်။ ကောင်းကင်ပြင်တစ်ခွင်လုံးမှာတော့ မည်းမည်းမှောင်နေပြီး တဝေါဝေါနဲ့ အသံကြီးတစ်သံဟာလည်း ကြောက်မက်ဖွယ်ရာ မြည်ဟီးလို့ ထွက်ပေါ်လာပါတော့တယ်။ ပန်းစုံမှာတော့···

"အမယ်လေး···ရင်ထိတ်လို့ သေရပါတော့မယ်။ ဘာတွေဖြစ်နေကြတာလဲ"

ကမ်းပါးထိပ်က လူအချို့ ဝိုင်းပြီး အော်နေကြပါတယ်။ မိုးသံ လေသံနဲ့မို့ သဲသဲကွဲကွဲ မကြားရပါဘူး။ ဒါနဲ့ ပန်းစုံက ခြေအစုံကို ရပ်တန့်လိုက်ပြီး သေသေချာချာ နားစိုက်ထောင်လိုက်တဲ့အခါ···

"ဟဲ့··· ပန်းစုံ၊ အဲဒီ နီနီရဲရဲ အလုံးကြီးက နင့်နောက်ကို လိုက်နေတာဟဲ့"

ပန်းစုံ ကောင်းကင်ကို မော့ကြည့်လိုက်တဲ့အခါ···

"အမယ်လေး··· ဟုတ်ပါရဲ့ ဘုရား···ဘုရား။ ကယ်တော်မူပါ"

"ဟဲ့···ပန်းစုံ၊ နင့်ခေါင်းပေါ်က ဗန်းကို ပစ်ချလိုက်၊ အဲဒါ မိုးကြိုးဟဲ့၊ သံလိုက်ဓာတ်ရှိလို့ဖြစ်မယ်ထင်တယ်"

အသံတွေက မျိုးစုံနေပါတယ်။ ပန်းစုံကြည့်လိုက်တော့လည်း ဟုတ်ပါရဲ့ နီနီရဲရဲ အလုံးကြီးဟာ သက်ရှိသတ္တဝါကြီးတစ်ကောင်လို သူ့ဆီကို ပြေးလာနေတာပါလား။

လူတွေ ဝိုင်းပြီး အော်ဟစ်နေကြသလို၊ သံလိုက်ဓာတ်ကြောင့်ထင်လို့ သံလင်ပန်းကို ပစ်ချတော့လည်း မရပါဘူး။ နီနီအလုံးကြီးဟာ သူ့နောက်ကို

www.burmeseclassic.com

လိုက်မြဲ လိုက်နေပါတယ်။ ဒါကြောင့် ပြေးမိပြေးရာ ဦးတည့်ရာကို စွတ်ရွတ် ပြေးရင်း ပါးစပ်ကလည်း အော်ဟစ် အကူအညီတောင်းခံမိပါတယ်။

"အမေ…အမေရေ လုပ်ပါဦး။ သမီးကို ကယ်ပါဦး အမေရဲ့"

ပန်းစုံဟာ ခလုတ်ထိလို့ အမိ ကို တ,ရပါပြီ။

ဒီအချိန်မှာ အမေအိုဟာ တံခွေး ထိထားလို့ နာနေတဲ့ သူ့လက်ကလေး ကို ကောင်းတဲ့ လက်တစ်ဖက်နဲ့ ဆုပ် နယ်ပေးရင်းက မျက်ရည်သွင်သွင်ကျ နေပါတယ်။ လက်က နာနေလို့ ထမင်း တောင် မစားနိုင်ရှာပါဘူး။

အုတ်အုတ်ကျက်ကျက် ဆူညံ သံတွေဟာ အမေအိုရဲ့ နားထဲကို ဝင် လာပါတယ်။ ပထမတော့ အသံတွေက ဆူညံနေလေတော့ ဘာဆိုတာ မကွဲ ပြားပါဘူး။ ပန်းစုံ ဆိုတဲ့ သမီးဖြစ်သူရဲ့ နာမည်ကို ကြားလိုက်ရတဲ့အခါမှာတော့ အိပ်ရာထဲမှာ ခွေခွေကလေး လဲနေတဲ့ အမေအိုဟာ ငေါက်ခနဲ ထ,ထိုင်မိ လိုက်ပါတယ်။

သမီးဇောနဲ့ အိမ်ထဲက ထွက်ပြီး ကြည့်လိုက်တဲ့အခါ ကမ်းပါးထိပ်မှာ ရပ်နေကြတဲ့ လူစုလူဝေးကို မြင်တွေ့ ရပါတယ်။ ထိုနေရာကို အပြေးအလွှား သွားပြီး လူစုကို အတင်းဖြဲ့ခွဲကြည့် လိုက်တဲ့အခါမှာတော့ သောင်ပြင်ပေါ် မှာ ဝမ်းလျားမှောက်ပြီး ကယ်ပါ… ယူပါ တစာစာအော်နေရှာတဲ့ ပန်းစုံနဲ့ သူ့အထက် ပေ လေးငါးရာအမြင့် ကောင်းကင်ပြင်မှာ နီနီရဲရဲအလုံးကြီး တစ်လုံးကိုလည်း မြင်တွေ့လိုက်ရပါ တယ်။

နီနီရဲရဲအလုံးကြီးဟာ သိုင်းသမား တစ်ယောက်က ရန်သူကို အသေ သတ်ဖို့ အကွက်ချောင်းနေသလိုမျိုး ပန်းစုံကို လှည့်ပတ်နေပါတယ်။ မြင်ရ သူတွေအတွက်ကတော့ ရင်သပ်ရှုမော အံ့ဩစရာပါပဲ။ ကြောက်ရွံ့ ထိတ်လန့် ဖွယ်ရာ သံဝေဂ ရစရာလည်း ဖြစ်ပါ တယ်။ တချို့ကတော့ ဒါဟာ ပန်းစုံ မိဘကို စော်ကားမိလို့ဆိုပြီး တစ် ယောက်နဲ့ တစ်ယောက် တီးတိုးပြော နေကြပါတယ်။

အမေအိုကတော့ လူအုပ်ကို အတင်းဖြဲခွဲပြီး ချောက်ကမ်းပါးအောက် ကို ပြေးဆင်းသွားပါတယ်။ သူ့ရဲ့ နှုတ် ကလည်း…

"အမယ်လေး……ဘုရား… ဘုရား၊ ကျွန်မသမီးကလေး…ကျွန်မ သမီးကလေးကို ချမ်းသာပေးတော်မူ ကြပါရှင်၊ ချမ်းသာပေးတော်မူကြပါ"

အမေအိုဟာ မျက်ရည်အလွှဲသား နဲ့ သမီးဖြစ်သူထံကို အပြေးအလွှား ပြေးသွားပါတယ်။ ပန်းစုံကတော့ သဲ သောင်ပြင်ပေါ်မှာ မှောက်လျက်သားနဲ့ ကြောက်လန့်တကြား အော်ဟစ်နေပါ တယ်။

"အမေ…သမီးကြောက်တယ်။ သမီး အမေ့အပေါ်မှာ ပြစ်မှားမိပါတယ်။ သမီးကို ကယ်ပါ အမေ၊ သမီးကြောက် တယ်"

"အမေလာပြီ၊ သမီး ဘာမှမပူ နဲ့၊ မကြောက်နဲ့ကွယ်။ အမေလာနေပြီ"

အမေအိုရဲ့ ရဲရဲတောက် စကား သံ မဆုံးခင်မှာပဲ နီနီရဲရဲအလုံးကြီးက ပစ်ချလိုက်ပါတော့တယ်။

"ဂျိမ်း…ဒလိန်း…ဂျိမ်း"

"အမယ်လေး…ဘုရား… ဘုရား…ဘုရား"

ပွဲကြည့် ပရိသတ်အားလုံးဟာ မျက်လုံးအစုံကို မှိတ်ပြီး ဘုရားတ လိုက်ကြပါတယ်။

လူအားလုံး မျက်စိဖွင့်ကြည့် လိုက်ကြတဲ့အခါမှာတော့ ပန်းစုံအပေါ် မှာ မှောက်လျက်သားနဲ့ ထပ်ရက် လဲကျနေတဲ့ အမေအိုကို မြင်ရပါ တယ်။ မိုးကြိုးကတော့ ပန်းစုံ ပစ်ချခဲ့ တဲ့ သံလင်ဗန်းကိုသာ ပစ်ချလိုက်တာ ဖြစ်ပြီး သားအမိနှစ်ယောက်မှာတော့ အထိအခိုက်မရှိပါဘူး။

ပန်းစုံဟာ သူ့အပေါ်မှ မိခင် မေတ္တာနဲ့ မိခင်မေတ္တာအပြည့်အဝနဲ့ ပွေ့ဖိုက် ကာကွယ်ထားတဲ့ အမေအို ကြီးကို တယုတယနဲ့ ဆွဲထူလိုက်ပါ တယ်။ ပြီးတဲ့အခါမှာတော့ မျက်ရည် တွေ ဖြိုင်ဖြိုင်ကျလို့ အမေအိုရဲ့ ခြေ ကို သူ့နှုတ်ဖူးနဲ့ ဦးတိုက်၊ လက်နှစ်ဖက် နဲ့ ပွေ့ဖိုက်ထားလိုက်ပါတော့တယ်။

"အမေ…သံမီးမိုက်ကို ခွင့်လွှတ် ပါ"

အဝိဇ္ဇာ အသက်မရှိတဲ့ မိုး ကြိုးသည်ပင်လျှင် အမေအိုရဲ့ မေတ္တာ ကြောင့် မိုက်မဲတဲ့ သားသမီးအပေါ်မှာ ခွင့်လွှတ်ခဲ့ပါပြီ။ အမေအိုကတော့ ပန်းစုံရဲ့ ဆံစကလေးတွေကို အသာ အယာပွတ်သပ်ပါတယ်။ နှုတ်ကတော့ တစ်စုံတစ်ရာမပြောပါဘူး။ ပြောစရာ မလိုအောင်လည်း သက်သေပြခဲ့ပြီးပြီ ပါတယ်။

--ဤလောကဌ် မိခင်တည်းဟူ သော ရတနာသည် ပေါ်ထွန်းလာခဲ့၏ မိခင်တို့၏ မေတ္တာရေစင်ကြောင့်သာ လျှင် ကမ္ဘာလောကသည် သာယာ အေးချမ်းမှုကို ရရှိလာခဲ့ပေသည်။ မိခင် တို့၏ မေတ္တာသည် အံ့ချီးမကုန်နိုင်ပါ ပေတကား ■

ကြည်ဝင်း (ဟသ်ာတ)

*****



www.burmeseclassic.com

www.burmeseclassic.com

( ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ )

# ၁၂-ရာသီခွင်နှင့် သင့်ကံတာရာ

တက္ကသိုလ်စိုးမိုးနိုင်

## မိဿရာသီ



ARIES

( မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း )

လက်ရှိလုပ်ငန်းနှင့် ရောက်ရှိနေသော အခြေအနေကို ကျေနပ်စွာ လက်ခံရပေလိမ့်မည်။ အကြီးအကဲ ဩဇာရှိသူတို့ထံမှ အကူအညီ အပံ့အပိုးများ ရရှိတတ်ပါသည်။ တာထွက်ခါနီး အပြေးသမားသဖွယ် အသင့်အနေအထားရှိနေပါလိမ့်မည်။ သင့်ကြိုးစားမှုနှင့် ဆုံးဖြတ်ချက်တိကျမှုအပေါ် မူတည်၍ အောင်မြင်တတ်ပါသည်။ ကာလအတန်ကြာ စိတ်ကူးထားသည့်အိပ်မက်အချို့ လက်တွေ့ဖြစ်လာခွင့်ကြုံလိမ့်မည်။ ရတနာ၊ ရွှေ ငွေ၊ ကျောက်ရောင်းဝယ်မှုကိစ္စအတွက် စွမ်းအားကောင်းသူတို့နှင့် ပူးပေါင်းဆောင်ရွက်၍ အကျိုးရှိတတ်သည်။ စောစောအိပ်ထပြုလုပ်ခြင်းက ကျန်းမာချမ်းသာစေလိမ့်မည်။ ချစ်ကံပွင့်၏။

ထိထိုးသင့်သောနေ့ - အင်္ဂါ၊ ကြာသပတေး။
ရွေးချယ်ရမည့်ဂဏန်း - (၉)အစ (၆)အဆုံး (၁)အစ (၃)အဆုံး။
ယတြာ - မွေးနေ့ မွေးနံထောင့်မှာ နှင်းဆီပန်းအနီလှူပါ။

## ပြိဿရာသီ



TAURUS

( ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း )

မှန်သည်ထင်သည့်ကိစ္စတိုင်းကို ပေါ်ပေါ်ထင်ထင် ရဲတင်းစွာ ဆောင်ရွက်ခွင့်ရမည်။ မိမိက တမင်လုပ်ခြင်း မဟုတ်သော်လည်း ကံကြမ္မာအချို့က သူတပါး အလိုအလျောက်ဖြစ်သွားတတ်သည်။ ဝင့်ကြွားဂုဏ်ယူ အပြုံးပန်းဆင်နိုင်ရန် အဝါရောင်၊ ရွှေဝါရောင် ဝတ်စားဆင်ယင်ပါ။ တန်ဖိုးကြီး ပစ္စည်းများ လက်ခံခြင်း၊ လက်လွှဲလက်ပြောင်းကိစ္စတွင် အထူးသတိရှိပါ။ ဗုဒ္ဓဟူးသားသမီးတို့ ကူညီသဖြင့် အမွေကိစ္စ၊ ရွှေကိစ္စ အဆင်ပြေပါလိမ့်မည်။ ကျန်းမာစေရန် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းကို မှန်မှန်ပြုလုပ်ပါ။ အချစ်ရေးမှာ ရည်ရွယ်ထားသူလေးထံမှ ဝမ်းမြောက်ဝမ်းသာစရာ အဖြေစကားကြားခွင့်ကြုံမည်။

သိထိုးသင့်သောနေ့ - ကြာသပတေး၊ စနေ။
ရွေးချယ်ရမည့်ဂဏန်း - (၂)အစ (၀)အဆုံး၊ (၈)အစ (၄)အဆုံး။
ယတြာ - မွေးနံထောင့်မှာ ပန်းအဖြူ (၅)ပွင့်လှူဒါန်းကာ ကုသိုလ်ပြုပါ။

## မေထုန်ရာသီ



GEMINI

( မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း )

ဝိရိယအပြည့်ဖြင့် များများမှန်မှန် နောက်မဆုတ်ဘဲ ခေါင်းမာစွာ လုပ်တတ်သည့်ဗီဇအတိုင်း ကျင့်ကြံနေပါလိမ့်မည်။ အခက်အခဲ မီးပင်လယ်ကို အောင်မြင်စွာ ဖြတ်ကျော်ပြီးကာ အေးငြိမ်းသည့် သောင်ကမ်းသို့ ရောက်ရှိတတ်သည်။ စီးပွားရေးလုပ်ငန်းသစ်တွင် ယုံကြည်သူတစ်ဦးကို အထူးသတိပြုပါ။ ရတနာပစ္စည်း ရောင်းဝယ်ခြင်းကိစ္စ တိုးချဲ့ဆောင်ရွက်ခွင့်ကြုံရလိမ့်မည်။ ရင်းနှီးမြှုပ်နှံမှုကိစ္စများ စတင်ရတတ်၏။ အိမ်မြေအရောင်းအဝယ်ကိစ္စဖြင့်မြောက်မှု မသေချာနိုင်ပါ။ ယာယီ ခရီးသွားရမည်။ ကျန်းမာရေးအနေဖြင့် ရောဂါဝေဒနာပေါင်း သတိပြုပါ။ တတ်ကျွမ်းနားလည်သည့် ဆေးပညာရှင်တို့၏ ညွှန်ကြားချက်နှင့်အညီ နေထိုင်သင့်၏။ ရုပ်သွင်ကြည်လင်စေရန် အပြုံးကို ဆောင်ပါ။ မိမိကို အတတ်နိုင်ဆုံး ကြင်နာမှုပေးသည့် အသူနှင့် ကြုံလိမ့်မည်။ ချစ်ကံဆန်း၏။

ထိထိုးသင့်သောနေ့ - သောကြာ၊ စနေ။
ရွေးချယ်ရမည့်ဂဏန်း - (၅)အစ (၉)အဆုံး၊ (၄)အစ (၉)အဆုံး။
ယတြာ - စနေထောင့်မှာ ရွှေထီး သုံးလက်လှူပါ။



www.burmeseclassic.com

www.burmeseclassic.com

## ကရကဋ်ရာသီ



CANCER

### ( ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၁) ရက်အတွင်း )

ယှဉ်ပြိုင်နိုင်မှသာ အနိုင်ရ အောင်မြင်တတ်ချိန်ပါ။ ကြောက်လျှင် လွဲပြီး ရဲလျှင် ကြံတိုင်း အောင်မြင်တတ်ကြောင်း တွေ့ရလိမ့်မည်။ လုပ်ငန်းဌာနအတွင်း ယှဉ်ပြိုင်ဘက်ကောင်း ကြုံရစတတ်သည်။ ရင်းနှီးခင်မင်သူနှင့် မိသားစုကို မဆန့်ကျင်လိုသော်လည်း သီးသန့်နေချင်နေမည်။ လက်ရှိ ပစ္စည်းဥစ္စာအချို့ကို ထုခွဲရောင်းချပြီး လုပ်ငန်းသစ် လုပ်ကိုင်ချင်စိတ် ပေါ်နေလိမ့်မည်။ သေချာစွာ လေ့လာစဉ်းစားပြီးမှ ဆုံးဖြတ်ပါ။ ကျန်းမာ ချမ်းသာစေရန် မာနကြီးကြီးဖြင့် ဒေါသထွက်ခြင်းကို နိုင်နင်းစွာ ဖြေလျှော့ထိန်းသိမ်းသင့်၏။ လောဘကြောင့် သောကဝေဒနာ စိတ်ဖိစီးမှု ခံရတတ်သည်။ အချစ်ရေးထူး၏။

**ထီးထိုးသင့်သောနေ** - အင်္ဂါ၊ သောကြာ။

**ရွေးချယ်ရမည့်ဂဏန်း** - (၁)အစ (၇)အဆုံး၊ (၇)အစ (၄)အဆုံး။

**ယတြာ** - မွေးနေ့နံနက်မှာ သစ်သီး(၉)မျိုး ပန်း(၉)မျိုး လှူဒါန်းကာ ကုသိုလ်ပြုပါ။

## သိဟ်ရာသီ



LEO

### ( ဇူလိုင်လ (၂၂) ရက်မှ ဩဂုတ်လ (၂၁) ရက်အတွင်း )

ကံတရား အထူးကောင်းမွန်သော ကာလတစ်ခုမဟုတ်သေးပါ။ တစ်ကြိမ်တစ်ခါမျှ မလျှောက်ဘူးသေးသည့် လမ်းသစ်ကို လျှောက်လှမ်းခွင့်ရလိမ့်မည်။ ရင်းနှီးသူတို့နှင့်ဆက်ဆံရာတွင် မိမိကိုယ်မိမိ ထိန်းချုပ်မှုများနေလိမ့်မည်။ ရယ်မောပျော်ရွှင်စွာနေထိုင်ပြီး တက်ကြွစွာ တွေးခေါ်သူတို့နှင့် မိတ်ဖွဲ့ ပူးတွဲလုပ်ကိုင်မှု အဆင်ပြေ အကျိုးရှိပါလိမ့်မည်။ သင်တန်းတစ်ခုတက်ရခြင်း၊ အတွေ့အကြုံသစ်များ ရရှိခြင်းကြုံရပါလိမ့်မည်။ ရောင်းဝယ်မှုကိစ္စတို့တွင် ပြိုင်ဘက်သစ်တို့က သင့်ကို စောင့်ကြို စိန်ခေါ်ပါလိမ့်မည်။ ကျန်းမာရေးအတွက် သစ်ပင်စိုက်ပျိုးခြင်း၊ လမ်းလျှောက်ခြင်း ပြုလုပ်ရန် အကြံပေးလိုသည်။ နားလည်မှု ပြည့်ဝသည့် ချစ်သူနှင့် ကြုံရပါလိမ့်မည်။

**ထီးထိုးသင့်သောနေ** - ဗုဒ္ဓဟူး၊ သောကြာ။

**ရွေးချယ်ရမည့်ဂဏန်း** - (၂)အစ (၇)အဆုံး၊ (၁)အစ (၄)အဆုံး။

**ယတြာ** - အောင်သင့် အောင်ထိုက်သော မင်္ဂလာများ ပြည့်ဝစေရန် အောင်သပြေလှူဒါန်းပါ။

## ကန်ရာသီ



VIRGO

### ( ဩဂုတ်လ (၂၂) ရက်မှ စက်တင်ဘာလ (၂၂) ရက်အတွင်း )

ရှုပ်ထွေးစွာ ရုန်းကန်ရသော ခယောင်းလမ်းကို ဖြတ်ကျော်ရမည့်ကာလ။ အပြိုင်အဆိုင်များကြား ကြိုးစား၍ အောင်မြင်လိမ့်မည်။ ခယောင်းတော၊ ခယောင်းလမ်းသည် သင့်အတွက် အောင်မြင်မှုပန်းများ ဖူးပွင့်ခွင့်ပေးတတ်ပါသည်။ ရွှေ ငွေရကိန်းမြင်၏။ မိတ်ဆွေသစ်ကို သတိထားပါ။ ပျော်ပါးသောက်စား မူးယစ်သူနှင့် လောကဝတ် ကျင့်ဝတ်ဖောက်ဖျက်သူများကို ဝေးကွာစွာ ရှောင်ပါ။ ပညာရှိ လူလိမ္မာနှင့် ပေါင်းသင်းပါ။ လတ်တလော ဆောင်ရွက်သောကိစ္စ အခက်အခဲရှိသော်လည်း ထိုက်ထိုက်တန်တန် အောင်မြင်လာပေလိမ့်မည်။ ကျန်းမာရေးကောင်းလာစေရန် အနေအထိုင် အစားအသောက်အတွက် စိတ်ကို ထိန်းချုပ်ပါ။ တည့်သည့်အစာကိုသာ စားပါ။ ချစ်ခင်ဖွယ်ကောင်းသူလေးနှင့် နီးစပ်ခွင့်ရမည်။

**ထီးထိုးသင့်သောနေ** - ဗုဒ္ဓဟူး၊ ကြာသပတေး။

**ရွေးချယ်ရမည့်ဂဏန်း** - (၂)အစ (၅)အဆုံး၊ (၂)အစ (၇)အဆုံး။

**ယတြာ** - လပြည့်နေ့မှာ သံဃာသုံးပါးကို ဆွမ်းကပ်လှူပါ။ သက်ကြီးရွယ်အို သုံးဦးကို ကျွေးလှူပါ။



www.burmeseclassic.com

www.burmeseclassic.com

## တူရာသီ



LIBRA

( စက်တင်ဘာလ (၂၃) ရက်မှ အောက်တိုဘာလ (၂၂) ရက်အတွင်း )

ဆောင်းလေအေးတို့ ဖြည်းညင်းစွာ တိုက်ခိုက်နေပါလိမ့်မည်။ ဆောင်းလေနှင့်အတူ ကံကောင်းခြင်းလိပ်ပြာလေးကို မြင်တွေ့ခွင့်ရရှိပါလိမ့်မည်။ ခေတ္တခဏသာ တွေ့ကြုံရမည့် အခက်အခဲအနည်းငယ်ကို ဖွဲ့ရှိ စိတ်ရှည်စွာ ကျော်ဖြတ်ရန် အလွန်အရေးကြီးဖါသည်။ သင့်အပေါ် လေးစားလျက် အရေးတယူ ပြောဆိုသူတစ်ဦးနှင့် စပ်တူလုပ်ငန်းတစ်ခုပြုခွင့်ကြုံရပါလိမ့်မည်။ ဆန္ဒနှင့် ရည်ရွယ်ချက်တို့ ပြည့်ဝလာပေလိမ့်မည်။ ကျန်းမာရေးညံ့နေလျှင် ကိုယ်၊ စိတ် အနားယူပါ။ ဆေးဝါးနှင့် အစားအသောက်ကို ပြောင်းလဲကြည့်ပါ။ သန့်ရှင်းလတ်ဆတ်သော အစားအသောက်ကို အချိန်မှန်စားပါ။ ဥပုသ်နေ့တိုင်း ဥပုသ်စောင့်က ပိုကောင်း၏။ အချစ်စစ်ကြောင့် သင့်ဘဝ ပျော်ပြီးတိုင်း ပျော်ရပါလိမ့်မည်။

**ထီထိုးသင့်သောနေ့** - ကြာသပတေး၊ စနေ။
**ရွေးချယ်ရမည့်ဂဏန်း** - (၁)အစ (ဝ)အဆုံး၊ (၂)အစ (ဝ)အဆုံး။
**ယတြာ** - မွေးနေ့တူကို ဖုန်းအိတ် လက်ဆောင်ပေးပါ။

## ဗြိစ္ဆာရာသီ



SCORPIS

( အောက်တိုဘာလ (၂၃) ရက်မှ နိုဝင်ဘာလ (၂၂) ရက်အတွင်း )

ပဲ့မပါသော လှေသည် လိုရာကမ်းခြေသို့ လွင့်မျောရန် ခက်ခဲတတ်ပါသည်။ အစွန်းရောက်လုပ်တတ်၍ စေတနာက ဝေဒနာဖြစ်ရတတ်သည်။ သူတစ်ပါးမိသားစု၏ အတွင်းရေးကို သတိပြု ကူညီဖြေရှင်းသင့်၏။ သူများအပူ ကိုယ့်အပူမဖြစ်အောင် သတိပြုသင့်သည်။ ပဲ့ကိုင်ထိန်းကျောင်းမှု မကျွမ်းကျင်လျှင် မှောက်ထိုး မှောက်လှန်ဖြစ်တတ်သည်။ အတ္တနှင့် ပရကို မျှတအောင် နေထိုင်သင့်သည်။ ပြောင်းရွှေ့မှု၊ ရပ်ဝေးခရီးသွားလာမှုတို့ အကျိုးများ တိုးပွားလိမ့်မည်။ ကျန်းမာရေးက ရောဂါဘယ မထူပြောသော်လည်း ရေချိုးမှားသဖြင့် ချူချာတတ်သည်။ ရေချိုး၊ ခေါင်းလျှော် ဆင်ခြင်ပါ။ အချစ်ရေးက နတ်မိမယ်တမျှ လှပသူလေးနှင့် ဖူးစာဆုံ ရင်ခုန်ရလိမ့်မည်။

**ထီထိုးသင့်သောနေ့** - တနင်္လာ၊ စနေ။
**ရွေးချယ်ရမည့်ဂဏန်း** - (၇)အစ (၂)အဆုံး၊ (၃)အစ (၉)အဆုံး။
**ယတြာ** - ကြာသပတေးထောင့်မှာ ပေါက်ပေါက်ဆွမ်း ကပ်လှူ ပူဇော်ပါ။ လိုရာဆန္ဒ ပြည့်ဝမည်။

## ဓနုရာသီ



SAGITTARIUS

( နိုဝင်ဘာလ (၂၃) ရက်မှ ဒီဇင်ဘာလ (၂၁) ရက်အတွင်း )

စိတ်အာရုံရှုပ်ထွေးနေတတ်သော ကာလဖြစ်သည်။ ဖြစ်ပျက်ပြောင်းလဲမှုများ မြန်ဆန်နေတတ်ပါသည်။ ဆင်ခြင်ကန်သည့်အကျင့်ကို သတိထား ပြုပြင်၍ အောင်မြင်မှု ရတတ်ပါသည်။ ရပ်ဝေး၊ နိုင်ငံရပ်ခြားခရီးကိစ္စများတွင် အနှောင့်အယှက်မရှိဘဲ မိမိဘာသာ ပျက်ပြယ်သွားတတ်သည်။ စိတ်အတွေးမမှားအောင် ထိန်းပါ။ ရတနာပစ္စည်း အကျိုးထူးပေးလိမ့်မည်။ တစ်ကြိမ်တစ်ချို မလျှောက်ဘူးသေးသော လမ်းပေါ်တွင် လျှောက်လှမ်းခွင့်ရတတ်သည်။ အစုစပ်လုပ်ငန်းနှင့် အကျိုးပေး အားနည်းသည်။ ထီပေါက်ကိန်း အားကောင်းနေပါသည်။ မွေးနေ့မှာ အဓိဋ္ဌာန်ပုတီး ကိုးပတ်စိပ်ပြီး ထီးထိုးကြည့်သင့်၏။ ကျန်းမာစေရန် စိုးရိမ်စိတ်ကို လျှော့တွေးပါ။ ချစ်သူထံမှ ဂုဏ်ပြုချီးမွမ်းစကား ကြားခွင့်ရမည်။

**ထီထိုးသင့်သောနေ့** - တနင်္လာ၊ အင်္ဂါ။
**ရွေးချယ်ရမည့်ဂဏန်း** - (၃)အစ (၉)အဆုံး၊ (၉)အစ (၃)အဆုံး။
**ယတြာ** - သီလခံယူပြီး ဂုဏ်တော်ကွန်ချာ ရွတ်ဖတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## မကာရရာသီ



CAPRICORN

( ဒီဇင်ဘာလ (၂၁) ရက်မှ ဇန်နဝါရီလ (၁၉) ရက်အတွင်း )

စိတ်ကူးယဉ်မှုတိုင်းကို လက်တွေ့ကျကျ ရပ်လုံးဖော်ခွင့်ရမည်။ ရပ်ဝေးမြေမှ မိတ်ဆွေ၊ ဆွေမျိုးနှင့် ဆုံဆည်းခွင့်ရမည်။ တနင်္လာနှံ၊ သောကြာနံပစ္စည်းနှင့် ထိုလုပ်ငန်းများနှင့် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းတတ်သည်။ လူရှုပ်လူပွေတစ်ဦး သင့်အိမ်ကို ရောက်လာပြီး အိမ်ပွင့်ရေးပြဿနာပေါ်တတ်သည်ကို သတိပြုပါ။ သူတစ်ပါးကိစ္စကို ကြားမှ စာချုပ်ချုပ်ဆို၊ အာမခံမှု မပြုသင့်ပေ။ ငွေကြေးချေးငှားမှု ကိစ္စ သတိရှိပါ။ ကျန်းမာရေးသင့်သည်။ ပို၍ပို၍ ကျန်းမာစေရန် ကိုးကွယ်ယုံကြည်ရာ ဘာသာတရားကို ဗိုလုပ်ပါ။ မေတ္တာစိတ်ကို အခြေခံကာ ဒါနကောင်းမှုပြုပါ။ အချစ်ရေးမှာ အသည်းမှာ စွဲငြိရမည့် ချစ်သူနှင့် ကြုံရပါလိမ့်မည်။

**ထီထိုးသင့်သောနေ့** - အင်္ဂါ၊ ဗုဒ္ဓဟူး။
**ရွေးချယ်ရမည့်ဂဏန်း** - (၂)အစ (၈)အဆုံး၊ (၅)အစ (၈)အဆုံး။
**ယတြာ** - သံဃာတော်ကို ထီး (သို့မဟုတ်) ဖိနပ်လှူပါ။

## ကုမ်ရာသီ



AQUARIUS

( ဇန်နဝါရီလ (၂၀) ရက်မှ ဖေဖော်ဝါရီလ (၁၈) ရက်အတွင်း )

မည်သို့ပင်ပစ်ပစ် ဘာမှမဖြစ်။ မည်သို့ပင်လှဲလှဲ မလဲတတ်သော ပစ်တိုင်းထောင်သဖွယ် ခေါင်းမာတတ်သော စရိုက်ရှိနေတတ်ပါသည်။ လုပ်ငန်းအသစ်လုပ်ဆောင်ခြင်း၊ တိုးချဲ့ခြင်းကိစ္စ သေချာစွာ စဉ်းစားသင့်၏။ လူယုံ၊ လက်အောက်ငယ်သားကြောင့် စီးပွားရေးအနေအထားပြောင်းလဲတတ်ပါသည်။ လောလောဆယ် ဆောင်ရွက်နေသည့်ကိစ္စအတွက် သူတစ်ပါးကို ယုံကြည်လိုစိတ်၊ အားကိုးလိုစိတ် မရှိတတ်ပေ။ အကူအညီတောင်းသင့်သူထံ အကူအညီတောင်းပါ။ လူကြီးမိဘ အကြီးအကဲ၏ အကူအညီကို ရရှိပါက အလိုလိုနေရင်း ပိုမိုအဆင်ပြေမှု ကြုံလာရပါလိမ့်မည်။ ကျန်းမာရေး အစာကို ကြေညက်စွာ ဝါးစားပါ။ အချစ်ကျမ်းကို ကြေညက်သူထံမှ ချစ်ခွန်းဖွဲ့ပေးမှုကို ကြားရမည်။ ချင့်ယုံပါ။

**ထီထိုးသင့်သောနေ့** - ဗုဒ္ဓဟူး၊ တနင်္ဂနွေ။
**ရွေးချယ်ရမည့်ဂဏန်း** - (၃)အစ (၃)အဆုံး၊ (၆)အစ (၆)အဆုံး။
**ယတြာ** - သမ္ဗုဒ္ဓေဂါထာတော်ကို ရွတ်ဖတ်ပူဇော်ပါ။

## မိန်ရာသီ



PISCES

( ဖေဖော်ဝါရီလ (၁၉) ရက်မှ မတ်လ (၂၀) ရက်အတွင်း )

ပျော်ရွှင်စရာကောင်းသည့် နေ့ရက်ကလေးများ ကြုံတွေ့ရပါလိမ့်မည်။ အနာဂတ်အတွက် မျှော်လင့်ရ ကောင်းသည့် အားတက်ဖွယ် အခြေအနေကြုံတွေ့ရပါလိမ့်မည်။ လုပ်ငန်းသစ်ပြောင်းရွှေ့မှု မကြာမီ မှာ ကြုံတွေ့ရပါလိမ့်မည်။ ရက်ကြောက်မှုဗီဇသဘာဝ ရှိနေပါလိမ့်မည်။ ပြောင်းရွှေ့မှုကြောင့် အခွင့်ကြုံ ခက်စရာ လမ်းနှစ်သွယ်ပေါ်မည်။ နိုင်ငံရပ်ခြားဒေသ၊ ခရီးသွားလာမှုကိစ္စ အကြောင်းကြောင်းကြောင့် ရပ်ဆိုင်းထားရတတ်သည်။ ကျန်းမာရေး ပို၍ပို၍ကောင်းစေရန် ရာသီဥတုနှင့်အညီ ဝတ်စားနေထိုင် စားသောက်ကြည့်ပါ။ အချစ်ရေးကောင်း၏။ နေ့စဉ်ရက်ဆက် တွေ့မြင်ရက်ကြာသည့် မျက်ဝန်းအကြည် မှာ စွဲငြိသွားလိမ့်မည်။

**ထီထိုးသင့်သောနေ့** - တနင်္ဂနွေ၊ သောကြာ။
**ရွေးချယ်ရမည့်ဂဏန်း** - (၅)အစ (၂)အဆုံး၊ (၈)အစ (၂)အဆုံး။
**ယတြာ** - မွေးနေ့မှာ မင်္ဂလသုတ်တော်ကို ရွတ်ဖတ်ဆင်ခြင် ပွားများကာ ကုသိုလ်ပြုပါ။

*****



www.burmeseclassic.com

www.burmeseclassic.com



# သက်ရှု

(မ) ကိုယ်ကျင့်တရား ပိုင်ကြမယ်ရှ.....

ရုပ်နှင့် စိတ်တို့သည် တစ်ဦးကို တစ်ဦး အပြန်အလှန် ားဖြင့် ပြုပြင်လွှမ်းမိုးတတ်ပေသည်။ ရုပ်က စိတ်ကို စေ့ တ်သည်လည်း ရှိ၏။ စိတ်က ရုပ်ကို စေ့ဆော်သည်လည်း ၏။ ကျွန်ုပ်တို့သည် ပြင်းထန်စွာ ဆာလောင်မွတ်သိပ်နေ သောအခါတွင် စိတ်ဓာတ်တို့သည် ကျဆင်းလာကြကုန်တော့ ၏ စိတ်ရှုံးစိုက်နိုင်မှု အားပျော့လာ၏။ ထိုနည်းတူစွာ ကျွန်ုပ် ၏ ကိုယ်ခန္ဓာသည် နာမကျန်းဖြစ်လာခဲ့သော်၊ ကျွန်ုပ်တို့ စိတ်ဓာတ်သည်လည်း ကြံ့ခိုင်မှု လျော့ပါးလာရ၏။ ဝေဒနာ ဖိစီးခြင်း ခံနေရသည့် ကိုယ်ခန္ဓာထဲက စိတ်ဓာတ်သည် ပေါ့ပါးလန်းဆန်းခြင်း၊ တက်ကြွခြင်းနှင့် မပြည့်စုံနိုင်ချေ။ ထို့ကြောင့် ဗုဒ္ဓရှင်တော်က အာရောဂျံ ပရမံ လာဘံ (အာရောဂ်ဂျံ ပရံ လာဘံဟု ဖတ်)ဟု ဟောကြားတော်မူခဲ့ပေ၏။ မြန်မာလိုအဓိပ္ပာယ်သော်ကား "ကျန်းမာခြင်းသည် အထူးမြတ်ဆုံးသော ဆုလာဘ်ပင်ဖြစ်သည်" ဟူပေ၏။ ဤကား ရုပ်ဝတ္ထုက စိတ်ကို လွှမ်းမိုးပြုပြင်ခြင်းတည်း။

နေရာတိုင်းတွင် ရုပ်က စိတ်ကို လွှမ်းမိုးနေနိုင်သည်ကား မဟုတ်ပါချေ။ စိတ်က တန်ခိုးမရှိသည်ပင် ထားဦး၊ သာမန်အားဖြင့်ပင် ရုပ်ကို လွှမ်းမိုးပြုပြင်သော နေရာများလည်း များစွာရှိပေ၏။ ရုပ်၏ သတ္တိစွမ်းအင်များအကြောင်းကို အနောက်တိုင်းသားများက ပို၍ သိရှိကြ၏။ သို့သော် စိတ်၏ သတ္တိစွမ်းအင်များကိုမူကား အရှေ့တိုင်းသားများက အနောက်တိုင်းသားများထက် ပို၍သိရှိခဲ့ကြလေသည်။ ထို့ကြောင့်ပင် အနောက်တိုင်းသား ယောဂီပညာရှင် ပေါလ်၊ ဘရန်တင်က သူ၏ "လျှို့ဝှက်သော လမ်းစဉ်" (Secret Path) ဟူသော စာအုပ်ထဲတွင် အနောက်တိုင်းသားတို့သည်



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ပိုင်းဆိုင်ရာတွင် လူထွားကြီးများ ဖြစ်နေကြသော်လည်း စိတ်ပိုင်းဆိုင်ရာတွင်ကား လူပု လူညှက်ကလေးများသာ ဖြစ်သည်ဟု ဝန်ခံရေးသားထားပေ၏။

စိတ်က ရုပ်အပေါ် လွှမ်းမိုးပြုပြင်နိုင်မှုများကို အရှေ့တိုင်း ရှေးဟောင်း စာပေများထဲတွင် ထင်ရှားစွာ ရေးသားဖော်ပြပါရှိနေပေသည်။ ထို့ကြောင့်ပင် စိတ်၏ တန်ခိုးကို လေ့လာလိုက်စားကြသော အနောက်တိုင်း စိတ်တန်ခိုးသုတေသီတို့သည် ရှေးဟောင်း အီဂျစ်နှင့် ဟီဗရူးပညာရပ်များကို လေးစားဘိသကဲ့သို့ပင်၊ ကျွန်ုပ်တို့၏ အရှေ့တိုင်းမှ စိတ်ပိုင်းဆိုင်ရာ ပညာများကို အပတ်တကုတ် လေ့လာ၍ စိတ်တန်ခိုးနှင့် ပတ်သက်သည်များကိုလည်း ဆည်းပူးလျက်ရှိကြ၏။ အနောက်တိုင်းသားအချို့တို့၏ အယူအဆအရဆိုလျှင် ဟစ်တလာ၏ လက်အောက်တွင် ဂျာမနီပြည်သည် အိန္ဒိယတိုင်းမှ ဘာသာရေး ကျမ်းပေါင်းများစွာကို ဂျာမနီဘာသာသို့ ပြန်ဆိုခဲ့သည်။ ဂျာမန်သိပ္ပံပညာရှင်များပင် အိန္ဒိယရှေးဟောင်းကျမ်းများကို လက်စွဲတော်တမ်းဖွယ်သုံး၍ သိပ္ပံပညာစူးစမ်းမှုများကို သုံးသည်ဟု ယူဆရုံမက၊ နာဇီအာဏာရှင် ဟစ်တလာသည်ပင် တိဗက်ပြည်မှ ဂိုဏ်းတစ်ဂိုဏ်း၏ ပညာရပ်များကို ခံယူကာ မိမိ၏ လောဘစိတ်ကြောင့် လက်ဝဲ လမ်းသမားဖြစ်သွားခဲ့ရသည်ဟူ၍ပင် ယုံကြည်ကြလေသည်။

ယခုခေတ် အနောက်တိုင်းသားများစွာတို့သည် စိတ်ပိုင်းဆိုင်ရာကို ပို၍လေ့လာစ ပြုလာကြသည်။ မိမိတို့၏ ဘာသာရေးကျမ်းများကိုလည်း အရှေ့တိုင်းဆန်စွာပင် စိတ်ပိုင်းကို ပို၍ အသားပေးပြီး ဖွင့်ဆိုလာကြလေသည်။ ထို့ကြောင့် စိတ်က ရုပ်ကို လွှမ်းမိုးသည့် ကိစ္စရပ်များနှင့် ပတ်သက်ပြီး လေ့လာလိုသည်ဆိုပါလျှင် စာအုပ်စာတမ်း မရှားပါးတော့ပါချေ။ အင်္ဂလိပ်ဘာသာဖြင့် မြောက်မြားစွာ ထွက်ပေါ်လာလျက်ရှိပေပြီ။

"ပေးရှင့် စထရောင်း"ရေးသားသော "အတွင်းမှ နိုင်ငံတော်(The Kingdom Within)"ဟူသည့် ဒေါသကို အရင်းခံသော စိတ်ကူးတို့သည် မျက်နှာ၏ အသွင်အပြင်ကို ပြောင်းလဲစေ၍ ပါးပြင်တို့ဆီသို့ သွေးများကို ပို့လွှတ်သည်။ ကြောက်လန့်ခြင်းကို အရင်းခံသော စိတ်ကူးတို့သည် အဆစ်များကို ခေတ္တမျှ သေသွားစေနိုင်ပြီး နှလုံးခုန်ခြင်းကို လျင်မြန်စေ၏။ မျှော်လင့်ချက်ကို အရင်းခံသော စိတ်ကူးများသည် မျက်လုံးအရောင်ကို တောက်ပြောင်စေ၍ ခြေလှမ်းများကို ပေါ့ပါးသွက်လက်စေနိုင်သည်ဟု ရေးသားဖော်ပြထားလေသည်။ ဤသည်တို့ကား စိတ်က ရုပ်ဝတ္ထုကို လွှမ်းမိုးပြုပြင်ခြင်းတစ်စွန်းတစ်စပင် ဖြစ်လေတော့၏။

ဤကဲ့သို့ စိတ်နှင့် ရုပ်တို့သည် တစ်ဦးကို တစ်ဦး အပြန်အလှန်အားဖြင့် မိတွယ်ပြုပြင် ဩဇာလွှမ်းမိုးကြ[...]ရာ စိတ်ကို လိုက်၍လည်း ရုပ်အခင်းတို့သည် ဖြစ်တည်[...]၏။ တစ်ဖန် ရုပ်ကို လိုက်၍လည်း၊ စိတ်အနေအထား[...]သည် ဖြစ်ရပြန်လေသည်။ သို့ဖြစ်ပေရာ စိတ်တန်ခိုး [...]တက်ရန် ကြိုးစားနေကြသူများသည် စိတ်လေ့ကျင့်ခန်း[...]လည်း ပြုလုပ်ပေးရန် လိုအပ်သည်နှင့်အမျှ ရုပ်ခန္ဓာ[...]လည်း ထိန်းသိမ်းလေ့ကျင့်ပေးရန် လိုအပ်လေသည်။ သင်[...]၏စိတ်က ကြောက်လန့်လာလျှင် သင်၏ရုပ်သည် အ[...]အနေပြောင်းလဲလာတော့၏။ နှလုံးခုန် မြန်လာသည်။ မျက်[...]အာရုံ အစရှိသော အာရုံတို့ ခံစားမှု အားနည်းလာကြ[...]တစ်ကိုယ်လုံးတွင် ကြွက်သီးမွေးညင်းများ ထလာသည်[...]ဘေးကင်းမည့်ထင်ရာသို့ ထွက်ပြေးရန် ခြေလှမ်းပြင်ကြ[...]

ထိုအခါတွင် သင်၏ စိတ်ကို ကြောက်လန့်ခြင်း [...]ပျောက်စေရန် သင့်ကိုယ်တည်းဟူသော ရုပ်ကို ပြုပြင်ပေး[...]မည်ဖြစ်ပေ၏။ အသက်ကို မှန်မှန်ထိန်း၍ ရှူရမည်။ ရ[...]တရက် တင်းသွားသော ကြွက်သားများကို ပြေလျော့[...]မည်။ အာရုံများကို ဂရုစိုက်၍ ထိန်းသိမ်းပြီး မျက်စိ[...]မြင်ရသည်များကို တည်ငြိမ်စွာ ကြည့်ရမည်။ နားဖြင့် [...]ရသည်များကို တည်ငြိမ်စွာဖြင့် သဲသဲကွဲကွဲ ကြားစေရ[...]စသည်ဖြင့် ယင်းတို့ကို ပြုလုပ်ပေးလျှင် ကြောက်စိတ်[...]နိုင်၏။ သူရဲဘောနည်းတတ်သူများသည် ရုပ်သဏ္ဌာန်ဟန်[...]ကို ရဲရင့်သူ၏ အမူအရာတို့ကို အတုခိုး၍ လိုက်လုပ်ခြင်း[...]ရဲရင့်လာတတ်သည်ဟူ၍ Psychologist ဂျာနယ်တစ်[...]တွင် ဖတ်ဖူးပါ၏။ ကျွန်ုပ်တို့ မြန်မာစကားပုံတွင်လည်း [...]သော်လည်း ပြေးခဲ့စေ"ဟု စကားပုံတစ်ခု အထင်အရှား[...]နေသည်မဟုတ်လော။ ဤသည်ကား ရုပ်ကို ကြပ်မတ်[...]ခြင်းဖြင့် စိတ်အားတက်ကြွနိုင်ခြင်းကို ဖော်ပြလိုခြင်းပင် [...]လေသည်။

သို့ဖြစ်သောကြောင့် တင့်တယ်သော စိတ်၊ ကျ[...]သော စိတ်၊ ပေါ့ပါးရွှင်လန်းသော စိတ်၊ ပျော်ရွှင်[...]စိတ် အစရှိသော စိတ်ထားတို့သည် စိတ်တန်ခိုး နေ[...]ခြည်ကိုသာ ကြည်စေတတ်ရကား၊ ထိုစိတ်ထားများ [...]ဖို့ လိုအပ်ပေသည်။ ထိုစိတ်ထားများ ရရှိစေရန်အ[...]နည်းလမ်းတစ်ခုမှာ မိမိကိုယ်မိမိ ကိုယ်ကျင့်တရား[...]ထားရန် ဖြစ်လေသည်။ ကမ္ဘာပေါ်ရှိ ဘာသာစ[...]



www.burmeseclassic.com

www.burmeseclassic.com

တွင် နီတိကျမ်းများ ရှိကြသည်ချည်းဖြစ်၏။ နီတိကျမ်းဟူသမျှသည်လည်း ကိုယ်ကျင့်တရားကောင်းမွန်စေဖို့ သင်ကြားပေးသည်ချည်းဖြစ်ပေ၏။ နီတိကျမ်းဟူသည်လည်း ကောင်းမွန်၍ အမှန်တရားကို ဖော်ပြသော ကျမ်းများသာ ဖြစ်ရပေ၏။

များစွာသောသူတို့သည် နီတိကျမ်းများကို ဖတ်ဖူးကြ၏။ နီတိကျမ်းလာ စကားများကိုလည်း သိရှိကြသည်။ ထို့ကြောင့် မိမိတို့အဖို့ ကိုယ်ကျင့်တရားအရာမှာ လုံလောက်ပြီဟု မှတ်ထင်နေကြသည်။ မှားလေစွ။ အမှန်တရားဟူသည် သိရုံနှင့် အကျိုးမရှိချေ။ ထို သိထားသော အမှန်တရားကို စပ်ဟပ် အသုံးချတတ်ရမည်။ အမှန်တရားကို လိုက်နာကျင့်ကြံရမည်။ သို့မှသာလျှင် သင်၏ ကိုယ်ကျင့်တရားသည် ကောင်းမွန်လာပေမည်။ ဥပမာပုံစံအားဖြင့် "ရိုးသားဖြောင့်မတ်ခြင်းသည် ကောင်းမွန်၏" ဟု သိ၏။ သိရုံမျှနှင့် သိသောသူသည် လူတော် လူကောင်းဖြစ်မလာချေ။ မရိုးသားသော လူများနှင့် ဆက်ဆံခြင်းမှ ရှောင်ကြဉ်၏။ မိမိကိုယ်ကိုလည်း ရိုးသားဖြောင့်မတ်အောင် နေ၏။ ရိုးသားမှုကို မြတ်နိုးသည်။ ရိုးသားစွာ ကျင့်ကြံပြုမူနေထိုင်သည်။ ရိုးသားသော စကားကို ပြောဆိုသည်။ ဤသို့ဆိုမှ ထိုသူသည် ရိုးသားသောသူ တစ်ယောက်ဖြစ်လာပေမည်။ ရိုးသားသောသူတစ်ယောက် ဖြစ်လာမှ တော်သော၊ ကောင်းသောသူတစ်ယောက်ဖြစ်လာနိုင်ချေ၏။

ထို့ကြောင့် နီတိကျမ်းဟူသည် သိရုံ၊ ဖတ်ရုံ စာမဟုတ်။ လိုက်နာကျင့်ကြံရန် စာသာဖြစ်သည်။ ထိုစာမျိုးတွင်မှ အလိမ္မာရှိ၍ ထိုစာအတိုင်း လိုက်နာကျင့်ကြံမှ လိမ္မာသောသူတစ်ယောက်ဖြစ်ပေမည်။ သိရုံသာ သိ၍ မကျင့်ကြံသောသူသည် ခရီးတစ်ဝက်ကိုသာ လျှောက်လှမ်းသူဖြစ်၍ ခရီးရောက်ပြီးသောသူဟု လုံးဝ မခေါ်ဆိုထိုက်ပါချေ ■

သက်လုံ

*****

# အလုပ်မှေ့ရှာ အောင်မြင်မှုဝေပြာအစီအရင်

လှစွမ်းမြင့် (နတ်မောက်)

လွန်ခဲ့သည့် (၁၀)နှစ်ခန့်က မိတ်ဆွေတစ်ဦး၏ သားနှင့် သမီးကို လက်တွေ့ ကူညီ စီရင်ပေးခဲ့သည့် အစီအရင်လေးကို တင်ပြချင်ပါသည်။ ဤအစီအရင်ပညာရပ်ကို စာရေးသူ၏ ကျေးဇူးရှင် ဖခင်ကြီး ဦးကြီးလှထံမှ ပညာအမွေ လက်ဆင့်ကမ်း ရယူခဲ့ခြင်းဖြစ်ပါသည်။

ဤအစီအရင်ပညာနှင့် အလုပ်အကိုင် အဆင်ပြေသွားသူတွေ များခဲ့ပြီဟုလည်း သိရပါသည်။ စာရေးသူမိတ်ဆွေ၏ သားနှင့် သမီးမှာ မဟာဝိဇ္ဇာဘွဲ့များ ရထားပြီး အလုပ်ခွင်ဝင်ခွင့် ရေးဖြေ နှုတ်ဖြေများ ယခင်က သုံးလေးကြိမ် ဝင်ရောက်ဖြေဆိုရာ ရေးဖြေအဆင့်များ အောင်သော်လည်း လူတွေ့ နှုတ်ဖြေတွင် ပြုတ်ကျကျန်ခဲ့ရသည်။

ထိုအခြေအနေတွင် စာရေးသူထံ မိတ်ဆွေ ဦးအောင်ဦးအောင် ရောက်လာပြီး အကျိုးအကြောင်းပြောပြသဖြင့် ဤအစီအရင်လေးကို ပေးလိုက်ရာ တကယ်ပင် အောင်မြင်သွားပါသည်။ သမီးဖြစ်သူမှာ ဌာနသုံးခုတွင် ဒု-ဦးစီးအရာရှိ ဝင်ရောက်ဖြေဆိုရာ သုံးဌာနလုံးတွင် အောင်မြင်ခဲ့သဖြင့် အတော်ပင် စဉ်းစား၍ ရွေးချယ်ခဲ့ရပါသည်။

စာရေးသူ ပေးလိုက်သော ထိုအစီအရင်မှာ ဘုရားရှင်အား နေ့စဉ် အမွှေးတိုင်တစ်တိုင်၊ ရေချမ်းတစ်ခွက် ကပ်လှူပြီး အောက်ပါ ဂါထာတော်ကို တစ်ထောင် ရွတ်ပွား ပူဇော်ပါ။ အလုပ်မရမချင်း နေ့စဉ် နံနက်တိုင်း ဆောင်ရွက်ပါ။ သုံးလမှ ကိုးလအတွင်း အဆင်ပြေ ကောင်းမွန်သော အလုပ်များကို မုချ ရပါမည်။ ရွတ်ပွားရမည့် ဂါထာတော်မှာ -

သာပုဏ္ဏ ဂမ္ဘိ၊ မာတောတော
ကတ္တာ ဟောတွာ၊ ဗလံ၊ ဝိဇ္ဇာ
ရိတံ ပုဗ္ဗံ၊ သုခေနစာ။

အလုပ်မရှိသေးသူများ အလုပ်ရစေပြီး အလုပ်အဆင်မပြေသူများ အဆင်ပြေ လုပ်ငန်းလည်ပတ်နိုင်စေရန် တင်ပြရေးသားအပ်ပါသည် ■

လှစွမ်းမြင့် (နတ်မောက်)

*****



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ထူးဆန်းလှသည်။ ဝေဒနာတွေက သိသာစွာ ပေါ့ပါး လန်းဆန်းသွားသည်။ ထူးခြားမွှေးပျံ့သော ရနံ့သင်းသင်းကို မကြာခဏ ရှူရှိုက်မိလိုက်၏။ မိမိက ထိုင်လျက်အနေအထား။ မျက်စိဖွင့်ကြည့်တော့ အနားမှာ ဝတ်ကောင်းစားလှတွေနှင့် ရှုချင်စဖွယ် မိန်းမပျိုလေးတွေများစွာ။ ထိုမိန်းမပျိုတို့ ဆင်မြန်းထားသည့် လက်ဝတ်ရတနာတွေက ဖိတ်ဖိတ်တောက်။

ထို့အပြင် မိမိနေထိုင်ရာ အဆောက်အအုံသည်လည်း ရွှေရောင်တဝင်းဝင်း၊ စိန်ရောင်တလက်လက်နှင့် ပါလား။

"ငါ ဘယ်ရောက်နေတာလဲ"

အံ့ဩစွာ ရေရွတ်မိသည်။ အံ့ဩစိတ်ဖြစ်သော်လည်း တုန်လှုပ်ကြောက်ရွံ့မှုတော့ မဖြစ်။

"နတ်ပြည်ပါ မောင်တော်"

"ဟင်..."

မတ်တတ်ရပ်လိုက်တော့ တိမ်တွေပေါ် ရပ်နေရသလိုပါ။ ပဒေသာပင်အဖြစ်ဖွယ် မြင်ကွင်းများနှင့် လက်ရှိ မိမိအဖြစ်ကို ရင်သပ်ကာ ပြန်ထိုင်ချလိုက်သည်။

ပြီးပြည့်စုံသော ဘဝဖြစ်တည်သော်မှု တစ်စုံတစ်ခုလိုနေသလို ရင်၌ သပ်ဟာနေ၏။

"နေဦး။ ငါ ဘယ်ဘဝက လာတာပါလိမ့်"

ပြန်စဉ်းစားမည်ပြင်တော့ အတူတူ သည် စဉ်းစားစရာမလိုဘဲ မြင်ကွင်းမှာ အရင်ဘဝပုံရိပ်တွေက ထင်ထင်ရှားရှားပေါ်လာသည်။ အရာရာက ဆန်းကြယ်နေ၏။

"အံ့ဩဖို့ ကောင်းလိုက်တာ"

◆◆◆

သူ၏ အရင်ဘဝသည် အပူများလှသည့် လူသားဘဝတွင် "မောင်အေးဇော်" ဟူသည့် အမည်နှင့် ခန္ဓာတစ်ခုရခဲ့သည်။ ကြီးကျယ်ခမ်းနားလှသည့် ရန်ကုန်မြို့ကြီးထဲမှာ နေထိုင်သည့် မခမ်းနားသော ဆင်းရဲသားလေးတစ်ယောက်။ ပြီးတော့ ရောဂါသည်လေး တစ်ဦး။

အေးဇော်၏ အဖေက ဦးဇော်လွင်၊ အမေက ဒေါ်မြအေး။ အစကတော့ အေးဇော်၏ မိဘတွေက သင့်တင့်ရုံ စီးပွားရေးကလေးနှင့် အဆင်ပြေပါ၏။ အေးဇော်က မွေးကတည်းက ချူချာသူတစ်ဦး။ သားလေးတစ်ဦးတည်း ဖြစ်၍ မိဘမှာ မညှာမတာ ဆေးကုသပေးခဲ့ပါသည်။ ငယ်စဉ်ကတည်းက ဆေးရုံ ဆေးခန်းမှာချည်း။

အမြဲလိုလို စိုးရိမ်ရသည့် အခြေအနေပဲမို့ အမေဖြစ်သူ ဒေါ်မြအေးက ကုန်စုံဈေးရောင်းအလုပ်ကို ရပ်နားကာ အချိန်ပြည့် သားဖြစ်သူ အေးဇော်၏ အနားမှာ အချိန်ပေးရတော့သည်။

အဖေဖြစ်သူက ကက မောင်းသည်။ အိမ်၏ စီးပွားရေးက တရိပ်ရိပ် ကျဆင်းလာသည်။ ကား၏ နေ့စဉ်ကြေး မအပ်နိုင်အောင် ကားမောင်းရသမျှကို စားစရိတ်နှင့် ဆေးဖိုးက အနိုင်ယူနေသည်။ ထို့နောက် မကြာမီ ကားပိုင်ရှင်က တက္ကစီကို ပြန်သိမ်းသွားချေ၏။

အေးဇော် လူမှန်းသိတတ်သည့် အရွယ်ရောက်တော့ ဖခင် ဦးဇော်လွင်က ကားစပယ်ယာဖြစ်နေပြီ။ မိခင် ဒေါ်မြအေးကတော့ လမ်းဘေးဈေးသည် ဖြစ်နေရှာသည်။

သိတတ်လာတော့ အေးဇော် မိဘတွေကို သနားသည်။ မိမိကြောင့် စီးပွားရေးကျပ်တည်းရတာဟု မိမိဘာသာ ပြစ်တင်၍မဆုံး။

"သားကြီးလာရင် အမေတို့ကို သား လုပ်ကျွေးပါ့မယ်" ဆိုတော့ မေမေက ရယ်သည်။ ကရုဏာသက်သည့် အရယ်အပြုံး။

"အေးပါ ငါ့သားရယ်၊ သား လုပ်မကျွေးနိုင်လည်း နေပါ။ မေမေတို့ မိသားစုထဲမှာ သားလေး ရှိနေရင် ကျေနပ်ပါပြီ"

တဲ့လေ။

တစ်ခါက မေမေနှင့်အတူ ဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းကပ်ရင်း ရောက်ခဲ့ပါသည်။ ရပ်ကွက်ထဲ ဆွမ်းခံကြွနေကျ ဆရာတော်မို့ ဒေါ်မြအေးတို့ဘဝ၊ အေးဇော်ရဲ့ အခြေအနေကို သိထားပြီးပြီ။ ထို့ကြောင့်လည်း ဤသို့ မိန့်ပါချေ၏။

"ဒကာလေး မောင်အေးဇော်၊ ဒကာလေး ဒီဘဝမှာ ခဏခဏဖျားနာ နေမကောင်းဖြစ်နေရတာ၊ ကိုယ်, စိတ် နှစ်ပါး ဆင်းရဲနေရတာ ဘာကြောင့်လဲ"

"မသိပါ ဘုရား"

"အေး၊ အဲဒါ အတိတ်ဘဝက တစ်ပါးသူအပေါ်မှာ သနားငဲ့ညှာမှု မရှိဘဲ ညှဉ်းပန်းနှိပ်စက်ခဲ့မှုတဲ့ မကောင်းကံတွေကြောင့်ပေါ့။ နောင်ဘဝမှာရော ဒီလို ရောဂါတွေ ဖိစီးတဲ့သူ ဖြစ်ချင်သေးလား"

"မဖြစ်ချင်ပါ ဘုရား"

"ဒါဆို သရဏဂုံသုံးပါး အမြဲတည်ပါစေ။ သီလဆောက်တည်၊ တစ်ပါးသူတို့အပေါ် သနားငဲ့ညှာပါ။ ကိုယ်ထိလက်ရောက် ညှဉ်းပန်းနှိပ်စက်မှု ရှောင်ပြီး မေတ္တာပွားပါ"

"တင်ပါ့ဘုရား"

ဆရာတော်၏ အဆုံးအမက အေးဇော် ငါးတန်းနှစ်အရွယ်မှ စတင်ကာ နှလုံးသားထဲ စွဲမြဲသွားခဲ့ပါသည်။ ဒီလိုဘဝမျိုး မဖြစ်လိုတော့ပါ။

www.burmeseclassic.com

အေးဇော်သည် မိမိစိတ်ကို ဖြူစင်သန့်ရှင်းအောင် ထားခဲ့ပါသည်။ မိခင်ဈေးရောင်းရသဖြင့် ဈေးခြင်းတောင်းများ မိုးထဲလေထဲ သယ်မ,ပေးသည့်အခါ ဖျားနာပြန်သည်။ ထို့ကြောင့် မိမိဘ၀ကို မကျေနပ်။

တကယ်တော့ အေးဇော်က ဒေါင်ကျကျ ပြားကျကျ ဘ၀ကို ရန်ကန်ကာ မိဘကို အလုပ်အကျွေးပြုချင်ပါသည်။ သို့သော် ငှက်ဖျား၊ အူရောင်ငန်းဖျား၊ အသည်းရောင် အသားဝါ၊ ကျောက်ကပ်ရောင်၊ အဆုပ်အအေးမိ စသဖြင့် ရောဂါတစ်ခုပျောက် တစ်ခုပေါ်ကာ ရောဂါသည်လေး ဖြစ်နေရပါ၏။

အိမ်တွင်တော့ တတ်စွမ်းသမျှ ထမင်းအိုးတည်၊ ရေခပ်၊ တံမြက်စည်းလှည်း၊ အိပ်ရာခင်းပေး၊ ထမင်းပွဲပြင်ပေးတို့ကို ဆောင်ရွက်ရင်း သားလိမ္မာလေး တစ်ဦးဖြစ်လာခဲ့ပါ၏။

ကျောင်းတွင်လည်း စာကြိုးစားလိုက်၊ စာမေးပွဲရာသီရောက်လျှင် ဖျားလိုက်နှင့် ဖြတ်သန်းလာသည်မှာ တက္ကသိုလ်ရောက်သည်အထိ ဖြစ်ပါသည်။ နေပျော်စရာမကောင်းသည့် ဘ၀ထဲမှာ နေပျော်စရာဖြစ်အောင် ကံကြမ္မာက "ဖြူစင်"ဟူသည့် ကျောင်းသူလေးနှင့် တွေ့ဆုံခွင့်ပေးခဲ့ပါသေးသည်။

◈◈◈

"ဟဲ့…နင့်ကို ခြင်ကိုက်နေတယ်။ မှန်း…ငြိမ်ငြိမ်နေ"

"ဟာ…မလုပ်ပါနဲ့ နေ…နေ မရိုက်နဲ့"

အေးဇော်၏ လက်မောင်းသားမှာ သွေး၀နေပြီဖြစ်သော ခြင်ကို ရိုက်ရန် အားယူချိန်ရွယ်ထားသော နွယ်နီ၏လက် လေတွင် ရပ်သွား၏။

အေးဇော်က ခြင်ကို ခါထုတ်လိုက်သည်။

"သတ္တ၀ါတွေကို သနားပါဟာ။ သူတို့လည်း သူတို့ဘ၀ကို ခံတွယ်မှာပေါ့"

"အမလေး…အေးဇော်၊ ဘုရားဖြစ်မယ့် အတတ်နီခဲ၊ နင်ဟာလေ အဲဒါကြောင့် ရောဂါရတာ"

၀ဝဖိုင့်ဖိုင့် အားကောင်း မောင်းသန် နွယ်နီ၏ ပြောစကားအပြီးမှာ ပြုံးကြည့်နေသူက ဖြူစင်။

"ကိုဇော်က အတော့်ကို စိတ်ကောင်းရှိတာပဲ။ သူငယ်ချင်းတွေအပေါ်ကိုလည်း စိတ်ကောင်းရှိတယ်။ သတိထားမိတာ ကြာပြီ၊ ချီးကျူးပါတယ်"

သူတို့သည် ရန်ကုန် တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေပါ။ မကြာခင်ကမှ သိကျွမ်းခဲ့ပေမယ့် ဖြူစင်နှင့်သူ နွေးထွေးစွာ ရင်းနှီးခဲ့လေသည်။ ဖြူစင်က အသားအရေဖြူဖြူစင်စင်နှင့် အပြုံးချိုချိုကို ပိုင်ဆိုင်ထားသူဖြစ်ကာ ချစ်စရာကောင်းလှပါ၏။

သူကတော့ လက်ရှိ၌ နလုံးရောဂါရှိနေပြန်သည်။ သူ နေ့လယ်စာ မစားဘဲ မိဘတွေ ကုန်ကျစရိတ်သက်သာအောင် ကင်တင်းသို့ မသွားသည်မှာ တစ်ပတ်ခန့်ရှိပြီ။ ယနေ့တော့ သူ ဗိုက်ဆာနေပါ၏။ ရုတ်တရက် သူ့မျက်စိတွေ ပြာ၀ေသလို ဖြစ်လာသည်။ ပြီးနောက် သူ မူးမိုက်လဲကျသွားလေသည်။

"ဟယ်…နွယ်နီ၊ ကိုဇော် ဘာဖြစ်တာလဲ"

"အဲ…ဒုက္ခပဲ၊ အေးဇော်သူငယ်ချင်း ဖြိုးမောင်မောင်တို့၊ ၀ေလင်းတို့က ကင်တင်းမှာ။ ဆေးခန်းပို့ဖို့ ကားဆီတွဲခေါ်မှဖြစ်မယ်။ ငါက ၀သာ ၀တာ အားမရှိဘူး"

အမှန်တော့ အေးဇော်က ဖြူဖြူ ပျော့ပျော့ ပိန်ပိန်လေးပါ။

"ကဲ…ဒါဆို ငါ့ကျောပေါ်သာ တင်ပေး"

"ဟယ်…ဖြစ်ပါ့မလား"

"လုပ်ပါ နွယ်နီရာ"

ဖြူစင်က တကယ်ပဲ အေးဇော်ကို ကျောပိုးကာ ကားလမ်းဆီသို့ မနိုင့်တနိုင်နှင့် ထမ်းပိုးသယ်ခဲ့ပါ၏။ ထို့ တက္ကစီကားထဲ။ ပြီးတော့ ဆေးခန်း

အေးဇော်သည် ချွန်းဖိုးလောက် ငွေကို နမြသည့်အခါ ဆင်ဖိုးလောက် ပိုက်ဆံတွေ ကုန်ပြန်ပါသည်။ အားနည်း၍သာ သည်သို့ဖြစ်ရသည်တဲ့။

အေးဇော်ကို စိုးရိမ်တကြီးဖြင့် ကျောပိုးသယ်ခဲ့သည့် ဖြူစင်သတင်း တော့ တက္ကသိုလ်ထဲမှာ ဟိုးအေး တကျော်ကျော်ဖြစ်သွားခဲ့သည်။ ဤ သည်ကား အမှတ်ရစရာများစွာထဲ တစ်ခုဖြစ်ပါ၏။

◈◈◈

"ဟားဟား…ဟား…ဖြူစင် မင်းဘ၀အတွက် အားကိုးထိုက်တယ် နော် အေးဇော်"

ဖြိုးမောင်မောင်က စ,သည် ၀ေလင်းက…

"အေး၊ ငါ သတိရမိတာ တစ် ရှိတယ်။ တစ်ခါက ရေမပြည်မှာ ပွဲဖြစ်တော့ စစ်ရှုံးတဲ့ တစ်ဖက်ရန် တွေက မိန်းမတွေဖြစ်လို့ မသတ် နန်းတော်ထဲက မင်းတို့တစ်ခ အလိုရှိရာယူပြီး ထွက်သွားကြဆို နန်းတွင်းသူတွေက သူတို့ရဲ့ စစ် ခင်ပွန်း စစ်သည်တွေကို ထမ်း ခေါ်ထုတ်သွားကြသတဲ့။ ဖြူစင် ဘ၀မှာ အရေးအကြီးဆုံးအရာ သယ်မ,ယူတာ အေးဇော်

ဟု ဖြိုးမောင်မောင်က ထပ်



www.burmeseclassic.com

www.burmeseclassic.com

ဖြူစင်ကို သူ မြတ်နိုးစွာ ချစ်ခင်ပါသည်။ သို့သော် သူ့ဘဝက ဆင်းရဲသည့်အပြင် ကျန်းမာကြံ့ခိုင်မှုမရှိသော ကိုယ်ခန္ဓာကြောင့် ချစ်ရန် မသင့်။

ထိုနေ့ တက္ကသိုလ်က အပြန်မှာ ဖြူစင်၏ နောက်သို့ လိုက်လာမိသည်။ ဖြူစင်က သူ့ကို မမြင်ပါ။ တက္ကသိုလ်ပရဝဏ်၏ အပြင်ကို ရောက်တော့ ဖြူစင့်ကို လူရွယ်နှစ်ဦးက လိုက်၍ စကားပြောနေသည်။ ပြီးတော့ ရှေ့မှ လမ်းပိတ်သည်။ လက်ကို ဆွဲသည်။ ထိုအခြေအနေအထိ ဖြစ်လာသော အခါ···

"ဟေ့လူတွေ··· မိန်းကလေး တစ်ဦးကို ကြမ်းကြမ်းပျက်လောက်အောင်တော့ မနှောင့်ယှက်နဲ့လေဗျာ"

ထိုသူတွေက သူ့ကို ရပ်စောင့်သည်။

"မင်းက ဘာကောင်လဲ"

ဟု ဆိုကာ သူ့ကို ဝိုင်းရိုက်ကြပါ၏။ သူက ခံသည်။ ရန်တော့ မပြု။ သူ ပုံပန်းပျက်စွာ လဲအကျမှာ ထိုသူနှစ်ဦးထွက်ပြေးသွားပါသည်။ ထိုအဖြစ်သည်လည်း ဟိုးဟိုးကျော်။

ထိုဖြစ်ရပ်ဖြစ်ပြီးသည့်နောက် ဖြူစင်က သူ့ကို ချစ်သူတစ်ဦးပမာ ဂရုစိုက်လာပါသည်။

"အေးဇော်က နင့်ဘဝမှာ အားကိုးရတဲ့သူ ဖြစ်လာမှာ မဟုတ်ဘူးနော်။ နင်က ရှာကျွေးနေရမှာ"

ဆိုသည့် သောမှ စေတနာစကားများကို မျက်ကွယ်ပြုကာ ဖြူစင်က ချစ်ဆက်တိုးပါသည်။

အေးဇော်က ချစ်သည်ဟု မပြောသေး။ တက္ကသိုလ်ပြီး အလုပ်ရသည့်နေ့မှ ချစ်ကြောင်းပြောမည်ဟု တွေးထားခဲ့ပါသည်။

◈◈◈

ထို့နောက် အချိန်များ ကုန်လွန်ခဲ့ရာ တက္ကသိုလ်ကျောင်းအပြီး အလုပ်လျှောက်တော့ အလုပ်ရပါသည်။ ထိုအချိန်တွင် ဖြူစင်ကို ချစ်ခွင့်ပန်ရာ ဖြူစင်က လက်ခံသည်။ သို့သော် အလုပ်ရပြီး မကြာခင် အေးဇော် ခဏခဏ ဖျားနာကာ အလုပ်ပျက်ကွက်သဖြင့် အလုပ်မှ ထုတ်ပယ်ခြင်းခံရပါ၏။

သူနှင့် ဖြူစင်တို့ ချစ်သူတွေ ဖြစ်နေကြောင်း ဖြူစင့်မိဘတွေ သိသောအခါ အခြေအနေတွေက ဆိုးသွားခဲ့သည်။

"လုံးဝ သဘောမတူဘူး သမီး။ ကိုယ့်ရဲ့ အိမ်ထောင်ဦးစီးဖြစ်မယ့်သူက ကျန်းကျန်းမာမာနဲ့ ရှာကျွေးနိုင်သူဖြစ်နေရမှာ။ အခုတော့ ငါ့သမီးကသာ ရှာဖွေကျွေးမွေး ပြုစုနေရမယ့်အဖြစ်။ အို···ဘယ်နည်းနဲ့မှ မဖြစ်ဘူး။ အမေတစ်ယောက်ရဲ့ ရင်ထဲ ဝင်ကြည့်ပါဦး သမီးရယ်"

ထို့နောက် ဖြူစင့်ကို အင်ဂျင်နီယာတစ်ဦးနှင့် လက်ဆက်ပေးဖို့ ဖြစ်လာခဲ့သည်။ ထိုသူမှာ တစ်ခါက ဖြူစင့်ကို လိုက်၍ စကားပြောဖူးသူ၊ သူနှင့် ပြဿနာဖြစ်ဖူးသူဟု သိရသည်။ အမည်က ကျော်မြင့်။

သည်လိုနှင့် သူနှင့် ဖြူစင် တစ်သက်လုံး ဝေးရပြီဟု ထင်နေချိန်တွင် ချစ်သူ ဖြူစင်ကို မောင်ရိပျိုးစအချိန်တွင် တွေ့လိုက်ရသည်။ ဖြိုးမောင်မောင်က လမ်းပြခေါ်လာသည်။

"ဖြူစင် ကိုဇော့်နောက်ကို နီးရာလိုက်ဖို့ ထွက်လာခဲ့တာပါ"

"ဟင်···ဖြူစင်ရယ်"

သူတစ်ပါး၏ သားသမီးကို မခိုးယူလိုပါ။ မိသားဖသားပီပီ တင်တောင်းလိုသည်။ ဖြူစင့်အိမ်ကို ပြန်လိုက်ပို့မည်ဟု တွေးကာ ဖြူစင်ကို ခေါ်လာခဲ့ပါသည်။

တစ်နေရာအရောက်တွင် ကားတစ်စီးက သူတို့ဆီ လာနေသည်ဟု ယူဆသဖြင့် ဖြိုးမောင်မောင်က လမ်းသွယ်ထဲ ပြေးတိမ်းရှောင်ရင်း ခေါက်လက်စ သုံးထပ်တိုက်ပေါ်သို့ ပုန်းရန် လမ်းညွှန်ကာ ပို့ဆောင်ပေး၏။

"အဲဒါ ကျော်မြင့်တို့ပဲ။ တွေ့ရင်တော့ ဖြူစင်တို့ ဝေးရမှာ။ သူတို့က လူဆန်တာ မဟုတ်ဘူး"

ဟု ဖြူစင်က ပြောသည်။

မကြာပါချေ။ ခြေရာကောက်တော်သော ကျော်မြင့်နှင့် လူတစ်စု ဆိုက်ခ်ဆိုက်မြိုက်မြိုက် သုံးထပ်တိုက်ပေါ်သို့ ရောက်လာလေ၏။

"သူတို့ချစ်သူနှစ်ယောက်ကို မခွဲကြပါနဲ့ဗျာ"

ဟု ဖြိုးမောင်မောင်အပြောမှာ-

"ဘာ မခွဲကြပါနဲ့လဲ။ ငါနဲ့က စေ့စပ်ထားတာကွ။ မနက်ဖြန် သန်ဘက်ခါပဲ မင်္ဂလာဆောင်တော့မှာ။ ဖြူစင် ပြန်လိုက်ခဲ့"

"ဟင့်အင်း၊ မလိုက်ဘူး"

"ကဲ···ဒါဖြင့်လည်း ကဲဟာ"

ဖြူစင်နှင့် အေးဇော်တို့ တွဲထားသည့်လက်ကို ကျော်မြင့်က တုတ်ဖြင့် ရိုက်ချသည်။

အေးဇော်၏ လက်ခုံ ကျိုးကြေကုန်ပြီထင့်။ ဖြူစင်ကို ဆွဲခေါ်သည်။

"အေးဇော်ကို သတ်ကွာ။ ဒါမှ သံယောဇဉ်ပြတ်မှာ။ ဒီကောင့်ကိုလည်း နှုတ်ပိတ်ပစ်"

ကျော်မြင့်၏ အမိန့်ပေးသံအဆုံးမှာ ဖြိုးမောင်မောင်ကို ရိုက်ရန် တုတ်ဖြင့် ချိန်ရွယ်နေကြပါပြီ။

"ဟာ···မလုပ်နဲ့"

မိမိကြောင့် သူတစ်ပါး နှိပ်စက်ခံရမည်မှာ လုံးဝ မဖြစ်သင့်ပါချေ။


www.burmeseclassic.com

www.burmeseclassic.com

အေးဇော်သည် ဖြိုးမောင်မောင်ကို ကာကွယ်ရန် ပြေးလာရာ ဘီလပ်ခေါင်းခါစ ကြမ်းပြင်စွန်းသို့ နင်းမိရာမှ ကြမ်းပြင်စွန်း ပဲ့ကျမှုနှင့်အတူ သူ့ရတ်တရက် လေထဲတွင် နိမ့်ကျလျက် "ငါသေတော့မှာ" ဟု သိလိုက်ချိန်တွင် ဖြူစင်၊ ဖေဖေ၊ မေမေ၊ ဆရာတော်ဘုရားတို့ကို ဖျတ်ခနဲ ဖျတ်ခနဲ မြင်ယောင်လိုက်ရင်း ရွတ်ဆိုမိသည်က -

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ"

ဖြူစင်၏ အော်သံ အကျယ်ဆုံးအချိန်၊ မိမိ၏ နာကျင်မှုသည်လည်း အပြင်းထန်ဆုံးအချိန်၏ အဆုံး၌ . . .။

◈◈◈

မြင်ကွင်းပုံရိပ်တို့ ရပ်တန့်သွားသည်နှင့် သူ့ စိတ်ထိခိုက်စွာ မတ်တတ်ရပ်လိုက်မိသည်။ သူ့ ဒီအတိုင်း ကြာကြာနေ၍ မဖြစ်ပါချေ။

"နတ်သမီးတို့ . . ငါ့အား ဤနတ်ဘုံကို အစိုးရတဲ့ နတ်မင်းကြီးထံ လမ်းပြပေးပါ"

"ကောင်းပါပြီ နတ်သား"

နတ်သမီးနှစ်ပါးက ရှေ့မှ ရွေ့လျား ပျံသန်းနေသည်။

မိမိသည်လည်း စိတ်ညွတ်ရုံဖြင့် ကောင်းကင်ပတ်လမ်း နတ်ဘုံနန်းမှာ ပျံ့ဝဲ ရွေ့လျားနေတော့သည်။ မကြာခင်ခဏ္ဍာသည့် အဆွင်ဆောင်သော နတ်မင်းကြီး၏ ရှေ့တော်မှောက်သို့ ရောက်ရှိလာသည်။

"အရှင်နတ်မင်းကြီး . . ကျွန်ုပ်တို့ကို လူ့ပြည်အား ခေတ္တခဏသွားခွင့်ပြုပါ"

"ဘာကြောင့်များလဲ နတ်သား"

"ကျွန်ုပ်၏ မိဘ၊ ချစ်သူနဲ့ မိတ်ဆွေတို့ရဲ့ သောကအပူကို ပြေပျောက်ချင်တဲ့ စေတနာကြောင့်ပါ"

"အင်း . . . သံယောဇဉ်မှ မကုန်သေးဘဲကိုး။ ကောင်းပြီလေ၊ နေ့တစ်ဝက် ခွင့်ပြုမယ်။ နတ်ပြည် နေ့တစ်ဝက်ဟာ လူ့ပြည်မှာ လူ့အသက် နှစ် ၅၀ ခန့် ရှိပါတယ်"

"ကျေးဇူးတင်ပါတယ် နတ်မင်းကြီး"

ထို့နောက် သူသည် နတ်မင်းကြီးအား ရှိခိုးဦးခိုက်၍ စိတ်ညွတ်လိုက်သည့်အခါ ထိုနေရာတွင်ပင် နတ်သားအသွင် ပျောက်ကွယ်သွားပါ၏။

◈◈◈

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ လူသားအသွင်နှင့် ရောက်ချိန်သည် လေယာဉ်ဆိုက်ကပ်ချိန်နှင့် အချိန်ကိုက်ပင်။ သူသည် သပ်ရပ်ခန့်ညားသော နိုင်ငံခြားပြန်တစ်ဦးပမာ လေဆိပ်ထဲသို့ လှမ်းလျှောက်ဝင်လာချိန်တွင် ဧည့်သည်ကြိုရန် စောင့်နေသော ဝေလင်း၊ နွယ်နီတို့နှင့် ပက်ပင်းတိုးသည်။

"ဟင် . . . အေးဇော်၊ အေးဇော် ဟုတ်ပါတယ်နော်"

"ဟဲ့ . . မဖြစ်နိုင်တာပါယ်။ အေးဇော်ကို တို့ရှေ့မှာတင် သင်္ဂြိုဟ်ခဲ့တာ။ ဒါပေမယ့် ရုပ်ချင်းတူတယ်နော်"

"ကျွန်တော်က မင်းဇော်ပါ။ နိုင်ငံခြားမှာပဲ ငယ်ငယ်ကတည်းက နေခဲ့တာပါ။ အခု မိဘတွေလည်း မရှိတော့တာမို့ ရန်ကုန်မှာပဲ အိမ်လေးတစ်လုံးဝယ်ပြီး စီးပွားရေးလုပ်၊ ပရဟိတလုပ်ငန်းတွေ လုပ်ဖို့ ပြန်လာတာပါ"

"အေးဇော် . . . အဲလေ ကိုမင်းဇော်၊ ခင်ဗျားက အေးဇော်နဲ့ တစ်ထေရာတည်းပဲ။ ကျွန်တော်တော့ မယုံနိုင်အောင်ပဲ။ တစ်ခု ကူညီဗျာ။ ကျွန်တော့်သူငယ်ချင်း အေးဇော်က လွန်ခဲ့တဲ့ ၁၅ ရက်ခန့်က ဆုံးပါးသွားခဲ့တယ်။ သားလေးတစ်ယောက်တည်းမို့ အေးဇော်ရဲ့ မိဘတွေမှာ အရူးတစ်ပိုင်းပဲ။ ဖြစ်နိုင်ရင် ခင်ဗျား သူတို့နဲ့ လိုက်နေပေးပါလားဗျာ။ ခင်ဗျား နေနိုင်သလောက်ပေါ့"

"ကျွန်တော်ကလည်း မိဘမဲ့နေတာပါ။ ကောင်းပြီလေ၊ လိုက်ခဲ့ပါ့မယ်"

◈◈◈

သို့နှင့် အိမ်ရောက်တော့ အမေက အံ့အားသင့်စွာ ကြည့်သည်။ ပြီးတော့ ပြေးဖက်သည်။ ထို့နောက် ရှိုက်ကြီးတငင် ငိုချသည်။ ဝေလင်းက အကြောင်းစုံပြောပြတော့မှ "ဆုံးသွားတဲ့ ငါ့သားလေးနဲ့ တူလိုက်တာ" ဟု ဆိုကာ အငိုတိတ်သည်။

"ကျွန်တော့်ကို သားအဖြစ် မွေးစားနိုင်မလားခင်ဗျာ"

ဟု ပြောလိုက်ရာ မိဘနှစ်ဦးလုံးက ဝမ်းသာစွာ လက်ခံသဖြင့် အဆင်ပြေသွားတော့သည်။ မကြာခင် ဖြိုးမောင်မောင်လည်း ရောက်လာသည်။

သူက အေးဇော်သေဆုံးပုံကို မေးကြည့်တော့ ဖြိုးမောင်မောင်က ရှင်းပြသည်။

"နောက်ဆုံးတော့ သေမှုသေခင်းနဲ့ တရားစွဲခံရလို့ ကျော်မြင့်က အချုပ်ထဲမှာ။ မင်္ဂလာပွဲလည်း မဖြစ်လိုက်ဘူး"

"ကိုအေးဇော်ရဲ့ ချစ်သူ ဖြူစင်ကို လည်း ကျွန်တော်တွေ့ချင်တယ်"

"ကောင်းတာပေါ့။ ဖြူစင် အခုဒီမှာ"

ထို့နောက် ဖြူစင်၏ အိမ်သို့ ရောက်သွားသည်။

ရုတ်တရက် ဖြူစင်က မြင်ချင်း ထိတ်လန့်ကာ မေ့မြောသွား



www.burmeseclassic.com

www.burmeseclassic.com

သည်။ ထိုအခါ မင်းဇော်က ဖြူစင်ကို နှိမ့်သယ်ကာ ကားပေါ် ထိုမှ ဆေးခန်းသို့ ပို့ပေးလိုက်သည်။

ဖြူစင်၏ အမေကမူ သူ့ကို ကျန်းကျန်းမာမာ ချမ်းချမ်းသာသာဖြင့် မြင်တွေ့ရသောအခါ ပါးစပ်ပိတ်နေတော့သည်။ ဖြူစင် သတိရလာတော့ ဝေလင်းက ဖြူစင်ကို ရှင်းပြသည်။

အိမ်ပြန်အပို့တွင်...

"ကိုအေးဇော်လိုပဲ ကျွန်တော် မဖြူစင်ကို မေတ္တာရှိပါတယ်"

ဟု ပြောလိုက်သည်။

သူက မိဘတွေအတွက် မြို့ကျယ်ကျယ်မှာ အိမ်ကြီးတစ်အိမ် ဆောက်လုပ်ကာ မိဘတို့နှင့် နေထိုင်သည်။ သူ ကျေးဇူးဆပ်ခွင့်ရပါပြီ။

နောက်တစ်ကြိမ် ဖြူစင်နှင့် အတွေ့တွင် ဖြူစင်က သူ့အား ချစ်သူအဖြစ် လက်ခံပါသည်။ ပြီးနောက် ဖြူစင်နှင့် သူ လက်ထပ်ဖြစ်ခဲ့ပါသည်။

လက်မထပ်ခင် အချုပ်ခန်းက ထွက်လာသော ကျော်မြင့်၏ ယုတ်မာမှုကြောင့် သူသာ သာမန်လူဆိုလျှင် သုံးလေးကြိမ်မက ထပ်မံ သေဆုံးနေလောက်ပြီ။

"စကားပြောရအောင်"ဟု ခေါ်၍ တိုက်ပေါ်မှ တွန်းချတာ၊ ကားနှင့် တိုက်တာ၊ ဓိုင်းရိုက်တာတွေ။ သို့သော် သူ သာမှမဖြစ်ပါချေ။ သူ့ကို ရန်စ၍ ဓိုင်းဝန်းထိုးကြိတ်စဉ်က ထိုသူများ လွင့်စဉ်သွားသည်အထိ ခုခံလိုက်သည့်အခါ သူတို့ ထွက်ပြေးရသည်အထိ။ နောက်တော့ မင်းဇော်၏အနား မကပ်ကြတော့။ ရန်မပြုဝံ့တော့။

"မင်းဇော်က နင် အားကိုးရတဲ့ သူဖြစ်သွားပြီ"

ဟု နွယ်နီက ဖြူစင်ကို ပြောသောအခါ ဖြူစင်က ပြုံးပျော်နေပါ၏။

ယခုအချိန်တွင်တော့ မိဘတို့အား ချမ်းသာကြွယ်ဝစွာ နေထိုင်စေပြီး ကျေးဇူးဆပ်နိုင်ခဲ့ပါသည်။

ချစ်သူ ဖြူစင်၏ လူတစ်သက် သက်ဆုံးတိုင် ပေါင်းသင်းသည်။ ကျန်းမာရေးဝန်ဆောင်မှု ပရဟိတလုပ်ငန်းများ လုပ်ကိုင်သည်။

ထိုသို့ဖြင့် မိဘတို့သည်လည်း စိတ်ချမ်းသာစွာဖြင့် ကုသိုလ်ကောင်းမှု ပြုနိုင်ကာ သက်တမ်းစေ့ နေထိုင်ပြီး ကွယ်လွန်သွားကြပါ၏။

ဖြူစင်ကလည်း တဖြည်းဖြည်းနှင့် အိုမင်းရင့်ရော်သွားသည့်တိုင်၊ သူကတော့ နုနယ်ဆဲ။

ဤအချိန်တွင်တော့ သူသည် အေးဇော်ဖြစ်ကြောင်း၊ နတ်သားတစ်ပါးဖြစ်ကြောင်း ဖွင့်ဟလိုက်သည်။ ထိုအခါ ဖြူစင်က အံ့ဩတုန်လှုပ်စွာ၊ ဝမ်းသာကြည်နူးစွာ။

ဖြူစင်ကို သရဏဂုံတည်စေ၊ သီလမြဲစေ၊ တရားအားထုတ်စေလိုက်သည်။ ဖြူစင်က ငယ်ငယ်ကပင် စိတ်ကောင်းရှိ သီလမြဲသူတစ်ဦး။ ကုသိုလ်တရားကို သက်ဆုံးတိုင် ပြုစေသည်။

အချိန်တို့ တရွေ့ရွေ့ကုန်လွန်ပြီးနောက် ဖြူစင်သေဆုံးသွားသည်။ ထိုအခါ တောင့်တ၍ ဆုပန်ထားသော ဘုံဘဝသို့ ရောက်ရှိပါတော့သည်၊ ယင်းမှာ သူ၏ နတ်ပြည်တွင် နတ်သမီးလေးတစ်ပါးအဖြစ်။

◈◈◈

"မောင်တော် နတ်သား...တခြား နတ်သမီးတွေနဲ့ သွားပြီး မပျော်ပါးရဘူး နော်၊ ဒါပဲ"

"အိုကွာ...သူတို့ခမျာ ပျင်းနေရှာမှာပေါ့။ ကိုယ်က မေတ္တာတရားကြီးမားတယ်ဆိုတာ မင်းသိသားပဲ"

ချစ်သူ နတ်သမီးလေးက ဗိုက်ကို ဆွဲလိမ်သည်။ မနာပါ။ သူက နတ်ကိုး။

◈◈◈

သည်သို့ အချိန်အလွန်ရှည်ကြာမြင့်စွာ နတ်စည်းစိမ်ခံစားပျော်ပါးရင်း ကာလတစ်ခုအရောက်မှာ နတ်သားလေး အေးဇော် နတ်စုတေသည်။ သူ နတ်သက်ကြွေသည်နှင့် နတ်သမီးလေး ဖြူစင်သည် နတ်မင်းကြီး၏ ရှေ့တော်မှောက်သို့ ရောက်သွားပါသည်။

"တပည့်တော်မအား လူ့ပြည်ကို တစ်ရက်ခန့် ဆင်းခွင့်ပေးပါ"

"စုတေသွားတဲ့ နတ်သားလေးနောက် လိုက်ဦးမပေါ့"

"မှန်လှပါ"

"မင်းတို့ ဇနီးမောင်နှံဟာ အတော့်ကို မေတ္တာ သစ္စာမြဲသူတွေပဲ။ ချစ်ခြင်းကို မခွဲပါဘူးလေ။ ဒါပေမယ့် တစ်ကြိမ်ပဲ ခွင့်ပြုမယ်"

ကျေးဇူးတင်စွာ နတ်မင်းကြီးကို အရိုအသေပြုလိုက်သည်။

ထိုအခိုက် နတ်သမီးလေးသည် လူ့ပြည်သို့ စိတ်ညွှတ်လိုက်သည့်အခါ ရုတ်ခြည်းဆိုသလို နတ်သမီးအသွင် ကွယ်ပျောက်သွားလေတော့သတည်း။■

ဆန်းငယ်သွေး (မုတ္တီးကုန်း)

❋❋❋



www.burmeseclassic.com

www.burmeseclassic.com

/တက္ကသိုလ် အပန်ငယ်/

# အတိုက်အခိုက်ကို ရင်ဆိုင်နည်း

တစ်နေ့တွင် ငယ်သူငယ်ချင်း သုံးယောက် ရွှေတိဂုံစေတီပေါ်တွင် ဆုံမိကြသည်။ ကျောင်းနေဖက် သူငယ်ချင်းများဖြစ်သည့်အပြင် ပုတီးစိပ်ဖော် စိပ်ဖက်များဖြစ်သဖြင့် လွန်စွာခင်မင်ကြသည်။ သုံးယောက်စလုံးသည် ဝန်ထမ်းများဖြစ်ကြ၏။ သုံးယောက်ဆုံပြီး မမှုစေတီတွင် ပုတီးစိပ်ကြသည်။

ပုတီးစိပ်ပြီးကြသောအခါ ခေတ္တနားကြ၏။ သမထကျင့်စဉ်များနှင့်ပတ်သက်၍ အတွေ့အကြုံများ ဖလှယ်နေကြစဉ် အသက် ၃၀ ကျော်အရွယ်ရှိ လူငယ်တစ်ယောက် အနားကို ရောက်လာသည်။ ပုတီးတစ်ကုံးကို လည်ပင်းတွင်ဆွဲထားပြီး လက်ထဲတွင် ရွှေတိဂုံစေတီ မဟာပဋ္ဌာန်းစာအုပ်ကို ကိုင်ထားသည်။

"ဆရာတို့က သမထကျင့်စဉ်ကို ကျင့်ကြံအားထုတ်နေကြတာလား"

သမထအကြောင်း ဆွေးနွေးနေကြသဖြင့် ထိုသို့မေးလာခြင်းဖြစ်၏။ သူငယ်ချင်း သုံးယောက် အံ့အားသင့်သွားသည်။ ရုတ်တရက် မေးလာသဖြင့် ဘယ်လိုပြန်ဖြေရမှန်းမသိဖြစ်သွား၏။ ခဏအကြာတွင် ကျွန်တော်က…

"တို့က ဝန်ထမ်းတွေပါ။ ရုံးပိတ်ရက်တိုင်း ဘုရားမှာအမြဲ ပုတီးလာစိပ်ကြတာ။ ဘာလို့ မေးရတာလဲ"

"ကျွန်တော့်မှာ အခက်အခဲလေးရှိလို့ ကူညီပေးနိုင်မလားလို့ မေးကြည့်တာပါ"

"ဘာအခက်အခဲများ ရှိနေလို့လဲ။ ဒီဆရာက ဗေဒင်တတ်တယ်။ သူ့ဆီ အကူအညီတောင်းလိုက်ပါ"

သူငယ်ချင်းတစ်ဦးက ကျွန်တော့်ကို လက်ညှိုးထိုးပြပြီး ချွန်လိုက်သည်။

"ဟုတ်လား၊ အဆင်သင့်လိုက်တာ ဆရာရယ်။ ကျွန်တော့်ရဲ့ ဒုက္ခကို အကူအညီပေးပါလားခင်ဗျာ"

လူငယ်က လက်အုပ်ချီပြီး ရိုသေစွာ အကူအညီတောင်းလာသဖြင့်…

"ကျွန်တော် ဘယ်လိုအကူအညီပေးရမှာလဲ။ မင်းရဲ့ဒုက္ခကိုလည်း ပြောပြဦးမှပေါ့"

"ပြောပါ့မယ် ဆရာ။ အမွေကိစ္စပါ။ အခု တရားရုံးမှာ ရင်ဆိုင်နေရပါတယ်။ ကျွန်တော့်ကို မွေးစားသားဆိုပြီး ပိုင်းပယ်ထားကြတယ်လေ။ တကယ်တော့ မိဘတွေကို ကျွေးမွေးပြုစုခဲ့တာ ကျွန်တော်ပါ"

တန်ခူးလ၏ နွေဥတုမှာ ပူပြင်းလှသဖြင့် စိတ်ထဲမှာ မကြည်မလင်ဖြစ်နေ၍ ဗေဒင်တွက်ချက်မနေတော့ဘဲ…

"မင်းက ရွှေတိဂုံစေတီ မဟာပဋ္ဌာန်းစာအုပ်ကို ကိုင်ထားတယ်ဆိုတော့ ပဋ္ဌာန်း ပစ္စယနိဒ္ဒေသ ပါဠိကို ရတယ်မဟုတ်လား"

"ရပါတယ် ဆရာ"

"အေး၊ တစ်နေ့ ငါးကြိမ် ဘုရားရှိခိုးပြီး ငါးခေါက်ရွတ်ဖတ် ပူဇော်လိုက်ရင် အမွေရမှာ အသေအချာပဲ"

"ဟာ…ဟုတ်လား။ ပဋ္ဌာန်း ပစ္စယနိဒ္ဒေသ ပါဠိကို အလွတ်နီးပါးရနေပါပြီ။ ဘယ်နရက် ရွတ်ဖတ်ပူဇော်ရမှာလဲ ဆရာ"

"အမှုမပြီးမချင်းပေါ့ကွာ"

လူငယ်က ဝမ်းသာအားရဖြစ်နေ၏။ ထိုစဉ် သူငယ်ချင်းတစ်ဦးက စိတ်ကူးရသည်နှင့် ဝင်ရောက် အကြံပေးပြန်သည်။

"တို့လည်း တစ်ချိန်က အိမ်ကိစ္စ စကားများဖူးတယ်။ မင်းလိုပဲ ရုံးရောက်ကြတာပေါ့။ အဲဒီတုန်းက လိုတရ ဘုန်းသယ(တန်ပြန်), ဂါထာတော်ကို နေ့စဉ် အကြိမ်များများ ရွတ်ဖတ်ပွားများလို့ တရားရုံးမှာ အနိုင်ရခဲ့တယ်လေ။ အဲဒီဂါထာကို ရွတ်ချင်ရင်တော့ တို့ရေးပေးမယ်"

ဟု ပြောပြီး ဂါထာရေး၍ လူငယ်အား ပေးလိုက်သည်။ ထိုဂါထာမှာ -

ပထမံ သကလဏ္ဍ မေက ပဓံ၊
ဒုတိယာဒိ၊ ပဒဿ၊ နိဒဿ နတော၊
သ-မ-နိ၊ ဒု-နိ-မာ၊ သ-မ-ဒူ။
သ-နိ-ဒူ၊ ကမတော-ဝိဘဇေ၊
ပထမေန-ဝိနာ။

လူငယ်က ဂါထာကို ဖတ်ကြည့်ပြီး တွေဝေနေ၏။ ထိုဂါထာဖြင့် စမ်းသပ်ရန် သင့်မသင့် စဉ်းစားနေပုံရသည်။ ထိုအချိန်တွင် ကျန် သူငယ်ချင်းက အစီအမံတစ်ခုကို သင်လာသည်နှင့်…

"တို့ မဂ္ဂဇင်းတစ်ခုမှာ ဖတ်လိုက်ရတယ်။ အိမ်…



www.burmeseclassic.com

www.burmeseclassic.com

တော့ မိတ္တူကူးထားတယ်။ အဲဒါကတော့ ဂမ္ဘီရအစီအမံကလေးတစ်ခုပဲ။ အဲဒီအစီအမံက အကြံအစည်အောင်မြင်ချင်ရင် ဖြစ်စေ၊ ယှဉ်ပြိုင်စရာဖြစ်လာရင် ဖြစ်စေ၊ အချေအတင်ပြောပြီး အတိုက်အခံနဲ့ ရင်ဆိုင်တဲ့အခါ ဖြစ်စေ၊ သစ်ရွက်နင်းပြီး ဖြေရှင်းတဲ့နည်းပဲ"

လှူငယ်က စိတ်ဝင်စားလာပြီး . . .

"ဘယ်လို . . သစ်ရွက်နင်းရမယ်၊ ဟုတ်လား။ လွယ်လှချည့်လား ဆရာရယ်"

"ဟုတ်တယ်။ လုပ်စရာ ကိုင်စရာ သွားစရာ လာစရာရှိရင်နဲ့ စီးပွားရေးကိစ္စ၊ တရားရုံးကိစ္စတွေ ဆောင်ရွက်စရာရှိရင် ဂမ္ဘီရအစီအမံဖြစ်တဲ့ သစ်ရွက်ကို နင်းပြီးမှ သွားရမယ်။ ဒါဆို အလုပ်ကိစ္စမှန်သမျှ အဆင်ပြေ အောင်မြင်သွားမယ်လို့ ညွှန်းထားတယ်လေ။ လုပ်ရမှာတော့ လွယ်လွယ်လေးပဲ"

လှူငယ်က ဝမ်းသာအားရဖြင့် . . .

"ကျွန်တော်တော့ စိတ်ဝင်စားသွားပြီ၊ ဘယ်လိုနင်းရမလဲဆိုတာ ပြောပြပါဦး"

ထိုအစီအမံကို ကျွန်တော်လည်း ဖတ်ဖူးပါသည်။ မေ့သွားပြီဖြစ်သဖြင့် . . .

"ဂမ္ဘီရအစီအမံဆိုတော့ ပိုကောင်းမှာပေါ့။ တို့ကတော့ ဂါထာသမားဆိုတော့ ဂါထာတို့၊ ပရိတ်တို့ကိုပဲ ပေးရမှာပဲ။ ကဲပါ . . . တို့လည်း ဗဟုသုတလေး ရအောင် သူငယ်ချင်း ပြောတဲ့ ဂမ္ဘီရအစီအမံလေးကို ရှင်းပြပါဦး"

သူငယ်ချင်းဖြစ်သူက ဂုဏ်ယူစွာဖြင့် မှတ်သားထားသော ဂမ္ဘီရ သစ်ရွက်နင်းအစီအမံကို ရှင်းပြပါတော့သည်။

◈◈◈

ပထမဦးစွာ ခုနစ်နေ့သားသမီးများအတွက် ဘြိုရန်နှင့် စတုရန်းအရွက်ကို ရှာရမည်။ သစ်ရွက်အမည် နမူနာကို အောက်တွင် ဖော်ပြလိုက်ပါသည်။

| နေ့သား | ဘြိုရန်း | စတုရန်း | နံ့သင့်သစ်ရွက် |
|---|---|---|---|
| တနင်္ဂနွေ | အင်္ဂါ | ဗုဒ္ဓဟူး | ဇလပ် |
| တနင်္လာ | ဗုဒ္ဓဟူး | ကြာသပတေး | လက်ပံ |
| အင်္ဂါ | ကြာသပတေး | သောကြာ | မရသိမ် |
| ဗုဒ္ဓဟူး | သောကြာ | စနေ | သနပ် |
| ကြာသပတေး | စနေ | တနင်္ဂနွေ | အုန်းနဲ့ |
| သောကြာ | တနင်္ဂနွေ | တနင်္လာ | အင်ကြင်း |
| စနေ | တနင်္လာ | အင်္ဂါ | ကန်စွန်း |

နံ့သင့် သစ်ရွက်များ ရရှိပြီးပါက အောက်ဖော်ပြပါ ဘြိုရန်းနှင့် စတုရန်းအခါတွေတွင် နံ့သချာအရေအတွက်အတိုင်း ခြေထောက်အောက်၌ ထားပြီး နင်း၍သွားရမည်။

| နေ့သား | နံ့သင့်အရွက် | နံ့သချာအရ နင်းရမည့်အကြိမ် | နင်းရမည့်အချိန် (နာရီ) | |
|---|---|---|---|---|
| | | | ဘြိုရန်းအခါ | စတုရန်းအခါ |
| တနင်္ဂနွေ | ဇလပ် | ၃+၄ = ၇ | ၉:၀၀-၁၀:၃၀ | ၃:၀၀-၄:၃၀ |
| တနင်္လာ | လက်ပံ | ၄+၅ = ၉ | ၉:၀၀-၁၀:၃၀ | ၃:၀၀-၄:၃၀ |
| အင်္ဂါ | မရသိမ် | ၅+၆ = ၁၁ | ၉:၀၀-၁၀:၃၀ | ၃:၀၀-၄:၃၀ |
| ဗုဒ္ဓဟူး | သနပ် | ၆+၇ = ၁၃ | ၉:၀၀-၁၀:၃၀ | ၃:၀၀-၄:၃၀ |
| ကြာသပတေး | အုန်းနဲ့ | ၁+၇ = ၈ | ၉:၀၀-၁၀:၃၀ | ၃:၀၀-၄:၃၀ |
| သောကြာ | အင်ကြင်း | ၁+၂ = ၃ | ၉:၀၀-၁၀:၃၀ | ၃:၀၀-၄:၃၀ |
| စနေ | ကန်စွန်း | ၂+၃ = ၅ | ၉:၀၀-၁၀:၃၀ | ၃:၀၀-၄:၃၀ |

ဥပမာ - တနင်္ဂနွေသားဖြစ်ပါက ဇလပ်ရွက်ကို နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း (သို့မဟုတ်) ညနေ ၃နာရီမှ ၄နာရီခွဲအတွင်း ခုနစ်ချက်နင်းပြီး ဆောင်ရွက်ရန်။

တနင်္လာသားဖြစ်ပါက လက်ပံရွက်ကို နံနက် ၉နာရီမှ ၁၀နာရီအတွင်း (သို့မဟုတ်) ညနေ ၃နာရီမှ ၄နာရီခွဲအတွင်း ကိုးချက်နင်းပြီး ဆောင်ရွက်ရန်။

အင်္ဂါသားဖြစ်ပါက မရသိမ်ရွက်ကို နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း (သို့မဟုတ်) ညနေ ၃နာရီမှ ၄နာရီခွဲအတွင်း တစ်ဆယ့်တစ်ချက်နင်းပြီး ဆောင်ရွက်ရန်။

ဗုဒ္ဓဟူးသားဖြစ်ပါက သနပ်ရွက်ကို နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း (သို့မဟုတ်) ညနေ ၃နာရီမှ ၄နာရီခွဲအတွင်း တစ်ဆယ့်သုံးချက်နင်းပြီး ဆောင်ရွက်ရန်။

ကြာသပတေးသားဖြစ်ပါက အုန်းနဲ့ရွက်ကို နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း (သို့မဟုတ်) ညနေ ၃နာရီမှ ၄နာရီခွဲအတွင်း ရှစ်ချက်နင်းပြီး ဆောင်ရွက်ရန်။

သောကြာသားဖြစ်ပါက အင်ကြင်းရွက်ကို နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း (သို့မဟုတ်) ညနေ ၃နာရီမှ ၄နာရီခွဲအတွင်း သုံးချက်နင်းပြီး ဆောင်ရွက်ရန်။

စနေသားဖြစ်ပါက ကန်စွန်းရွက်ကို နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း (သို့မဟုတ်) ညနေ ၃နာရီမှ ၄နာရီခွဲအတွင်း ငါးချက်နင်းပြီးမှ ဆောင်ရွက်ရန် ■

တက္ကသိုလ် အေးငယ်



www.burmeseclassic.com

www.burmeseclassic.com

# မန်ကျည်းတစ်ပင်လုံး ဆေးစွမ်းသုံး

တင့်ထူး (ဇေယျာဝတီ)

နွေပေါက်လာလျှင် မန်ကျည်းပင်မှ ရွက်ဟောင်းများ ကြွေကာ၊ ရွက်နုများ ထွက်လာကြ၏။ မန်ကျည်းရွက်သည် အလယ်ရိုးတံ၏ တစ်ဖက်တစ်ချက်မှ ဆိုင်၍ ထွက်လာခြင်းဖြစ်ပြီး လက်နှင့် သပ်ယူလျှင် ရွက်နုများ ရလာ၏။ ရှေးပညာရှိများက လေးချိုးစပ်ရာတွင် မန်ကျည်းရွက်နုသပ်သလိုဟူ၍ တင်စားကာ ခိုင်းနှိုင်းကြ၏။ မန်ကျည်းသားက ပြင်းတွဲသည်။ တော်ရုံ ကိုင်းသေးပင်ဖြစ်သော်လည်း ကျိုးမကျချေ။ ထို့ကြောင့် မန်ကျည်းတစ်ခို လူတစ်ခိုဟူ၍လည်း ခိုင်ခံ့ပုံကို တင်စားကြ၏။ မန်ကျည်းပင်က နေရာဒေသတိုင်း၌ ဖြစ်ထွန်းသည်။ အထူးသဖြင့် အထက်အညာ ပူအိုက်ခြောက်သွေ့သော ဒေသများ၌ ပို၍ဖြစ်ထွန်းသည်။

မန်ကျည်းပင်၊ မန်ကျည်းခေါက်၊ မန်ကျည်းပွေး၊ မန်ကျည်းရွက်၊ မန်ကျည်းသီး၊ မန်ကျည်းမှည့်များကို ကလေးလူကြီးမကျန် လူတိုင်းတွေ့မြင်သိရှိကြသည်။ လူသုံးများပြီး တောရော မြို့ပါ တွေ့မြင်နေကျဖြစ်သောကြောင့်ဖြစ်၏။

မန်ကျည်းသည် ပဉ္စငါးပါးစလုံး သုံးရ၏။ အသီးစိမ်းသည် ချဉ်၏။ ချိ၏။ ပူ၏။ သည်းခြေနှင့် သလိပ်ကို ဖြစ်စေ၏။ လေနှင့် သွေးကို ဖျက်ဆီးတတ်၏။ အသီးမှည့်က ဝမ်းမီးကို တောက်စေ၏။ အနည်းငယ် ဝမ်းသက်၏။ သလိပ်နှင့် လေကို နိုင်၏။ တချို့က မန်ကျည်းရွက်နု မရနိုင်သည့်အချိန်တွင် ကန်စွန်းရွက်ကို မန်ကျည်းသီးမှည့်အရည်ထည့်ကာ ကန်စွန်းရွက်ချဉ်ရေဟင်းများ ချက်စားကြ၏။ တချို့က မန်ကျည်းမှည့်ကို ထန်းလျက်၊ ဆားအနည်းငယ်ထည့်၍ စိမ်ထားပြီး မန်ကျည်းဖျော်ရည်သောက်ကြ၏။ များများသောက်လျှင် ဝမ်းသက်သောကြောင့် တပေါင်း၊ တန်ခူး ဝမ်းမနှုန်း ဟု ဆိုထားကြသည်။

မန်ကျည်းသီးများ စတင်၍ ကင်းလာပြီဆိုကတည်းက မန်ကျည်းသီးအတောင့်အကင်းများ၊ မန်ကျည်းသီးအစိမ်းများကို ခူးယူကာ ငရုတ်သီး၊ စိမ်းစားငါးပိတို့နှင့်ရော၍ မန်ကျည်းသီးထောင်းစားကြသည်။ မှည့်လာသောအခါ အခွံများခွာကာ မန်ကျည်းမှည့်အသားများ ထုတ်ယူ၍ မန်ကျည်းမှည့်အဖြစ် အသုံးပြုခဲ့ကြသည်။

လူတို့၏ ဟင်းချက်စရာ၊ ဖျော်ရည်၊ သွားရည်စာများ အမျိုးမျိုးအသုံးဝင်သည့်အပြင် မန်ကျည်း၏ ပဉ္စငါးပါးလုံးသည် လူတို့အတွက် အသုံးဝင်လှသောကြောင့် လည်းကောင်း ဆေးဖက်ဝင် အသုံးပြုနိုင်ခြင်းကြောင့် လည်းကောင်း အစိုး



www.burmeseclassic.com

www.burmeseclassic.com

အပိုင်းအလိုက် အသုံးပြုကြပုံနှင့် ထိုအစိတ်အပိုင်းတို့၏ ရောဂါများအတွက် အသုံးကျပုံကို ဆက်လက်ဖော်ပြသွားပါမည်။

◈◈◈

မန်ကျည်းပင်။ မန်ကျည်းပင်သည် ပူ၏။ ကြေကျက်ခဲ၏။ ချဉ်၏။ သည်းခြေကို ဖြစ်စေတတ်၏။ သလိပ်ကို ပွားစေ၏။ သွေးကို ဖျက်ဆီးတတ်၏။ လေကို နိုင်၏။

မန်ကျည်းခေါက်။ မန်ကျည်းခေါက်၏ ပြာသည် ညောင်းကျရောဂါ၊ ဆီးနှင့်စပ်သော ရောဂါများတွင် အသုံးပြုရသည်။

အပွင့်။ အပွင့်သည် အနည်းငယ်ချဉ်၏။ နှုတ်ကို မြိန်စေ၏။ ဝမ်းမီးတောက်၏။ ကြေညက်လွယ်သည်။ လေနာ၊ သလိပ်နာ၊ ဆီးလွန်နာတို့ကို နိုင်သည်။

အသီးစိမ်း။ အသီးစိမ်းသည် အလွန်ချဉ်၏။ ချပ်၏။ ပူ၏။ ဝမ်းမီးတောက်၏။ နှုတ်ကို မြိန်စေ၏။ [illegible] ခြေနှင့် လေသလိပ်ရောဂါတို့ကို နိုင်သည်။

အစေ့ခွံ။ အစေ့ခွံသည် သွေးဝမ်း၊ ဝိတ်ဝမ်းသွားခြင်းကို ပယ်၏။

မန်ကျည်းသီးမှည့်။ အမှည့်သည် ချို၏။ ဆီးဝမ်းကို ရှင်စေ၏။ နှလုံးရောဂါကို သုတ်သင်တတ်၏။ ခိုင်မာတောင့်တင်းစေတတ်၏။ ဝမ်းမီးတောက်၍ နှုတ်ကို မြိန်စေ၏။ ပူ၏။ ခြောက်သွေ့၏။ အနာပေါက်၊ သလိပ်နာ၊ လေနာ၊ ပိုးနာ ရောဂါတို့ကို နိုင်နင်းသည်။

မန်ကျည်းမှည့်အသစ်။ လေနှင့် သလိပ်ကို တိုးပွားစေ၏။

မန်ကျည်းမှည့်အဟောင်း။ လေနှင့် သည်းခြေကို အကျိုးပြု၏။

မန်ကျည်းပင်အခြောက်။ နှလုံးကို အားပေး၏။ ကြေညက် လွယ်၏။ ရေငတ်ခြင်း၊ မူးဝေခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ ပိုးနာကျရောက်ခြင်းတို့ကို ဖျက်ဆီးနိုင်သည်။

မန်ကျည်းပင်ခေါက်ပြာဆား။ ထိုပြာဆားသည် ဝမ်းမီးနှုန်း၊ ထိုးအောင့်နာကျင်ခြင်းကို ပယ်ဖျောက်တတ်သည်။

မန်ကျည်းဖျော်ရည်။ မန်ကျည်းဖျော်ရည်သည် ပူလောင်ခြင်းကို ပယ်တတ်၏။ သလိပ်ကို ဖြစ်ပွား၏။ နှုတ်ကို မြိန်စေ၏။ လေနာကို ပယ်ဖျောက်၏။ သကြားနှင့်စပ်၍ ဖျော်သော ဖျော်ရည်သည် သလိပ်နှင့် သည်းခြေရောဂါကို နိုင်[illegible]သည်။

◈◈◈

မန်ကျည်းမြစ်၊ မန်ကျည်းစေ့၊ မန်ကျည်းရွက်၊ မန်ကျည်းစေ့အဆန်၊ မန်ကျည်းခေါက်၊ မန်ကျည်းမှည့်၊ မန်ကျည်းအခေါက်ပြာ၊ မန်ကျည်းရွက်သဘ္ဘာရည်တို့ဖြင့် ပျောက်ကင်းနိုင်သော ရောဂါများမှာ -

(၁) ဝိတ်ဝမ်းသွားရောဂါ၊

(၂) သုက်ဓာတ်အားနည်းရောဂါ၊

(၃) နှလုံးပူလောင်ခြင်းရောဂါ

(၄) အတွင်းလိပ်ခေါင်းရောဂါ

(၅) ခံတွင်းပျက်ရောဂါ

(၆) နားကိုက်ရောဂါ

(၇) ဆီးလွန်ရောဂါ

(၈) အပူလွန်၍ ယားယံခြင်းရောဂါ

(၉) မြွေဆိပ်ဖြေဆေး

(၁၀) ချွေးထွက်လွန်၍ ချွေးနံ့ဆိုးခြင်း

(၁၁) ဝမ်းသွား၊ ဝမ်းကိုက်ရောဂါ

(၁၂) အနာပေါက်နှင့် အဆိပ်ဖြေဆေး

(၁၃) ဆီးပူရောဂါ

(၁၄) သွေးမြင်းသရိုက်ရောဂါ

(၁၅) ကိုယ်ရေဝါရောဂါ

(၁၆) ကင်းဆိပ်ဖြေဆေး

(၁၇) ကြွက်ဆိပ်ဖြေဆေး

(၁၈) မျက်စိကိုက်ရောဂါ

(၁၉) အစာမကြေရောဂါ

(၂၀) ချေးခြောက်မှူးခြင်း

(၂၁) အန်ခြင်း၊ လေချဉ်တက်ခြင်း

(၂၂) ဝမ်းဗိုက်ထိုးအောင့်နာရောဂါ

(၂၃) ကာလဝမ်းရောဂါ စသည်တို့ဖြစ်သည်။

အထက်တွင် ဖော်ပြခဲ့ပြီးသော မန်ကျည်းတစ်ပင်လုံး၏ အစိတ်အပိုင်းအလိုက် အသုံးပြုပုံများနှင့် ရောဂါများ ပျောက်ကင်းနိုင်မှုတို့မှာ သက်ရှိ လူသားများအားလုံးအတွက် ဆေးဖက်ဝင်လှသည့်အပြင်၊ ဆင်များ မကျန်းမာလျှင် မန်ကျည်းမှည့်ကျွေးပါက ပျောက်ကင်းနိုင်သည့် တိရစ္ဆာန်ဆေးအဖြစ်ပါ အသုံးဝင်ပါသည်။ ■

တင့်ထူး (ဓေယျဝတီ)

*****

www.burmeseclassic.com

# နှလုံးသားရေး၊ အိမ်ထောင်ရေးအတွက် ယတြာ

ဆရာ အောင်မြင့်မြတ် (ရွှေမိုး ငွေမိုး)

ဤယတြာချေနည်းမှာ အင်္ဂဝိဇ္ဇာ ယတြာချေနည်းထဲက ဖြစ်သည်။ မိမိတို့ အိမ်ထောင်ရေး၊ အချစ်ရေး၊ နှလုံးသားရေး ရာကိစ္စတွေအတွက် အထောက်အပံ့ပြုသည်။ ယုံကြည်ဖို့ လိုပါသည်။

တွက်နည်းမှာ ရောက်ဆဲအသက်ကို တည်ကိန်းထား။ ကုသိုလ်၊ အကုသိုလ်နှစ်ပါး (၂)ဂဏန်းရော။ ခုနစ်နေ့နံ (၇)နဲ့ စား။ အကြွင်းရလျှင် အင်္ဂဝိဇ္ဇာတိုင်ထူ။

နှလုံးသားရေးရာနေရာမှ ကြိုက်အတိုင်း ပန်းအညွန့်ကို မွေးနေ့က စပြီး ဘုရားမှာ လှူပါ။ တစ်ပတ်ပြည့်အောင် လှူပါ။

ဥပမာ - အသက် (၂၆)နှစ်ဆိုပါလျှင် ကုသိုလ်၊ အကုသိုလ် (၂)ပါးရောတော့ (၂၈) ရသည်။ ထို (၂၈)ကို (၇)နှင့် စားပါက (၀)ကြွင်းမည်။ (၀)ကို တိုင်ထူ။

၄
၁ လှူရန် (နှလုံးသားရေးရာ)
၅ တိုင်စဉ်
―
၀
―
၃
၆
၂

အနန်းညွန့်လှူရန်ဖြစ်သည်။

တစ်ညွန့်လှူလျှင် ရပါသည်။

အောက်တွင် အခြားတိုင်များကို ဖော်ပြပေးပါမည်။ အကြွင်းအလိုက် ယတြာချေသွားပါက အိမ်ထောင်ရေး သောကများ တဖြည်းဖြည်းပြေပျောက်ပါလိမ့်မည်။

* ၀-ကြွင်းလျှင် အနန်းညွန့်
* ၁-ကြွင်းလျှင် ကံ့ကော်ညွန့်
* ၂-ကြွင်းလျှင် ဆီးညွန့်
* ၃-ကြွင်းလျှင် ရွက်လှ
* ၄-ကြွင်းလျှင် မေမြို့ပန်း
* ၅-ကြွင်းလျှင် သပြေ
* ၆-ကြွင်းလျှင် နှင်းဆီ

ရှင်းပြီထင်ပါသည်■

ဆရာ အောင်မြင့်မြတ် (ရွှေမိုးငွေမိုး)

*****



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၆-ဖေဖော်ဝါရီလ ခုနစ်နေ့သားသမီးများအတွက်

# တားရော့ ဂမ္ဘီရ ကံကြမ္မာဟောကိန်း

### သဘာဝဓမ္မ ဆရာသက်

**၁-ဂဏန်းသမားများ**

FOUR OF WANDS



မည်သည့်နှစ်၊ မည်သည့်လတွင်မဆို ၁ရက်၊ ၁၀ရက်၊ ၁၉ရက်၊ ၂၈ရက်တို့တွင် မွေးဖွားသူများသည် ၁-ဂဏန်းသမားများဖြစ်သည်။

တစ်ဂဏန်းပိုင်ရှင်တို့သည် ဤလထဲမှာ ကတိပေးမိရင် ကတိမပျက်အောင် ဂရုစိုက်ပါ။ စကားအပြောအဆို မမောက်မာမိအောင် ဆင်ခြင်ပါ။ လူကြီးသူမတွေက ချီးမြှင့်မြှောက်စားတာ ခံရမယ်။ အသိဉာဏ်ပညာတွေ ပွင့်လင်းနေမယ်။ ငွေကိစ္စ အပုအထစ်ဖြစ်တာလေးတွေ၊ တခြားအကြောင်း တစ်ခုခုနဲ့ စိတ်ဖိစီးရတာမျိုးလေးတွေတော့ ကြုံရတတ်တယ်။ သတင်းကောင်း တချို့လည်း ကြားရမယ်။ အိမ်တွင်းရေး အချစ်ရေးမှာ နည်းနည်းစိတ်ဖိစီးရမယ်။ စိတ်ရှည် သည်းခံလိုက်ပါ။ ပြန်ပြီး ပြေလည်သွားပါလိမ့်မယ်။

ယတြာ။ ။ တန်ခိုးကြီးဘုရားတစ်ဆူကို ကျကျနန ဖူးမြော်ကြည်ညိုလိုက်ပါ။

ထီကံစမ်းရန်။ ။ (၄ ၊ ၈) ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။

**၂-ဂဏန်းသမားများ**

THE HANGED MAN



မည်သည့်နှစ်၊ မည်သည့်လတွင်မဆို ၂ရက်၊ ၁၁ရက်၊ ၂၀ရက်၊ ၂၉ရက်တို့တွင် မွေးဖွားသူများသည် ၂-ဂဏန်းသမားများဖြစ်သည်။

နှစ်ဂဏန်းပိုင်ရှင်တို့သည် ဤလတွင် သင်က အဖြူဆိုရင် ကျန်တဲ့လူတွေက အမည်းလို့ ပြောပြီး ဆန့်ကျင်ကြလိမ့်မယ်။ ဒါတွေက သိပ်တော့ အရေးမပါလှပါဘူး။ ခံယူချက်အမြင်လေးတွေ နည်းနည်းလွဲနေကြတာပါ။ ဒီအချိန်မှာ ဘာမှ အတိုက်အခံမလုပ်ဘဲ စိတ်ကို လျှော့ချထားလိုက်ပါ။ လုပ်လက်စ အလုပ်တွေ မပြီးမပြတ်ဖြစ်နေမယ်။ ဒီလထဲမှာ ငွေဝင်ပြီး အဖတ်မတင်ဖြစ်နေတတ်တယ်။ ဘာပဲဖြစ်ဖြစ် ငွေအဆင်ပြေမယ်။ ကံညံ့နေတာ မဟုတ်ပါဘူး။ လွဲချော်မှုလေးတွေ ဖြစ်နေတာပါ။ ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေနေလိုက်တာနဲ့ အစစ အဆင်ပြေလာပါလိမ့်မယ်။

ယတြာ။ ။ ထီးနီ (၁၀)လက်ကို စနေထောင့်မှာ လှူပြီး စိတ်ပါလက်ပါ ဘုရားဝတ်ပြုလိုက်ပါ။ အထူးအခက်အခဲတစ်ခုခုရှိရင် ငှက် (၁၂)ကောင် လွှတ်ပါ။

ထီကံစမ်းရန်။ ။ (၇ ၊ ၀) ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

မည်သည့်နှစ်၊ မည်သည့်လတွင်မဆို ၃ရက်၊ ၁၂ရက်၊ ၂၁ရက်၊ ၃၀ရက်တို့တွင် မွေးဖွားသူများသည် ၃-ဂဏန်းသမားများဖြစ်သည်။




သုံးဂဏန်းပိုင်ရှင်တို့သည် ဤလက စိတ်ချမ်းသာစရာတွေ ဆက်တိုက်ကြုံမယ့် လပါ။ ကိုယ်သွားစရာရှိတဲ့ နေရာလေးတွေကို ပေါ့ပေါ့ ပါးပါးပဲ သွားလာလှုပ်ရှားဆောင်ရွက်လိုက်ပါ။ အကြီးအကဲတွေက မျက်နှာသာပေးတာကို အထူးခံရတတ်ချိန်ပါ။ အလုပ်အကိုင်အတွက်ရော၊ မိသားစုအတွက်ပါ တိုးတက်မှု အခွင့်ထူးတချို့ ရရှိမယ်။ အပြိုင်အဆိုင်တွေကြားကပဲ တိုးတက်မယ်။ ငွေလည်း ဝင်မယ်။ ခြေထောက်တော့ ကိုက်တတ်တယ်။ တိုးတက်ဖို့ အခွင့်အလမ်းတွေ ကြုံလာပါပြီ။ အချစ်ရေးမှာ ဖြစ်စေ၊ အလုပ်မှာ ဖြစ်စေ၊ စိတ်ဒွိဟဖြစ်စရာမျိုးတွေ ကြုံလာရင် ပြတ်သားလိုက်ပါ။

ယတြာ။ ။ သွားရင်းလာရင်း ရဟန်းသံဃာတော်တွေကို ခရီးစရိတ် ကုသိုလ်ပြုပါ။ အလုပ်အတွက် သရဏဂုံ ပွဲထုတ်ပါ။

ထီကံစမ်းရန်။ ။ (၆ ၊ ၁) ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။

BURMESE CLASSIC

မည်သည့်နှစ်၊ မည်သည့်လတွင်မဆို ၄ရက်၊ ၁၃ရက်၊ ၂၂ရက်၊ ၃၁ရက်တို့တွင် မွေးဖွားသူများသည် ၄-ဂဏန်းသမားများဖြစ်သည်။




လေးဂဏန်းပိုင်ရှင်တို့သည် ဤလတွင် ယခင်ကထက်ပိုပြီး ကိုယ့်ကိုယ်ကို ယုံကြည်စိတ်မွေးပါ။ မျက်စိအောင့်တတ်တယ်။ ငွေအခက်အခဲ နည်းနည်းကြုံမယ်။ ဒါပေမယ့် မုချ ပြေလည်သွားမယ်။ စိတ်ကို ပေါ့ပေါ့ ပါးပါးထားပြီး အစစအရာရာ ယခင်ကထက် စိတ်ရှည် သည်းခံသင့်တဲ့ အချိန်။ မိသားစုထဲမှာ ကြည်နူးစရာ သတင်းကောင်းတစ်ခု ကြားရတတ်တယ်။ ဒီလထဲမှာ အကြီးအကဲက ငြိငြင်တာ၊ ခင်မင်သူတစ်ယောက်ရဲ့ အနှောင့်အယှက်ပြုတာမျိုးလည်း ဖြစ်တတ်တယ်။ ဒါပေမယ့် အားလုံး ပြီးပြီး အဆင်ပြေသွားမှာပါ။

ယတြာ။ ။ ဘုရားမှာ ပန်းအဖြူ (၅)ပွင့်လှူပြီး ပတ္ထာန်းအကျဉ်း (၁၀)ခေါက် ရွတ်ဆို ပူဇော်ပါ။

ထီကံစမ်းရန်။ ။ (၅ ၊ ၇) ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com




မည်သည့်နှစ်၊ မည်သည့်လတွင်မဆို ၅ရက်၊ ၁၄ရက်၊ ၂၃ရက်တို့တွင် မွေးဖွားသူများသည် ၅-ဂဏန်းသမားများဖြစ်သည်။

ငါးဂဏန်းပိုင်ရှင်တို့သည် ဤလက စိတ်ချမ်းသာစရာတွေ ဆက်တိုက်ကြုံမယ့်လပါ။ ကိုယ်သွားစရာရှိတဲ့ နေရာလေးတွေကို ပေါ့ပေါ့ပါးပါးပဲ သွားလာလှုပ်ရှား ဆောင်ရွက်လိုက်ပါ။ အကြီးအကဲတွေက မျက်နှာသာပေးတာကို အထူးခံရတတ်ချိန်ပါ။ အလုပ်အကိုင်အတွက်ရော၊ မိသားစုအတွက်ပါ တိုးတက်မှု အခွင့်ထူးတချို့ ရရှိမယ်။ အပြိုင်အဆိုင်တွေကြားကပဲ တိုးတက်မယ်။ ငွေလည်း ဝင်မယ်။ ခြေထောက်တော့ ကိုက်တတ်တယ်။ တိုးတက်ဖို့ အခွင့်အလမ်းတွေ ကြုံလာပါပြီ။ အချစ်ရေးမှာ ဖြစ်စေ၊ အလုပ်မှာ ဖြစ်စေ စိတ်ဒွိဟဖြစ်စရာမျိုးတွေ ကြုံလာရင် ပြတ်သားလိုက်ပါ။

ယတြာ။ ။ သွားရင်းလာရင်း ရဟန်းသံဃာတော်တွေကို ခရီးစရိတ်-ကုသိုလ်ပြုပါ။ အလုပ်အတွက် သရဏဂုံ ပွါးထုံပါ။

ထီကံစမ်းရန်။ ။ (၆ ၊ ၁) ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။




မည်သည့်နှစ်၊ မည်သည့်လတွင်မဆို ၆ရက်၊ ၁၅ရက်၊ ၂၄ရက်တို့တွင် မွေးဖွားသူများသည် ၆-ဂဏန်းသမားများဖြစ်သည်။

ခြောက်ဂဏန်းပိုင်ရှင်တို့သည် ဤလတွင် သင့်ကိုယ်သင် ဦးစွာ အခုံးအမပြုရမယ့်အချိန်ပါ။ ပြုပြင်ရမယ့် အချိန်ပါ။ အလုပ်ကိစ္စ၊ ငွေကိစ္စ၊ ခရီးကိစ္စတွေ တိုးတက်မယ်၊ အဆင်ပြေမယ်။ ဒါပေမယ့် တစ်စုံတစ်ယောက်နဲ့ စကားအကြီးအကျယ်များရတတ်တယ်။ သူများကိစ္စ ဝင်ပြီးဖြေရှင်းပေးရတတ်တယ်။ နေတတ်အောင် နေပါ။ ငွေကံ အထူးပွင့်လန်းနေတဲ့ လဖြစ်တယ်၊ ငွေအထူးဝင်မယ်။ ထီကံစမ်းထားဖို့ မမေ့ပါနဲ့၊ အလှူအတန်းနှစ်ခုပြုနိုင်မယ်၊ အချစ်ရေး အဆင်ပြေမယ်။ အိမ်ထောင်ရေး သာယာမယ်။ ဒီလထဲမှာ တာဝန်နှစ်ခုကို တွဲပြီး ယူရတတ်ပါသေးတယ်။

ယတြာ။ BURMESE CLASSIC နံနက်အိပ်ယာထ မျက်နှာသစ်ချိန်မှာ ဘုရားဂုဏ်တော်ကိုးပါးကို ကျကျနနရွတ်ပွားပြီး မျက်နှာသစ်ပါ။

ထီကံစမ်းရန်။ ။ (၁ ၊ ၂) ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။




မည်သည့်နှစ်၊ မည်သည့်လတွင်မဆို ၇ရက်၊ ၁၆ရက်၊ ၂၅ရက်တို့တွင် မွေးဖွားသူများသည် ၇-ဂဏန်းသမားများဖြစ်သည်။

ခုနစ်ဂဏန်းပိုင်ရှင်တို့သည် ဤလတွင် ဘာပဲလုပ်လုပ် နှစ်ကြိမ် နှစ်ခါ ပြောဆိုလုပ်ကိုင်မှ အဆင်ပြေတတ်ချိန်ပါ။ သွားနာတတ်တယ်။ သွေးအားနည်းတတ်တယ်။ ငွေဝင်လာဘ်ရွှင်မယ်။ ဒီလထဲမှာ သင့်ကို တမင်မြှောက်ပင့်ပြောဆိုမယ့် လူတချို့နဲ့ တွေ့ရတတ်တယ်။ လူမှုရေးအရှုပ်အထွေးတချို့လည်း ကြုံတတ်တယ်။ အလုပ်ကိစ္စ အဆင်ပြေမယ်။ အချစ်ရေး သာယာမယ်။ မိသားစုကိစ္စတွေ အိုကေ ၓိပြေနေမယ်။ ဘာအခက်အခဲရှိရှိ အားလုံး ပြေလည်သွားမယ်ဆိုတာ မမှတ်မသုန် ယုံကြည်ထားလိုက်ပေတော့။

ယတြာ။ ။ ညအိပ်ရာဝင်ခါနီးမှာ မေတ္တာသုတ် ပရိတ်တော်ကို ရွတ်ပြီးမှ အိပ်ပါ။

ထီကံစမ်းရန်။ ။ (၁ ၊ ၇) ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

မည်သည့်နှစ်၊ မည်သည့်လတွင်မဆို ၈ရက်၊ ၁၇ရက်၊ ၂၆ရက်တို့တွင် မွေးဖွားသူများသည် ၈-ဂဏန်းသမား များဖြစ်သည်။




ရှစ်ဂဏန်းပိုင်ရှင်တို့သည် ဤလမှာ ကတိပေးမိရင် ကတိမပျက်အောင် ဂရုစိုက်ပါ။ စကားအပြောအဆို မမောက်မာမိအောင် ဆင်ခြင်ပါ။ လူကြီးသူမတွေက ချီးမြှင့်မြောက်စားတာ ခံရမယ်။ အသိဉာဏ်ပညာတွေ ပွင့်လင်းနေမယ်။ ငွေကိစ္စ အဖုအထစ်ဖြစ်တာလေးတွေ၊ တခြား အကြောင်းတစ်ခုခုနဲ့ စိတ်ဖိစီးရတာမျိုးလေး တွေတော့ ကြုံရတာတ်တယ်။ သတင်းကောင်းတချို့လည်း ကြားရမယ်။ အိမ်တွင်း ရေး၊ အချစ်ရေးမှာ နည်းနည်း စိတ်ဖိစီးရမယ်။ စိတ်ရှည် သည်းခံလိုက်ပါ။ ပြန်ပြီး ပြေလည်သွားပါလိမ့်မယ်။

ယတြာ။ ။ တန်ခိုးကြီးဘုရားတစ်ဆူကို ကျကျနန ဖူးမြှော် ကြည်ညို လိုက်ပါ။

ထီကံစမ်းရန်။ ။ (၄ ၊ ၈) ဂဏန်းတွေ လာဘ်ကောင်းနေပါတယ်။

---

မည်သည့်နှစ်၊ မည်သည့်လတွင်မဆို ၉ရက်၊ ၁၈ရက်၊ ၂၇ရက်တို့တွင် မွေးဖွားသူများသည် ၉-ဂဏန်းသမား များဖြစ်သည်။

BURMESE CLASSIC




ကိုးဂဏန်းပိုင်ရှင်တို့သည် ဤလတွင် ယခင်ကထက် ပိုပြီး ကိုယ့်ကိုယ်ကို ယုံကြည်စိတ် မွေးပါ။ မျက်စိအောင့်တတ်တယ်။ ငွေအခက်အခဲ နည်းနည်းကြုံမယ်။ ဒါပေမယ့် မုချ ပြေလည်သွားမယ်။ စိတ်ကို ပေါ့ပေါ့ပါးပါးထားပြီး အစစအရာရာ ယခင်ကထက် စိတ်ရှည် သည်းခံသင့်တဲ့အချိန်။ မိသားစုထဲမှာ ကြည်နူးစရာ သတင်းကောင်းတစ်ခု ကြားရတတ်တယ်။ ဒီလထဲမှာ အကြီးအကဲက ငြိုငြင်တာ ခင်မင်သူတစ်ယောက်နဲ့ အဆင်မပြေတာမျိုးလည်း ဖြစ်တတ်တယ်။ ဒါပေမယ့် အားလုံး ပြန်ပြီး အဆင်ပြေသွားမှာပါ။

ယတြာ။ ။ ဘုရားမှာ ပန်းအဖြူ (၅)ပွင့်လှူပြီး ပဌာန်းအကျဉ်းကို (၁၀)ခေါက် ပူဇော်ပါ။

ထီကံစမ်းရန်။ ။ (၅ ၊ ၇) ဂဏန်းတွေလာဘ်ကောင်းနေပါတယ်။

---

နလုံးစိတ်ဝမ်း အေးချမ်းကြပါစေ

သဘာဝမြေ ဗေဒသ
(ဖုန်း ၀၉

www.burmeseclassic.com